# ပြည်သူ့နိုင်ငံ

(ပထမတွဲ)

ဝိပဿနာရေးရာမှ အထူးထုတ်

သဥပါဒိသေသ

# ပြည့်သူ့နိဗ္ဗာန်

ဝိပဿနာဘာသာပြန်

ပဌမတွဲ

"မြန်မာနိုင်ငံလုံးဆိုင်ရာ"

ဝိပဿနာဗဟိုရိပ်သာအသင်းကြီး၏ [illegible]

စာအုပ်ရေ - (၁၀၀၀)

♥

၁၃၁၄ ခု၊

တပေါင်းလတွင်ပြီးစီးသည်။

ဦးစိန်ဒေါ်သုံးနှင့်သားများ မူပိုင်စာအုပ်ထုတ်လုပ်ရေးပုံနှိပ်တိုက်
မန္တလေး၊ နေပြည်တော်

## ‘သဥပါဒိသေသ, ပြည်သူ့နိဗ္ဗာန်’

# “ဝိပဿနာဘာသာမြန်”

အကြောင်းပြ-“ရေးသားပုံ-အစီအစဉ်။”

---

**နိဒါန်းသုံးချက်။** ကျွန်တော်သည်။ မြန်မာနိုင်ငံတော်-၏။ လူမျိုးရေး။ ဘာသာရေးများကို။ တွေးမိတိုင်း, တွေးမိတိုင်း။ များစွာ စိတ် ဒုက္ခ ရောက် လျှက်။ မသက်သာ, မချောင်ချိသောလူမျိုးရေးအား။ ဗုဒ္ဓဘာသာ မှန်ပြဒါးပါလျှက်။ အဘယ့်ကြောင့် “မတရား” ထွန်းကားကာ, နေရပါသနည်း—ဟု။ လေးနက်စွာ-ဝေဘန်လေရာ။ သဘောတရားချို့ငဲ့မှုစသည်ကို (ပထမ) တွေ့ရပါသည်။ ထို့ကြောင့်။ သဘောတရားများကို။ ကြိုးစားရှာဖွေပြီးခါ။ ကျွန်တော့ ‘ဆန္ဒ’ အလျောက်။ သိရသမျှများကို။ ‘ဝိရိယ” တဖန်ပိုက်ထုတ်ခါ။ တော်စွာ လျော်စွာ သဘောမထားအပ်ဘဲ။ “ဗုဒ္ဓရှင်တော်၏” တိပိဋကလမ်းစဉ်မှ။ သဘောတရားများကို။ သင်ရိုးပိဋကတ်၊ အရပ်ရပ်ဖြင့်။ ပြည်သူနှင့်သင့်မြတ်သော, အဓိပ္ပါယ်ယုတ္တများကို။ ကျွန်တော်၏ “သိရသမျှဖြင့်” လွယ်ကူစွာပြလိုသော စိတ်ဆန္ဒ-ပြင်းပြ၍။ နိဒါန်း သုံးချက်ကို—ပေါ် လွင်ထင်ရှားစွာ၊ ပထမ, ပန္နက်ချကာ၊ ရေးသားရခြင်းဖြစ်ပါသည်။ ။

**A.**

**ဗုဒ္ဓ၏—ဘဝဖြစ်စဉ် ခေါင်းစဉ်။** ဂုင်းပြင်။ ဘာသာရေး၌ကား။ မသင့်မတင့်သော—ကိုးကွယ်နည်း။ အားထားနည်းဘို့ဖြင့်။ များပြားပြီး လာခဲ့ရာ။ ဘာသာရေး နှင့် ပတ်သက်ပြီး, ချိုယွင်းလျော့ ရှိသော။ ကျန်းမာရေး၊ စီးပွါးရေး၊ လူသိလ်ရေးစသည် ကို၊ ပြည်သူ ပြည်သားတို့သည်။ အမှတ်မဲ့—နေမိဟန်တူ ပါသည်။ ထို့ကြောင့်လည်း၊ ဘာသာရေးအား၊ အရမ်း မဲ့အားထားနည်းကား။ စနစ်မကျသော ချိုယွင်းချက်ဖြစ် သဖြင့်။ "ဗုဒ္ဓ၏—ဘဝဖြစ်စဉ်" နှင့်တကွ။ သံဂါယနာ တင်စသော။ သာသနာ ရေးရာ များကို။ "ပဏ္ဍာသ၊ သံယုတ်၊ ဒ.ဂိုဠ်၊ရှ်- များအပြင်။ ရာဇဝင်-သက္ကတတို့မှ။ ဗုဒ္ဓဘာသာဝါဒဟူသမျှ။ ရှင်းရှင်းနှင့်၊ ကျဉ်းကျဉ်း၊ နား လည်ခြင်း ဖြစ်အောင်။ စိမရေးသားကာ။ ပြည်သူလူထု သို့ တင်ပြလိုက်ရပါသည်။ ။

**ကမ္ဘသဿကတာခေါင်း။** ဂုင်းနေ့၌။ ပြည်သူတို့၏ ပစ္စကျွ ယုံကြည်ပြီး နေရသော "ကံ" ဟူ သည့်။ အရိပ်ခဲ့သို့ လိုက်နေသည်။ "မလုပ်ချင်နေ၊ "ကံ" ရှိစားရမည်—ဟူသော, ဝါဒ သည် လည်း။ စနစ်မကျ သောယူဆနည်းသာတည်း။ ထို့ကြောင့်လည်း။ "ကမ္မ သဿကတာသမ္မာဒိဋ္ဌိ" ဘာသာပြန်ကို။ အတိအကျဖေါ်ပြ ရပါသည်။ ။

**ဒုစရိတ, တိုက်ဖျက်ရေး။** ဤ-ကမ္မသဿကတာခေါင်းတွင်၊ ကမ္မဝိဘင်းစသော၊ ကာလာမ

သုတ်၊ ကောသလသုတ်-တို့မှ၊ အတိအကျ-မစွဲလမ်းရာ “၁၀” ဌာနကိုပါ ထည့်သွင်း၍။ ဒုစရိုက်—၁၀-ပါး။ ကိလေသာ—၁၀ ပါး။ ထိုအလုပ်များကြောင့်၊ အကျိုးမဲ့ဖြစ်နေလေရကား။ ကိလေသာခေတ်က, လူကိုသတ်တတ်ပုံနှင့်တကွ။ ယွှ ပန္ကွ ချိုယွင်း သမ္မ ကိုပါ ထည့် သွင်း၍။ ဒုစရိုတ-တော်လှန်ရေးကို။ သိသာရုံ အချုပ်မျှ—ဘာသာ ပြန်၍ ပြထားပါသည်။ ။

**သုစရိုတ, လုပ်ကိုင်ရေး၊**

ထို့နောက်၊ မိမိ မိမိ—တို့၏ စိတ် သဘော ထား၊ အလုပ်ဝတ္တရားဖြစ်သော။ ပြည်သူ့ ကောင်းကျိုး စသည် ကို။ ဗုဒ္ဓကိုယ်တော်တိုင်။ ကာလာမ, အမျိုးသားများအား၊ ဟောကြားထားသော။ “သုစရိုတ, လုပ်ကိုင်ရေး” ဝါဒ ကို။ ပါဠိဘာသာမှ၊ ဘာသာပြန်၍။ ဗောဓိပက္ခိယတရား-၃၇ ပါးကိုပါ၊ ထည့်သွင်းဖော်ပြထားပါသည်။ ။

**တိတ္ထိအယောင် အရေခြုံ ၀ ၅။**

ထို့နောက်။ ဗုဒ္ဓ—မဟောပြောမီ။ ကျွန်သပေါက် ဘဝသို့ ရောက်၍ နေရသော။ ကာလာမ, ရာဇဝင်မှ။ ကာလာမ, အမျိုးသားများသည်။ တိုးတက်ရေ မဲ့၍၊ ဆုတ်ယုတ်နစ်နာရေးဖြစ်သော။ အချောင်သမား,တိတ္ထိဘုရား။ တိတ္ထိတရား။ တိတ္ထိသံဃာ-များဖြင့်။ ထွန်းကား သွေးဆောင်ပုံများနှင့်။ ၎င်း-တိတ္ထိ သိဥ္စည်းဆရာကြီးများကိုပါ။ နိုင်ငံတော် ပဋ္ဋက္ခဝါဒနှင့် နှိုင်းစာ နှိုင်ရန်၊ ဖော်ပြ ထားရပါသည်။ ။

**ဝိပဿနာခဏ်း။** ၎င်းနောက်မှ၊ ရွေးစနစ်ဖြင့်၊ ရွေးခေတ်က-ရေးသားအပ်သော၊ ဘာသာပြန်များကို၊ဥာဏ်-မသက်ဝင်နိုင်ကြသော၊ ဝိပဿနာပါဠိဝင်၊ တက်လူ-ဟူသမျှ၊ ဘောင်းပန် ထားကြသည့်အလျောက်၊ ကျမ်းဂန်အဖွင့်ကိုလည်း-လက်မလွှတ်စေရ၊ ခေတ်ကာလ နှင့် လည်း-လျော်ညီမျှအောင်၊ ညက်ညောသောအနက်သွား၊ ထင်ရှားသော-အဓိပ္ပါယ်တို့ဖြင့်၊ ခပ်လွယ်လွယ်-ပေါ်ပြခြင်းဖြင့်၊ "ဝိပဿနာရေးရာ" များကို၊ ဘာသာပြန်၍၊ သဘာဝပေါ်လွင်စွာပြထားပါသည်။

**ပါဠိတော်နှင့် မဆန့်ကျင်။** ထိုသို့ဘာသာပြန်၌၊ ကမ္မဿကတာ-ဝိပဿနာစသော၊ ဘာသာပြန်များသည်၊ တသံသရာလုံး စိတ်ချ-လက်ချ,နိဗ္ဗာန်ရသည် တိုင်အောင်၊ ချမ်းသာရေးကို ရှေးရှု၍၊ ဝေဘန်နည်းစသည်ကို၊ "ပြည်သူ့နိဗ္ဗာန်-သဥပါဒိသေသ" အခြေအနေအရ၊ အဆင့် အတန်းဟု ပြထား ခြင်းကို၊ ယှု၊ လက်ရှိ-ဘာသာဝါဒဖြင့် နှိုင်းစာသော်၊ ရိုင်းချာသည်ဟု ဆိုပါသော်လည်း၊ ဗုဒ္ဓ၏ မိန့်တော်ချက်၊ ပါဠိတော်များနှင့်ကား၊ လုံးဝ-မဆန့်ကျင်ပါ။ ။

**ခြင်္သေ့ ရာဇဝင်၊ မဟာဝင်မှ။** ထို့နောက်၊ အချို့သော-ပြည်သူနှင့်တကွ၊ အခြားသော-တိုင်းသားတို့သည်၊ မိမိတို့ ကိုးကွယ် ထားသော၊ စေတီတော်၏အနား၊ ခြင်္သေ့များ၏အကြောင်းကို၊ကောင်းစွာမသိရှာကြပေ၊ သို့ဖြစ်၍ မြန်မာပြည်မှာ၊ ခြင်္သေ့အား ကိုးကွယ်နေသလိုလို၊ အချို့ကား၊ ထင်မြင် ယူဆ ကြလေ

သည်။ ထို့ကြောင့်လည်း။ ခြသေ့်၏ အကြောင်းကိုပါ။ "မဟာဝင်" စသည်ဖြင့် ညွှန်းကာ။ နိုင်ငံတော်,သဘင် သည်ကြီးများပေါ၊ နည်းယူစရာလည်းဖြစ်လောက်သော။ "ကေသရာဇာ–သီဟဗာဟု"–စသော။ "ခြသေ့်ရာဇဝင် ကို၊ ဖော်ပြကာရေးသားရခြင်းတကြောင်း။ ။

**"အမျိုးသွီး" စောအိမယ်-ဟောပုံ၊** ထို့နောက်။ ဝိပဿနာ ရေးရာ များ ကား။ ကွန်တော်တို့–မြန်မာနိုင်ငံတော် တွင်။ နေ့ချင်း–ညချင်းအားဖြင့်။တိုးတက် လိုက်စားကြပုံသည်။ အားရ ကျေနပ်ချင့်စဖွယ်ကောင်း အောင်။ လမ်းပွင့်လာရခြင်းကို။ ဝိပဿနာပါတီ ခေါင်း ဆောင်ကြီး များအား။ ကြီးမားသော, ကျေး ဇူး တော် ရှိပုံကို။ ကျမ်းလာအတိုင်း, ချီးကျူးပြီးခါ။ "အမျိုးသွီး–စောအိမယ်—ဟောခဏ်းကိုပါ၊" ထည့်သွင်း လိုက်ရပါ သည်။ ။

**ဘာလဲဖဲ့ — ဝိပဿနာ၊** ထို့နေ့ံ။နိုင်ငံတော်သက္ကရာဇ် ၁၃၁၂–ခုနှစ်က။ ဝိပဿနာ ရေးရာ–အနည်းငယ် ရှုတ်ထွေးပြီး။ အချို့သော, ခေါင်း ဆောင်ငယ်များ၏ အရေးတော်ပုံအတွင်းမှ။ သပိတ်မှောံပွဲ တစိတ်တဒေသ, ပြုလုပ်ကြကြောင်း၊ သတင်းစာမှာ တွေ့ ရှိရ၍။ ဝိပဿနာဆိုတာ–ဘာလဲ ဟု။ စိတ်ဝင်စားကာ နေကြသော၊ ပြည်သူတို့၏–စောင့်စားနေခိုက်။ "ဘာလဲ ဟဲ့ဝိပဿနာ" ဟူ၍။ သတင်းစာမှ မေးလိုက်သောပြဿ

နာကို၊ မန္တလေးမြို့၊ အမရပူရ-တောင်နယ်၊ ရေကြည် ပေါက်ဗေမ္ဘာရုံမှ၊ "ဝိပဿနာ သာသနာပြု မွေ့ကထိက-စာချ" ဦးခန္တီစာရ-၏ အတံမှ၊ "အသျှင်ဝံသ" မထေရ် ဟောကြားသော၊ "ဝိပဿနာဆိုတာ-ဒါဘာဘဲ" ဟူသော အဖြေကို၊ ဓမ္မာရုံအသင်းကြီးမှ၊ ပုံနှိပ် တင်ပြသား သော၊ တရားသတင်း စာစောင်ကို—ကြည့်ရှုရပါသဖြင့်၊ ရှင်းရှင်းနှင့် ဘွင်းဘွင်း ပြထားသော ထို စာစောင်ကိုပါ ထည့်သွင်းပြထားရပါသည်။ ။

**ပကိဏ္ဏက နှင့် နိဂမ၊** ထို့နောက်၊ ဝိပဿနာရေးရာတွင်၊ ထက်မြက်စူးရှနိုင်သော—ဉာဏ်များကို ပေါ်ပြပြီးခါ၊ ဥပမာ,ဥပမေယျ၊ ပုံတို-သာ ဓကစသော၊ အထောက်အထားများအပြင်၊ ခဲရာ—ခဲဆစ် ပြဿနာ အချက်အလက်များကို၊ ဝိနိစ္ဆယ—ပဒမာလာ— ပြေပြစ်သော သဘော လက္ခဏာတို့ဖြင့်၊ ချောညက်စွာ စီစဉ်ပြီးလျှင်၊ မှတ်သား လောက် သော, ပုံပြင်စကား၊ "စာပြောင်" များကိုပါ၊ ကျဉ်းကျဉ်းနှင့် ထိမိသွာစွာ၊ ပြ သပြီး၊ နိဂမ-သို့ချ၍၊ "ဒုတိယ" တွဲကိုပါ ညွှန်ပြထားရ ပါသတည်း၊ ။

**"ကြောင်ပန်းယောဂီ။"**

**၁၃၁၄ ခု၊ ဝါဆိုလ၊**

# သာသနာ့ဆိုင်ရာ ဘာလဲ?

★ **အသင်** သာသနာ ဆို သော စကား
သည်။ သင့်ကို ဆုံးမမှုခေါ်သည်။
အဆုံးအမ, ကို၊ မနာယူ မိပါက။
သာသနာနှင့် ဝေးသည်ဟုမှတ်ပါ။

★ **သတိရှင် ပါ။** ငါသည်။ ဗုဒ္ဓဘာသာဖြစ်ပါ
လျက်။ တရားရှာမှီးမှုကိုဝန်လေး
နေလေသလား။ ငါနဲ့-တရားနဲ့
တော်ပါ့မလား။ တန်ပါ့မလား။
ငယ်သေးတယ်-စသော, ဆင်ခြေ
ပေးမှုကို။ အမြဲလွှတ်ဖြေခံအောင်
သတိထားပါ။

★ **သင့်အဘို စဉ်းစားပါ၊** သစ်ပင်၌ သီးနေသော-သစ်
သီးများ သည်။ အကုန် လုံးများ
တင်သလား? အပွင့်ညှာကလေး
နဲ့လဲ ကြွေကျ။ အကင်းကလေး
နဲ့လဲ ကြွေကျ။ အစိမ်း အတိုင်း
လဲ ကြွေကျ။ တ ချို့ လဲ မှည့်မှ-
ကြွေ ကျ လေ သည်။ ထိုကဲ့သို့

အမျိုးမျိုး ကြွေကျနေသော, သစ်
သီးတို့တွင်။ ဘယ်နည်းနဲ့-ကြွေ
ကျကျ။ သင်ရဲ့ အဖို့မှာ, အသုံး
မကျပေဘူးလား။

**★ သင်**
**ကျိုးစား**
**သင့်ပြီ။**

ငါသည်။ လူ-ဘဝရောက်၍၊
လူတန်းစေ့ နေ နိုင် သည် မှန်၏။
ဘယ်အနေနဲ့-လူ့ဘဝ, အညှာမှ၊
ကြွေရ မည် နည်း။ အချိန် ဖြုန်း
မနေသင့်။ **ယခုသာသနာ**
**ယခု ဘဝ နဲ့** မဂ်ပေါက်၊
ဖိုလ်ဝင်—ဖြစ် နိုင် သေး သည်။
ဘယ်နည်းနဲ့ တင်တင်။ အညံ့ဆုံး
**သောတာပန်** ဘဲ ဖြစ် ဖြစ်။
လူ့ရဲ့အညှာ တင်ကျိုးနပ်ပါသည်။

**ထို့ကြောင့်။—**
အသင့်မှာ။- "သဥပါဒိသေသ—ပြည်သူ့နိဗ္ဗာန်"
**ဝိပဿနာဘာသာပြန်-စာအုပ်ကို**
လက်ကိုင်ထား၍ အားထုတ်ပါ။ "အယ်ဒီတာ။"

| ဦးရေ၊ | အကြောင်းအရာ၊ | စာမျက်နှာ၊ |
|---|---|---|
| က—၁။ | ပြည်သူ့နိဗ္ဗာန်သို့ ရှေးရှု၍ပြသော- ကွန်တော့ဆန္ဒ၊ | ၁။ |
| ၂။ | သူတို့၏ စာအုပ်ကောင်း- "ပစ္စက္ခဟော ကြံပုံ၊" | ၃။ |
| ၃။ | သူတို့၏ တရားရတနာ၊ | ၄။ |
| ၄။ | သူတို့၏ တရားကောင်း 'အသံကောင်း ရွေးပုံ၊" | ၅။ |
| ၅။ | သူတို့၏ ဘုရားရတနာ 'သတင်းစာမှ- ကာတွန်း၊" | ၇။ |
| ၆။ | သူတို့၏သံဃာရတနာ "ပစ္စက္ခကိုးကွယ် ကြံပုံ၊" | ၁၀။ |
| ခ—၁။ | ဝိပဿနာလမ်းစဉ်မှ "ကွန်တော်သိရ သမျှ၊" | ၁၅။ |
| ၂။ | ဆဲ့တော် "ဇုဋ္ဌ၏ဖြစ်တော်စဉ်ပါသည်၊" | ၁၆။ |
| ၃။ | ပြည်သူ့နိဗ္ဗာန် "ဇုဋ္ဌဟောပြောရေး၊" | ၁၈။ |
| ၄။ | ဒါလိုသိမှ ပစ္စက္ခဥပမာ။ "ဗိုလ်ချုပ်- ထိမ်းမှတ်ပွဲ၊" | ၂၂။ |
| ၅။ | ဝေဘန်၍စဉ်းစားခွင့် "မာစတားခေတ်" | ၂၆။ |
| ဂ—၁။ | တိပိဋကလမ်းစဉ်မှ၊ကွန်တော်၏ရိုဝိယာ၊ | ၂၈။ |
| ၂။ | ပိဋကတိုက်စိုး "ထော်ပန့်ရေးပါသည်၊" | ၃၁။ |

| ဦးရေ၊ | အကြောင်းအရာ၊ | စာမျက်နှာ၊ |
|---|---|---|
| ၃။ | ရွှေဘာရေး "ကျန်းမာရေးပါသည်၊" | ၃၃။ |
| ၄။ | လိမ္မာရေး "သံစာ့အကြောင်းအရာ၊" | ၃၅။ |
| ၅။ | ပထမ သံဂါယနာ၊ "ဒုတိ၊တတိ၊စတု၊ ပဉ္စမ၊" | ၄၀။ |
| ၆။ | ကွန်တော့အမှား "စာသင်သားဘဝ–ဖြစ်စဉ်၊" | ၄၈။ |
| ဃ–၁။ | အာသိသင်္ဂါထာ၊ "ပါဠိအနက်၊" | ၄၃။ |
| ၂။ | ဝိပဿနာဝါဒ–ဗမာပြည်၊ | ၅၅။ |
| ၃။ | အနတ္တဝါဒ–တော်လှန်ရေးပါတီ၊ | ၅၆။ |
| ၄။ | ခေါင်းဆောင်ကြီးများ၏–သန္တာတော်၊ | ၆၃။ |
| င–၁။ | ကမ္မဿကတာ သမ္မာဒိဋ္ဌိ–သာသာပြန်၊ | ၆၈။ |
| ၂။ | တော်လှန်ရေးဥပဒေသ "အကျဉ်းချုပ်" | ၇၆။ |
| ၃။ | ပထမလုပ်ကိုင်ရေးဝါဒ၊ ဗောဓိပက္ခိယ ပါသည်၊ | ၈၀။ |
| ၄။ | လုပ်ကိုင်ရေးဝါဒအကျဉ်းချုပ်ဥပဒေသ | ၉၀။ |
| ၅။ | ပြုပြင် တည်ထောင်ကြပါစို့၊ | ၁၀၃။ |
| စ–၁။ | ဝိပဿနာသမ္မာဒိဋ္ဌိ–ဘာသာပြန်၊ | ၁၀၅။ |
| ၂။ | နာမရူပသမ္မာဒိဋ္ဌိ "သမားတော်တဦး ပါသည်၊" | ၁၀၆။ |
| ၃။ | ထေရိဂါထာပါဠိတော်၊ "ဝဇီရမယ်–ပါသည်၊" | ၁၁၁။ |
| ၄။ | ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီး "၁၀-ဂါထာ" | ၁၁၈။ |

| ဦးရေ၊ | အကြောင်းအရာ၊ | စာမျက်နှာ၊ |
|---|---|---|
| ၅။ | ဦးဘိုးတော်အခက်း၊ "သိဟဗာဟု ပါသည်၊" | ၁၂၃။ |
| ဆ–၁။ | အမျိုးသမီးဟောပြောရေးမှ "စောဒ်အိမယ်" | ၁၅၉။ |
| ၂။ | အိုင်သာ-ကြာပေါက် "ဒဏ္ဍာရီပါသည်" | ၁၆၆။ |
| ၃။ | ဖွဲ့ဘလုံး၊ "အမျိုးသမီးတဦး-ဝဏ္ဏတို" | ၁၇၅။ |
| ၄။ | အသိတလုံး "ဆရာဝန်ဝိနိစ္ဆယပါသည်" | ၁၇၉။ |
| ၅။ | တစောက်ထိုး၊ "သားဘွား ဥပမာ၊" | ၁၈၈။ |
| ၆။ | မျက်ခြေပြတ်၊ "ပင်တိုင်စံဝတ္ထု၊" | ၁၉၂။ |
| ၇။ | ချ ိဗိသံနိုင်း၊ "ဘော့ကစားဥပမာ၊" | ၂၀၀။ |
| ၈။ | စင်တော်ကြီး၊ "ပဉ္စာအရှုံးမ၊" | ၂၀၃။ |
| ၉။ | တန်ခိုးဘုရင်၊ "ဗကဖြုဟ္ဗာ၊" | ၂၁၁။ |
| ၁၀။ | တလှေစီး၊တခရီးပါ "ပုံတို့မှတ်ရများ၊" | ၂၂၅။ |
| ၁၁။ | တစ္ဆေ့ထဲ-ရုံဖေါ်၊ "ရွှေဘဿာ-ဥပမာ၊" | ၂၄၃။ |
| ၁၂။ | ပြုပြင်ရေး၊ "ဆုတောင်းခက်း၊" | ၂၅၉။ |
| ဇ–၁။ | ခေါင်းဆောင်တဦး၏၊ဝိပဿနာဆိုတာ-ဒါပါဘဲ၊ | ၂၆၉။ |
| ၂။ | ပဏာမဟောခက်း၊ငနောက်ဥပမာ—ပါသည်၊ | ၂၈၄။ |
| ၃။ | ခြောက်ပွါရ ခန္ဓာဖွဲ့ ဆောင်ပုဒ်များ၊ | ၂၈၆ |
| ၄။ | နာမ်ဘုရင်ဟောခက်း၊ "တုံးနာမ်-တိုင်နာမ်၊" | ၂၉၄ |
| ၅။ | နိဿရဏ-တန်ခိုးပြလက်ကြီး၊ | ၃၂၂ |

| ဦးရေ။ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| ၆။ | အပျိုစည် ရာဇဝင်ချုပ်၊ "ရုပ်ရှင်ဥပမာ၊" | ၃၃၂။ |
| ၅-၁။ | ဝိပဿနာဘာသာပြန် ရှိုးဂုံးအခက်း၊ | ၃၄၁။ |
| ၂။ | နည်းလေးပါးဘာသာပြန် ဝိညာဉ်လိမ်ပုံ | ၄၆၄။ |
| ၃။ | ပေါင်ဖွဲ့လရဟန်းကြီးဝဏ္ဏ၊ရဟန္တာဖြစ်ပုံ၊ | ၃၆၆။ |
| ၄။ | တက္ကသိုလ်က-ရာဇာဘဦး၊ရဟန္တာဖြစ်ပုံ၊ | ၃၇၃။ |
| ၅။ | နိဂမအချ၊ ရေးသားရပုံ-ဂါထာ၊ | ၄ဝ၁။ |

———ooo———

# “သဥပါဒိသေသ-ပြည်သူ့နိဗ္ဗာန်”

## “နိဒါန်းအချီး။”

### တ-၁၊ ပြည်သူ့နိဗ္ဗာန်သို့, ရှေးရှု၍ပြသော, ကျွန်တော့ဆန္ဒ။

———000———

## “မြန်မာနိုင်ငံတော်။”

### တိုင်းတပါး၏လက်အောက်ဆိုက်ရောက်နေရသော “ထိုအချိန်၊”

ကျွန်တော်သည်၊ မတရားသောလောကကြီးထဲ၌ ပေါက်ပွားလာရသူဖြစ်ပါသည်၊ မတရားလောကဆိုရခြင်းမှာ။ မျှတသောမေတ္တာဖြင့် သာတူညီမျှစွာ ညီညီညာညာ မဟုတ်သည့်ပြင်။ လူတန်းစားကိုခွဲခြား၍ ပစ္စည်းမဲ့တို့အား ဘိနှိပ်ချုတ်ချယ်ကာ။ လူဂုဏ်ထန် ဓနရှင်တို့အား အခွင့်အရေးပေးထားသော၊—

“လူတန်းစား ခွဲခြားရေး, ဆင်းရဲသား ဘိနှိပ်ရေး”—စသော၊ မေတ္တာကင်းမဲ့သည့်၊ “သွေးခွဲစနစ်” ကို၊ အချို့လူတို့လက်ကိုင်ပြုကာ တည်ရှိလျှက်နေသည့် ပြည်သူ, ပြည်သားတို့သည်။ သူတပါး၏ အိုးအိမ် ဝင်းခြံ စသော။ လယ်မြေ, ယာမြေ နယ်ပယ်များကို၊ မတရားနှိပ်ကွပ်၍ စော်ကားစွာ ချဲ့ထွင်လုယူကြသော။ “နယ်ချဲ့စနစ်” တမျိုး။ ။ဘဦးနှင့်, တဦး၊ မတဲ့အောင် သွေးထိုးပြီး ရန်ပွဲကို ဆင်စေလျက်။ သတ်ရေး, ဖြတ်ရေး, ညှင်းပန်းနှိပ်စက်ရေး စသော။ တိုက်

ရေး, ခိုက်ရေး, တိုက်ခိုက်ရေးတွေကိုသာ။ ရှေးရှု၍ တည်နေသော၊ "သွေးထိုးစနစ် လက်နက်" လောက-ကို၊ မတရားလောက-ဟု၊ အတိအကျဆိုလိုပါသည်။ ။ထိုမတရားလောကဟု ဝေဘန်သိရှိရသော၊ ကျွန်တော်သည်၊ ဤလောကကြီးတည်းဟူသော၊ ကျွန်တော့ဒုက္ခ, ကျွန်တော့သံသရာ–လူထုဒုက္ခ, လူထု သံသရာ၊ ပြည်သူ့ဒုက္ခ, ပြည်သူ့ သံသရာ၌၊ **"သဥပါဒိသေသ-ပြည်သူ့နိဗ္ဗာန်သို့"** အမြန်ပို့ဆောင်၊ တည်ထောင်ချင်ပါတော့သည်။ ။

## "နားလည်ရန်အရေး၊ အပေး, အယူ၊ စနစ်မကျပုံ"

စင်စစ်သော်ကား၊ ကမ္ဘာလောကကြီး တခုလုံးမှာ၊ မိုးဟုန်းဟုန်းထောက်ခံနိုင်း၊ "ဒသဂြိုမ်း" ဆူပွက်၍ နေသော၊ အပူလောကကြီးထဲ၌၊ မတရားသော ပြုမူရေးဘို့ကား၊ ဒီရေအလား ကြီးထွားကာ တိုးတက်စည်ကားလျက်ရှိနေခြင်းမှာ၊ တရားသော စိတ်ထားနည်း, တရားသော လုပ်ကိုင်နည်း, တရားသောနေ့ထိုင်နည်းများကို၊ လက်တွေ့အနေအားဖြင့် သိရှိနားလည်ခွင့်မရခဲ့မှုအတွက်၊ ဤကဲ့သို့ဖြစ်နေရသည်ကို သံမှားဘွယ်မရှိဟု၊ အတိအကျဆိုလိုပါသည်။

"ဘာ့ကြောင့်ပါလဲဆိုလျှင်"......ကောင်းမွန်မြင့်မြတ်သော လုပ်ကိုင်, နေ့, ထိုင်နည်းတို့ကား၊ ယခုထက်ရှိ "ဗုဒ္ဓကျမ်းစာ" များမှာမှ၊ အတိအကျရှိသည်ကို၊ အကြွင်းမဲ့ယုံကြည်သူဖြစ်သည်အားလျော်စွာ၊ ဗုဒ္ဓကျမ်းစာများကို ဝယ်ယူဘတ်ရှုကြရသော်လည်း။ ကျွန်တော်တို့နားမလည်သော၊ ပါဠိဘာသာဖြစ်နေသည်ကတကြောင်း, မြန်မာဘာသာအားဖြင့်၊ တွေ့ရှိ

ရပါသော်လည်း။ "အတိဒုဒ္ဒသ, အတိဂမ္ဘီရ" ဟူသော၊ ပါဠိဘာသာမှ၊ နက်နဲပုံ, ခက်ခဲပုံတွေကိုသာ၊ အကျယ်တဝင့်၊ ရေးသားကာဖွင့်ဆိုကြသော်လည်း၊ သိ, မြင်, ပေါက်, ပိုင်, နားလည်ခွင့်ရနိုင်သော၊ လိမ္မာရေးချား နည်းစနစ် များကား အလွန်နည်းပါးသော၊ ရေးနည်း, သားနည်း, ဟော, ပြော နည်းတွေကိုသာ၊ ကြည့်ရှုလေ့လာနေရသော၊ ပြည်သူ ပြည်သားတို့မှာကား, အဘယ်မှာကောင်းကြိုးချမ်းသာ၊ ရောက်နိုင်ရာမည်နည်း...... ။

၂ "**သူတို့၏** အချို့ကား၊ မိမိကိုယ်တိုင် ဗမာဖြစ်၍ မြန်မာ **စာအုပ်ကောင်း**" ဘာသာကိုသာ၊ နားလည်သူ အမှန် ဖြစ်ပါလျက်။ ပါဠိပါသောစာအုပ်, စာဆမ်းမှသာလျှင်၊ ကြည့်ရှုချင်ကြပေသည်၊ ကြည့်ရှုပြန်သျှင်လည်း၊ ဘာတခုမျှကောင်းစွာနားမလည်သောစာအုပ်ကိုမှ၊ အလွန်နက်နဲလေစွ —၊ ကောင်းမွန်သော-ခက်ခဲသိမ်မွေ့ခြင်းနှင့်၊ ပြည့်စုံပေစွ......၊ ဉာဏ်မမှီနိုင်ဘဲ၊ အသိခဲခက်လေစွ —၊ ရေးသားသူသည်၊ ပညာရှိပေစွ —ဟု၊ ထောမနာခြင်း များပြားကာ၊ စာအုပ်ကောင်းဟု အရေးယူသလောက်၊ ဘာတခုမျှ အသိဉာဏ်ပေါက်အောင်၊ နားလည်ခြင်းသို့ မရောက်ခဲ့ပါ။ ။ ထိုကဲ့သို့နားလည်ခြင်းသို့ မရောက်သမျှ၊ ကမောက်ကမဖြစ်သော စိတ်နေ, စိတ်ထားနဲ့ တကွ။ ဘဝင်မကျသော လုပ်နည်းဆောင်ဘာ တို့ဖြင့်။ ချွတ်ချော်တိမ်းပါး, မှားရှင်းသော အရာတွေသာများပြား၍နေသော၊ မထရားလောက၏ "အမွေ" လမ်းစဉ်မှ "ဗုဒ္ဓ" ၏မြွှသမ်းစဉ်" သို့ရွှေ့ပြောင်းကာ၊ ဝိပဿနာမှန်ပြောင်းကိုတပ်ဆင်ပြီး၊ "သဥပါဒိသေသ-ပြည်သူ့နိဗ္ဗာန်"

မြန်မာနိုင်ငံတော်ကြီးကို၊ အမြန်ပို့ဆောင် ထည့်ထောင်ချင်ပါတော့သည်။ ။စာအုပ်, စာတမ်းနှသာ၊ စနစ်မကျသည်မဟုတ်သေး၊ တရားပွဲ တရားနှာခေါ်၊ ဓမ္မသဘင်ဆင်ယင်၍ ဟောမှု့, နာမှုများမှာသည်း၊ များစွာစနစ်မကျတာ တွေ့ရပါသည်။

**၃ "ဆူတို့၏ တရားရတနာ"** တရားဟောသူသည်၊တရားသဖြင့် စိတ်ထားရပုံ, တရားသဖြင့် လုပ်ကိုင်ရပုံ,တရားသဖြင့် နေထိုင်ရပုံ စသော၊ စည်းကမ်းများကိုသာ၊ စနစ်တကျ၊ တည့်မတ်စွာဟောသင့်ပါလျက်၊ "ရှေ" နည်းမပါ "ကုန်" နည်းသာ ဖြစ်၍နေသော၊ "စွန့်ကြဲမှု" ခေါ်။ အလင်္ကာစေးခဲ့သော၊ ဝါ–အခဲ့လှူခဲ့သော ဒါနကြောင့်။ အာသဘ္ဘ အမည်တွင်ပုံ၊ ဆွမ်းလှူဂုဏ် အဓိပတိအချက်ကြောင့်၊ သိဝလိဖြစ်လာပုံ။ ကြွေးမွေးရာ စေတနာ အတိထားတော့၊ မိဖုရား ကေသာဝတီဖြစ်ရပုံ။

ရှေးက အလှူရဲဘာ၊ ဘယ်မင်းတဲ့ကွာ–ဘုမေးပြီး၊ အလှူရဲ၊ မင်းဝေသန္တရာ–ဟု ဖြေလိုက်ရာ၊ ဒါဖြင့်၊ ပေးစင်း သေးတ...

ဆိုတာလိုကသာ များပြီး၊ အသားမပါ၊ အလင်္ကာဖြစ်သော ဓမ္မတာဖြင့်သာ၊ အချိန်ကုန်ခဲ့ကြရပေသည်။ ။တချို့နေရာများမှာလည်း၊စမွေယျနဂါးမင်း၊ ပချုပ်သွင်းတာကတခဏ်း၊ နန္ဒမင်း, ဘဒ္ဒကလျာတို့၏၊ တိတ်ဘာတာကတမျိုး၊ ဦးကုသ၏ မျာပိုးခဏ်း။ ဆန်း-ဆိုတဲ့ ပဘာဝတီ။ ခါတ်တော်တည်တဲ့ စောမွန်ဟ။ အရှူး-မိပဍာ။ ဤကဲ့သို့ သိစရာမပါသောဟော

နည်းအလိုက်၊ ရှေးရိုးတိုက်သော၊ သမရိုးသမစဉ်၊ ယခုထက်တိုင် ထည့်ထွင်ကြပါသေးသည်၊ တရားနာများကား၊ ထဝါးဝါးနေအောင် ရယ်ပင် ရယ်ရသော်လည်း၊ ဘာထူးခြားအကျိုးမရသည့်ပြင်၊ အချို့တရားပွဲ၏အဆုံးမှာ၊ အသံတော်က၊ သာလိုက်တာ၊ မျက်နှာထော်က၊ သိတ်သပ္ပာယ်။ အငယ်ကိုယ်တော်က၊ သာပြီးချောဟူသော၊ သူတို့၏ ရခဲ့သော တရားများကို၊ စားမြုံ့ ပြန်ကြလေသေး၏။ အချို့တရားပွဲများ၌၊ အချို့လူဘာရမှာ၊ ငိုပင်, ငိုရသည်ကို တွေ့ရပါသေးသည်။

တရားမည်သည်မှာ။ ငိုရလောက်အောင် ပူပန်၍နေသောအပူဒုက္ခကို၊ ငြိမ်းစေရမည်ဟုတ်ပါလော။ ပူပန်၍ ငိုရအောင်ပင် ပြောဟောနည်းကား၊ တရားပင် ဖြစ်စေ ကာမူ၊ မှန်ကန်သောနည်းလမ်း ဟုတ်ပါမည်လော......။

**၄ ‘သူတို့၏ သိရှိသော တရားကောင်း’**

မြန်မာနိုင်ငံတော်တခွင်းလုံး၊ တစုတရုံးလုံးပင်လျှင်၊ ည-တရားပွဲများ ခေတ်စားခဲ့ကြ၏၊ ဟိုကိုယ်တော်ဟောင်းသည်၊ သည်ကိုယ်တော်က သာသည်၊ သူတို့က ဟိုကိုယ်တော်ပင့်လျှင်၊ ငါတို့က-သည်ကိုယ်တော်ပင့်ကြမည်ဟု၊ သူ့ထက်ငါ ကိုယ်တော်ကောင်း ရွေးချယ်လာကြလေပြီ၊ သူတို့ရွေးချယ်သောစနစ်တခုကား၊ ၁–အချက်-ရုပ်ချော၊ ၂–အချက်-အသံကောင်း၊ ၃–အချက်-တရားဘာဟောဟော–ဟူသောစနစ်ကို လက် ကိုင် ပြုကာ။ သူတို့ကိုယ်တော်က-အသံကောင်းသော်လည်း။ ငါတို့ ကိုယ်တော်လောက်၊ ရုပ်မချောဟူသော။ “သွေးခွဲစနစ်” ကြီး ပေါ် ခဲ့ပြန်လေပြီ။ ။ထိုစနစ်ဖြင့်၊ အသံကောင်း, ရုပ်ချော ဖြစ်တော်မူကြသော၊ တရား

ဟောဓမ္မာထိက ဘုန်းတော်ကြီး များမှာ၊ အပင့်လာသူ၏ လျှောက်ထားချက် အရ။ အချိုး, အစား၊ အသံ၏ အထား, အသိများကို "နမူနာ" စံပြဟောကြားတော်မူကြရသေး၏။

အိုပြည်သူပြည်သား လူအများတို့၊ ဤစံနစ်ဆိုး ကား၊ ကျွန်ုပ်တို့၏ ချို့ယွင်းသော၊ အန္ဓဗာလ—ခေါ်၊ မသိ မလိမ္မာသော လမ်းစဉ်မှ၊ ဖြစ်ပေါ် လာရသော စံနစ်မဟုတ်ပါလော၊ ထိုအချိန်ကား၊ အသံကောင်း ရှင်ချော, ဥက္ကာပေါ ရဟန်းတော်မှန်သမျှတို့၏၊ မျက် နှာကြီးသလောက်၊ အခြားသော ရဟန်းတော်များ ၏ မျက်နှာ ငယ်ပြီး၊ မထင်မရှား ကုတ်လျှိုး-ခ-ယ- ကာ နေခြင်းမျိုးဖြင့်၊ ဖိနှိပ်ချုပ်ခြယ်ခြင်းသည်၊ မည် သူ့အား၊ အပြစ်ပွားချင်ကြပါသေးသနည်း......။

ထိုကဲ့သို့—သူ့ကိုယ်တော်၊ ငါ့ကိုယ်တော်၊ သူ့ဘုန်းကြီး၊ ငါ့ဘုန်းကြီးမှစ၍၊ သူ့ကျောင်း၊ ငါ့ကျောင်းနဲ့ တကွ၊ သူ့ တပည့်၊ ငါ့တကာ၊ သူ့တကာမ၊ ငါ့ဘကာမ ဟူ၍၊ ဘုန်းတော် ကြီးများပင်လျှင်၊ "ပါတော်မူ" လမ်းသို့၊ ကြွမြန်းရွှေ့ပြောင်း တော်မူရချေလေပြီ။ ။ဤကဲ့သို့ တရားသော ပြည်သူတို့၏ သွေးခွဲစံနစ်ကို လက်ကိုင်ပြုကာ၊ အန္ဓဗာလ စိုးမိုးအတွင်း မှ၊ ပါတော်မူလမ်းစဉ်ဖြင့် စိစင်ကာ-ဟောပြောကြ၍ နာသူ ရသော၊ "တရား" ခေါ် ဒွေးဟောင်းနှောင်းဖြစ် ဇာတ်ကြီး ဆယ်ဘွဲ့၊ ငါးရာ့ငါးဆယ်၊ ဓာင်းခယ်၊ ပဏ္ဏာသ၊ ဇုဋ္ဌဝင် တောထွက်ခန်းဖြစ်သော။ ဝတ္ထုကြောင်း သက်သက်များ ကို၊ ဟောလေ, ကဲလေဖြစ်ကာ၊ သာ၍ပင် ဆိုးဝါးကာလာ

သောပြည်သူတို့၏ပြုမှုပုံကိုလက်တွေ့ဖြစ်၍နေရသော၊ ကျွန်တော်သည်၊ ''တရားပွဲလော၊ မတရားပွဲလော'' ဟု၊ ဝေဘန်ကာ အဖြေမပေးတတ်တော့ဘဲ၊ မိန်းမောတွေဝေကာ၊ ရှုတ်ထွေးစွာ နေရသော လောကကြီးမှ။ တစ ထစ ကြားဘူးနားဝ ရှိခဲ့ရသော ''ရတနာ'' သုံးပါးအား ဘယ်လိုနည်းအားထားရာရနိုင်တော့မည်နည်း——၊

၅ ''သူတို့၏ဘုရားရတနာ'' တရားဟောမှု, နာမှုစသော၊ ဓမ္မရတနာမှ စံနစ် မကျသည်မဟုတ်သေးပါ၊ ဘုရားကိုးကွယ်, အားထား ရာ၌ လည်း၊ ရှေးခေတ်မှ ယခုခေတ် အချို့ကိုးကွယ်ကြပုံမှာ——၊

နွားသေမှ ကြွင်းကျန်သော နွား၏ အရိုးများကို၊ ရှာဖွေ ရစေဝင်း၊ ထုထောင်း ကြိတ် ချေပြီး လျှင်၊ သစ်စေးများဖြင့် ရောနှော ဆုတ်နယ်ကာ၊ ဆင်းတုရုပ်ပုံပြုလုပ်၍၊ ''မိ-ဘုရား'' ခေါ်၊ သားရိုးဆင်းတုကို တည်ထားကိုးကွယ်ကြလေသည်၊ ၊အချို့ကား၊ ကြေးများကိုသွန်းခပ်ထုလုပ်ပြီး ''ကြေးဘုရား'' ခေါ် ကြေးဆင်းတုကို၊ တည်ထားကိုးကွယ်ကြလေသည်၊၊ အချို့ကား၊ ညောင်သား၊ ကျွန်းသား၊ သဃ်နံ့စ်သား စသည်ကို၊ ရုပ်ပုံ အချိုး အစား ထွင်းထု ထားပြီး။ ''ဒက္ခိဏာသာခါ'' ခေါ် ညောင်သားဘုရား၊ ကျွန်းနှစ်သားဘုရား၊ သဃ်နှစ်ဘုရား စသည်ဖြင့်၊ သစ်သားဆင်းတုကို တည်ထား၊ ကိုးကွယ်ကြလေသည်၊ ၊ မျက်မြင် ထင်ရှားသော အားဖြင့်၊ အညြ်အဂ်တေများ

ကို ထုလုပ်ပြီး "အုဋ္ဌဘုရား" ခေါ်၊ အင်္ဂတေဆင်း တုကို တည်ထား ကိုးကွယ်ကြလေသည်၊ ၊ယခု များသောအားဖြင့်၊ အုဋ္ဌစေတီကြီးများ၏အတွင်း၌၊ သားရိုး၊ ကြေး၊ အင်္ဂတေ၊ သစ်သား၎စ၍။ တတ်နိုင် သူတို့၏ ရွှေ၊ ငွေ၊ မိုးကြိုး၊ စိန်၊ ကျောက်—စသည် တို့ကို။ ဆင်းတုပြုလုပ် ဥဒ္ဒါပနာ—ထုတ်ပြီး၊ ထည့် သွင်း ကိုးကွယ်ကြလေသည်၊ ၊အချို့ကား၊ သေ လွန်ပြီးသော၊ အမိ၊ အဘ၊ အဘိုး၊ အဘွား များ၏ အရိုး၊ သွား၊ ဆံ စသည်ကို "ဥဒ္ဒါပနာ" ခေါ်၊ အ တွင်းဝင်အနေအားဖြင့်၊ တည်ထားကိုးကွယ်ကြလေ သည်။ ။

ထိုကဲ့သို့၊ သဒ္ဓါသမ္ဗုဒ္ဓ၏ အထူမရှိသော၊ 'အတုသ" ဂုဏ်ခြောက်သည်ကို မထောက်မဆကြဘဲ၊ ကမောက်ကမ ထင်ရာ မြင်ရာသော၊ အရိုး သစ်သားများကို၊ မဟုတ် မတ ရား၊ ရုပ်ပွားအနေ ထားပြီး၊ စေတီကြီးများ တည်ထားပုံမှာ လည်း၊ မြို့ ရွာနှင့် အခြေအနေ ပနာရ-မရ၊ ချေးဦးစွာ မစဉ်း စားကြတော့ဘဲ၊ မြို့ ရွာ၏-အလယ်၌ တည်ရှိသော ဘုရား မှာ၊ အလွန်တရာသန့်ရှင်းသော်လည်း၊ အစွန်အဖြားကျသော ဘုရားများ၌ကား၊ မသန့်ရှင်းရုံမျှ မက၊ မစင်ပင် စွန့်ကြရာ ဌာနဖြစ်နေသည်ကို၊ ယခုကာလ အားလုံးသော လူထုကြီး၏ မျက်မြင်သာဓက မဟုတ်ပါလော။ ဤကဲ့သို့ ရွှေရှိသော ဘုရားများ၏မျက်နှာကြီးသလော၊ ရွှေမရှိသောဘုရားများ၏ ကမောက်ကမဖြစ်တော်မူရပုံမှာ၊ ရွှေတိဂုံ၊ မဟာမြတ်မုနိ အခြား ဘုရားများကိုမြင်ရသောအားဖြင့်၊အထူးရေးရန်မလိုတော့ပါ၊

အချို့မှာ၊ မြန်မာနိုင်ငံတော်တခွင်းလုံး၏ အကြီးကျယ်ဆုံးဖြစ်၍၊ စစ်ကိုင်းမြို့နယ်တွင်တည်ရှိလျက်နေသော၊ မဟာကောင်းမှုတော်ကြီးကိုပင်၊ မိဗ္ဗရားပုံဖြစ်ရာ၊ အင်ဂျင်နီယာ၏ စံနစ်ဖြင့်၊ ဤပုံမျိုးဖြစ်ရသည်ကို၊ ပြောစမှတ် ပျက်ရယ်သလိုပြုကြပေသေး၏။

"သတင်းစာမှ ကာတွန်းတခု"

အခါတပါး၌၊ တွေ့ရှိ ဘတ်ရှုလိုက်ရသော၊ ကာတွန်းရုပ်ပုံနှင့်တကွ၊ သတင်းစာ ပါလာသည်မှာ။ ။ ခလေးများသည်၊ ဒိမိခေါင်းပေါ် သို့ ကျော်သွားကာ ကစားသည့်ကို သီးခံ နေပြီးမှ၊ ဝမ်းပိုက်ကို ကျော်မည်ပြုရာ၊ ဒီကိုတော့ မကျော်ကြနဲ့၊ မင်းတို့အား ငရဲကြီးလိမ့်မည်၊ ငါကား ဘုရားဘဏ္ဍာတော်ထိန်းလူကြီး၊ ဒီပိုက်ထဲမှာ ဘုရားပစ္စည်းတွေအများကြီးရှိတယ်—ဟု၊ တားမြစ်ပါသတဲ့၊

အိုး ပြည်သူအပေါင်းတို့၊ "ကိုယ်သိ ကိုယ့်ဘာသာ ဇေနေ" ဟူသော၊ အချောင်သွားသွေး မြူရိုကရက် စက်ယန္တရားဆေးဖြင့် ချောဘာ၊ ပေမှေးဘာနဲ့ အချိန်ကုန်ကြမည်သော၊ ။

ကိုယ်သိမှ၊            ကိုယ့်အလိမ္မာ။
ကိုယ်အမြင်ထူးမှ၊      ကိုယ့်ဝိပဿနာ။
ကိုယ်ကျင့်မှ၊          ကိုယ်ချမ်းသာ။
ကိုယ်လုပ်မှ၊          ကိုယ်ရ။

**No. 2.**

ကိုယ်ငြိမ်မှ၊ ကိုယ့်နိဗ္ဗာန်။
ကိုယ်ချမ်းသာမှ၊ ကိုယ့်ငြိမ်းချမ်းရေး။
ကိုယ်လွတ်လပ်မှ၊ ကိုယ့် လွတ်လပ်ရေး—
ကား မှန်ပါ၏။

သို့သော် တကိုယ်ကောင်းဝါဒ၊ ငါ့ဘဝ စံနစ်ကို အလိုမရှိနိုင်သော၊ **“ဗုဒ္ဓေါ ဗောဓေယျံ။ မုတ္တော မောစေယျံ။ တိဏ္ဏော တာရေယျံ”** ခေါ်၊ ငါသိသလို ပြည်သူ ပြည်သားကိုလဲသိစေမယ်၊ ငါလွတ်လပ်သလို ပြည်သူပြည်သားကိုလဲလွတ်လပ်စေမယ်၊ ငါထွက်မြောက်သလို၊ပြည်သူ-ပြည်သားကိုလဲထွက်မြောက်စေမယ်—ဟု၊ တာဝန်ယူ၍ ဆောင်ရွက်တော်မူသော၊ ဗုဒ္ဓ၏ သဗ္ဗညုတ ရွှေမျက်နှာတော်ကို ထောက်ဆ၍၊ ကမောက်ကမ အချက်တွေကို စံနစ်တကျ ပြင်ဆင်ကာ ပြုလုပ်ပြီးလျှင်၊ အသိ အလိမ္မာ ကောင်း သော ဉာဏ်ပညာကိုသာ ပြောဟောလေ့လာခြင်းဖြင့်၊ ကိုယ်နေ ကိုယ်ထား၊ စိတ်နေ စိတ်ထား ချမ်းသာ မြေ့ဖွာ၊ လွတ်လွတ် လပ်လပ် လုပ်ကိုင် နေထိုင်ကြရ၍။ မတရားလောကမှ၊ ပယ်ချ ထွက်မြောက်၊ တရားသောလောက “သဥပါဒိသေသ-ပြည်သူ့နိဗ္ဗာန်” ကို၊ အနုပါဒိသေသ နိဗ္ဗာန်သို့ ရှေ့ရှုလျက်၊ တိတိကျကျ အမြန်တည်ထောင်၍ ပြင်ဆင်သင့်ကြပါပြီ၊

၆ “သူတို့၏ သံဃာရတနာ”

ထိုကဲ့သို့ ပြည်သူ·ပြည်သားနှင့် တကွ၊ ကျွန်တော်များ၏ တွေ့ကြုံ အားသား ခဲ့ကြရသော သံဃာရတနာများကိုလည်း၊ ထည့်သွင်းစဉ်းစားခြင်းဖြင့်၊ ဝေဘန်ကာ ကြည့်ရှုကြပါဦးစို့၊ များသော အားဖြင့်၊ ၄၉ အား အလိုလိုဘဲ၊ အကြိုက်ကိုသာ ပြောလေ့

ရှိသော ရဟန်းတော်များအား၊ မှိုရို အားထားခဲ့ကြလေသည်၊ ဘုရားဖူးကြွပါဘုရား၊ ရန်ကုန်ရှိပေးပါဦးဘုရား စသည်ဖြင့်၊ မိမိတို့၏နေခဲ့သို့ လျှောက်ထားဘိုင်း လိုက်နေသော၊ဥုးပဥ္ဇင်း များကို၊ ကိုးကွယ်ခြင်း များခဲ့ထေသည်၊ ၊အရှင်ဘုရား၏ ဝတ္ထုလေးများအား၊ တပည့်တော်မအား၊ ၎ါးထားပါထား ဘုရား၊ အခုပ်ကပြန်တဲ့ခါ၊ ဆီ လက်ဆောင် ပေးမှာလား ဘုရားဟု—အား ထား ခဲ့ကြ လေသည်၊ ၊အရှင်ဘုရား၏ ကျောင်းမွေးလယ်ကြီး-စောဂေ စီး စီး က—ချထားပါလျှင်၊ တပည့်တော်၏ သားတော်ပါခဲ့၊ နက်ဖြန် ဟည်းကလေး ခဏယူခန် ၎ါးပါဘုရား၊ အရှင်ဘုရားကတော့ သိတ်တော် ဒါဘဲ။ အစိုးရစာမေးပွဲတောင် အကုန်အောင်ဒါ၊ ဆဲဒိငွေ "၉၀၀"–တပည့်တော်က နွားရှာပေးပါမည်–စသည် ဖြင့်၊ အားထားကိုးကွယ်ခဲ့ကြလေသည်၊ ၊အချို့ကား၊ တဘဲ့ တော်မ လင်ယောက်ျား ငွေရှာ သွားဒါ၊ ဇာတာကလေး ကြည့်ပေးပါဘုရား၊ သားလေး နေမကောင်းလို့ "ယတြာ" ချေပေးပါဘုရား၊ သွီးငယ်၏ ရည်းစား......ဘာ သား နဲ့- ခတ်ရိုက်ပါ့မလဲဘုရား...... တပည့် တော် တို့၏ အတိုးကြီး အရှင်ဘုရား—ဆီးဆေးနဲ့ တဲ့နေပြီဘုရားဟု၊ ဤခဲ့သို့ အား ထားကိုးကွယ်ခဲ့ကြလေပြီ၊ ၊အချို့ ဌာန များတွင် ကား၊ အရှင်ဘုရား ဇတ်အား၊ ဘယ် သောက်နဲ့၎ါးသွားပါလဲဘုရား၊ သစ္စာထား တပိုဒ် နှင့်၊ မင်းသားရှုးပိုချင်း နှစ်ကွင်းလောက် ချေးပေးပါဘုရား — ၊ရွှေ—ငွေ—ဖြစ်သွားက၊သနားပါဘုရား အင်္ဂလိတ် ပေါက်သွားရင်၊ တပည့်တော်တို့အား၊ ပြစ်မထား ပါနဲ့ ဘုရား—ဟုသော၊ အားထား နည်းဖြင့်၊ များများကြီး

ကိုးကွယ်ခဲ့ကြပါသည်၊ ၊တချို့၏ အားထားနည်း ကား၊ ဘုရားတပည့်တော်၊ ဗိုမြို့နယ်—မဲပုံးထည့်ချင်ပါတယ်ဘုရား၊ ငွေအလိုရှိက၊ အကြောင်းကြားပါရန် အသနားခံရပါတယ် ဘုရား—၊ တပည့်တော်တို့အသင်းအား—ငွေအလှူခံပေးပါ ဘုရား—၊ ဒီကနေ့ညတရားပွဲတော့၊ တကာမများ—မျက်ရိ တုပ်တုပ်ကျသွားအောင်၊ ဆန်းဆန်းတဲ့ဝတ္ထုသွား၊ လွင်းဆန်း တဲ့ အခွဲဘုရား—ဟောပါ့ဘုရား-စသည်ဖြင့်၊ ကိုးကွယ်အား ထားခြင်းမျိုးကား များခဲ့ကြပါသည်။

......အို—ခေတ်လူအချို့တို့။ အဘယ့်ကြောင့် ရဟန်းတော်များအားသာ၊ အဖြစ်ပွါးဘာ,ပွါးဘာ၊ ရံခါ ရံခါနေးသားကြပါသနည်း—။ သင်တို့ကျွန်ုပ်တို့၏ "တရားနာမှု" 'ဘုရားကိုးကွယ်မှု'' ''သံဃာအားထားမှု''—စသည်များကို။ နှုးပေါ် လက်တင်၍၊ အကွက်ထင်အောင် ပြန်လှန်ဘာမတွေးဝန့်တော့ဘဲ၊သွေးရှိ့အပြီး "ရှက်ဘွယ်" လိလိကြီးပါတကား၊

ကျွန်ုပ်တို့သည်၊ "သဥပါဒိသေသ, အနုပ ဒိသေသ" ခေါ်၊ နှစ်ရပ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဖြင့်၊ ရှေးရှုစေနိုင်သော ဝိပဿနာအချက် မဂ္ဂသစ္စာဖြစ်သော။ မဟာပဋိပဒါ "ဗုဒ္ဓရှင်တော်၏ လမ်းမြတ်ရတနာ" ကို။ သဘောမထား, မလိုက်ရှောက်ကြပါဘဲ။ ယခုပစ္စက္ခ အပြင်းအထန် အားကျ လျက်ရှိကြသော။ မံဘုရား၊ ကြေးဘုရား၊ အုဌ်ဘုရား၊ ရွှေ ဘုရား၊ ငွေဘုရား၊ စိန်ဘုရား၊ မြဘုရား၊ ဆံဘုရား၊ အံ ဘုရားများကိုသာ၊ တဘက်သတ် ဝိဇ္ဇာမပါဘဲ။ စရဏမျိုး

သက်သက်ကား၊ အဘယ်မျှလောက် အကျိုးတရား ဖြစ်ပွါးကြပါသနည်း။

ကျွန်ုပ်တို့၏ နာခဲ့သမျှ ဟောခဲ့သမျှ မှတ်ခဲ့သမျှ သော။ အပျော်တရား။ အရိုတရား။ အရွှံတရား။ အသွမ်းတရား။ အဆွေးတရား။ အငိုတရားတို့သည်ကား၊ အဘယ်လိုအကျိုးများ၌ ဘယ်နေရာအားကိုးထားကြမလဲ၊

ရင်းပြင်။ ရှင်ပင်အတုလ၊ သမ္မာဒိဋ္ဌိမှန်ကူ သယာနှုတ်ထွန်ထား "ဗုဒ္ဓ" ခေါ် အဘ-တရား၏ အလိုတော်ကျ သံသာရတနာ့ ကိုးကွယ်ခြင်းသို့ မရောက်ကြသည်ကား၊ လက်တွေ့ထင်ရှား အများပင် နားလည်ကြပါပြီ၊ သို့သော်၊ တရားရှင်၏အလိုတော်ကျ-ကိုးကွယ်ခြင်းသို့ မရောက်ကြသော်လည်း၊ ပြခဲ့ပြီးသော သံဃာရတနာ့ဘုံအာ၊ ပြည်သူ ပြည်သားတို့၏အလိုကျ "ဖစ်ဆက်ဒီမိုကရေစီ" စံုပိုင်းရှကိုးကွယ်ခြင်းမျိုးကား၊ အကျိုးများပါသေးသည်မဟုတ်ပါလော။

"အမှာ"...... ဤကဲ့သို့ ဆိုင်ရာဆိုင်ရာ၊ တမျိုးစီ တမျိုးစီ၊ အကျိုးများပါသျှက်၊ သံဃာရတနာခေါ်-အချို့သောရဟာန်းတော်များအား၊ ရံခါရံခါ ထိပါးကာရေးသားခြင်း အလျှင်းမသင့်သဖြင့်။ အရေးအသား မထိပါးရန် အသနားခံရပါသတည်း။

ထိုသို့ပြခဲ့ပြီးသောစံနစ်မကျ ကမောက်ကမလုပ်ရိုး "အန္ဓဗာလ" လမ်းမျိုးနှင့်တကွ။ ကန္တာရခရီးဘဖြစ်သော၊ သမရိုးသမစင်၊ မသိမလိမ္မာသော ဥဘတ် အမြင်တွေကို၊ တွန်းလှန်ပယ်ချကွယ်ပစေပြီးနေခံ၊ "ဗုဒ္ဓဝါဒ" မဂ္ဂသစ္စာခေါ် "ဗိပဿ

နာလမ်းညွှန်” ပေါ်မှ၊ အတိအကျ ရဘနာသုံးပါးကို၊ ပြည်သူ့ နိဗ္ဗာန်မှာ ရောင်ရုံသားလျှက်။ “သမစိတ္တ သဲ့ဆန္ဒ” ခေါ်၊ တညီတညာ တစုတပေါင်းပြု၍၊ ဝါ၊ စုပေါင်းလုပ်ကိုင်သော နည်းဖြင့်၊ သမ္မာဒိဋ္ဌိ၊ သမ္မာဝါစာခေါ်၊ မဂ္ဂင်ရှစ်ဘော်၊ တရားတော်အရ၊ ဆောင်ရွက် လုပ်ကိုင် မျှတစွာ နေထိုင်သင့်သည်ကို။ ဗုဒ္ဓ၏ အလိုတော်ကျမဟုတ် ဘု၊ မည်သူ ကန့်ကွက်ရဲလိမ့်မည်နည်း။

**“ဆန္ဒ” ရှိကြပါစို့”**

ထို့ကြောင့်၊ လက်တွေ့ဖြစ်သော၊ ဝိပဿနာ လမ်းစဉ်မှ၊ အသိအလိမ္မာကို ဇောန် ဇော အမှန်တဲ့ရခဲ့ကြပါသဖြင့်၊ ပြလတံ့ ဖြစ်သော၊ “သဥပါဒိသေသ-ပြည်သူ့နိဗ္ဗာန်” ကို၊ တွေ့လို၊ မြင်လို၊ ရောက်လို၊ ရလို၊ နေလို၊ ထိုင်လို၊ ဇလို၊ ငြိမ်းလို၊ ချမ်းသာလိုသော၊ ကျွန်တော်၏-ဆန္ဒကို ပြည်သူ၏ လူထုအား။ တင်ပြကာရေးသားရပါသဖြင့်၊ ကျွန်တော့် ဆန္ဒသည်၊ လူထုဆန္ဒဖြစ်ပြီး၊ လူထုဆန္ဒမှ “ပြည်သူ့ဆန္ဒ” ဖြင့်၊ တရားသော စိတ်နေ စိတ်ထား မျှတစွာ တရားသဖြင့် စခမ်းသွားရသော ပြည်သူ့နိဗ္ဗာန်ကို၊ “ပြည်သူ့ဆန္ဒဖြင့် အမြန်တည်ဆောက်ခါ” မျက်မှောက်ပြု၍ ဆိုက်ရောက်တော်မူကြပါစေသတည်း၊

**“ဆန္ဒရှင်”**

# 'ပြည်သူ့ နိဗ္ဗာန်-အမြန်ရှေ့ရှုလျှောက်။'

## ခ-၁၊ ဝိပဿနာလမ်းစဉ် "မှ'' ကျွန်တော်သိရသမျှ။

———000———

သို့ကလိုဆန္ဒအတွင်းမှ ရှင်းလင်းစွာဝေဘန်၍ပြခဲ့ရသော ဖြစ်ပျက်သမျှ ပစ္စက္ခအခြေအနေ ပြုမူဘာနေကြသည့်၊ ရတနာသုံးပါး ဦးထိပ်ထားကာ မွေးဘွားကာ လာရပါသော၊ ကျွန်တော်သည်၊ လူ့လောကအား "မနုဿတ္တဘာဝဒုလ္လဘ'' ခေါ်၊ ရခဲ ရောက်ခဲသော လူ့ဘဝပင်ဖြစ်သော်လည်း၊ ဤသို့သော လူ့လောကကို "နိဗ္ဗာန'' ခေါ်—အလိုမရှိရုံ မကာ၊ စက်ဆုပ်မသတီ ထွီဘွယ်ရာလောကဟူ၍ပင် မှတ်ထင်လာပါသည်၊ ဤသို့မှတ်ထင်ခြင်းဖြင့် အဆင့်ဆင့် ဖြစ်ပေါ် လာသော "တနှစ်ဘခါ—ငရဲ့ရာ၊ လူ့ရွာဘုရားပွဲ'' ဟူသည်နှင့် အညီ၊ ဘုရားပွဲ၊ အလှူပွဲ၊ ကထိန်ပွဲ-စသည် များမှာလည်း၊ နွားသတ်-ဝက်သတ် စသော "ယဇ်နတ်'' ပူဇော်ပွဲနှင့်မခြား၊ တသားတည်း ဖြစ်နေကြသော ဤခေတ်ထဲ၌ "ဘယ်လိုလဲ'' ဟူသော အမေးပုစ္ဆာဖြင့်၊ တွေးရှုင်လာသော-ကျွန်တော်သည်၊ ပုံတော်များ၏သခင်၊ အရှင်သမ္မာသမ္ဗုဒ္ဓ၏ အကြောင်းကို၊ ကောင်းကောင်းကြီး စုံစမ်းတော့၏၊ မေးမြန်းတော့၏၊ ရှာဖွေတော့၏၊ လေ့သာတော့၏၊ "ပင်စစ်သော်ကား''

**"အာဇာနီ ယောကျ်ား''** ကျွန်တော်များနှင့်တကွ၊ ပြည်သူပြည်သားများ၏ရုပ်ပုံတည်ဘားလေးစားကော်ရော်၊ ပူဇော် အသူးကို ခံယူတော်မူသော၊ သယာမ္ဘူမြတ် ဘုရားကား၊ ဗုဒ္ဓတိုင်းရင်းဘွားမဟုတ်လေဘဲ။ ယခု-အိန္ဒိယ

တိုင်း မြောက်ပိုင်းဖြစ်သော၊ နီပေါနယ်၊ ကပိလဝတ်ပြည်သား တဦး အထူးထင်ရှားနေပါတော့သည်၊

ဆဲဒီ......ကပိလဝတ်ပြည်မှ၊ အဘ—သုဒ္ဓေါဒန ဘုရင်၊ အမိ-မယ်တော်မာယာမိဖုရား၏ မွေးဘွားသော—သားတော် ရတနာ အာဇာနီတယောက် ဆိုလောက်သူပင် ဖြစ်ပေသည်၊

"မွေးဘွားရာဌာန" တနေ့သောအခါ၊ မိဖုရားကြီး မယ်တော် မာယာသည်၊ ဆွေတော် မျိုးတော်များ နေရာ။ ဒေဝဒဟပြည်သို့ သွားလိုကြောင်းဖြင့်။ သုဒ္ဓေါဒန မင်းကြီး ထံ ခွင့်တောင်းပန်ကာ၊ မင်းခမ်း မင်းနား၊ ဆန်းပြားလှစွာ သော အခေါင် အရောင် တို့နှင့် တကွ၊ ထွက်တော်မူခဲ့ရာ၊ "လုမ္ဗိနီ" ခေါ်၊ အင်ကြင်းဥယျာဉ်၏ သာယာပုံတွေကို၊ ရှု စားတော်မူရင်း၊ ၎င်းအင်ကြင်းပင်တို့၏ အကြားမှာ၊ ဖွားမြင် တော်မူခဲ့ပေသတည်း၊

"ရွှေနန်းစံ" ထိုသို့ မွေးဖွားပြီး နောက်။ သိဒ္ဓတ္ထကုမာရ အမည်နာမ တင်သကြလေသည်။ သိဒ္ဓတ္ထ ကုမာရ—သည်။ အာဇာနီယောကျ်ားကောင်း ဖြစ်သည့်အား လျော်စွာ။ တဆယ့် ခြောက်နှစ်သား အရွယ်မှာ၊ အာဇာနီ အမျိုးသမီးတဦးနှင့် ထိမ်းမြားလက်ထပ်၍၊ ခမ်းနားသောဘုံ နန်းကို အထူးတလည် ဆောက်စေပြီးမှ၊ အလွန်မြဲသည့် ပံ့နန်းကို စိုးစံတော်မူခဲ့ပေသတည်း။

"ဆန္ဒတော်" ဤကဲ့သို့ ပြီးနန်းကို စံမြန်း၍ပင် နေရသော်လည်း၊ လောကကြီးအား၊ တရားသေသနည်း၊

စံနစ်တွေကို၊ နည်းညွှန်လမ်းပြလိုသောဆန္ဒဖြင့်၊ ပြုပြင်ရေးအား အမြဲတန်း စိတ်ထား နေဟန် တူပါသည်၊ အဘယ့်ကြောင့်ဆိုသော်၊ ၎င်းထိုးနှန်း စံပြန်းကာ၊ တဆယ့်သုံးနှစ်လောက်ကြာ၍၊ မွေးဖွား ခဲ့ရှာသော၊ သားတော်လေး တယောက်အား၊ ငါ၏ဆန္ဒကို နှောင့်နှေးရန်–နှောင့်ဖွဲ့လေစွဟု၊ ညည်းညူတော်မူကာ "ရာဟုလာ"–ဟု၊ အမည်နာမတင်သခေါ် ခေါ်စေလေသည်။

သို့သော်။ ထိုရာဟုလာနဲ့တကွ၊ ကြင်ရာတော်အမျိုးသမီး "ယသောဓရာ" တို့ကိုပါ၊ ပြည်သူ ပြည်သားတို့၏အိပ်မောကျ၍နေခိုက်၊ မှောင်အတိမိုက်နေသော-ညချမ်းအခါ၊ ကြင်ရာနှင့် သားရတနာကို ပြစ်ခွါပြီးသျှင်၊ တွေးရှုလာရသောဆန္ဒ၊ ဖြည့်ဝခြင်းအလို့ငှါ၊ တရားကိုသာရှာအံ့ဟု၊ ၂၉-နှစ်အရွယ်မှာပင်၊ မြင်းတော်ကို စီးနှင်း၍၊ တောသွင်သို့ အမြန်ပင်နှင်ခဲ့လေသတည်း။

'ဥာဏ်ကြီးရှင်" တောသွင်သို့ရောက်သျှင်၊ ထိုခေတ်က–ဝတ်စား၍နေကြသော၊ အဝတ်တန်းဆာနဲ့တကွ၊ ဝတ်စားဆင်ယင်နည်းတွေကို အကုန်ပယ်ချပြီး "ဃဋိကာရ" ခေါ်-ဗြဟ္မာဘဦးပေးသော "ပရိက္ခရာ" ခေါ်-အသုံးအဆောင်ကို၊ သုံးဆောင်ဝတ်စားပြီး၊ ထိုခေတ်၌ အပြင်းအထန်ကျင့်ကြံ၍နေကြသော။ ထင်ရာမြင်ရာအကျင့်တွေကို။ အာဠာရနှင့် ဥဒကခေါ် ရသေ့တွေနဲ့ "သမထ" ခေါ်–၊ လောကီဈာန်သမာပတ်မျှ ရနိုင်သော အကျင့်များကို စတင်နည်းယူ

**No. 3.**

၍၊ ခန္ဓာကိုယ်ကို ညှင်းဆဲသော "အတ္တကိလမထ" ခန္ဓာကိုယ်ကို အလိုလိုက်လွန်းသော "ကာမသုခလ္လိက" ဆိုတဲ့၊ မှားသောအကျင့်တွေနှင့်ဟာကွ "ဒုက္ကရစရိယာ'' ခေါ်၊ အများသောသူ တဦးတယောက်မျှ မကျင့်နိုင်သောအကျင့်တွေကို ကျင့်၍နေခဲ့ပေသတည်း။

ထိုသို့ကျင့်ခဲ့ရာ၊ ခြောက်နှစ်သောက်အကြာဘွင်၊ အကျိုးဘာမျှ မထင်သော အကျင့်ဆိုးတွေကို ပယ်ချ တွန်း ထုန်၍။ ချမ်းသာစွာ ကြံစည် စဉ်းစားခြင်းဖြင့်၊ ဝေဘန် ကြည့်ရှုရာ၊ "မဂ္ဂသစ္စာ" ခေါ်၊ မှန်ကန်သောအမြင် "ဝိပဿနာမဂ်လမ်းစဉ်" မှ မြင်၍နေရသော မဘာရားသောကကြီးကို၊ လွတ်လပ်လိုသောဆန္ဒဖြင့်။ ထရားသော၊ နိဗ္ဗ–သုခ–ဆိုရသော၊ အမြဲချမ်းသာရေး၊ အမြဲ ငြိမ်းချမ်းရေးများကို စမ်းသပ် ရှာဘွေရာ၊ နောက်ဆုံးမှာ–စိတ်ချမ်းသာ၍ မြေသော စိတ်ထားနဲ့တကွ၊ မြေစွာလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ပြီးစီးစေနိုင်သော နည်းစံနစ်တွေကို၊ ဘာမဆိုအကုန်သိနိုင်သော "သဗ္ဗညုတ" ခေါ်–ဉာဏ်ကြီးရှင်ဖြစ်တော်မူခဲ့လေသတည်း။

**"မဟော ချင်ခတော့"** ဤကဲ့သို့ ဉာဏ်ကြီးရှင်တပါး၊ ဘုရားဖြစ်တော်မူပြီးနောက်။ ထရားမဟောဘော့ဟုပင် စိတ်ညွတ်ချင်စရာတွေများ၍နေသော၊ မတရားလောက အာခမ္ဘာဒါခင်း လွှမ်းမိုးနေရာ၊ ကရုဏာ တဝှမ်း လုံး၊ သိန်းရုံးရှုစားတော်မူခြင်းဌ၊ စိတ်တော်ညွတ်မိသည်မှာ——။

"သဘာဝကျလေစွ''——

ယခုခေတ်၌၊တိုင်းကျိုး ပြည်ကျိုးကို၊ တ

ကာယ စေတနာခေတ်ဖြင့် ရှေ့တန်းကာ အတိ အကျ ဆောင်ရွက်နေသူ အချို့တို့၏—တရံ တခါ “မဆောင်ရွက်တော့ပါ”—ဟု။ အကြံ ဖြစ်တတ်ပါသည်။ ဘာကြောင့်နည်း။ မိမိ၏ စေတနာဆန္ဒနှင့်၊ ပြည်သူ ပြည်သား၏ ထိုင်း မှိုင်း ဖျင်း အ ပုံ-မှာ၊ ကွာခြားချင်တိုင်းကွာ ခြားနေသည်ကို။ ခဏခဏ တွေ့မြင်ရသော ကြောင့်တည်း။

ကျွန်တော်သည်ပင်။ သာသနာ့အကျိုး၊ ပြည်သူတို့၏ စိတ်နေ စိတ်ထားမျိုးတွေကို၊ ဝိပဿနာ သမ်းစည့်မှ၊ သွန်သင် ကာပြနေသူ ဖြစ်သည့်အလျောက်၊ စိတ်ငြစ်စရာ ဆန့်ကျင် ရေးရာများ၊ မကြာခဏ ပေါ်ပေါက်ရခြင်းဖြင့် “ဇေနေ့တာ ကောင်းထင်ပါ” ဟူသော။ ဖြူရိုဘရက်တ်—ဝါဒ—အား။ တခါတခါ-စိတ်ဖြစ်၍သွားပါသည်၊

၃ “ပြည်သူ့နိဗ္ဗာန်” ထိုကဲ့သို့ ဇူ့သည်။ စိတ်ညွတ်ချင်အောင်၊ ရုပ်တွေးနေသော မတရားစံနစ်တွေကို၊ တိုက် ဖျက်သုတ်သင်၍၊ တွင်တွင်ကြီး ရှေ့ဆောင် လမ်းပြခြင်းဖြင့်၊ ကိုယ်တိုင် ရ ရောက် တွေ့မြင်၍ နေသော “အဥပါဒိသေသ” လက်တွေ့ချမ်းသာရသော၊ ပြည်သူ့နိဗ္ဗာန် အမြန်တည်ထောင်ရေးချားကို။ ပြည်သူပြည်သား၊ များစွာ သောလူထုကြီးအား၊ အတိအကျ အစီအစဉ် မှန်ကန်ကျနစွာ ဖြင့်—နားသည်ခန့် ဝေဘန်ပြသပြီးနောက်။ ရလိုသောဆန္ဒ၊ ပြုပြင် နေထိုင်လိုသောဆန္ဒ၊ မျက်မှောက်ပြုခါ၊ ဆိုက်ရောက်

လိုသောဆန္ဒမျိုးများ တိုးပွားစေ၍၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အကြိုက်ဖြစ်သော–“ဒီမိုကရေစီ” စနစ်တမျှ “ဗုဒ္ဓါဒ” မှ။ ဝိပဿနာလင်းစဉ်ဖြင့်၊ “အနုပါဒိသေသ” သို့ ရှေးရှုကား။ “သဥပါဒိသေသ” ပြည်သူ့နိဗ္ဗာန်၊ အမြန်တည်တော်မူခဲ့ပေသတည်း။

“နောက်ဆုံးမှာ” ဤသို့ တည် ထောင် နည်းဖြင့်။ ပြည်ပေါင်း အဖြာဖြာ၊ ရွာပေါင်းအစုံ့စုံ့၊ မြို့များအဆင့်ဆင့်၊ နိုင်ငံတော်ဟူသမျှ၊ ချမ်းသာမြေရာရကြ၍၊ လေးဆယ့်ငါးနှစ်လောက် အကြာ။ ဝါလေးဆယ့်ငါး၊ အသက်တော်ကား-ရှစ်ဆယ်၊ အရွယ်ကြီးမား၊ အင်အား ဆုတ်ယုတ် သည့်အချိန်၊ ကုသိနာရုံပြည်၊ မလ္လာမည်သော မင်းတို့၏ အင်ကြင်းပင်တော၊ ဝမ်းလျှောသော ရောဂါဖြင့်။ လျှောင်းအိပ်ခွေစံနေတော် မူရာမှ၊ “အဆုံးအမ” ခေါ်–အမိန့်ပေး စကားမှာကြားခဲ့သည်မှာ–။

“အာနန္ဒာ” ငါဘုရားသည်၊ ကြီးကျယ်သော
ဉာဏ်ကို ရသည်မှစပြီး၊ ရှေးရှုကာလာရသော၊
အမတပုရီ၊ အနုပါဒိသေသ နိဗ္ဗာန်–ခံစံသွားပြီး
နောင်။ “နည်းညွှန်လမ်းပြ” မရှိကြတော့
တကားဟု၊ မအောင်းမေ့ကြလေနဲ့။

ငါသည်၊ လေးဆယ်ငါးနှစ်တိုင်တိုင်၊ ဝိပဿနာမဂ္ဂသစ္စာဖြင့်၊ နည်းပြခဲ့သမျှ–ချမ်းသာရာရပြီး ယခု တချို့သော ကုဋေ ခြောက်ဆယ် ဗိုလ်ခြေ တသိန်း–မက။ အနုပါဒိသေသသို့ ဝင်စံကြ၍၊

ကျန်ရှိသမျှ-သဥပါဒိသေသများလဲ၊ အများကြီး
ဘဲ။ ဒီတော့ခါ။ ဤကဲ့သို့ဖြစ်နိုင်ရာသော၊ ငါ၏
တရားလမ်းစဉ်၊ အသင်လက်တွေ့ သိရပြီမဟုတ်
လော-၊ အဲဒီလမ်းစဉ်ဟာ "နည်းညွှန်လမ်းပြ"
ဖြစ်လိမ့်မယ်၊ ဖြစ်ချစ်ကြ။
* (လမ်းစဉ်၊ယခုခေတ်"တိပိဋက"ခေါ် သည်၊)

ကဲ.....အဲဒါကို မှတ်သားပြီး၊ ကြပ်ကြပ်ဂရု
စိုက်ရစ်ကြ။ အားလုံးစကားတွေ လက်စသိမ်း
ကြစို့။ မကောင်းသောပြုလုပ်ဆောင်ရွက်မှုတွေ
ကို မလုတ်ကြနဲ့၊ ပျက်စီးဆုတ်ယုတ်ထတ်တယ်၊
မမေ့ကြနဲ့၊ အရာရာသတိထား၊ ငါဘုရားရှဲ့စံနှစ်
တကျ ပြသသောနည်းလမ်းစဉ်အတိုင်း၊ သဥပါဒိ
အဆင့်၊ အနုပါဒိအဆင့်၊ ဒီလိုအခြေအနေအရ။
အဆင့်အတန်းအား သျှော်စွာ။ လုပ်ရေးဆောင်
ယာဟူသမျှ ပြုပြင်ကာ၊ တည်ဆောင်ရစ်ကြ။
မမေ့ရစ်ကြနဲ့၊ အလုပ်ကိစ္စပြည့်ဝကြပေစေ၊

ဤသို့ နောက်ဆုံးစကား အမိန့်ထား မှာကြားပြီးနောက်၊ ညောင်စောင်းခေါ်-ခုတင်ပေါ်မှာ၊ လျောင်းတော်မူမြဲ, စကား မပြောတော့ဘဲ၊ "နိရောဓသမာပတ်" ခေါ်-အနုပါဒိသေသ-သို့၊ အာရုံ ရှုးရှုးစိုက်စိုက်ပြုလိုက်ရာ၊ အာရုံအပြုအကြိမ်ပေါင်း-ကုဋေ ၂၀ နှင့် ၄သိန်းလောက်မှု၊ သမာပတ်ဇောပေါင်း အကျတွင်၊ အကြောင်း အကျိုးပြတ်၍။ ဘဝဇာတ်သိမ်းရာ၊ နောက်ဆုံး-အနုပါဒိသေသ မြိုက်နန်း၊ စံမြန်းတော်မူခဲ့လေသတည်း၊

၄ “ဒါလိုသိမ ဝစ္စကျွဥပမာ”

ဤကဲ့သို့ ကျွန်တော်တို့၏ ရုပ်ပုံတော်မှန်သမျှ တည်ထား;ကိုးကွယ်ခြင်း ခံရသော၊ သမ္မာသမ္ဗုဒ္ဓသခင်၊ ပုံတော်တို့၏အရှင်သည်၊ ပြခဲ့ပြီးသောနည်းဖြင့်၊ လေးဆယ့်ငါးဝါကာလပတ်လုံး။ ပြည်သူ့နိဗ္ဗာန်၊ တည်ဖန့်စိုးစံတော်မူရှင်း၊ မဇ္ဈိမဝင်းတို့၏ အင်ကြွင်းရိပ်သာ၊ ပင်ပျိုများ၏ ခမ်းဝါမှာ၊ လှပ်းစရာ အမြတ်သာဘောာမှု၊ ခတ်လျှောကာ-သေဆုံးပြီး၊ ပြေအလုံး-အရိုက်မစဲအောင်၊ လှိုက်လှဲစွာ အပူရှိန်တောက်ပြီး၊ အသုရိန်ကွယ်ကာပျောက်သလို၊ ငမောက်ဆိုတဲ့ပတ္တမြား၊ ဖက်ဆစ်တွေယူကာသွားသခဲ့သို့၊ နံမူနာထားတဲ့ ရွှေနန်းမြို့။ ဖက်ဆစ်တွေ မီးဝင်၍ရှို့သည့်နှယ်၊ ငါတို့၏ ဘာဂဝါဘုန်း၊ တကာ္ဘာလုံး မျက်ရည်ယို၊ ခက်ပြီဆို-အငိုပွဲ......အကြီးအကျယ် ဆင်ကာနွဲ့လိုက်ကြပြီးပြီ-အထိ......ယခုမရှိပုံကို။ အနှလုံပဋိလုံ-အကုန်သိရသော ကျွန်တော်သည်၊ ယခုပစ္စက္ခ ကိုယ်တွေ့ဖြစ်နေရသော ဥပမာထရဖြင့်၊ တွေးရှုပ်ခါ လာခဲ့ရသော၊ အမေးပုစ္ဆာများ၏ အဖြေမှန်ကို။ ဝေဘန်ကာသိရှိနားလည်၍လာရပါတော့သတည်း၊

“ပရိနိဗ္ဗာန်ပြုတော် မူသည့်မှာ၊ နှစ်ပေါင်း- ၂၄၀၀-ပင်ကျော်လေပြီ” “ဗိုလ်ချုပ်နဲ့ လမ်းစဉ်” ပစ္စက္ခဥပမာမှာ၊ ကျဆုံးလေပြီးသော၊ ဗိုလ်ချုပ်ကြီး-ဦးအောင်ဆန်း၏-ကြေးရုပ်ဆေးရုပ် စသော၊ ရုပ်ပုံတွေကို၊ မှတ်တိုင်နဲ့ တကွ တည်ထားကာ__......ဗိုလ်ချုပ်အား အလေးပြုပွဲ၊ ဗိုလ်ချုပ်အားချီးကြူးပွဲ။ ဗိုလ်ချုပ်၏ နှစ်ပတ်လည်ပွဲ၊ ဗိုလ်ချုပ်၏ ထိမ်းမှတ်ပွဲ-စသည်ဖြင့် များပွားပင်ကြွေးကြော်၍၊ တစည်တကား

ပင် ဟာစ်အောင်ကာသာ နေခြင်းဖြင့် အချိန်ကုန်၍ နေကြသော ပြည်သူ ပြည်သားများအား၊ သတိရ၍သွားပါသည်၊

''ကျွန်တော်၏ဝေဘန်ချက်'' ထိုသို့ရုံခါရုံခါ လဲ အလေးပြုကာချီးကျူး၍ဟာစ် ''လမ်းစဉ်'' ဖြစ်သောစနစ်ကောင်းကိုလဲ၊သောင်းသောင်းဖြဖြ တညီတညာတည်း ဆန္ဒဖြင့်၊ လျှင်လျှင် မြန် မြန် မှန်မှန်ကြီး လိုက်နောက်ကြပါလျှင်__။သာ၍ပင် မကောင်းပါလော။

ထို့အတူ။ ကျွန်တော်၏ဝေဘန်ကာသိသမျှဖြင့် ''ဖြ'' ခဲ့ပြီးသောပုံတော်များ၏ အရှင်သခင်၊ ဗုဒ္ဓ၏ ဖြစ်စဉ်နှင့်၊ ဗုဒ္ဓ၏ အမိန့်ပေးပုံကို ထောက်ထားခြင်းအားဖြင့်၊ ပြည်သူများ၏ ဘုရားရုပ်ပွါး တည်ထားကိုးကွယ်မှု များမှာလည်း။ ပစ္စက္ခ ဥပမာအလား တသားတည်း တူမနေပါလော၊ ကျွန်တော် ကား လုံး၀—အကျိုးမရှိဘု-မဆိုပြောသော်လည်း၊ များသင့် သလောက် အကျိုးမများသည်မှ၊ များသင့်သလောက် အကျိုးများရန်၊ နည်းလမ်းမှန်ကို ညွှန်ပြရန်ပင် ဖြစ်ပါ သည်၊ သို့ဖြစ်ပါ၍။ စေတီရုပ်ပွား တည်ထား ကိုးကွယ် ခြင်း ကို။ မကိုးကွယ်ရဘု မဆိုလိုပါ၊ ဂင်စစ်သော်ကား၊ ဗုဒ္ဓသည်၊ ပရိနိဗ္ဗု စံယူပြီးသည့်နောက်၊ ''ဓမ္မရတနာ'' သည်သာ၊အဓိ ကဖြစ်၍နေကြောင်းကား၊ လမ်းမှန်ပင် မဟုတ်ပါလော့......။

မြန်မာပြည်၏ ဗုဒ္ဓဘာသာ ရေခံလာစပထမ ဦးလောက်က။ အရှင်မဟာ ဗုဒ္ဓဃောသ—သည်၊ သိကြားလှူဒါန်းသော၊ ပေရေးကညစ်ဖြင့်၊ တိပိ

ဋကတ်-တော်များကိုကူးယူရန်၊ သီဟိုဠ်မထေရ်ကြီးတို့၏ အထံ-ခွင့်ပန်ပြီးမှ၊ဘုရားကိုအဓိကထားကာ-ကူးယူပါမည်ဟု—လျှောက်ထားရာ၊ သီဟိုဠ်မဟာထေရ်ကြီးများ၊ ခွင့်မပြုပြား ခြင်းကြောင့်၊ ပြန်ကြွတော်မူရာ၊— ဗျောင်ယ်ဖြင့် ရေလယ်မှာအထည့်၊ရှင်မဟာဗုဒ္ဓိနှင့်တွေ့၍အကျိုးအကြောင်းပြန်ပြောင်း နှီးနှော သိရှိပြီး ဖြစ်လေသော၊ ရှင်မဟာဗုဒ္ဓိဆရာသည်၊ “တရားရတနာ” အဓိကထားသဖြင့်—ကူးယူပါမည် ဟု၊ လျှောက်ထားလေ၊ ခွင့်ပြုကြပါသတဲ့။ သို့သော်၊ ကျွန်တော်တို့၏ တွေ့ရှိသမျှ—ကျမ်းစာ ဟူသမျှ၌ကား၊— “နမောဗုဒ္ဓသယ” အရာများသာ၊ များစွာတွေ့ရှိရပါသော်လည်း၊ ရှင်မဟာဗုဒ္ဓိ-နှင့် ခွင့်ပြုတော်မူကြသော၊ သီဟိုဠ်မဟာထေရ်များ၏ ပိဋကတ်ကူးပုံ-သာဓကကား၊ လွန်မင်းစွာ ‘‘သဘာဝ’’ ကျလေစွဟု၊ ဝေဘန်ကာသိရှိရပါသတည်း၊

ထို့အတွက်၊ ဗုဒ္ဓ၏အမိန့်ဖြစ်သော—တရားရတနာ လမ်းစဉ်သည်သာ အဓိကထား၍ လိုက်ရှောက်နားလည်ခြင်းဖြင့်၊ ရဟ်ပွါးများအား၊ နှစ်နှစ်ကာကာ လေးစားသင့်ကြ ပါသည်။ ၎င်းပြင်၊ ကျွန်တော်တို့၏ လက်ရှိ ဝိပဿနာမှ၊ များစွာယုံကြည်ခွင့်ရကြသော၊ ဝိပဿနာလူထုကြီးမှာလည်း ‘‘တရားရတနာ’’ ကို ကောင်းစွာသိရပါသဖြင့်၊ စေတီရဟ်ပွါးများအား၊ သမ်ကာ ရှ ကာ မိရိုးဖလာမဟုတ်တော့ဘဲ၊အသိမျိုးပါသောကိုးကွယ်ခြင်းဖြင့်၊ ကြည်ညိုလေးစား၊ ‘‘အားထား

တတ်'' တော့သည်ကို၊ လူထုကြီး၏ လက်တွေ့ပင်မဟုတ်ပါ လော၊ နှုံးဖြင်။ ပုဂ္ဂိုလ် တဦးတယောက်၏ အပေါ်မှာ၊ ဂုဏ်သူးဝိသေသကို မသိရပါဘဲ။ အရမ်းမဲ့ကြည်ညိုလေး စားကာ အားထားခြင်းတက်၊ ထိုသူ၏ဂုဏ်ထူးဝိသေသကို များစွာသိရပြန်သည့်အခါ၊အတိုင်းထက်အလွန်ကြည်ညိုလေး စားအားထားကာကိုးကွယ်လိုသောစိတ်များ ဖြစ်ပေါ်၍လာ သည်ကား။ အများသော ပြည်သူပြည်သားတို့၏ လက်တွေ့ ပင်မဟုတ်ပါလား။

ဤကဲ့သို့ပြခဲ့ပြီးသော-သာဓက-အများဖြင့်၊ သဘာဝကျ သောက်သော ''စေတီရှင်ပွါးဘုရားပုထိုး,,များ၏အကြောင်း ကိုပါထည့်သွင်းစဉ်းစားကြပါဦးစို့၊

ဗုဒ္ဓ၏ အနုပါဒိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက်၊ ကြွင်းကျန် ရှိနေစ်သော၊ဘုရားရှင်၏အရိုးများကို ကိုးကွယ်ရခြင်းကြောင့်၊ ''ဓာတုစေတီ'' ခေါ်ရပါသည်၊

ဘုရားရှင်၏ တရားတော်များကို လိုက်စား ကိုး ကွယ်ရ ခြင်းကြောင့် ''ဓမ္မစေတီ'' ခေါ် ရပါသည်၊

ဘုရားရှင်၏ ပုံတော်၊ ဟန်တော်၊ သဏ္ဍာန်တော်ကို၊ ပြု စီမံထားခြင်းဖြင့် ''အစစ်မဟုတ်'' အတုရုပ်ပုံပွါး၍ကိုးကွယ် ရသောကြောင့် ''ရုပ်ပွါး'' အဆင်းသဏ္ဍာန် အတုပြု၍ ကိုး ကွယ်ရသောကြောင့် ''ဆင်းတု'' ဤကဲ့သို့ ကိုးကွယ်မှု ဖြစ် သော၊ ထိုင်ပုံ၊ ရပ်ပုံ၊ လျှောင်းပုံ-စသည်များကို ''ဥဒ္ဒိဿ စေတီ'' ခေါ် ရပါသည်၊

***No. 4.***

ဘုရားရှင်၏ "ပရိဘောဂ" ခေါ်၊ အသုံးအဆောင်ဖြစ်သော သက်နိုး သပိတ်-စသော ပရိက္ခရာများကို အတွင်းမှာထား၍ဘည်ထားသော၊ ရုပ်ပွါး၊ ဆင်းတု၊ စေတီ၊ ဘုရားများကိုကား "ပရိဘောဂစေတီ" ခေါ်ရပါသည်၊ ထိုစေတီလေးပါးမှ "ဓမ္မစေတီ" ခေါ်-တရားတော်ကိုသာ၊ များများကြီး "အဓိကထား၍" လိုက်စား ကိုးကွယ်သင့်ကြပါသည်။ အခြားစေတီတော်များအား၊ လွန်ခဲ့သောနှစ်ပေါင်း-၂၄၀၀ ကျော်လောက်က၊ ကောင်းဆိုသမျှငြိမ်းချမ်းရေးတွေကိုပြသတည်ထောင်တော်မူ၍၊ ပရိနိဗ္ဗာန်စံဝင်လေပြီးသော၊ ဘုရားရှင်၏ ဆံတော်၊ အံတော်၊ အရိုးတော်ဖြစ်သော ဓာတ်တော်များပါထကားဟု၊ မှန်းဆ အလေးပြုသင့်ပါသည်၊ ပုံတော်များပါတကားဟု မှန်းဆ အလေးပြုသင့်ပါသည်၊ သင်္ကန်းတော်၊ သပိတ်တော်များပါထကားဟု မှန်းဆအလေးပြုသင့်ပါသည်။ ပြုသင့်ပြုထိုက်သည်မှန်၏။ "ဓမ္မစေတီ" ခေါ်-တရားတော်ကဲ့သို့၊ အထက်ပါစေတီသုံးမျိုးကား၊ လောကီလောကုတ္တရာ၊ အဘယ်သို့သော အကျိုးများ တိုးပွါးအောင်ရွက်ဆောင်လိမ့်မည်နည်း၊

၅ "ဘေဘန်၍ ကျွန်တော်တို့ မြန်မာနိုင်ငံတော် သတ္တရာဇ်-စဉ်းစားခွင့်" ၁၃၀၃-ခု။ ၄-ခု။ ၅-ခုနှစ်လောက်က။

ဒုတိယ-ကမ္ဘာစစ်ဖြစ်ခဲ့ရာ၊ မြန်မာပြည် စစ်တလင်းသို့၊ ဂျပန်များဆင်းခဲ့သည့် အချိန်ဟောင်းကို ပြန်ပြောင်းကာတွေးမိပါလျှင်။ တခုးရေးထင်မြင်၍လာပါလိမ့်မည်၊

၎င်းအချိန်က၊ ပြည်သူ ပြည်သားတို့၏ အတိဒုက္ခရောက်

ရပုံကား၊ ထင်ရှားသော–သွေးတပ်၊ ချွေးတပ်-တို့ဖြင့်၊ ပြေ့ ညှပ်အောင်ဖန်ထီးသော စည်းမျဉ်းမှ၊ သွေးတပ်ဆွဲခံကြရ၊ ချွေးတပ်ဆွဲ ခံကြရ-သူတို့၏ ပြောစကားကိုလဲ နားမလယ်၊ ဒါးရှေလွယ်ကြီးကို ဗုင့်ကာ ဗုင့်ကာဖြင့်၊ ရဘဲ သေခရမှာလို၊ တောင်တောင်နေ-ရတ်လိုက်မလို့နှင့်၊ ဘုန်းတော်ကြီးများကိုပင်၊ ခေါင်းပုတ်ခါ၊ ရွှေဌင်ခိုင်းသည့် ကား တမျိုး၊ အုန်းပင်ကို လက်ညှိုးထိုးပြီး အတက်ခိုင်းသည့်ကား တချက်၊ ကြက်ဥ သလို ပုံကိုပြ၍၊ ကြက်ဥရှာ ခိုင်းလိုခိုင်း၊ မိန်းမ တောင်းလို တောင်းနှင့်၊ အကြောင်းမလှအောင် ဖြစ်ခဲ့ရသောထိုအခါမှာ၊ ပြည်သူပြည်သားတို့သည်။ ဟိုတောကြား ပြေးရ မလိုလို၊ ဟိုတောင် အောင်းရမလိုလို။ ဟိုကျောင်းထဲပြောင်းရမလိုလို နှဲ၊ နောက်ဆုံးမှာအကြံခလှတော့ဘဲ၊ဟာန်ရကောင်းရလိမ့်မည် ဟု။ ဘုရားဝင်းထဲသို့ ပြေးကြရာ၊ ကိုင်းပါသော ဒန်ချိုင့် ထမင်းအိုးများကိုသံချောင်းနဲ့လျှိုကာထားပြီး၊ အလယ်ခေါင် မီးပုံ နားမှာ၊ ဆင်းတု ရုပ်ပွါးများ တဘက် တပါး၊ မျက် နှာဆိုင်ကာ နေစေ၍။ ထမင်းချက် သံချောင်းအား အထန်း ခိုင်း၍ထားလေသည်၊ ထိုအခါကျမှ၊ ရယ်ရ အခက်၊ ငိုရ အခက်ဖြစ်ခါ၊ “ငါတို့သိုဟာ မဆိုထားနဲ့” ဘုန်းတော်ကြီး တို့လိုဟာ မဆိုထားနဲ့၊ ဓာတုစေတီယ၊ ဥဒ္ဒိဿစေတီယ- ခေါ်ဆင်းတုဆရာတော်နှစ်ပါးသည်ပင်၊ ချွေးတပ်၏အတွင်း၊ ထမင်းချက်တော်မူနေကြရရှာလေပြီ၊ ငါတို့သည်၊ ဟိုပြေး သည့်ပြေးခြင်းဖြင့်၊ ဘယ်သို့ပင် ပြေးကာပြေးကာ အားကိုး ကိုးရှာသော်လည်း၊ ကိုးစရာမရှိနိုင်တော့ပါတကားဟု။ အား ပျက်ခါလက်မှိုင်ချခဲ့ကြရပါပေသတည်း၊

ထိုအချိန်မှာ၊ ကျွန်တော်တို့နာခဲ့ရသော၊ အလွမ်းတရား၊ အဆွေးတရား၊ အငိုတရား၊ အရီတရား များကား။ အဘယ်အကြို့အကြားမှာ သွားနေကြပါသနည်း၊

★ ထိုဝေဘန်သောအားဖြင့် စဉ်းစား ★

""ပြီးသည့်နောက်""

ထိုသို့ပြခဲ့ပြီးသော စနစ်ပကျ ကမောက်ကမ လုပ်ရိုး ""အန္တဗာလ"" လမ်းမျိုးနှင့်တကွ၊ ကမ္ဘာ့ဓမ္မတာဖြစ်သော သမရိုး သမစင်၊ မသိမလိမ္မာသော ဥာဏ်အမြင်တွေကို တွန်းလှန်ပယ်ချ ကွယ်ပ စေပြီးနောက် ""ဗုဒ္ဓဝါဒ"" မဂ္ဂ သစ္စာခေါ်၊ ဝိပဿနာလမ်းမှန်ပေါ်မှ အတိအကျ ရတ နာသုံးပါးကို၊ ပြည်သူ့ နိဗ္ဗာန်မှာ ရောင်စုံ သား လျှက်၊ 'သမပ္ပိဏ္ဍ သမဆေန္ဒ" ခေါ်၊ တညီတညာ တစုတပေါင်း ပြု၍။ ဝါ၊ စုပေါင်းလုပ်ကိုင်သောနည်းဖြင့်၊ သမ္မာဒိဋ္ဌိ၊ သမ္မာဝါစာခေါ်–မဂ္ဂင်ရှစ်ဖော် တရားတော်အရ၊ဆောင် ရွက်လုပ်ကိုင် မှုတစ္စာနေထိုင်သင့်သည်ကို။ ဗုဒ္ဓ၏အလို တော်ကျမဟုတ်ဟု မည်သူကန့်ကွက်ရဲလိမ့်မည်နည်း။

""သိနားလည် ထို့ကြောင့်၊ လက်တွေ့ဖြစ်သော ဝိပဿနာ ကြပါစို့"" လမ်းစဉ်မှ၊ အသိ ဖလိမ္မာ ကို၊ ဧာန် ဧာ၊ အမှန်ဘဲ ရခဲ့ကြပါသဖြင့်၊ ဂြိုလတ်ဖြစ်သော ""သဥပ ဒိသေ သ–ပြည်သူ့နိဗ္ဗာန်"" ကို၊ တွေ့ချင်၊ မြင်ချင်၊ ရောက်ချင်၊ ရချင်၊ နေချင်၊ ထိုင်ချင်၊ ချောင်၊ ငြိမ်းချင်၊ ချမ်းသာ ချင်အောင်။ ကျွန်တော်၏ ""သိရသမျှ"" ကို၊ ပြည်သူ၏လူထု အား၊ တင်ပြဘာရေးသားရပါသဖြင့်၊ ကျွန်တော်၏သိရသမျှ သည်၊လူထုသိရသမျှဖြစ်ပြီး၊ လူထုသိရသမျှမှ၊ ပြည်သူ့ သိရ

သဖွယ်ဖြင့်၊ တရားသော စိတ်နေ စိတ်ထားမျှတစွာ တရားသဖြင့် စခန်းသွားရသော ပြည်သူ့နိဗ္ဗာန်ကို၊ ပြည်သူ “သိရသမျှ” ဖြင့် အမြန်တည်ဆောက်ခါ” မျှော်မှော်ကပြု၍ ဆိုက်ရောက်တော်မူကြပါစေသတည်း၊

“သိရသမျှရှင်”

---

## “ပြည်သူ့နိဗ္ဗာန် “အမြန်” ရှေးရှုလျှက်”

**၈-၁၊ တိပိဋကလမ်းစဉ် “မှ” ကျွန်တော်၏ ဝိရိယ။**

———ooo———

“ကောင်းစွာသင်ကြား၊ နားထောင်သူကား၊ အကြီးအမြင်၊ မြေးမြောင်စင်၍။ ဂုဏ်အင်ပွါး၍၊ ပညာလေ့နှ၊ အောင်းမေ့ ဥာဏ်ဖြင့်၊ ဆင့်ဆင့်မနား၊ ကျိုးစီးပွါးကို၊ ထောက်ထားစာနာ၊ ဆီလိမ္မာ၍။ “သိပါသူသည်၊” အနှည်ချမ်းသာ၊ မင်္ဂလာကို၊ အခါလေးမြင့်၊ ဆောင်နိုင်သင့်။’ “နှ ဘိဃရိ့၊”

“အကျိုးအပြစ်၊ အမျိုးစစ်လျှက်၊ ဆိုးညစ်မိမျှင်း၊ သူကို ကွင်းလော့၊ ထန်ပြင်းလုံ့လ၊ ရှိသူခန့်၊ “ဝိရိယ ကောန်၊ တိုး မြည့်နှန်တည်း၊” “ခတန ဒ္ဂဏ်ချည့်၊”

“ကံ—ဟုဆိုလ၊ သမ္မုဒ္ဓဘုရ်၊ ဟောပြသည့်ဘွား၊ မှန်လေ ပါလည်း၊ ဥက္ကာဘောဂ၊ ဓိဝိဘန္ဒင့်၊ သုခ ါးခန် “ပြည်သူ့” ထံ၌၊ ဥာဏ်ဝိရိယ၊ ပဘာနဘည်း၊” “ယေ ေဘ၊”

“ကံမဲ့ ဥာဏ်နှ့်၊ ဆိုလို့ မသ၊ နတ်-မဟျး၊ ဆ လ သ

မျိုး၊ အကျိုးယွင်းယို၊ ကိုယ်လည်းလုံ့လ၊ နှုတ်လည်း—မ ၍၊ တောင့်တကြဲရာ၊ "ပြုပြင်ပါ" လျှင်၊ လွယ်ကာကိစ္စ၊ ပြီးနိုင် ကြ၏၊ ’

ဤကဲ့သို့ ပညာရှိများ စပ်ဆို့ကာထားသည်နှင့် သျှော်ညီ စွာ၊ ဗုဒ္ဓအကြောင်း၊ စေတီများ၏ အကြောင်းတွင် မကာ၊ သံဃာ့ရတနာ—ခေါ်၊ သံဃာတော် များ၏ အကြောင်းနှင့် တကွ၊ မိန့်မှာတော်မူသမျှ၊ မဂ္ဂသစ္စာ မဟာပဋိပဒါ လမ်း ပြတ်ရတနာကိုပါ ဆိုချင်လှသောဆန္ဒ၊ အားကြီးသော—ဝိရိ ယဖြင့်၊ ကြိုးပမ်းကာ ရှာဖွေခဲ့ရသော။ ပိဋကတ်လမ်းစဉ်မှ၊ ကျွန်တော်၏—ဝိရိယ-ကို ထည့်သွင်းကာရေးသားလိုက်ရပြန် ပါသတည်း။

"ဗုဒ္ဓသာသနာ ဒို့ဘာသာကို။ ကောင်းစွာ ကြိုးတင် မပြုပြင် သော်။ အမြင်မှိန်ဖျေး အထင် သေး၍၊ ယဉ်ကျေးဘွယ်ရာ အဖြာဖြာနှင့်၊ ဘာ သာဝါဒ၊ ဟူသမျှသည် စေကျန်သုန်း၊ ပြုတ်ပြုတ် ပြုန်းလိမ့်၊ ထွန်းဘုန်း—ဒီပသာသနာ၊ မှိန်သောခါ ဝယ်။ တွေ့ရာကောင်းနိုး၊ ဝါဒမျိုးဖြင့်၊ အကျိုး မတဲ့၊ ဖြစ်ပြန်ခဲ့မူ တကဲ့ဘိုင်းကြီး ပြည်အနိုး၌၊ တိုင်းသီး ပြည်နယ် မျက်နှာငယ်လိမ့်၊ သို့နှယ် ကြောင်းရာ၊ ရုပေါင်းကာဖြင့် ကောင်းစွာ မြှော် ညီ၊ ဆင်ခြင်မှိလို့၊ ဒို့၏နယ်မြေ၊ ဒို့အမွေနှင့်၊ ဒို့ဟေ-ဘာသာ၊ ဒို့ပြည်ရွာကို၊ ဒို့သာကြံ ကြံ့။ စောင့်ရှောက်အံ့ဟု၊ ခံ့ခံ့ ကျန်း ကျန်း၊ ဝီရိယ

ပြမ်းဖြင့်၊ ကိုယ်စီဆောင်စွမ်း၊ တာဝန်လမ်းကို၊
ထမ်းမှသင့်မည့် ထင်မိသည့်ကြောင့်။"

ကျွန်တော်သည်၊ သိရသမျှ နိဒါန်းမှုပြခဲ့ပြီးသော၊ တိပိဋကခေါ်၊ သုတ်တရား၊ ဝိနည်းတရား၊ အဘိဓမ္မာ တရားများကား၊ အဘယ်လိုကြီးစား၍ ရမည်နည်း၊ ယခုအဘယ်မှာရှိပါသနည်း၊ အဘယ်မျှ များပြားပါသနည်း၊ ဘယ်မျှလေ့လာရပါမည်နည်းဟု၊ ပြဿနာတချက် ပေါ်ထွက်ခဲ့ပြန်ရာ၊ ဘုန်းတော်ကြီးများ၏ အထံမှာရှိကြောင်း၊အောက်ပါအကြောင်းကြောင့်—သိရပါသတည်း။

၂ "ပိဋက တိုက်စိုး" "သံဃာရတနာ" ရဟန်းတော် မှန်သမျှသည်၊ ဃရာဝါသ—ခေါ်၊ အိမ်ထောင်မှု ရေးရာများ မရှိသည်ဖြစ်၍ အလွန်ကိစ္စနည်းပြီး၊ ပိဋကတ်ကျမ်းစာများကိုသင်ယူနိုင်ခြင်း၊ လေ့လာနိုင်ခြင်း၊ဟောပြောနိုင်ခြင်း၊စိုးမိုးနိုင်ခြင်း၊ ဤသို့သောအကြောင်းရင်းကြောင့်။ အနာဂါရ—လမ်းစဉ်မှ၊ ပိဋကတ်ကို သင်ယူကာ။ ပိဋကတ်စိုးဖြစ်တော်မူကြပေသတည်း။

ပိဋကတ်ဟူသည်၊ လွန်ခဲ့သောနှစ်ပေါင်း-၂၄၀၀-ကျော်လောက်က၊ နိဗ္ဗာန်စံဝင်၊ သခင်ဗုဒ္ဓ၏၊ လွတ်လပ်ရေး လမ်းစဉ်၊ ငြိမ်းချမ်းရေးလမ်းစဉ်၊ ဘျူဇ္ဈာရေးလမ်းစဉ်၊ သဥပါဒိသေသလမ်းစဉ်၊ အနုပါဒိသေသလမ်းစဉ်—ဂသော၊ သက်သေသာဓက—သဘာဝယုတ္တိများ၊ မှတ်သားထားသည့်ကို၊ "တိပိဋက" ဟု ခေါ်ရပါသည်။

''ထောက်ပံ့ရေး'' ငှုံးပိဋကတ်တော်ကို စိုးမိုးတော် မူနိုင်ခြင်း၏ အကြောင်းရင်း သော်ကား၊ ''အာဂါရိ'' တနည်းအားဖြင့် ''သာဂါရ'' လမ်းစဉ်ခေါ် အိမ်ထောင်ခြင်းအမှုတို့ဖြင့်၊ လုပ်ကိုင်ဆောင်ရွက်ခါ နေကြရသော ပြည်သူပြည်သားများ၏ ''ပစ္စယာနုဂ္ဂဟ'' ခေါ်-ထောက်ပံ့ရေးစံနစ်မှ၊ ကျေးမွေးကာ ထောက်ပံ့၍ထားခဲ့သော ထမင်း၊ ဟင်းလျာ၊ မုန့်ပဲ သားရေစာ ဖြစ်သော ''ဆွမ်း'' အနာဂါရိသမ်းမှ ဆင်မြန်းဝတ်စားနည်း၊ အထည်အဝတ်ဖြစ်သော ''သင်္ကန်း'' အနာဂါရိ လမ်းမှ နေထိုင်စရာ၊ ထဲ၊ အိမ်၊ တိုက်တာ ဖြစ်သော ''ကျောင်း။'' ပိဋကတ်ကို ချမ်းသာ၍ ကျန်းမာစွာလေ့လာဟောပြနိုင်ရန်၊ ကျန်းမာရေးဖြစ်သော ''ဆေး။'' ''စတုပစ္စယ'' ခေါ်-၍ လေးပါးသော ပစ္စည်းများကို။ အခခွဲပေး၍ ထောက်ပံ့ခဲ့ကြရပေသတည်း၊

**(သတိ)**

*သာဂါရိ-ခေါ်၊ အိမ်ထောင်ရေး ဝါ၊ မိန်းမ ယူရေး-လမ်းစဉ်မှ၊ နိဗ္ဗာန်ကိုသွားသောလမ်းသည်၊ ''ဗဟုယာပါသောဗဟုကိစ္စော'' ခေါ် ကိစ္စများသောလမ်း ဖြစ်သည့်အားလျော်စွာ။ အဘယ်မှာသျှင် ပိဋကတ် သင်ခွင့် ရနိုင် မည်နည်း။

*အနာဂါရိခေါ်-အိမ်ရာ မထောင်ရေး ဝါ၊ မိန်းမ မယူရေးလမ်းစဉ်မှ၊ နိဗ္ဗာန်ကို သွားသောလမ်းသည်၊ ''အနာဂါရော အပ္ပကိစ္စော'' ခေါ်၊ အသွန် နည်းသော ကိစ္စရှိသော လမ်း ဖြစ်သည့်အားလျော်စွာ။ သင်ခွင့်ရသော၊ ပိဋ

ကတ်တော်မှ၊ လမ်းစဉ်စံနစ်တကျကိုဟောပြ ပြောပြခြင်းဖြင့် "ပြည်သူ့နိဗ္ဗာန်" အမြန်တည် ထောင်ရန် နည်းသမ်းများကို။ နားလည်ခွင့်ရ နိုင်ကြပေသတည်း။ ထောက်ပံ့နည်းကား။ ပြည်သူပြည်သားများသည်၊ ငါတို့အား၊ အိမ် ထောင်ရေး၏ ဝန်ထမ်း ဖြစ်သဖြင့်၊ ကိစ္စများ သော်လည်း၊ လိမ္မာ ရေးများကို ပြောပြ၍ ပေးကြ၊ ဋ္ဌေတာရေးများကို ပြသကြ၊ ကျန်း မာရေးများကို ပြသကြ၊ နေထိုင် ရေးများကို ဟောပြကြ၊ ဆက်ဆံ ရေးများကို ညွှန်ကြား ကြ၊ ကြီးပွားရေး ချမ်းသာရေးများကို နည်း လမ်း ပေးကြသော — ရဟန်းတော်များအား၊ "အခမဲ့ ထောက်ပံ့သောအားဖြင့် 'ထောက် ပံ့ရေး" ကိုပြုထိုက်လှပါပေသတည်း။

၃ "ဋ္ဌေတာရေး" "အနာဂါရ" လမ်းမှလည်း၊ ပြည်သူ ပြည် သားများ၏ထောက်ပံ့ရေးဖြင့်၊ စားသောက် ဝတ်ဆင် ကျန်းမာရေးပါနေထိုင်ကြပြီး၊ ဗုဒ္ဓ၏ မိန့်မှာသမျှ၊ တိပိဋကတ်၏ အတွင်းမှ၊ အကောင်းဆုံးဖြစ်သော၊ ဝိပဿနာမဂ်လမ်းစဉ်ဖြင့်။ ဘာသာရေးပင် ဖြစ်လင့်ကစား၊ အပိုအရှ အကုန်အကျမများစေဘဲ။ ဥပမာ။ တပါးတည်းနေ သော ရဟန်းအား ဆွမ်းသို့သွားရာ၊ ရဟန်းတော်စားပြီး နောက်။ ဆွမ်း နှင့် ဟင်းများကား၊ များစွာ ပိုလျှံ၍ နေချေပြီ။ အကျန်များအား၊ နောက်လူများလဲ စားချင့်စဘွယ်မဖြစ်နိုင်

တော့၊ လင်းမှာပွန့်ခဲ့ပြီဆိုပါတော့၊ နေ့စဉ်ပို့သူအား။ ဤနည်းသာများကဲ့ပါလျှင်။ နေ့စဉ် စွန့်ခဲ့ရသော၊ ဆွမ်းဟင်းများ၏ တန်ဘိုးကား၊ များစွာနှစ်နာရပါသည့်ပြင်၊ ချွေတာရေးစံနှစ်ကိုပင် တိုက်ဖျက်ရာရောက်နေပေသည်။ ဤကဲ့သို့ မြော်မြင်ခြင်းမှအစ။ မသာ၊ ကထိန်၊ ဘုန်းကြီးပြန်၊ ဘုရားပွဲ-အလို၊ ပြည်သူ ပြည်သား၏ စီးပွါးရေးကို ကြည့်ပြီး၊ ချွေတာနည်းများကို ပြောဟောပြသကြ၍ပေသည်။

''ကျန်းမာရေး'' ၎င်းပြင်၊ ''ဘောဇနမတ္တညု'' စသော၊ကျန်းမာရေးများကား။ ထမင်းဟင်းစားသောက်ပြီး၊ ရေကိုလည်း ဝအောင်အောင် သောက်လိမ့်ဦးမည်။ ထိုကဲ့သို့၊ ထမင်းကိုလည်း-၄အောင်စား၊ ရေကိုလည်း-၁အောင်ပင် သောက်ပြီးသော်၊ မိမိတို့စားသောက်ထားသော ပြည့်ညတ်လျှက်ရှိသည့်၊ အစာသစ် အိမ့်သည်၊ တင်းကြွတ်ခါ၊ ဝမ်းပိုက်ကိုပါ၊ အောင့်အီး အင့်တင့် ဖြစ် ပြီး။ ဘယ်အလုပ်မှ မလုပ်ချင်တော့ဘဲ၊ ထိုင်းမှိုင်းခြင်း၊ လေးလံခြင်း၊ ပျင်းရိခြင်း၊ မူးနောက်ခြင်း၊ အော်ကလီဆန်ခြင်း၊ အိပ်ချင်ခြင်းစသောအဖြစ်များကိုရ၍။ အစာမကြေသည်နှင့်တကွ၊ အကြီအစိ အလုပ်အကိုင်ပျက်ရသည့်အခါ၊ ပြည်သူ့ကြီးပွါးရေးကိုပါ ထိခိုက် လာတော့၏၊ ထို့အတွက်။ ထမင်းစားရာမှာ၊ ရေ၏ နေရာ ဖြစ်သောက် အောင်၊ လေးလုပ်၊ ငါးလုပ်လျှော့၍ စားခြင်းဖြင့်၊ ချွေတာရေးသည်းပါ။ ကျန်းမာရေးသည်းဖြစ်၊ ပြည်သူ့ကြီးပွါးရေးစံနှစ်သည်းကျသော၊ ကျန်းမာနည်းများကို၊ ပြောဟောပြသကြ၍လေသည်၊

၄ “လိမ္မာရေး” ပြည်သူ ပြည်သားတို့၏ နေ့အိမ်မှုစသည်၊ လိမ္မာ စရာရေးရာများသည်၊ များစွာပင်ရှိပေ၏၊ အိမ်တွင်းလိမ္မာရေးကား၊ များသောအားဖြင့်၊ မိန်းမတို့သာများလေသည်။ ဥပမာ။ ဈေးတာရေးကို မသိက၊ မီးမိဝင်ခြင်းကိစ္စမှစပြီး လိမ္မာယဉ်ကျေးနည်းမဖြစ်နိုင်ပါ၊ ဟင်းအိုးတခုချက်ပြုတ်ရန် စိမ်သည့်ငါပါတော့၊ ဆားကိုလက်ဖြင့်ယူငင်ကာ၊ အချင့်အစလည်းမရှိဘဲ၊ ဟင်းအိုးမှာ—ဘက်ခဲ—ပေါက်ထည့် ထည့်ပြီး၊ လက်မှာ ကပ်နေသော ဆား ကား၊ တင်ပါးအား သုတ်လိုက်ရာ၊ ထမီမှာ ပါသွားလေပြီ။ နန္တင်းမှာလည်း ထိုနည်းပင်၊ အချို့သည်၊ ကြက်သွန်ကိုလဲ၊ သွားနှင့်ကိုက်ခွဲပြီး ထည့်လိုက်သည်တဲ့။ ဤသို့စသော အသေးအမွှား ချို့ယွင်းချက်များမှ။ ကြီးကျယ်သော ချို့ယွင်းသည်အထိ၊ အလိမ္မာအသိမရှိမှုဖြစ်ရပေသည်၊ ထို့ကြောင့်။ ဈေးတာရေး၊ ကျန်းမာရေး၊ ကြီးပွါးရေး၊ ဆက်ဆံရေး၊ ချမ်းသာရေး၊ ငြိမ်းချမ်းရေး၊ လုပ်ကိုင်ရေး၊ နေထိုင်ရေး-စသော၊ ပြောဟောသော တရားများကို နာယူခြင်း၊ မိမိနှင့် တကွ။ ပြည်သူပြည်သားအား၊ အကျိုးများမည့်အကြံဖြင့် စဉ်းစားဝေဘန်ခြင်း၊ အကျိုးများမည့်စကားကိုသာ ပြောခြင်း၊ အကျိုးများမည့်အလုပ်ဖြင့်သာ ဆောင်ရွက်ခြင်း၊ သူတပါး မျက်ရည်ကျမှ၊ မိမိတို့ ချမ်းသာရသော-စံနစ်ဆိုးကို တိုက်ချိုးခြင်း၊ အကျိုးရှိသမျှ ဝိရိယရှိခြင်း၊ လိမ္မာရေးချား အမြဲ သတိထားခြင်း၊ အလိမ်အကောက်မရှိဘဲ၊ စိတ်နေ စိတ်ထားကိုယ်နေကိုယ်ထား ဖြောင့်မတ်မှန်ကန်စွာ နေထိုင်ခြင်းစသော လိမ္မာနည်းများကို ပြောဟောပြသကြရာပေသတည်း၊

“နောက်ဆုံးမှာ၊ အနုပါဒိမြို့က်နန်း၊ စံမြန်းလောက်သော ဦးညွှတ်နည်း၊ ရှေ့ရှုနည်း၊ အောင်းမေ့နည်း၊ ဆင်ခြင်နည်း၊ ဘဝင်ကျနည်း၊ သဘာဝ ဓာတ်အား အမြင်ပေါက်၍ဆိုက် ရောက်နည်းစသော ‘အမတသဘာဝ” ဓာတ်မျှ ပိုင်နိုင်စွာ ပြသပြီး၊ သဥပါဒိသေသ၊ အနုပါဒိသေသ၊ နှစ်ရပ်သော- “အမတ” ညွှန်ပြတော် မူကြပါပေသတည်း၊ ဤသို့ပြခဲ့ပြီး သော ထောက်ပံ့နည်းမျိုး၊ အားထားနည်းမျိုး။ ကိုးကွယ် နည်းမျိုးဖြင့်၊ အတိအကျ မှန်ကန်သော နည်းလမ်းဖြင့်သာ။ အားထားကိုးကွယ်သင့်ကြသည်မှာ၊ အမှန်ဧကန် ဝေဘန်၍ သိကြရပေသတည်း၊

အို ပြည်သူပြည်သား လူထုအများတို့—၊ကျွန်တော်တို့၏ အားထားခဲ့ပုံနှင့်ကား။ ကျီး—၉ ညအိပ်လောက်ကွာခြားခဲ့ကြသည်မဟုတ်ပါလော။ ကျွန်တော်များ၏အားထားနည်းကား၊ “ဆန္ဒနိဒါန်း” တွင် ဖြန့်လှန်၍ကြည့်ပါလော၊ ကျွန်တော်များ၏ခေတ်၌ကား။ ဤသို့ဟောပြခြင်းကား၊ ရှာမှရှား၊ လွှာမှပါး ဟူသောစကားကဲ့သို့၊ အသျှင်းမရှိဟု မဆိုပါသော်လည်း၊ အလွန်ဘဲနည်းပါးခဲ့သည်ကား ထင်ရှားပါ၏၊ အချို ဟောပြောကြသည်ကား၊ “အာရမနံ စိန္တေတိတိစိတ္တံ” ဆိုသလိုလို။ “လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်” ဆိုသလိုလို၊ “ဒါနံ ဒါတဗ္ဗံ သီလံ ရက္ခိတဗ္ဗံ” “ဘာဝနာဘာဝေတဗ္ဗံ” ဆိုသလိုလို၊ “ပါဏာတိပါတာ-ဝေရ-မဏီ” ဆိုသလိုလို၊ ထိုသို့သော ဟောပြောခြင်းမျိုးကား၊ တရားပင်မှန်စေကာမူ၊ ကျွန်တော်တို့၏အတွက်မှာကား၊ ဘာစကားပြော၍.....ဘယ်လိုကြီး ဟောသွားသနည်းဟု၊ မသိရတော့ဘဲ၊

"ကသမ–တရအား၊ အဖေါ်ပြုမှိသော–ရှမ်းခရီးသွား" ကဲ့သို့၊ ကိုယ်ကလဲ ရှမ်း။ အဖေါ်ကလဲ-ကလမ၊ စုကျ၍နေသခဲ့သို့တည်း၊ ဟောသုမှာကား–ရသမှုစာကို—"ငုတ်မှိသဲတိုင် တက်နိုင်သဲဘိုင် ဖျားရောက်သဲတိုင်"...... ဆိုသောစကားကို–လက်ကိုင်ထားကာ "နားပြီးသောဋ္ဌင်းဒ–ဇုရားမှတည်တည်" "တယ်ပြီးသောအိုးငယ်" အိုးကြီးကိုမထယ်တော့"-ဟု၊ "ဆူးဘျူဆူးပေါက်၊ ဖက်ကျူဆူးပေါက်" ဖြင့်တောက်ချောက်ဟော၍ နောက်ဆုံး......"ဟူ၍ ဆုတောင်းကြကုန်" ဟုခိုင်းပြီး။ ဌက်ပြော အုံးဘုံကိုယူ၍ ကြွသွားတော်မူလေသတည်း၊

## "သတိ"

ဤသို့သော၊ချို့ယွင်းချက်သည်ကား "ဂတာနုဂတိကောလောကော" ခေါ်-မိရိုးဘလာ "ခမ္ဘတာလမ်းရိုးလိုက်လောက" ကိုသာ၊ အပြစ်ထားသင့်ကြပေသည်၊ ထိုလောကကြီး၏အတွင်း မှိဘင်းကာနေရသမျှ၊ မည်သူ့ အားမျှ-အပြစ်ထားဘွယ်မရှိဟု၊ သတိပြုစေလိုပါကြောင်း၊

---

## "အာဂါရိသံဃာ၊ အနာဂါရိသံဃာ။"

သံဃာ့ရတနာခေါ်-သံဃာတော်သည်လည်း၊ သမုတိခေါ်၊ အများ၏သမုတ်ထားသော-သံဃာ၊ အများမသမုတ်သော်လည်း "ဒိဋ္ဌိ-ဝိဝိကိစ္ဆာ" ခေါ်–တရားသည့် လမ်းစဉ်ပေါ်မှာ-မဟုတ်သလိုလို၊ ဟုတ်သလိုလိုဖြင့်၊ ယုံမှားဘွယ်မရှိဟု၊ အတိအကျယူဆ၍၊ မိရိုးဘလာ ခမ္ဘတာစွဲရိုးကို၊ ပယ်

ချိုးနိုင်လောက်အောင်၊ ဝိပဿနာခေါ်–ဗုဒ္ဓ၏–မိန့်မှာတော် မူခဲ့သော၊ ထူးသောအမြင်၊ ထူးသောအသိကို–သိရပြီးခါ။ ပယ်ထားပြီးသော ပုဂ္ဂိုလ်များအား၊ အာဂါရ-ဝတ်ကြောင် ပင်ဖြစ်ငြားသော်လည်း “ပရမတ္ထ” သံဃာတော်မည်ပေ ၏။ “သံဃ” ဟူသည်၊ ကျွန်တော်တို့ အမျိုးသားဘာသာ အားဖြင့်၊ အပေါင်း–အသင်း–အဖွဲ့–အစည်းအရုံး–ခေါ်ရပါ သည်၊ “ပရမတ္ထ” ဆိုသောစကားသည်လည်း၊ မဖောက် မပြန် မှန်ကန်၍ မြတ်ခြင်းကို ဆိုပါသည်။ ထို့ကြောင့်။ “အတိအကျ မှန်ကန်သော ဝံနစ်ကိုရ၍ နေထိုင်သူ အား” ပရမတ္ထ-ခေါ်ပါသည်၊ ထနည်းအားဖြင့် “အရိယာ” ခေါ်ပါ သည်၊ “မှန်ကန်သောဝံနစ်မှ၊ ကမဖောက်ကမ” ဘက်သို့ မပြောင်းတော့ဘဲ၊ ဝံနစ်ကောင်းအမှန်များကို၊ အခြားသူများ အား နားလည်စေ၍၊ အသင်း–အဖွဲ့ပြုလုပ်ပြီး ထည်ထောင် ပြု ဖြင် ခြင်း ဖြင့်။ ဖြောဟောကြသော အစည်း အရုံးကို၊ “ပရမတ္ထသံဃာ” ခေါ်ပါသည်။

ဤသို့သော “ပရမတ္ထ-သံဃာ” အား၊ များများကြီးအား ထား ကိုးကွယ်စေခြင်းကို အလိုရှိသော။ ဗုဒ္ဓ-ကိုယ်တော် တိုင် “ဆင္ဃမာဘာဝကဝိမာန” သုတ္တန်မှာ “အရိယာသံဃာ ကို၊ ကိုးကွယ်သည်းကပ်လော” ဟု၊ ကိုးကွယ်ရာများညွှန် ကြားခဲ့ပါသည်၊

ရတနာ့သုတ်မှာလည်း “ယေပုဂ္ဂလာ အဋ္ဌသတံ ပသတ္ထာ စတ္တာရိ ဧတာနိ ယုဂါနိ” စသည်ဖြင့်၊ ညွှန်ပြပါသည်၊

ကျမ်းပြုဆရာများလည်း “နတ္ထိသံဃ နိခုဂ်ကံ” ဟု၊

ပကာသပြုကြပါသည်ကို၊ အတိအကျ-နားလည်သင့် ကြပါပေသတည်း။

---

## အနုဗ္ဗဂါရသမုတိ။

ရင်းပြင်၊ ဇိမ်ရာ မထောင်သော၊ သာသနာ့ဘောင်တွင် လည်း။ ''သမုတိ–သံဃာ'' ကား၊ များပြားစွာ ရှိပေသိမ့် ညည်၊ ယခုသော်ကား မဆိုထားနဲ့ ဦးတော့။ ရှေးတော် တော်ကျသော၊ သာသနာ့ဘောင် အရှင်-ဗုဒ္ဓဃောသ၊ မူလဋီကာ ဆရာ-အရှင်အာနန္ဒာ၊ အနုဋီကာဆရာ-အရှင်ဝဇိရပါလ-စသော ပုဂ္ဂိုလ်ကြီးများ သည်ပင်၊ သမုတိအရှင်များဟု၊ ကျမ်းစာ များမှာတွေ့ရှိရပါသည်၊ သို့သော်၊ လောကမှာ၊ ရဟန္တာ ပင်–မဆိုနိုင်ရာဖြစ်သဖြင့်၊ ''ပရမတ္ထ ရဟန်းသံဃာ'' ''ပရမတ္ထ လူဝတ်သံဃာ'' များစွာပင် ရှိနိုင်ပါသည်၊ ထို ပရမတ္ထမှ–အပဖြစ်သော သံဃာများကား၊ ဘုန်းကြီးပင်ဖြစ် သင့်ကစား၊ သိမ်ဝင်၍ သမုတိထင်ရသော၊ အစစ်မဟုတ်၊ သမုတ်ခါထားရသော၊ ပုထုဇဉ်ရဟန်းများသာတည်း၊

(ဤနေရာ၌ကား)

* ''ပုထုဇ္ဇနော ဥဇ္ဈကော—

* ''အန္ဓဗာလော ပုထုဇ္ဇနော–ဟူသောပါဠိ ကို ''ထောက်၊''

ဤသို့ ဖြစ်ခဲ့ပြီးသော သံဃာ့ရတနာ၌၊ ဗိနည်းကတ်ထည်းဟု သော ထမ်းမြတ်ရထနာသည်၊ လွန်ခဲ့သောနှစ်ပရိစ္ဆေဒကာ

လအားဖြင့်–၂၅၀၀–မျှလောက်ကြာပြီဖြစ်လေရာ၊ ဤကဲ့သို့ ဆုတ်ကပ်အခါတိုင်အောင်၊ အဟုတ် အမှန် ရှိနိုင်ပါသေးမည်နည်း၊ အတိအကျ–အမှန်ဘဲ ရှိပါမည်လော၊ ဘယ်လိုများထိမ်းထားခဲ့၍ ယခုထက်တိုင် တည်နိုင်ပါသနည်း–ဟု၊ စောဘက စစ်ဆေးဘွယ်အရာများ၊ အောက်ပါ အထောက် အထား အကြောင်းချွားဖြင့်၊ ထင်ရှားရပါသဘည်း၊

၅ "ပထမသံဂါ ဂုပေါင်းရွတ်ဆိုရေး "ဗုဒ္ဓ" မရှိသည့်နောက်၊ ယနာ စသည်" ကမောက်ကမ–ထင်ရာမြင်ရာတွေကို ထည့်သွင်းဟောကြားကြမည့်ဘေးကိုဒင်း။ နောက်နောင်အမွေပါဒိဘေးတွေကိုရင်း၊အမြော်အမြင်ကြီးမားတော်မူမြဲဖြစ်ပေသော၊ အနာဂါမ်-ပရမတ္ထရဟန္တာ-သံဃာတော် ၅၀၀–တို့သည်၊ အရှင်မဟာကဿပ-အား၊ အကြီးအမှူးဥက္ကဋ္ဌ-ထား၍၊ ဝိနည်းပိဋက-ကို ရှေးဦးစွာ ဂုပေါင်း၍ရွတ်ဆိုကြပါသည်၊ ၎င်းနောက်၊ သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋက၊ ရွတ်ဆိုမည့်အလှည့်ကျရာ၊ အရှင်အာနန္ဒာ-ဒုတိယဥက္ကဋ္ဌပြု၍၊ ဂုပေါင်းရွတ်ဆိုတော်မူကြပေသည်၊

ဂုပေါင်းရွတ်ဆိုပြီးနောက်။ ပထမအကြီးအမှူးဖြစ်သော၊ အရှင်မဟာကဿပက-တာဝန် ချထားသည်မှာ၊......

(ဝိနည်းပိဋက ကို၊ အရှင်ဥပါလိ-တာဝန်။)
(ဒီဃနိကာယ် ကို၊ အရှင်အာနန္ဒာ-တာဝန်။)
(မဇ္ဈိမနိကာယ် ကို၊ အရှင်သာရိပုတ္တရာပင်–မရှိတော့သော်သည်း၊ သူ၏သက်ရှိး ဖြစ်ကြသော တပည့်များတာဝန်။)

(သံယုတ္တနိကာယ်ကို၊ မိမိထံ။)
(အင်္ဂုတ္တရနိကာယ် ကို၊ အရှင်အနုရုဒ္ဓါတာဝန်)

ဤသို့ အသီးအသီး၊ တာဝန်ခံပြီး ဆောင်ရွက်တော်မူခဲ့ကြ ပေသတည်း၊

---

## ဒုတိယသံဂါယနာ။

အထက်ပါ အသီးသီး တာဝန်ဆောင် မဟာထေရ်ကြီးများ၏ ဟောကြားခဲ့သည်မှ၊ နှုတ်ငုံရခဲ့ကြသောအရှင်ကောင်းတို့သည်။ နှစ်ပေါင်း—၁၀၀-လောက် အကြာတွင်၊ ဝဇ္ဇီဘိုင်းဘွား ရဟန်းများ၏၊ မအပ်သော—ရွှေ၊ ငွေ၊ အလှူခံခြင်းကြောင့်၊ ၎င်းပိဋကတော်များအား၊ ပထမသံဂါယနာတင်နှင့်နည်းတူ၊ အရှင်သဗ္ဗကာမီ—မထေရ်အား ကြီးမှူးထား၍။ အရှင်ရေဝတ၊ အရှင်သမ္ဘူတ၊ အရှင်ယသ၊ အရှင်ဝါသဘဂါမိယ၊ အရှင်သုမန—စသော။ ၇၀၀—ကျော်သော သံဃာတော်များ —''ဇပေါင်းရွတ်ဆို''......ရေးကို။ ပြုကြရပြန်လေသတည်း၊

---

## တတိယသံဂါယနာ။

၎င်းနောက်၊ နှစ်ပေါင်း—၁၁၈-နှစ်အကြာ၌ယ်၊ တိတ္ထိခေါ် အစားအသောက် ချောင်ချိမှုအတွက်၊ ဝင်လျှက် ရဟန်းပြုကြ

**No. 6.**

သော အဖြစ်ကြောင့်၊ မဟာမောဂ္ဂလိပုတ္တတိဿအားအကြီး အမှူးထား၍၊ ၁၀၀၀-မျှသော၊ ရဟန္တာ သံဃာတော်များ သည်၊ ရှေးနည်းအတူ "ဝုံပေါင်းရွတ်ဆိုရေး" ဖြင့် တဖန်ပြု ကြရပြန်သတည်း၊

---

## စတုတ္ထသံဂါယနာ။

ဎင်းနောက်၊ ဖြဲဘညာထယောက်၏ သုံးနှိမ်အေး—စော၌ တိုင်းက၊ ကျေးမင်းများ၏စစ်ဘေးကြောင့်၊ ကစင့်ကရဲ ဖြစ် ပျက်ပြီးနောက်၊ အချို့ များစွာသော ရဟန္တာများပင်၊ ပရိ နိဗ္ဗာန်စံဝင်ကြလေပြီ၊ ထို့ကြောင့်၊ နောက်နောင်—နှုတ်ငုံ ဆောင်များ ခဲရင်းမည်ကို မြော်မြင်တော်မူကာ — ။ အရှင် အဘယ၊ အရှင်မဟိန္ဒ—စသော၊ ရဟန္တာ များစွာတို့သည်၊ သီဟိုဠ်ကျွန်းကို ဌာနပြု၍၊ ပေထက်အက္ခရာဖြင့်၊ ရေးသား ခဲ့ကြပါသတဲ့။

---

## ပဥ္စမသံဂါယနာ။

အို — ဖြည်သူပြည်သားတို့။ စတုတ္ထ-သံဂါယနာမှာ၊ ဗုဒ္ဓ ၏ လမ်းဖြတ်ခုတနှာသည်။ သက္ကရာဇ်-ခေါ်၊ ယခု သီဟဠ ဘာသာအားဖြင့် (၈၁) ဖြစ်၍သွားရလေပြီ၊

ဎင်းနောက်။ ကျွန်တော်တို့ မြန်မာနိုင်ငံတော်သို့၊ ပိဋက ပေစာများရောက်၍ပင်လာသော်လည်း၊ ဘယ်နည်းမျှမသိနိုင် ရာ။ ထိုစဉ်အခါဝယ်။ "ရှင်အရဟံ" စသော-အရှင်မြတ်တို့

၏ ဝိရိယတော်ဖြင့်၊ ယခုသင်ကြားလျက်ရှိကြသော-ကကြီး ခခွေး-ခေါ်၊ တိုင်းရင်းဘာသာ စာလုံးဖြင့်၊ ပါဠိ-ဘာသာ အား၊ သင်ကြားတော်မူကြပါသတည်း၊ ဤကဲ့သို့ ထဖြည်း ဖြည်းပျံ့ပွါးကာ၊ ကျွန်တော်တို့နိုင်ငံမှာ၊စာပေသင်ကြားရေး၊ စာပေရွတ်ဘတ်ရေး၊ စာပေဟောပြောရေး၊ စာပေလိုက် နာရေးများ ထွန်းကား၍လာခဲ့ရလေပြီ၊ နောက်ဆုံးမှာကား၊ ကျောက်ပြားပေါ်တွင်၊ ယခုခေတ်၌ပေါ်လွင်လျက်ရှိသော၊ အက္ခရာ-ကို၊ ပါဠိလိုရေးသားလျက်၊ ကျောက်ထက် အက္ခ ရာဖြင့်၊ ရတနာပုံခေါ်၊ ယခု မန္တလေးမြို့တော်မှာ၊ ပဉ္စမ- သံဂါယနာ-တင်ကြပါသတည်း၊

သို့ဖြစ်ပါ၍၊ ယခုပစ္စုပ္ပန် အချိန်မှာ၊ ဘုရားထဲသွား၍၊ ရွတ်ကြ ဘတ်ကြ၊ စရပ် ထန်ဆောင်း ကျောင်းမှာ ရွတ်ကြ ဘတ်ကြ၊ မသာ-သုသေ-စသည်မှာ၊ ရွတ်ကြ ဘတ်ကြ၊ မင်္ဂလာဆောင် ကထိန်-စသည်မှာ၊ ရွတ်ကြ ဘတ်ကြ၊ ဤ ကဲ့သို့၊ အရွတ်တွေ အဘတ်တွေကိုသာ အားထား၍ ကြိုး စားကြကုန်သော၊ ပြည်သူပြည်သားတို့မှာ ''တောဝေး-မင်း သိန်ထွက်စင်အခါက၊ ဇာန်မြီးဆွဲတာ ငမြင်း-ဓဟုတ်လား''- တကာအေးရဲ့......ဟူသော၊ အရွတ်အဘတ်များကား၊ဆိုပါ ခြင်းတူကြပါလျှင်၊ အသားလော် မကောင်းနိုင်ပါ၊ သို့ဖြစ်ပါ၍ ဘုရားဟောမှန်သမျှ၊ တိပိဋကလမ်းစဉ်မှ၊ အလိုတော်ကျဖြစ် သော၊ သဘော သဘာဝ ''ဝိပဿနာ အတိအကျ''ကို၊ သိ ချင်လှသော-ကျွန်တော်သည်၊ ပြင်းပြသောဆန္ဒ၊ အားကြီးလှ သော ဝိရိယဖြင့် ရှာဖွေ၍ သိရသမျှ၊ ပြခဲ့ပြီးသောဗဟုသုတ ကြောင့်၊ နေခံဆုံးမှာ ''ဓမ္မရတနာ'' ခေါ်၊ တိပိဋကကျမ်းစာ

များသည်၊ ဒိမ်ရာမထောင်၊ သာသနာ့ဘောင်မှ၊ လွယ်ကူစွာလေ့လာ၍ ရနိုင်သောနည်းလမ်းများကို။ ကောင်းစွာသိရသည့်အလျောက်။ ပြည်သူပြည်သားမှ။ အမ-တော်သူတို့၏ ပန္နည်းထောက်ပံ့မှုကို ခံယူခဲ့၍၊ ဘုန်းတော်ကြီးအထံတွင်၊ မိ-ဘကို ခွင့်ပန်ဆင်ပြီး၊ အနာဂါရလမ်းမှ၊ သက်နှံးဆင်မြန်းခဲ့ရပါသတည်း။

## ရှင်ကျင့်ဝတ်။

"ထိုစဉ်အခါ၊ အသက် (၂၀) မပြည့်သေးသမျှ၊ ရဟန်းသမုတိ—မရသေးပါ၊ ကျွန်တော်သည်၊ ၁၆-နှစ်သား သာမဏောကိုရင်ဖြစ်ပါသဖြင့်။ ကိုရင်ဖြစ်သော......ရှင်များ၏ ကျင့်ဝတ္တရားများကို၊ ပထမ လေ့လာစေပါသည်။

၎င်း-ရှင်ကျင့်ဝတ်၌ကား၊ မြန်မာတိုင်းရင်းသား မှန်သမျှ၊ နားလည်ပြီးဖြစ်ကြပါလိမ့်မည်။

## ဝိနယပိဋကကာ။

၎င်းနောက်၊ ရဟန်းသမုတိ-မခံသေးသော်လည်း၊ သမုတိရက၊ ဧကန္တ လိုက်ရှောက်ရမည့်ဖြစ်သော၊ ဝိနယပိဋက တော်ကို။ သာမဏောဘဝကပင် ကြိုတင်၍ လေ့လာ စေပါသည်၊ စင်စစ်သော်ကား၊ အနာဂါရလမ်းမှ၊ သွားလာ နေထိုင်သူဟူသမျှ၏ လိမ္မာရေးချား ကျင့် ဝတ္တရား များ ဖြစ်ပါသည်၊ ရှင်ကျင့်ဝတ်နှင့် မညီ၊ သွေဖီသော "သစ္စာဖေါက်"

အား၊ ဆိုင်ရာအဖြစ်များ ပေးထားပါသည်။ ကြီးမားသော ဝိနယ-သစ္စာတော်များကို၊ မဘာရားကြူးလွန်စေဒ်ကားပါလျှင်၊ အနာဂါရေလမ်းစဉ်မှ။ နှင်ထုတ်ခွင့်ပြုထားပါသည်၊ အကျဉ်း အားဖြင့်–၂၂၇-ပါး။ ဥပဒေစည်းကမ်း ထားပါသည်၊ ဤ စည်းကမ်းများကိုကား၊ ဤစာအုပ်၏-အလွန် ဆိုက်ကြီးသွား မည်ကြောင့်၊ ထည့်သွင်းခြင်း အလျှင်းခွင့်မရှိမှုအတွက်၊လစ် လျူရှုရပါတော့သည်၊ ဤစာအုပ်သည်ကား “ပြည်သူ့နိဗ္ဗာန်” အား၊ လမ်းပြထားသော စာအုပ်သာဖြစ်သဖြင့်၊ သင့်တင့် သော-ကျွန်တော်၏ “ဝိနယ” ကိုသာ၊ ဖေါ်ပြသွားပါအံ့။

## သဒ္ဒါကျမ်းစာ။

အထက်ပါ ဖေါ်ပြခဲ့သော၊ ဝိနယ-ခေါ်၊ ရဟန်း၏ကျင့် ဝတ္တရားများနှင့်တကွ၊ ပါဠိဘာသာ၊ မြန်မာအက္ခရာများကို ရေးတတ်-ဘတ်တတ်သည့် တိုင်အောင်၊ ပါဠိဘာသာများ၏ မြန်မာလို အဓိပ္ပါယ်ကို၊ ကောင်းစွာနားမလည်သေးပါ၊ ၎င်း နောက်၊ ပါဠိဘက်ဆိုင်ရာ၊ အဓိပ္ပါယ် ယူဆနည်းတွေကိုပါ ပြထားသော-ဝါကျယူဆပုံနှင့်တကွ။ အသံထွက်ကိုပခေါနထားသည်၊ “သဒ္ဒါ” ခေါ်။...... သိပ်ပိုင်မှ—အရှင်ကစ္စာယန မထေရ်-ရေးသားသော—ကျမ်းစာကို။ စစ်ကိုင်းတောင်ရိုး။ “ဝရက္ကျုဂဏဝါစက-ဓမ္မာစရိယ” အရှင်–ဦးဥာဏိန္ဒ၊ ဦးဝိသုဒ္ဓ–မထေရ်များထံ၊ သင်ယူရပြန်ပါသတည်း၊

## သင်္ဂြိုဟ်ကျမ်း။

ဤသို့သောအားဖြင့်၊ သဒ္ဒါဆိုင်ရာ များစွာသောကျမ်းစာ တို့ကို လေ့လာစေပြီး၊　　သင်္ဂြိုဟ်ခေါ်-ခုနစ်ကျမ်းသော

အဘိဓမ္မာ၌၊ လိုရင်းအကျဉ်းကိုပြထားသော၊ သီဟိုဠ်မှ......
အရှင်အနုရုဒ္ဓါမထေရ်-ရေးသားသော ကျမ်းစာကို။ ပဓာန
ထား၍၊ နေ့ဝါ-ညဝါခေါ်၊ နေ့ရော ညဉ့်ပါ လေ့လာရပါ
သည်၊ ညဉ့်ခ္ခနေလ့လာခြင်းကား၊ မာတိကာ။ ဓာတုကထာ။
ယမိုက်။ ပဋ္ဌာန်း-ဟူသောကျမ်းစာများတည်း၊

"၎င်းကျမ်းများကား၊ ၊စိတ်၊ စေတသိက်၊
ရုပ်နှင့်တကွ၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊
သစ္စာ၊ သဘာဝများကို၊ နိဗ္ဗာန်သို့ ရှေးရှု
လျက် ပြထားသည်သာ၊ များစွာ တွေ့ရပါ
သည်။" "သို့ဆော်"

ဤမှုဖြင့် ကျွန်တော်၏ လိုလားသမျှ၊ မပြည့်ဝသေးသည့်
ဖြစ်၍၊ ကျွန်တော်၏ အသက် ၁၉-နှစ်အကျော်၊ ၂၀ ခေါ်
ရသောအချိန်မှာ၊ သမုတိ ရဟန်းဘဝ-ထိမ်သွင်းကြ ပြန်ပါ
သတည်း။

## ဋီကာကျော်။

ထိုကဲ့သို့ ထိမ်သွင်းပဉ္စင်းခံရာမှ၊ ပြခဲ့ပြီးသော-အမတော်
သူအား၊ ရဟန်းအ ထား၍၊ မိဘ-နှင့်တကွ၊ ရွာသူ-ရွာသား
၏-ထောက်ပံ့ရေးမှ၊ အလကားပေးကြသော ပစ္စည်းများကား၊
များပြားပါပေသည်။ ဤပစ္စည်းများကို၊ ကျေးဇူးရှင် ဖြစ်
သော ဘုန်းတော်ကြီးအား အပ်နှင်းပြီးနောက်၊ စစ်ကိုင်းသို့
ပြန်ရောက်၍၊ သင်္ဂြိုဟ်ကို အနည်းငယ်ချဲ့ထွင်၍၊ သီဟိုဠ်
အရှင်သုမင်္ဂလ-မထေရ်-ရေးသားသော၊ ဋီကာကျော် ကျမ်း
စာအုံကို၊ ဆက်လက်လေ့လာစေပါသည်၊

“ဤတွင် ရဟန်း ၂-ဝါအရ။ အစိုးရ ပထမငယ်၊ ပထမလတ်-စာမေးပွဲကို၊ စစ်ကိုင်းမြို့ အင်္ဂလိပ်ကျောင်း စာမေးပွဲကျင်းပရာဌာနတွင်၊ အောင်မြင်ခဲ့ပါသတည်း။”

စာမေးပွဲ အောင်သည်ဆိုလျှင်၊ ပြည်သူ ပြည်သားတို့၏ အထင်မှာ “အထင်ကြီး” အရေးယူသလောက်။ ကျွန်ုပ်တော်သည်၊ “ဝိပဿနာ,,မဂ္ဂသစ္စာ” ဆိုင်ရာကို၊ ကောင်းစွာနားမလည်သေးပါ။

“ထိုစဉ်အခါကား၊ စာချရန်နှင့်၊ စာမေးပွဲကို ပခုံနထား၍ရှိချပေးကြသော “စံနစ်ဘာရ” ကို လက်ကိုင်ပြုကာ၊သင်ကြသည်ကား၊ထင်ရှားပါ၏၊ “ကဉ်္စါဝိဘာရဏီ။ ပါရာဇိကဏ်။ ဝိသုဒ္ဓိမဂ်။ ပါဠိတော်များ။”

ရင်းနောက်၊ မန္တလေးမြို့၊ မစိုးရိမ်-“အာဂမနယုပဒေသ” မစိုးရိမ် ဂဏဝါစကမဟာဝရိယ-ဦးဝိသုဒ္ဓ-အထံတွင်၊ အထက်ကျမ်းစာများကို လေ့လာ စေခြင်း အားဖြင့်၊ နှစ်နှစ်လောက် အကြာမှာ——“ဝိ ဝိ သံကြား၊ တွင်းနားခစားစေ” ဟူသော——ခေတ်အတွင်း၊ ချင်း နင်း ဆိုက် ရောက်၊ ကမောက် ကမ၊ အိမ်ခြေ ရာခြေ မထည်သော အခါတွင်း၊ သက်ဆင်းခဲ့ရပါသတည်း၊

“ထိုကဲ့သို့ “မတ်စတား” ခေတ်——၃ နှစ်လောက်ဖြစ်ပြီး။ ကြောင်ပန်းတောရ-ဝိပဿနာလင်းပြ-အနဂ္ဂဝါဒီ၊ မဟာထေရ် ဖြစ်တော်မူကြသော၊ ကျေးဇူးတော်ရှင်၊ ဆရာသခင်တို့၏အထံတွင်၊ မြန်မာလိုပြသော ဝိပဿနာ

ဝါဒ—ကို။ ၉-လမျှ လေ့လာ စေ၍၊ ကျွန်တော်၏လိုလားသော **''ဓမ္မရတနာ''** ကို၊ ကောင်းစွာ နားလည်ခြင်းသို့ ဆိုက်ရောက်ခဲ့ ပါသတည်း။

**၆ ''ကျွန်တော့ အမှား''** ဤသို့ပြခဲ့ပြီးသော။ ကျွန်တော်၏ ဝိရိယသခေါ် အားထုတ်ခဲ့ပုံကို ဆိုခြင်းအားဖြင့် ကျွန်တော် ၏ ဝိရိယမျိုးကား အမှားဟူ၍ ဝေဘန်လိုပါ သည်၊ အဘယ့်ကြောင့် ဆိုသော်၊ ဗုဒ္ဓ၏-တိပိဋကာ—များ သည်၊ ကျွန်တော်တို့၏ တိုင်းရင်းဘာသာ၊ မြန်မာလိုပင် ကောင်းစွာရှိလျှက်နေပြီဖြစ်သော ထိုအချိန်မှာ၊ ပါဠိဘာသာ ကိုသင်နေသောအားဖြင့်၊ အမှားဟု ဝေဘန် လိုပါ သည်။ ကျွန်တော်သည်။ ဝိပဿနာဝါဒီ၊ မဟာထေရ်များ၏ အထံ မှာ၊ ၉-လမျှ—လေ့လာသော ကျမ်းစာဘို့သည်၊ မြန်မာလို ချည်းဖြစ်ကြပါသည်၊ ။၎င်းကျမ်းစာများကား—

(က) တရားသင်နည်း ဆွေးနွေးနည်းခေါ် ——
ကြောင်ပန်း သုံးစောင်တွဲကျမ်း။

(ခ) ဒီပနီ ကျမ်း ''၆'' ကျမ်းကို၊ တအုပ်ထည်း
ပြုထားသော၊ ခြောက်စောင်တွဲကျမ်း၊

(ဂ) လယ်တီဆရာတော်ဘုရားကြီး၏—
ဒီပနီ—အမြောက်အများ၊

(ဃ) ပရမတ္ထဝိဘာဝနီ-ခေါ်——
လယ်တီ ဋီကာကြီး-နိသျှ၊

(င)　ဝိပဿနာ–ဟောပုံကျမ်းများနှင့်......
တဲ့ခွန်ကျမ်းကြီးများ။

ဤကျမ်းစာများသည်။ မဇ္ဈိမပဏ္ဏာသ။ သံယုတ္တနိကာယ်။ အင်္ဂုတ္တိုရ်-စသော၊ တိပိဋကမှထုတ်နှုတ်၍၊ မြန်မာဘာသာ အားဖြင့်၊ ရေးသားထားသော ကျမ်းစာများ ဖြစ်ပါသည်။ ကျွန်တော် ကြိုးပမ်းခဲ့ရသော၊ သဒ္ဒါကျမ်း၊ သင်္ဂြိုဟ်ကျမ်း စသော ကျမ်းများ သည်လည်း၊ တိပိဋကမှ ထုတ်နှုတ်၍။ သီဟိုဠ်အရှင်များ ရေးအားထားပါသည်၊ သို့သော်၊သီဟိုဠ် ဘာသာဖြစ်သဖြင့်။ သင်ယူခြင်းခဲယဉ်းခဲ့ရသော-ကျွန်တော် သည်၊ မြန်မာဘာသာ အသင့် သွယ်လင့်တကူ ရှိနေပြီးဖြစ် ပါလျက်၊ ပါဠိဘာသာသင်နေခြင်းမှာ၊ အချိန်ကြန့်ကြာ၍ခရီး မရောက်သောနည်းလမ်းသို့ သိုက်မှိခြင်းကား၊ အမှန်ထားနိုင် ပါသည်လော။

ကျွန်တော်သည်။ ၄င်း–၉ လမျှလောက်ဖြင့် လေ့လာပြီး ဖြစ်သော ကျမ်းစာများကား၊ ဤမျှမကသေးပါ၊ မြန်မာလို ကောင်းစွာပြုထားသောကျမ်းကိုသာ ဖော်ပြပါသည်၊ ပါဠိ ထက်ဝက်၊ မြန်မာထက်ဝက်အားဖြင့်၊ အဘိအကျ မြန်မာ ဘာသာ မပြီးသေးသော နိသျများကား၊ အများကြီးရှိပါသေး သည်၊ "ဥပမာ" ပါဠိလို–ကမ္ဘ၊ မြန်မာလို–အလုပ်ဟု-ပြ သင့်ပါလျက်၊ ကံ–ဟု ဖော်ပြကြပါသည်၊ ဤကဲ့သို့ မြန်မာ ပြေ၊ ပါဠိ မပြည့်သော–ကပြားများလည်း၊ များစွာတွေ့ရ ပါသည်၊

No. 7.

‘‘သို့သော်၊ တိပိဋကခေါ်၊ ဗုဒ္ဓ၏ ဓမ္မရတနာတော်သည်၊ ယခုအခါ၊ တိုင်းရင်းဘာသာအားဖြင့်။ များစွာရှိနေပြီကို အတိအကျ သိသင့်လှပါ၏၊ ထိုနည်းအတူ၊ ပဋိပတ်ခေါ်-အကျင့်တရား၏ မူလ ရေသောက်မြစ်သည်၊ ပရိယတ်ခေါ်-ကျမ်းစာ လေ့လာခြင်း အရင်းရှိ၏-ဟု၊ ပြောစမှတ်ပြုသောစကားများ ခုလည်း၊ ယခုပစ္စုပ္ပန်၊ ဗမာပြည်ဝါဒ–နှင့် နှိုင်းစာလျှင် သင့်မြတ်လှပါ၏၊ သို့သော်၊ အကျင့်တရားမှ၊ စာပေအန္တရာယ်များ ဖြစ်လာခြင်းကား၊ စာတွေ့သံဂါယနာအားဖြင့် ထင်ရှားသည်မဟုတ်ပါလော။

မြတ်စွာဘုရားသည်။ စက္ကုပါလ-မထေရ်အား၊ ဂန္ထဓုရ၊ ဝိပဿနာဓုရ၊ ဖော်ပြသည့်နေရာမှာ၊ ကျမ်းစာသင်ခြင်းတည်း ဟူသော၊ ဂန္ထဓုရ ဟုတ်မည်မထင်ပါ။ ဘောနှံ့၍ စဉ်းစား ကြပါလေတော့၊

> ‘‘ဝင်စစ်သော်ကား၊ ဝိပဿနာဓုရ-သည်၊ ထူးသောအသိကို သိအောင် လေ့လာခြင်း၊ ဂန္ထဓုရ-သည်၊ ထူးဒါရော၊ မထူးဒါရော သိအောင် လေ့လာခြင်း ဟု–ဆိုလိုပါသည်။
>
> ‘‘ဥပမာ။ ဘုရားကို-သိသော်လည်း၊ အဘယ်မြို့ကနည်း၊ ဘယ် အမျိုးသားနည်း၊ အဘ-မည်သူနည်း-စသည်ကို လေ့လာခြင်းသည်၊ ဂန္ထဓုရဟု-ဆိုလိုပါသည်၊

သို့သော်၊ ဘယ်လိုပင် ယူဆ ယူဆ၊ ကျွန်တော်၏ ပြခဲ့သော ‘‘ဝိရိယ’’ ဖြင့်၊ လိုသွားခဲ့ပါသော၊ ‘‘ဝိပဿနာဓုရ၊

မဂ္ဂသစ္စာ၊ ဓမ္မရတနာ” သည်၊ ကျွန်တော်၏ လက်ဝယ်သို့ ရောက်ရှိခဲ့ပါပြီ။ ထို့ကြောင့် “လက်တွေ့ဝိပဿနာမှ” လက်တွေ့ ငြိမ်းချမ်းရေး” လက်တွေ့ သွတ်လပ်ရေး” ထက်တွေ့ လုပ်ကိုင်ရေး” လက်တွေ့ စိတ်ထားရေး” လက်တွေ့ ကြီးပွါးရေး” လက်တွေ့ ချမ်းသာရေးများဖြင့်၊ ပျော်ရွှင်ငြိမ်းဇွာ ခံစားစံစားရသော “သဥပ ဒိသေသ—ပြည်သူ့နိဗ္ဗာန်” ကို၊ ဗုဒ္ဓ၏ အလိုတော်ကျ “ဘုရားဝါဒ” ဖြင့်။ ကမ္ဘာလောက ကြီးတခုလုံး၊ မီးဟုန်းဟုန်းတောက်စေခဲ့သော၊ မိစ္ဆာဝါဒ-ခေါ်။ မတရားလောက။ မတန်ရေ တန်ရေအားဖြင့်၊ သိမ်းသွင်းလုယူခဲ့သော၊ နေရှင်လောက။ လူဆင်းရဲများကို ခိုင်းစေ၍၊ သူဘို့ကား—အချောင်နေခဲ့သော၊ အချောင်သမား မတရားလောက။ နယ်ချဲ့လောက။လက်နက်လောက-စသော၊ တွေ့ကြုံကြသမျှ အခမ္မဝါဒီ၊ အလဇ္ဇီမျိုး၊ စံနစ်အဆိုးတွေကို၊ ပယ်ချိုးတိုက်ဖျက်၊ စနစ်တကျ၊ ဘုရားဝါဒဖြင့် ပြုပြင်ဆင့်ကြပြီမဟုတ်ပါလော—ဟူသော၊ အဟောမျိုးများကိုဟောခဲ့လှပါပြီ၊ ပြောခဲ့ကြပါပြီ၊ သိသလောက်ထဲ သိကြပြီဖြစ်သော ပြည်သူပြည်သားတို့အား၊ ယခုတဖန်၊စနစ်တကျ ပြုပြင်ဟော ပြနေသော ပုဂ္ဂိုလ်တွေကိုပင်၊အထင်သေးကြပြန်သည်ကား တကြောင်း၊ ဝိပဿနာ သည်။ အလုပ်မရှိဟုပြောလိုပြော။ တိုးတက်ရေးမရှိဟု ဆိုလိုဆို၊ လက်တွေ့မဟုတ်ဟု ငြင်းလို ငြင်း-နေသော၊ အဓမ္မဝါဒီ၊ အတ္တဝါဒီ၊ ဖြူရိုကရက်ပါတီ-မှန် သူဟူသမျှ၊ လမ်းချိုးလိုက်သွား၊ ပုထုဇန်အန္ဓ-အစုံးတို့အား၊ လမ်းကျ, သွားစေချင်ပါသဖြင့်၊ ထိုသို့ ပြခဲ့ပြီးသော စနစ်ကျကြမောက်ကမလုပ်ရိုး “အန္ဓဗာလ” လမ်းမျိုးနှင့်တကွ

ကမ္ဘာ့ဓမ္မတာဖြစ်သော၊ သာရိုး သမဝင် မသိမလိမ္မာသော ဥာဏ်အမြင်တွေကို၊ တွန်းလှန်ပယ်ချ ကွယ်ပစေပြီးနောက်၊ “ဗုဒ္ဓဝါဒ” မဂ္ဂသစ္စာခေါ် “ဝိပဿနာလမ်းမှန်” ပေါ်မှ၊ အတိဘာကျရတနာ သုံးပါးကို “ပြည်သူ့နိဗ္ဗာန်” မှာရောင်ရုံ သားသျှက် **“သမစိတ္တ သမဆန္ဒ”** ခေါ်၊ တညီတညာ တရဘပေါင်းပြု၍၊ ဝါ၊ ရပေါင်းလုပ်ကိုင်သောနည်းဖြင့်၊ သမ္မာ ဒိဋ္ဌိ၊ သမ္မာဝါစာ ခေါ်၊ မဂ္ဂင်ရှစ်ဘော်၊ တရားတော်အရ၊ ဆောင်ရွက်လုပ်ကိုင်၊ မှုတပွာ နေထိုင်သင့်သည်ကို၊ ဗုဒ္ဓ၏ အလိုတော်ကျ မဟုတ်ဟု၊ မည်သူကန့်ကွက်ရဲလိမ့်မည်နည်း၊

## ဝိရိယထားကြပါစို့။

ထို့ကြောင့်။ လက်တွေ့ဖြစ်သော ဝိပဿနာလမ်းစဉ်မှ၊ အသိအလိမ္မာကို ကြောင်းကြော၊ အမှန်ဘဲ ရခဲ့ကြပါသဖြင့်၊ ပြလတ်ဖြစ်သော “သဥပါဒိသေသ,, ပြည်သူ့နိဗ္ဗာန်” ကို၊ တွေ့ရ၊ မြင်ရ၊ ရောက်ရ၊ ရ-ရ၊ နေရ၊ ထိုင်ရ၊ ဝေရ၊ ငြိမ်းရ၊ ချမ်းသာရအောင်၊ ကျွန်တော်၏ “ဝိရိယ” ကို၊ ပြည်သူ၏လူထုအား၊ တင်ပြဘာရေးသားရပါသဖြင့်။ ကျွန်တော်၏ ဝိရိယသည်၊ လူထု၏ဝိရိယဖြစ်ပြီး၊ လူထုဝိရိယမှ၊ ပြည်သူ့ဝိရိယဖြင့်၊ တရားသော စိတ်နေ စိတ်ထား မှုတစွာ တရား သဖြင့် စခန်းသွားရသော “ပြည်သူ့နိဗ္ဗာန်” ကို၊ ပြည်သူ့ “ဝိရိယ” ဖြင့်၊ အမြန်တည်ဆောက်ခါ၊ မျက်မှောက်ပြု၍ ဆိုက်ရောက်တော်မူကြပါစေသတည်း၊

**ဝိရိယရှင်။**

# ★သဥပါဒိသေသ-ပြည်သူ့ နိဗ္ဗာန်။★

ဃ-၁။ ဘာသီသ။

သာဂါရာ အနဂါရာစ၊ ဥဘော အညောညနိဿိတာ၊
အာယာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံ အနုတ္တရံ။ ။

သာဂါရာစ၊ အိမ်ရာ တည် ထောင် လူ ဝတ်ကြောင်နှင့်၊ ခေါင်းဆောင်ရှေ့သွား “ဝိပဿနာ” လူကြီးလူငယ် များတို့သည်၎င်း။ ။အနဂါရာစ၊ အိမ်ရာ မထောင်၊ သာသနာ့ဘောင်နှင့် ခေါင်းဆောင်ရှေ့သွား “ဝိပဿနာ” ဆရာဘုရားတို့သည်၎င်း။ ။ဥဘော၊ဝိပဿနာတကာ ဝိပဿနာဆရာဟု၊ ဝိပဿနာ သာသနာကိုပြုကြတဲ့ “လူထု” ထိပ်ခေါင်၊ ထိုခေါင်းဆောင် နှစ်မျိုးတို့သည်။ ။အညောညနိဿိတာ၊ ကျွန်းကိုကိုင်းမှီ ကိုင်းကျွန်းမှီသို့၊ ပ,ညေမယွင်း၊အချင်းချင်း အားထားကြလျက်။ ။ဘုဂ္ဂိသာ၊ မှားသမျှ မှောက်သမျှမှ အသင့် အသင့် လွှဲ၍ ချောက်ကြ ကုန်ပြီး သော၊ ။သဒ္ဓမ္မံ၊ မိမွေ ဘနှစ် ချက်မြှုပ်ဖြစ်သည့်၊ အဆစ်တည်ဖန် သာသနာ့နိုင်ငံကို၊ ။သဒ္ဓမ္မံ၊ လွတ်စေ လပ်စေ ချမ်းသာစေဟု၊ ပြုပြင်တည်ဖန် “ပြည်သူ့နိဗ္ဗာန်” ကို၊ ။ဥသိတဗ္ဗံ။ ဒါ ဒို့ပြေ၊ ဒါ ဒို့မြေ၊ ဒါ ဒို့အမွေဟု၊ အခြေ သိုက် မြိုက်၊ “ဝိပဿနာ” အောင်လံ စိုက်၍သာသျှင်၊ ။အာရာဓယန္တိ၊ အများတကာ၏ အမြင်တွေကို ‘ဘုရား၁၁၃’ နဲ့သာ ပြင်ကြစို့ရဲ့လို့၊ ပြုရေး ပြင်ရေး “ပြုပြင်ရေး” ကို၊ ဆွေးနွေး ရှေ့ဆောင်နိုင်ကြပါစေကုန်သတည်း။

## ၂ "ဝိပဿနာဝါဒီ၊မြန်မာပြည်"

အခြားဘာသာမှ ဤကမ္ဘာလောကဋ္ဌ၊ ထင်ရှားစွာ ရှိ၍နေကြ "အနတ္တ" ဗောဘာဘာသာဝါဒဟူသမျှမှ၊ဟိန္ဒူဝါဒသည်၊ ဟောပြောခြင်းမရှိ၊ ကျွန်တော်တို့၏ ဗုဒ္ဓဝါဒနှင့်ကား၊ အလွန်ပင် နီးစပ်ခြားသော်လည်း၊ ကမ္ဘာသဿကတာ သမ္မာ ဒိဋ္ဌိ၏ ဟိုဘက်သို့မရောက်တော့ဘဲ။ ကမ္ဘာ-ကိုယုံကြည်ကြ၏၊ အတ္တအယူအဆကား မပျောက်ဘဲ စွဲမြဲလျက်နေကြလေသည်၊ အတ္တ နှင့် အနတ္တသည်။ ဟိုဘက်ကမ်း သည်ဘက်ကမ်း အလှမ်း ဝေးကွာ သလို၊ တဝါဒ နှင့် တဝါဒ အလွန်အမင်းခြားနားနေပါသည်၊ သို့ဖြစ်ပါ၍ "ကျွန်တော်တို့၏"-ဗုဒ္ဓဘာသာဝါဒမှတပါး၊ အခြားဘာသာများမှာ၊အနတ္တဟု၊ တိတိကျကျ မရှိ၊ အသံလောက်မျှ ရှိချင်ရှိပေလိမ့်မည်။ ထို့ကြောင့်၊ အတ္တ-စကားကို အနတ္တအချက်မှ၊ ဖြတ်ဖြတ်တောက်တောက် ဖြတ်တောက်နိုင်လေရာ၊ အနတ္တဟု မသိသေးသမျှ၊ အတ္တစွဲ ရှိနေသေးသည်သာ။ ။အတ္တ ရှိသမျှ မှာ လည်း။ အနတ္တအချက်ကိုပိုင်နိုင်စွာမသိနိုင်ပါ၊ မသိသေးသမျှ အနတ္တဖြစ်သော၊ နိဗ္ဗာနဓာတ်၊ သန္တိသုခ၊ အမတတံခွန်၊ချမ်းသာခြင်းလွန်သည့်၊ သဥပါဒိသေသ၊ အနုပါဒိသေသ–ခေါ်၊ လောကနိဗ္ဗာန်၊ လောကမှလွန်သော နိဗ္ဗာန်များကို။ ဘယ်နည်းနှင့်မျှ မသိနိုင်၊ နားမလည်နိုင်၊ မဆုံကတ်နိုင်၊ မျက်မှောက်မပြုနိုင်၊ မခံစား မရောက်နိုင်ပါ၊

ထို့အတွက်၊ ချမ်းသာရေးဆိုသမျှ၊ ကမ္ဘာလောကတခုလုံး အားလုံးကြိုက်ဖြစ်ကြပါလိမ့်မည်၊ ပြည်သူ့အကြိုက်ဖြစ်သော၊ ဝိပဿနာလမ်းစဉ်မှနေ၍၊ ဗုဒ္ဓဝါဒ–အနတ္တစစ်ဖြင့်။

အဏ္ဏဝါဒီ၏ဖွဲ့ချက်တွေကို၊ တော်လှန်ရေးပြုပြီး၊ ဗြူရိုကရက် ပါတီ၊ အဏ္ဏဝါဒီ—ဝို့ဘ စနစ်ဆိုးတွေကို၊ တိုက်ချိုး ဖယ်ချ ခြင်းဖြင့်၊ အောင်မြင်ပြီး အောင်မြင်ဆဲ အောင်မြင်လတံ့ ဖြစ် သော၊ ကျွန်တော်တို့ မြန်မာနိုင်ငံတော်၊ ပြည်သူ့အကြိုက်၊ ဒိမိုကရေစီ—ဝိပဿနာဝါဒီ-ရေးရာများ သည်၊ နေ့ချင်း—ည ချင်းအားဖြင့်၊ တိုးတက်ပြောင်းလဲ၍နေသည်မှာ၊ နှဘ်တို့ဖန်၊ ရေကန် အသင့်-ကြာအသင့်ကဲ့သို့၊ ဝိပဿနာခေါင်းဆောင် ကြီးများ၏-စွန့်စားချက်၊ ရဲရဲတောက် ဟောပြောရေး စနစ် ဖြင့် “ပြည်သူ့နိဗ္ဗာန်” သဥပါဒိသေသ-နိုင်ငံတော်ကြီးကို၊ မျက်ဝါးထင်ထင်၊ တွေ့မြင် ဆိုက်ရောက်ကြရပေတော့မည်၊

## ၃ “အနတ္တဝါဒီ တော်လှန်ရေးပါတီ။”

**ခေါင်းဆောင်ကြီး များ၏ ဝါဒစဉ်ပွဲအခက်အခဲ**

ကျွန်တော်တို့ ဝိပဿနာ ခေါင်းဆောင်ကြီး များသည်၊ ဘုရားဝါဒ၊ ဗုဒ္ဓရှင်တော်၏အလို တော်ကျဖြစ်သော၊ အနတ္တဟောချက် ဖြင့်။ ပုထုကိလေသ ဇနေ့တိတ် ပုထုဇ္ဇနော ပုထု ဇ္ဇနော ဥမ္မတ္တကော၊ အန္ဓဗာလော ပုထုဇ္ဇနော—ခေါ်။ ပုပင် မှုဝိတ်ထား။ ပုပန်စေသော အလုပ်သမား။ တိန်ညွှန့် တိန် သား၊ နတ်သွီး မှတ်များသော-သူရူးအလား၊ မသိ မလိမ္မာ သော၊ အန္ဓဗာလ ပုထုဇာနဘာဝ၊ ပညာရှိ သူတော်ကောင်း၊ သောတာပန် အရိယာ၊ လူလိမ္မာဘာဝတို့သို့၊ သဥပါဒိသေသ အဆင့် မြှင့်တင်ရေး စနစ်ဖြင့်။ အနုပါဒိသေသသို့ ချော့ရှု၍၊ ဒွန္ဒပါတီ၊ အဏ္ဏဝါဒီ မိစ္ဆာသမား အဝိဇ္ဇာ၏ စက်ယန္တရားများ ကို၊ အပြင်းအထန် တိုက်ခိုက် တော်လှန်ခဲ့ရသော “အခက်

"အခဲများ–အခြေအနေများ" ကို သိရှိစေခြင်းဖြင့်၊ ခေါင်းဆောင်ကြီးများ၏ လုပ်ငန်းနှင့် ရည်ရွယ် ချက် များ ကိုပါ၊ နောက်ကြောင်းပြန်၍ အနည် ငယ်ကြည့်ရှုကြပါဦးစို့။

တိပိဋကမှ၊ ကျွန်တော်တို့ ခေါင်းဆောင်ကြီးများ သည်။ ဗုဒ္ဓပါဠိတော်များ၊ လွတ်လပ်ရေးသမိုင်း၊ မှတ်ပုံတင်ဖြစ်သော၊ "သံယုတ္တနိကာယ်မှ" "နိဗ္ဗာနံကာမမဂ္ဂရေ" စသော မိန့်ခွန်း တော်များ ကို၊ ဦး ထိပ်ရွက် ပန်ဆင်ကာ– နိဗ္ဗာန်သည်၊ ဈာန်ဖြင့်တက်ရသော နိဗ္ဗာန်မဟုတ်။ ကံဖြင့် တက်ရသော နိဗ္ဗာန်မဟုတ်။ "ဉာဏ်ဖြင့်သာသျှင်" မတက် ဘဲနှင့်ရနိုင်သော၊ မိမိ–မိမိတို့၏အနား လုပ်ကိုင်ရေးစသော ကာမဂုဏ်များ၏ အလယ်အကြားမှာရှိသည်ဖြစ်၍၊ ဒိဋ္ဌိဂတ ဝိပ္ပယုတ်ခေါ်–မှားသောလုပ်နည်း ကိုင်နည်းတွေကို၊ ပယ်ချ တွန်းလှန်၊ ရေသောက်မြစ်မှ မကျန်ရအောင် ရည်ရွယ်ပြီးခါ၊ ဗုဒ္ဓ၏ အလိုတော်လည်းကျ။ ပြည်သူ့ငြိမ်းချမ်းရေး၊ ကြီးပွါး ရေးလည်းရသော၊ ဉာဏသမ္ပယုတ်ခေါ် အသိအမြင်အလိမ္မာ ယှဉ်သော၊ လုပ်ကိုင်ရေး လုပ်ငန်းတွေကို၊ ရှေ့တန်းခါ__ ဟောခြင်း၊ ပြောခြင်း၊ စာအုပ်စာတန်း ဝေငှခြင်းများဖြင့်၊ အတိအကျ ကောင်းမြတ်လှစွာသော။ သဘာဝသန္ဓေ၊ သမစိတ္တ- ခေါ်–ညီညွတ်စွာလုပ်ကိုင်ရေးတွေကိုပါသည့်သွင်း၍၊ သဉ ပါဒိသေသ-ခေါ်၊ သက်တော့ငြိမ်းအေးသော၊ ကာမမဂ္ဂရေ–ပျော် မွေ့စွာနေထိုင်ရသည့်၊ ပြည်သူ့နိဗ္ဗာန်ကို လမ်းညွှန်ပြသကြ ပါပေသည်၊

***No. 8.***

အတ္တဝါဒီဖက်ဆစ် ခေါင်းဆောင်ကြီးများသည်။ ။(ကာတမာစ
''ပုဂ္ဂိုလ်များ'' ဘိက္ခုဝေ သမ္မာပဋိပဒါ) စသော ဝိဝဋ္ဋနိဗ္ဗာန်
မတရားကြံပုံ၊ ပဋ္ဌာတွာ......ဆိုသည့် စကားတော်ကြီးတွေ
ကိုထောက်ထား၍ ရေးသားထေ့ထားသော
စာအုပ်......စာတမ်း —များကို၊ အတ္တဝါဒီများသည်။အကုန်
သိမ်းဆည်းပြီး၊ မီးရှို့ခဲ့ကြပါသည်၊ ရေသို့ မျှောပြစ်ခဲ့ကြပါ
သည်၊ ကုန်းချူးဂရစ်တွေ-ဟု။ တိုင်းပြည်အား ကြောင်ငြာခဲ့
ကြပေသည်၊ ခေါင်းဆောင်ကြီးများသည်၊ မည်သို့ပင် ပြုမှု
ကျော့မှု၊ နောက်ဆုံးတဘဝါး ဆုတ်ဘဲ၊ ယှဉ်ပြိုင်၍ ရင်ဆိုင်
ကာပေါဘဲကြီးကြလေရာ၊ ခဲများစွာကြချပြီး၊ သူတို့၏ပါတီ
ဝင်များအား၊ အိုးပည်ဘုံမောင်းများဖြင့်၊ အပျက်အစီး ပျက်
သီးစေခဲ့သည်မကာ၊ မပေါ့ပေါ့ရ-ဟုတားမြစ်၍၊ မနာစေ
ရဟု၊ ပိတ်ပင်ချုပ်ချယ်ခဲ့ကြပါသည်။

ခေါင်းဆောင်ကြီးများသည်၊ ''အဂုတ္တရနိကာယ်'' မှ။
သင်္ကေတာဒနံ လောကာသမုတိကာရဏံ-စသည်များ နှင့်။
''သံယုတ္တ'' စကားဖြစ်သော၊ ဒိဋ္ဌေဝါဘိက္ခဝေ ဂရဏံနာမ
စိတ္တန္တိ-ဟူသော ပါဠိတော်လမ်းစဉ်အရ၊ စိတ်ပြုပြင်ရေးမှ၊
စိတ်ဆန်းပြားပုံ၊ စိတ်ဖှည့်စားပုံများကို။ ပြည်သူ ပြည်သား
တို့အား၊ ဖိတ်သဘာဝ၊ စိတ်ဘာဝင်ကျ၍၊ စိတ်ချမ်းမြေ့စေခြင်း
ဌါ။ စိတ်လောက-ကို သဘ္ဘာချ ဟောပြော ပြသကြ ပြန်ရာ။
''ပါဠိမရှိ၊ ဘုရားဟောမဟုတ်'' ဟု ခြေထိုပြီး၊ တိုင်းပြည်
အား၊ ယောင်ဝါးဝါး ဖြစ်သွားအောင်၊ သွေးဆောင်သော
ကြော်ငြာ၊ မဘုရားဆဲခေးသော စာတမ်းများဖြင့်၊ကျွန်တော်
တို့ ခေါင်းဆောင်ကြီးများနှင့်တကွ၊ ပါတီဝင်များအား။ ခုင်

ဆိုင်ဖြေရှင်းခြင်းဟုဆိုအပ်သော-တိုက်ပွဲများ အကြီးအကျယ် ဆင်နွှဲခဲ့ကြရသည်မှာ၊ ဗြိတိသျှ ဖြိုက်ရေက် သွေးဖြင့် နှိုင်းစာပါက၊ ကြောက်လောက်ဘွယ်သော စစ်ပွဲချည်းသာဖြစ်ခဲ့ပါသည်၊

**သူတို့၏ သွေးဆိုးသော စက်ယန္တရား။** အသိမျိုးမပေါ်၊ မိရိုးဘလော—ဖြစ်ကြသော၊ အချောင်သမား အပိဗ္ဗာလင်းသွားများသည်၊ ဟောရုံ နာရုံကာမျှ၊ မက်မိုလ်နိဗ္ဗာန်၊ကောန်ခရ ဟူသည်တည်း၊ ဓမ္မသဘဝနပရိယေယာသာနေ သောတားပတ္တိဖလ—စသည်များကို ဂရုမထား၊ အဒိုပ် အစားသမားဖြစ်သည့်အားလျှော်စွာ၊ တိဟိတ်မဟုတ်၊ အခါ မဟုတ်၊ ပါရမီမပါဟူသော ရိုးရာစကား၊ ဘာနတ်သား, လင်းနို့ငါးရာ, များလှစွာကို မထောက်ထားနိုင် တော့ဘဲ။ ယောင်ဝါးကာ ပြောကြားကြလေသည်၊ ပဋိစ္စသမုပ္ပါဒ်နည်း အားဖြင့် ဟောကြား ထားသော၊ စက္ကုဥ္စ ပဋိစ္စ ဟူသော၊ ပါဠိတော်များကိုသော်လည်း၊ ဗောဓိပက္ခိယ-တရားမဟုတ် ဟု၊ ခြေထိုး၍ ယောင်ဝါး ခဲ့ကြလေသည်၊ အောင်သူသေ- အောင်သူစား၊ သမရိုး သမစင် ဒါန—သီလများ-လုပ်စမ်း ကြပါဦးဗျာ။ ခုကာလ လူငယ်လေးတွေဟာ၊တယ်အပြော ရကာတ်၊ ဒို့ခေတ်က—သည်တိုင်း လုပ်ကိုင်နေထိုင်လာကြ၊သူ တို့ကာလ၊ တောင်ဟာပြင်၊ မြောက်ဟာပြင်။ ဟိုလိုမဟုတ် ဘူး၊ သည်လိုမဟုတ်ဘူးနဲ့......ဟူသော၊ မတရားသွေးဖြင့်၊ အထင်အမြင်သေးသော၊ မိစ္ဆာဒိဋ္ဌိ အပိဗ္ဗာ၏ စက်ယန္တရား များကို၊ လက်ကိုင်ထားကြလေသည်၊

''သူတို့၏'' ထိုသူများသည်။ ကျွန်တော်တို့၏ ခေါင်းယက်ကိုင်ဒုတ်၊ ဆောင်ကြီးများ၏ ဝိပဿနာဝါဒ။ ဗုဒ္ဓအလိုတော်ကျဖြစ်သော၊ တရားသဖြင့် ကြီးပွါးနေသည်ကို၊ မနာလိုမုန်းထား၊ မျက်မာန်ပွါးကာ၊ ပါတီဝင်များအား ချောက်လှမ့်ကြသည်မှာ။ ။ဇာတိသာ၊ ဇာတိအသာ-ပုဒ်ဖြတ်၍ထည့်၊ ကိ-ကိုခွင်း၊ ဇာ-ကြွင်းစေ၊ ပါပရောအသရူပါ-ဟူသောသုတ်ဖြင့်တူသောသုတ်မရှိသော ဇာသရနောင်မှ၊ အ-သရကိုချေ၊ ပုဗ္ဗောဝ-ဟူသော သုတ်ဖြင့်၊ နောက်သရကျေပြီးသည်ရှိသော်၊ တ-၏ အစိတ်၊ ဇာ-ကို၊ ဤဒီဃပြု။ ကွစိသဒ္ဒါထားမြစ်သောကြောင့် မပြုရ၊ နယေပရံ၊ တဇာ-သို့ကပ်၊ ဇာတိသာကားပြီး၏၊ ——ခင်ဗျားတို့—ဒါ နားလည်ရဲ့လား၊ ကိံကိံ-သန္တတည်၊ တတိယာဝိဘတ် ဗဟုဝုစ် ဟိ သက်၊ ဂန္တံကို၊ ဂမုသဒ္ဒါတည်၊ ဂတိံမှိ-အနက်ဖြင့်၊ ဘူဝါဒယောဓာတ်အမည်မှည့်၊ ခါဒ်-ဘက္ခဏေ၊ စားခြင်းအနက်၊ သာမည်ကိုသမဏသဒ္ဒါ—ဘာဝသဒ္ဒါ၊ သမဏဿဘာဝေါ ဟုဝါကျ၊ သည်ဟာတွေ နားမလည်ကြ၊ ခများတို့အတော်ခက်၊ ဥဘာတော ဗျိုသင့်၊ ကာရကမှည့်၊ သုဇာ့တောကြီယာ ဟိတ်ငဲ့၊ ဒါတွေကို ကျုပ်တို့က၊ သွေးပါအောင်......အံထားရတာဗျ၊ ခများတို့နှယ်နော်၊ကမ္မခါရေယ်သမာသ်များကျတော့၊ဝိသေသလက္ခဏာ-ကိုးပါးရှိတယ်ဗျ။ တဒ္ဓိသ်ကျတော့ သာခက်သေးဗျာ၊ ဥဏ္ဍကိတ် အာချာတ် ဆိုတာတွေ-အသာထား၊ခများတို့နားမလည်တာတွေ အများကြီးရှိတယ်၊ ခများတို့ပြောနေတာတွေက၊ သင်္ဂြိုဟ်မှာရှိတာဗျ၊ ခများတို့ကိုယ်မှာရှိ—မှတ်နေသလား။ ဝိတ္တံ စေဘသိကံ ရူပံ နိဗ္ဗာနံ မိတိသင်္ဂဟ-

တဲ့ဗျာ။ ကျုပ်တို့က-ဒါတွေတော၊ ပန်ကာ့ဘိပ်သီး၊ ငှက်ကြီးမျိုး။ လာမစမ်းလှာနဲ့......ဟူသော၊ စာသံ-ပေသံပေး၍ ခြောက်လှန့်ကြလေ၏။

**ပိဋကဘာဏ္ဍာစိုး “နေရှင်စနစ်”** ဤကဲ့သို့ကျွန်တော်တို့၏ ဝိပဿနာဝါဒီ၊ဗမာပြည်မှ ပါတီဝင်ဟူသမျှအား။ သူတို့၏လက်ကိုင်ဒုတ် ကလေးများ ကို။ ရိုးကာ ရိုးကာ၊ ဘယ်လိုပင် ခြောက်လှန့်ကြသော်လည်း၊ အနတ္တဝါဒီ တော်လှန်ရေးပါတီများကား၊ အနည်းငယ်မျှ မကြောက်ရွံ့ကြသည့်ပြင်။ ဥဒ္ဒါလက-ဇာတ်တော်မှာ၊ အလောင်းတော် ပုရောဟိတ်ပြောသောစကားကဲ့သို့-၊

**မေဒင်။** “ဝေဒ၊အပုံတခေါင်ပင်တဘက်စေတော့၊အကျင့် ‘စရဏ မရှိသည့်၊ ဒုက္ခမှမလွတ်သေးပါ၊ ဝေဒကျမ်းတတ်ကြီးဟု-နာမည်ကြော်ဒါပေါ့-ဟု။ ဥဒ္ဒါလ-ရသေ့ဂိုဏ်းစီးနာယကကြီးအား၊ပြောကြားသော-အလောင်းတော်၏စကားကဲ့သို့ “မဏ္ဍိမပဏ္ဏာသ” အဋ္ဌကထာကြီးမှာလည်း၊ နာမည်ကြော်ကြွား၊ လာဘ်ပေါများအောင်၊ ဆုငွေရအောင် စသည်ဖြင့် စာသင်ခြင်းထက်၊ အိပ်နေခြင်းကား တော်သေး၏-ဟုဆိုသည်။

**ပိဋက။** “ရင်းပြင်။ ဗုဒ္ဓ၏ တိပိဋက ခေါ်၊ မွေ့ခုတနာတော်သည်၊ “ယခုအခါ၊ တိုင်းရင်းဘာသာအားဖြင့်၊ ထင်ရှား ရှိနေသည်ကို သိကြပါလျက်၊ အပိုဖြစ်သော တိုင်းတပါးဘာသာအား၊ ယခုထက်တိုင် သင်ကြား နေကြခြင်းကား၊ အချိန်ကုန်သည့်ပြင်။ စာတတ်ဟူသောမာန်စွယ်

ဖြင့်၊ ပိဋကတ်ဘဏ္ဍာငွေများကို ပြကာ ပြကာ၊ မနှင်ဆန့် လာကြတော့သည်ကို သဘောထားသေးသောပါတီဝင်များကား သဒ္ဒါ-သဒ္ဒိုပ်-မှုသော ဒုတ်မျိုးအား "မဇ္ဈိမပဏ္ဏာသ" တည်းဟူသော-ဒါးမျိုးဖြင့်၊ ကြွားထိုးကာ-တော်လှန်ခဲ့ကြပါ တော့သည်။

**မည်သို့ပင်ပြောပြော အောင်မြင်ရမည့် သဘော။**

ကျွန်တော်တို့ပါတီဝင်များသည်။ သူတို့၏ ပညာယောင်ဆောင်သော။ သညာမြှောင် အစား အချောင်သမားများအား၊ စာတရား နှင့် သဘောတရားကား၊ လွှန်မင်းစွာ ကွာ ခြားနေခြင်းကြောင့်၊ စာတရားအား ပြက်ရယ်ပြုထားခဲ့ကြ သည်မှာ၊ ခင်ဗျားတို့ ထတ်သလိုတော့၊ ကျွန်တော်တို့ပါတီ ကလဲ တတ်ပါတယ်။ အာဂိတ်ဆိုဒါ — သုံးဆဲ့ခြောက်ကောင်၊ အနာဂတ်ဆိုဒါ—ဖယောင်းချက်။ ပစ္စုပ္ပန်ဆိုဒါ—သရက်စေ့၊ သင်္ခါရဆိုဒါ—ဘူးရွက်-ဟူသော၊ ပြက်ရယ်စကားဖြင့်၊ ပြောင် လှောင်ထားခဲ့ကြသေး၏၊ သို့သော်၊ ဤကဲ့သို့ အခက်အခဲ၊ များစွာသော တိုက်ပွဲတို့ကို နှိမ်နှင်းလှန်မြောက်၊ ဝိပဿနာ တံခွန်ဆောက်ခဲ့သော၊ ခေါင်းဆောင်ကြီးများနှင့်၊ အနတ္တာ ဒီ၊ တော်လှန်ရေးပါတီကြီးသည်၊ ကြီးမား ကြီးထွားကာ။ ပင်စည် ပင်ပ အကိုင်း အခက် တို့ဖြင့် ဝေဆာစွာ စည်ကား လျှက်ရှိသော—ဝိပဿနာဝါဒီ ဗမာပြည်မှာ၊ ပြည်သူ့ အစိုးရ ပါတီခေါင်းဆောင်ကြီးများကလည်း "ဗုဒ္ဓဝါဒဖြင့်၊ ကမ္ဘာကို လှည့်၍စံပြမည်" ဟု၊ ကျေညာပြီးဖြစ်ပါသဖြင့်၊ ကျွန်တော်တို့ ၏ တော်လှန်ရေးကြီးသည်၊ များမကြာသော အချိန်ကာလ လောက်နှင့် အောင် မြင် ပြီးစီး တော့မည် ဖြစ်ရာ။ သဥပါဒိ

သေသ မြိုက်ချမ်းသာကို၊ မျက်ဝါး ထင်ထင် လက်တွေ့ခံစားရတော့မည်ဟု။ ရဲရဲကြီး ဝန်ခံလိုက်ရပါသတည်း၊

**၄ “ခေါင်းဆောင်ကြီးများ၏ သစ္စာတော်။”**

ဝိပဿနာဝါဒီ ဗမာပြည်နိုင်ငံတော်ကြီး၏၊ အနုတ္တဝါဒ–တော်လှန်ရေးပါတီများအားထားရသော–ခေါင်းဆောင်ကြီးများသည်။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာအားဖြင့်၊ အစစ်အမှန် အတိဘက္က-သိရှိ၍နေကြသော၊ ပြည်သူ ပြည်သားအား “ရတနာပုံ စန်းနက္ခတ်ကြို” နေ့ပုံနှင့်၊ သာသနာဘဝက်–မင်းကောင်း တဆက် ဖြစ်သော၊ အသိပေါက်ပိုင်၊ အကြွားအမြင်ရှိနိုင်သူဟူသမျှ၊ ပြုပြင်ရတော့မည့် “သိကြွား” သာသနာကို။ မြော် မြင် သိရှိ၊ ပညာရှိပြီပြီ။ သစ္စာတော်သိဆိုကြကြောင်း။

“ငြိမ်းချမ်းရေးဆိုတာ–ဒို့ကသာညွှန်ရမည်၊
သာသနာ့တာဝန်–ကျေပွန်သင့်တော့သည်၊
မြန်မာပြည်–ငြိမ်းချမ်းစေရမည်။
ငါတို့နေမှ–“ပြည်သူ့နိဗ္ဗာန်” တည်၊
“ဘုရားဝါဒ” ဒါမှ “ဒို့ပါတီ”—။

၎င်းသစ္စာတော်သည်၊ အမြော်အမြင် ကြီးမားပါပေစွ”၊ “ဘုရားဝါဒ” ဟုဆိုရာ၌။ ပညာရှိများသည်၊ ပညာရှိအား။ “ဓမ္မပဿနော မပဿတိ” ဟူသော၊ ဇာတိပုတ်စကားတော်အရ၊ (ဗုဒ္ဓ) ကိုယ်တော်တိုင်၊ ယောဓေါကွာလိ ဓမ္မနပဿတိ၊ သောမံ နပဿတိ–စသော မိန့်ခွန်းတော်ကို ထောက်ထားပါက။ ပညာရှိမှ၊ ပညာရှိအား သိမြင်နိုင်ခြင်းကားထင်ရှားပါပေသည်၊

ဗုဒ္ဓအား ချီးကြူးကြပုံ၊

ဗုဒ္ဓဝါဒတော်သည်၊ မှန်ကန်စွာ လိုက်ရှောက်သူအား။ အမှန်ပင်ကြီးပွါးချမ်းသာစေပါသည်၊ လွန်ခဲ့သော (၂၄၀၀) လက်ထက်တော်အခါက၊ အရိယာများကိုသည်း ထောက်ထားပါ၊ လွန်ခဲ့သော ၂-နှစ်လေခံတုန်းက၊ ဣန္ဒိယနိုင်ငံ၊ ဓာတ်တော်အပ်နှင်းပွဲသဘင်၏ အခမ်းအနားမှာ၊ ပဏ္ဍိတ်နေရူး၊ ဘုရင်ခံ-ဒေါက်တာကက်ဂျူး၊ မုခါဂျီ-စသော၊ ဥက္ကဋ္ဌကြီးများ၊ ချီးကြူးကြပုံမှာ၊ ၁၃၁၁ ခု၊ ပြာသိုလဆုတ် သတင်းစာများကို ပြန်လှန်ကြည့်က၊ သိမြင်နိုင်ပါသေးသည်။

"ဗုဒ္ဓဝါဒ-သည်၊ ကမ္ဘာ့ငြိမ်းချမ်းရေး ညွှန်ပြသောဝါဒဖြစ်ကြောင်း၊ မဟာတ္တမဂန္ဓီ-သည်၊ ဗုဒ္ဓဝါဒဖြင့်၊ ဣန္ဒိယပြည်သူ ပြည်သား အား၊ ညွှန်ပြနေသည်ဖြစ်ကြောင်း၊"

"ကမ္ဘာ့အခြေ အနေအရသည်ပင်၊ ဗုဒ္ဓဝါဒနှင့်မှငြိမ်းချမ်းရေးပြန်လည်၍ ရနိုင်မည်ဖြစ်ကြောင်း၊"

"အိန္ဒိယသည်၊ လွန်ခဲ့သော နှစ်ပေါင်း-၁၁၀၀-ခန့်ကာလက၊ ဗုဒ္ဓအယူဝါဒ ကင်းမဲ့၍ အခြား တိုင်းပြည်များနှင့်၊ ရင်းနှီးဆက်ဆံခြင်းကင်းဝေးကာ လွတ်လပ်ရေးပါဆုံးရှုံးနစ်နာခဲ့ရကြောင်း၊"

"ဗုဒ္ဓဝါဒကို မရကြသမျှ သတ္တဝါ တို့၏ ဖန် တည်းသောကံကြမ္မာအဖြစ်ဖြင့်၊ ပြက်ရယ်ပြုခြင်းကိုခံကြရမည်ဖြစ်ကြောင်းများကို။ အကြွယ်တဝင့်ချီးကြူးပြော

ခင်ကြသောစကားတွေသည်၊ ထယောက် တယောက် တပြည့် တပြည့် ကောင်းကျိုး ဖြင့်သာ ဆက်ဆံ၍။ လက်နက်ဖြင့်၊ မတရားဆက်ဆံခြင်းကို မလိုလား သော "ဗုဒ္ဓရှင်တော်ဘုရား၏-ဝါဒသည်၊" ယနေ့ ကမ္ဘာကို ပြန့် နှံ့ နိုင် လျှင်၊ ယနေ့ပင် ငြိမ်းချမ်းရ မည်ဟု ဝေဘန်လိုပါသည်၊ စစ်အတွင်းက၊ ဂျပန် နန်းရင်းဝန်-ကိုဂျို-သည်၊ စစ်တရားခံအဖြစ်၊ အနေခံ နိုင်ငံဘက်သို့ ရောက်နေစဉ်။ ဗုဒ္ဓဝါဒ-ကို၊ ဝေဘန် လေ့လာကြည့်ရာ၊ သဘောကျပြီး စောစောကသိရ ပါလျှင်။ "စစ်တိုက်ချင်မည်မဟုတ်" ဟု။ ပြောသွား ပါသတဲ့၊

**သာသနာ့တာဝန် သည် ဒို့အလုပ်။** ထိုကဲ့သို့ နယ်ချဲ့လောဘ။ စစ်တိုက်လောဘ။ လက်နက်လောဘ-ဘည်းဟူသော။ မတရား မှုများကို တွန်းလှန်အောင်မြင်ရန် နည်းလမ်း ဟူသမျှ၊ ဗုဒ္ဓဝါဒ ပင်ဖြစ်ကြောင်း၊ ကောင်း ကောင်းကြီး သိကြကုန်သော။ ကျွန်တော်တို့ ခေါင်းဆောင် ကြီးများ၏ သစ္စာတော်-သိတန်မှာ၊ "သာသနာ့တာဝန်" ဟူသောအပိုဒ်သည်၊ သာသနာ ဆိုဒါ-ဘာလဲဟု၊ စဉ်းစား စရာကောင်းပါသည်၊ ဝင်စစ် သာသနာဆိုတာ၊ အဆုံးအမ ဩဝါဒပါဘဲ။- သည့်တော့ခါ "ဗုဒ္ဓသာသနာ" ဘုရား့ အဆုံးအမ၊ ဩဝါဒမိန့်ခွန်းဟု အတိအကျသိသင့်ကြပါသည်၊ ၍မိန့်ခွန်းသုံးရပ်မှာ၊ ပရိယတ္တိသာသနာခေါ် သော၊ မလုပ်

မှီဝေဝေဘာ၊ (ဗုဒ္ဓဝါဒ) ကျနိုင်သမျှကျအောင်၊ စဉ်းစား
ဝေဘန်သည်ကို ပရိယတ်ခေါ် ပါသည်၊ ဝေဘန်ပြီး၍၊ ဗုဒ္ဓ
ဝါဒ—အကျလုပ်ကိုင်သည်ကို၊ ပဋိပတ်ခေါ် ပါသည်၊ လုပ်
ကိုင်၍၊ ချမ်းသာငြိမ်းဖျော့ကို၊ ပဋိဝေဓ-ခေါ် ပါသည်၊ ဤသုံး
ရပ်သော ဩဝါဒဖြင့်ပင်သျှင်၊ ငါတို့အလုပ်၊ ငါတို့တာဝန်၊
ငါတို့ဝတ္တရားဖြစ်သဖြင့်။ ငါတို့ညွှန်ကြားသည်ဟူသော၊ သစ္စာ
တော်ကို သိဆိုထားကြလေသည်။

**အနာဂါရဝလမ်းမှ ခေါင်းဆောင်များ၊** အချို့ခေါင်းဆောင်ကြီးများသည်၊ ရဟန်း
သံဃာတော်ဖြစ်သည့်အလျောက်၊ ပြည်သူ့
ထောက်ပံ့ရေးကြောင့်၊ သိရှိရသော—ဗုဒ္ဓ
ငြိမ်းချမ်းရေးကား၊ ဓမ္မာနုဂ္ဂဟ-ခေါ်၊ ပြန်လည်ပြောကြား
ရမည့် တာဝန်ဝတ္တရား ရှိပါပေသည် တကားဟု၊ ပြည်သူ
ပြည်သားအား၊ အကျိုးစီးပွါးထွန်းကားရန်၊ ငါတို့သညွှန်
ကြားလိုက်သည်၊ ညွှန်ကြားရမည်၊ ညွှန်ကြားတော့မည်ဟု၊
လေးနက်သော—သစ္စာစကားကို၊ သိဆိုကာ ဟောကြားကြ
သည်၊ ဒိ ပါတိ......ဟူသော အပိုဒ်တွင်၊ ပါတိ—ဆိုသော
စကားသည်။ သဘောတူအချင်းချင်း ပေါင်းစုခြင်းကို၊ပါတိ
ဆိုသည်၊ အသင်း၏တညီတညွတ် စိတ်တူ သဘောတူအဖွဲ့
အပေါင်းအသင်း သံဃာဟူသော......ပါဠိဘာသာမှ။ ငါတို့
သံဃာအညီအညွတ် ဘုရားဝါဒတော်ကြီးကို၊ ပြည်သူအား
သိစေအောင်၊ ရှေ့ဆောင်ကြရို့ဟု၊ ပါတိစည်းဝါးရုံခါ၊
ပြည်သူ့ကောင်းကျိုးအားရှေ့ထားခြင်းဖြင့်၊ဒိ ပါတိဟု၊ သစ္စာ
ထားကြလေသည်၊ ''ဗုဒ္ဓအလိုတော်နှင့် ကိုက်ညီပေစ'' ဟု၊
ဟျမ်းလာအတိုင်း ယူဆကြရပေလိမ့်မည်၊

ဗုဒ္ဓသည် အခါတပါး၌၊ဘိက္ခုတို့၊ပြည်သူ့ စီးပွါးချမ်းသာ ရေးဖြစ်တို့ရာ၊ ဒေသနာရှိလှည့်ထည်ကြ။ ငါဘုရား၏ ဩဝါဒ သာသနာတော်ကို၊ အရပ်တိုင်းထင်ရှားအောင်၊ အနှံ့အပြား ဟောပြကြလေ။ ။ပညာစက္ခု၌၊ အဝိဇ္ဇာ တိမ်သလာနည်း ပါးသူတွေ များပြားစွာရှိလိမ့်မည်၊ ဟောပြကြက၊ သိနိုင်ရ ပေလိမ့်မည်၊ ထို့ကြောင့်၊ သင်တို့ အနှံ့အပြား—ဝါဒစစ် ဝါဒမှန်များကို ဟောကြလေ၊ ၊ငါဘုရားကား။ ဥရုဝေလ တောသို့သွားပြီး၊ ရသေ့ညီနောင် သုံးဦး ခေါင်းဆောင်၍နေ သော၊ တိတ္ထိညီနောင် ရှင်တထောင်ကို တရားဟောမည်ဟု၊ ဗုဒ္ဓ၏ အစပဌမဝါကျွတ်၊ ခြောက်ကျိပ်နှင့် တပါးသော၊ခေါင်း ဆောင်ရသေ့သော ပါတ်ဝင် များအား၊ အမိန့်ထား၍နေ သော ဗုဒ္ဓ၏ အလိုတော်နှင့်အား၊ကျွန်တော်တို့ ခေါင်းဆောင် ကြီးများအား၊ ထင်တူကျပေသည်ဟု ဝေဘန် သိရှိထိုက်ပါ သည်၊

ဗုဒ္ဓ သည်၊ သာသနာရေးနှင့် စပ်လျဥ်း၍ အားကိုး အား ထားပြုသော၊ သေနာပတိ ကိုယ် ရံ တော် ဖြစ်ကြ သော၊ ရှင်သာရိပုတ္တရာ-၏-သာသနာရေး၌ ကြောင့်ကြမဲ့ နေလိုစိတ် ကို ခွင့်မပေးဘဲ၊ ရှင်မဟာမောဂ္ဂလာန်-၏၊ သာသနာ့တာ ဝန် အားသွန်၍ဆောင်လိုသောစိတ်ကို၊သာဓုခေါ် တော်မူပုံ ထောက်၍လည်း၊ သာသနာကျိုးအား၊ များစွာလိုလားတော် မူကြောင်း သိသာလှပေသည်၊

ဤသို့များစွာသော အကြောင်းများကို ထောက်ထားဝေ ဘန်၍၊ ကျွန်တော်တို့ခေါင်းဆောင်ကြီးများ၏ "သစ္စာတော်"

ကို၊ ပြည်သူ့ ပါဝါဝင် ဟူသမျှ လေးဘားအားထားရမည့်၊ ဤသစ္စာတော်သည်။ အမြော်အမြင် ကြီးမားပါပေစွ-ဟု၊ ချီး ကျူးထိုက်လှ ပါပေသတည်း၊

### ၄.၁။ ကမ္ဘာ့ကတာ သမ္မာဒိဋ္ဌိဘာသာပြန် ''ထက်ထက်တော်က'' တော်လှန်ရေး၊

ဗုဒ္ဓရှင်တော်၏—တရားဟောသည်၊ ဩဝါဒပေးသည်၊ ဝါဒဖြန့်သည်၊ သာသနာပြုသည်-ဟူသော အလုပ်များကား၊ စဉ်းစား၍ကြည့်ပါမူ။ မိမိဝါဒ-သည်၊ ကောင်းသည်။ ငြိမ်း ချမ်းရေးဖြစ်သည်၊ လွတ်လပ်သည်၊ ကြီးပွါးသည်၊ ချမ်းသာ သည်-များကို လက်တွေ့ ဖြစ်နေသဖြင့်၊ ပြည်သူ ပြည်သား အားသိစေ၍၊ ဗုဒ္ဓဝါဒ သာလျှင်၊ လုပ်ကိုင်ရေး၊ နေထိုင်ရေး၊ တည်တန့်ရေး-ဖြစ်စေရန်။ အချားသော ဘာသာဝါဒ ဖြင့်၊ လုပ်နည်း၊ ကိုင်နည်း၊ နေထိုင်နည်းတွေကို ''တော်လှန်သည်'' ''တိုက်ဖျက်သည်'' ''ဖယ်ရှားသည်'' ''သုမ်သင်သည်'' ''ရှင်းလင်းသည်'' ဤကဲ့သို့ တော်လှန်ဖယ်ရှားပြီး၊ ဗုဒ္ဓဝါဒ- တည်တန့်ရေးကို ဟောပြောသည်၊ ဩဝါဒပေးသည်။ ဝါဒ ဖြန့်သည်၊ သာသနာပြုသည်-ဟု ဆိုရပါသည်၊ (အခြား နည်းစနစ်များကို တော်လှန်ရေးဖြင့် မဖယ်ရှားပါလျှင်၊ ငြိမ်း ချမ်းရေးဝါဒ—တည်တန့်ရေးရှိနိုင်မည်လော။)

**လက်တွေ့အစစ်၊ တော်လှန်ရေး၊** ''ရှင်းပြပါဦးမည်၊'' အခါတပါး၌။ ဗုဒ္ဓ ရှင်တော်သည်။ ကောသလခေါ်-တိုင်း ပြည် တော်တွင်။ ကာလာမ-ဘုရင်များနှင့်တကွ။

ပြည်သူပြည်သားအပေါင်းအား၊ အသင်တို့၏ အကျင့်အကြံ လုပ်ပုံ ကိုင်ပုံတွေသည်၊ မတရားစီးပွါးမဲ့တို့၊ ဒုက္ခရောက်တို့၊ ရန်များတို့၊ လက်နက်ပေါ်ပေါက်တို့၊ စစ်ရေး စစ်ရာ ပေါ်ပေါက်တို့—အလုပ်အကိုင်များသာတည်း၊ အကျိုးထွန်းကားသော တိုးတက်ရေး၊ ချမ်းသာသော တိုးတက်ရေး၊ ဤသို့သော တိုးတက်ရေးမရှိသော လုပ်ငန်းစဉ်ကို၊ တည်ထောင်လုပ်ကိုင်နေသမျှ၊ ၅-နှစ်တကြိမ်သော်၎င်း၊ ၁၀-နှစ်တကြိမ်သော်၎င်း၊ စစ်တိုက်လောက ပေါ် ပေါက်ဘွယ်ရာအကြောင်းသာတည်း။ သင်တို့၏ပစ္စက္ခလုပ်ကိုင်နည်းကား ''အဝမ္ဘလမ်းစဉ်'' ၏ စည်းပိုင်း အတွင်းမှ လုပ်ကိုင်နည်း ဖြစ်နေ သည်။ ''လောဘခေါ် မထရားသဖြင့်ရသိုမ္ဘ'' နှင့်၊ ငါးကောင်းစားခေးဘခုကိုဈေးရှုသော ''နေ့ရှင်'' စနစ်ဖြစ်နေသည်၊ ထိုစနစ်သည်၊ လူတန်းစားကွဲပြားသွားမည်၊ ''ပစ္စည်းမဲ့အား'' ဆင်းရဲသွားမည်၊ ဆင်းရဲသားသားလျှင် များပြားမည်။ ပြည်သူ့ကောင်းစားရေး၊ အများချမ်းသာရေးဖြစ်နိုင်ပါမည်လား၊

(၁) ဤအလုပ်များကို။ ကလေး ဘဝက စ၍ လုပ်ကိုင်မှတ်သားရသဖြင့်၊ ဟုတ်သည် မှန်သည်ဟု အယုံအကြည်မရှိခဲ၊ တော်လှန်၍စွန့်လိုက်ကြ၊

သင်တို့၏အလုပ်များသည်၊ သူတပါးပစ္စည်းနှင့် တကွ၊ အိုး အိမ် ဝင်းခြံ၊ တိုင်းပြည် နိုင်ငံ ကို ပင်၊ ငါ့ဘာဖြစ်လျှင် ကောင်းလေစွဟု—ကြံစိမ့်စသော ''ဒုစရိတမနောကမ္မ'' ခေါ်၊ မထရားသောစိတ်ကို မွေးမြူပြီးလုပ်ခြင်း၊ သူ့ဘပါး သေပါလျှင်၊ငါကား ဥစ္စာစီးပွါး စိုးအုပ်ယူမည်စသေား—ဒါးမြ-စနစ်ဖြစ်သော၊ မတရားကြံစိမ့် ပြုလုပ်ခြင်း၊ ဤအလုပ်မျိုး သည်၊

တနေ့ကျသျှင်၊ ပြန်၍ခံရမည့်အမှန်ကိုမသိသော "မိစ္ဆာဒိဋ္ဌိ" ခေါ်—ဘဝင်မကျအသိမမှန်သော လမ်းစဉ်လုပ်ငန်းဖြစ်သည်၊ ဤအလုပ်များသည်၊ အများချမ်းသာရေးဖြစ်မလား၊

(၂) ဤအလုပ်များကို မိဘ ဘိုး ဘွား စသည့်များပင်၊ လုပ်ရိုးဖြစ်၍လည်း ဟုတ်သည့်မှန်သည်ဟု၊ မယုံကြည်ရ တော်လှန်စွန့်လိုက်ကြ၊

သင်တို့ အလုပ်သည်၊ မဟုတ်မမှန်သော ကုန်အရောက်နည်းသည်၊ ဈေး တက် သည်၊ အိမ်-နေပြီ။ ဈေးကျသည်စသော "ဒုစရိတဝစီကမ္မ" ခေါ်၊ လိမ်လည် ပြောဆိုကာ၊ အယုတ်တမာစနစ်ဖြင့်၊ တဦးတဦးအား၊ ကွဲပြားအောင်သွေးထိုး၍၊ ဆဲရေးမှု စည်းမျဉ်း တွေဖြင့်သာ၊ ပြောဆို သုံးစွဲ၍။ သူ့ထက်သာအောင်လုပ်ပါ။ သူ့ထက်သာအောင်ပေးကမ်းပါ၊ သူ၏အောက်ကျမခံပါနှင့်၊ သူ-၅ဝ ဈေးပေးလျှင်။ ဒါက ၅၅/-၆ဝ-ပေးပါ-စသော "အသမ" ခေါ်၊ မမျှတသော စနစ်မှ ပြောဆိုလုပ်ကိုင်ကြသည်။ ဤအလုပ်များသည်။မျှတ ညီညွတ်ရေးဖြစ်နိုင်ပါ့မလား၊

(၃) အခြားသူများ သမရိုး သမစဉ် ပြောဆို လုပ်ကိုင်ကြသည်ဟု၊ အယုံအကြည် မထားရ၊ ပယ်ဖျက်ထွန်းလှန်၍ စွန့်လိုက်ကြ၊

"ဒုစရိတကာယကမ္မ" ခေါ်—အဝိဇ္ဇာ မသမာသမ်းမျိုးမှ၊ သားသတ်ရုံ စသော သတ်ဖြတ်ညှင်းဆဲသည့်အလုပ်အကိုင်နားမလည်သူ၏မသိလေအောင်၊ ချိန်ခွင်တောင်ကတ္တား အားဖြင့်၊ ခေထိုး-ပွဲထိုး၍ သူ၏ ဥစ္စာကို ခိုးခြင်း။ အထင်အရှား

ခိုးခြင်း။ အမှန်မှာ—၁၅၀-ဈေး၊ ၁၂၀-ဈေးလောက်၌၊ ကုန် ၁၀၀-လျှင်၊ ငွေ-၃၀—၃၀ “ခေါင်းပုံဖြတ်” စနစ်ဖြင့် ခိုးခြင်းစသော မိစ္ဆာစာရခေါ်၊ ဖစ်ဆစ် အလုပ်မျိုးမှစ၍၊ ဒုက္ခကျိုးဝေသော ထွန်းကားလာမည့် စနစ်ဆိုးလုပ်နည်းကိုင်နည်း တွေသည်၊ သုခကျိုးတိုးတက်ရေး ရှိနိုင်မလား၊

(၄) သို့အတွက်၊- ဤလုပ်နည်းကိုသာ၊ တို့ဆရာဖြထား သည်ဟုလည်း၊ စွဲမြဲ၍အယုံအကြည်ရှိရ၊ ပယ်ဖျက် ဖြစ်လိုက်ကြ၊

“ဤကဲ့သို့ လောဘ-ခေါ်၊ မတရားရလို့” လောဘဇော ခေါ်-စိတ်စွဲမှုသည်၊ မိမိကိုပင် သတ်ဖြစ်တတ်သည်၊ ပစ္စည်း ရေးကိုမဆိုထားနှင့်၊ ဘာမျှမဟုတ်သော—လူ့ဖျို ရုပ်ကိုစွဲသမ်း သော—လောဘဇော သတ်သဖြင့်။ ဘီကျူ-ခေါ်၊ အနာ ဂါရမယ်ဖြစ်သော—မိန်းမဘဦး၊ မဝ်တတ်ထဲ၍ သေတူးပြီ။ အချို့မှာ ပစ္စည်းရေးနှင့်ပတ်သက်ပြီး၊ လည်ပင်းကြိုး ကွင်း တပ်ခါ ဖွဲ့ချ၍သေကြသည်၊ အချို့ ရေသို့ခုန်ချကာ၊ ကာဲ ဂုဏ်အတွက်၊ လောဘဇောဒဏ်ချက်ဖြင့် သေကြသည်၊ ထို့ ကြောင့် ပြောခဲ့သမျှ-မတရားလောဘ လုပ်နည်းများ သည်။ လုပ်သူအား သေဝ်လည်း ပြန်လည် သတ်တတ်သည်ဖြစ်၍၊ ပြည်သူ့ကြီးပွါးရေးကို အပထား၊ မိမိသည်ပင် မချမ်းသာ။

(၅) ထို့ကြောင့်၊ မိမိဘာသာ စိတ်ကူးသောအရာပင်၊ လောဘပါက၊ မိမိစိတ်ကူးကိုပင်—တွန်းသွန် ဖယ် ရှား၍ ဖြတ်တောက်ရမည်၊

အခါဘပါး၌၊ နတ်သားထယောက်က၊ နတ်သမီး အခြွေ

အရိုးများဖြင့်၊ နန္ဒဝန်ဥယျာဉ် အပျော်အပါးသွားစဉ်၊ နှောက် မလှမ်းမကမ်းမှ လိုက်လာသူ-နတ်သားက၊ ရှေ့ကအကောင် သည်။ သူ့စည်းစိမ်လေးလောက်ဖြင့်၊ ဟန်ပန်လေလန်ကြီး နေသည်ဟု—ပြောစကားကို၊ ရှေ့နတ်သားကြား၍၊ တယောခံ တခွန်းဒေါသပွါးဘူး။ မတရားသောစိတ်ထန်မှုကြောင့်၊ ထန် သောစိတ်က၊ ၎င်းနတ်သားအား၊ သေအောင်ပင် သတ်သွား ဘူးသည်၊ ဤကဲ့သို့ သင်တို့၏ အလုပ်များသည်။ တဦးတဦး မနာလို၊ ငြူစူ၊ ဝန်တို၍။ လုယက်လုယ်ကိုင်ရေးစသော၊ ဒေါ သအာဃာတခေါ၊ စိတ်ရိုင်း စိတ်ကြမ်း ရန်ညိုးထား၍ အ လုပ်လုပ်နည်းကား။ ဘယ်သို့ချမ်းသာနိုင်မည်နည်း။

(၆) ထို့ကြောင့်၊ အတုယူကာထားရသော တိုင်းတပါး မှ လုပ်ကိုင်နည်း ဟူ၍သည်း၊ ဤ အလုပ် များကို အယုံအကြည်ထား၍ မလုပ်နှင့်။

ကိုယ့်အချင်းချင်း၏ အပေါ်မှာ၊ မောက်မော်စွာမာနဖြင့်၊ မှားသောအယူအဆ လုပ်နည်း ကိုင်နည်း၊ မသိမလိမ္မာ၊ ငါ ဘုရား၏စကားတော်ကို မယုံ၊ ထိုင်းမှိုင်း ဖျင်းအ။ မတည် ကြည်၊ မဖြောင့်မတ်၊ ဤသို့သော အလုပ်တွေကို၊ ရှက်ရွံ့မှန်း မသိ၊ ကြောက်လန့်ရမှန်း မသိသော သူများသည်၊ ဘယ် အခါမှ မကြီးပွါး မချမ်းသာရ၊ ခိုးမှာပူပန်ရ၊ တိုက်မှာပူပန် ရလိမ့်မည်။ မိမိကား—၁၀-ချေးငှါးပြီး၊ ၃-နှစ်လောက်ကြာ က။ ၁၀၀-တန်၊ ၂၀၀-တန်ပစ္စည်းအား၊ မတရားသိမ်း ဆည်း၍ထားသော၊ လယ်မြေ၊ ရွှေ၊ ငွေ၊ စသော-ဓနရှင်အား၊ အဘယ်မှာ ချမ်းသာနိုင်အံ့နည်း။ ။ထို့ကြောင့်။—

(၇) ငါတို့မှာ မည်သူ့အား။ အားကိုးထားရသည် ဟု လည်း၊ အထက်ပါ-ငွေပေး-မြေသိမ်းအလုပ်မျိုးကို မလုပ်ရ။

သို့ကလောက် ပုပန်ရ၍ မချမ်းသာသော လုပ်ကိုင် ရေးရှုပ်ထွေးနေသော လောကကြီးဝယ်၊ ကိုယ်ပိုင်ဉာဏ် အသုံးပြုနိုင်သူ အဘယ်မှာရှိတော့မည်နည်း။ မရှိက၊ စည်းကမ်းခွဲ စိတ်ဖြင့်ပြောခါ လုပ်ကိုင်နေသမျှ အလုပ်တွေ သည်။ ငြိမ်းချမ်းမည်ဝေးစွ။ ဘယ်သို့မျှ အကျိုးမရနိုင်သည့်ပြင်၊ တ်ဘွိ ဘုရား၊တ်ဘွိတရား၊တိဘွိသံဃာများ-ထွန်းကား၍၊ အချောင်သမား၊ဘိန်းစား၊ ခါးပိုက်နှိုက် စသည် ထွန်းကား၍၊ တိုင်းတပါးလက်အောက်၊ဆိုက်ရောက်ကျွန်ခံရသောစနစ် သာဖြစ်၍နေသော အဝိဇ္ဇာ-မတရားပြုမှုလုပ်ကိုင်ခြင်းများကား။

(၈) ငါတို့ဘုရားဟောကြားသည်၊ ငါတို့အယူနှင့် ထပ်တူညီမျှသည်ဟု၊ အယုံအကြည်မထားရ၊ ဗိုဟ်ဖင်တော်လှန်ကြ။

ထိုခဲ့သို့ ပညာရှိခဲ့၍။ ဘုရားရောင်၊ တရားရောင်၊ သံဃာရောင်-ထွန်းကားနေသော၊ သင်္ကာလာမ—အမျိုးသားတွေမှာ၊ ဟိုဟာက ဟုတ်နိုးနိုး၊ သည်အရာက ဟုတ်နိုးနိုး-တွေးတောကာ၊ ဘုရားရောင်တို့၏ တရားရောင်ကိုသာမှတ်သား၍၊ ဝက်သတ်ပြီး ယဇ်နတ်အလှူ ပြုနေကြရသည်၊ နွားသတ်ပြီး၊ သားမြတ်အားသက်နုံးချည့်ပွဲ ပြုနေရသည်၊ ဝက်ကောင်လုံးကြော်၊ ကြက်ကောင်လုံးကြော် ဘုရားပွဲတော်တည်ကြသည်၊ အဘယ်ကောင်းကျိုးရမည်နည်း၊

**No. 10.**

(၉) ထို့ကြောင့်။ ဤအလုပ်မျိုးကား၊ ငါတို့သံဃာ တွေပြောကြသည်ဟု၊ အယုံအကြည်မရှိခဲ့၊ တော်လှန်တားမြစ်ကြ။

''ဥပမာ။'' ဤသို့ထွန်းကားသောဟင်းပြည်မှာ။ မြို့-ရွာ တည်ပုံ၊ လမ်းထားပုံ၊ နေထိုင်ပုံ၊ အိမ်ဆောက်၊ ကျောင်း ဆောက်ပုံ၊ လယ်ယာလုပ်ကိုင်ပုံစသော-စည်းကမ်းများရနိုင် ပါမလား၊ ဗေဒတာရေး၊ ကျန်းမာရေး၊ ကြီးပွါးရေး၊ ငြိမ်း ချမ်းရေးပြောပြသူ-ရှိနိုင်ပါမလား၊ ဤသို့မရှိနိုင်သောကြောင့်၊ သင်တို့ ကာလာမ-ဘုရင်နှင့်တကွ၊ ပြည်သူများသည်၊ ချမ်း သာရေးနှင့် ကင်းဝေးကာ၊ အငိုတရား၊ အပူတရား၊ အဆွေး တရား၊ အကုန်တရား-ဖြစ်သော၊ တရားယောင်——များဖြင့်၊ တန်ဆောင်မုန်းလမပြည့်ခင် ''သက်နိုး-အကျိုးကား'' သူခိုး မခိုးနိုင် စသော၊ ဂိုဏ်းတရား ''သိဒ္ဓိခမ္ဘာ'' အမည်ပါသော၊ ခနှင့် ထူထောင်ရေးတရား၊ ဘာမလှူလို မည်သူ့သည်၊ သူဆင်းရဲဖြစ်ရသည်စသော၊ လူတန်းစားခွဲခြားသော-ဝါဒြား ယောင်များဖြင့်သာ၊ ပြုလုပ်ဆောင်ရွက်ခါနေရသော၊ ကာ လာမ-တို့အား၊ အကျိုးများမည်လား။

(၁၀) ဤသို့သောအကြောင်းကြောင့်၊ ဖြစ်ခဲ့သမျှသော အလုပ်တွေကို လုပ်နည်း၊ ငါတို့ဆရာ့စကား ဟု၊ မှတ်ယူလုပ်ကိုင်ခြင်း မပြုခဲ့၊ စွန့်လွှတ်ကြ၊

အို-ကာလာမအမျိုးသားတို့၊ ''ဤအကျင့်အကြံနှင့်တကွ၊ လုပ်နည်းကိုင်နည်း'' တွေသည်၊ ကောင်းလည်း မကောင်း၊ အဖြစ်လည်းမကောင်း၊ ပညာရှိကဲ့ရဲ့စရာလည် ဖြစ်၍၊ ထိုအလုပ်

တွေကို လုပ်နေရလျှင်၊ စီးပွါးခဲ့၍ ဒုက္ခရောက်ဘို့ဘူ။ ယခု ကိုယ်တိုင်နားလည်ကြပြီမဟုတ်လော၊ ဤသို့နားလည်ကြပါက၊ ပစ္စက္ခအလုပ်တွေကို ပြုပြင်၍ပယ်လိုက်ကြ စွန့်လိုက်ကြ၊ လုပ်ကိုင်နေသေးသူအား၊ ဖြောဖြကြ၊ တားမြစ်ကြ၊ ဝိဇ္ဇာပင်ကြ၊ တော်လှန်ကြ၊ တိုက်ဖျက်ကြ၊ **အမျိုးမျိုး** ကြားနာနေရသောသင်တို့မှာ၊ ရှုတ်ထွေးသော အလုပ်အကြားမှ၊ ယုံမှားထွေးတောစရာပေဘဲ–ဟု။ ''ကိလေသာ'' ခေါ်၊ ပုပန်ဘို့စိတ်ထား၍ ''ဒုစရိတ'' ခေါ်၊ ဒုက္ခရောက်၍ဆင်းရဲများသောအလုပ်တွေကို၊ အမြစ်ကျန် တော်လှန်ပယ်ချနေ့၊ မစွဲလမ်းရာ-၁၀-မှာ့ကိုပါ မိန့်တော်မူပြီး၊ နားထောင်ကြ—ကာလာမအမျိုးသားဘို့၊ ငါဘုရားသည်၊ 'သဗ္ဗညုတာ' ခေါ်၊ အလုံးစုံသိနိုင်သော၊ ဉာဏ်ထူး-ဉာဏ်မွန်၊ဉာဏ်ဝင်းခွန်ကိုရသည်မှစ၍၊ ပြည်သူပြည်သားတို့အား၊ ဟောကြားပြသလုပ်ကိုင်စေရသော 'ဗုဒ္ဓဝါဒ'' ငါဘုရား၏ အဆုံးအမ သြဝါဒဖြစ်သော၊ သာသနာပြုလုပ်ငန်းမှ၊ ''သုစရိတ'' ခေါ်၊ ချမ်းသာနေ၊ ကြီးပွါးရေးဖြစ်ထွန်းသော၊ ပြည်သူ့အကျိုး၊ပြည်သူ့စီးပွါးသုခဖြစ်သော၊ လုပ်နည်းများကို အတိအကျစည်းမျဉ်းဥပဒေသ၊ ရေးဆွဲ၍ပြကဲ့မည်၊ မှတ်သားနည်းယူ၍လုပ်ကိုင်ဆောင်ရွက်ကြပြော၊ တည်တန့်ရေးကိုရှေးရှုသျှက် ''သဥပါဒိသေသ-ပြည်သူ့နိဗ္ဗာန်'' လုပ်ကိုင်ရန်များကို ''ဒိဋ္ဌိကအနုဗိ'' ပြည်သူ့အကြိုက် ''ဗုဒ္ဓဝါဒ-သုစရိတ''ကိုဟောပြတော်မူပေသတည်း။

ကောက်နှုတ်၍ပြသော၊
၂ “တော်လှန်ရေး ဥပဒေသ”

ထိုကဲ့သို့ ကာလာမအမျိုးသားတို့အား ဗုဒ္ဓကိုယ်တော်တိုင်ဟောကြားသော၊ ခံစွဲလမ်း၍လုပ်ကိုင်ရာ၌ဆယ်ဌာန ဥပဒေသကို ကောက်နှုတ်၍ပြပါမူ။

**“ကလေးဘဝ စဉ်မှလျှင် ကြီးရဘန်ဘန်”**

“ပဌမ” အချက်မှစ၍။ “ဒသမ” အချက်သို့တိုင်အောင် ဘောင်ဖြ သွားသော။ မိန့်ခွန်းတော်အရပ်ရပ်တွင်။ ပဌမမိန့်ခွန်း၏ ဥပဒေသ၌ လုပ်နည်း ကိုင်နည်းများကို၊ မပြုပြင်ပါဘဲ၊ လုပ်မြဲရှိ၍နေသော တိုင်းပြည် ဟူသမျှ၏-စစ်ဒုက္ခခေါ်-စစ်ငွေ့ စစ်ဒဏ် အမြဲတန်းခံနေရသဖြင့် ‘ငြိမ်းချမ်းခွင့်” အဘယ်မှာ ရတော့မည်နည်း၊ ‘ဥပမာ” ရွာကြီးတရွာမှာ၊သုံးနှစ်ဘကြိမ် မီးလောင်မြဲဖြစ်နေသည် ဆိုပါတော့၊ ထိုရွာကြီးမှာ။ သုံးနှစ်-သုံးနှစ်လှုပ်ကိုင်၍။ မီးစာသော ဆက်သ၍နေကြ ရသော့မည်၊ မီး၏ စားဖတ် ဝါးဖတ်ကိုသာ ကြီးစားအားထုတ်ကြ၍ပေတော့မည်။ ချမ်းသာဘို့ကား၊ လုံးဝ-မဖြစ်နိုင်တော့၊ ထို့အတူ၊ ဤအပြုအမူမျိုးကို တော်လှန်၍မပြုပြင်ဘဲ နေနိုင်ကြမည်လော။

**“ပရံပရ၊ မိဘ ဘိုးဘွား၊ ဆက်ဆက်အားဖြင့်၊ မှတ်သားခဲ့အံ ပြိုးရှိ၏”**

“ဒုတိယ” မိန့်ခွန်း၏ ဥပဒေသ၌၊ မနောကံ ဒုစရိုက်ကို ပြုထားသည်၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဟု ခေါ် သော၊ စိတ်နေစိတ်ထား၊ (သူ့ဥစ္စာမှန်၊မတရားကြံ၍၊ ၁-ဖေါက်ပြန်သော ကြံ ပျက်စေလိုခြင်း-၂၊ အယူမှား-၃) ဟူသော ဤစိတ်ထားမျိုးကို တော်လှန်၍ ပြုပြင်ဘဲ နေနိုင်ကြမည်လော။

“ဇာတိ,,ကိရ "တတိယ" မိန့်ခွန်း၏ ဥပဒေသ၌၊ ဝစီကံ ကြားလူက စပြော”ဒုစရိုက်ကို ပြထားသည်၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ ဟူခေါ် သောအပြောမျိုးတွေ (ဖွည့်စား-၁။ ရန်တိုက်-၂။ မိုက်မိုက် ကန်းကန်း နှုတ်ကြမ်းလေခြင်း-၃။ ပိန်ဖျင်းစကား-၄။) ဟူ သော အပြောမျိုးများကို၊ တော်လှန်၍ မပြုဖြင်တဲ့ နေနိုင်ကြ မည်လော၊

“ကျမ်းသဘောနှင့်၊ "ဝတ္ထု" မိန့်ခွန်း၏ ဥပဒေသ၌၊ ကာယကံ နှိုးနှော့ညီဖြန်” ဒုစရိုက်ပြထားသည်၊ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ-ဟူခေါ် သောလုပ်ကိုင်နည်း (သတ်သတ်-၁။ ခိုးမှု-၂။ ကာမေသု-၃) ဟူသော အလုပ်အကိုင်တွေကို တော်လှန်၍ မပြုဖြင်တဲ့ နေနိုင်ကြမည် လော။

“အကြံသထ်သက် "ပဉ္စမ" မိန့်ခွန်း ဥပဒေသ၌၊ ကိလေသာ ကြံစီချက်တည်း” ဆယ်ပါးမှ၊ လောဘ-ကိုပြထားသည်၊ ဤသို့ မတရားလိုချင်မှုသည်။ ဘယ်သောအခါမှု- ကောင်းကျိုးကို မသိတတ်နိုင်ပါ။ ထို့ကြောင့် “လောဘ” ခေါ်၊ သဘာဝဓာတ်က—လူကိုပင် ဖြန့်၍သတ်ဖုံ ပြထားပါ သည်၊ ဤသို့သောရန်သူအား တော်လှန်၍ မပြုဖြင်တဲ့နေနိုင် ကြမည်လော၊

“တနည်းဖွန်းဆ "ဆဋ္ဌမ" မိန့်ခွန်း၏ ဥပဒေသ၌၊ ကိလေ နည်းထမ်းရ-ယူ” သာဆယ်ပါးမှ ဒေါသကိုပြထားသည်၊ ဤ သို့မတရားခက်ထန်မှုသည်၊ ဘယ်သောအခါ

မှုကောင်းကျိုးကိုမသိထိုက်နိုင်ပါ၊ သို့ဖြစ်ပါ၍ "ဒေါသ" ခေါ် သဘာဝဝေတ်ကား၊ မိမိကိုယ်ပင်ဖြန့်၍သတ်ပုံကိုပြထားသည်၊ ဤသို့သောရန်သူအား တော်လှန်၍ မပြုပြင်ဘဲနေနိုင်ကြမည်လော။

**''တမူအကြောင်း ကြံကောင်းကြံရ''** ''သတ္တမ'' မိန့်ခွန်း၏ဥပဒေသ၌၊ ကိလေသာဆယ်ပါးမှာ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပများကို ပြထားသည်၊ ဤသို့မသာရေးရလိုမှုစသော ကိလေသာဆယ်ပါးသည်။ လုပ်ကိုင်သူအားသာလျှင်၊ သောင်ကျွမ်း ခဲ နိုင်သော၊ မီးဆယ်ပါး အပူတရားများကို၊ တော်လှန်၍ မပြုပြင်ဘဲနေနိုင်ကြမည်လော။

**''ကိုယ့်ယူဆကို အားရနှစ်သက် ညီညွတ်ချက်ပါ''** ''အဋ္ဌမ'' မိန့်ခွန်း၏ဥပဒေသ၌၊ ထိုမတရား သမျှ လုပ်ကိုင်နေကြသောလောကမှ။ သင်ကြားရေးသော ပညာရပ်များကား၊ထက်မြက်သည့်တိုင်အောင် ပညာရှိဟု ဆိုထိုက်သူမရှိနိုင်တော့ရကား၊ နောက်ဆုံးကျွန်သပေါက်ဘဝ၊ လက်အောက်ခံဖြစ်ကြရပုံတွေကိုကား၊အထူးရေးသားရန်မလိုပါ၊သို့ဖြစ်၍လည်း၊ တော်လှန်၍ မပြုပြင်ဘဲနေနိုင်ကြမည်လော။

**''ရဟန်းမှာမူ ပြောရာမှန်ကန် ဖြစ်သင့်တန်၏''** ''နဝမ'' မိန့်ခွန်း၏ ဥပဒေသ၌၊ထိုသို့သော အဝမ္ဗလေးကမှာ၊ အစစ် အမှန် နည်းပါးပြီး၊ အယောင်ဆောင် အချောင်ဖြစ်သော အတုဝနစ်တွေဖြင့်၊မဘောင်မချော်ကသာများ သော မည်၊ ဥပမာ၊ အမဲသားကျွေးသော အလှူ့ရှင်တဦး၊ ကျွေးမွေးသဲ၊အမဲသားမလောဘ်၍ အိမ်၌ရှိသော-ထိပ်ကွက်ခလေး

အား-စိမ်ချက် ချလိုက်ရသခဲ့သို့၊ ဆွမ်းတော်တင်-ဆွမ်းတော် ကပ်စသည်များ၌၊ လက်တွေ့ပင်လျှင် များပြားနေချေပြီ၊ ထို့ကြောင့်သည်း၊ ဤသို့သော “ကိလေသာ နုစရိတ” အလုပ်မျိုးများ အား တော်လှန်၍ မပြုပြင်ဘဲနေနိုင်ကြမည်လော။

“တဖန် ဆူဟာ “ဒုသမ” မိန့်ခွန်း ၏ ဥပဒေသ၌။ ပြုပြင်ခ

နို့ဆရာဟု” မည့်အလုပ်ငန်းရေး များပြားစွာ ကိုဖြသား

သည်။ မြို့-ရွာတည်ပုံ သန့်ရှင်းရေးပင် ဖြစ်ပေ

၏၊ သန့်ရှင်းမှုလည်း၊ ကျန်းမာရေး ဖြစ်နိုင်မည်၊ ကျန်းမာမှုလည်း၊ ကြီးပွားရေးဖြစ်မည်၊ ကြီးပွားမှု-ချမ်းသာရေး ရနိုင်မည်ဖြစ်ရာ၊ ဤနည်းများကို ခပ်မြန်မြန် ပြုပြင်သင့် ကြပေသည်။ ဥပမာ။ ဈေးက ကျောင်းနှင့် နီးကပ်၍နေသော အိမ်က။ (နင့်အဘေ ကုန်ဝယ်သွား အိပ်ပါတော့သားဟု၊ ခလေး ချော့သတဲ့။ ကျောင်းက-ဘုန်းကြီးက၊ ညမှဟော-ညမှ ညဖှ ဟု၊ စာအံပါသတဲ့။ ဤခဲ့သို့ရှုပ်ပေါင်းပေါင်း၊ ထိုထိုသို့သော အကြောင်းများကြောင့်၊ ဤသို့သောလောကအားတော်လှန်၍ မပြုပြင်ဘဲနေနိုင်ကြမည်လော၊

“ထို့ကြောင့်၊ ဆယ်ဖြာအမှု အကြောင်းရပ်ကြောင့်၊ အပြုတိမ်းစောင်း မှားမကောင်းသည်၊ အပေါင်း ပြုပြင် ကြစေသော်၊ “အနှာ” ပထမ-ဥပဒေသမှစ၍၊ ဘေးဘ ရံ၍ ဖြခဲ့သော၊ လင်္ကာစကား အကျဉ်းအားဖြင့်၊ ဤ-ဆယ်ဖြာအမှုသို့စပ်၍ မှတ်သားထိုက်သဖြင့်။ ဖော်ပြလိုက်ရ ပါပေသတည်း။

**တော်လှန်ရေးပြီးစ၊ ဝိပဿနာနည်းဝိုင်းမှ၊**
**၃ “ပထမလုပ်ကိုင်ရေးဝါဒ၊”**
**“ထောက်မှန်ပေါ်တွင်၊ ကိုယ့်ရုပ်သွင်ကို၊ ဆင်ပြင်သမှု၊ နေ့စဉ်ရှုသို့၊**
**ယခုအခါ၊ မှန်လိုမှန်း၍၊ ရှုပ်မီးစောင်း၊ ဒို့ပြည်ခွင်ကို၊**
**ပြုပြင်စေဘို့ ပြည်သူတို့၊”**

---

ဗုဒ္ဓ-ရှင်တော်သည်၊ ကာလာမ-အမျိုးသားတို့၏လုပ်နည်း ကိုင်နည်း၊ ဒုစရိတ ကိလေသာနည်းစဉ်ကို ထွန်းဖော်ပယ်ချ၊ ကွယ်ပပေပြီးနောက်၊ အခြေအနေအရ၊ ဗုဒ္ဓဝိပဿနာ နည်း ဝိုင်းမှ၊ ပထမလုပ်ကိုင်ရမည့် “သုစရိတ” ကို၊ ဗုဒ္ဓ—အလို တော်ကျ အမိန့်ချတော်မူသည်မှာ၊ နားထောင်ကြ—အသင် ကာလာမတို့၊ ငါဘုရား၏ ဝါဒသည်၊ ကြီးပွား ချမ်းသာ၍ ရန်ငြိုးငြိမ်းရေး၊ လက်နက် ပပျောက်ရေး၊ စစ်လောဘကွယ် ပရေးများသာတည်း။ ပြည်သူ့အကျိုးထွန်းကား၍ တိုးတက် ရေးရှိသော၊ ယခုပြောပြမည့်အလုပ်အကိုင် များမှသာလျှင်၊ ဝိပဿနာ နည်း ဝိုင်း အ တွင်း မှ၊ အခြေခံ တရပ် ဖြစ်၍။ “အလောဘ” ခေါ် တရားသဖြင့်သာလျှင်၊ လိုချင်ရချင်သော လမ်းစဉ်မှ၊ ပြည်သူ့ကောင်းစားရေးလုပ်ငန်းဖြစ်သဖြင့်၊ သူ တန်းစားမှုတမည်၊ “သမစိတ္တ သမာဆန္ဒ” ခေါ်၊ သာတူ ညီမျှဖြစ်ရလိမ့်မည်—မှတ်သား၍ အကဲ အကျ ပြုပြင် ပြီးလျှင်၊ တကယ်တန်းဆောင်ရွက်လုပ်ကိုင်ကြရပေလိမ့်မည်။

**မနောကမ္မ သုစရိတ။** သင်တို့အား၊ စတင်လုပ်စေရမည်မှာ၊ စိတ် ကိုပင်-ပထမ ပြုပြင်ဘို့အရေးကြီးသည်ဖြစ်၍၊ စိတ် သန့်ရှင်းရေး—ဘဝင်ကျ ရေးခေါ်—စိတ် အလုပ်ကိုပြုမည်၊ သင်တို့၏လုပ်ရိုး၊ ကိုင်ရိုး၊ အမူအမှုမျိုး

ထွေကို ဘယ်အခါမှ မလှုပ်တော့ဟု၊ စိတ်ပိုင်းထားလိုက်ပါ။ ပြည်သူ့အသက် ရှေရှေ-ရှေကြောင်း "ကျန်းမာရေး" ပြည်သူ့ဥစ္စာ တိုးရာဘိုးကြောင်း "စီးပွားရေး" ပြည်သူ့ကလေး ပြည်သူ့အမျိုးသမီး-ဂုဏ်သရေ ရှိရာ ရှိကြောင်း "လိမ္မာရေး" ဤအလုပ်များ ကိုသာ၊ ပြည်သူ့ကျိုးဖြစ်၍ ရွက်ဆောင်လုပ်ကိုင်မည်ဟု။ စိတ်ဘာဝင် ကျပါစေ၊ နောက်ဆုံးမှာ သင်၏ ငို့ဘာ စနစ်ဖြင့် သိုလှောင်ထားသော အတွင်းပစ္စည်း၊ စက်ရုံ တိုက်တာ၊ လယ် ယာ ဥယျာဉ်စသော၊ အပြင်ပစ္စည်း၊ ဤပစ္စည်းများ သည်ပင်၊ ပြည်သူ့ အကျိုးစီးပွား ဖြစ်ပါလျှင် ကောင်းလေစွဟု စိတ်မနောပြည့်ဝပါစေ။ ဤသို့လုပ်မှ ငြိမ်းချမ်းရေးဖြစ်မည်ကို ယုံကြည်ထားပါ။ "သမ္မာဒိဋ္ဌိ" ခေါ်သည်၊ ဤစနစ်မျိုးကို လုပ်ကိုင်ဆောင်ရွက်မှ၊ တဦးနှင့်တဦး၊ သမစိတ္တရှိကာ၊သူခိုးဒါးပြ-မပေါ် ပေါက်နိုင်ပါ၊ ထို့ကြောင့်-

(၁) ဤအလုပ် သည်သာ။ ဘုရားဆုံးမ ဩဝါဒ သာသနာဟူ၍ စွဲမြဲယုံကြည်၊ အသင်တို့၏စိတ်မနော တည်ကြည်စေရမည်။

ဝစီကမ္မ သုစရိတ၊

ဤသို့ပြုလုပ်ခြင်းသည်၊ ရောင်းဝယ်ရေးကလည်း ပြည်သူ့ ရောင်းဝယ်ရေး၊ ဘဏ်ကလည်း ပြည်သူ့စီးပွား ပြည်သူ့ဘဏ်၊ မည်သူက မည်သူ့လိမ်စရာ ရှိဦးမည်နည်း ။ တရားသော ရောင်းဝယ်ရေး ဖြစ်ရတော့သည်၊ တဦးတဦး သွေးထိုး ဂုံးချော ကောဇ်ပြောစရာရှိနိုင်တော့မည်လား။ သို့ထက်ငါဟူသော

**No. 11.**

စနစ်ဆိုး ပေါ် ပေါက်နိုင်မလား။ သူ—၅၀ ရေးရလျှင်၊ မိမိလည်း—၅၀ ရေးသာတည်း။ ဤသို့သော လုပ်နည်းတွေကိုသာ တိုက်တွန်းပါ၊ ပြောဆိုပါ၊ အချင်းချင်း ဝေ ဘန် ပါ။ "သမာဆန္ဒ" ခေါ် သည်၊ ချမ်းသာနိုင်သည်၊ ကြီးပွားနိုင်သည်၊ ငြိမ်းချမ်းနိုင်သည်၊ ဤသို့သောတရားသဖြင့်လုပ်ကိုင်ခြင်းသည်။ ငါတဦးတည်းလုပ်မည်ဟု လုပ်လိုပါလျှင်၊ သင့်တော့ သင့်ပါ၏။ သို့သော်၊ ငါ့ တစနစ် အမြစ်တွယ်နေသည်၊ "သမစိတ္တ သမဆန္ဒ" တညီတညွတ်စုပေါင်း လုပ်ကိုင်ရေးသို့ရှေးရှုသော၊ အချင်းချင်း စနစ်သည်၊ သင့်သေး၏။ ဤသို့ ငါ့ တမဟုတ်ခဲ့တဲ့၊ ပြည်သူ့ အကျိုးမြှော်ကိုးသော၊ ဆွေးနွေးပြောဟောဆောင်ရွက်ခြင်းသည်ကောင်း၏။

(၂) ထို့ကြောင့်၊ ဤအလုပ်သည်သာ၊ ဗုဒ္ဓဝါဒ ကျသည်ဟု စွဲမြဲယုံကြည်၍ ဖြောင့်ဖြောင့်ပြောဟော လုပ်ကိုင်ဆောင်ရွက်ရမည်။

**ကာယကမ္မ သုစရိတ။** ထည့်ရောက်စွာ လုပ်ကိုင်ရမည့်မှာ၊ သားသတ်—တာ သတ်စသော၊ ရုံကြီး၊ ရုံသေး၊ ပိတ်ပင်ရေး၊ သူတပါးကိုလည်း မလုပ်စေရ၊ မိမိလည်းမလုပ်ရ၊ သေသောက်ကြူး၊ သူခိုး၊ ခါးပိုက်နှိုက်၊ တားမြစ်ရေး၊ မိမိသည်းမလုပ်ရ၊ သူ့တပါးဝင်းခြံအိမ်ရာ၊ သားသို့၊ မယား၊ မစော်ကားရ။ ဤအလုပ်မျိုးသည်သာ၊ ကောင်းသော လုပ်နည်း ကိုင်နည်းဖြစ်ပေသည်။ မသူတော်၊ မသမာစနစ်မျိုး ကွယ်ပဇစနိုင်သည်၊ ဥပမာ၊ ဆိုင်ဘဆုံင်တွင်။ ဆိုင်ရှင်မရှိက၊ ကျသင့်သမျှ—ချိန်တွယ်ခါယူ၍၊ ကျသင့်သမျှ

ကြေးငွေကိုတိတိကျကျထားခဲ့နိုင်သည်။ အဘယ်အလုပ်မဆို စိတ်ချလက်ချ လုပ်နိုင်ရမည်၊ တဦးတဦး ယုံကြည်နိုင်သည်၊ ဤအကျိုးများကိုထောက်ထားသဖြင့် သိသင့်ကြသည်၊ လုပ်ကိုင်သင့်ကြသည်ဟု၊ စိတ်ရော ကိုယ်ပါ၊ ရှက်ဆောင်ကြပါလျှင်၊ ပြည်သူ့စီးပွားရေး ကြီးပွားရေး တို့ဖြင့်၊ ပိုလျှံ၍နေသော၊ အသင်တို့ပြည်သူ့ဘဏ်တွင်၊ ချမ်းသာရေးသုခတည်တန့်ရတော့မည်၊ သို့ဖြစ်၍၊—

(၃) ဗုဒ္ဓဝါဒ၊ ဘုရားပွင့်မှ ကြားသိရသော ချမ်းသာနည်းများကို၊ တညီတညာ တစုတပေါင်းအလုပ်ကောင်းဟု မှတ်ယူရမည်။

**ပုညကြိယာ မြတ်ဆယ်ဖြာ၊** ထို့ကြောင့် အသင်တို့ နိုင်ငံ မှာ၊ အများ သက်သာချောင်ချိမှုမှ၊ ပြည်သူ့ငြိမ်းချမ်းရေး တည်မြဲကာ၊ ပြည်သူ့ထောက်ပံ့ရေး၊ ပြည်သူ့အား တရားသဖြင့် စောင့်ထိန်းရေး၊ ဤအလုပ် ဝတ္တရားတွေကိုသာ၊ အနုစိပ် အသေးစိပ် အားဖြင့် ပွားများလုပ်ကိုင်ပါ၊ ဤဝတ္တရား အလုပ်ကို ရှိသေပါ။ ဤအလုပ်များကိုသာ ကူညီပါ၊ ပြည်သူ့ အကျိုးကိုသာ လိုလား ဆောင်ရွက်ပါ၊ ဤသို့လုပ်နည်းကို ဝမ်းမြောက်ပါ၊ နားထောင်ပါ၊ ဤလုပ်နည်းများကိုဟောပြပါ၊ ဤအတိုင်း အယူဖြောင့်ပါစေ၊ သို့မှသာလျှင်။ အစိုးရသည် ဘာလဲ၊ ပြည်သူ့အစိုးရ၊ ရုံးသည် ဘာလဲ၊ ပြည်သူ့ရုံး။ ဆေးရုံသည် ဘာလဲ၊ ပြည်သူ့ဆေးရုံ။ ဘဏ်သည် ဘာလဲ၊ ပြည်သူ့ဘဏ်၊ စက်ရုံသည် ဘာလဲ၊ ပြည်သူ့စက်ရုံ၊ သယ်ယူပို့ဆောင်ရေးသည် ဘာလဲ၊ ပြည်

သူ့သယ်ယူပို့ဆောင်ရေး၊ မြေယာသည် ဘာလဲ၊ ပြည်သူ့မြေယာ၊ လုပ်ကိုင်ရေးသည် ဘာလဲ၊ ပြည်သူ့လုပ်ကိုင်ရေး၊ ရောင်းဝယ်ရေးသည် ဘာလဲ၊ ပြည်သူ့ရောင်းဝယ်ရေး၊ တေနာသည် ဘာလဲ၊ ပြည်သူ့ရတနာ၊ မြေသည် ဘာလဲ၊ ပြည်သူ့မြေ၊ နေ့ဝင်ပိုင်လား၊ ပြည်သူပိုင်၊ ဘုရင်ပိုင်သလား၊ ပြည်သူပိုင်၊ ဤသို့ဖြစ်လာပါလျှင်၊ “ဒုစရိတကိလေသာ” ပါနိုင်သေးသလား၊ မပါပါက၊ ပညာကရိယာခေါ်–မပူမပင် ချမ်းသာစွာ လုပ်ကိုင်ရသော အလုပ်ကောင်းဟုခေါ်ရပါသည်၊ ထို့ကြောင့်၊ ဤသို့သော အလုပ်ကိုသာ။

(၄) “သုစရိတ-ပညာကရိယ” ဗုဒ္ဓဝါဒဟု၊ အသိအမှတ်ပြုပြီး၊ အပြစ်မရှိကောင်းသော အကျိုးကိုပေးခြင်းလက္ခဏာရှိ၏ဟုမှတ်။

**သတိပဋ္ဌာန်၊** ဤသို့ပြခဲ့ပြီးသော “သုစရိတ-ပညာကြိယာ” လုပ်နည်း ကိုင်နည်းသည်သာ၊ ဟုတ်မှန်သော နည်းသာဘည်းဟု၊ သက်ဝင် ယုံကြည်သော စိတ်၏ တည်ကြည်ဖြောင့်မတ်စွာထားခြင်းဖြင့်၊ ပူပန်ရ၍ အကျိုးမရှိသော အလုပ်တွေကို လုံ့လနဲ့ပြုတော့တဲ့ ပယ်ဖျောက်စွန့်ပြစ်ရမည်၊ ဤကဲ့သို့ တည်ကြည်သောစိတ်ဖြင့်။ ကိုယ်နေကိုယ်ထားကိုလည်း တည်ကြည်ပါ။ ဗုဒ္ဓဝါဒ နည်းစနစ်များ၏ အကျိုးစီးပွား ချမ်းသာတရားကိုသာ သုံးသပ်၍ လုပ်ကိုင်စေရမည်။ တရားသဖြင့်သော ပြည်သူ့အကျိုး မြှော်ကိုးဆောင်ရွက်ပါ။ ကြီးပွားသော သတိ ရှိပါစေ။ သတိသာလျှင် ပြဋ္ဌာန်းစေ၍။ ဘယ်သော အခါမှ မေ့ခြင်းဌါမဖြစ်စေသင့်၊ ထို့ကြောင့် ဤ

သို့သတိရှိသင့်သော အချက်လေးချက်ကိုလည်း ဂရုပြုစေကြရမည်။

**သမ္မပ္ပဓာန်၊** ၎င်းနောက် ရိုးရာသို့မငဲ့တော့ဘဲ၊ မဘော်မပြန် ဤအလုပ်ကိုသာ အားထုတ် ခြင်းဖြင့်၊ မပြုလုပ်သေးသော ဒုစရိုက်လေသာကို၊ နောင်ထဖန်မဖြစ်စေရ မလုပ်ကိုင်ရ၊ ဖြစ်ပြီးသော လုပ်ခဲ့ ပြီး သော အကျိုးခဲ့ အလုပ်တွေကို၊ ယခုပပျောက်စေ၍ နောင် ထင်မံ မလုပ်ရ။ မလုပ်ရသေးသော ပြည်သူ့အကျိုးကိုသာ။ သည်ပိုး ရွက်ဆောင်၍ ဖြစ်ထွန်းအောင်အားထုတ်ပါ၊ ဖြစ်၍နေသောပြည်သူကောင်းကျိုးကို တည်မြဲစေရမည်၊ ဗုဒ္ဓါဒိတည်မြဲရေးသို့ ရှေးရှုရန်၊ ဤလေးပါးနှင့် သတိလေးချက်၊ ကောင်းစွာ သဘောထားနိုင်ရန်၊ ဆန္ဒ၊ ဝီရိယ၊ လုံးသ-ထားကြလေ။

(၅) ဤသို့သော သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ထက်ဆန် ပြည့်ဖြိုး ကောင်းကျိုးကိုသာ၊ ဓမ္မရတနာဘု ယုံကြည်သင့်ပေသည်၊

**ဣဒ္ဓိပါဒ် နှင့် ဇာနေ္ဒြ၊** ထိုကဲ့သို့ လုပ်ကိုင်ခြင်းဖြင့်၊ အတွင်နှံ့အထိဝ် သို့ရောက်စေနိုင်သည်ဖြစ်ရကား။ သင်တို့၏ နိုင်ငံတော်သည်။ ကမ္ဘာ့တွင် စံပြနိုင်အောင် ကြိုးစားပါ။ ဖြစ်ရမည်-ဖြစ်နိုင်သည်။ ဣဒ္ဓိဝါဒဖြင့်သာလျှင် ကြိုးစိုးသိုးသာဆန္ဒ၊ ကြိုးစိုးလိုသောဝီရိယ၊ ကြိုးစိုးလိုသော စိတ်ဓာတ်၊ ကြိုးစိုးလိုသောဝိမံသခေါ်-ဥာဏ်မြင်များကို ရှေ့ထား၍ လုပ်ကိုင် ပြုပြင် ပါလျှင်၊ မဖြစ်နိုင်စရာမရှိ၊ ဖြစ်နိုင်ကြောင်း အကောင်းဆုံးနည်းများသာဘည်း၊ ဗုဒ္ဓဝါဒသည်၊

ကမ္ဘာတရလုံးကိုပင် လွှမ်းမိုး၍ အစိုးတရဖြစ်နိုင်ပေသည်ဟု၊ ယုံကြည်ရေး၊တည်တန့်ရေး၊ လုပ်ကိုင်ရေး၊ တည်ကြည်ရေး၊ လိမ္မာရေး-စသည့် သည်၊ အုပ်ချုပ်ရေးငါးချက်ဖြစ်ပေသည်၊ အသင် ကာသာမ-တို့သည်။ ဤစည်းမျဉ်းငါးချက်ကို၊ပန္နက် မြှုပ်ပြီး ပြုပြင်ဆောင်ရွက်သင့်ကြပေသည်၊ ဤအမေးများဖြင့် သာ။ ဇုဒ္ဓဝါဒ တည်တန့်မှုမိုးနိုင်ခြင်းဖြင့်· သင်တို့အလိုမရှိ သော စနစ်ဆိုးဖြစ်သေး။ ဖစ်ဆစ်မြူရှိကရက် စသော၊ အ ချုပ်အချယ်သေး ကင်းဝေးကာ၊ လွတ်ငြိမ်း ချမ်းသာခွင့်ဖြစ် သော လွတ်လပ်ရေး၊ ငြိမ်းချမ်းရေးတို့ဖြင့် ခံစားကာ။ လက် တွေ့နိဗ္ဗာန်၊ သဥပါဒိသေသနိဗ္ဗာန်ပင်ဟုဆိုရသော၊ လောကနိဗ္ဗာန် ကမ္ဘာ့ငြိမ်းချမ်းရေးရှေးရှုနိုင်အံ့။

(၆) ဤသို့သော လောကနိဗ္ဗာန် ငြိမ်းရာမှန်သော၊ ဗုဒ္ဓ ဝါဒ၊ အတိတကျ ယုံကြည်စိတ်ချ လိုက်နာကြရ ပေလိမ့်မည်၊

မိုလ်နှင့် မောင်းလျင်။ ထိုသို့လုပ်ကိုင်ရေးဖြင့်ခိုင်ခံ့စွာ တည်မြဲနိုင် ရန် အားထားရမည်မှာ၊ ပြည်သူ့ယုံကြည် ရေး၊ ပြည်သူ့တည်ကြည်ရေး၊ ပြည်သူ့လုပ် ကိုင်ရေး၊ ပြည်သူ့ဖြောင့်မတ်ရေး။ ပြည်သူ့ပညာရေးများ ကို အားထားခြင်းဖြင့် သာလျှင်၊ ဆောင်ရွက် လုပ်ကိုင်သင့် လေသည်၊ ထိုသို့ လုပ်ကိုင်ကြရာ၌။ သတိ၊ ပညာ၊ ဝိရိယ၊ ဝိတိခေါ်–နှစ်သက်ဝမ်းမြောက်ခြင်း။ ပဿဒ္ဓိခေါ်-လေးစား ခြင်း။ သမာဓိဥပေက္ခာခေါ်–သင့်တင့်ကောင်းမြတ်နေသော အလုပ်ဝတ္တရားအားသားရှေးရှုခြင်း။ ဤအချက် ခုနစ်ခု (၇)

ကိုလည်း ဂရုပြုသင့်ပေသည်၊ ဤ(၇) ချက်ဖြင့် အလုပ်ကောင်းဟူသမျှ၏ အပေါ်မှာကျေးဇူး တည်စေရပေလိမ့်မည်။ သို့ဖြစ်၍၊ ငါဘုရားသည်၊ ခပ်သိမ်းသော အကျိုး စီးပွားကို ရှာဖွေဆောင်ညွှန်ပြရန် ပွင့်တွန်းခဲ့၏၊ ငါ၏တရားသည်သည်း အများ၏ကောင်းကျိုးကိုသာဆောင်သောသြဝါဒသာတည်း၊ ဤအတိုင်းသာ လုပ်ကိုင်သူ ဟူသမျှ သည်သည်း။ “သဒေတိကျ္ခတိဝုစ္စတိ” ခေါ်။ ကိလေသာဒုစရိတ ထောင်လွှန်ရေး ပါတီဟူသမျှ၊ ငါ၏ချစ်သား—ချစ်သမီးများသာ တည်း၊ ကြိုးစား၍ အားထုတ်လော၊

(၇) သို့ဖြစ်၍၊ စနစ်ကျလှသော ဤသို့ လုပ်ကိုင် နည်းများဖြင့်သာ၊ ပြည်သူ့ဝတ္တရားယုံကြည်စွာ အားထားသင့်သည်၊

မင်္ဂလာရှစ်ဖြာ၊ ဤသို့အားဖြင့်။ ပထမလုပ်ကိုင်ရမည့်။ ဗုဒ္ဓဝါဒကို အခြေခံလုပ်ကိုင်ရေး အရေးသုစရိတစည်းမျဉ်း၊ ပညာကြီးယာစည်းမျဉ်း၊ သတိပဋ္ဌာန်စည်းမျဉ်း၊ သမ္မပ္ပဓာန်စည်းမျဉ်း၊ ဣဒ္ဓိပါဒ် စည်းမျဉ်း၊ ဣန္ဒြေ စည်းမျဉ်း၊ ဗိုလ် စည်းမျဉ်း၊ ဗောဇ္ဈင်စည်းမျဉ်းအားဖြင့် ဖြဲ့ပြီးဖြစ်ရာ။ ထိုသို စည်းမျဉ်းအရ ဖွဲ့မြဲ၍သာလုပ်ကိုင်ရမည်၊ သဒ္ဓါဒိဋ္ဌိခေါ်သည်၊ ဘာမှာသက်ပွခေါ်—သဒ္ဓါဒိဋ္ဌိရေးရာများကိုသာ၊ စဉ်းစားပါ၊ ဝေဘန်ပါ။ စိစစ်ပါ။ ကြံစည်ပါ။ စိတ်ကူးပါ။ စိတ်ကူး၍ ဗုဒ္ဓဝါဒ ကျကျနန ပြောပြပါ၊ ဟောပြပါ၊ လုပ်ကိုင်ပါစေ၊ ဆောင်ရွက်ပါစေ၊ ပြုပြင်ပါစေ၊ တည်ထောင်ပါစေ၊ သို့မှသာလျှင်၊ ပြည်သူ့အစိုးရစသော တည်မြဲရေးခု၍။ ငြိမ်းချမ်းရေးစသောတိုင်းသူ ပြည်ပါအသက်နှေ့စွာ တည်တန့်နိုင်လိမ့်

မည်၊ ထည်မြဲအောင်လည်း၊ အားလုံး အားလုံးပြောပြခဲ့သော လုပ်ကိုင်ရေးကို၊ ဝိရိယဖြင့်လျှင်မြန်စွာ ဗိုင်းဝန်းကူညီ၍ရွက်ဆောင်ကြလေ၊ ကောင်းသောနည်းတွေကို မမေ့ရ၊ အသင်တို့ပိဘ်ခေတ် မနေသာအကြည့်ရှာ၊ ဘဝင်ကျ၍ တည်ကြည်ကြစေသော၊ ငါ့ကို–ဗုဒ္ဓရတနာဟု—မှတ်ကြ၊ ငါ၏ လုပ်ကိုင်နည်း ဝါဒတွေကို၊ ဓမ္မာရတနာဟု မှတ်ကြ၊ ဤသို့ဆောင်ရွက်သူ၊ ပြောသူ၊ လုပ်ကိုင်သူအပေါင်းကို၊ သံဃာရတနာဟုမှတ်၊ ဤရတနာသုံးရပ်......အားထားကြ၊ ကိုးကွယ်ကြ၊ ဆည်းကပ်ကြလေတော့။

(ဂ) သရဏဂုဏ်ဘည်၍ ညီညာစုပေါင်းကာ၊ ကောင်းစွာသော ပြည်သူ့အကျိုးစီးပွားကိုသာ ဆောင်သင့်ကြပေ၏၊

ကံထိန်းရေး ဤကဲ့သို့ ယုံကြည်လုပ်ကိုင်သူအား၊ “သမ္ဗဏဂမဏ်” ခေါ်၊ ကိုးကွယ်အားထားရာရကြပေပြီ။ အားထားခြင်းဂုဏ်ပြည့်စုံလေပြီ၊ အချို့သည် စိတ်မချရသေး၊ သူတို့၏ လမ်းရိုးကိုသာ၊ ပြန်ချင်ပြန် လုပ်ကိုင်တတ်လေသည်၊ သင်တို့အာ လုံး၊ ငါဘုရား၏မှာ အမိန့်ခံပြုကြရမည်၊

၁၊ သူ၏ အသက် ဟူသမျှ ဘယ်အခါမှ မသတ်တော့ပါ၊
၂၊ သူ၏ ဥစ္စာဟူသမျှ ဘယ်အခါမှ မယူတော့ပါ၊
၃၊ သူ၏ သားသွီး မယား၊ ဘယ်အခါမှ မကြူးလွန်ပါ။
၄၊ သူတပါးအား ဘယ်အခါမှ လိမ်လည်မပြောတော့ပါ၊
၅၊ ဤတရား၊ ဤအသိ၊ ဤအလုပ်၊ ကွယ်ပတဘ်သောအမှုမပြုပါ၊

ဟူ၍၊ အချူအား (၈) ပါး အမိဌာန်ထားစေသည်၊ အချူ (၉) ပါး၊ အချို့ (၁၀) ပါး၊ အချို့-၂၂၇-ပါး၊ ဤသို့-၂၂၇ ပါး၊ ကံထိန်းသမားအား၊ သူလို၀တ်၍ အတူတူစားခြင်း နေခြင်းကိုပြုတော့သည်။ ဤကဲ့သို့ ဗုဒ္ဓအလိုတော်ကျ အမိဌာန် ပြုကြရပေသည်။

(၉) ထို့ကြောင့်၊ ဤသို့သော အမိဌာန် ပြုခြင်းသည် သာ၊ လေးနက်စွာသော သစ္စာတော် မည်ပါပေ၏ဟုမှတ်၊

**မေတ္တာနှင့် ကရုဏာ၊** ၎င်းနောက်၊ သင်ကာလာမ အမျိုးသားတို့၊ ဤ အကျင့်တွေ သည်သာ။ ကောင်းလည်း ကောင်း, အပြစ်လည်းကင်း, ပညာရှိများ ချီး မွမ်းစရာလည်းဖြစ်၍၊ ဤအကျင့်အကြံ အလုပ်အကိုင်ကို ပြုလိုက်လျှင်၊ ကြီးပွါးသည်၊ ချမ်းသာသည်ဟု-ကိုယ်တိုင် နားလည်လာကြပါက။ မဖြစ်ဖြစ်အောင်အားထုတ်ကြ။ စီးပွါးမဲ့ တဦးတည်း ကောင်းစားရေး—ခနဲ့ရှင်၀ါဒ—စွန့် ပြစ်လိုက်ကြ၊ ဒုစရိတခေါ်—အဓမ္မ-ဒလကြမ်း၀ါဒ၊ တော်လှန်ကြ၊ ငါဘုရား ၏ ပြည်သူ့အကြိုက် လုပ်ကိုင်ကြ၊ တည်မြဲကြ၊ ဤသို့တည်မြဲ၍နေကြသော-ပြည်သူ ပြည်သားတို့သည်၊ တဦးတဦး လေးစားခြင်း, ချစ်ခင်ခြင်း, ကြင်နာခြင်း, ရက်ကြောက်ခြင်း, ရိုသေခြင်း, ညီညွတ်ခြင်း, တည်ကြည်ခြင်း, ဖြောင့်မှန်ခြင်း, သနားတတ်ခြင်း, မှုဘခြင်းစသော၊ မေတ္တာကရုဏာနှင့်ပြည့်စုံလာက၊ မြဲသောငြိမ်းချမ်းရေးသာတည်း၊

**No. 12.**

(၁၀) ဤသို့သော ချမ်းသာရေးများ ကား၊ မည်သူ အလိုမရှိဘဲ နေနိုင်အံ့ နည်း၊ နား သည်နေးကို သာ ကြိုးစားစေပါလော၊

## (ဗုဒ္ဓ–၏)

### ၄ "လုပ်ကိုင်ရေးဝါဒ-အကျဉ်းချုပ်၊"

### "ဥပဒေသ။"

"ပထမ" မိန့်ခွန်း၏လုပ်ကိုင်ရေးဥပဒေသမှာ၊ မိရိုးဘလာ ကမ္ဘာ့ဝမ္ဘာအသီမျိုးတွေသည်၊ စိတ်၌စွဲလမ်း လာခဲ့သည် ဖြစ်၍၊ ၎င်းစွဲသမ်းချက်ဘွေကို၊ ပထမ တော်လှန်ရန်၊မနော ကံသုစရိတကို ပြထားသည်၊ အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာ ဒိဋ္ဌိ–ခေါ်သည်၊ မှတ်ယူစွဲလမ်းခဲ့သော မကောင်းမှုဒုစရိုက် ကိလေသာ အနောက်အကြွးတွ သန့်ရှင်းမှလည်း၊ ဖြည်သူ့ အကျိုး စီးပွါး တွန်းကား နည်းများကို လုပ်ကိုင်နိုင်အောင် သဘောပေါက်လာနိုင်သည်၊ ထို့ကြောင့်၊ မိမိတို့၏စိတ်၌ သိမ်းပိုက်လာခဲ့သော၊ အစွဲအလမ်းတွေကို တော်လှန်၍၊ ဗုဒ္ဓ ဝါဒမှ စိတ်မွေးမြူရေးကို မပြုလုပ်ဘဲနေနိုင်ကြမည်လော။

"ဒုတိယ" မိန့်ခွန်း၏လုပ်ကိုင်ရေးဥပဒေသမှာ၊ငါကောင်း စားရေးဖြစ်သော။ ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါ့မြေယာ၊ ငါ့ စွည်းစ သော၊ အတ္တနိယ၊ လက်ဝါးကြီးအုပ်ဝါဒ စနစ်ဆိုး၊ ပြောရိုး ပြောရိုးတွေကို တော်လှန်ရန်၊ ဝစီကမ္မ သုစရိတကို ပြထား သည်။ မုသာဝါဒဝိရတိ၊ ပိသုဏာဝါစာဝိရတိ၊ ဖရုသဝါစာ ဝိရတိ၊ သမ္ဖပ္ပလာပဝိရတိ-ခေါ်သည်၊ ငါကောင်းစားရေး၊ ငါ့အလုပ်စသော-ဝစီဒုစရိုက်တွေကို ရှောင်ကြဉ်ရန် ဖြစ်ပေ

သည်၊ အများကောင်းစားရေး၊ ပြည်သူ့လုပ်ကိုင်ရေးစသည့်ကိုသာ၊ စေတကံ-သုစရိုက်ဟု၊ မိန့်တော်မူပုံကို ထောက်ဆခြင်းဖြင့်။ “သမစိတ္တ-သမာဆန္ဒ သမသမာ” ဟူသောပါဠိတော်ကိုလည်းဂရုပြု၍၊ စိတ်တူ-အလိုတူ၊ သဘောတူညီမျှ၊ ဂုပေါင်းလုပ်ကိုင်ရေးစသော နည်းများကို၊ ပြောဟော ဆွေးနွေး၊အားပေးချီးမြှောက်သင့်ပေသည်၊ ထို့ကြောင့်၊တကိုယ်ကောင်းစနစ်ကိုးတော်လှန်၍ ပြည်သူ့အကျိုးကိုသာ လိုလားသော၊ အလောဘ-တရားစကားများအား၊ ဗုဒ္ဓဝါဒ—အတိတကျ၊ မပြသ မပြောဟောဘဲ နေနိုင်ကြမည်လော။

“တတိယ” မိန့်ခွန်း၏ လုပ်ကိုင်ရေးဥပဒေသ၌၊စိတ်နှင့်ဝစီ-တည်ကြည်ပြီးခါ၊ ကိုယ်ထိလက်ရောက် လုပ်ကိုင်ရမည့်ကာယကံသုစရိုက်ကို ပြထားသည်၊ ပါဏာတိပါတာဝိရတိ၊ အဒိန္နာဒါနာဝိရတိ၊ ကာမေသုမိစ္ဆာစာရဝိရတိ—ခေါ်သည်။ ဥပမာ၊ ယခုသထုံပြည်၊ ကပ္ပလိ အမျိုးသားတို့၏—နေထိုင်လုပ်ကိုင်ပုံကို၊ လွန်ခဲ့သော သုံးနှစ်အထက်က၊ သတင်းစာမှာပြန်ကြည့်ပါ၊ သူတို့၏နေထိုင်နည်းမှာ၊ စိတ်သဘောတူအချင်းချင်းစုပေါင်းလုပ်ကိုင်၍၊ အမျိုးသား အများချင်းသာအောင်ရှက်ဆောင်ရှေးရှုပါသတဲ့၊ တဦးတဦး မေတ္တာအလေးထား၍ကူညီဖေးမကာ၊ အပြုံအစု အစောင်းအမြောင်း၊ သူ့ထက်ငါဟူသော ခိုက်ရန်ဒေါသမရှိဘဲ၊ ငြိမ်းချမ်းစွာ နေထိုင်ကြရပါသတဲ့၊ ခိုးသား၊ ဓါးပြ-မရှိသဖြင့်၊ အိမ်တံခါး ဝင်းတံခါးများကိုသော့လည်း မပိတ်ရဘဲ အိပ်နိုင်ကြပါသတဲ့၊ နောက်မကြာမီ၊ လယ်ယာ စုပေါင်း လုပ်ကိုင်ရေး၊ စုပေါင်းရောင်းဝယ်ရေး၊ စုပေါင်းသိမ်းစည်းရေးစသော—အမျိုးသား ပြည်

သူ့ဘာဏ်။ ပြည်သူ့ဆေးရုံ။ ပြည်သူ့ခလေးများ ဂေဟာ၊ ပြည်သူ့ စာသင်ကျောင်း အားဖြင့်ဖြစ်နိုင်သမျှ စုပေါင်းလုပ်ကိုင်ကြတော့မည်တဲ့၊ ဤကဲ့သို့ လုပ်ကိုင်နည်းဖြင့်၊ ကျွန်တော်တို့ ချမ်းသာကြီးပွားနိုင်သည်ဖြစ်လေရာ၊ ဘုရားစကားမှအပ။ မည်သူ့စကားကိုမှ၊ နားမဝင်တော့ပါဟု–ပြောကြပါသေးသတဲ့၊ ဤသို့သော ဘုရားစကား-ဗုဒ္ဓ၏ လုပ်ကိုင်နည်းများကို၊ မြန်မာနိုင်ငံတော်မှာ၊ မလုပ်ကိုင်ဘဲ နေနိုင်ကြပါမည်လော၊

“ဝတ္ထု” မိန့်ခွန်း၏လုပ်ကိုင်ရေးဥပဒေသ၌။ ပူပန်စိုးရိမ်ရသော ကိလေသဒုစရိတ-ဗျာပါရတွေကို တော်လှန်၍ ငြိမ်းဇချမ်းသာစွာ လုပ်ကိုင်နည်း ဖြစ်သော “ပုညကြိယာ” ခေါ်၊ ထောက်ပံ့ရေးစသော။ ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယနာ၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒနာ၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ–ခေါ်သည်။ ယခုခေတ်၌၊ မိရိုးဖလာပြောဟော၍နေကြသော “ဗုဒ္ဓဘာသာ” အပေါ်မှာ။ အတိအကျစိစစ်၍ လာခဲ့သော။ မြန်မာနိုင်ငံတော် ပြည်သူ ပြည်သားများသည်၊ ဗုဒ္ဓ၏–ဓမ္မရတနာများကို၊ သမရိုးသမစဉ်မှုဖြင့် ကျောကော၊ ငပေမှေး ဘဝနဲ့ အချိန် မဖြုန်းဘဲ၊ လေးလေးနက်နက် သေဘာန်စိစစ်သောခေတ်ဖြစ်သည့်အလျောက်။ စာဖြင့်ခြောက်၍နေကြသော၊ ရှေးခေတ်ကို တော်လှန်ပြီးခါ။ ဒါနဆိုတာ ဘာလဲ။ အမှန်မှာ၊ ရတနာသုံးပါးအား၊ ပြည်သူ့ထောက်ပံ့ရေး။ တနည်း၊ ပြည်သူသည်–ပြည်သူ့အား ထောက်ပံ့ရေးဟု၊ တိုင်းရင်းဘာသာ ပြန်ဆိုခြင်း သည်သာ သင့်မြတ်၍၊ ယုတ္တိယုတ္တာရှိပါသည်၊ ထို့ကြောင့်၊ သီလဆို

တာကော ဘာလဲ၊ နုစရိုက်တွေကို မပြုလုပ်မိစေရန် မိဋ္ဌာန် ၍ ရှောင်ကြဉ်ရေး၊ ဘာဝနာဆိုတာ ဘာလဲ၊ သုစရိုက်တွေကို အဘန်ဘန် သုံးသပ် ဝေဘန်ရေး၊ အပစာယန ဆိုတာ၊ ရတနာသုံးပါး ပြည်သူကြီးများ ဗုဒ္ဓအလုပ်ဝတ္တရားများအား ရိုသေသေးစားရေး၊ ဝေယျာဝစ္စ-ကူညီ ဆောင် ရွက် ရေး။ ပတ္တိဒါန၊ မျှတသုံးစွဲရေး-ဝေငှရေး၊ ပတ္တနုမောဒနာ၊ ဝမ်း မြောက်နှစ်ခြိုက်ရေး၊ ဓမ္မဿဝန၊ဗုဒ္ဓ၏လုပ်ကိုင်ရေးစသော ဥပဒေသကို နားထောင်ရေး။ ဓမ္မဒေသနာ ဗုဒ္ဓဝါဒ ပြောပြရေး၊ ဒိဋ္ဌိဇုကမ္မ၊ ဗုဒ္ဓဝါဒမှပြုလုပ်၍ကောင်းကျိုးရသည်ကို ယုံကြည်ရေး၊ ထို့ကြောင့်၊ ဤအရေးများကို မလေးစားပြုလုပ်ဘဲ နေနိုင်ကြပါမည်လော၊

“ပဋ္ဌမ” မိန့်ခွန်း၏ လုပ်ကိုင်ရေးဥပဒေသ၌၊သတိပဋ္ဌာန် လေးပါးနှင့် သမ္မပ္ပဓာန်လေးပါးကို ပြထားသည်၊ ကာယနုပဿနာ၊ စိတ္တနုပဿနာ၊ ဝေဒနာနုပဿနာ၊ ဓမ္မာနုပဿနာ စတ္တာရောသတိပဋ္ဌာနာ-ဟုခေါ် သည်။ ကိုယ်ဖြင့် ပြုလုပ်ရမည့် အလုပ်ဝတ္တရား၊ စိတ်ဖြင့်ဝေဘန်စဉ်းစားရမည့် အလုပ်ဝတ္တရား။ ဖြစ်ထွန်းလာသောအကျိုးစီးပွါးကို၊ ပြည်သူခံစားရေးဖြစ်သော အလုပ်ဝတ္တရားများကို၊ ဗုဒ္ဓဝါဒ စနစ်ကျကျ အဖန်တလဲလဲ ဝေဘန်ဆင်ခြင်ရမည်ဟုဆိုသည်၊ ထိုသို့ဆင်ခြင်ပြီးနောက်၊ “အနုပ္ပန္နာနံ ပါပကာနံ” ဟူသော၊ ပါဠိတော်စကားအရ၊ မဖြစ်သေးသော “ဒုစရိတကိလေသာ” ခေါ်၊ ဗုဒ္ဓဝါဒမကျသော- စိတ်နေစိတ်ထား၊ အပြောအဟော၊ အရေးအသား၊ အလုပ်အကိုင်များကိုမပြုလုပ်ရန်။ဆန္ဒကောင်း ငရိယကောင်း၊ ဝါယမကောင်းဖြင့် တားမြစ်ရေး၊ တိုက်

ဖျက်ရေးများကိုပြထားသည်။ ဖြစ်ပြီးသော လုပ်ခဲ့ပြီးသော မကောင်းမှုအလုပ်တွေကို နောင် မပေါ် ပေါက်စေရေး၊ မလုပ်ကိုင်ရသော ဖြစ်ပေါ် သေးသည့် ဗုဒ္ဓ ဝါဒ တွေကို၊ ဖြစ်ထွန်းအောင် လုပ်ကိုင်ရမည်၊ ဖြစ်ထွန်းပြီးသော ဖြစ်ထွန်းသတံ့သော ဖြစ်ထွန်းဆဲသော ဗုဒ္ဓဝါဒတွေကို တည်တန့်ထေအောင် တည်မြဲရေးကို၊ ဆန္ဒ၊ ဝီရိယ၊ လုံ့လဖြင့်၊ တည်ငြိမ်တည်း စိတ်တူ သဘောတူ အားထုတ်၍ပြုလုပ်ရမည် ဟုဆိုသည်။ ဤအရာများကို ''စတ္တာရောသမ္မပ္ပဓာနာ'' ဟု မိန့်သည်။ ဤသို့ ပြည်သူ ပြည်သားအများ၏ အကျိုး တရား သယ်ပိုးထားသော ဗုဒ္ဓဝါဒတော်အား၊ မလိုက်ရှောင် မပြုလုပ်ဘဲနေနိုင်ကြပါမည်လော။

''ဆဝဋ္ဌမ'' မိန့်ခွန်း၏ လုပ်ကိုင်ရေးဥပဒေသ၌၊ ဣဒ္ဓိပါဒ် လေးပါးနှင့် ဣဒ္ဓိပါဒ်ပါးဟုခေါ်သော၊ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ-ဟု ပြထားသည်၊ ဗုဒ္ဓဝါဒသည်၊ သုစရိတဖြင့်လုပ်လို ကိုင်လို နေလို ထိုင်လိုသော-ဆန္ဒသည်၊အဓိကအရေးအကြီးဆုံးအချက်ပါပေတည်း၊ ကမ္ဘာဦးသူ—ကမ္ဘာဦးသားတို့၏ ပြင်းပြသော ဆန္ဒဖြင့် ဆွဲယူလိုက်ရာ၊ (လ-နှင့်-နေတို့) ထွက်ပြူလာရ၍၊ ယခုထက်တိုင် တည်နိုင်သော၊ ဆန္ဒ—ကို ထောက်ထားခြင်းဖြင့်၊ ဆန္ဒ—၏ ညီညွတ်သော အလိုသည်၊ အရေးတကြီးတခုပင်ဖြစ်ကြောင်းကား ထင်ရှားပါပေသည်။ ယခုလက်ရှိ တောင်သူ လယ်သမားများသည်၊ တဦးကား၊ မိုဃ်းရွာစေလိုသည်၊ တဦးကား—မရွာစေ့ချင်သေး၊ သမာဆန္ဒ—ဟုတ်ကြ၏လော။ နိုင်ငံထဲပါး၌ မိုဃ်းရွာသော ဘော် သဘာဝကိုစိမ်၍ လေယာဉ်ပျံဖြင့်ကြဲချရန် စိမ်ခဲ့ဘူးသတဲ့၊

ထိုအခါ၊ လယ်ယာအုပ်ချုပ်ရေးမှ၊ မိုးရွာပေးရန်ကျေညာ လိုက်ရာ၊ ကျေညာထားသောရက်တွင်။ ထောက်ခံစာများ နှင့်။ ကန့်ကွက်စာများပါရှိနေလေရာ၊ မညီညွတ်သော ဆန္ဒ ကြောင့်၊ အခက်အခဲ တွေ့ရတော့ပါသတဲ့၊ ထို့ကြောင့်၊ တညီတညွှာ တစုတပေါင်းတည်းသော၊ ဆန္ဒ၊ ဝီရိယ၊ စိတ် ဉာဏ်အမြင်များကို ရှေးဦးစွာထူထောင်၍၊ တကမ္ဘာလုံးပင် လျှင်၊ ဇန္ဒဝါဒဖြင့် စိုးမိုးလုပ်ကိုင်အင့်သော၊ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ–စသော ရေးရာများကို။ ပြုလုပ် တည်ထောင် ရွက်ဆောင်ခြင်းဖြင့်၊ မပြုပြင်ဘဲ နေနိုင်ကြပါ မည်လော၊

“သဗ္ဗာမ” မိန့်ခွန်း၏လုပ်ကိုင်ရေးဥပဒေသ၌၊ ဗလ ငါး ပါး ဗောဇ္ဈင်ခုနစ်ပါးကိုပြထားသည်၊ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ၊ ပဥ္စမာနိဗလာနိ–ဟု ဆိုသည်၊ သဒ္ဓါသည် ဘာသဲ။ ပြောပြခဲ့သော ဇန္ဒလုပ်ကိုင်နေထိုင်ရေးကိုယုံကြည် ရေး။ ထိုယုံကြည်မှုသည်သည်း၊အလွန်အရေးကြီးပေသည်၊ အနေးကြီးသည့်အလျောက်။ ဉာဏ်ဖြင့်သက်ဝင်၍၊ အဘန် ဘန်ပြန်လှန်၍ ဝေဘန်စဉ်းစားရာ၊ မယုံကြည်စရာဘား။ အ နည်းငယ်မျှ မတွေ့ခဲ့တော့ဘဲ။ ဇန္ဒဝါဒအား၊ အကြွင်းမဲ့ ယုံ ကြည်ကြရပါတော့သည်။ ဤသို့ယုံကြည်သည့်အလျောက်။ မပပျောက်စေရန်၊ စွဲယူမှတ်သားထားသည်ကို၊ သတိ–ဟု ခေါ်ထားသည်။ ထို–သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ၊ တို့ဖြင့် အားယူ၍။ ထို အားဗလ ပြည့်ဝသော၊ ဇန္ဒဝါဒကို ဗိုလ်တင်ထားပြီး၊ သတ္တဗောဇ္ဈင်္ဂါ-ခေါ်၊ သတိတရား၊ ဓမ္မ ဝိစယတရား၊ ဝီရိယတရား၊ ပီတိတရား၊ ပဿဒ္ဓိတရား၊ သ

မာဓိဘရား၊ ဥပေက္ခာထရားများကို ရှေ့ထားခြင်းဖြင့်၊ ကန္တာ အတွက်အထိပ်ရောက်နိုင်ရာကို ပြထားသည်သာဖြစ်သဖြင့်၊ မပြုလုပ်ဘဲနေနိုင်ကြပါမည်လော။

“အဋ္ဌမ” မိန့်ခွန်း၏ လုပ်ကိုင်ရေးဥပဒေသ၌။ ပြခဲ့သမျှ သော စည်းမျဉ်းပေါင်းချုပ်၊ မဂ္ဂင်ရှစ်ပါး အလုပ်ကို ပြထား သည်။ ဗုဒ္ဓဝါဒ-လုပ်ကိုင်ရေးအာဝ-စည်းမျဉ်းများကို၊ စွဲမြဲ လုပ်ကိုင်ရန်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ၊ အရိယော၊ အဋ္ဌင်္ဂိကော၊ မဂ္ဂေါ-ဆိုသည်၊ မှန်ကန် ကောင်းမြတ်သောအလုပ် (၈) ပါးဟု၊ ရတုတ်ပြထားသည့် ပြင်၊ ဗုဒ္ဓေါလောကေ၊ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။ ဓမ္မောလောကေ၊ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။ သံ ဃောလောကေ၊ သမုပ္ပန္နော၊ ပုညက္ခေတ္တံ အနုတ္တရံ-ဟူ၍ပင် အားထားထိုက်ကြောင်း၊ ကိုးကွယ်သင့်ကြောင်း၊တိုက်တွန်း တော်မူပေသေး၏။ သံဃာ-ဟူသည်၊ ဥပမာ၊ ကောင်းသော မျိုးစေ့များ၏စိုက်မျိုးရာ၊ ပထမတန်း မြေယာနှင့်ပင် တူပေ သည်ဖြစ်ပါသဖြင့်၊ အားထား ကိုးကွယ်ခြင်းကို မပြုဘဲ နေ နိုင်ပါမည်လော။

“နဝမ” မိန့်ခွန်း၏ လုပ်ကိုင်ရေး ဥပဒေသ၌၊ အဓိဋ္ဌာန်ပြု ၍၊ ဒုစရိုက်ရှောင်ကြဉ်ရေးများကို၊ လေးလေးစားစား ထိန်း သိမ်း စောင့် ရှောက် ထားစေလေသည်၊ ပါဏာတိပါတာ စသော-ငါးပါးသီလသည်။ အမြဲနိစ္စထိန်းသိမ်းရသောကြောင့် “နိစ္စသီလ” အလေးပြု၍ ရှောင်ကြဉ် ထိုက်သည် မှန်သော

အဓိဋ္ဌာန်ဖြစ်သဖြင့်။ ဂရုဓမ္မသီသ-ဟုခေါ်သည်၊ သည့်ပြင်။ ၄၅ပါးအဓိဋ္ဌာန်ကား၊ ယာရကာသဥပုသ်စောင့်ကြသော သီလ၊ ကိုးပါးဆိုရာ၌။ မေတ္တာကိုပါ အဓိဋ္ဌာန်ပြု၍ ပွား‌များစေလေသည်။ ဆယ်ပါးကား၊ ယာရခေဘ်-ကိုရင်များစောင့်သုံးသည်။ ၂၂၇-ပါးဆိုရာ၌၊ ယာရခေဘ်-ရဟန်းတော် များ၏စတုပါဒိသုဒ္ဓိ—ခေါ်။ သိက္ခာပုဒ်တော်-ကျင့်ဝတ္တရားဖြစ်ပေသည်။

“ဒသမ” မိန့်ခွန်း၏ လုပ်ကိုင်ရေးဥပဒေသ၌၊ မေတ္တာနှင့်ကရုဏာကိုပြထားသည်၊ ဤကဲ့သို့ ဗုဒ္ဓဝါဒကို လိုက်နာလုပ်သူဟူသမျှ၊ အနေအထိုင် ဣန္ဒြေရ၏၊ အသုံးအစွဲမှုတ၏၊ မပျင်းမရိ လုံ့လရှိ၏၊ ပြည်သူပြည်သားအား၊ မိမိကိုယ်နှင့်ထပ်တူသနား ကြင်နာ၏၊ အထူးခင်မင် ယုယ၏။ ကမ္ဘာ့လောကဝယ် တင့်တယ်ခဲ့၏၊ များစွာသော ကျေးဇူး သူတို့ သည်။ ခေတ်ဝါဒ—ခေတ်စကားကို နားမလည်ကြ၊ နားလည်ကြပါလျှင်၊ ဗုဒ္ဓဝါဒကိုပင်—တိုးပြမြှင့်တင်သော ဝါဒများပင် ဖြစ်နေပါသည်၊ ဗုဒ္ဓ၏ လုပ်ကိုင်ရေးဝါဒ၊ အလိုတော်ကျပင်ဖြစ်နေရာအား။ များစွာ နှစ်သက် ကျေနပ် သင့်ကြပါ သည်။ “ပစ္စက္ခ-ဝါဒ” နှင့်ကား၊ ယုံမှားစရာပင်ရှိသော်လည်း ထက်ထက်တော်ဘ၊ ဗုဒ္ဓလုပ်ကိုင်ရေးဝါဒနှင့်ကား၊ ယုံမှားစရာမရှိဟု—အတိအကျဝံဘန်လိုပါသည်၊ ထို့ကြောင့်၊ ဗုဒ္ဓဝါဒတော်အတိုင်း။ လုပ်ကိုင်နေထိုင်ခြင်းသည်သာ၊ ပြည်သူ့ငြိမ်းချမ်းရေးကို၊ ဗုဒ္ဓကိုယ်တော်တိုင် လမ်းညွှန်ပေးခဲ့သဖြင့်၊ မပြုလုပ်ဘဲနေနိုင်ကြတော့မည် မဟုတ်သော ယာရခေဘ်၌ကား။

အဘယ့်ကြောင့် မပြုဖြင်ဘဲ နေနိုင် ကြမည် နည်း ဟူသော အကျဉ်းချုပ်ဥပဒေသကို၊ ထုတ်နုတ်၍ ပြသိုက်ရ ပါတော့ သတည်း။

ထိုကဲ့သို့ ဗုဒ္ဓရှင်တော်၏ "ကမ္မဿကတာ,, သမ္မာဒိဋ္ဌိ" ဟုဆိုအပ်သောလုပ်ကိုင်ရေး၊ကြီးပွားရေး၊ ယုံကြည်ရေးများ ကို ဟောကြားတော်မူသော အချိန်မှာပင်၊ ပုဏ်းကောသလ တိုင်း၊ သာဝတ္ထိ ရာဇဂြိုဟ်မြို့တော်နှင့်တကွ၊ ကာလာမ နယ် ပယ်များဘွင်။ အစစ်အမှန်ဟူကာ၊ မြူမှုမရှိယုံမကာ၊ ဆလိမ် အကောက် အမှောက်အများဖြစ်ကြသော။—

၁။ ပုဏ္ဏကကဿပ။

၂။ မက္ခလိဂေါသာလ။

၃။ နိဂဏ္ဌနာဋပုတ္တ။

၄။ သဉ္စယဗေလဋ္ဌပုတ္တ။

၅။ မကုဓကစ္စာယန။

၆။ အဇိတကေသကမ္ဗလ။

စသော—သိဥ္စည်းဆရာကြီး-ခြောက်ယောက်တို့သည်၊ ဗုဒ္ဓအရေကိုခြုံ၍ ဘုရားစစ်ဟု၊ သူတို့ ကိုယ်ကို ဝန်ခံ ကာ။ နောက်လိုက်နောက်ပါ အဘော်များစွာဖြင့်၊ ဗုဒ္ဓလည်ဟော ကြား၍နေနိုင်ကြလေရာ၊ အခြေမြို့ဝါဒထွန်းကား၍နေရသော ကာလာမအမျိုးသားတို့သည်၊ သူတို့၏ ကြားနာ လုပ်ကိုင်၍ နေရသော၊ ပစ္စက္ခအလုပ်အကိုင်များနှင့်၊ ယခုမှကြားသိကြရ သော—ဗုဒ္ဓဝါဒ ဘော်ကို၊ ပြန်လှန်ကာ နှိုင်းယှဉ်၍ ကြည့်ကြ

လေရာ၊ တိဂ္ဂိုဂိုက်ရှဖြစ်ပါဒမှ လုပ်ကိုင်နည်းကား၊ အလွှကြီး ပြီးသွားသည့်နောက်၊ ကြွေးတင်ရစ်ပုံ၊ လယ်–ယာ စသည် ကို သွင်းလိုက်ရပုံ၊ သားကြီး ငါးကြီးပါမှ၊ ရှင်ပြုပွဲနဲ့ရပုံများ ကိုတွေးတောမိကြဲတော့၏။

ယခု–ဗုဒ္ဓရှင်တော်၏ ဝါဒ၌ကား၊ ဤကဲ့သို့မဟုတ်စေဘဲ၊ အများ၏ ချမ်းသာရေးကိုသာ ဆောင်ရွက်သော နည်းများ သာတည်း၊ ငါ့ကောင်းစားရေးအတွက်မှုစ၍၊ ငါ့သား၊ ငါ့ သမီး၊ ငါ့ဆွေစသော-အပူဒုက္ခသည်၊ အလျှင်းမရှိနိုင်သောလုပ် ကိုင်နည်းသာ ဖြစ်သဖြင့်၊ နွားသတ်၊ ဝက်သတ်–စသော အလုပ်များကိုပင် အမိန့်ခံပြု၍ ရှောင်ကြဉ်ရသေး၏၊ သတ္တ ဝါများလည်း ချမ်းသာကြမည်သာ၊ လူပုဂ္ဂိုလ်များလည်း၊ ချမ်းသာကြီးပွားသော အလုပ်များသာတည်းဟု၊ အတိအကျ သိရှိနိုင်းယှဉ်၍ ကြည့်ကြလေသတဲ့၊

———ooo———

“အို.....ပြည်သူပြည်သားတို့၊ ကျွန်တော်တို့ မြန်မာနိုင်ငံ တော်သည်လည်း၊ နေရာတိုင်း မဟုတ်ဘူးဟု မဆိုလိုပါ၊ အချို့နေရာများ၌ကား၊ ကာလာမ-တို့၏ ပစ္စုပ္ပန် လုပ်နည်းနှင့် မခြားနား အောင်ပင်၊ မျက်မြင် လက်တွေ့ကို သတိပြုသင့်ပါ သည်၊ လွန်ခဲ့သောနှစ်နှစ်လောက်က၊ ကမ္ဘာလုံးဆိုင်ရာ-ဗုဒ္ဓ ဘာသာဆွေးနွေးပွဲတခု ကျင်းပသောဌာနမှ၊ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကို မဘိတ်ခကြွားဘဲ ပြုလုပ်သွားသည်ကို၊ ပြန်ထည်မေးကြွားရာ၊ ဗုဒ္ဓဝါဒစစ်စစ်မရှိသဖြင့်၊ မဘိတ်တော့ ပါဘူ-ပြောကြပါသတဲ့၊ —“ဝမ်းနည်းဘွယ်ကောင်းလေစွ။”

သို့သော်၊ ကျွန်တော်သည်၊ သုဘ်နှုံခဲ့သို့ ဗုဒ္ဓဝါဒ စစ်စစ် လုံးဝမရှိဟု-မယူဆပါ၊ အနည်းငယ်မျှသာရှိသဖြင့်၊ရှိသော ပုဂ္ဂိုလ်များသည်လည်း၊ မပေါ်လွင် မထင်မရှားဖြစ်၍နေရ ခြင်းကြောင့်၊ အတုအယောင်များ ထွန်းကားသောအချိန်ဖြစ် နေသေးသဖြင့်၊ အစစ်အမှန် တိမ်မြုပ်ကွယ်ပ၍နေရသည်ကို သာ-ယုံကြည်မိပါတော့သည်။

သို့အတွက်၊ ကျွန်တော်တို့ မြန်မာနိုင်ငံတော်မှာ၊ "ကမ္မ ဿကတာ" စည်းမျဉ်းများကို၊ရဟန်းတော်ဟူသမျှက၊ စနစ် တကျဟောပြကြ၍၊ လူကြီးလူငယ်-ယခုလက်ရှိ အာဏာပိုင် စသောပုဂ္ဂိုလ်များက၊ တကယ်တန်း ပွါးပြင်ကြပါလျှင်၊ ဗုဒ္ဓ ဝါဒစစ်—ပေါ်သွင်ထင်ရှားရုံးက၊ တကမ္ဘာလုံးကပင်၊ငေး၍ ကြည့်ရသဖြင့်၊ "စံပြ" နိုင်ငံတော်အား၊ ကမ္ဘာကပင် နည်းယူခြင်းခံရသော အခြေသို့ရောက်နိုင်ပါလိမ့်မည်——ကို၊ ယခုပြခဲ့ပြီးသော "သမ္မာဒိဋ္ဌိ" ခဏ်းမျှဖြင့်၊ ဝေဘန်၍ စဉ်း စားခွင့်သည်၊ များစွာရ၍နေပြီဖြစ်လေရာ၊ ထိုအခဏ်းကိုသာ၊ အဖန်ဖန်ပြန်လှန်ကာ ကြည့်ရှု ဝေဘန်၍ ပွါးပြင်မည်၊ ပွါးပြင်ခံ မည်-ဟူသော၊ စိတ်ဘဝင်ကျ၊ ဗုဒ္ဓါဒ-အလိုတော်အရဖြင့် သတိပေးစကား ရေးသားလိုက်ရပါသတည်း။

ထို့ကြောင့်၊ ဗုဒ္ဓရှင်တော်သည်၊ ကမ္မဿကတာသမ္မာ ဒိဋ္ဌိ-မှာ၊ အလုပ်ကိုသာဟောပြပါသည်၊ ထိုအလုပ်ကို ဖြစ် စေ-လုပ်ကိုင်စေ-စီရင်စေ-နှိုးဆော်စေတတ်သော လက္ခဏာ ရှိသော သဘောကို၊ စေတနာဟု ဟောထားပါသည်။ ဤ စေတနာ ကောင်းလျှင် ကောင်းသလို၊ မကောင်း ပြန် လျှင်၊

မကောင်းသလို၊ သုခ–ဒုက္ခ–ခေါ်၊ ချမ်းသာ ဆင်းရဲကို၊ အကြောင်းအားလျော်စွာ အကျိုးရတတ်ပါသည်။

ကံ–ဟူသည်၊ အလုပ်မှတပါး၊ အခြားအသီး မရှိပါသဖြင့်၊ ယခုလူတို့ ထင်ကြသလို နောက်ကလိုက်လာသည်၊ ခေါင်းပေါ်က–ကံပါလာသည်၊ အရိပ်သခဲ့သို့ အစဉ်လိုက်နေသည်၊ နတ်ဗိသနိုး၊ ဖြဟ္မာရှုသမျ၊ လောကအရှင်၊ စီရင်ဖန်ဆင်းသည်၊ ချမ်းသာလေအောင်၊ ဆင်းရဲလေအောင်၊ ရန်းနတ်၊ ပြုဟ်ဆိုး၊ စန်းလက်ဇာတာတို့-ဟူ၍ ယူဆကြသည့်မှာ၊ ကမ္မသကတာ သမ္မာဒိဋ္ဌိ-မဟုတ်နိုင်ပါ။

စင်စစ်သော်ကား။ အလုပ်အကိုင်၏ ချို့ယွင်းမှုကြောင့်၊ သုဂတိ–ဒုဂ္ဂတိ၊ အကောင်း အဆိုး၊ အကျိုးနဲ့များ၊ ချီးမြှင့်နှိမ့်ချ၊ ချီးမွမ်းကဲ့ရဲ့ အယုတ်အမြတ် စသော။ အကျိုးပေးများ ကွာခြားရပါသည်၊ ထို့ကြောင့်၊ ဗုဒ္ဓသည်၊ ဥပရိပဏ္ဏာသ၊ တ်၌၊ “ကမ္မံသတ္တေ ဝိဘဇတိ” ခေါ်၊ သတ္တဝါတို့ကို၊ အလုပ်သည်၊ ဝေဘန်၏ဟု-မိန့်တော်မူသည်၊ ပဋ္ဌာန်းပါဠိတော်များမှာလည်း “ကုသလာ-ကုသလ်–ကမ္မံ” ဟု၊ ဟောတော်မူပါသည်၊

ထို့ကြောင့်၊ ယခုအခါ၊ မြန်မာနိုင်ငံတော်၏ အန္တရာယ်တခုဖြစ်၍နေသော၊ ယောင်ယောင်ဝါးဝါး အယောင်သားများတို့သည်။ တရားကို သိယောင်၊ ကျမ်းဂန်ကို သိယောင်ဆောင်၍၊ မကျင့်ဘဲ ကျင့်ယောင်၊ မာနကိုသာထောင်ပြီး၊ ဘောင်ဘောင်ကြွားကြွား၊ ထင်ရာမြင်ရာထွေကို ပြောဟောရေးသားကြ၍၊ ဟန်ဆောင်သမား၊ ဟန်ဆောင်တရားများ

၏လက်တွင်း သက်ဆင်းကာ၊ အသက်ပျောက်လှမထတ်ဖြစ် နေရသော။ သာသနာ၊ ဘာသာရေးရာ များကို၊ တွေးကာ တွေးကာ ဝေဘန်၍နေကြသော၊ ယခုခေတ်.....ကျွန်တော်တို့ ပါတီဝင်များသည်၊ မြန်မာပြည် ပစ္စုပ္ပန် သာသနာ သည်။ အောက်မေ့ပြီ—အာမပြိ "အွတ်အီးအ" ဟူသော၊ ကြွက် ကျီးကန်းပမာဏ-ဖြစ်နေခဲ့ပုံကို၊ စဉ်းစားမိတိုင်း ဝမ်းနည်းမိ ပါသဖြင့် "ဒို့ပါတီ" ဟု၊ စည်းဝါးချပ်ခါ၊ ပြုပြင် တည် ထည်ထောင်၍။ "နယူးသာသနာ" ခေါ်၊ အသစ်တည်ဖန် ၍ အောင်မြင်ရန်ကြိုးစားရပါတော့မည်၊ လေးနက်စွာ စဉ်း စားကြပါလေတော့။

လွန်ခဲ့သောပြည်သူပြည်သားတို့သည်၊ ထောင်ကုန်၊ ရာ ကုန်၊ သိန်းကုန်၊ သန်းကုန်-ပေးရသောဒါနပွဲများ၌၊နတ်ပြည် သုဂတိ ရောက်ကြောင်းကား။ ဘုရားဟောသလိုလို-ယူစွဲကြ သေး၏၊ ပုရာဘကဿပ-၏တပည့်၊ အသမ နတ်သားဖြစ် ရသေး၏၊ မက္ခလိဂေါသာလ၏ တပည့်-သဟာလိနတ်သား ဖြစ်ရသေး၏၊ နိဂဏ္ဍနာဋပုတ္တ၏တပည့်၊ နိက နတ်သားဖြစ် ရသေး၏၊ ကျွန်တော်တို့-ဗုဒ္ဓ-၏ဘုရားတော်ကို၊အလွဲသုံးစား ပြုနေကြခြင်းကား၊ ပြည်သူတို့၏ အလွဲအမှားသာတည်း။

နတ်ရွာသုဂတိ-ရောက်ကြောင်းထောက်ကား၊ တိတ္ထိဝါဒ လည်း ရောက်နိုင်သည့်သာ၊ ဗုဒ္ဓ-သည်။ ဤမျှသော အကျိုး လောက်ဖြင့် မပွင့်ထွန်းခဲ့ပါ၊ သဥပါဒိ-အနုပါဒိ-တို့သို့၊ညွှန် ပြဖို့ဆောင် ရေးကြောင့် သာလျှင်၊ ပွင့်ထွန်းခဲ့ပုံကို သတိပြု သင့်ကြပါသည်။

ထို့ကြောင့်၊ ဖုံမဖြည့်။ ပတ်မဖြည့်။ ထမိန်းသံ-ဖြည့်သောအယုအဆ၊ ခြသေ့်သံ မပေါက်၊ မြေခွေးသံပေါက်သလဲ့သို့ဖြစ်၍နေသော၊ သာသနာ ဘာသာ၊နာနာဝါဒ၊ စနစ်မကျ၊ ကမောက်ကမလုပ်ရိုး၊အန္တဗာလ လမ်းမျိုးနှင့်တကွ၊ကန္တာရခမ္မတာဖြစ်သော၊ သမရိုး ဘာမစဉ်၊ မသိ မလိမ္မာသော ဉာဏ်အမြင်တွေကို၊ တွန်းတွန်ပယ်၍ ကွယ်ပ စေပြီးနောက်၊ ဗုဒ္ဓဝါဒ မဂ္ဂသစ္စာ-ခေါ်၊ ဝိပဿနာလမ်းမှန်ပေါ်မှ၊ အတိတကျ ခုတနာသုံးပါးကို ဖြည်သူ့ နိဗ္ဗာန်မှာရောင်ရုံဘားလျှက်၊သမ စိတ္တ၊ သမာဆန္ဒ-ခေါ်၊ ထညီတညာ ထရုတပေါင်း ပြု၍၊ ဝါ၊ ရပေါင်းလုပ်ကိုင်သောနည်းဖြင့်၊ သမ္မာဒိဋ္ဌိ၊ သမ္မာဝါစာခေါ်-မဂ္ဂင်ရှစ်ဘော် တရားတော်အရ၊ ဆောင်ရွက် လုပ်ကိုင်၊ မှုတစွာနေထိုင်သင့်သည်ကို၊ ဗုဒ္ဓ-၏ အလိုတော်ကျမဘုတ်ဟု၊ မည်သူကန့်ကွက်ရဲလိမ့်မည်နည်း။

၅ “မြဲမြင်တည်ထောင်ကြပါနို့၊”

ဤသို့ ပြုပြင်ရေး ဗုဒ္ဓဝါဒ လုပ်ကိုင်ရေး၊ ဗုဒ္ဓဝါဒ-တည်ဘန်ရေးများမှာလည်း၊ “ဝိပဿနာသမ္မာဒိဋ္ဌိ” ခေါ်။ ထူးသော အသိ အမြင် ဉာဏ် အလိမ္မာရှိမှသာလျှင်၊ ပိုမို၍လွယ်ကူနိုင်မည်ဖြစ်လေရာ၊ ဝိပဿနာအသိအမြင်ကိုပိုမို၍ဝေဘန်သိုက်စား၍သာလျှင်၊ လက်တွေ့ဖြစ်သော “ဝိပဿနာမဂ်လမ်းစဉ်မှ၊” အသိအလိမ္မာ ဉာဏ်ပညာကို၊ ဒေါန် ဇောဟ၊ အမှန်ဘဲရနိုင်ကြပါလိမ့်မည်၊ သို့ဖြစ်ပါ၍၊ ဝိပဿနာဝါဒ၊ မဟာထေရ်စသော၊ ကျွန်တော်တို့၏ လူခေါင်းဆောင်ပါတီများ၏ ဟောပြောချက်-စာအုပ် စာတမ်းစသော၊ ဝိပဿနာ ခေးရာများကား၊ များစွာရှိ၍နေပြီး ဖြစ်ပါသဖြင့်၊ ထိုထိုသို့

သော ဘာသာပြန်စာအုပ်၊ တိုင်းရင်းဘာသာဖြင့်၊ ထုတ်ဝေထားသော-ကျမ်းစာများကိုသာ၊ ညွှန်ကြားရန် တာဝန်သာလျှင် ရှိတော့သည်ဟု-ထင်မိပါသည်။

ဝိပဿနာသည်၊ သဥပါဒိသေသ-ပြည်သူ့နိဗ္ဗာန်၊တည်မြဲရေး၊ အနုပါဒိသေသရှေးရှုရေးဖြစ်နိုင်ရန်၊ ကမ္ဘာလောကဓာတ်တခုလုံးကိုပင် သိမ်းကြုံး၍ ဝေဘန်သော နည်းများသာတည်း။ ဤသို့ဝေဘန်သိရှိမှုသည်၊ ကမ္ဘသကတာ-ပိုမိုထင်ရှားနိုင်လေသည်၊ထင်ရှားသဖြင့်၊ တည်မြဲရန်အကြောင်းကောင်းသောနည်းများသာတည်း၊ သို့ဖြစ်ပါ၍၊ အိုခြင်းသောပုဂ္ဂိုလ်တို့သည်၊ သဥပါဒိသေသ-ရေးရာများကို-အားပေးရုံမျှအပ၊ ဝိဘဲရော ကိုယ်ပါ-မရွက်ဆောင်နိုင်တော့ သဖြင့်၊ အနုပါဒ်ခေါ်၊ ခန္ဓာဓာတ်သိမ်း သော နိဗ္ဗာန်ကို ရှေးရှု၍။ (ငြိမ်းစွာနေနိုင်တော့သည်။) ကွန့်ဘော်တို့ခဲ့သို့သော-လူငယ် လူရွယ်မှန်သမျှသည် ခန္ဓာနှင့်တကွ၊ သုစရိုက-လုပ်ကိုင်ရေးများဖြင့် ကြီးပွားချမ်းသာသော။ သဥပါဒိသေသပြည်သူ့နိဗ္ဗာန်......ကို၊ ဝိတ်ရောကိုယ်ပါ ရွက်ဆောင်ရန်ဖြစ်သဖြင့်၊ လူကြီး လူငယ် မှန်သမျှ-လိုက်ရှောင်ရမည့် ဝိပဿနာရေးရာပင်ဖြစ်နေသည်ကို၊ အထူးပြောရန် မလိုတော့သဖြင့်၊ ခေါင်းဆောင်ကြီးများ၏၊ ဤဝိပဿနာ ဘာသာပြန်စာအုပ်များကိုသာ၊ ကြည့်ရှုကြပါလေလော့ဟု တိုက်တွန်းသည်မှအပ၊ အနည်းငယ်သာဖော်ပြ၍ ရေးသားပါတော့အံ့ဟု၊ ကမ္ဘသကတာသမ္မာဒိဋ္ဌိ-ဘာသာပြန်ကိုလည်း၊ဤမျှဖြင့် “နိဂမ” ခေါ်-အပြီးသတ်ပေးပါသတည်း၊

## ၈-၁။ ဝိပဿနာသမ္မာဒိဋ္ဌိ ,, ဘာသာပြန်။
## “တော်လှန်ရေးထမ်းစဉ်”
## (သိမြင်ရေး)

ဗုဒ္ဓ—ရှင်တော်သည်။ ကာလာမ—အမျိုးသားတို့အား၊ “ဒုစရိတ” ပပျောက်ရေး၊ “သုစရိတ” လုပ်ကိုင်ရေး—စသော အခြေခံဝါဒ၊ မျှတသောစိတ်ထားနှင့် လုပ်ကိုင်နည်း တွေကို မိန့်တော်မူခြင်းဘည်းဟူသော၊ အဘိအကျညွှန်ပြ ပြောဆိုပြီးနောက်။ ဗုဒ္ဓါဝ။ တည့်တန့် ရေးအား လေးလေး နက်နက် ထပ်မံ၍အမိန့်ပေးတော်မူသည်မှာ၊ ။ချစ်သားတို့၊ ငါဘုရားသည်၊ စင်စစ်သော်ကား “ပြည်သူ့အကျိုး၊ ပြည် သူ့စီးပွားတည်း” ဟူသော၊ အများ၏ ချမ်းသာရေးကိုလို လားချေးရှုကာ။ သုစရိတကို ဟောတော်မူ၏။ ထို—သုစရိတ လုပ်ကိုင်ရေးအား၊ တည်မြဲရေးဖြစ်နိုင်ရန်အကြောင်း များပွား ရှိသေး၏။ ဤအကြောင်းများကို ပိုမို၍သိရန် အရေးကြီးပေ သည်။

**ငါ့ကောင်းစားရေး “ဒုက္ခပေးပုံ”** အသင်တို့သည်။ ငို့ဘာ—ဟူသောစနစ်ဆိုး ကြောင့်၊ ငါလျှင် အကြောင်း၊ ငါသျှင်ကောင်း စိမ့်ဟူသော လုပ်ကိုင်ရေးသည်၊ အဆုံးမရှိ သော သံသာရနည်းသာတည်း၊ အဘယ့်ကြောင့်ဆိုသော်။ ငါသည်၊ ငါးရာ-ရှိသော်လည်း၊ တထောင် လိုချင်၏၊ တ သောင်းရှိသော်လည်း၊ဆယ်သောင်းလိုချင်တော့၏၊ အဘယ် အခါ အဆုံးသတ်နိုင်ပြည်နည်း။ သင်တို့သည်။ ငါ့ကောင်း

စားရေးမှုမက။ ငါ့သား အောင်းစားရေးကိုသည်း၊ တွေး၍ တွေး၍ ပူပန်ရမည်သာ၊ ငါ့သမီး၊ ငါ့မောင်၊ ငါ့ခွေး၊ ငါ့မျိုး စသော၊ ပူပန်ဘွယ်အမျိုးမျိုးတွေကိုသာ၊ကြိုးပမ်းပြုလုပ်ခြင်း သည်၊ မိမိကိုယ်အား၊ ငါဟုဆိုသော "အတ္တ" စွဲသူ-ဟူသော "ဒိဋ္ဌိ" ငါစွဲဟူသော–အတ္တဒိဋ္ဌိ-ကလေးသည်။ အဝိဇ္ဇာ၏ စက်ယန္တရားဘီးရဟတ်ပါသော၊ ဤစက်ယန္တရား သည်။ ဒုက္ခနယ်ကို ထူထောင်၍နေသောသည်။ နယ်ချဲ့၍နေသေးသည်၊ သို့အတွက်၊ အတ္တဒိဋ္ဌိ-စနစ်အား၊ အပြင်းအထန် တော်လှန် တိုက်ဖျက်ပေးကြပါ။ အသင်ကာလာမဘို့၊ တော်လှန်ရေး အရာ၌၊ အလွန်ထက်မြက်သော လမ်းစဉ် လက်နက်များကို၊ ငါဘုရား-ညွှန်ကြားမည်။ ဂရုပြု၍ မှတ်သားလိုက်နာကြ ဟူ၍။ ဝိပဿနာသမ္မာဒိဋ္ဌိ-ခန်းရာများကို၊ မိန့်ကြားတော်မူပါတော့၏။

## ‘‘နာမရူပ,, သမ္မာဒိဋ္ဌိ’’

ဝိပဿနာသမ္မာဒိဋ္ဌိ-ဟူသည်၊ နာမရူပ-သမ္မာဒိဋ္ဌိ၊ ဟေတုပစ္စယသမ္မာဒိဋ္ဌိ၊ ဉာဏဒဿနသမ္မာဒိဋ္ဌိ၊ မဂ္ဂဖလသမ္မာဒိဋ္ဌိ–ဟူ၍ လေးပါးရှိနေပါသည်၊ သို့ဖြစ်ပါ၍၊ ပထမ-နာမရူပ-ခေါ်၊ စိတ်၊ စေတသိက်၊ ရုပ်-ဟုဆိုအပ်သော။ နာမ်-ရုပ်ကို ဝေဘန်သောနည်းဖြင့်၊ ဘာသာပြန်၍ပြရပါတော့မည်၊

ဤနေရာ၌ "သစ္စာနုလောမိက" ခေါ်။ မှန်ကန်သော ဉာဏ်မျိုးဖြင့်ဝေဘန်နည်းတို့ကိုပါ ထည့်သွင်း၍ပြသရတော့မည်ဖြစ်သဖြင့်၊ ယထာဘူတ မရနိုင်ဘူးဟူ၍ငြင်း၊ယခုခေတ်နှင့် မတန်မရာဟူ၍ငြင်း၊ ဘုရားရဟန္တာတို့၏အရာသာဟူ၍၊

အဓမ္မဝါဒီ၊ ဥာဏ်မရှိသော-လူရှင်ရဟန်းဘို့က၊ ကြက်ကန်း ဆွဲပြောခင်ကြကုန်သေး၏၊ ထို့ကြောင့်။ အချို့အချို့သော၊ ရှင်ရော-လူပါ-အရပ်သား၊ အကြားအမြင်နည်းရှဲနေကြသည့်၊ "အပ္ပ-သုတ-ဒုပ္ပည" ခေါ်။ ပညာနည်းပါးသောသူတို့သည်၊ စိတ်ဓာတ်သဘာဝ စသော၊ သဘောတရားများကို၊ တရံ တခါမျှ၊ မသင်ဘူးကြ၊ မနာဘူးကြ၊ မလေ့လာဘူးကြ၊မစဉ်း စားဘူးကြလေရာ။ ပြည်သူပြည်သားတို့၏ ပစ္စက္ခ-ယုံကြည် အားထားကြသော။ စာထတ်၊ ပညာတတ်၊ ဂုဏ်ရှိ-စသော၊ လူကြီး၊ သူကြီး၊ ဘုန်းကြီး၊ ရဟန်း-ခံသူတို့ပြောလျှင်၊ဟုတ် တန်ရာ၏ဟူသော အယူအဆတွေကို ယူဆ၍၊ စိတ်ချ-လက် ချနေကြရသော၊ အချို့ပြည်သူတို့သည်။ သ, ဥပါဒိသေသ။ အန, ဥပါဒိသေသ၊ နှစ်ရပ်သောမြတ်ဓမ္မ၏အရသာကို ကျော ကိုင်းပြီး "ဒုစရိတကိလေသာ" ရေယဉ်ကြော မြော၍သာ မောကြရတော့သည်၊ ဝိပဿနာစကား ကြားရမည်ဆိုလျှင်၊ သေမလောက် ကြောက်ကြတော့သည်၊

သမားတော်ဟု—ခေါ်ရလောက်သော၊ ဆေးဆရာကြီး တဦးသည်၊ ဤစာအုပ်များကို၊ အစောကြီးက တွေ့ပါ၍၊ သူ ၏ဆရာတော်——ဦးနန္ဒက၊ မကြည့်နှင့် အယူလွဲလိမ့်မည်ဟု၊ ပြောဘူးသဖြင့်၊ ဟာခုထက်တိုင်၊ ဝိပဿနာစာအုပ်၊ ဝိပဿ နာတရား-သပိတ်မှောက်ထားပါသတဲ့။

ဤကဲ့သို့ ဝိပဿနာရေးရာများကို သပိတ်မှောက်၍ထား သော၊ ပဋ္ဌာန်းနိဂ္ဂဟန-နိဂ္ဂပနိယ၊ အစားအချောင်သမား မြို့ရိုကရက် ပါတီဝင်များသည်၊ ဥပမာအားဖြင့်၊ အလိမ္မာ

မဲ့သော ဗာလသူငယ်သည်၊ ရွှေကိုပြသော်လည်း အလိုမရှိ၊ အမှိုက်စသော ပုဂံကွဲများကိုမှ ရချင်ဘိသခဲ့သို့၊ ယထာဘူတ ဉာဏ်လင်းပိတ်၍ တိတ်ဆိတ်ကွယ်ပျောက်အောင်။ ရောက် ထတ်ရာရာ ပြောဆိုရှောင်ကွင်းလေ့ ရှိကြကုန်သဖြင့်၊ ဗုဒ္ဓ-၏ အလွန်တရာ ကောင်းမြတ်လှစွာသော ဝိပဿနာ—လင်းမြတ် ရတနာထော်သည်၊ မိစ္ဆာလိမ်းလူး၊ ညစ်ညူးပျက်စီးစေကုန် သော၊ ရှင်ပေါ် လူပေါ်တို့အား၊ ဖုဿမဟာ၊ ထေရ်မြတ်စွာ သည်၊—

> "ဗဟူ အာဒိနဝါ လောကေ, ဥပ္ပဇ္ဇိဿန္တိ နာဂတေ
> သုဒေသိတံ ဣမံ ဓမ္မံ, ကိလေသိဿန္တိ ဒုမ္မတီ။ ။

ဟူ၍၊ သာသနာပျက်၊ သာသနာ့ရန်သူ၊ မိစ္ဆာဒိဋ္ဌိ—စသော ပုန်မတင်၍ သုတ်သင်စေခဲ့သည်ကို စဉ်းစာ သင့်ကြပါပြီ၊ ထို ကြောင့်၊ ပညာဆင်ခြင် မြော်မြင်ရှိကြသော၊ ပညာရှိအပေါင်း ပြည်သူပြည်သားကောင်းတို့သည်၊ မသိမလိမ္မာသော ပြော နည်းများကို ပမာဏမပြုတော့ဘဲ၊ ကိုယ့်တာကောင်းကျိုး ပါနေသော၊ ပြည်သူ နိဗ္ဗာန်-စသော၊ ဗုဒ္ဓဝိပဿနာ—လင်း စဉ်ရတနာကို၊ အဖန်ဖန်နှလုံးသွင်း၍ လေ့လာသင့်ပါကြောင်း ကောင်းမြတ်သော စိတ်စေတနာဖြင့်၊ တိုက်တွန်း လိုက်ရပါ တော့သတည်း။

ဤဝိပဿနာရေးရာများ၌၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိဉာဉ်-စသည်ဖြင့်၊ ရွတ်ထတ် အံ တတ်သော၊ စာထတ်ရုံမျှ ဖြင့်၊ နာမရူပ-သမ္မာဒိဋ္ဌိ မဖြစ်နိုင်ပါ၊ ရုပ်သဘာဝ, နာမ်သ ဘာဝ, ရုပ်ဖြစ်တိုင်း, နာမ်ဖြစ်တိုင်း, မှန်ကန်စွာ ဝေ ဘန်၍၊

ဘိတဘ်၊ မြင်ထတ်၊ ဆင်ခြင်တတ်၊ ဘဝင်ကျ၊ သဘောကျ
ဖြစ်မှသာလျှင်၊ နာမရူပ-သမ္မာဒိဋ္ဌိ ဖြစ်နိုင်ပါလိမ့်မည်။ သို့
အတွက်၊ စာသဘော၊ စာယောက-ကို ပေဘာနံပါနှင့်၊ ကမ္ဘာ
လောကဓာတ် သုံးဆဲ့တစ်ဘုံ၊ အကုန်သိမ်းရုံး၍၊ ငါကောင်၊
သူကောင်ဟူသော—ထင်မြင်မှု၊ ကြံစီမှု၊ ခံစားမှု၊ မှတ်သားမှု၊
ပြုပြင်မှု-စသည်များထွင်သာ၊ စဉ်းစား ပေဘာနံပါ၊ လိုရင်း
မှာ၊ မိမိ ကိုယ်ကောင်ကိုပင်၊ စတင်၍ဆင်ခြင်ပါမူ၊ စိတ်စေ
ထသိက်နှင့် ရုပ် တရားများသာ-တွေ့ရပါလိမ့်မည်။ ဤကဲ့သို့
စိတ်စေထသိက်-နာမ်ထရား၊ မာ၊ ဘွဲ၊ ပူ၊ ဧ၊ လှုပ်ရှားရေး
စသော ရုပ်တရားသည်၊ ငါဟူသော အတ္တ-မဟုတ်ရုံ မက၊
အရှည်ခန့်ခိုင်၊ တည်တန့်နိုင်သော- လက္ခဏာပင် လုံးဝ မရှိ
သဖြင့် ''နာမ—ရူပမေဝ—အတ္တိ၊'' ဟူသော။ ဗုဒ္ဓ-မိန့်ခွန်း
တော်ကို၊ အကြွင်းမဲ့ယုံကြည်နိုင်ပါလိမ့်မည်၊ ဘောက်ပြန်မှု၊
ကြံသိမှုကို၊ ရုပ်နာမ် ဆိုရာကား၊ လူသည်၊ မဘောက်ပြန်
တတ်။ ဓာတ်သဘာဝ များသည်ပင်၊ ဘောက်ပြန်နေလေပြီ။
လူသည်၊ မကြံသိတတ်၊ ဓာတ်သဘာဝ၊ စိတ်စေဘသိက်
များသည်သာ၊ ကြံသိ၊ ညွှတ်သိ-စသည်ဖြစ်နေပါသဖြင့်၊ ထို
နှစ်ပါးမှတပါး၊ အသီးအခြားသော—အကောင် အထည်ကို၊
မတွေ့နိုင်တော့ပါ။ ဥပမာ၊ ဆံ-ဟူသည်၊ ဆံတဟ်သော
သဘောမရှိပါ၊ ဘောက်ပြန်-ညွှတ်သိ-သဘောသာရှိပါသည်၊
အမွေး—ဟူသည်၊ မွေးတတ်သော သဘောမရှိပါ၊ ဘောက်
ပြန် ညွှတ်သိ သဘောရှိပါသည်။ ခြေသည်း လက်သည်း
မှာလည်း၊ သည်းတတ်သော သဘောမရှိပါ။ ထို့အတူ၊
သွား၊ အရေ၊ အသား၊ အရိုး၊ အကြော၊ ချင်ဆီ၊ အညို့၊

နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ စာသစ်၊ စာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ ဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်-ဟူသော။ တကိုယ်လုံး တကောင်လုံးမှာ။ ဖောက်ပြန်သည့်ရုပ်သဘောနှင့်၊ ညွတ်သိနေသော-နာမ်သဘောသာ ရှိနေပါသည်။ ဤ ရုပ်-နာမ် နှစ်သဘောကို။ ငါ သူ စသော။ ယောကျာ်း၊ မိန်းမ၊ ကမ္ဘာလောကဟု-ခေါ်ဝေါ် ပြောဆိုမှု အပ၊ တကယ်ရှိသည်ဟု ယူဆသူသည်။ "ဒုစရိတ" အဟုတ်တကယ်ကားမရှိ။ ခေါ်ဝေါ် ရုံမျှ ပြောဆိုရ၍။ နာမ် ရုပ် သာတည်းဟု—ယူသော ပုဂ္ဂိုလ်မှာ။ သုစရိတ ဖြစ်သဖြင့်၊ ဝိပဿနာ စည်းပိုင်းမှ၊ အဖြူ အဝါ ကို ခွဲခြား နိုင်တော့သည်ကို သဘောထား၍။ ယခုဖြလိုက်သော သဲလွန်စဖြင့်၊ များစွာ ဝေဘန်ကြပါလေတော့။

ဤခဲ့သို့ပင်၊ တလောကလုံး၊ နာမရုပ ထင်မြင်လာပါလျှင် "ငါ့ကောင်းစားရေး-ဝို့ဘာစနစ်" မဖြစ်နိုင်တော့ပါ၊ နာမ်ရုပ်သည်၊ ငါကောင်း သူကောင်း-မဟုတ်တော့ရာ ကား။ အမှိုက်သရိုက် အသုံးမကျသော၊ ရေမြှုပ်၊ တံလျှပ်၊ ငှက်ပျောပင် တို့အတူ။ တူ့ဆ၊ သုည ဖြစ်၍၊ သုစရိတ ဖြင့်သာ၊ ချမ်းသာရေး ဈေးရှု နိုင်သော ဉာဏ်အမြင်တရား တိုးပွားကာလာပါလိမ့်မည်၊

ခန္ဓာနည်းနှင့် စဘောန်ပါဦး။ ကန္တာ၁လောကတခုလုံး၊ ဗုဒ္ဓဝါဒ-ဝိပဿနာ လမ်းစဉ်မှ၊ အတိအကျ ဝေဘန်လျှင်၊ဘောက် ဖြန်သော-အရ၊ ခံဝားသော-အရ၊ မှတ်သား သော-အရ။ ပြုပြင်သော-အရ၊ ကြံစီသော သိသဘော-အရ ဟူ၍၊ ငါးရ ငါးပါးပြင်မှတပါး၊ သူ၊ နတ်၊ ဗြဟ္မာ၊ သုံးဆဲ့ ထစ်ဘုံကား၊ အလျှင်းမရှိ၊ ဘိတ်မရှိ၊ စမတ်မရှိ၊ အိုကော-မရှိ၊ ကတ်စ-မရှိ၊ အော့ဗ-မရှိ—ဖြစ်နေရာကား၊ငါဟူသော၊ စမတ် ကျန်နိုင်စရာ မရှိဘော့သဖြင့်။ အိုးက-မဖြစ်ဘဲ၊ ဝိပဿနာ နိုင်ငံတော် ကတ်စ-ပြုလိုက်ရာတွင်၊ ဒုဝရိတ—အော့ဗဆိုက် ဖြစ်တော့ခည်ဿတည်း။ ထို့ကြောင့်၊ ဗုဒ္ဓသက်ထက်တော် အခါက။ မာရ်နတ် တယောက်သည်၊ “ဝဇိရမယ်” ခေါ်၊ ဘိက္ခုနီမလေးအား၊ လူပျိုယောင်ဆောင်၍၊ စကားပြောဆို လေရာ။ လူပျိုမောင် မာရ်နတ်သားအား၊ အောက်ပါစကား ဖြင့်၊ ပြန်ကြားပြောဆိုလိုက်ပါသတဲ့။

# “ထေရီဂါထာပါဠိတော်။”

“က”    ကိံ နုသတ္တောတိ ပစ္စေသိ,, မာရ ဒိဋ္ဌိဂတံနုတေ
သုဒ္ဓသင်္ခါရ ပုဉ္ဇောယံ,, နယိဓ သတ္တုပလဗ္ဘတိ၊

“ခ”    ယထာဟိ အင်္ဂသမ္ဘာရာ,,ဟောတိသဒ္ဒေါရထော
ဣတိ၊ ဧဝံခန္ဓေသု သန္တေသု,, ဟောတိသတ္တော
တိ သမုတိ၊

“ဂ”    ဒုက္ခမေဝဟိသမ္ဘောတိ,, ဒုက္ခံတိဋ္ဌတိ ဝေတိစ
နညတြဒုက္ခာသမ္ဘောတိ,, နညံဒုက္ခာနိရုဇ္ဈတိ၊

လူပျိုမောင်၊ ဘယ်အရာကို–မိန်းမဟု စွဲသမ်းပါသလဲ မောင်မောင်၊ ဟောဒီ ဥက္ကောင်းကို မိန်းမဟု၊ ဆင် ယုံကြည်ဒါလား၊

မဟုတ်ပါဘူး ချစ်နှမ၊ ဥက္ကောင်းကို မိန်းမဟု ယူသလျှင်၊ မောင့်မှာလဲ ဥက္ကောင်းရှိပါတယ်၊

ဒါဖြင့်လျှင်၊ ဟောဒီ ရင်အုံကို၊ မိန်းမဟု–မောင်မောင် စွဲလမ်း၍ လိုချင်ပါသလား၊ အလိုရှိဒါပြောပါ၊ အကယ်၍ မိန်းမတွေ့လျှင်၊ မောင်အလိုရှိဘာ–ရနိုင်ပါတယ်၊

ခက်လိုက်တာ–ချစ်နှမ၊ ရင်အုံသည်၊ အလကားဟုတ်နိုင်ပါ့မလား၊ မောင့်မှာလဲ ရင်အုံတော့ ရှိဘာပေါ့၊

ဒီလိုဆိုရင်၊ ခါးကို မိန်းမဟု ယုံကြည်ပါသလား၊ ဒီလို ခါးလဲတဲ မောင်မောင့်မှာ ရှိနေသားကတဲ၊ ဘာကို မိန်းမဟုစွဲလမ်းကာ ပြောဆိုနေပါသလဲ၊ မိန်းမဆိုတာ ထကယ် မရှိပါကလား၊ ခြေသလုံး၊ ပေါင်၊ ဥက္ကောင်း-ဟုခေါ်ရုံ ခေါ်ရ၍၊ စင်စစ်-ရုပ်၊ နာမ်၊ ခန္ဓာသာရှိသဖြင့်၊ ဘာအသုံး ချနိုင်မလဲ။

အော်ချစ်နှမ၊ ခါးဆိုတာ လူတိုင်းရှိနိုင်ပါတယ်၊ခါးသည် လည်း မိန်းမ မဟုတ်နိုင်ပါ၊ အလိုမရှိပါ၊

ဒါဖြင့် မောင်မောင်၊ ဗိုက်ကို–မိန်းမဟူ၍ အလိုရှိပါ သလား၊ ဒီဗိုက်ကိုလိုချင်လျှင် ယူဘာပေါ့၊ ဒီဗိုက်ထဲမှာ___ မစင်တွေ အများကြီးရှိပါတယ်၊ ယူမှာလား–ဘယ်နှာလဲ၊

ချစ်နှမရယ်။ ခွဲဘွယ်ရာမပြောပါနဲ့၊ မစင်ရှိ၍နေသော ဝမ်းဗိုက်ကိုလည်း မိန်းမဟု မယူဆပါ၊ ခြေသလုံး ပေါင်ကိုလည်း မိန်းမဟု မယူဆ-မယုံကြည်ပါ၊

ဒီလိုဆို......ဘယ်မလဲ မိန်းမ-မရှိတော့ပါကလား။

ရှိတာပေါ့ ချစ်နှမ၊ မိန်းမဆိုတာ၊ဘယ်မှမပြေးနိုင်ပါဘူး၊

## ဥါရကိုပင် မိန်းမထင် မြင်လျှင် ရှက်စရာ။

အော်......မောင်မောင်ရဲ့မိန်းမထင်ဒါဟာ——ဟိုဟာလား ဆဲတာက—မိန်းမ မဟုတ်ပါဘဲကလား၊ ဥါရ ခေါ် တယ်၊ ကျင်ကြီး ကျင်ငယ် တို့၏ ယိုဘျကြရာ အပေါက်ပါကလား၊ အသင် မောင်မောင်၊ အမှားစွဲ စွဲနေပြီ။ ဥါရကို မိန်းမထင်နေပြီ။ သူတော်ကောင်းတွေ ကြားလျှင် သိပ် ရှက်စရာပါကလား၊ အင်မတန် ရွံစရာကောင်းသော၊ ဆဲဒီအပေါက်ကို-ဖြတ်ပေးလိုက်မယ်......ယူမှာသွား, ဘယ် နှယ် ထဲ ကဲလေ၊ အို မာရ်နတ်မောင် ဘာမှိုင်သွားရသလဲ ထင်းဒမောင် ပြောပါဦး ဘယ်မလဲ မိန်းမ၊

ဒါ့ကြောင့်။ “မာရ၊ လူမျိုးယောင်ဆောင်တဲ့——အိုကွဲ့ မာရ်နတ်မောင်၊ “ကီ၊ ဥစ္စောင်း၊ ရင်အုံ၊ ခါး တင်ပဆုံနှင့်၊ ပေါင် ခြေသလုံး၊ သိမ်းရုံးပြဆို၊ အဘယ်သို့သော ဝတ္ထုကိုယ်ကို၊ “သတ္တောဘတိ၊ မိန်းမသတ္တဝါ၊ ရှိလေပါဟု၊ ဓမ္မတာထင်စွဲ၊ အယူလွဲကြသည်ဖြစ်၍၊ “ပစ္စေသိ၊ လူမျိုးမောင်ငမှိုင်မွှားချယ်က၊ သူလိုကောင် အယုံထားမလားရယ်လို့၊ ဂုဏ်ကြွား မှုံမွှား ယုံကြွားအောင်ပင်၊ မှတ်ထင်၍ နေရပါသလဲ။ “တေ၊ အ,ရိုး၊ နှ,ရိုး၊ အန္တ,မျိုးမို့၊ ဥ,ရိုးထိပ်ခေါင်၊ အသင်

နတ်မောင်မောင်အား၊ "ဒိဋ္ဌိဂတံနှ၊ ရုပ်၊ နာမ်၊ ခန္ဓာ၊ ဝိပဿနာမျိုး၊ ဉာဏ်မဘိုးဝန့်တဲ့၊ ဉာဏ်တွန့်၊ ဉာဏ်ခွေ၊ ဉာဏ် ပေသမား၊ ဉာဏ်မသွားနိုင်၊ ဉာဏ် မပိုင်ကြဲတဲ့၊ ဉာဏ်မှိုင် ဉာဏ်မှုး၊ ဉာဏ်ရှုး ဉာဏ်ယုတ်၊ မိစ္ဆာဝါဒဆိုတဲ့ အလုပ်သည်သာတည်း။ "အယံ၊ ပျိုပျိုမောင်မောင်၊ ဟုဘ်ယောင်ခေါင်တဲ့၊ အပုပ်ကောင်-အလောင်း၊ဥက္ကောင်းခြေ လက်၊ နားရွက်အင်္ဂါ၊ မင်္ဂလာမရှိ "ဝဇီရမယ်" ဟောဒိက-ဘိက္ခုသယ်သည်၊ "သုဒ္ဓသင်္ခါရပုဉ္ဇော၊ ရုပ်ရိပ်၊နာမ်ရိပ်၊ ကံရိပ် စသော၊ သုံးဖြာ သုညတ၊ အနိစ္စခေတ်မှန်၊ ရုပ်၊ နာမ်၊ ခန္ဓာ၊ သဘာဝခေတ်၊ ပရမတ်မှို၊ မိန်းမ—မဘက်၊ ချစ်စရာလဲမပါ၊ ဘလာအရှင်း၊ သင်္ခာဝါကင်းမှတ်ယုံ၊ ခေတ်ပုံတံဆိပ်၊ ခပ်နှုပ် နှိပ်ပြ၊ ပမာနဖြင့်၊ ရှာမရ—ကြည့်မမြင်၊ ယုငင်မဖြစ်၊ အသစ် အဟောင်း၊ မပေါင်း မငပ်၊ အဖတ်မဘင်၊ အစဉ်မချ၊ သင်္ခါရ အစုအပုံမှုသာတည်း။ "ဣဓ၊ သင်္ခါရမျှ၊ ဝဇီရခေါ်ဆို၊ ဟောဒိက — မိန်းမပျို—ကိုယ်၌၊ "သတ္တော၊ ဥက္ကောင်း၊ ရင်အုံ၊ ခါး၊ ထင်ပသုံ့နှင့်၊ ပေါင်ခြေအလုံး၊ သိမ်းရုံးပြသို၊ မိန်းမဟူသော-သင်္ခါဝါကို၊ "နှ,ဥပလဗ္ဘာဘိ၊ ဘာဘာညာညာ၊ ခရာတာဘာနဲ့၊ လာလာ ကာ မစနဲ့တော့။ ဘာဘာမှ မရနိုင်သည်သာတည်း။ "နှ, ဥပလဗ္ဘတိ၊ မရှာလိုလဲ မရ၊ မရှာလိုလဲ မရှိ၊ ပကတိကိုက မပါ။ မယ်ဝဇီရာ—မခေါ့ မမိုက်ပရစေနဲ့၊ မာရ်နတ်မောင် အပြော့ကြိုက်သော်လဲ။ ကိုယ်တို့ရဲ့ အလိုတွေကို—အသေအချာ ကံတော့လိုက်ပါခဲ့၊ အော်—မာရ်နတ်မောင်မှာနော်ကွယ်၊ စဉ်စားကြည့်လိုက်တော့၊ "အော့ဖဆိုက်" ဖြစ်တော်မူရှာလေသတည်း။

အို......မာရ်နတ်မောင်၊ မိန်းမဆိုတာ၊ ဘယ်မှာမှ မတွေ့တော့ပါဘဲကလား၊ စဉ်းလဲစဉ်းစားပါဦးလော၊ ဥပမာတခုပြောပြမယ်၊ လောကမှာ၊ ရထားဟူ၍ ရှိတယ်မဟုတ်လား၊ မြင်း ထကောင် ကသောရထား၊ နှစ်ကောင်ကသောရထား၊ လေးကောင် ကသောရထား။ စက်နှင့် သွားသော ရထား။ အဲဒီရထားများမှာ၊ ဘာကို ရထားဟုခေါ်သလဲ၊ စင်ရိုးကို ခေါ်တာလား။ သို့မဟုတ်၊ ဘီး ကိုလား၊ သစ်သားကို ခေါ်လေသလား။ သံ-စသည်များက-ရထားလား၊ မီးသွေး စက်ကြိယာ-စသည်ကိုဘဲ ရထားလား၊ ဘာကို-ရထားဟု မှတ်ရတော့မလဲ၊ အဲဒီလို ရထားဟူ၍ ခေါ် ဝေါ်ရုံမှတပါး၊ အသီးအခြား ရထားကား မရှိနိုင်ပါဘူး နတ်မောင်မောင်၊— သဘောထားစမ်းပါ၊ ဒီမှာလဲဘဲ......ဝဇီရမယ်-ဆိုတာ, တကယ်တွေ့ပါရဲ့လား၊ ခေါ်ဝေါ်သမုတ်ရုံ မှန်မနေဘူးလား၊ တကယ်ကြည့်လေ—မရှိလေ-ဖြစ်မနေဘူးလား။

ဒါဖြင့် ချစ်နှမ။ အကောင် သူငါ စသော၊ ယောက်ျား မိန်းမ—မရှိပါလျှင်၊ အဘယ့်ကြောင့် ရိုးရိုး ရွရွ စိစိ ညံ့ညံ့၊ အိပ်တတ်၊ ထိုင်တတ်၊ ရပ်တတ်၊ သွားတတ်၊ စကားပြောတတ်၊ ခေါ်တတ်၊ ထူးတတ်-စသည်များဖြစ်၍နေရပါသလဲ၊

ရှေ့အဘော် ''ဥပမာ။''

အော်—မာရ်နတ်မောင်၊ ယောက်ျား-မိန်းမက၊ ပြောတတ် ခေါ်တတ်သည်မဟုတ်ပါ၊ ဘောက်ပြန်သော—ရုပ်သည်၊ မာသော သဘောနှင့် ဖြစ်ထဲ့ပြီး၊ မမြဲမှုနှင့် ဘောက်ပြန်တယ်၊ ဆင်းရဲမှုနှင့် ဘောက်ပြန်တယ်၊ အစိုးမရမှု နှင့် ဘောက်ပြန်တယ်၊

နူးညံ့မှုနဲ့ ဘောက်ပြန်တယ်၊ ညွှတ်သိသော-နာမ်သဘော သည်။ ယောကျ်ား-မိန်းမ– ဗင်ပဲတတ်–ထိုင်တတ်သည်ဟူ၊ မဟုတ်သမှန် ကြံစီ၍ သိသဘောစိတ်သည်၊ ကြံစီဆဲခဏချုပ် ပျောက်ရသဖြင့်၊ သူလဲ မမြဲ ဆင်းရဲ၍ ရိုးမရှိသော-ခတ်မှို့၊ အနတ္တ နာမ်တရားသာတည်း။ ။ဥပမာ။ ။လှေသဘော ထွေဟာ၊ ဘာ့ကြောင့် လှုပ်ရှားသွားသာနိုင်ပါသလဲ၊ လေ အဟုန် စက်အဟုန် အကြောင်းကြောင့် မဟုတ်ပါလား၊ လေ စက်မရှိက၊ သွားလာရာ မရသလဲ့သို့၊ ယခု–ရုပ် နာမ်များလဲ၊ အချင်းချင်း ကျေးဇူးပြုပြီး။ တေဇော ရုပ်က–ပူရ၊ ချေ၊ ဝါ ယောရုပ်က–လှုပ်ရ၊ ခံရ၊ အာပေါရုပ်က–ဘွဲ့ရ၊ စေးရ၊ သဒ္ဒ ရုပ်က– ဆူရ၊ ညံ့ရ။ ဗဲဒါသို့၊ ရုပ်ဆိုတာ၊ မာ၊ ဘွဲ့၊ ပူ၊ လှုပ် ဟူ၍ ဘောက်ပြန်မှုကြောင်၊ ရုပ်-ခေါ် ရတယ်။ နာမ်ဆိုတာ၊ အရာရာ ရှိမရှိ၊ ညွှတ်၍သိနေမှုဘဲ၊ ဒါ့ကြောင့်၊ စိစိ ညံ့ညံ့၊ အိပ်၊ ထိုင်၊ ရပ်၊ သွား၊ စကား ပြောဆိုသည်ဟူ၊ ညွှတ် သိနာမ်၏ ထင်မြင်ယူဆ၊ နာမ်ဓမ္မပါတဲ့......နှတ်မောင်မောင်။ အဆုံးမှာ "နာမရူပ" ဘာဘဲ၊ ။ထို့ကြောင့်။–

**"မူလပဏ္ဏာသ-အဋ္ဌကထာ, သုတ်မဟာဝါ, မဟာသတိပဋ္ဌာန်။"**

နာဝါမာလုတ ဝေဂေန၊ ဇိယာဝေဂေန တေဇနံ၊ ယထာယာတိ ကာယော၊ ယာတိဝါဘာ ဟာတော အယံ။

ယန္တံသုတ္တဝသေနေဝ၊ စိတ္တသုတ္တဝသေနိဒံ။
ပယုတ္တံ ကာယယန္တံပိ၊ ယာတိဋ္ဌာတိနိသီဒတိ။

ကောနာမ ဖွေသောသတ္တော၊ ယောဝိနာဟောတုပစ္စ
ယေ။

အတ္တနော အာနုဘာဝေန၊ တိဋ္ဌဝါယဒိဝါဝဇော။

ဤပါဠိတော်ကြီးများ —— ပထမဂါထာက-ဟေ့သဘော
ဥပမာပါဘဲ။ ဒုတိယဂါထာက-သစ်သားရုပ် ဥပမာကိုပြ
ထားပါသည်၊ တတိယဂါထာက-နာမ်-ရုပ်-သည်သာ၊ထိုင်
ရပ် သွား၊ လျှောင်း ဖြစ်တတ်၍၊ အကောင် သတ္တဝါကား—
ဘယ်မှာ ယာပိုက်လေးရှင်၊ ဖြစ်နိုင်တတ်မလဲဟု——ပြောပြ
ထားပါသည်။

ဤခဲ့သို့-“ဝဇိရမယ်” သည်၊ လူပျိုမောင်—မာရ
နတ်သားအား၊ ဗုဒ္ဓ၏ ဝိပဿနာသမ်းစဉ်မှ၊ နာမရူပ
စည်းမျဉ်းကိုပြလိုက်ရာ၊ နတ်မောင်မောင်မှာ၊စမတ်
မကျသည့်ပြင်၊ ဒိုကေ—ပင် မဖြစ်တော့သဖြင့်၊
ကက်စ်—မပြုရတော့ဘဲ၊ အော့ဖခ်ိုက် ဘက်သို့
ထွက်ပြေးရပါသတဲ့။

ဒါကြောင့်၊ ကျေးဇူးရှင်တို့သည်၊—

တရားဆိုတာ၊ ကိုယ်မှာရှာရမည်၊
ဝဇိရ-ထင်လျှင်၊ ဝိညာဉ်မျက်ဖွင့်သည်၊
ချိန်တွယ်စရာ—ဘယ်မှာရလိမ့်မည်၊
ကိုင် စမ်း ကြည့်၊ ကြမ်းအိ—ပထဝီ၊

ဟောချက်ခြင်းလက်ငင်းတွေ့နေပြီ-ဟူသော၊ သိတန်
ဆောင်ပုဒ်ဖြင့်၊ အနတ္တဝါဒီ၊ တေင်လှန်ရေးပါတီအား၊အသိ
ပေးထားခဲ့လေပြီ၊

## ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီး။

"၁" နာမဉ္စ ရူပဉ္စ ဣဓတ္ထိ သစ္စတော
နဟေတ္ထ သတ္တော၊ မနုဇောစ ဝိဇ္ဇတိ။

"၂" သုညံ ဣဒံ ယန္တမိဝါ ဘိသင်္ခတံ
ဒုက္ခဿ ပုဉ္ဇော တိဏကဋ္ဌ သာဒိသော။

"၃" ယထာပိ နာဝံ နိဿာယ၊ မနုဿာ ယန္တိ အဏ္ဏဝေ
ဧဝမေဝ ရူပံ နိဿာယ၊ နာမကာယော ပဝတ္တတိ၊

"၄" ယထာ မနုဿေ နိဿာယ၊ နာဝါ ဂစ္ဆတိ အဏ္ဏဝေ
ဧဝမေဝ နာမံ နိဿာယ၊ ရူပကာယော ပဝတ္တတိ။

"၅" ဥဘော နိဿာယ ဂစ္ဆန္တိ၊ မနုဿာ နာဝါ စ အဏ္ဏဝေ
ဧဝံ နာမဉ္စ ရူပဉ္စ ဥဘော အညောည နိဿိတာ။

"၆" ဟေတုံ ပဋိစ္စ ပဘဝန္တိ သင်္ခတာ
ယထာပိ သဒ္ဒေါ ပဟတာယ ဘေရိယာ။

"၇" ကမ္မဝိပါကာ ဝတ္တန္တိ ဝိပါကော ကမ္မသမ္ဘဝေါ
ကမ္မာပုနဗ္ဘဝေါ ဟောတိ၊ ဧဝံလောကောပဝတ္တတိ။

"၈" နဟေတ္ထဒေဝေါ၊ နဗြဟ္မာဝါ သံသာရဿတ္ထိ ကာ
ရကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ ဟေတုသမ္ဘာရပစ္စယာ။

"၉" ဣမိနာ ဉာဏေန သမန္နာဂတော ဝိပဿကော
"ဗုဒ္ဓသာသနေ" လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော၊
နိယတဂတိကော၊ စူဠသောတာပန္နော နာမ။

“၁၀” တည္ဗာတိက္ခ၊ သဒါသဘော နာမရူပဿ သဗ္ဗဲ သော၊
ပစ္စယေ၊ ပရိဂ္ဂဏှေ့ယျ ကင်္ခါဝိတရဏတ္ထိကော။

ဒီပါဠိတော်တွေဟာ၊ အားလုံး “နာမရူပ-ပရိဂ္ဂဟ” ခေါ်ကမ္ဘာလောကတရလုံး။ နာမ် နှင့် ရုပ် ပိုင်းခြားပြီး–ဝေဘန်ထားသောနည်းများပါဘဲ။ (၁) နံပါတ် (၂) နံပါတ်ပါဠိသဘောကလဲ၊ “လူကောင် နှင့် မြက် သစ်သား ဘာခြားနားပါသလဲ” တဲ့၊ (၃) နံပါတ် (၄) နံပါတ် ပါဠိများက၊ နာမ် ရုပ် အချင်းချင်း၊ နာမ်ကလည်း ရုပ်ကိုမှီရတယ်တဲ့၊ ရုပ်ကလည်း နာမ်ကို မှီရတာဘဲတဲ့၊ (၅) နံပါတ်က–ဟုတ်ပါတယ်တဲ့၊ ကျွန်း နှင့် ကိုင်းလို ပါတဲ့၊ (၆) နံပါတ်ကလဲ၊ စည် ဥပမာကြည့်ပါတဲ့၊ တီးထိုးမည်ဒါပေါ့ဘဲ၊ (၇) နံပါတ်ကတော၊ အကြောင်း အကျိုးဘဲတဲ့၊ သတ္တဝါမဟုတ်ဘူးတဲ့၊ (၈) နံပါတ်က ဟုတ်ပါတယ်တဲ့၊ အကြောင်းကိုပြုတတ်တဲ့ပုဂ္ဂိုလ်ဆိုတာ......နဟိအတ္ထိ-ပေါ့တဲ့၊ အကျိုးကိုလဲ ခံစားသူ ယောကျ်ား မိန်းမ မရှိပါဘူးတဲ့၊ သက်သက် နာမ် ရုပ်နှစ်ချက်၊ ကြောင်းကျိုးဝိပါကစက် ပါဘဲတဲ့၊ (၉) နံပါတ်က၊ ဆဲတာတွေဟာ သိတ်မှန်တာဘဲ၊ မယုံမှားကြနဲ့တဲ့၊ ဒီလို ဟုတ်မှန်တိုင်းယူ၍၊ ယုံကြည်စွာ သုစရိတနဲ့သာ လုပ်ကိုင်ပေတော့တဲ့၊ ဒီလိုသိတာခွဲကို “အရိယာမဂ္ဂေါ” ဆိုတာဘဲတဲ့။ အားထားပေတော့၊ ချမ်းသာတော့မည်၊ ကြီးပွားတော့မည်။ ထော်ရာ၊ တည်ရာ၊ သက်သာရာ၊ ကိုးကွယ်ရာ ရပေပြီဟူ၍။ ထွံ၊ သင်-ဝိပဿနာ၁၀ါဒီ၊ ဗမာပြည်သည်၊ ကဏှာပဟိ၊ ခွတ်လေသောဘဲ၊ (၁၀) နံပါတ်က၊ ဒါလိုမှ

ကြောင့်၊ ဘာလူက–မ ဘုတ်ဘူးဆိုဆို–သပိတ်မှောက်မှောက် တဲ့၊ အနေးမလုပ်နဲ့တဲ့။ ဝိပဿနာ နာမ် ရုပ်ကို၊ များများ အားထုတ်ပါ–ဟု။ တိုက်တွန်းတော်မူထားသော စကားဖြစ် ပါသည်။

ထို့ကြောင့်၊ ၊ဒုစရိတ-ကိလေသာလမ်းစဉ်မှ၊ ဆူညံသော၊ မစ္ဆရိယ၊ ရာဂ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိ-စသည်တို့၏၊ သာ သနာဖျက်၊ ဘာသာဖျက်-ပုဂ္ဂိုလ်တို့ကြောင့်၊ ပျက်စီး ညစ် ညူး၍နေရသော၊ မြန်မာနိုင်ငံတော်၊ ပြည်သူ ပြည်သားတို့ သည်။ ငါ့လင်၊ ငါ့မသား၊ ငါ့သား၊ ငါ့သွီး၊ ငါ့ထီး၊ ငါ့ နန်း၊ ငါ့သက်နှ်း၊ ငါ့ကျောင်း၊ ငါ့ထောင်း၊ ငါ့ဇွေ၊ ငါ့ဂှည်း၊ ငါ့ကာ၊ ငါ့နွား၊ ငါ့ဟာ-စသောအားဖြင့်၊ အနိုင်အမာစွဲလမ်း ယူကျုံ၊ နှစ်လုံးမယည်၊ ပုထုဇဉ်ဆိုး၊ ဒုစရိတမျိုး တို့သည်။ သင်တုန်းသွားထက်၊ ပျားရည်စက်ကို၊ မက်မက်မောမော၊ ယောဘဇောနှင့်၊ လျက်မိသော သူမိုက်၊ ဖြတ်မိး၍ူး တိုက် သလို၊ စွဲလမ်းတိုင်းချမ်းသာမခံ၊ ဒုက္ခသာပြ ာတေ့၊ ဆင်း ရဲကိုသာတွေ့ပြီး၊ တခွေ့ခွေ့ အချိန်ကုန်၊ အပါယ်ဘုံ မီးစာ၊ သို့ဖြစ်ပါ၍၊ အနှစ်မပါ၊ အကာနှင်နှင်၊ အပြစ်သာတင်ရမည့်၊ သင်္ခါရဝဋ်ဘုံ၊ ငါးပါးသော ကာမဂုဏ်နှင့်၊ မြစ်ရေပုံ မျော ပါ၊ ဆင်သေပုပ် ဥပမာဝယ်၊ ထက်စီးကာစားလိုက်၊ ဝဲဩ စာအဆိုက်တွင်၊ ကျိုးဌက်မိုက်–သူပါသေ သို့၊ အရ႑ာခလေ– ပြည်သူတို့မှာလဲ၊ ဝဋ်လေသာအားကိုး၊ မိုးမမြင်၊ မြေမမြင်။ ငါသို့စင်၊ သူ့ဘို့စင်၊ မာန်စဝင်ငွါးငွါး၊ စာသမား-မနှင်း၊ အမြင် မှေ့လျော့၊ ပေါ့ပေါ့သာ နေကြ႐ှာသည်။

သို့ဖြစ်သော်လည်း။ သနားချ်မဖြစ်၊ ချစ်၍မရ၊ ဆုံးမလို့မထတ်နိုင်၊ ပျက်ခေါင်တိတိုင်ကြွလျှင်၊ မခိုင်သည့်ကိုယ်ခန္ဓာ၊ ပင့်မိုးစာ ဓမ္မတာမို့၊ သူ့တင့်ထွာ အချိန်စေ့တော့၊ ပြာဖြစ်၍ ဆွေးမြေ့၊ အတွေ့ပေါက် ဘဝသစ်၊ ပြုခဲ့ထဲ့ကံစနစ်ကြောင့်၊ အောက်နရက် လေးအပါယ်၊ ဘွေယ်ရာ ဘာမရှိ၊ ဘယ်ညာတိ–ဘယ်ဆရာ။ မည်သူကလာ၍ ကယ်မှာနည်း။ သို့ဖြစ်ပါ၍၊ ကမ္ဘာလောကဓာတ်၊ သုံးဆယ့်တစ်ဘုံ၊ အလုံးစုံ—ဟမလှ။ အသုဘ, သုဘ၊ ကောင်း မကောင်းစသည်မှာ၊ “နဟိအတ္တ” ဟူ၍၊ အလျှဉ်းမရှိပါ၊ အကြောင်းတော်သည့်ကာမျှ၊ ခဏတ္တယ-ရှိတာကတော့။—

“စတုဓာတု” ၁၊ ခိုင်မာ ခက်ထန်ကြမ်းကြွတ်ခြင်း မြေ–သဘော၊

၂၊ ပြေ့ပြောင်း ပေါင်းဖွဲ့ ယိုစီးခြင်း ရေ–သဘော၊

၃၊ ဖြင်း ပူခြင်း အငွေ့မှုသာ ဖြစ်သော–မီးသဘော၊

၄၊ လှုပ်ရှားတောင့်တင်း ထောက်ခံခြင်း–လေသဘော၊

ဤသဘာဝဓာတ် လေးခုမှသပါး၊ ယောက်ျား သဘော၊ မိန်းမသဘော၊ လူ၊ နတ်၊ ဖြဟ္မာ-သဘော၊ သတ္တဝါကောင်သဘော ဟူ၍မရှိပါ။ အကယ်၍ ရှိသည်ဖြစ်အံ့၊ စမ်းသပ်ဆင်ခြင်သော်။ အမာ၊ အပြော့၊ အပူ၊ အဖေ၊ အဖွဲ့အစေးလှုပ်

ရှားရေးမှတပါး၊ ယောက်ျား၊ မိန်းမ၊ သတ္တဝါဟူ၍၊ တွေ့ကောင်းပါသည်၊ ယခုမှာကား-မတွေ့ရပါ၊ "ဓာတုမနသိကာရ" ခေါ်-ဓာတ်ကိုသာ၊ စုံစမ်း၍ တွေ့ နေရပါ သည်၊ ထို့ကြောင့်လည်း-

"သတ္တော သတ္တောတိ,, ဝေါဟာရေ
ကာယေ သင်္ခါ ပုနံ ပုနံ၊
စတုဓာတု ဝ ပဿန္တိ,, အညံ ကိဉ္စိ
နဒိဿတိ။ ။ဟူ၍ ဟောတော်မူပါသည်

ကို ယုံကြည်၍၊ ဗုဒ္ဓစစ်ကို တွေ့မြင်သဖြင့်၊ ဘုရားကျေးဇူး အထူးထင်ရှားလာသည်၊ တရားစစ်၏ ဂုဏ်ကျေးဇူး၊ အထူးထင်ရှားတော့သည်၊ အာဂါရသံဃာ၊ အနာဂါရသံဃာဖြစ်နိုင်တော့မည်သာ၊

ထို့ကြောင့်၊ သစ်သားရုပ်စသည်ကို၊ မင်းသား,မင်းသ္မီး, ဝန်ကြီး, ရှင်ဘုရင်, ဟု၊ ခေါ်ပင် ခေါ်ရသော်လည်း၊ သစ်သား နှင့် ကြိုးသာ မှန်သခဲ့သို၊ ထို့အတူ၊ လူပင်ခေါ်ရသော်လည်း၊ ဓာတ် လေးပါး၊ ဓာတ် ကိုးပါး၊ ဓာတ် နှစ်ဆယ့်ရှစ်ပါး၊ ရုပ်တရားနှင့် နာမ်တရားများသာ၊ ဇကန်ဇကဲ အမှန်ဘဲ တွေ့နေရပါသည်၊ "နာမရူပပရိစ္ဆေဒ" ဉာဏ်သည် သာတည်း၊

"သမ္မသနာ" ဝေဘန်၍၊ "ဥဒယဗ္ဗယ" ဖြစ်မှုပျက်မှုသာ တွေ့ရ၍၊ "ဘင်" အပျက်သည်သာဆုံး၍၊ "အာဒိနဝ" အဖြစ်သာရှိ၍၊ "ဘယ" ဘေးအစုသာတည်း၊ "နိဗ္ဗိဒါ" ငြီးငွေ့စရာတွေ့၍၊ "မုဉ္စိတုကမျတာ" ဒိဟာတွေမှလွတ်ချင်၍၊

“ပဋိသင်္ခါနုပဿနာ” လွတ်အောင်ဝေဘန်၍၊ “သင်္ခါရုပေက္ခာ” ဒါတွေဂရုမစိုက်ပါ၊ “အနုလောမ” ဂေါတြဘူ-ကျူ, ပုထုဇဉ်ဘဝဖြတ်၊ “ဝါလေး အမွေးနုတ် ဖြုတ်” ပြီးရော၊ ဦးဘိုးထော်ကြီး-ရောက်လာတယ်၊

မယ်ဇာလီ ဆိဆွတ် ဖြွတ်၊

**ဦးဘိုးထော်,-** အလို တယ် လွယ်ပါလား၊

လွယ်ဆို ဝိပဿနာကိုဗျ၊
ခင်ဗျားတို့ အဘော အမေသာ ခက်ထား၊
ကျွန်တော်တို့ ဘုရားက လွယ်တယ်၊
ဒို့ အမေ အဘော ဘာဖြစ်သလဲ၊
ယောက်ျား နှင့် မိန်းမလေ၊
ဘုရားကတော့၊ နပ္ပုရိသော–နဣတ္ထိဗျ။ ဟိ ဟိ ဟိ၊
သောက်ကမြင်းမသားလေး လူ ပြောင်ချော်ချော်နဲ့၊
စိတ်မဆိုးပါနဲ့......ရှင်ဘိုးထော်ရယ်၊
မင်းကလား ငါ့များ ရှင်ထဲ့ခေါ်လို့၊
ခင်ဗျားလေ့မကဘူး၊ ရှင်သာရိပုတ္တရာ၊ရှင်အာနန္ဒာ၊
ရှင်ဥပါဠိ......ဘာလဲ၊
ခင်ဗျားတို့ရွာ ဘုန်းကြီး ဘယ်နှစ်ယောက်ရှိလဲ၊
ဟဲ့ — ဘုန်းကြီး ဘယ်နှစ်ပါး ပြောပါ၊
အရိယာထောင် ရှစ်ယောခင့်မဟုတ်လား၊
ဟုတ်ထော့ဟုတ်ကဲ့၊ မင်းပြောမှ,သတိရ၊
ဒါပေမယ်-လူကြီး သူကြီးစကား နာယူမကဲ့၊

အို ခင်မျှားကြီး ဘာပြောတာလဲ၊ ဘုရားစကား
နားထောင်ရမှာ မဟုတ်လား-မှားမယ်နော်၊
ဘုရားဟောင်မ၊ သူ့အဘောက,—တော မထွက်နဲ့
ပြောတာ၊ နားထောင်နေရင်—ဘုရားဖြစ်မလား၊

အေး—ဒါလဲ၊ဟုတ်တော့ ဟုတ်ကဲ့ဟေ့၊
ဒါဖြင့် မင်းတို့ခေတ်မှာ၊ ဘုရားမကြိုက်တဲ့—ဝက်တွေ
ထားမြစ်ရေး မလုပ်နိုင်ဘူးလားကွဲ့၊

ဒါကတော့ "ပါဏာတိပါတ" ဆိုတဲ့ ဒုစရိတသာ့
တားရလိမ့်မယ်၊ ဝက်ကိုတော့-ဘုရားက၊သေအောင်
ကြိုက်တာပေါ့၊ ဝက်ပျိုသား,စားသေဆိုမဟုတ်ထား၊

အေး ဟုတ်သားကဘဲ၊ ငါ မေ့လို့ဟဲ့၊

ဒါထက်—မင့်အမျှား, တနေ့က၊ နွားတရှင်းပါသွားသို၊
ကိုယ်က၊ နောက်နောက်က-ယူခဲ့ဘူးတော့၊ ခံရမှာပေါ့
လကွယ်။

အောင်မယ်၊ ပုထိုးတော် ဌာပနာတွေ၊ လူယူသွား၊
ပုထိုးတော်က၊ ဟိုဘဝက၊ ခိုးခဲ့ဘူးလို့လား၊
ဘုရားတွေ-ရွှေပွတ်ခံရတာတွေဟာ၊ သူတို့က၊ နော
နောက်က—ပွတ်ခဲ့ဘူးပါသလား။

အေးလေ—ကံပေါ့ကွယ်၊ကံပေါ့-ကံပေါ့၊

လာပြန်ပြီ၊ ဘာကံလဲ၊ ခမျှားတို့ယုံကြည်တဲ့ ကံမျိုး
က၊ အောင်နက် ခေါင်းခေါက်ရင်၊ ကံ,—လို့ အော်
မှာဘဲ၊ ဗုဒ္ဓက၊ အလုပ်ကိုဟောတယ်၊
ခင်မျှားတို့ ဒုစရိတ-လုပ်ကိုင်နေသမျှ၊ သူခိုး—ဒါးပြ

ထူထောင်ရေးတွေဘဲ။ ဒီတော့၊ ခင်ပျားတို့က (၁) နံပါတ်-သုဓိ (၁) နံပါတ် ဒါးပြတွေပါဘဲ၊

ဒါတော့ကွယ်၊ သူများဘုရားတာ—ရွှေပွတ်ခံရ၊ မွှာပနာ ယူခံရ၊ ငါ့ဘုရားဖြင့် မခံရပေါင်။

ခင်ဗျားဘုရားက-ဘယ်မှာလဲ၊ ဟို ခြသေ့်လေးကောင်နဲ့ ဘုရားလား- “အေးကွဲ့”

အဲဒီ ခြသေ့်တွေက၊ ဘာသဘောလဲဗျ, တရားနာပုံလား။

ဟာ—မိုက်လိုက်တဲ့လူ။ ဘယ်တရားနာဟုတ်မလဲ၊ ဒီလိုကွဲ့၊ ငါပြောမယ်၊ စေတီနှင့် ခြသေ့်ချပ်ပါ မဟာဝင်အခက်း ကေသရီ-အမည်ရှိသော မိန်းခလေးတယောက်တဲ့ကွဲ့၊ အဲဒီ မိန်းခလေးက-အင်မတန်ထူးဆန်းဒါလားကွယ်။ သူမွေးလာကထဲက၊ အမြဲတန်းလိုလို......ငိုလို့သာ နေတာဘဲတဲ့ ကွဲ့၊ ဒါနဲ့ သူကလဲ၊ ဘုရင့်သမီးတော်ကလေး-ဆိုတော့၊ ပုဏ္ဏားဖြူ ပုဏ္ဏားညို-များခေါ်ပြီး။ ရက်ချုပ်ဇာတာ—ကြည့်ရှုစေလေတော့။ သမီးတော်-ကေသရီ-က။ ခြသေ့်စက်ပါသော-မိန်းခလေး ဖြစ်နေပါရော မောင်၊ အချိန်အခွယ်ရောက်က။ ခြသေ့်နှင့်သာ ညားရမဲ့ ဇာတာ ပေါ်လာကွယ်—၊ “ဟုတ်ကဲ့”

ဒီလိုနဲ့ တကတဲ—တနေ့မပြတ်......ငို ငို သာ နေတော့။ အထိန်းတော် အချောတော်များလဲ၊ ခလေးမငိုအောင် မတတ်နိုင်ရှာကြတော့။ ယောက်ျားအထိန်းတော် ချော့စေလို့—အမိန့်ချရသပေါ့ကွယ်။ ဒီတော့—

ယောက်ျား အထိန်းတော်က—အမျိုးမျိုး အငိုတိတ်ရာ
တိတ်ကြောင်းနှင့် ချော့ရှာတော့၊ နောက်ဆုံးမှာ—
ကြက်တောင်ကလေးတခုနှင့်၊ ပေါင်ကလေး-ပွတ်ပွတ်
ပေးလိုက်တော့၊ မင်းသွီးက—အငိုတိတ်သွားသတဲ့
မောင့်......။ "အောင်"

ဒီတော့မ—အငိုတိတ်သွားတော့၊ တအုံ့ ထသြပေါ့ကွယ်၊
သွီးတော် အငိုတိတ်သတဲ့ အငိုတိတ်သတဲ့ နှင့်ဟေ့
တနန်းတော်လုံး, ဝမ်းပန်းတသာ—ပြောကြတာကိုး
ကွဲ့။ ဒီတော့၊ ဘုရင့် ရွှေနားတော် ကြားသွားပါ
ယောမောင်၊ ငါ့၏သွီးတော်အငိုတိတ်အောင်ချော့နိုင်
သော အထိန်းတော်၊ ဆုတော် လာဘ်တော်—ပေး
သနားရန်၊ ရှေ့တော်သွင်းစေ, ဆိုတော့၊ အထိန်း
တော်ဟာ၊ ဘုရင့်ရှေ့တော် ရောက်ရသပေါ့ယော—
"ဟုတ်ကဲ့"

"အထိန်းတော်မောင် တဲ့။ ငါ့သွီးတော်အား၊ အငို
တိတ်သွားသော သတင်းစကားကြားလိုက်ရသဖြင့်။
ငါကိုယ်တော်မြတ် ရွှေနှလုံး၊ ယူကြုံးမရ၊ ဝမ်းသာလှ
သဖြင့်၊ အသပြာဆုများ, ပေးသနားတော်မူမည်။
အဘယ်ကဲ့သို့ချော့၍ သွီးတော် ချမ်းမြေ့လေသနည်း
မှန်ရာကို သံတော်ဦးတင်စေ—လို့၊ အမိန့်တော်ချပါ
ရော့ကွာ။

"ဟုတ်ကဲ့" သူ့ အသပြာဆုတော်ရမှာ၊ ဒိုကေ—
ပေါ့ဗျ၊

"ဟာ-မင်းက, ဆုရမှာသာမြင်တာ၊ မအိုဘဲနှင့်ကေမှာ

တော့ မသိဘူး။  “ဘာ့ကြောင့်လဲဗျာ”

“ဟ – ဘွိုးတော် ကြွက်တောင်နဲ့ ...... ဟာဒါ ပြုထား ဒါကောကွ။ သံတော်ဦးတင်ရမှာ ခက်နေယောပေါ့ လကွယ်။ သို့သော်လဲ၊ ဘုရင်က, တင်စေဆိုတော့၊ သေသေ ကြေကြေ ဆိုတာလို၊..... သံတော်ဦးတင်ရ တော့မှာကွဲ့၊

မှန်လှပါဘုရား တဲ့၊ ထားရှင်လဲ ရှင်ရမည်၊ သတ်ရှင်လဲ သေရမည်ဖြစ်ပါသဖြင့်၊ သံတော်ဦးတင်ရန် ခက်ကြောင်းပါ ဘုရား၊ “မင်းကြီးမျှား...... ဘုရား”

ဘယ်ပုံချော့၍ ဘွိုးတော် ချမ်းမြေ့ပါသလဲ မေးရာ၊ သံတော်ဦးတင်ရန်ခက်ဆိုတာ၊ ဘယ်နှာလဲ မင်းကြီးမျှား၊

ဟုတ်ပါထယ်ကွယ်၊ လွယ်လွယ် သံတော်ဦး တင်လိုက် ပေါ့၊–

အောင်မာ၊ မင်းကြီးတွေ ဘာနားလည်လို့လဲ၊

ဟဲ၊ ငါတို့ နားလည်တာပေါ့၊ ဘယ်မှု့ကျွေးလို့ အငိုတိတ်ပါတယ်၊ ဆင်တင်းကုပ်က, ဆင်ဖြလို့ အငိုတိတ်ပါ ထယ်ဆိုတာ၊ မှန်ရာကို သံတော်ဦးထင်လိုက်ပေါ့ကွဲ့။

ဝေးကြပါသေးဗျာ၊ ဒိဘွိုးတော်က။ ဆင်ထားလို့ ဆင့်–

ဟဲ့ ဟဲ့–တော်တော်၊– မှန်ရာ သံတော်ဦး ထင်လိုက် တင်လိုက်။

မှန်လှပါဘုရား၊ သံတော်ဦးတင်ပါ့မည်၊ ထားချင်လဲ့ရှင်၊ ထားချင်လဲ့ရှင် — "အို-သတ်ချင်လဲသေ, ဆိုမ-ပေါ့။"

မသေချင်ပေါင်ဗျာ မလုပ်ပါနဲ့၊ မှန်လှပါဘုရား၊ သ္မီး တော် ကေသရီမယ်, အငိုတိတ်ထားကတော့၊ ဟိုလိုတိတ် တာပါဘုရား၊ "အို-ဘယ်လိုချော့သလဲတဲ့" မှန်ပါဘုရား၊ သ္မီးတော် ကေသရီမယ် သည်၊ ကြက်တောင်နှင့် ပေးစားမှ၊ အငိုငြွေးဒါမှန်ပါသဖြင့်၊ အသက် ချမ်းသာပေးတော်မူပါ ဘုရား၊ "အင် — အော် — အလို —"

မင်းကြီးများ — ဘုရား၊ ကြားကြလား၊ မှန်လှပါ၊ —

ဒီအတိုင်းမှန်က၊ ငါကိုယ်တော်နှင့်တကွ၊ တိုင်းပြည်ပါ အရှက်ရမည်ကြောင့်၊ သ္မီးတော်-ကေသရီ၊ တိုင်းပြည်မှအပ, စွန့်ပြစ်ချေကြ-မင်းကြီးများ.....လို့၊ တိုင်းပြည်က-စွန့်လိုက် ရသတဲ့ကွဲ့၊ "ဪ-ဒီလိုကိုး"

ခြင်္သေ့ပြောပါ့ဆို၊ သ္မီးတော်-အငိုတိတ် ဝတ္ထုဖြစ်နေ။ ......

"ဟာ" ဒီသ္မီးတော်ကလေး၊ ဒီလိုစွန့်လိုက်တော့။ ကုန်ကူး သန်းတဲ့ လှည်းသ္မားတွေက-ယူအသွား။ တောမြိုင်ကြား အရောက်။ ကေသရာဇာ-ခြင်္သေ့အနောက်နှင့် တွေ့ကြတော့၊ လှည်းသ္မားများလဲ-ကစင့်ကရဲဖြစ်ပြီး၊ ဒီခလေးမလေး ခြင်္သေ့ ကယူမွေးထား၊ အချိန်အရွယ်ရောက်တော့၊ ခြင်္သေ့နှင့် ညား တော့ဒါပါ့လကွဲ့။ "အော် -- ဟုတ်ကဲ့"

နောက်-"ကေသရာဇာ နှင့် ကေသရီမယ်က" မွေးသွား လာတော့ 'သီဟဗာဟု" တဲ့ကွဲ့၊ လူကလေးသွားလာ

တယ်။ ၎င်းနောက်။ မိန်းခလေးတယောက်—သီဝလိတဲ့ကွဲ့။

နေပါဦးဗျာ၊ ခြသေ့နှင့်—လူမ,ဆိုတော့။ယုံတန်းစကား လားဗျာ။

မဆိုနိုင်ဘူးကွဲ့ "မဟာငင်" မှတ်တန်းဘဲလကွယ်..... နောက်၊ သီဟဗာဟုကလဲ.....အရွယ်ရောက်တော့၊ ကေသ ရာဇာမှ-"မ" နိုင်သော ကျောက်ဖြာ၊ သူကလဲ—မ-နိုင်သကိုး ကွဲ့.....။

အမိကသဲ လူ။ သူကလဲ-လူ၊ နှမကလေးကလဲလူ၊ အဘ က—ခြသေ့ဆိုတော့၊ ဤတောထဲ၊ ခြသေ့နှင့်အတူ မနေချင် တော့ဘူးပေါ့ကွယ်။

ဒါနဲ့—တနေ့သ၌။ ခြသေ့ အစာရှာသွားခိုက်၊ ကျောက် တံခါး-မ,-ဖွင့်ပြီး၊ နှမငယ်းပွေ့၊ အမေကိုထမ်း၊ တောစခန်း က ပြေးခဲ့ကြတော။ ရွာဘရွာမှာ၊ ခိုကပ်ပြီး, သားအမိ လုပ် ကိုင်စားသောက်နေကြ၊......အဘ ခြသေ့ကြီးလဲ၊တောကြား မြိုင်ယံ၊ ရှာကြံထိုမရတော့၊ ရွာသိမ်—ရွာငယ်ဟူသမျှ၊ မိန်းခ နှင့် သားသွီးသောကရောက်ပြီး။ ဖျက်ဆီးရှာတော့၊ ရွာ ငယ်ဟူသမျှ၊ ဒုက္ခရောက်ရှာကြသပေါ့။ လူတွေလဲ - မြို့နား ကင်-မြို့ထဲဝင်နှင့်၊ ဘယ်သူမှ ခြသေ့ရန် မနိုင်နင်းနိုင်တော့။ နန်းတော်က—မောင်းကြေးနင်းလည့်တော့ဒါကိုး၊ ဒိတော့ခ, အောင်—တဲ့၊ ငါ့ဘို့အတွက်၊ တိုင်းပြည်ပါ ဒုက္ခဖြစ်တော့ယ တဲ့။ ငါမှတပါးလဲ၊ ဒိခြသေ့ရန် မည်သူမှ၊ မရခံနိုင်ဘူးတဲ့၊

No. 17.

ငါ့သားသျှင် ခုခံ၍၊ တိုင်းပြည်အား ကယ်တင်အံ့ဟု၊ အောင်းမေ့ပြီး။ သားတော် သိဟာဗာဟုက၊ ဤခြင်္သေ့ရန်၊ ကျွန်ုပ် ခုခံပါမည်၊ လေးတော် နှင့် မြားသနားတော်မူပါလို့—ထွက်ထဲ့ပြီး–အာမခံလိုက်ထားကိုးတွဲ၊

ဒီတော့မ —မယ်တော်–ကေသရီက၊ အမယ်လေး–ငါ့သား၊ မင်းမှာပါပေါ့လား "မာတာပီတ-ဒိန္နင်္ဂဘ" ဘုရားနဲ့ အား၊တကိုက်းထဲထားပါတယ်။ ပြန်ပြီးပြောပါချေ။ ငါ့သားများတော့မယ်၊ သွားပါ–သွားပါ၊ ပြောပါချေ–ပြောပါချေ၊ "နေပါဦး–မယ်မယ်။ ဒီသိုမ မမှုံခံနင်းပါဘ၊ ဒီခြင်္သေ့နှင့်" တနေ့ကျ တွေ့ရပါလျှင်။ မယ်မယ်က-ခြင်္သေ့မယား၊ ကျွန်တော်က–ခြင်္သေ့သား၊ တိရစ္ဆာန်ရဲ့မယား၊ တိရစ္ဆာန်ရဲ့သား၊ အများသိသွားခင်–အသွန်ရှက်စရာကိုလဲ,- သဘောထားပါ, မယ်မယ်။ မယ်မယ်-မရှက်နိုင်သော်လဲ။ကျွန်တော်ရှက်ထယ်၊ မနေနိုင်ဘူး နှိမ်နင်းရ လိမ့်မယ်လို့၊ ဖွတ်သွားကလေး ဖြစ်နေသကိုး ငါ့သူ့ရဲ့ "ဟုတ်ကဲ့"

မတော်ပါဘူးကွယ်၊ အခြားခြင်္သေ့ ဆိုရင်လဲ။ မေမေ–မဘားပါဘူး၊ ဒီခြင်္သေ့ကတော့၊ ဘေဘေ-မင့်ဘေဘေ ဖြစ်ပါလိမ့်မယ်။ သတိထားပါဦးကွဲ့ သားရဲ့။ မေမေ ပြောစကား နားထောင်ပါဦး သားတော်မောင်ရယ်ဟု၊ ငိုရှာတော့ဒါကိုးကွဲ့၊ လင်ယောကျ်ားဆိုတော့၊ တိရစ္ဆာန်ဖြစ်သော်လဲ။ တဈွောပေ–မ-ချစ်အားသာ၊ ပြစ်ခွါ၍မနေနိုင်တဲ့ကလားကွယ်၊ အချစ်ခတ်ဆိုဘာ၊ အရှက်ခေတ်ကိုမငဲ့နိုင်ဘူးကလားကွဲ့၊ "အော်–ဟုတ်မှာတဲ့ဗျာ"

ဒါကြောင့်လဲဘဲ၊ သုံးဆယ့်တစ်ဘုံလောက၊ အကောင်းသုဘ၊ ထင်သမျှ၊ ခုက္ခရောက်ရသော-သံသယာဇာဌ်မျိုး၊ ကိလေသာ အချစ်ကြီးတွေ၊ အလိမ်လိမ် အရှုပ်ရှုပ်နှင့်၊ သံသရာ့ သစ်ပုတ်ခဲ့သို့။ မပြုတ်နိုင်ကြလေတော့၊ ကျေးဖူးရှင်များ, ဆုံးမထားဘယ်ကွဲ့။ "ဟုတ်ကဲ့,, ဘယ်လိုပါလဲ"

"နားထောင်ပါရစေ ခင်ဗျား"

အသုဘံသုဘ-သညာယ,, ဝါယမန္တိပုထုဇ္ဇနာ၊
ဒိဝါရတ္တိဝတ်ကာလံ,, ခေပေတွာ တေသုမယှရေ။

"ပုထုဇ္ဇနာ၊ ကိလေသာဟုန်၊ ကိုယ်လုံးထုံ၍၊ မြူးခုံပျော်ရွှင်၊ ပုထုဇဉ်အများ၊ ဓို့သူငါ အစားတို့သည်၊ (ဒါ၊ ကေသရီမယ်တမျှ၊ ချစ်ခင်ကာ-ကြင်နာကြရှာတဲ့၊) မောင်မယ်အများ၊ ကိလေသာ သွေးတို့သည်၊ "အသုဘံ၊ သူ့ခန္ဓာ၊ ကိုယ့်ခန္ဓာ၊ မျိုးအနံ့ရော-အပုပ်လှိုင်စွာ-တရိုရို နှင့် ဖြီးထားကြောင့်၊ သုတ်မနိုင်နိုင်အောင် ယိုထွက်စီးနေကြတဲ့၊ အသုဘ အကောင်ပုပ် စက်ဆုပ်စရာကြီးတွေကို၊ "သုဘသညာယ၊ ချောသဟဲ့,, လှသဟဲ့,, နိပ်သဟဲ့-ထို၊ မိဂ်တဲ့ရာ ထင်စွာမှတ်တတ်သော၊ သုဘ-ခ်တဲ့ သညာဓာတ်ကြောင့်။ (ဝါ၊ တောသုံးထောင် ဟောမဝါသယ်၊ ကေသရာ-ပျော်စံမွေ့စဉ်က၊ ခင်သမျှ—မင်သမျှ—သုဘဆိုတဲ့ သညာဝေဒ်ကြောင့်၊) "ဝါယမန္တိ၊ ဝေးမလို ပါးမလို၊ တရားဆို မြူမသန်းကြဘဲ၊ ကြိုးမ်းအားထုတ်၊ အရေးလုပ်ခါ နေကြလေကုန်၏။ ဝါ၊ ဝေနိုင်-မရုန်းနိုင်၊ အဆုံးတိုင် ဘယ်ခါမှုန်းနိုင်ဘော့ဘဲ၊ညွှဉ်းပန်းနှိပ်စက်၊ အခုံတွေ အပိတ်ခက် လို့ရို၊ ကားဂုဏ် အခင်တက်ခါနေကြလေကုန်၏ — တဲ့ကွဲ့။

''မင်းစဉ်းစားလေ၊ ဘဝရေစက် ဖြစ်ခဲ့ရပြီးသား ဆိုမတော့လဲ၊ မလွဲသာလို့ ရှင်ကွဲကွဲကာ နေနေ့သော် လဲ၊ နောင်တွေ့လိမ့်ဦး၊ တနေ့ကျ မြင်ရဦးမှာဘဲလို့၊ စိတ်ဖြေနိုင်သေးတယ်ကွဲ့၊ ယခုတော့၊ နှမ်နင်းဆုံတဲ့ ကာ၊ အသေသတ်ရမဲ့အရေးဖြစ်နေတော့၊ ကာမဂုဏ် အဆိပ်က-ထိပ်ရောက်အောင် တက်ကယောပေါ့ကွဲ့၊ ပြီးတော့ သား–မောင်ဗာဟု၊ ကံကြီး ထိုက်မှာလဲ စိုးထင်ပါရဲ့ကွဲ့။ ငိုဘာကဘော့၊ သူ့လင်-ဦးခြသေ့် မသေစေ့ချင်လို့ပေါ့ကွယ်၊ ဒါ့ကြောင့်၊ သားရယ်၊ မင့်အဘဟာ၊ အင်မတန် ကျေးဇူးကြီးပါ သကွယ်။ မေမေ-ခငလေးက, ပြုစုကျွေးမွေးခဲ့တာ၊ ယခု-မေမေ့ အသက်–သုံးဆယ် နှင့် နှစ်နှစ်၊ မေမေ–တဆဲ့ခြောက် နှစ် သူနဲ့ အကြောင်းပါ၊ တဆဲ့ရှစ်နှစ် သားမောင် ကိုဘွား၊ ယခု-ငါ့သားတော်၊ တဆဲ့ငါးနှစ်ကျော် အရွယ်၊ ဘွီးတော် အငယ်က, တဆဲ့နှစ်နှစ် အချိန် တော်ရောက်အောင်၊ စောင့်ရှောက်ခဲ့တဲ့ ကျေးဇူး မအောင်းမေ့တော့ဘူးလား–သာ ကြီးခဲ့ဟဲ့၊

မေမေ့ တော်ပါဗျာ၊ လူတွေကြားရင်—သိတ် ရှက်စရာကောင်းပါတယ်၊ ''အမယ်လေး- လူကလေးမောင်''

''ကေသ-ရာဇာခြသေ့်တပါးပါကလ၊ အဘောကမ-မညာ ပါလျှင်၊ မင်း–ထင်သချ်မှားပါလိမ့် ''သားမောင်ရယ်'' အစဉ် မမေ့ပြားထိုက်ပါဘူး ဂုဏ်ကြီးတဲ့သူပါနော်___''မယ်မယ် ထယ်ခက်ပါလား'' ''အော် ကျေးဇူးရှင်ပါကွယ်၊ ရှေး ဦးယခင် - မေငယ်ငယ်က၊ မင့်ဘောဘောသယ် ဘောက်ယူ

ကာထားပါသတဲ့၊ ကျောက်ဂူတလွှားမှာ-ပျော်စံစေဟဲ့ရယ်လို့။ ဖေါ် ရန်ရွှေ-ဇာဘာဝက်ကယ်ကြောင့်။ ဇော်ကာံခေ-အာသာ ကွက်မှိုလေရှဲ၊ နေ့ကြည့်ပါတယ်၊ ကေသရီဆိုတဲ့ စနစ်ပါကလ၊ အမှားအာရုံ ငါးကာမဂုဏ်နှင့်ချစ်မှိုဖြိုနီတော့၊ သွီး သား ရတနာအစုံ မိးပွားကာ-ဍာလာပုံတဲ့။ ရာဇာဂုဏ် မင့်ဘေဘပါးပါလ။ ရွှေမြင်းမိုရ် တောင်မေရုထားထိုက်ပါ ရှဲ၊ သားကြီးမောင်ရယ်.....ငဲ့ကာပင်သနားဒါကြောင့် မေမေ ထား-တား-တားပါရှဲ-မယ့်သားတော်။ “မယ်မယ်ရယ်”

ယာချမှတော့၊ ကိုယ့်ကိုယ်ကို ဒုက္ခမရှာပါ နဲ့၊ ရွှေနားတော် သံတော်ဦးတင်မှိုပါပြီ-မယ် မယ်၊ သားတော် သွားပြီး မြားနှင့် ခွင်းရ လိုင့်မယ်၊—

“အာယ့်မင်း—အိုသူမိုက်မောင်။ “ငါအမေပါနော်၊ ဟော် “သားကြီး” ငါအမေပါနော်, စကားတွေဖြင့်မတင်း လိုက်ပါနှင့်၊ မဟာ-အဘေဆိုတာ ဟာလေ၊ သားနဲ့ဖြင့် မကာင်းနိုင်ဘု၊ ဍာဍောကာ မြားနှင့် ခွင်းထော့မယ်တဲ့၊ အပါ ယေမှာ သားဖြင့် ဆင်းရပေလိမ့်၊ တရားနှင့်ကင်းတဲ့သူမှိုလို့ သေကြောင်းကို ကြိတာထင်တယ်၊ အဘေကို မကောင်းဖန် တာတွေ့ကြောင့် မွေးမယ်တော်သနား — မယ်တော်သနား၊ သားမောင်မောင်၊ သား မောင်မောင်ရယ်၊ အမှားကို မင်း မယောင်ပါနဲ့၊ ဆောင်ဘမသာ, သား အမိ-သားအဘတတွေ အတူတူစံကြစဉ်က၊ မြူ ရန် မခ အောင်-ဘေဘေ ထားရှာ ပါသကွဲ့၊ သားတော်မောင်ရယ်၊ တားပရစေကွဲ့-ကျေးဇူး

ရင်ထပါး၊ "အိုရိ ဟူဂုလေးရဲ့" မင်းထင်သလို ပြုတော့မှာလား။—

**ဟေ့ဟေ့-ဘယ်မလဲ သတို့သား။ ရောဇိန်မြှား**
**ဘုရင့်အမိန့်တော်။**
**ခြသေ့ရန် အမြန်နှိမ်နင်းစေ။**

———ooo———

+—"ဒုံး ဒုံးကံခေ ကံခေ၊ ကံခေ ခြသေ့သား၊"
+—"မယ်မယ့်ရယ် ရက်စရာ ရက်စရာ ခြင်္သေ့နဲ့ညား၊"
+—"မွေးဘွားကာ မောင်တော့် မောင်တော် မောင်နှမ နှစ်ပါး၊"
+—"ဘယ်ကံတရား စိမံ စိမံ စိမံလေတဲ့အား၊"
+—"မြွေမှန်းထား၊ သားလာပါပြီ ဘယ်သိနေလိမ့်ထား၊"
+—"ဇိဝိန် ဇိဝိန် ဇိဝိန် ချိန်ခါ ခွင်းမည့်သား၊"
+—"ချောင်ကာရွာ ချောင်ရွာ နေလေ ဘေဘေ ခြသေ့ ထပါး၊—"
"+++++++"

"အလို၊ ဟိုကလာတာ၊ ငါ့သားတော် ထင်တယ်—။ သားတော်ရေ သားတော်ရဲ့၊ အမယ်သေး, မြန်မြန်ပြေးကွဲ ပါ သားတော်ရဲ့။ ဘေဘေ မောဟုပြီ၊ ဘယ်သိမျှား အကာ စားလွန်ကြူးပြီး သွားကြပါသလဲကွယ့်၊ မင့် မေမေ ဘော၊ မင့်နှမကလေး သိဘလို့ လဲ မမြင်ပါကလား။ သားတော်

ရယ်၊ ၅၁လိုက်ရဘာ (၇) လဈက္ခြာလေပြီ၊ မြန်မြန်ထပါ ထော့ သားထော်ခဲ့၊

နေပါဦးဗျ—ဒါ့, ခြင်သေ့က ပြောတာသား၊

မင့်နှယ်ကွယ်၊ အသာနားထောင်စမ်ပါ။ လူ—အင် မတန် သယ်နေရတဲ့အထဲ၊ မင့်နှယ် ခြင်သေ့ကပြောဒါပေါ့ ကွ။ “ဩြဝ်-ဟားဟား” သူ့ခမျာ “သား၏ရုပ်ရည်၊ သိတာမည်သား၊ ရေကြည့် ချမ်းမျှ၊ တပေါက်ကျက” ဆို တာလို။ ပရိဒေဝမီး ဖိစီးနှိပ်စက်၊ ဒုက္ခဖြစ်ပြီးနေတုံး-ဖြန်း ဆို.....သားကိုမြင်လိုက်ရတော့၊ ဝမ်းသာ-အားရ၊ ပြာပြာ သလဲ၊ ဘက်လဲ့ နမ်းရှုပ်၊ ပြုလုပ်ချင်ရှာ၊ တွေ့ သူငါ လိုပေါ့ ကွယ့်။ “အော်-ဟုတ်ကဲ့ ပြောပါတော့ဗျာ၊”

ငါ့သူ၊ မင်းတို့ကသာ, ငယ်သေးလို့၊ သားချစ်-သွီးချစ် မသားချစ် ဆိုတာ “ခြား လေသွေးဘာတောင်၊ ကြောနဲ့ကြော ထင်ရတာမျိုးကွယ့်၊...... “ခြား လေသွေး-ဝေးထယ်ထင်” ဆိုမဟုတ်လား၊ မဝေးပါဘူးကွယ်၊ ဘာဘ် ထားဒါကဘဲ၊ ကြောနဲ့ဆိုတာ မှန်တယ်၊

“အော်-ဟုတ်လား၊” ဟား ဟား ဟား ဟား ဟား။ “ဦးဘိုးထော်” ဘာလဲကွယ့်၊ ပြီးပါပြီ၊ ကျွန်ထော်-ကနွေ့ ထော့ စာရေးရမှာ ဟုတ်မထင်ပါဘူး။

အောင်မယ်—ရေးပမောင်။ ငါပြန်ပါ့မယ်၊

ဒို-ခြင်သေ့ အကြောင်းတော့၊ဆုံးအောင်ပြောဦးမပေါ့ဗျ၊ ခင်ဗျားဟာ တိုတို့ တုတ်တုတ်၊ လိုရင်းချုပ်ပြောပေါ့၊

ဗို့တော့ ဒီလိုသာ ပြောတတ်သကွာ၊ နားမထောင်ချင်နေ၊

မလုပ်ပါနဲ့ ခင်ဗျား၊ ပြောတတ်သလို မြန်မြန်သာပြောပါ၊

မြန်မြန်လဲမပြောနိုင်ဘူး-"ကဲပြောပါတော့ဆရာကြီး"

ဟုဘ်ပါ၊ ဘယ်ရောက်သွားမှန်းဘောင် မသိကဘူး၊ နောက်အစကာ ပြန်ပြောရတော့မှာဘဲ၊ "အလို" မလုပ်ပါနဲ့ ဗျာ၊ "ခြင်သေ့ကြီးက, မြန်မြန်သာပါဘော့ သားတော်ရဲ့ တဲ့၊" အေး ဟုတ်သားဘဲ၊ ဒါနဲ့ အဲဒီလို ခေါ် ရှာသော်လဲ၊ သားဖြစ်သူ မောင်ဗာဟု-က၊ အဘောကို ဂရုဏာနဲ့မရှုတော့ ဘဲ၊ ကေသရာဇာခြင်သေ့မင်း တဲ့၊ ခင်ဗျားကတော့၊ ကျွန်ဘော်တို့ လူသားအား၊ သားရယ်၊ မသား ရယ်လို့၊ အခင် အမင် ပွားပါလိမ့်မယ်၊ ကျွန်တော်တို့ကတော့၊ တိရစ္ဆာန် ခင်ဗျာ့အား၊ အဘေပင် ဖြစ်ငြားသော်လဲ၊ မခင် မင် မသနားနိုင်ပါ။ "သို့ဖြစ်ပါ၍၊ ဓိနဲမြှားချွန် ရှယ်ချွန်ခြင်း ဖြင့်၊ သက်ဇီဝိန် ဖြတ်ကာခွင်းလိုက်မယ်၊ မခုဏာပြေသို့ ယွင်းယော့လဟာယ်..........."အလို"

ငါ့သားတော်——ဘာစကားပြောပါလိမ့်၊ သားကြီးမောင် သားကြီးမောင်ရဲ့၊ ဘယ်လိုစကားတွေ ပြောလိုက်တာသဲ၊ ဘောဘောပါလားကွယ့် သားတော်ရယ်၊ ဒီအနား တိုးကဲ့ပ သားတော်ရယ်၊ ဘောဘော နမ်းရှုပ်ပရစေဦးကွယ်၊ ဘော ဘောပါကွယ့် —မောင်ဗာဟုရဲ့၊

"ကေသရာဇာ ခြင်သေ့၊ ခင်ဗျားရှေ့မတိုးခဲ့နဲ့၊ ——

သားတော်မောင်—သားတော်မောင် ငယ်တပါးပါကလား၊ မြှားတထောင်ထောင်—မြှားတထောင်ထောင်, ထကယ်သား ထင်ရဲ့၊ ဘယ်စကားကိုတဲ့—ဘယ်စကားကိုတဲ့— ဟဲ့ဟဲ့ဟဲ့ဟဲ့ တင်လေတယ်၊___

ဘေဘေပါကွယ် သားကြီးရဲ့၊ ဟဲ့ဘေဘေပါကွယ်___ မင့်မေမေ ငယ်ငယ်ကလေးဆီက၊ ကျွေးမွေးကာ, ညာ—ပြု စံတော့။ ဗာဟုအမှန် ကို့ ဘွား___မင်းကဖြင့် ငါ့ရဲ့သား ဘာဟာ,___မင့်အမေကိုတော့ ဘယ်ဆီကိုထား။ အို-သား ကြီးရဲ့___ငါ့ကိုတော့ အဟုတ်မြှားနှင့် ခွင်းတော့မှာလား၊......

အမယ်လေး, သားကြီးရယ်၊ ဘေဘေကတော့၊ သားကိုမြင်ကတဲက၊ ဝမ်းသာအားရ၊ နှုတ်ခွန်းတော် သလို့။ သားတော်မောင်ကတော့၊ စိန်မြှားနှင့်— ဘေဘေ့ကို နှုတ်ဆက်တော့တာလား၊ “အဘေ့ ကို ရန်သူထင်လို့လား-သားကြီးရယ်၊......

အဘဖြစ်တဲ့သူကိုကွယ်၊ ဘွေမြစ်ခါ ရန်သူထင်လို့—ဟို့ မာန်မှုလျှင် မာန်မှုလျှင်သားချျာ, မှားပါလိမ့်၊ တရားရတနာ မင်္ဂလာမတော့...... “မာတာပိတု၊ ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ၊ သင်္ဂဟော၊ အနာကုလာစ၊ ကမ္မန္တာ၊ ဧတံမင်္ဂလမုတ္တမံ၊” — “မာတာပိတု၊ ဗြွမြင်းမိုရ် တောင်မေရုကိုလ၊ ပုံပြုကာ ပုံပြုကာ စံပမာပြရတဲ့ အနန္တဂိုဏ်းဝင်၊ ဟော___မောင် ဗာဟုရဲ့၊ ငါကဲ့သို့သော ကျေးဇူးတော်ရှင် မွေးဘခင်ကို။ “ဥပဋ္ဌာနဉ္စ၊ တောကြို တောင်ခြား၊ တိရစ္ဆာန် အဘေပင် ဖြစ်လင့်ကစား၊ တစိမ်းတနဲ့ ပြစ်ခွါကာ___တောမှာတောင်

မထားလေနှင့်၊ ပိန္နဲ့, သခွက်, မာလကာ, ကြံအာ, ပျားတို့
ကိုသ။ အပိမ်း အမွှဲ အရာရာ သဘာပါဘာ စားပါစေးပါ
လို့ လှုပ်ကျွေးခဲ့ယ် သားရယ်၊ "ပုဏ္ဏဒါရသ၊ မင့်အားမေ
မင်းဘို့ ခေါင်နှမ အဘွတူပင်၊ ဂုမ္မာနေစဉ် တုန်းဆိကာ။—
ဟောတာက, ခလေးနဲ့ တော်ထယ်၊ ဟောဒီအသားက မင်း
စား, ဒီအနားက, ညနေစာ၊ ဆဲဒါလို ဒါလို အဖုံဖုံ၊ စားရော
ဝတ်စရာ အလုံးစုံဘို့အား၊ "သင်ဟောစ၊ ရှာကြုံ၍ထေခံပုံ
ကျွေးမွေးခဲ့ရပါတယ် သားရယ်၊ "အနာကုလာ၊ မျှားတွေ
ဒါးတွေ ချိန်ရွယ်ဘို့ပေးပါတဲ့၊ အဘေကို မျက်စောင်းထိုး
နှုတ်သီးကိုရူ၊ ညူဆူ၍ အောင့်သက်သက် ဆိုတဲ့၊ အနှောင့်
အရှက်ခလေးကိုမျှ မပေးရကုန်သော၊ "ကမ္ဘူနာစ၊ ဘေ
ဘေပြောသမျှ သဘောကျပြီး,—ပြုလုပ်ပါလားကွယ်သား
ရယ်။ "ဇေတ၊ ယခုပြောခဲ့သမျှ, ဒီသုံးဝသော တရားသည့်
သာလျှင်၊ "ဥဣမ၊ ဘယ်ဘာ ရောက်ရောက်။—သူများ
အောက်မကျ၊ အလွန့်အလွန်ပင် မြတ်လှစွာသော၊ "မင်္ဂလ၊
သားနဲ့ သွီး, အမိ အဘ, တလုံးထဲ တခဲထဲ၊ ဥမကွဲ သိုက်
မပျက်၊ ချစ်ချစ် ခင်ခင်၊ ကြင်နာယုယ......သူခထင်ကာ၊ ဆဲ
တာမ-မင်္ဂလာသို့၊ "ငွေ၊ ငါ့ရဲ့အချစ်၊ မဖြစ်နိုင်ဘောင်—
သားမောင်မောင်သည်၊ "ဂဏှာဟိ၊ ပြောသမျှအရာရာမှတ်
ခါထားလိုက်ပါတော့။ သေကဖြာကာ-ဘေဘာ-နတ်ရွာသို့
လားတော့မယ်ထင့်၊—"တရားခုတနာပါကွယ်" တရားရတ
နာ—မင်္ဂလာမတော့။ ဆင်ခြင်ပါ—သာလိမ္မာပါလျှက်ကယ်
နှင့်။ မြားချိန်ခါ နှုပ်ဘော်ဆက်ကနေ့လေလား၊ အဟုတ်
နေပ်ဖြစ်ရင်—အဘေ-အသေမခံဘူး၊ "သားကြီးမောင်ရယ်"

"ငါ့မှာတော့ သောကစနစ် အသက်သေရမှာ အတူတူ၊ မင့်မြွားနဲ့ အဘေအသေမခံတော့ဘူး၊ ဘေဘေက-အရှုးအောင် ဟောက်မယ်-သားတော် ရယ်။ "အဟုတ်နေ့ပြစ်ရင်"...... ......

အဟုတ်နေ့ပြစ်ရင်–အဘေ အသေမခံဘူ့၊ မြေမြေကမ္ဘယ်, သားတော် ပျောက်ထဲ အောင်၊ ဘေဘေအမှန်-တအားအော် လို့ ဟောက်လိုက်မယ်–သားကြီးရယ်,..... အမယ်မင်း,..... မောက်တဲ့လူစား......သွားပေခေ့ ဘော့သား၊တခြားစိဖြင့် ကဲ့ကြဲရပါပြီကလား၊

အဲဒီလိုကဲ့၊ သားက မြွားနှင့်ပြစ်သော်လဲ။ အဘခဲ့ ချစ် ခြင်းမေတ္တာ၊ ကရုဏာတရားက၊ မြွားရှေက-တားထားသည့် အလား၊ မြွားထွက်မသွားဘူးတဲ့ကဲ့။

တော်တော်ကြာတော့။ သားထောင်ကတော့–အဟုတ် ပြစ်တော့မဲ့အရေး တွေးမိတော့၊ အရင်အရူးအောင် ဟောက် မကာဘဲ-လို့၊ မေတ္တာအပျက်၊ သားတော်ကလဲ တံခိုးရှိတဲ့ အတွက်ပေါ့ကွယ်။ ဟောက်ဘော့မယ်လို့ ပါးစပ် အဟှစ်၊ မြွားကျွတ်၍ ထွက်လေတော့၊ တချက်ထဲတည်း၊ ကေသရာ ဇာ–ငွဲခြင်းပြီး ဆုံးပါရောမောင်၊

အော်.....မဟောက်လိုက်ရဘူး "အေး– မဟောက်ခင်" မြွားဝင်မှန်ရှာတာကိုးကဲ့၊ဒါနဲ့၊ သူ့သားတော့်မောင်ဗာဟု ကလဲ။ ချိန်ရွယ်သော မြွားကိုသာ မယုဝ်မှိရှာတာကဲ့၊ မြွား မထွက်ကတည်းက။ အဘောကလည်း တရားပြ သေတော့၊

အဘော့အပေါ်မှာ၊ သနားစိတ်-ပေါ်တော့ဒါကိုးကွဲ့၊ မပြစ် တော့ဘူးလို့–သံခိဋ္ဌာနဲ့ချုပြီးတဲ့ကွဲ့။ သို့သော်၊ ကရုဏာနဲ့ အဘေကိုကြည့်ပြီး၊ တရားနာနေတော့—မြွားကိုသတိမရ။ အောက်သို့မချမိလတော့၊ သားက-မေတ္တာအဖြစ်။ အဘေ က-မေတ္တာအပျက်၊ ဖြင့်ဆို—မြွားက, ကျွတ်တွက်တော့ဒါ ကိုး။—

"အော် ဒီလိုကို ဖြစ်ချရှာတာလား ခင်ဗျား"

"အေးကွဲ့၊ ပညာရှိ ပုဂ္ဂိုလ်ဆိုသော်လဲ၊ တချက်တချက် သတိ လစ်သေးဒါတဲ့ကွဲ့။ ဒီလိုနေရာ၊ တရားစနစ်ကျကျ အကွက်ပြလိုက်ရင်၊ ကြည့်ပါလား့ကွဲ့......မေတ္တာစက်လွှဲ သွားပုံမဟုတ်ဘူးလား "ဟုတ်ပါတယ်၊"

ဒါနဲ့ စိတ်ပျက်ပြီး ပြန်အလာ၊ ခြသေ့-လိုက်ရှာနေတာ ကလဲ (၆) လ့ကျော်ကျော် (၇) လနည်းပမ်းသောက် ကြာ သွားဆို-ထင်ပါ့ကွယ်၊ မောင်ဗာဟု-ပြန်ရောက်လာတော့၊ မယ်တော်......ကေသရီကလဲ၊ သူနှင့် တဝမ်းကွဲ မောင်က– ဆိမ်းပိုက်ယူထား။ ကေသရီရဲ့—ခမည်းတော် မယ်တော် များကတော့၊ ကေသရီတို့ တောမှာ ပျော်နေစဉ်က။ နတ် ရွာစံ။ ၎င်းနောက်၊ ညီက နန်းစံပြီးနေတာကိုး၊ အဲဒီညီတော် ဘုရင်မင်းလဲ၊ ကေသရာဇာ.....မြွားမှန်တဲ့ နေ့မှာ၊ နတ်ရွာစံ ကံတော်ကုန်ရှာတော့၊ မောင်ဗာဟု ရောက်အလာ၊ နဂိုရ်– မောင်းကြေးနှင်း ထည်စဉ်က၊ ကေသရာဇာ-နှမ်နင်းနှိုင်သူ၊ အိမ်ရှေ့အရာ ပေးသနားမှုခြာကိုးကွဲ့၊ ဒီတော့၊ မောင်ဗာဟု က၊ အိမ်ရှေ့လဲဖြစ်ပြန်၊ မင်းမျိုး မင်းနွယ်လဲ မှန် နေတော့၊ သူ့ကိုဘဲ ထီးနန်း အပ်ကြရဒါပေါ့လကွယ်။

ဒီတော့မ—သူဖြင့် ဘီးနန်းကိုလဲ မစံသိုတော့ပါဘူးတဲ့၊ မယ်တော်နှင့် ဘခွေးတော်တို့သာလျှင်၊ ထီးနန်းဆက်ခံ၊ စိုးစံကြပါတောတဲ့၊ သူ့မှာတော့၊ အဘကျောက်ဂူသွားနေရန်၊ မယ်တော်ကို ခွင့်ပန်ပြီး၊ နှမတော်-သိဝလိ-နှင့်အတူ၊ တောသို့ ပြန်ရှာကြတော့ဒါကိုးတွဲ၊ “အောင်”

ဒါနဲ့ မြွားမှန်၍ ကွယ်လွန်ရှာသော၊ ခြသေ်ရဲ့အလောင်း, ကျောက်ဂူသို့ ဆောင်ကြဉ်းပြီး၊ နံ့သာထင်းများ နှင့် မီးသင်္ဂြိုဟ်လို့။ သူတို့ မောင်နှမ နေကြတဲ့ ဂူရဲ့ အရှေ့နား၊ အဘရဲ့ အရိုးများ, ခြသေ့်ပုံ ပြုလုပ်ပြီး, ကိုးကွယ်ချင်ကြရှာတော့၊ ငါတို့သည်၊ ဤသို့သော-ခြသေ့်ရုပ်ကိုသာ၊ ကိုးကွယ်အားထားပါလျှင်၊ ခြသေ့်ရဲ့ သား သမီး-များဟု၊ လူအများကြားသိသွားက, မလျော်ချေ၊ သို့အတွက်၊ လူအများလဲ-နားမလည်အောင်၊ စေတီတခု ပြုလုပ်ပြီး၊ စေတီရဲ့အရှေ့နား၊ အဘ, အရိုးများ ဌာပနာထား, ခြသေ့်ပုံဘည်ကာ-ကိုးကွယ်မှဆင့်မြတ်တော့မည်ဟု-ကြံစီပြီး၊ အဘ—ကေသရာဇာခြသေ့်အား၊ ကိုးကွယ်ကြရှာတာပါတဲ့-မောင်ရေ့။ ဒါကြောင့်၊ မင်းတို့ တိုင်းပြည်၊ ငါတို့ တိုင်းပြည်၊ ခြသေ့်နှင့်ဘုရား၊ ယခုထက်တိုင် မြင်တွေ့ရနေရပါသဗျား၊

“အောင်—သာဝု—သာဝု—ခင်ဗျား၊”

အသိုနေပါအုံးဗျာ။ သိဟဗာဟုတို့ဘော့၊ အဘောမှိထို့ထားလိုက်ပါတော့။ ခင်ဗျားတယ်တဲ့ ဘုရားရဲ့ ခြသေ့်ကတော့။ ခင်ဗျားနှင့် ဘယ်လိုဘော်ဒါပဲလဲခင်ဗျား။ ဟာ,

သောက်ကမြင်းထမ်းကလေး, တော်တော်၊ ငါသွားတော့မယ်၊

"နေပါဦး-ဗျ-ဆေးသောက်ဦးပေါ့။"

အခုမ ပြီးပေတော့ဗျာ၊ ခင်ဗျားတို့က၊ ဒီလို အပြောမျိုးတွေကျတော့၊ ဆိတ် "ဝ" နေတာဘဲ၊ ရယ်စရာလဲပါ။ လွမ်းစရာလဲ မနဲ။ ငိုချင်းကလဲ-အဆွဲတွေ အငင်တွေနဲ့'ကျွန်တော်တောင် သနားသလိုလို ဖြစ်သွားသေးဗျာ၊

အို-ငါတို့က, ဒီလိုမ ပြောတတ်ထာကွ၊ ဒါမျိုးမှလဲနားထောင်ချင်တာကွ။ ဒီလိုဟာပြောရမယ်ဆို၊ထမင်းမစားဘဲ ပြောနိုင်တယ်ကွဲ့၊ဒီလိုသတ္တု ကြောင်းတွေမှ၊ငါတို့ကအားကြီးကျိုက်။ မင်းတို့ကာထတော့၊ ရုပ်-ဆိုသလိုသို၊ နာမ်-ဆိုသလိုလို၊ ငါဖြင့်—နားမထောင်တတ်ပေါင်ကွယ်၊ "ဟားဟား၊"

အဟုတ်ပြောတာကွဲ့၊ မင်းတို့ကတော့ "အ" တဟ်-ဆိုချင်ခိုင်၊ ငါကလဲ၊ မင်းတို့ "အ" တယ်ထင်တာဘဲ၊ဘယ့်နှာကွယ်၊ ခေါင်းထင်လို့ ခေါင်းစမ်းကြည့်၊ ခေါင်းမတွေ့ဘူးဆိုတော့ "အ" တာ မဟုတ်ဘူးလားကွဲ့၊ 'ဟား ဟား ဟား ဟား" ငါတို့ ရှေးကဖြင့် ကြားဘူးပေါင်၊ ပထဝီ တဲ့၊ ပထဝက် တဲ့၊ မင်းတို့ကာလမှ, ကြားဘူးရဲ၊ နားမလယ်ဘောင်။

"ခင်ဗျားကြီးနော်၊ ကိုင်စမ်းကြည့် ဘာတွေလို့လဲ၊"

"ခေါင်းကိုင် ခေါင်းတွေ့သကွယ်၊ လက်ကိုင် လက်တွေ့သကွယ်။ "ဟား ဟား ဟား ဟား, ဟိ၊—

‘‘ခင်ဗျား သေသေချာချာ စမ်းကြည့်ဗျ။ မာမာ နူနူ မဟုတ်လား။ ‘‘အဲလေ မာမာ နူနူ မှို့ ခေါင်းကွယ့်။

‘‘ဒါဖြင့် ခြေဖဝါး စမ်းကြည့်ပါဦး၊ မာမာ နူနူဘဲ မဟုတ်လား၊ ခေါင်း ခေါ်ပါတော့လား၊ ဘာပြုလို့ အဲဒီ မာ နူ တော့ ခြေဖဝါးလို့ ခေါ် သလဲ၊ ဒါကြောင့်၊ မာမာ နူနူ က၊ ဘယ်နေရာ စမ်းစမ်း၊ မာမာ နှင့် နူနူဘဲ၊ ဝိတ် ဝိညာဉ်ကသာ၊ ဒီ မာနူက-ခေါင်း၊ ဒီ မာနူက-ခြေ၊ ဒီမာနူ က-လက်။ ဒီမာနူက-ကိုယ် လို့-ထင်ဒါ၊ သညာက၊ ကိုယ် ဟဲ့၊ လက်ဟဲ့၊ ခြေဟဲ့၊ ခေါင်းဟဲ့—မှတ်ထာ၊ ဝေဒနာက၊ သညာမှတ်တဲ့အတိုင်း၊ ခေါင်းက-လှတယ်၊ ကောင်းတယ်၊ လက်က-အသားဖြူတယ်၊ ကောင်းတယ်။ ကိုယ်က-ချော တယ်၊ ကောင်းတယ်။ ခြေက-သွယ်တယ်၊ ကောင်းတယ်လို့ ခံစားထာ။ သင်္ခါရက-ချောရာ ချောကြောင်း, လှရာလှ ကြောင်း အကောင်းထင်မှု၊ ဝေဒနာအရကြောင့်၊ ဆုတောင်း တယ်၊ ပြုပြင်တယ်၊ စေ့ဆော်တယ်၊ တိုက်တွန်းတယ်။ ဒီ တော့၊ ခေါင်းထင်မှု-ဝိညာဉ်၊ ခေါင်းမှတ်တဲ့ သညာ၊ ခေါင်း ခံစားတဲ့ ဝေဒနာ၊ ခေါင်းပြုပြင်တဲ့သင်္ခါရလို့ဆိုတဲ့၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်က-နာမ်တရား။ မာ နူ-က၊ ရုပ် တရား။ ဒီတော့၊ ခင်ဗျားရယ်—ကျွန်တော်ရယ်လို့ ပြောရ တဲ့၊ လူ၏ဘကိုယ်လုံး၊ ခေတ်ရင်း စစ်လိုက်တော့။ ရုပ် နှင့် နာမ်, အမှန်တွေမနေဘူးလား။ ဒီလို—ရုပ်စစ်၊ နာမ်စစ်-ဖြစ် တဲ့၊ ပရမတ္ထ အာဂန္တုက, ခေတ်ခမ္ဘက၊ တခဏ-မြင်သိ ချုပ်၊ တခဏ-ကြားသိချုပ်၊ တခဏ-နံသိချုပ်၊ တခဏ- လျှက်သိချုပ်၊ တခဏ-တွေ့သိချုပ်၊ တခဏ-ကြံသိချုပ် မှို

လို့ မမြဲသဘော ဒုက္ခသစ္စာ၊ ခဏမမြဲ၊ ဆင်းရဲစွာလှ၊ စိုးမရ ၍၊ ကြံစီကာမျှ—နာမ်ခမ္မ။ မာနုကာဒွ—ရုပ်ခမ္မ၊ ထိုသို့သော ရုပ် နာမ် နှစ်ပါး ပစ္စုပ္ပါန် ခဏဘ္ဘသံ၊ အခိုက်အတံ့ ကာလ၊ ခဏကလေးဖြစ်ပေါ်တဲ့၍၊ ခဏလေးမှာဘဲ၊ ချုပ်ပျောက် ပျက်စီးခြင်းသို့ ရောက်ရတဲ့၊ တခဏ ရုပ် နာမ်။ မမြဲသော ရုပ် နာမ်၊ ခေါင်းမဟုတ်သော ရုပ် နာမ်၊ လက်မဟုတ်သော ရုပ် နာမ်၊ ကိုယ်မဟုတ်သော ရုပ် နာမ်၊ ခြေမဟုတ်သော ရုပ် နာမ်။ လူ မဟုတ်သော ရုပ် နာမ်။ သား မဟုတ်သော ရုပ် နာမ်၊ သမီး မဟုတ်သော ရုပ် နာမ်၊ မိ-ဘ မဟုတ်သော ရုပ် နာမ်၊ သစ်ပင် မဟုတ်သော ရုပ် နာမ်၊ တော တောင် မဟုတ်သော ရုပ် နာမ်၊ သမုဒ္ဒရာ ရေ မြေ မဟုတ်သော ရုပ် နာမ်၊ နေ-လ-နက္ခတ်တာရာ မဟုတ်သော ရုပ် နာမ်၊ လူ လူ၊ ကြီးကြီး၊ ထီးထီး၊ မမ၊ လှလှ-မဟုတ်သော ရုပ်နာမ်၊ ဝဝ၊ ချောချော၊ ပျိုပျို-လွင်လွင်၊ ချစ်ခင်စရာမဟုတ်သော ရုပ် နာမ်။ သတ္တဝါ တိရစ္ဆာန် မဟုတ်သော ရုပ် နာမ်၊ ကမ္ဘာ မဟုတ်သော ရုပ် နာမ်၊ သုံးဆယ့်တစ်ဘုံ မဟုတ်သောရုပ် နာမ်၊ အဲဒီလို......ကမ္ဘာလောက၊ သုံးဆယ့်တစ်ဘုံ—အကုန် လုံးမရှိ။ သတ္တုချကြည့်လိုက်တော့၊ မာနု ပထဝီ-ရုပ်ဓာတ် တလုံးနှင့်၊ စိတ်ထင်၊ စိတ်မြင်၊ စိတ်ကြံ၊ စိတ်ဖန်၊ ထင်မြင်မှု ဝိညာဉ်ဆိုတဲ့-စိတ်နာမ်တရား။ ဤခဲ့သို့ "ရုပ်—နာမ်—နှစ်ပါး တွေ့မနေပါလား။"

ခင်ဗျားထဲဝင်းစားပါ၊ ခင်ဗျားပြောသွားတဲ့၊ သိဟာဗဟု "မဟာဝင်" ဝတ္ထုမှာ—ပြောဆိုတုံး ပြောဆိုဆဲ၊ ယခုဘဲ ရှိနေသလိုလို၊ ယခုဘဲ—ကေသရီမယ်—ငိုနေသလိုလို၊ ယခု

တကယ်သား ရှိနေပါသလား၊ သေသေချာချာ ပဉ်းစားပါ၊ ခင်ဗျားရဲ့ မှတ်သားမှု သညာ၊ ထင်မြင်မှု ဝိညာဉ်၊ ထင်မြင်မှု ဝိညာဉ်၊ မှတ်သားမှု သညာ၊ ဝိညာဉ်-သညာ၊ နာမ်ရဲ့လက္ခဏာ ပေါ်ဆဲပေါ်ဆဲ (သိ) ဟူ၍ ပေါ်ချုပ်၊ (ဟ) ဟူ၍ပေါ်ချုပ်၊ (ဗာ) ဟူ၍ ပေါ်ချုပ်၊ (ဟု) ဟူ၍ ပေါ်ချုပ်၊ ဤကဲ့သို့ ပေါ်ချုပ် ပေါ်ချုပ် နေသော၊ ပရမတ္ထ နာမ်ဓမ္မ၏ ဖြစ်ပျက်စဉ်ရဲ့ကို၊ ဒိဋ္ဌုပါဒါန် သညာဝိပ္ပလ္လာသ—က—"သိဟာဗာဟု" ရယ်လို့၊ ဥပါဒါန်အစွဲနှင့်ထကွာ၊ မှား၍ဖောက်ပြန်စွာ မှတ်သားထားသော၊ အစဉ်ရှိ—အမြဲရှိ—ထာဝစဉ်ရှိသကဲ့သို့။ ငိုရမှာလိုလို၊ လွမ်းရမှာလိုလို၊ ဆွေးရမှာလိုလို-ဟူသော၊ ဥပါဒါန် ဒိဋ္ဌိ စနစ်ရဲ့ လက်ချက်။ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပယာသ-ဟုဆိုအပ်သော၊ သောကတွေ—ပွက် မထဘူးလား။ ဤကဲ့သို့ သောကပွက်လျှက် "ဥပါဒါနပစ္စယာ—ဘဝေါ" ဆိုတဲ့၊ ဗုဒ္ဓမိန့်တော်ချက်အတိုင်း၊ သိဟာဗာဟု ဝဋ္ဋ၊ အားနားထောင်ရင်းသေသွားလျှင်၊ ဘယ်သွားမလဲစဉ်းစားပါ၊

အေးကွဲ့၊ ဟုတ်သားကဘဲ၊ စိတ်သောက ကိလေသာ ဒုစရိုက် ဒေါမနဿ ပါနေတော့၊ ငါ့လူ၊ ဟိုသွားလိမ့်မယ် ထင်တယ်၊ ဟို-ငါ အသက် သုံးဆယ်လောက်က၊ ပြန်လှန်ဘော်မှုရှာသော၊ ငါ့ဆရာပြောသွားတယ် "မောင်ဘိုးထော်တဲ့၊ မင်းကလဲ၊ ရာဇဝင်၊ ဗုဒ္ဓဝင်၊ စူဠဝင်၊ မဟာဝင်-ကိုတော့၊ အပြောကောင်း၊ အဟောကောင်းတဲ့။— ဒီတော့၊ ငါကလဲ၊ မင်းအပြောလေး, ဘယ်ဘဝ ရောက်ရောက်, နားထောင်ပါရစေတဲ့၊ အကယ်၍ မင်းနဲ့ ငါနဲ့ တွေ့လဲ, တွေ့ရ

မှာတဲ့တဲ့၊ မတွေ့လဲ မှင်းကလိုက်ခဲ့တဲ့၊ ငါပြောခဲ့မယ်ဆိုပြီး၊ "အဝိဇ္ဇ ဒိဝဂြိတ်, ဆိပ္ပိုး ငရဲအပိုင်၊ ဂိစ္ဆုဂုဒ်နှင့်ထောင်, အောင်ချမ်းပင်အောက်" ထို့-မှာထားခဲ့သကွဲ့၊ ဟား ဟား ဟား, ခင်ဗျားလိုက်သွားထာပေါ့၊ ကိုယ့်ဆရာနောက် ထမ်းဆိပြီးသားဘဲ့ ဟား ဟား ဟား ဟား ဟား — ဆရာထပည့်ချိတ်ထားပြီးသားကိုး — အဟိ၊" ငါက-အဲဒိတုံးက၊ ယခုလို သိတ်ပြီး နားမလယ်သေးတော့၊ — အကြောင်း ပြောတာလေလားလို့ — "ငါ့ဆရာတော် နေရာမှာန" ဆိုပြီး၊ စာရေးမှတ်ထားလိုက်သေးမောင် — "ဟား ဟား ဟား"

"ဟုတ်သဟော့ — အခုလို မှင်းပြောမှ သတိရ၊ ငါတို့အလုပ်တွေက၊ ဥပါဒါန်နှင့်နပန်းလုံးပြီး၊ ငါ့သား၊ ငါ့မယား၊ ငါ့ဘုရားဆိုတဲ့အစွဲနဲ့၊ ငါ့ကောင်းစားရေး၊ ငါ့ဂုဏ်ရှိရေး ဆိုပြီး၊ လှူလိုက်ဟဲ့ ငါ့ဘုရား၊ ပေးလိုက်ဟဲ့ ငါ့ဘုန်းကြီး၊ ဟောလိုက်ဟဲ့ သူဌေးဖြစ် ဝဆ္ဆု၊ နတ်ဖြစ် ဝဆ္ဆု၊ သည့်ခြားဒီလိုလှူလို့ နိဗ္ဗာန်သွားသို့တောင် ပြောကြသေးမောင်။ — ဥပါဒါန်-ဒိဗ္ဗုဂါဒါန်-တန်းလန်းနဲ့ ဖြင့်၊ ဘယ်ကရောက်လိမ့်ကွယ်၊ ကိုယ့်ဆရာ့နောက်သာ — လိုက်ရမုံ ပေါက်နေပြီ၊ "ဟား ဟား၊"

ဟုတ်သဟော့၊ နာမ် ရုပ်, ဘာဝနာလုပ်မ, ဥပါဒါန်ဒိဋ္ဌိကပြုတ်မှာ၊ အေးလကွယ် — ငါတို့အလုပ်တွေက၊ ဟို-ရွာတရွာမှာ၊ "ကိုသက်ပန် နှင့် မတင်" လင်မယား, နေကြတော့၊ ကိုသက်ပန်က, အောက်ပြေ ငွေရှာသွား၊ နှစ်လလောက်ကြာတော့၊ ကိုသက်ပန်-သေ ဆလိုလိုကြား၊ မတင်

က၊ တယ်မယုံဘူး၊ နောက်တော့၊ လူပြော သူပြောကများ များလာလေတော့၊ ယုံတဝက်-ယုံတဝက်နှင့်၊ ထ — ပြီး၊ ငိုလိုက်သတဲ့ကွဲ့။ — "တကယ်ဟုတ်၊၊ ငုတ်တုတ်ကမ့ မပြလှာ၊၊ တကယ်သေ-တခွေ ခြောက်ကရော့ပ-သက်ပန်ရေး ဟော့ဟော့။" "ဟား ဟား ဟား ဟား။" အခုလဲ၊ ငါတို့အလုပ်တွေ......၊ တကယ်ဟုတ်ရင်၊ ဟုတ်လောက်ပြီကွဲ့။ လှူခဲ့ရတာတွေ၊ ရှောင်ကြဉ်ခဲ့ရတာတွေ — များလှပြီ ကွဲ့။ "တကယ်ဟုတ်၊ ငုတ်တုတ်ကမ၊ မပြလှာ၊။ တကယ်သေ — တခွေ-ခြောက်လိုက်ပ၊-သက်ပန်ရေ" ဆိုတာလို၊ မယုံအခက် ယုံအခက် ဖြစ်နေပြီကွဲ့။ "အေးလကွယ် အင်း" -- နာမ် ရုပ် အင်း၊ ဒီလိုဆို ကန္တာတခုလုံး၊ မာ နူ နဲ့ ချုပ်လိုက်တော့၊ အလုံးစုံထင်သမျှ-နာမ်၊ ဟုတ်လားကွယ်၊ "ဟုတ်လိုက်တာဗျာ၊" ထင်သမျှ-နာမ်။ မြင်သမျှ-ရုပ်၊ ကြားသမျှ ရုပ်။ ထင်သမျှ နာမ်၊ နံသမျှ ရုပ်။ ထင်သမျှ နာမ်၊ လျှက်သမျှ ရုပ်၊ ထင်သမျှ နာမ်၊ တွေ့သမျှ ရုပ်၊ ကြံသမျှ နာမ်-ဗျ၊ "အေးလကွယ်၊" ဒီတော့ဗျာ၊ မြင်သမျှ၊ ကြားသမျှ၊ နံသမျှ၊ လျှက်သမျှ၊ တွေ့သမျှ-ရုပ်။ ထင်သမျှ၊ ကြံသမျှ၊ သိသမျှ-နာမ်၊ ဒီ ရုပ် နာမ်က၊ ပရမတ်၊ ပါးစပ်ပြောဟူသမျှ၊ ပြောရုံပြောရ၊ ခေါ်ရုံခေါ်ရ-မှန်သမျှ-ပညတ်၊ ပညတ်ကို-မရှိတရေး၊ ပရမတ်သာ-အရှိတရား၊ ဒါ့ကြောင့်၊

နေရောင် နေရောင်လို့ ပေါ်ဆဲအခါ၊ "နာမရူပပရိစ္ဆေဒဉာဏ်" ဖွင့်ထားလိုက်တော့ —

၁၊ "နေက၊ နာမ်၊ အရောင်က၊ ရုပ်။"

ကြွက်သံ ကြွက်သံလို့ ပေါ်ဆဲအခါ၊ နာမရူပ ပိုင်းခြား၊

၂၊ "ကြွက်က, နာမ်၊ အသံက, ရုပ်၊"

ရေနံဆီနံ့ရယ်လို့ ပေါ်ဆဲအခါ၊ နာမရူပ ပိုင်းခြား၊

၃၊ "ရေနံဆီက, နာမ်၊ အနံ့က, ရုပ်၊"

ထန်းလျက်ချိုတယ်ချိုတယ်ပေါ်ဆဲအခါ၊နာမရူပပိုင်းခြား၊

၄၊ "ထန်းလျက်က, နာမ်၊ ချိုရသက, ရုပ်၊

ခေါင်းသာတယ်နူတယ်လို့ပေါ်ဆဲအခါ၊နာမရူပပိုင်းခြား၊

၅၊ "ခေါင်းက, နာမ်၊ မာနုက, ရုပ်၊"

သိဟာဗာဟု့ရယ်၊ ချေးရယ်၊ နောက်ရယ်နှင့်၊ ရောက်တတ်ရာရာ, ပေါ်ဆဲအခါ၊ နာမရူပ ပရိစ္ဆေဒ ပိုင်းခြား၊

၆၊ ရောက်တတ်ရာရာက, နာမ်, ဟဒယက, ရုပ်၊

## "ကဲ နာမ် ရုပ် နှစ်ပါးဘဲမဟုတ်လား၊"

"**အေးလကွယ်**"— ခင်ဗျားဘာလဲ၊ အေးလကွယ် အေးလကွယ်နဲ့၊ အသာ သာ, ဟောသွားပကွယ်၊ ငါ့အေးလကွယ်က၊ အေးလို့ကို–အေးလကွယ်ဆိုတာ,– "ဟား ဟား ဟား၊"

မင်းက, ငါ့အေးလကွယ်-ပြောင်ချော်ချော်မှတ်လား၊ ငါ့စိတ်ထဲမှာလေ၊ တလောကလုံး, နာမ် ရုပ်သာရှိ၊ ဟုတ်၏၊ နှန်၏၊ ငါ, သူတပါး, ဟူ၍ ထင်သာထင်၊ ထကယ်ပင် မရှိပုံ၊ ယုံကနဲ ယုံကနဲ ဖြစ် ဖြစ်ပြီး၊ ငါ့စိတ်ထဲမှာ သံသယ ကင်းပြီး၊ ရှင်း ရှင်း သွားလေတော့၊ "အေးလကွယ်,

အေးလကွယ်, အေးလကွယ်, ထို့ဖြစ်သွားတာပဲ- ငါ့လူရဲ့။ ဒီတော့၊ ငါ့ပထမ-အေးလကွယ်က “မဂ်စောဘျ” ဒုတိယ-တတိယ-အေးလကွယ်တွေက “ဖိုလ်စောတွေ” ကျတာလို့ ငါထင်တယ်၊ မင်း ဘယ်လိုသဘောရလဲ “ဆို”

“အဲလခမျာ”......ဒါ ဘယ်လိုသဘော ယူရမယ်၊

“အဲလခမျာ”......“မဂ္ဂဉာဏ် သတ်မတာ” မှန်း၊

“အဲလခမျာ”—“ကို့လူ တော်တော်၊” ငါ့ အေးလကွယ်ကို၊ မင့် ဆုံးဖြတ်ခိုင်းတော့၊ မင်းက “အဲလခမျာ” ဖြစ်ထာပြီ၊ ဒီတော့၊ မင့်—အဲလခမျာနှင့်၊ ငါ့အေးလကွယ်ကို၊ အခြားလူတဦး မေးရျှင်၊ “အိုစိုကနို” ဖြစ်တော့ မယ်၊ ငါတို့ဟာ၊ ရှေးက—အောက်သား နှင့် အထက်သား၊ အခါတပါး စကားများကြသတဲ့ကွဲ့။ အထက်သားက—ဇီကွက်-ဆိုတော့၊ အောက်သားက—ဘုတ်ကွက်—ပါလို့ဆိုသတဲ့။ ဒါနဲ့၊ ဘုတ်ကွက်ပါ—ဇီကွက်ပါ-နှင့်၊ စကားများနေကြတော့၊ အနားက-ရှမ်းဘုန်းကြီးလဲ-ရှိ၊ ဒီတော့။ ကဲဘုန်းကြီး ရှောက်ကြစို့ ဆိုပြီး၊ တပည့်တော်တို့၊ ဘယ်ဟာ အမှန်ယူရမှာလဲဘုရား—ဆိုတော့။ ရှမ်းဘုန်းကြီးက, ပြောသတဲ့ကွဲ့။ “လပ်လပ် ရှာနန်းသိသိ” ထို့၊ ပါဠိရှိတယ်-ဆိုတော့၊ တပည့်တော်တို့ ပါဠိနားမလည်ပါဘုရား၊ ဗမာလို အဓိပ္ပါယ်ရှိပါဘုရား-ဆိုမ။ “လပ်လပ်—လင်းမြီးခွဲ”လဟဲ့......လို့ ပြောသတဲ့ကွဲ့၊......ဟား ဟား ဟား ဟား ဟား၊ ငါ တို့စကားလဲ၊ ဒီလိုများ ဖြစ်သွားမလား မသိဘူး၊

"ဟား ဟား—ခမျာဴးဟာ၊ စကားပြော......,ပုံနဲ့ ပမာနဲ့၊

"အို—ငါက၊ ပုံ-ပဝ်-မပါ၊ စကားပြောမဖြစ်ဘူး၊

လွှဲမီးတိုကြီး စီးခဲ့သလို—အရသာမပါဘူး၊ ဟား ဟား

ဆဲဒီလိုကွဲ့၊ သူများပြော ယုံရမှာကလဲ၊ ခတ်ခက်ခက်ကွဲ့၊ ဒါကြောင့်၊ "သူပြောမယုံ—ဇွေကြုံမစီးခဲ့" တဲ့ကွဲ့၊ သူပြောယုံလို့ မဟုတ်လားကွယ့်၊ ခရစ်ကြိုက—ဌွေစို— (အမတေ—အမျိုမှားဆိုတာ)—မင်းမကြားဘူးလား၊

လာဖြန်ပြီ၊ ပြောပါဦးလေ၊

ခရစ်ကြိုက၊ ဌွေဒို-ဆိုတဲ့ ကာလသားခေါင်းတယောက်ကွယ့်။ လူငယ်ဟူသမျှ၊ သူ့ကိုဘဲ အားထားကြရသပေါ့လေ။ ဒါနဲ့ သူက ကာလသားအပေါင်း၏ အကြီးအကဲခေါင်းလဲ ဖြစ်ပြန်၊ လူအများ၏ အားထားခြင်းလဲ ခံရပြန်တော့။ သူ့ကိုယ်သူ၊ ထိတ်ဟန်ကျနေသကိုးကွဲ့၊ ကာယသိဒ္ဓိ ဆေးအမျိုးမျိုး ထိုး၊ ဝိယသိဒ္ဓိဆို၊ လိုလေသေး မရှိပေါ့ကွယ်၊ ပြုံး ပြုံး ပြုံး ပြုံးနဲ့။ တောင်နယ်တော့၊ ခေါင်ဆောင်ယောင်—ဆိုဆိုပြီး။ တရွာတနယ်က၊ ကာလသားများ လာရင်၊ သူနဲ့အရင် ခင်မင်အောင်ပြုမှ၊ အပျိုလယ်ရ ဆို ကိုး ကွယ့်၊ သူမခင်တဲ့ ကာလသားများ ကျေတော့၊ မဘာရားသဖြင့်—နှ်ဖွတ်ထာဘဲတဲ့ကွယ့်၊ ကြောက်လဲ ကြောက်စရာ၊ ဒီတော့၊ ခရစ်ကြိုက။ အပျို-အအို ဆိုတာလိုပေါ့ကွယ်၊ သူ့ကို (ရွှံ့) ကြောက်ကြီး နေကြရှာသပေါ့။ အောင်—အခုလားခမျာ၊ ရှေးကကွယ့်၊ ဟို့ ဟို ရှေးက (ဟုတ်ကဲ့၊) ဒါနဲ့ ဆဲဒီ

ရေစကြိုကထဲ၊ သဘောကောင်း၊ ဥစ္စာပေါ၊ ရုပ်ချော၊ အလိမ္မာ၊ ဒိဋ္ဌိပါ-ဆိုတဲ့၊ အမျိုးသွီးကလေးတွေက-ပေါ သတဲ့ကွယ့်။ ပေါသေဒ်လဲ၊ လာလာသမျှ၊ မိကောင်း ဘခင်များရဲ့သား ကာလသားများ၊ သူကခြည်း——နဲ့ဖွတ် ထဲက များတော့။ အမျိုးသွီးကလေးများ—ကောင်းစားခွင့် မရရှာကြဘူးထဲ့ကွယ့်။ အခါတပါး ရိုယ်းညွှင်းမင်းတရား ကြီး ကိုယ်တော်တိုင်၊ ထီးတင်၊ နန်းတင်၊ ဘိုးဆက်-နန်း ဆက် ဖြစ်သွားအောင်၊ မြောက်စားတော်မူခန့်၊ ကြွယာစဉ် က၊ စကားစပ် ပြောခါရှိသေး၊ "အွှင်ုဂိ-နှံပေးတာနှင့်၊ ပြန် ပြေးတော်မူရသတဲ့ကွယ့်။" ဟား ဟား ဟား ဟား။

ငင်းနောက်၊ တက္ကသိုလ်ပြည်က၊ မင်းသားလေးဦး ဆထူးရောက်လာသော ခံကိုး။ "အော်၊ အမျိုးသွီးကလေး တွေ၊ သဘောကောင်းပုံ၊ လိမ်မာပုံ၊ ကြောဒ်လွန်းလို့၊" အေး ကွယ့်။ သူကောင်းတင်မြောက်ချင်ရှာကြတာကိုးတွဲ၊ ဒါသဲ အွှင်ုဂိ—နှယ်လိုက်တော့၊ ထယ်တယ်တယ် ပြန်ပြေးရှာကြ သတဲ့ကွယ့်။ "ဟား ဟား ဟား——ချေးကထေ" အေး ကွယ့်၊ ဟို့ ဟို ချေးက (ဟုတ်ကဲ့) ဒီလိုနဲ့ နေကဲ့ကြရ၊ အမျိုးသွီးများ အကျိုးမကြီးရှာကြရဘူးပေါ့ကွယ်၊ ဒါနဲ့ သုတ္တိ ဆိက-အမျိုးသွီး တယောက်ဟ၊ အော်——ဒီလိုနေ့လို့ထော့၊ ငါတို့ အမျိုးသွီးတွေ-ကြက်သရေတုံးဘွယ်ရာ မမြင်တော့ဘူး၊ အမျိုးသွီး ကယ်ဆယ်ရေးအကြံ-ငါကြံထေမတဲ ဆိုပြီး၊ ကြံရှာ တော့သကိုးကဲ့၊ "ဟုတ်ကဲ့" ဒါနဲ့ ဆဲဒီ အမျိုးသွီးကနှစ်ရက် သုံးရက်လောက် ပျောက်သွားပြီး၊ ရှမ်း ခေါးဆရာလေး—— ခေါ်လာသကိုးကွယ့်၊ "အော်" ဘာမကြံ "ရှမ်းဆရာတဲ

ရှမ်းဆရာတဲ့" ဆိုတော့။ ဆရာသို့၊ ကာသာသိဒ္ဓိ၊ ဝိယာသိဒ္ဓိ-
ဘောင်းမယ်ကြံနေတဲ့၊ ငရွှေရိ-ရောက်လာဆိုကိုးကွယ့်။
"ဟုတ်ကဲ့၊" ဒီတော့၊ ရှမ်းဆရာလေးက၊ ကာယသိဒ္ဓိ ဆို
တာ "**အမတေ**" ကောင်းကြောင်း ပြောဒါကိုး၊ အဲဒီဒင်
မောင်ရွှေရိ-က၊ အမတေဆိုတာ၊ ဘယ်လိုဟာ,- ခေါ်ပါ
သလဲ......ဆရာလေးရယ်လို့-မေးတော့၊ အမတေ,- ဆို
တာ "ဘေျာက်" အခဲလေးဘဲ၊ အချို့ သတ္တဝါများမှာ,
ပါတတ်တယ်။ အဲဒီ-အမတေပါတဲ့ သတ္တဝါများကျတော့၊
ဘော်တော်နဲ့ မသေဘူး၊ အဲဒီ အမတေရှာပြီး, မျိုထားရင်၊
ကာယသိဒ္ဓိတော့—အကောင်းဆုံး, လို့ ပြောသွားထာကိုး
ကွယ့်၊ ဒီတော့၊ မောင်ရွှေရိ-ရှမ်းဆရာ, ပြောသွားတဲ့က၊
အမတေ-ရှာဘွေလေရာ၊ တနေ့သောအခါကျတော့၊ ကံ
အားလျော်စွာ၊ ခွေးကြီး တကောင်ကသဲ၊ နောက်ပိုင်းက, ပုပ်
ဟုပြီး။ ခေါင်းက-မျက်ထောင်ခတ်တုန်း တွေ့နေ၊ ဟား......,
ဒီခွေးကြီးတော့-ထူးဆန်းတယ်၊ ဘယ်နှယ်-ခါးပိုင်းက၊
လေခံတောင်ဘူ၊ (မှန်း) ခေါင်းက, မသေတဲ့ကျန်နေ၊ ကောင့်
အမတေ—ရှိပြီလို့ ယူဆပြီး၊ ခွေးခေါင်း, ရိုက်ခွဲကြည့်တော့၊
သူထင်တဲ့အတိုင်း၊ အမတေ, ခဲကလေး, တွေ့တော့ဒါကိုး၊
ဒါနဲ့၊ ဟန်ကျပြီလို့ "ရွှေရိ" ခြေဖျားတထောက်ထောက်,
ဝမ်းမြောက်ပြီး—အင်း,—ငါ့ အမတေ,- မတော် ပျောက်
သွားလိမ့်မယ်။ မျို-ထားမ, စိတ်ချရတော့မယ်လို့-မျိုလိုက်
ပါရောတဲ့ဟေ့၊ "ဟုတ်ကဲ့၊" မျိုပြီး,— တော်တော်ကြာ
သော့၊ ချိုး,—ဝါး ချင် သလိုလို—ဖြစ်လာသတဲ့ကွယ့်၊
"ဟား ဟား" ခွေး......ခွေးက, ခုတဲ့—အမတေ·ကိုး—

“ဟား ဟား ဟား ဟား” ဒါတွင်မက၊ လည်ပင်းကြီး ကွင်းတပ်ထပ်ပြီး–အရူလိုက်သေး့ ဆိုကိုး၊ “ဟား ဟား ဟား၊” ဒီအထဲ......ညှ ည ကျ၊ ထ ထ–ဟောင်သတဲ့ကွဲ့၊ “ဘား ဟား ဟား၊” အိမ်သားမရှောင်–ဘာမရှောင်လဲ-ကိုက်တော့သတဲ့ကွဲ့၊ “ဟား ဟိ—ဟိ” ထို့နောက်။ ဆေးကုလို့ပျောက်သော်လဲ၊ သူ့ကိုယ်သူ-ရှက်ပြီး၊ မနေရဲ တော့တဲဖြစ်ပြီး။ ထရွာတပြေ-လစ်သွားလိုက်ထာ၊ ယခု ထက်ထိ မပေါ် ဗ္ဗာပါဘူးတဲ့မောင်၊ “အော်–သနားဗျာ”

ဒါကြောင့်၊ ရေစကြို-က၊ ဇွေရိ–အမတေမျိုး—မှားပုံ ထောက်ထားပြီး၊ သူများ ဆုံးဖြတ်သောစကားလဲ၊ ယုံဘွိဆို ဘာ မလွယ်ကူဘူးကွဲ့၊ “ဟုတ်ကဲ့၊” ဒီတော့၊ “မင့်အဲ လခမျာနဲ့–ငါ့အေးလကွယ်” လပံလပ်လင်းမှိုးရွှဲ–ထဲရေ၁် သွားမှာ စိုးရထမောင့်၊ “ဟား ဟား၊”

ဟုတ်ထာပေါ့ဗျာ၊ ဒီလိုအရာ မဆိုထားနဲ့၊ ကျွန်တော်တို့ စာသင်စဥ်က။ ဝေနသာခ-ဒာတ်မှာ၊ ဗောဓိမင်းသား့ ဖိမိ ပြာသာဒ်လုပ်သော၊ လက်သမား့မျက်လုံးဖေါက်ထားသည့် လို့ဆိုတယ်ဗျ၊ ဓမ္မပဒ-အဋ္ဌကထာကျတော့၊ ဖေါက်မည့် အကြံသိလို့၊ စက်ယန္တရားနှင့် ထွက်သွားသတဲ့ဗျား၊

“အေးကွဲ့။”

လောဟကုမ္ဘီဇာတ်မှာ၊ ဒု–သ–န–သော့ ဆိုသောငရဲ သား၊ ၄ေးက မင်းသားလို့ဆိုထားဘယ်၊ ဓမ္မပဒကျတော့၊ သူဌေးဘား-လေးဦးတဲ့ဗျာ၊ “အင်း၊”

**No. 20.**

မြတ်စွာဘုရား ဗောဓိမဏ္ဍိုင်မှာ၊ ပထမ-သတ္တာဟ,ထပြီး၊ နတ်တွေ-စိတက်ပျောက်သို့၍၊ "ပြာဒိုဟာ" ဖြတယ်လို့၊ ဝိနယ-ဟာဝါ အဋ္ဌကထာက ဆိုတယ်။ ဒုတိယသတ္တာဟ, အနိမ္မိသမှထ၍ ပြဘာပါသို့၊ အဋ္ဌသာလိနီက-ဆိုပြန်တယ်။

ကဲ—ရှင်မဟာမောဂ္ဂလာန်-ဝတ္ထုမှာ။ ခိုးသူယောင် ဆောင်ပြီး၊ အမိကို သေအောင်သတ်ကြောင်း၊ ဓမ္မပဒအဋ္ဌကထာ မသာဘူးလား၊ စဏ္ဍာလီသနိပါတ်၊ သရဘင်္ဂဇာတ် ကျတော့၊ အဋ္ဌကထာက-အသေမသတ်ဘူးတဲ့၊ ပုတ်ခတ်ပြီး အိမ်ကိုဘဲ ပြန်ခေါ်တယ်တဲ့၊ "ဟုတ်တယ်၊"

အလောင်းတော်-မဂ်လ၊ သားတော်များကို လှူရာမှာ၊ အဋ္ဌသာလိနီက၊ စိတ္တဒိကာရ မရှိဘူးတဲ့၊ သောမနဿပင် ဖြစ်ပါတယ်တဲ့၊ ဒသနိပါတ်ဇာတ်-အဋ္ဌကထာ ကျတော့။ သောကဖြစ်ပြီး—ခင်ကွဲသေသတဲ့ဗျာ။ "အဲ၊"

အဆုံးမှာဗျာ၊ တို—ခများတို့ ကျွန်တော်တို့-ဗုဒ္ဓရဲ့ ဘွားဘက်တော် ယူတဲ့နေရာမှာ။ "အာ။ဗော။ဘာ။ယ။ င။ရွှေ။ဘဏ်" ဆိုတာ၊ ဓမ္မပဒက၊ အာ-ဆိုတာ,အာနန္ဒာတဲ့၊ အင်္ဂုတ္တိုရ် အဋ္ဌကထာကျတော့၊ အာ-ဆိုတာ "အာရောဟနီ" မည်သော-ဆင်တဲ့ခများ၊ "အင်း တမျိုးဆီနော်၊"

ပြီးတော့၊ သုတ္တနိပါတ်အဋ္ဌကထာက၊ ဝါဆိုလကစပြီး။ တန်ဆောင်မုန်းလအထိ၊ ငါးလစလုံး၊ ပါဋိဟာရိယ, ပက္ခ ယူပါတဲ့၊ မဟုတ်ဘူးတဲ့။ ဝါတွင်း-သုံးလသာ, ပါဋိဟာရိယ-ပက္ခ-လို့။ အင်္ဂုတ္တိုရ်အဋ္ဌကထာက ဆိုပြန်တယ်၊

ပြီးတော့၊ ဗုဒ္ဓဘုရား၊ မယ်တော်မိနတ်သားတရားဟော နတ်ပြည်သို့ကြွတော့၊ နှစ်လှမ်းနှင့် သုံးဘဝါ,ဟာ၊ အမိဗြာန် ပြုရတဲ့ တံခိုးတော်လို့ ဝိသုဒ္ဓိမဂ်က ဆိုတယ်။ သုတ်ပါထေယျ-အဋ္ဌကထာက မဟုတ်ဘူးတဲ့၊ ထက္ကတောအာနိသံသဖြစ်တဲ့။ ဘုရားရှင်၏ ထက္ကတောအာနိသင်ပါ-တဲ့တဲ့၊ “အော်၊”

ဆဲထောလိုဗျ။ စာ စာနဲ့၊ ကျမ်းပြုဆရာ-တဦးတည်း ဖြစ်သော်လဲ၊ ရှေ့ကျမ်း နောက်ကျမ်း, စကားချင်းမညီတာတွေထဲ အတိုင်းမသိဘဲဗျ။ ကျွန်တော်တို့-ဗုဒ္ဓဝါဒဝိပဿနာရေးရာများ၌လဲ၊ အယူအဆ၊ တဦး တဦး, တွေကြုံဒါတွေ အများကြီးတွေ့ရတယ်ဗျ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ သမ္မောအဋ္ဌကထာ-စသည်မှာတောင်၊ ပရမာဏုမြူ၊ ရထရေဏုမြူ၊ စသည်များ ဖြထားကြပုံမတူဘူးဗျ၊ “အော်-ဟုတ်လား၊”

ဒါကြောင့်။ တိပိဋက သမုဒ္ဒရာ၊ ပညာဟုန် ဂဠုန်သုတ်ရှာတော့၊ နဂါး၏အသိဥုံးကျောက်နဲ့တူတဲ့၊ ပရမတ္ထဝိဘာဝနီ၊ လယ်တီဋီကာဆစ်ကျတော့၊ ရထရေဏုမြူတရ၊ တဇ္ဇာရီဏုမြူ-သုံးဆဲ့ခြောက်ခု မကာဘူးတဲ့၊ ကိုယ့်စိတ်ထင်တိုင်း စိတ်နေမယ်ဆိုရင်၊ မရေတွက်နိုင်အောင်သော်လဲ-တွက်နေမှာပါဘဲတဲ့၊ ပရမတ္ထသဘောကတော့၊ အဏုမြူတချင်း တသန်းပင် စိတ်ကျစိတ်ဘူ၊ တစိတ်စာမျှ ရှာမရပါဘူး-လို့၊ အဋ္ဌကထာဝါဒ၊ နသုန္ဒရံ-ထိုးပြခဲ့ဒါပေါ့ဗျ၊ ‘အေးလကွယ်၊’

ခများ, စာဆိုတာ၊ အဖျင်းဆုံး၊သတ်ပုံမှတွေ့တောင်မှ, မဏိသက သတ်ပုံ။ ကဗျာသာရတ္ထ သတ်ပုံ။ ဝဏ္ဏဗောဓနသတ်ပုံ။ မြန်မာသံယောဂဒီပနီ သတ်ပုံ-တွေဟာ၊ တဦးနှင့်

တဦး-မတူဘူး ခုယ်ဗျ။ ဈွန်းတော်သွင်းသတ်ပုံက၊ "ဖိဖိ ကျွက်ကျွက်၊ ဒုပ်ကျက်ကျက်" ဆိုတယ်၊ "ကြွက်ကြွက်ဆူလှိုက်၊ ကြွက်ကြွက်ရိုက်" လို့ သာရဇ္ဇက-ဆင့်ပြန်တယ်၊ ဝဏ္ဏဗောဓေနသတ်ပုံက၊ သစ်ကျုတ်ကို၊ "ကမ္ဘာသာရဇ္ဇက၊ သဒ္ဒါကြုတ် သစ်ကြုတ်—၇—ခုစ် လုပ်ထို့ ဆိုတယ်၊ ဈွန်းတော်သွင်း သတ်ပုံက။ ပျား-ပိုး-ရှ-ချ ဆိုတယ်၊ "ခြ-ပိုး ရှ မှာ-ရစ်တို့သာ ရှင့်-လို့။ သာရဇ္ဇက ပြတယ်၊ သာရဇ္ဇက၊ ဈွချု ယပင့်ပြတယ်၊ မဉ္ဇူသက-က၊ အရစ်ပြတယ်၊ မြန်မာသံယောဂ-က။ ကခြေသည့် ရစ်ပြထားတယ်၊ သုံခန်းဆရာက၊ ကချေကို၊ ပင့်ပြထားတယ်၊ ဝဏ္ဏဗောဓနက၊ ချွင်းချင်းနှ် ဆိုတယ်၊ မဉ္ဇူသက-က၊ နှိခြင်းခြင်း ပြတယ်၊ ဒီလိုမတူဘဲ ကွဲလွဲ နေတာတွေလဲ၊ အပုံဘဲဗျ၊ သို့သော်လဲ သတ်ပုံ ဆိုတာဟာ၊ ရှေးဝေါဟာရသို့ လိုက်ပြီး၊ ဝေါဟာရနဲ့ မဆန့်ကျင်ရုံ—အမှတ် အသား ပြုထားဒါဘဲ ဗျာ။ ဝိသေသတော့ မဟုတ်ပါဘူး၊ ဒါပေမယ်၊ မိမိယက်တွေ—သဘာဝ—အသံထွက် နှင့် ကိုက်ညီအောင် ယူဆပြီး, ရေးရတာပေါ့၊ "ဒီလိုဆိုကို့လူ၊ စကားမပိတ်တဲ့လူ၊ ဘဲ့နှာလုပ်မယ်၊"

"စကားမ—ပိပိ, မပြောတတ်ရင်၊ "ထေတေကနိပ်" ပေါ့၊ ဟုတ်လားဗျာ။ ,'အေးလကွယ်" ဒါကြောင့်း မဂ်ပညာ၊ ဖိုလ်ပညာ, ဆိုတာ။ ကိုယ်တွေ—လက်တွေ ဖြစ်လာ

မ။ မိမိဘာသာ၊ ထင်ရှားသလိုဆိုးဖြတ်။ဘယ်ပုဂ္ဂိုလ် ကိုမျှ၊ အားကိုးပြီး မေးနေစရာမလိုတော့ပါ၊ လိုရင်းမှာ၊ကျွန်တော် ပြောပြခဲ့တဲ့၊ နာမရူပ သဗ္ဗာဒိဋ္ဌိ စည်းမျဉ်းမှ၊ နာမ်ရုပ် ဖြစ်သော ပဍမတ်ကိုမြင်ရန် အရေးကြီးပါသည်၊

စင်စစ်–မမြဲသော ခဏတ္တယ–နာမ် ရုပ်ဖြစ်ပုံကို၊ အဟုတ်မြင်လျှင်။ သောတာပန်ပင်–မှတ်လို့၊ ဝိပဿနာဒိပနီမှာဆိုပါသည်၊ ရုပ်သဘာဝ၊ ပြာကျအောင်ပင်၊ တကယ်မြင်လျှင်။ အနာဂါမ်ပင် မှတ်ပါလို့လဲ ဖော်ပြပါသည်၊ ဤသာသနာမှာ၊ သောတာပန်အချက်–ခက်သည်ဟု မထင်နှင့်လို့လည်း၊ မိန့်တော်မူထားပါသည်။ သောတာပန်–ဆိုခသော်လည်း၊ “ကျို” ပေါက်သည်မဟုတ်၊ နာမ် ရုပ်မှန်း သိ၍၊ ဒိဋ္ဌိဝိစိကိစ္ဆာသော ပယ်သည်ဟုလည်း ပါပါသည်။ ဒါ့ကြောင့်၊ ဗုဒ္ဓမိန့်တော်ချက်–ဝိသုဒ္ဓိမဂ်ကလည်း၊–

“နာမရူပ ဝဝတ္ထာနတော”

“သက္ကာယဒိဋ္ဌိ ပဟိနာ နာမဟောတိ–လို့ဆိုပါသေးသည်၊ သက္ကာယဒိဋ္ဌိ ပဟိနာ သောတာပန္နော “နာမ အပါယဂမနော” လည်း ဟောထားပါသည်၊ “ဟော့ ဟော့၊ ကိုလူ–သတိထားနော်၊ ဗမာလိုကျတော့၊ လင်းမိုးမဆွဲလိုက်နဲ့၊–

“ဟား ဟား ဟား”

အေးလကွယ်။ ငါလဲ—အနိစ္စ ရုပ်နာမ်၊ တခဏ ရုပ်နာမ် သဘောကျနေတယ်ကွဲ့။ နဂိုရ်ကတော့၊ ငါဒီလိုနားမလည်ဘူး၊ ဒါပေမယ့်၊ ငါသိတဲ့–ဆရာ့ဟိုဟာသရုပ်ခွဲနဲ့၊— ဝိပဿနာသွားတွေတော့—နှံ့လာတာဟော့၊ “ခမျာကာ၊”

အေး၊ ယခုတော့၊ သင့်ပုဂ္ဂိုလ်က၊ ငါတို့ရဲ့ ခန္ဓာကိုယ်ပြ ထားဒါကိုးကွဲ့ — အနေ၁။ "ဟုတ်ထာပေါ့ ဦးတိုးထေ၁"

အေးလကွယ်၊ ငါလဲ နောက်တော့၊ ဝိပဿနာလိုက်စား၊ ရုပ် နာမ် ခန္ဓာ များများဟောမကွယ်။

"အဟုတ်လားဗျာ" "ခများထားလို့၊ တချိက့ ဘုန်းကြီး ဟောပြောမ-ဟုတ်တယ်ထင်ထာခင်ဗျ၊

အောင်မယ်၊ မင့်လူများ "အ" လို့ပါကွယ်၊ ကဲ-မင့် လူများ။ ပျားဖွတ်ဖွတ်စားကြတော။ အချဉ်ပင်ကပျား။ အ ခါးပင်ကပျား လို့၊ မခွဲခြားပါဘူးလကွဲ့၊ ကျွတ်ဆူပင်စွဲတဲ့ ပျား၊ ရှားပင်စွဲတဲ့ပျား၊ ဒီလိုလဲမခွဲခြားဘဲနဲ့၊ "ဝိပဿနာ မရှုရမဲ့" လဲ၊ ဘုန်းကြီးက ဟောဟော၊ မိန်းမက ဟော ဟော၊ ခလေးက ဟောဟော၊ ငါက ဟောဟော။ ပါလို့ ခွဲခြားနေရမလဲကွယ့်။ "အလဲ့၊တယ်ဟုတ်ပါလားခများ"

———ooo———

ဒါဖြင့်၊ နာမရူပ သမ္မာဒိဋ္ဌိ၊ ဟေတုပစ္စယ သမ္မာဒိဋ္ဌိ၊ ဥဒ ယဗ္ဗယ သမ္မာဒိဋ္ဌိ—ယောင်ပွမ်းပြီး၊ ကျွန်တော်—ဘာသာပြန် ၍ ဟောစာတမ်း လုပ်ပေး ထားတော့၊ မြန်မာနိုင်ငံတော် အထက်ပိုင်း၊ ဝိပဿနာ့ဗဟိုဌာနများမှာ ဟောကြားနေတဲ့၊ အမျိုးသမီးကလေး "မစောအိ" တရား-နာဘူးပါလားဗျား၊ "မနာဘူးသေးဘူးကွယ့်၊" ဒါဖြင့် ရှေတခန်းဆက်၍ အမျိုး သမီးလေး "စောအိမယ်" ဟောခန်းကို၊ နားသောတဆင်ပါ ဦးဗျား၊

## ဆ-၁၊ "ဗုဒ္ဓဝိပဿနာ,, မြန်မာနိုင်ငံတော်,, အမျိုးသမီး"
## ဟောပြောရေးမှူး—စောအိမယ်, ဟောပြောပုံ။

၁၊ ပထဗျာ ကေရဇ္ဇေန၊ သဏ္ဍာသ ဂမနေနဝါ၊
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံဝရံ၊ ။

ပထဗျာ၊ ဇမ္ဗူတခွင်၊ ဤမြေပြင်၌၊ ဧကရဇ္ဇေန၊ ပြိုင်ဘက်မပြူ၊ တဆူတည်းသာ၊ အာဏာပြန့်မွေး၊ စကြာဝတေးအစစ်၊ ဧကရာဇ်မင်းဖြစ်ရသည်ထက်ဝင်း၊ သဏ္ဍာသ၊ ခြောက်ခနတ်ရွာ၊ ဖြာဟ္ဗာနှစ်ဆယ်၊ တင့်တယ်စံမြန်း၊ အထက်တန်းသို့။ ဂမနေန၊ ကာမရှစ်ထန်၊ မဟာဂ္ဂုတ်ကံကိုး၊ ကုသိုလ်မျိုးကို၊ အားကိုးသမျှ၊ ရင်းမူလကြောင့်၊ ကြွားခဲ့၊ မောက်ခဲ့၊ ကြွားမောက်ခဲ့အောင်၊ အခါခါ လားရောက် ခဲ့ခြင်း သည့်ထက်ဝင်း၊ သဗ္ဗလောကာဓိပစ္စေန၊ နဂါး ဂဠုန်၊ တကွမြို့၌၊ လုံးပုံချပ်ရပ်၊ လောကဓာတ်ကို၊ သတ်မှတ်နိုင်နင်း၊ အုပ်စိုးရခြင်းသည့်ထက်ဝင်း။ သောတာပတ္တိဖလံ၊ ဝိမ္ဗြ ဝိဝိ၊ ပယ်နိုင်ဘိ၍၊ မရှိပါယ်ချာ၊ ရှင်းရှင်းကွာသည့်၊ ရူဋ္ဌ မဟာ သောတာပန်အပြီး၊ ပုဂ္ဂိုလ်ကြီးသည်၊ ဝရံ၊ ထူးထူးချွန်ချွန်၊ အလွန်ဘဲမြတ်သပါပေ၏၊ ဝရံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ တွေကို၊ အဆတထောင်—မကအောင် တောင်းခဲ့တာတွေထက်၊ အမတဘောင်-အခေါင်ဘွားဟာမှ၊ အောင် "မ" တထောင်တကောင်ဘွားကြီး ဖြစ်ခဲ့လေတော့သတည်း။

ယခု ရွတ်ဆိုလိုက်တဲ့၊ ပါဠိတော် ဂါထာကြီးနဲ့ ဆင်ခြင်စဉ်းစားပြီး ကြည့်လိုက်မယ်ဆိုရင်၊ လောကကြီးမှာ၊ ဘာသူ

မဟုတ်မဟာတ်တဲ့၊ အလုပ်အရပ်ချင်တွေကိုသာ, အသားယူနေကြတယ်၊ ဘယ်လိုပါလဲဆိုတော့၊—

"ကြေရာဇ် မင်းကြီးကလဲ၊ သူ့ကိုယ်သူအမြတ်ထင်နေတယ်၊
"စကြာ မင်းကြီး ကလဲ၊ သူ့ကိုယ်သူ အမြတ်ထင်နေတယ်၊
"သမသ—ဘုရင်ကလဲ၊ သူ့ကိုယ်သူ အမြတ်ထင်နေတယ်၊
"ဝန်ကြီးချုပ်ကလဲ၊ သူ့ကိုယ်သူအမြတ်ထင်နေတယ်၊
"အရေးပိုင်မင်းကြီးကလဲ၊ သူ့ကိုယ်သူအမြတ်ထင်နေတယ်၊
"မြို့အုပ်ကြီးကလဲ၊ သူ့ကိုယ်သူအမြတ်ထင်နေတယ်၊
"စာရေးကြီးကလဲ၊ သူ့ကိုယ်သူအမြတ်ထင်နေတယ်၊
"သူကြီးမင်းကလဲ၊ သူ့ကိုယ်သူအမြတ်ထင်နေတယ်၊
"သူဌေးကြီးကလဲ၊ သူ့ကိုယ်သူအမြတ်ထင်နေတယ်၊

အဲဒါလို အတ္တဒိဋ္ဌိအလုပ်၊ မဟုတ်မဟာတ်တာ-အသားယူနေကြတယ်။ မိန်းမများဘက်က-ကြည့်လိုက်ပြန်တော့လဲ၊ မတော်မလျော် အကျော် အပြုတ်နဲ့၊ အတော်ရှုတ်ပြီးတော့၊ ကဘော်လုပ်၍ အသားယူနေကြတယ်၊

"သူဌေးကတော်ကြီးကလဲ၊—ဒိဋ္ဌိလေးနဲ့—အချိုးပြေတယ်
ထင်တာဘဲ၊
"သူကြီးကတော်ကြီးကလဲ၊—ဒိဋ္ဌိလေးနဲ့—အချိုးပြေတယ်
ထင်တာဘဲ၊
"ရွာသူကြီးကတော်ကလဲ၊ —ဒိဋ္ဌိလေးနဲ့—အချိုးပြေတယ်
ထင်တာဘဲ၊
'စာရေးကတော်ကြီးကလဲ၊—ဒိဋ္ဌိလေးနဲ့—အချိုးပြေတယ်
ထင်တာဘဲ၊

“ပွဲဘေးကတော်ကြီးကလဲ၊ ......ဒိဗ္ဗလေးနဲ့......အချိုးပြေတယ် ထင်တာဘဲ၊

သူတို့အမြင်နဲ့ ထင်နေတဲ့ ဂုဏ်တွေဟာ “ဘုရားအသိ” သာသနာ့မျက်စိနဲ့ တပ်ပြီးကြည့်လိုက်တော့၊ ဂုဏ်ရုတ်-ဂုဏ်ပဲ့ တွေဖြစ်နေတယ်၊

ဒါ့ကြောင့်မို့လို့ရှဲ့။ ပရမတ်မျက်စိ၊ ဓာတ်မျက်စိ၊ သာသနာ့အသိနဲ့ ကြည့်လိုက် တော့၊ ကမ္ဘာလောကကြီးမှာ။ “ဗာလနံ, ဘိုး–ဗာလနံ, မ”–တွေသာ များနေကြတယ်၊

ဒါ့ကြောင့်၊ ရှာခ, ရှား၊ — လွှာမ, ပါး,......ဆိုတာလို၊ “မ–တထောင်” “တကောင်ဘွား” တရားတော်ကြီးဟာ၊ လယ်ပြင် ဆင်သွားသလို၊ ထင်ရှားတော့၊ ထင်ရှားတာပါဘဲ၊

တနည်းအားဖြင့်သဲ၊ သည်ဂုဏ်ရုတ် ဂုဏ်ပဲ့ ကလေးတွေ ကိုအကောင်းထင်သောအာလျှအဖြာဖြာနဲ့၊ ပသာဒသဒ္ဒါက, များပြီးနေကြတယ်။ များပုံက-ဘယ်လိုလဲဆိုတော့။ “ဘဝ သမ္ပတ္တိ၊ ဘောဂ-သမ္ပတ္တိ” ကို၊ တောင့်တပြီးတော့။ ငါ– ကျော်စေလေအောင်။ ငါ–ဂုဏ်ကြီးလေအောင်၊ ငါ–နာမည်ရစေလအောင်-ရယ်လို့။ အာလျှ....ပထဏာမျိုးတွေနဲ့၊ ပသာဒအရာကိုးပြီး၊ သာသနာပ–သဒ္ဒါမျိုးတွေသာ–များနေ ထယ်၊

အချို့ကလဲ၊ လောကီ မျက်စိကလေးနဲ့ ကြည့်ပြီးတော့၊ လောကီ-သူတော်ကောင်းမျိုးနဲ့ ဟင်းဘင်းခံနေကြတယ်၊ လော

ကိ-သီလဂုဏ်ကလေးတွေနဲ့ တင်းတိမ်နေကြတယ်၊လောကီသမာဓိ-ဂုဏ်ကလေးနဲ့-တင်းတိမ်နေကြတယ်။ — သူတို့ကတော့၊ ခေါင်းမွေးဖြူ အရွယ်ကြီး-ပုတီးကြီးနဲ့နေမ—ဟုတ်တယ်ထင်ထားကိုး၊

ဒါကြောင့်မို့၊ ဘုရားရှင်ရဲ့-သက်ထက်တော်က၊ပုဏ္ဏားလင်မယားလို-ဖြစ်နေကြတယ်၊

ထိုပုဏ္ဏားကြီး-လင်မယားဟာ၊ သံသာတော်—လေးပါးလောက်, ဆွမ်းကျွေးလိုသဖြင့်၊ ပုဏ္ဏားကြီး-ပင့်လာတာက၊ သံကိစ္စ-ရယ်။ သောပါက-ရယ်။ ပဏ္ဍိတ-ရယ်။ သုနေ-ရယ် ဆိုတော့။ သာမဏေငယ်......ခုနစ်နှစ်အရွယ်ကလေးတွေဖြစ်နေတာကိုး၊ ဒီတော့၊ အိမ်က ပုဏ္ဏားမကြီးက၊ အမယ်လေးတော်......"ဒီလက်ညှိုးလောက်မျှ ရှိသေးတဲ့" ကိုယ်တော်ကလေးတွေ......ဘာသိဘတ်လို့ ပင့်ခဲ့ရတာလဲ၊ သက်နှီးစီးထားတိုင်း ဟုတ်ဘယ်မဟုတ်ဘူး။ ဒီခလေးတွေ-ဘာသိတတ်မှာလဲ။ တကယ်ဆိုရင်၊ ရှေ့ရှေ့ နောက်နောက် စဉ်းစားတတ်တဲ့၊ မထေရ်ကြီးတွေ၊ ပုဂ္ဂိုလ်ကြီးတွေ—ပေါ်သားနဲ့၊ ဘော့ကိုယ်တော်လေးတွေ—မကျွေးချင်ဘူး၊ ကိုယ်တော်ကြီးတွေ — ကျွေးလိုက်ရမ—အားရတယ်။ တော့သက်ညှိုးလောက်ခလေးတွေ-အားမရနိုင်ဘူး၊ ဘာဘူး ညာဘူးနဲ့။ သူပြစ်လိုက်တော့၊ ပုဏ္ဏားကြီးလဲ၊ ငိုက်ဆိုက် ငိုက်ဆိုက်နဲ့၊ ပြန်ပြေးတဲ့ပြီး၊ ဘာသွားကြ၊ သူ့နောက်ကပါလာတာက၊ပုတီးဆောင်ဖွေး-လက်ဆွဲပြီး၊ ခေါင်းဖြူ စွယ်ကြီး၊ မုံခေါက်ဆိုးနဲ့၊ ပုထုဇဉ်ပုဂ္ဂိုလ်ကြီးတွေကိုး။ အဲဒီတော့မှ,—ပုဏ္ဏေးမက သဘောကျ၍။ နေရာထိုင်ခင်းများ— ခင်းပြီး၊ ဆွမ်းကျွေး

တော့သတဲ့၊ ဒီအခါကျတော့၊ သံကင်ွ၊ သေးပါကာ၊ ပလ္လင်တာ၊ သုမန-ဆင့်တဲ့၊ ချနစ်နှစ်သား=ခုဟာက္ကာလေးတွေက၊ ဈာန် သမာပတ် ဝင်စားပြီး၊ ကောင်းကင်ခရီးဖြင့်၊ ပြန်ကြွတော်မူ ပုံကို၊ ယုတ်တရက်ပင်-ပုဏ္ဏားကြီးက, မြင်လိုက်တော့၊ အို ရှင်မခွဲ—ကြည့်စမ်းပါ၊ ကောင်းကင် ခရီးက, ဈာန်ယာဉ် စီးပြီး-ကြွတော်မူကြပြီ "အို—အကြီးကြိုက်မကြီးခွဲ" ယယ် သောင်လဲ၊ ငယ်ငဲ့—ဟုတ်တုတ်ထေးတွေပါကလား၊ နင့် အတွက်ကြောင့်၊ ပါစင်အောင် လွဲပါပေါ့လား၊ "အို-ပသာဒ ကြိုက်မကြီးခွဲ၊" ရဟန္တာတွေ အထင်သေးမိပြီ၊ အို-အရှင် ဘုရားတို့၊ တပည့်တော်အပေါ်၊ အပြစ်မယူကြပါနဲ့ ဘုရား၊ "ဟောဒီက-ပုဂ္ဂိုလ်ညီကြိုက်မကြီးကြောင့်" ဒီလိုဖြစ်ရတာပါ ဘုရား။ အဲဒါလို—ပုဏ္ဏားကြီးက၊ တဖန်သူလိုက်ပြန်တော့၊ ပုဏ္ဏေးမကြီး-ဝိုက်ကျသွားပြန်တာပေါ့၊ ဒါနဲ့ ရဟန္တာများ ပြန်ကြွတော်မူကြလို့၊ ဆွမ်းဘုန်းပေးနေတော်မူကြတဲ့၊ ဘုန်း ကြီးများ လယ်ကြည့်လိုက်တော့၊ ပြန်ပြေးကြတော့မဲ့ ဟန် မျိုးနဲ့၊ ပြုးကလူး ပြာကလာဖြစ်ပြီး၊ တပါးက-လမ်းရေ၊ တပါးက-ဇွေခါးရင်းမှာ လဲနေ၊ တပါးက-အိမ်ပေါ်က တုန် တုန်ရီရီ-ဆင်းတုံး၊ တပါးက-ဝက်သားတုံး-ကုန်းပြီး-ဆွဲ တုံးနဲ့—ဖြစ်ကုန်ကြသတဲ့။

အဲဒါကြောင့် မိုလိုခွဲ၊—လောကီအချိုး၊ ပသာဒမျိုးနဲ့၊ ပုဂ္ဂလ စွဲရှိ၊ သာသနာယ အလုပ်ဆိုးတွေကို၊ ဓမ္မဝိဋ္ဌာန်၊ သာသနာ့မွေ့ကွန်နှင့်၊ တော်လှန်နိုင်ကြရလေအောင်၊—

မျက်စိ အကြည်နဲ့ ရှုပါရုံ ပရမတ်တို့၏ ပေါင်းဆုံမှု အ

တွက်၊ ဖြစ်ပေါ်လာရတဲ့ အကျိုးတရား ဒုက္ခသစ္စာ၊ လူ့ထင်မှုဝိညာဏက္ခန္ဓာဟာ၊ ထင်မှုဆတ်ဆတ် ထင်ခဏကလေးမှာ၊ ရုပ်မရဏ၊ ဘင်ကွန်၊ နိရောဓသို့သာလျှင်။ ချုပ်ပျောက်ခဲ့တော့ဒါတဲ၊

နား အကြည်နဲ့ အသံ ပရမတ်တို့၏ ပေါင်းဆုံမှုအတွက်၊ ဖြစ်ပေါ်လာရတဲ့ အကျိုးတရား ဒုက္ခသစ္စာ၊ လူ့ထင်မှုဝိညာဏက္ခန္ဓာဟာ၊ ထင်မှုဆတ်ဆတ် ထင်ခဏလေးမှာ၊ ရုတ်မရဏ၊ ဘင်ကွန် နိရောဓသို့သာလျှင်၊ ချုပ်ပျောက်ရတော့ဒါတဲ၊

နှာ အကြည်နဲ့ အနံ့ ပရမတ်တို့၏ ပေါင်းဆုံမှုအတွက် ဖြစ်ပေါ်လာရတဲ့ အကျိုးတရား ဒုက္ခသစ္စာ၊ လူ့ထင်မှုဝိညာဏက္ခန္ဓာဟာ၊ ထင်မှုဆတ်ဆတ်၊ ထင်ခဏလေးမှာ၊ ရုတ်မရဏ ဘင်ကွန် နိရောဓသို့သာလျှင်၊ ချုပ်ပျောက်ရတော့ဒါတဲ၊

လျှာ အကြည်နဲ့ ရသာ ပရမတ်တို့၏ ပေါင်းဆုံမှုအတွက် ဖြစ်ပေါ်လာရတဲ့၊ အကျိုးတရား ဒုက္ခသစ္စာ၊ လူ့ထင်မှုဝိညာဏက္ခန္ဓာဟာ၊ ထင်မှုဆတ်ဆတ်၊ ထင်ခဏကလေးမှာ၊ ရုတ်မရဏ၊ ဘင်ကွန် နိရောဓသို့သာလျှင်၊ ချုပ်ပျောက်ရတော့ဒါတဲ၊

ကိုယ် အကြည်နဲ့ အတွေ့ ပရမတ်တို့၏ ပေါင်းဆုံမှု အတွက် ဖြစ်ပေါ်လာရတဲ့၊ အကျိုးတရား ဒုက္ခသစ္စာ၊ လူ့ထင်မှု ဝိညာဏက္ခန္ဓာဟာ၊ ထင်မှုဆတ်ဆတ် ထင်ခဏ ကလေးမှာ၊ ရုတ်မရဏ၊ ဘင်ကွန် နိရောဓသို့သာလျှင်၊ ချုပ်ပျောက်ရတော့ဒါတဲ။

မနော အကြည်နဲ့၊ အကြံ ပရမတ်တို့၏ ပေါင်းဆုံမှု အထွက် ဖြစ်ပေါ်လာရတဲ့ အကျိုးတရား ဒုက္ခသစ္စာ၊ လူ့ထင်မှု ဝိညာဏက္ခန္ဓာဟာ၊ ထင်မှု ဆတ်ဆတ် ထင်ခဏကလေးမှာ၊ စုတိမရဏ၊ ဘင်္ဂက္ခဏ နိရောဓသို့သာလျှင်၊ ချုပ်ပျောက်ရတော့ဒါဘဲ။

အဲဒီ——ခြောက်ဒွါရ၊ ခြောက်အာရုံတို့၏၊ ပေါင်းဆုံမှု အထွက် ဖြစ်ပေါ်လာရတဲ့၊ ထင်မှုစိတ္တဒုက္ခသစ္စာဟာ။ မမြဲမှုကြီးကလဲကြေ၊ မချမ်းသာမှုကြီးကလဲကြေ၊ အစိုးမရမှုကြီးကလဲကြေ၊ ဘယ်မှာလျှင်၊ အသေး–အကြီး–အထီး အမ–ဆိုတဲ့၊ ပုဂ္ဂလသဘော ရောယှက်နိုင်တော့မလဲ။ အဲဒါလိုထင်လာသမျှ-အစိတ်အစိတ် ဓမ္မတွေကို၊ သင်္ခါရနိမိတ်ရအောင်။ ဘာဝနာကိစ္စဖြင့် စိတ်ချကာ အားထား၍ ပွါးများတဲ့သူသည်၊ စကြာဝတေး၊ သုဓမ္မး၊ ဗြဟ္မာ့ တို့ထက်၊ အဆတထောင်-မကအောင်မြတ်တော့ဘာဘဲလို့၊ ဓမ္မပဒ ပါဠိတော်မှာ၊ ဟောကြားတော်မူခဲ့တယ်၊ "ဒါကြောင့်"—

ပထဗျာ ဧကရဇ္ဇေန သဂ္ဂဿ ဂမနေနဝါ။
သဗ္ဗလောကာဓိပစ္စေန သောတာပတ္တိ ဖလံဝရံ၊

ပထဗျာ၊ ဇမ္ဗူတခွင်၊ ဤမြေပြင်၌၊ ဧကရဇ္ဇေန၊ ပြိုင်ဘက်မပြု တဆူတည်းသာ၊ အာဏာပြန့်မွေး၊ စကြာဝတေး အစစ် ဧကရာဇ်မင်းဖြစ်ရသည့်ထက်ရင်း၊ သဂ္ဂဿ၊ခြောက်ခုနတ်ရွာ၊ ဗြဟ္မာနှစ်ဆယ်။ တင့်တယ်စံမြန်း၊ အထက်တန်းသို့၊ ဂမနေန။ ကာမရှစ်တန်၊ မဟဂ္ဂုတ်ကကိုး၊ ကုသိုလ်မျိုးကို၊ အားကိုးသမျှ၊ ရင်းမူလကြောင့်။ ကြွားရ–ဓေါက်ရ၊

ကြွားမောက်ရအောင်၊အခါခါလားရောက်ရသည့်ထက်ဝင်း၊ သဗ္ဗလောကဒိပစွေန၊ နဂါး၊ ဂဠုန်၊ တကွခြံချီ၊ လုံးရုံရပ်ရပ်၊ လောကခေတ်ကို၊ သတ်မှတ်နိုင်နှင်း၊ အုပ်စိုးရခြင်းသည့်ထက် ဝင်း၊ သောတာပတ္တိဖလံ၊ ဒိဗ္ဗ ဝိဝိ၊ ပယ်နိုင်ဘိ၍၊ မရှိပါယ်ရွာ၊ ရှင်းရှင်းကွာသည့်၊ ရှုဋ္ဌမဟာ၊ သောတာပန်အပြီး၊ ပုဂ္ဂိုလ် ကြီးသည့်။ ဝရုံ၊ ထူးထူးချွန်ချွန် အလွန်ဘဲ မြတ်လှပါပေ၏။ ဝရုံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတွေကို၊ အဆ–တထောင်၊ မကအောင် တောင်းရဘာတွေထက်။ အမတဘောင်-အခေါင် သွားဟာရို့၊ (အော်) "မ" တထောင် တကောင်ဘွားကြီး ဖြစ်ရလေတော့သတည်း၊

ဆဲဒါလို့။ ထင်မှုဆတ်ဆတ်၊ ထင်မှုပရမတ်၊ ထင်မှုခေတ် ကလေး၏—ချုပ်ငြိမ်းရော၊ နိရောဓသစ္စာကို၊ ပြောင်ပြောင် စင်စင်၊ ကြောင်ကြောင်ကြီးမြင်အောင်၊ နေ့ရော-ညဉ့်ပါ၊ ဘယ် ခါမပြတ်၊ ကြိုးစား အားထုတ်တော် မူကြပါ,—တရားနာ ပရိသတ်အပေါင်း—သူတော်ကောင်းတို့၊ ။

## ၂။ "အိုင်သာ၊ ကြာပေါက်၊"

၂။ ဗုဒ္ဓုပ္ပါဒေ့ဒွာ သဒ္ဓမ္မောဝ လောကမှိ အတိဒုလ္လဘော။
ဓပာဒွေ့ာ သုလဘော ဝိရော ဂကျေ့ယ အတိဒုလ္လဘံ။

ဘောဒွေ့ာ၊ လန့်ရော ထိတ်စရာ၊ အပိဋ္ဌာ နယ်ထဲမှာ။ ဘယ်လွဲကာ အတွင်းပြေးနိုင်ဘို့၊ ရင်တော့ မွှောရုံဝယ်၊ သဒ္ဓါ ဟုန် နည်းမသေးကြဘဲ၊ စည်းဝေးရောက်လာကြကုန်သော၊ အို—တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့၊— ဗုဒ္ဓုပ္ပါဒေ့ါ၊ သတ္တဝါတရတဝေးတို့၏၊ ကပ်စရာအမှုဘေး တွေကို၊ ခုဇ ဓေ—ဝဇအား မြင့်ရန်ဘို့၊ ဘုရားပွင့်သောအခါ

မြတ်သည့်ဂုဏ်း၊ သဒ္ဓါသောစ၊ သံသရာ-အဏ္ဏဝါတကြောစီက၊ ယာန်တကျော မြန်စွာမျောရန်တို့၊ ဓမ္မကျွံအလာ မှန်စွာ ဟော ဖြွက်တဲ့၊ သဘောအနက် တရားမှန်ကို၊ အားသန်သန်-ယူမြှော်မစောင်းကြဲတော့တဲ၊ သူတော်ကောင်းတို့၏ တရား ကို ကြားနာချခြင်း သည့် ဂုဏ်း၊ လောကမှာ၊ ယောင်တောင် တောင် ဖျင်း အ အ–နှင့်၊ အတွင်းက- ဥာဏ်မပေါ၊ ဓမ္မကျွံ အလာ သဘောအကျ မမှီးနိုင်တဲ့၊ လောကကြီး အတွင်းခွဲ၊ အတိဒုလ္လဘော၊ ကမ္ဘာကဇ္ဈော၊ တာရှေရှေဖြင့်၊ ကြာပေဟု သောဲလဲ၊ အလွန်ရခဲဟုပေ၏တကား၊ တသွာ၊ ထိုသို့မသွေ၊ ရခဲဟုပေသောကြောင့်၊ မိခရာ၊ ရှေ့ရေး နှောက်ရေး၊ ထော တွေးမြှော်မြင်၊ ပညာရှင်သည်၊ သုထဘော၊ ရလွယ် တွေ့လွယ်၊ ပျက်စီးလွယ်တဲ့၊ တကာယ်ပေဟုတ်၊ ဆိမ်းထုပ်သိုခြံ၊ လောကီ ဆိုတဲ့ အသုံး ပစ္စည် တွေကို၊ ဇဟာဇ္ဈော၊ တန်ဟာထန်ဘာ၊ ဟာန်မရဘူး၊ ဆလံသကာ–မခင်မှန်းလျှက်၊ မရွှင်ပြုံး-နေခံ မထပ်တော့တဲ၊ ကြောက်တတ်တဲ့ ဝါသနာနှင့်၊ မသာယာ–ဂုံ့လွန်းလို့၊ စွန့်ခြင်းကြီး စွန့်ကြကုန်လျှက်၊ အတိဒုလ္လဘော၊ တွေ့ခဲ ကြုံခဲ တွေ့ကြုံခဲသည့်၊ နက်နဲသေပြား၊ မြတ်တရားနှင့်၊ ဘုရားပွင့်ရာ၊ ဤအခါတွင်၊ ကြည်သာလေ စိတ် ထား နှင့်၊ ကောင်းမြတ်သော လောကုတ္တရာအစီးအပွားဘွေကို၊ ဂဗျေ ယာ၊ အရယူထိုက်လှပါပေသတည်း။ ဂဗျေယာ၊ တွေ့ရတာ ဒုလ္လဘာပေမို့၊ ဆုရတဲ့ ဒီအခါမှာ၊ အကြည်သဘာဝါအောင် စခန်းပိုင်စွာ ရောက်ရသေအောင်၊ ဤသာသနာ-အခေါ်မြန်း နိုင်ပါလောက်သဖြင့် သြော် **“အိုင်သာ-နိုင်ကြစပေါက်”** ရလေကုန်သတည်း။ ——

"ဒိနှစ်-ဒိသ၊ ဒိနေ့ညတော့ဖြင့်၊......တရားဘခွန်း၊ မမှား မယွင်းရအောင်၊ တအားတင်းပြီးဘော့၊ အများခပင်းသဘော ကျလောက်အောင်။ ဟောရသေးဒါပေါ့၊ လွန်ခဲ့တဲ့ ဝါတွင်း ဓာတဲက-ဟောပြောဘို့ရာ တိုက်တွန်းခဲ့ကြသည်လဲ၊ ဟုတ် ထာပြောရမယ်ဆိုရင်၊ အဲဒီ-အချိန်အခါကတော့။ တရား ဘက် အားမသက်ခဲ့မိပါဘူး၊ ယခုတော့ဖြင့်၊ ကို့ကိုယ်တိုင် တဲ့ဆိုဘာလို။ ဒုက္ခ အခက်အခဲတွေနဲ့၊ မလွဲသာတော့တဲ၊ အမြဲဘန်းလိုလို......တွေ့ကြုံခံစားနေရတာကလဲ-တကြောင်း၊ ခေတ်ကာလမကောင်းသဖြင့်၊ အရောင်း, အဝယ်-ဆိုတဲ့-ပရိ ယေသနကလဲ-နေရာမကျ၊ ကသေကဝ, အခြေခလှနဲ့-နေရ ထိုင်ရတဲ့ လောကကြီးမှာ၊ ကုန်ကုန်ပြောကြပါစို့။ ယခု မျက်မြင် ကိုယ် တွေ့ "အိုကြဘာတွေ-နာကြဘာတွေ-သေ ကြထာတွေ-မြင်ရတော့၊" အော်......ငါတို့ဟာ၊ ဤကဲ့သို့ သောဘေးဒုက္ခမျိုးဟာ၊ ထွေးရှုပ်ကြခိုးတော့ အမှန်ဘဲ၊ ဒီ ဒုက္ခမျိုးတွေ-သည်ပြိုင်ပြီး, ခုင်ဆိုင် တိုးသာခဲ့သျှင်၊ အဘေ, အမေပေင်-မကော်၊ တကာယ်ချစ်တဲ့-မိတ်ဆွေ မောင်ဘား၊ ဘယ်လိုဟာများမ-အားထားရာမျိုး၊ အားကိုးရာမျိုး အစစ် မဖြစ်နိုင်ပါကသားလို့ စဉ်းစားမိတာနဲ့၊ ဒန္တာရီ-မှတ်ရစာအုပ် တခုကို ကောက်ကြည့်မိတော့။ ကံ-သည်။ သတ္တဝါးများ၏ သုခ-ဒုက္ခ ဖန်တီးသောအရှင် ဖြစ်လေသည်၊ ကောင်း......ကံ သည်၊ သုခ-ကို ဖန်တီးသည်၊ မကောင်း......ကံ, သည်၊ ဒုက္ခကို-ဖန်တီးသည်၊ သုခကို-ဖန်တီးသော, ကောင်း......ကံ သည်၊ အကြမ်းစားအားဖြင့်-စွန့်ကြဲပေးကမ်း၊ လှူဒါန်းမှုဖြစ် သော-ကံ, တပါး၊ သက်သတ်ခိုးယူ၊ တသူ ဖြစ်မှားအစရှိ

သော၊ ငါးပါး၊ ခြောက်ပါး၊ ကိုးပါးသော-ဘေမှုကို၊ လုံခြုံစွာ ပြုသော-ကံ, တပါး၊ တရားတော်ကို ပွားများသရွေ့ယ်မှုဖြစ်သော-ကံ, တပါး၊ ရှေ့သုံးပါးတို့တွင်၊ စွန့်ကြဲပေးကမ်းလှူ ဒါန်းမှုဖြစ်သော၊ ဒါန-ကံ, သည်၊ သူချည်းသက်သက်အား ဖြင့်သောင်ကား၊ စည်းစိမ်ချမ်းသာ၊ ဥစ္စာပြည့်စုံ၊ လောက်လုံ ကြွယ်ဝသော၊ စကြာဝတေး၊ သူဌေး၊ ကျော်အစရှိသော၊ ဒေဒရိသ-သုခမျှသာ, ဖန်တီးနိုင်၏၊ ဝေဒရိတ-သုခသည်၊ စိုးရိမ်ပူဆွေး၊ ဒုက္ခဘေးမှ မလွတ်သေး၊ သက်သတ် နိုးယူ၊ တသူဖြစ်မှား အစရှိသော။ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးဘို့ကို စောင့်ကြည့်ဆောက်တည်သော၊ သီလ-ကံ, သည်၊ သူချည်း သက်သက်အားဖြင့် သောင်ကား။ သက်ရှေ၊ ဆင်းလှ-အစရှိ သော၊ များစွာသောအကျိုးနှင့်တကွ၊ အကာနိဗ္ဗုပြဖွဲ့ဘုံကို ရောက်စေထောက်သော။ ဒေဒရိတ-သုခမျှသာ, ဖန်တီးနိုင်၏၊ ထိုကဲ့သို့သော ဝေဒရိတ-သုခသည်လည်း။ စိုးရိမ် ပူဆွေး၊ ဒုက္ခဘေးမှ မလွတ်သေး၊ သက်သေသာခက၊ ပါဠိ ပြခုမှု၊ ဒါနသဗ္ဗော, ဆ ကာမာဝစရော။ သီလသဗ္ဗော, အက နိဗ္ဗာ-ဟူသည်တည်း၊ ၊တရားတော်ကို ပွားများသရွေ့ယ် မှုဖြစ်သော၊ ဘာဝနာကံ, သည်။ သမထ-ဘာဝနာကံ၊ ဝိ ပဿနာဘာဝနာကံ, ဟူ၊ နှစ်ပါးရှိ၏၊ ထို နှစ်ပါးတို့ တွင်၊ ညှိမ်သက် တည်ကြည်ခြင်းနှင့်တကွ၊ အာနာပါန-စသော၊ ကမ္မဋ္ဌာန်းတရားကို အားထုတ်မှုဖြစ်သော၊ သမထ-ကံ, သည်၊ သူချည်း သက်သက်အားဖြင့် သောင်ကား၊ ဖြေရှိုး-ရိုးသီးပျူ၊ ဗျာန်ထရားစသည်တို့နှင့်၊ ဖြဖွဲ့ဘုံသို့သာလျှင်၊ အစွမ်းကုန်

အကျိုးပေးနိုင်သော၊ ဝေဒရိတ-သုခချိုးဖြစ်သဖြင့်၊ စိုးရိမ် ပူဆွေး၊ ဒုက္ခသေးမှ မလွတ်သေး၊ ဖြဟွာပြေ–တဝင်းဝင်း၊ ဝက်စားကျင်း–တဂုတ်ရှုတ် ဆုံသော–စကားကိုထဲ၊ အများကြားဘူးကြပါလိမ့်မည်၊

“ဝိပဿနာဘာဝနာကံကတော့၊” ဝိသေသန-ပဿနှိ ဧတော ယာတိ, ဝိပဿနာ” ဟု၊ မိန့်မှာတော်မူသဖြင့်၊ ကမ္ဘာ့လက်ရုံး၊ အသိမျိုးထက်ထူးပြီး၊ ပွားများဆင်ခြင်၊ ထင်မြင်တတ်ထောက်၊ ဝိပဿနာ, ဘာဝနာ, ကံ-ဟုခေါ်၏၊ ထို-ကံသည်၊ သူချည်းသက်သက်အားဖြင့်၊ လူ့နတ်နိဗ္ဗာန်၊ သုံးတန်သော-အနန္တရအကျိုး၊ ဝေဒရိသ သုခမျိုးနှင့်၊ သန္တိသုခမျိုးကိုဖန်တီးနိုင်၏ “ဘာဝနာသဒ္ဒါ အနန္တရော” ဟုသည့်တည်၊ သို့သော်။ ဥပစာနည်းကိုသား၍၊ မုချနည်းသော်ကား၊ ဝိပဿနာဘာဝနာကံသည်၊ သန္တိသုခကြီးကိုသာလျှင်၊ ဖန်တီးသည်၊ ထို့ကြောင့်၊ ဝိပဿနာ, ဘာဝနာ, ကံကို၊ ရှေးဦးစွာထူထောင်၍။ ဒါန, သီလ, သမထ, စသော–ကံများကို ကြိုးစား၍၊ ဝေဒနာမဘက်၊ သန္တိသုခ–သက်သက်ဖြစ်သော။ ငြိမ်းချမ်းရေး–ဧ သဘောကြီးကို၊ ခံစားတော်မူကြရန်။ နိုင်ငံတော်-မြန်မာပြည်-ပရမတ်ရှုကြရန်၊ ပြိုင်စံကျော်ဒဏ္ဍာရီမှတ်ရက၊ အကျိုးမြော်၍ နှိုးဆော်ရပေသတည်း၊

ဓာဒိစာကို တွေ့ရှိဘတ်ကြည့်ရတာနဲ့။ ဝိပဿနာဘက်အားသက်ပြီး၊ အရှုးစောက်ချပြီး ဒိနှစ် ဝါတွင်းတော့၊ မိမိနားလယ်သလောက်၊ အခွင့်ရသလောက်ဖြင့်၊ ဟောခြင်း၊ ပြောခြင်း၊ ဆွေးနွေးခြင်း၊ နာကြားခြင်းအမှု-ပြုတော့မယ်လို့။ သံဃာတော်နှင့်လိုက်ပါတယ်......,။ ဒါကြောင့်မို့။ ယခုနှစ်၊

"ပထမ" ဟော၁ပြော၁ရခြင်းဖြစ်ပါသဖြင့်၊ သည်းခံပြီး၁ကြ ရန်အကြောင်း၊ တောင်းပန်ရခြင်းဖြစ်ပါတယ်။ ဒီတော့ခါ၊ ဝင့်ကိုတွန်းချက်ကိုတော့၊ အထူ ဖြွတ်နေတ္တိမလိုတော့ပါဘူး၊ ပထမကော-ရွတ်ဆိုတဲ့ ဂါထာအတိုင်း တွေ့ရတဲ့ဒုလ္လဘ၊ ကြို ရတဲ့ ဒီအခါ ဆိုဒါလို့၊ ကြည်ဘ၁ပွား၁ဗိတ်ထားပြီး။ ကောင်း မြတ်တဲ့ လေးကုဋ္ဌရာ့ စီးပွ၁ ကြီးကို။ အရယူထိုက်တဲ့။ "ဒိုင်သ၁လို့ ရို့-နိုင်ကြ၁ပေါက်ကြရလေအောင်၊" ဝိပဿန၁ ဘ၁ဝန၁ကံတည်းဟူသော—တရားတခုကို, ပွားရှုကြပါစို့။ ရုပ်၊ ဝေဒန၁၊ သည၁၊ သင်္ခါရ၊ ဝိည၁ဉ်ဆိုတဲ့၊ ခန္ဓ၁ငါးပါး ထဲက၊ ရုပ်တရားတခုကို ကြည့်စမ်းပါ။

"မ၁" ဆိုတဲ့ ရုပက္ခန္ဓ၁ ရုပ်တရားကလဲ။ သူ့သဘော သူဆောင်နေတယ်၊ "ဖွဲ့" ဆိုတဲ့ ရုပက္ခန္ဓ၁ ရုပ်တရားက လဲ၊ သူ့သဘောသူဆောင်နေတယ်၊ "ပူ" ဆိုတဲ့ ရုပက္ခ န္ဓ၁ ရုပ်တရားကလဲ၊ သူ့သဘောသူဆောင်နေတယ်၊ "လှုပ် ရှား" ဆိုတဲ့ ရုပက္ခန္ဓ၁ ရုပ်တရားကလဲ၊ သူ့ သဘော သူ ဆောင်နေတယ်၊

အဲဒါလို—"မ၁" "ဖွဲ့" "ပူ" "လှုပ်ရှား" ရေးခဲ့ဝ ပြီးတော့၊ အဆင်း၊ အနံ့၊ အရသာ၊ ဝတ်ဆီ၊ ဝတ်ဝေး အသံ—ဆိုတဲ့၊ ရုပ်ဝတ်ကိုးပါး၊ ရုပက္ခန္ဓ၁ ရုပ်တရားများ ဟာ၊ မြဲသဘော မဆောင်ဘဲ၊ မမြဲသဘော ဆောင်ကြ တယ်။ ချမ်းသ၁သဘောမဆောင်ဘဲ၊ဒုက္ခသဘောဆောင် ကြတယ်။ တင့်တယ် သဘောမဆောင်ဘဲ၊ မတင့်တယ် သဘောကို ဆောင်ကြတယ်၊ အတ္တသဘော မဆောင်ဘဲ

အနတ္တသဘော ဆောင်ကြတယ်၊ အဲဒါလို သူ့သဘောသူ ဆောင်နေတဲ့၊ ရူပက္ခန္ဓာ ရုပ်တရား၌ အပေါ်မှာ၊ မြဲသော အနေ၊ ချမ်းသာသောအနေ၊ တင့်တယ်သောအနေ။ စိုးရ သောအနေနဲ့၊ သိမ်းပိုက်စွဲ ယူထားပါ—ဘယ်သူလဲ၊ အတ္တ ဒိဋ္ဌိပေါ့။ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ သိမ်းပိုက်စွဲယူထားပါ— ဘယ်သူလဲ — သူဘဲပေါ့။ ယောက်ျား မိန်းမ အနေနဲ့ သိမ်း ပိုက်စွဲယူထားပါ ဘယ်သူလဲ၊ သူဘဲပေါ့၊ သားသမီးမြေး မြစ် အနေနဲ့ သိမ်းပိုက်စွဲယူထားပါ—ဘယ်သူလဲ၊ သူဘဲ ပေါ့ သုံးဆဲ့တဘုံ အနေနဲ့ သိမ်းပိုက်စွဲယူထားပါ—ဘယ် သူလဲ၊ သူဘဲပေါ့ ဘောင်တော်ကြာ ဆင်းရဲဒုက္ခဖြစ်ရပါ — ဘယ်သူလဲ၊ သူဘဲပေါ့ အပါယ်လေးပါး ချောက်ချပါ— ဘယ်သူလဲ၊ သူဘဲပေါ့ ဒါဖြင့်ရင်၊ သူသိမ်းပိုက်စွဲယူသလို တကယ်ကော ဟုတ်ပလော။ မဟုတ်ဘူး၊ ဘာ့ကြောင့် လဲ၊ မွှောနိသတ္တ, နိဇီဝ, သဘာဝါကြိုး၊ တနည်းအားဖြင့် လဲ၊ (မွှောနိသတ္တ နိဇီဝတ္တေန ဝေတု၊) အဲဒါလို ပုဂ္ဂိုလ် မရော၊ သတ္တဝါမနော့တဲ့ သဘောကလေးတွေဟာ၊ အတ္တ မဟုတ်၊ ရုပ်မှာ, အတ္တမရှိ၊ အတ္တ ဟုတ်ရိုးမှန်လျှင်၊ သူခဖြစ် ရန် တားမြစ်ထိုက်ရာ၏၊ မအို မနာ၊ မသေပါဘဲ၊ အမြဲနေ ရန် တားဆီးလို့ ရရာ၏၊ ကိုယ့်အလိုကျအောင်, စိမ်နိုင်ရာ ၏၊ ယခုတော့—ဒီလိုဟုတ်သဖြင့်၊ အတ္တမျိုး၊ နိစ္စမျိုး၊ သုခမျိုး၊ ရှာမျိုး, မဟုတ်ဘဲ၊ ပရ-မျိုး၊ ရိတ္တ-မျိုး၊ တုစ္ဆမျိုး၊ သုည-မျိုးဆိုတာ ထင်ရှားနေပါတယ်။ အဲဒါလို ထင်ရှားစွာ သိမြင်သော ပုဂ္ဂိုလ်သည်၊ ဘောက်ပြန်တဲ့ ရူပက္ခန္ဓာ ရုပ် တရား၌၊ ငြီးငွေ့တော့ပါဘဲ။ ရုပ်တရားကို ငြီးငွေ့မတော့

လဲ၊ ခံစားတဲ့ ဝေဒနာကိုလဲ ငြိုးငွေ့တော့၊ မှတ်သားတဲ့ သညာကိုလဲ ငြိုးငွေ့တော့ဒါတဲ၊ မပြုပြင်တဲ့ သင်္ခါရကိုလဲ ငြိုးငွေ့တော့ဒါတဲ၊ တွေ့ထွေလာလာ ကြံဘတ် သိတတ်တဲ့ ဝိညာဉ်ကိုလဲ ငြိုးငွေ့တော့ဒါတဲ၊ ငြိုးငွေ့ခြင်း ပြင်းပြလာလျှင်၊ ၎င်း ရုပ်ခန္ဓာ၊ နာမ်ခန္ဓာကို၊ ဘယ်မှာလျှင်။ တင်မက် တွယ်တာတော့မလဲ၊ တင်မက်တွယ်တာမှုကင်းလျှင်၊ ခန္ဓာ ငါးပါးမှ စိတ်အားဖြင့် လွတ်မြောက်တော့ဒါတဲ၊ ၎င်းဒါရဲ့ကို၊ ပဋိသန္ဓေနေခြင်းကင်းပြီ၊ မြတ်သောအကျင့်ကို ကျင့်ပြီးပြီ၊ နောက်ထပ် ပြုဘွယ်ကိစ္စ မရှိတော့ပြီလို့၊ အနုဿသုတ္တံနှာ၊ (ပဉ္စဝဂ္ဂီ-ငါးပါးအား၊) ဘုရားသခင် ထက်တွေ့ ဟောကြား တော်မူသဖြင့်၊ သန္တိသုခ–နိဗ္ဗာနဓာတ်ကို၊ မြေချမ်းသာစွာ စံစားတော်မူကြတဲ့။ "ဒါကြောင့်၊"

ဇုဗ္ဗုပ္ပါဒွော သစ္စမ္ဘောဓ လောကမှိ အတိ ဒုလ္လဘော။
ဗဟာန္တော သုလဘော ဝိရော ဂဏ္ဍယ အတိဒုလ္လဘော။

ဘောန္တော၊ လန့်စရာ ထိတ်စရာ၊ အပိဏ္ဍာ နယ်ထဲမှာ။ ဘယ်လွဲကာ အတွင်ပြေးရန်ဘို့၊ ရင်ဖွေတဲ့ ဗမ္မာရုံဝယ်၊ သဗ္ဗါ ဟုန် နည်းမသေးကြတဲ၊ စည်းဝေးရောက်လာကြကုန်သော၊ အို—တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့၊— ဇုဗ္ဗုပ္ပါဒွေါစ၊ သဏ္ဌဝါတပတေဝးဘို့၏၊ ကပ်စရာအမှုဘေး တွေကို၊ ခုဇေ—တအား မြှင့်ချန်ဘို့၊ ဘုရားပွင့်သောအခါ ဖြတ်သည်ဗင်း၊ သဗ္ဗမောစ၊ သံသရာ-အဏ္ဏဝါတကြောစိက၊ မာန်ထကျွာ မြန်စွာမျောရန်ဘို့၊ မဂ္ဂကွ အလာ မှန်စွာ ဟော ဖွက်တဲ့၊ သဘောအနက် တရားအမှန်ကို၊ အားသန်သန်–

ယုမြှော်မစောင်းကြဘော့ဘဲ၊ သုတော်ကောင်းဘ်ုရ့်၏ ဘုရား ကို ကြားနာရခြင်း သည့် ဗ္ဗင်း၊ လောကမှာ၊ ဟောင်တောင် တောင် ဖြင်း အ အ–နှင့်၊ အတွင်းက–ဥာဏ်မပေါ်၊ မမြှက္ခ အလာ သဘောအကျ မမှိ နိုင်တဲ့၊ လောကကြီး အတွင်း၌၊ အတိဒုလ္လဘော၊ ကမ္ဘာကနေ့၊ တာရှေရှေဖြင့်၊ ကြာပေလှ သော်လဲ၊ အလွန်ခဲသ္မပေ၏ဘကား၊ တည္မွာ၊ ထိုသို့မသွေ၊ ရခဲလှပေ သာကြောင့်၊ မိရာ၊ ရှေ့ရေး နောက်ရေး၊ ထော် တွေးမြှော်မြင်၊ ပညာရှင်သည့် သုဇနော၊ ရလှယ် တွေ့လွယ်၊ ပျက်စီးသွယ်တဲ့၊ တ ယ် ဟုတ်၊ သိမ်းထုင်သိမ့်၊ လောကီ ဆိုတဲ့ အသုံး ပန္ရည် ဘွဲ့ကို၊ ဇဟာန္တော၊ တန်ဟာထန်ဘ၊ ဟာန်မရဘူ၊ ဆလ်သကာ–မခင်မုန်းလျှက်၊ မရွှင်ပြုံး–နေခဲ့ မထင်တော့ဘဲ၊ ကြောက်ထတ်တဲ့ ဝါသနာနှင့်၊ သောယာ– ရုံ့.လွန်းလို ၊ ပွန့်ခြင်းကြီး ပွန့်ကြကုန်လျှက်၊ အတိဒုလ္လဘော၊ တွေ့ခဲ ကြုံခဲ တွေ့ကြုံခဲသည့်၊ နက်နဲသေ ပြား၊ မြတ်တရားနှင့်၊ ဘုရားပွင့်ရာ၊ ဤအခါတွင်၊ ကြည်သာလေ စိတ် ထား နှင့်၊ ကောင်းမြတ်သော လောကုတ္တရာအစီးအပွားတွေကို၊ ဂဃေ့ ယာ၊ အရယူထိုက်လှပါပေသတည်း။ ဂဃေ့ယာ၊ တွေ့ရတာ ဒုလ္လဘပေမို့၊ ကြုံရတဲ့ဒီအခါမှာ၊ အကြည်သဘာဝါအောင် စခန်းပိုင်စွာ ရောက်ရသေအောင်၊ ဤသာသနာ–အခေါင်မြန်း နိုင်ပါလောက်သဖြင့်၊ ပြော်ဘ် **"အိုင်သာ–နိုင်ကြာပေါက်"** ရလေကုန်သတည်း၊—

အဲဒါလို–ရောက်နိုင်, ပေါက်နိုင်,မြင်စွမ်းနိုင်တဲ့၊ သာသနာ့ ခေတ်အခါ၊ အိုင်သာတုံးမှာ၊အရှိယာတည်းဟူသော–ခိုင်ကြာ ပေါက်ရလေအောင်၊ "မဂ္ဂသစ္စာ–ဘာဝနာ" ကို။ နေ့ရော

ညည်ပြပါ၊ ဘယ်ခါမပြတ်၊ ကြိုးစားအားထုတ်တော် မူကြပါ,
တရားနာပရိသတ်အပေါင်း–သူတော်ကောင်းတို့။ ။

၃၊ ''ဇွဲတလုံး။''

၃။ အနာဒိဝိ ဘဝစက္ကံ ဝိတကာခုက ဝေဒကံ၊
နိစ္စ ရုဝ သုဘာခတ္တဟိ သုညံ ပသေသ ပုနပ္ပုနံ၊ ၊

ရှာဒ်ဘဝစက္ကံ၊ဘဝများ ပြောင်း၊ ဒုက္ခဆောင်လျက်၊ အခေါင်
ရှည်ကြာ၊ သံသရာဘက်ခွန်း။ ဤဝက်ပန်းသည်၊ အနာဒိ-အနာ
ဒိတ၊ ကနဦးကမ္ဘာ။ အစရှာလဲ၊ ရစရာပိုင်ပိုင်၊ မရှိနိုင်ကြ
ပါတကား။ ဝိတကာခုကဝေဒကံ၊ သူပြုတည်ဖန်၊ သူခံစံဟု၊
ဆိုရန်အဖွ၊ လုံးဝမယှဉ်၊ ကင်းစင်ကြကုန်ပြီတကား။ နိစ္စရုဝ
သုဘာတ္တဟိ၊ မြဲရန်အချက်၊ ချမ်းသာကွက်နှင့်။ နှစ်သက်
ဘွယ်နော။ တင့်တယ်တဲ့ သဘောတို့မှ၊ သုညံ၊ မရှိသုံးလုံး၊
သုံးနံး၍နေကြပြီတကား၊ ရှုတိ၊ ဤသို့အလာ-ဝိပဿနာဖြင့်။
ပုနပ္ပုနံ၊ မ ညက်ဆင့်ခတ်၊ ဝါဂွမ်းဘတ်သလို၊ ထပ်ထပ်
မနား၊ ခဏခဏအားဖြင့်၊ ပသေသ၊ ရှုကြည့်လေရာ၏၊ ပသေသ
ပသေယျ၊ သာသနာပ ါဝါ–အများ မနဲကြ ရ လေအောင်၊
''တရားဇွဲနှင့်'' အားခဲနိုင်ကြပါစေကုန်သတည်း။

ယခုဟောရမဲ့ တရားကတော့။ အရိယသစ္စာ-သာသနာ
ဝမ္မ၊ ခေတ်သမယကြီးနဲ့ တွေ့ကြုံတိုက်ဆိုင်ကြရတဲ့အခါမှာ။
ဝိရိယ,ဝိမံသ, စိတ်ခာတ် တရားတွေ ဆော်နိုးပြီး၊ ကြိုးစား
ဘို့သင့်သသဖြင့်၊ ကြိုးစားရန်အခွင့်ကိုရလဲရကြပြီ၊

ဆဲဒိဘော့—ဒိနေရာမှာ၊ အားတိုက် အင်တိုက်,သဲ ပြီး၊
ကွဲမြစ္စာခဲနိုင်ရန်၊ ဇွဲတရားအရေးကြီးပြီးနေသဖြင့်၊ ဇွဲတရားကို

ဥဒယျာဇဉ်ထားပြီး——ဟောခရတော့မှာတဲ၊ ဘာ့ကြောင့်-ဇုံ အရေးကြီးသလဲ ဆိုတော့၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အသေး၊ အကြီး၊ အသိး၊ အမ-မရွေးချယ်တဲ၊ သောဘာဝပနဲ-ဖြစ်နိုင်တယ်၊ သကဒါဂါမိ ဖြစ်နိုင်တယ်၊ အနာဂါမ်-ဖြစ်နိုင်တယ်၊ ရဟန္တာ-ဖြစ်နိုင်တယ်၊ အဲဒါလိုဖြစ်နိုင်တဲ့၊ သာသနာ့ခေတ်ကြီးမှိုလို့ှ၊ ဖြစ်လျှင် မနေ ဆံပြီ တော့။ ကြီးစားတော်မူကြဘဲ၊ အရိယာသခင် သူတော်စင်တွေဟာ၊ တကာယ်ဇုံ တကယ်ဖွတ်၊ခါမလွတ်မြဲ၊လွန်မင်းသောသဘ္ဘထူးကြောင့်၊ ကျွတ်သွတ်တော်မူကြပုံ၊ ဥဘဏ်ကုန် မြှော်လိုက်လျှင်၊ "ဇုံ" ဟာလုံး၏ အတိုးတန်ကြောင်း၊ ကောင်းကောင်းကြီးသိနိုင်ပါတယ်။

ဘုရားသခင်-သက်တော် ထင်ရှား၊ ရှိတော် မူစဉ် ကာ၊ အရွယ် အားဖြင့်၊ တဆဲ့ခုနစ်နှစ်မျှ ရှိသေးသော။ အမျိုးသို့ကလေးတဦးဟာ၊ဘုရား၏ထံတော်ပါးမှာ၊ယာပ်လေခ်နေတဲ့ကိလေသာကုန်ခမ်းပြီးသော ဘိက္ခုနီမကလေး၏ တင့်ထယ်ပုံ၊ ဘုရားရှင်၏ အမေးကို ဖြေကြားပုံကို၊ အလုံးစုံတွေးသောပြီး။ ငါသည်၊ ဤကဲ့သို့သော တင့်တယ်ခြင်းနှင့်ထကွ၊ စွမ်းဆောင်နိုင်အောင်။ အဘယ်တရားကို-အားထုတ် ရပါ့လဲဟု၊ အောင်းမွေနေသောအခါ၊ ဘုရားသခင်သည်၊ အဗျာပါခ၊ ဇော်တံထွာ၊ မြွတာအတိုင်း၊ ဖြစ်ပျက်နေတဲ့၊ ပဋ-သဘော၊ ရိဏ္ဏ-သဘော၊ ဝုဏ္ဏ-သဘော၊ သုည-သဘော ဖြစ်၍ ငါ-သူဘာပါး၊ ယောကျ်ား-မိန်းမ။ ပုဂ္ဂိုလ်-သတ္တဝါ မရှာတဲ့။ "နာမ်ဆင်တ" ပရမတ္ထသဘာဝကိုဟောတော်မူဘယ်၊

နာမ်တရားဆိုတာ၊ ခံစားသဘော၊ မှတ်သားသဘော၊ ပြုပြင်သဘော၊ ကြံသိသဘော၊ ဒီသဘောများကို၊ နာမ်တရားခ်ပါတယ်။ ဒီနာမ်တရားရဲ့ "မမြဲမှု အနိစ္စ၊" "ဆင်းရဲမှု ဒုက္ခ၊" "အစိုးမရမှု အနတ္တ၊" ဆဲဒီ—သုတ်သုတ်မြဲ၊ ဆင်းရဲဗွာဇ၊ အစိုးမရတဲ့၊ ခံစားသဘော-နာမ်တရားဟာ၊ အဆင်း-အသံ၊ ခြေံတန်သောအာရုံကို၊ ကောင်း, မကောင်း ခံစားပြီး။ ဘင်ခဏနဲ့-ချုပ်ရတယ်၊

မှတ်သားသဘော—နာမ်တရားဟာလဲ၊ အဆင်း-အသံ၊ ခြောက်တန်သောအာရုံကို၊ ကောင်း, မကောင်းမှတ်သားပြီး ဘင်ခဏနဲ့-ချုပ်ရတယ်၊

ပြုပြင်သဘော—နာမ်တရားဟာလဲ၊ အဆင်း-အသံ၊ ခြေံတန်သောအာရုံကို၊ ကောင်းမှု, မကောင်းမှု၊ မှတ်မှု, သားမှု၊ မှတ်သားမှု သဘောတွေကို-ပြုပြင်ပြီး၊ ဘင်ခဏနဲ့-ချုပ်ရတယ်။

ကြံသိသဘောဖြစ်တဲ့-နာမ်တရားကလဲ၊ အဆင်း-အသံ၊ ခြောက်တန်သောအာရုံကို-ကြံသိပြီးတော့၊ ဘင်ခဏနဲ့-ချုပ်ရတယ်၊

ဆဲဒါလို၊ ငါသူတပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ-ခရတဲ့၊ အဇ္ဈာပါရ၊ ဇဝ်တ်ထွာ၊ ဓ္ဒုဘာသဘောတရားဖြစ်တဲ့၊ "နာမ်ဆိ်တ" ပရမတ္ထသဘာဝဏ်၊ ခဏမမြဲမှု၊ ခဏဆင်းရဲမှု၊ ခဏ-ပိုင်မှု၊ဆိုတဲ့၊ ခဘတ္တယ၊သဘာ

ဝဓေ့ကိုမြင်အောင်ရှုစေမယ်။ ဤကဲ့သို့ သိမြင်မှုသာလျှင်၊ ရုပ၊ သုဘ၊ သုခ၊ နိစ္စ-ဖြစ်တဲ့။ ဖြေ့ဖြူခြာနေ၊ နိဗ္ဗာဝသို့၊ စွမ်းဆောင် ပေါက်ရောက်၊ မျက်မှောက်ပြုရသော့ဓမ္မ-ဟု၊ ဟောတော်မူလိုက်ထော့။ ထိုအမျိုးသွီးလေးရဲ့ စိတ်ခတ်မှာ၊—

အော်, — အင်မဘန် ခက်ခဲ နက်နဲပြီး၊ သိမ်မွေ့တဲ့ ခတ်ဓမ္မဘလေးတွေပါကလား။ သို့သော့ — ထိုယပ်လေခပ်နေတဲ့-သူလေးဟာလဲ၊ ငါ့အရွယ်ပေဘဲ။ သူ ၊,-ဒီတရားတွေကိုသိမြင်၍၊ ဤကဲ့သို့ စွမ်းဆောင်နိုင်သေးထာဘဲ။ ငါ့ မစွမ်းဆောင်နိုင်လျှင်၊ “ဇွဲ” သတ္တိညံ့ဖြင်းရာ ရောက်ရထော့မယ်၊ ငါလဲဘဲ ဒီတရားမ, မသိရလျှင်။ ဒီနေရာက, — မထဘူးဟု၊ မိမိခန္ဓာကိုယ်–ကပ်ပြီးထော့၊— ဘုရားခိန့်တော်မူတိုင်း၊ ဆင်ခြင်စဉ်းစား၊ သတိထား၍ ပွားများလိုက်ရာ၊ ဘာသမကြာဘဲ၊ အဘောသုခံ-ဟု၊ ဥဒါန်းကြူးရင့်ပြီး၊ ရဟန္တာဖြစ်၍၊ ဘိက္ခုနီမ ပြုလုပ်ကြောင်း၊ ထုံးဟောင်းသာဓက-ရှိတဲ့အတိုင်း၊ ယခုအချိန်အခါလဲဘဲ၊ “အသုဘော,, လောကေ,, အရဟန္တေပိ,, အသေ”-ပါဘဲ၊ “ဒါကြောင့်၊”

အနာဒိဖ္ဖ ဘဝစက္ကံ ဝိတကာရက ဝေဒကာ၊
နိစ္စ ရုပ သုဘာဇ္ဈေဟိ သုညံ့ ပသေ ပုနပ္ပုနံ၊

ဏ္ဍာဒ်ဘဝစက္ကံ၊ဘဝများ၊ဖြောင်၊ နေဏ္ဍဆောင်လျှက်၊အခေါင်၊ ရှည်ကြာ၊ သံသရာဘက်ခွန့်း၊ ဤစက်ဝန်းသည်၊ အနာဒိ-အနာဒိဝတ၊ ကန္တာ့ကန္တာ။ အစဉ်ဂလဲ၊ ရစရာပိုင်ပိုင်၊ မရှိနိုင်ကြပါတကား။ ဝိတကာရကဝေဒကာ၊ သူပြုတည်ဖန်၊ သူခံစံဟု၊ ဆိုရန်အတ္တ၊ လုံးဝမယှဉ်၊ ကင်းစင်ကြကုန်ပြီတကား။ နိစ္စရုပ

သုဘာငွေ့ဟိ၊ မြွချန်အချက်၊ ချမ်းသာကွက်နှင့်။ နှစ်သက် ဘွယ်နှော၊ ထင့်တယ်တဲ့ သဘောတို့မှာ၊ သုညံ၊ မရှိလုံးလုံး၊ သုန်းချွဲနေကြထေပြီတ ား၊ ဣတိ၊ ဤသို့အလာ-ဝိပဿနာဖြင့်၊ ပုဒ္ဓပြုနုံ၊ မ ့ညာက်ဆင့်ခတ်၊ ဝါ ငွမ်းဘ၀သလို၊ ထပ်ထပ် မနား၊ ခဏခဏအားဖြင့်၊ ပဿော၊ ရှုကြည့်လေရာ၌၊ ပဿော ပဿောယျ၊ သာသနာပါဝါ—အများ မနဲကြရ လေအောင်၊ "ထရားပွဲနှင့်" အားခဲနိုင်ကြပါစေကုန်သတည်း။

အဲဒါလို၊ နာမ်တရား၏ ခဏဏ္ဍယ သဘာဝမ္မေ နိရောဓ ကို၊ ပြောင် ပြောင် ဝင် ဝင်၊ ပြောင်ကြောင်ကြီး မြင်ကြရ အောင်။ ကောင်းမြတ်သော—ဆန္ဒ၊ ဝိရိယ၊ စိမ်သ—တည်း ဟူသော "ဗွဲတရားနှင့်" နေ့ရော ညဥ့်ပါ၊ ဘယ်ခါမပြတ်၊ ကြိုးစား အားထုတ်တော်မူကြပါ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။

## ၄၊ "အသိ—တလုံး၊"

"မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး-ဆုံးမပုံက၊"

၄၊ ဟန္ဒဒါနိဘိက္ခဝေ,, အာမန္တယာမိ,, ဝေါ
ဝယဓမ္မာ သင်္ခါရာ,, အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ၊ အိုနာသေမေး၊ သံသရာဘေးကို၊ မြော်တွေး ကြောက်ညောင်း၊ ချစ်သား ချစ်သွီး အပေါင်း,......သူတော် ကောင်းတို့။ ။ဟန္ဒဒါနိ၊ မြဲရောင်လျှံ၊ နန်းနိဗ္ဗာန်သို့၊ ဝင်စံ ရန်နီး၊ ယခုအခါကြီး၌၊ အဟံ၊ သစ္စာလေးတန်၊ ရုပ်နှင့်နာမ်ကို၊ အမှန်ဟောကြား၊ ငါဘုရားသည်။ ဝေါ၊ သတိသံဝေ၊ ယု

ကြွပေဟု၊ မိန့်ချွေပြဆို၊ သင်ချစ်သား, ချစ်သမီးတွေကို၊ အာမန္တယာမိ၊ လေးဆဲ့ငါးဝါ၊ ရှည်မြင့်ကြာအောင်၊ ဒေသနာရေ၍၊ တိုက်ကျွေးပေတောင်း၊ တရားအပေါင်းတို့တွင်၊ လိုရင်းအချုပ်။ နိဂုံးချုပ်၍၊ ပစ္ဆိမစကား၊ မြတ်ထရားကို၊ မှတ်သားကြွပေ၊ မိန့်ချွေတော်မူခဲ့ပေအံ့၊ ၊သင်္ခါရာ၊ ရုပ်ဝေဒနာ၊ သင်-သင်္ခါနှင့်၊ ဝိညာဉ်ငါးချ၊ နာမ်ရုပ်ရတို့သည်၊ ဝယဓမ္မာ၊ သွားကနဲပျက်၊ ထစ်ကနဲချုပ်၊ ငုတ်ကနဲပျောက်သော အနက်သဘောကြောင့်၊ မပိုင်သဘော၊ မဆိုင်သဘော၊ အစိုးမရသဘောသော, ရှိကျန်၍၊ တုမှေ၊ ငါ၍ထားရာ၊ သဘောသနာ့ထက်ထက်၊ အာဏာစက်၌။ မဂ်ဆိုက် ဖိုလ်ထိ၊ အသိရှိကြကုန်သော၊ သင်ချစ်သား, ချစ်သမီးအပေါင်း သူတော်ကောင်းတို့သည်၊ အပ္ပမာဒေန၊ ပရမတ်အရ၊ ဓာတ်အနှုဟု၊ မပြတ်ရှုရန်၊ နိဗ္ဗာန်ရောက်ကြောင်း၊ သတိကောင်းနှင့်၊ အပ္ပမာဒေန။ မမေ့မလျော့၊ မပေါ့မဆ၊ သီလသမာ၊ ဝိပဿနာဖြင့်၊ သမ္ပာဒေထ၊ ပြည့်စုံကြစေကုန်လော။

သမ္ပာဒေထ၊ ဉာဏ်လမ်းအဖြာဖြာ “အသိ” ကြိုဘို့စနစ်ပါဟလ၊ စံနှုန်းအမတာ—ဓမ္မီထပုံသွစ်ခဲ့တာကြောင့်၊ ကြိုစမ်းပါ သတိဂုဏ် ထက်ထက်နှင့်၊ “ကြော်” ပြည့်စုံရစ်ကြပါစေကုန်သတည်း။ ။

ဒီဂါထာရဲ့ အနက် အဓိပ္ပါယ် ကိုတော့၊ အထူးပြောဘို့မလိုတော့ပါဘူး။ အဲဒီတော့၊ ကျုပ်တို့ပြောလိုဒါက၊ ဉာဏ်ထူး-ဉာဏ်မွန်-ဉာဏ်တံခွန် အရှင်၊ ဘုရင်တဆူ၊ ပြိုင်သူ-ပ, ကင်း၊ နေမင်းရာဇာ၊ စောမြတ်စွာ၍၊ သာသနာဒုလ္လဘာ၊ ခဏ

ငါးပါးနှင့်လဲ, ပြည့်စုံ ကြိုတွေ့ပြီးဘော့ နေကြရပါတယ်၊ ဒီ တော့၊ “စားရက်ကြိုထို–မှတ်ဆိုပ် ပျားစွဲ-ဆိုသလို၊” မျိုရိုက်စွမှတပါး၊ တခြားပြုဘွယ်မရှိတော့ပါဘူး၊

အဘယ့်ကြောင့်လဲဆိုတော့၊——ကျုပ်တို့–ရလာကြတဲ့ ဘဝကြီးကလဲ၊ ဘဝသမ္ပတ္တိအရာမှာ။ သည့်ထက် ပြည့်စုံစရာမရှိတော့ပါဘူး၊ ဘောဂသမ္ပတ္တိဆိုဒါမှာလဲ၊ သည့်ထက် ထူးလို့ ပြည့်စုံစရာမရှိတော့ပါဘူး၊ အထူးထူးသောသမ္ပတ္တိတို့၏၊ ရသေ့ရာ–နေရာကောင်း, ဌာနကောင်းကြီး ဖြစ်ပြီးနေပုံမှာ၊ ဝေဘူဝေဘာလ,– ထောင်ကြီး, ဥပမာဖြင့်၊ သိထိုက်ကြပါတယ်၊

ဒါကြောင့်မို့၊ “မှတ်ဆိုပ်ကပျား–စားရုံ တကိစ္စ” ဆိုသလို၊ ယခုသာသနာမှာ၊ “အသိထလုံး” နှင့် ကိစ္စတုံး၍၊ ဆုံးခဏ်းတိုင်ပုံကို ဟောရပါလိမ့်မယ်၊

သို့သော်၊ ဝိပဿနာမျိုး၊ ဉာဏ်မတိုးဝန့်တဲ့။ဉာဏ်တွန့် ဉာဏ်ခွေ၊ ဉာဏ်ပေသမား၊ ဉာဏ်မသွားနိုင်တဲ့၊ ဉာဏ် အ–ဉာဏ်မှိုင်၊ ဉာဏ်မပိုင်တဲ့၊ ဉာဏ်မှုး–ဉာဏ်ရှုး, ဉာဏ် ယုတ်ကတော့၊ မဟုတ်ဘူးထင်မှာဘဲ။

“ဘာပြုထို့လဲဆိုလျှင်” ကျုပ်လဲ မဒိုင်ကိုစားဒါဘဲ၊ ထိုသူလဲ မဒိုင်ကို စားဒါဘဲ,—ထိုသူမှာတော့–သေတယ်၊ ကျုပ်မှာတော့၊ မသေတဲ့အပြင်၊ အဟာရကိစ္စ—ပြီးနေတယ်၊ “ပြီးနေမှာပေါ့” ကျုပ်မှာတော့၊ မဒိုင်စားနည်းသိသဖြင့်၊ ခေါ်ပ်ဝမှာ–စားဒါကို။ ထိုသူမှာ-စားနည်း, မသိတော့။ အစိမ်းလိုက်-ကိုက်စားဒါကိုး။

အဲဒီတော့၊ ကျုပ်ဟာ, မဒိုင်စားခြင်းသည့်–မသေတတ်ပါဘူးဆိုတော့၊ ယုံစရာမရှိသလို – မသိလျှင်ခက်တယ်၊ သိလျှင်–အဟာရကိစ္စ-ပြီးစီးနိုင်ပါတယ်၊

ထနည်းလဲ၊ လူနှစ်ယောက် ခရီးသွားကြတယ်၊ တောစခန်း–တောလယ်၊ ကြတော့။ သမင်သေကြီးတကောင်-တွေ့ကြတဲ့ အခါမှာ၊ တယောက်သောသူက၊ သေနပ်မှန်တာဟော့၊ ဒါကြောင့် သေတာကွ ဆိုတော့၊ တယောက်က, ဘယ်မှာလဲကွာ၊ ဒီအပေါက်လား၊ ဒီဟာဖြင့်၊ သေနပ်မှန်တာမဟုတ်ဘူး။ ကျည်ဆံမှန်တာဟု ပြောသတဲ့၊ သေနပ်မှန်လို့ အပေါက်ကြီး ဖြစ်နေတာပေါ့ကွ၊ ကျည်ဆံမှန်လို့ အပေါက်ကြီးဖြစ်နေတာ၊ အိုကွာ — ဒါဟာ·သေနပ်မှန်တာကွ၊ မင်းနှင့်ကွာ ကျည်ဆံမှန်တာပါဆို–မဟုတ်ပါဘူးကွ၊ သေသေချာချာကြည့်စမ်းပါ။ ဟုတ်ပါတယ်ကွ, အပြောရခက်လိုက်တာ,–မဟုတ်ပါဘူးကွ။ ဟာ ဟုတ်ပါတယ်ကွနဲ့ — ငြင်းလိုက်ကြတာ။ လူနှစ်ယောက်ကို — ချွေး ဒီးဒီးကျရောက်သတဲ့၊ ကြာတော့၊ မတတ်နိုင်ဘူးလို့၊ လူတယောက်က၊ ကဲ — မင်းနဲ့ ငါနဲ့၊ ဒီလိုတော့ ငြင်းမနေပါနဲ့၊ ဆရာဝန်သွားပြကြစို့ရဲ့၊ အဲဒီတော့၊ ဆရာဝန်က, မှန်ရာ ဆုံးဖြတ်လိမ့်မယ်၊ ရှုံးတဲ့သူက, သွီးပေးတမ်း, — ကိုင်းလာ၊ ထမ်းသွားကြစို့ ဆိုပြီး၊ ဘာမကြာ, ဆရာဝန်ထံသို့ရောက်သွား၊ ကျွန်တော်တို့ဟာ၊ ဒီလို ဒီလို ဖြစ်နေပါသဖြင့်၊ ဆရာဝန်ကြီးသာလျှင်၊ ဆုံးဖြတ်နိုင်မည်ဖြစ်သောကြောင့်၊ ဆိုက်ရောက်ခဲ့ရပါတယ်၊ ကျွန်တော်တို့–ဆုံးဖြတ်ပေးပါဆိုတော့ဆိုတော့၊ ကောင်းပြီ–ဆို၍၊ “ကရိယာ” များနှင့်၊ ထိုအပေါက်ကို-ခွဲ

စိတ်ကြည့်လေရာ၊ ကျည်ဆံသာတွေ့၍၊ သေနပ်ကားမတွေ့ရသဖြင့်၊ ဆရာဝန်က မောင်မင်းပြောတာ–မမှန်ဘူး၊— ဟိုလူပြောတာ–မှန်တယ်၊ ကျည်ဆံသာ–တွေ့တယ်။ ဒါကြောင့်၊ ကျည်ဆံသာ မှန်တယ်၊ သေနပ်ဆိုတာ,မမှန်ဘူး၊ မောင်မင်းဟာ, သူများပြောသံကြားထဲ၊ ပြောရိုး ဆိုရိုး၊ သုံးစွဲရိုးကိုသာ, စွဲနေတယ်၊ ဤကဲ့သို့ ပြောရိုး ဆိုရိုး သုံးစွဲရိုးဆိုတာ၊ အမှန်တရားမဝင်ဘူး၊ သေနပ်–မှန်တယ်လို့ ပြောရသေသလဲ၊ စင်စစ် —ကျည်ဆံမှန်တာ၊ မောင်မင်း ပညာမရှိဘူး၊ ပြောရိုး ဆိုရိုးမှာ၊ သုံးစွဲပြီးသာလျှင်.....အဖတ်ထင်နေတယ်၊ ဒါကြောင့်၊ အကျွန်ုပ် ဆေးရုံကြီးက၊ ဆုံးဖြတ်ချက်ချလိုက်မယ်၊ မောင်မင်း "ရှုံးစေဟု" ဆုံးဖြတ်လိုက်သတဲ့၊ ဆဲဒီ—ဥပမာလို၊ ယခု–ကျုပ်ဟောပြောခဲ့.....အသိတလုံး, ကိစ္စတုံးပုံးသောစကားလဲ၊ ပရိယတ်သွား–ပုထုဇဉ်များကတော့–မသိပေဘူး၊ ပဋိပတ်သမား,အရိယာများကတော့၊ နားလယ်ပြီးသားတဲ၊ အားလုံးစဥ်းစားတော်မူကြပါ၊ ဆဲဒီထော့၊ "သိပယ်ဆိုက်ပွား" ဟူသောစကားကိုပြောတယ်ပြီး ရေလယ်သွားအောင် ပြောရမှာပေါ့၊ ဆဲဒီ "သိပယ်ဆိုက်ပွား" ဆိုတဲ့စကားကလဲ၊ ဒေသနာစကားဆိုတော့၊ တခြားစီလိုလိုဖြစ်နေတယ်၊ တခြားစီတော့မဟုတ်ပါဘူး၊ သိတာနဲ့တပြိုင်နက်၊ ပယ်ပြီး, ဆိုက်ပြီး, ပွားပြီး, ဖြစ်ရပါတယ်၊ "ကိစ္စလေးချက်၊ တပြိုင်နက်၊ မဂ်ဖြိုကိစ္စသာ" ဆိုတဲ့စကားကိုထောက်သဖြင့်၊ လေးပါးကိစ္စ, တပြိုင်ထဲကျပုံ–ထင်ရှားရှိနေတာပေါ့၊

တနည်းအားဖြင့်၊ "သိ" ဟူသော အဝိဇ္ဇာမှုနှင့်၊ သရ

ဒယ-လောဘဟိတ်တကျော်ကို၊ "ပယ်" ခွါ၍၊ မဂ္ဂအဂ္ဂါဟု "ပွား" များမှုကြောင့်၊ ဥပသမ္ပ. နိရောဓခဲတ် ပေါ်လာရ ခြင်းဟာ "သိ" နဲ့ တပြိုင်ထဲပါဘဲ။ ကျန်ခုစ်မင်းဘေး၏ ဟုန်ဖြင့်–တချက်ထဲသလျှင်။ ဖြစ်လွှင့် ထုံးသဘ် လိုက်ရာ၊ ခြေလျှင်စစ်သားလေးယောက်–အပေါက်ကိုပိန့်၊ တပြိုင်ထဲ သေကြဲရတာမဟုတ်လား။ ၎င်းဥပမာနဲ့လဲ၊ တထပ်ထည်း ဖြစ်နေပါထယ်၊ ။ပြီးတော့ခါ။ ဘုရားသခင်သည်၊ ခန္ဓာ ဒေသနာကို၊ ဘာ့ကြောင့် ဟောတော်မူရပါသလဲ၊ ပုဂ္ဂိုလ်၊ သတ္တ၀ါ၊ ငါ-သူတပါး၊ ယောကျ်ား၊ မိန်းမ-ဟူ၍၊ ပုထုဇဉ် တွေ၊ စွဲလမ်းထေအောင်၊ဖုံးအုပ်ထားသော "မသိမှု-အဝိဇ္ဇာ" မှောင်ကြီး–လွင့်စင်ပယ်ပျောက်၍။ သိမှု–ဝိဇ္ဇာရောင်ကြီး ရောက်စေခြင်းငှါ၊ ခန္ဓာဒေသနာကို၊ ဟောကြားတော်မူရ ပါထယ်၊

ငါ သူမဟုတ်၊ ဘောက်ပြန်တဲ့သဘောမျှသာဟု၊ အသိ ဉာဏ်ပေါ်ပေါက်စေခြင်းငှါ၊ ရူပက္ခန္ဓာကို၊ ဟောထော်မူ တယ်၊

ငါ သူ ခံစားတာမဟုတ်၊ ဝေဒနာ–သဘောမျှသာဟု၊ အသိဉာဏ်-ပေါ်ပေါက်စေခြင်းငှါ၊ ဝေဒနက္ခန္ဓာကို၊ ဟော တော်မူတယ်၊

ငါ သူ မှတ်သားတာမဟုတ်၊ သညာ–သဘောမျှသာ ဟု၊ အသိဉာဏ် ပေါ်ပေါက် စေခြင်းငှါ၊ သညက္ခန္ဓာကို ဟောထော်မူတယ်၊

ငါ သူ ပြုဖြင်၊ စိရင်တာမဟုတ်၊ စေတနာသဘောမျှသာဟု၊ အသိဥာဏ် ပေါ် ပေါက်စေခြင်းငှါ၊ သခ်ါရကျွန္တကို၊ ဟောတော်မူသယ်။

ငါ သူ ကြံသိထားဟုတ်၊ ဝိညာဉ်သဘောမျှသာဟု၊ အသိဉာဏ်ပေါ် ပေါက်စေခြင်းငှါ၊ ဝိညာဏက္ခန္ဓာကို၊ ဟောတော်မူတယ်၊

ဇဲဒါလို၊ ဖေါက်ပြန်၊ ခံစား၊ မှတ်သား၊ ပြုဖြင်၊ စိတ် ဝိညာဉ်သဘောမျှသာဟု၊ အသိဉာဏ်ပေါ် ပေါက်၍၊ အထင်းရောင်ရသောအခါ၊ ငါ သူတပါး၊ ယောကျ်ား၊ မိန်းမ—ဟူသော အမိုက်မှောင်ဟာ, မရှိတော့ပါဘူး။ ကမ္ဘာလောက၊ "လ" "နေ" တို့ မထွက်မှီက, အမိုက်မှောင်တွေကို၊ဘယ်နတ်-သိကြားက လာပြီး-ရှင်းသာများ, မြင်ဘူးကြပါသလဲ။ အသို့—လ—နေ-တို့ပေါ် လာတဲ့နောက်မှာလဲ၊ ဘယ်သိကြား "ဘယ်ကာဗိ"—မှ, ထုးမှုရှင်းရပါဘူး။

ဒါ့ကြောင့်၊ ယခု "အဘို့ —ငါးပါးရှိတဲ့" ခန္ဓာတရားဟာ၊ မသိမှု-အဝိဇ္ဇာပျောက်၍၊ သိမှု-ဝိဇ္ဇာရောက်ခြင်းငှါ၊ ဟောကြားတော်မူရပါသယ်၊ ဒီနေရာမှာ၊ ပါဠိအားကိုးပြပါဆိုချင်လဲ၊ "မာဝိဂစ္ဆန္တို၊ ကမ္မသကာ"—ပါတဲ၊ ဟုတ်တယ်လေ၊ ဗမာရို့လိုခဲ့၊ ဗမာလိုပြောတော့၊ ပါဠိပြ နိုင်းလိုနိုင်း၊ ပါဠိလိုပြောတော့လဲ—နားမလယ်၊ ဒီတော့၊ "မာဝိဂစ္ဆန္တို၊ကမ္မသကာပေါ်၊ မြန်မာပြည်မှာလဲနေသေးရဲ့၊ ဗမာလိုလဲ—နားမလယ်၊ ကုလားလိုလဲ-ကောင်းကောင်း မထာတ်၊

No. 24.

အကျပ်နဲ့ အရူကြောင်ကြောင်၊ နေရာကျတယ်မရှိဘူး၊ ဂဠု ရုရလဲ-ပေါက်ပေါက်ပိုင်ပိုင်မရှိ။ ဝိပဿနာရှုရလဲ-သူမသိ။ ငတိလဲ—အရူကြောင်ကြောင်ပေါ့၊ (ဒီလိုပြောလို့ သပိတ်မှောက် ခြင်မှောက်၊ ကျုပ်တို့ကာ၊ ဗွန်း,—ပုဂံ,—မှောက်ရုံဘဲ၊) လောကကြီး-ကိုယ့်ရှိဘာ, ကိုယ်မှောက် နေကြဘာပါဘဲ၊ ဒါကြောင့်၊ သာသနာတော်မှာ၊ “အသိတလုံး” နှင့်၊ ကိစ္စတုံးနိုင်ပါတယ်၊ အသိဆိုတာကလဲ၊ သညာသိ၊ ပညာသိ-နှစ်ပါးရှိပါတယ်၊ သို့သော်၊ ဘုရားရှင်က၊ ဤခန္ဓာသည်၊ ငါ သူတပါး၊ ယောကျ်ား၊ မိန်းမ မဟုတ်၊ ရူပ၊ သုဘ၊ သုခ၊ အတ္တမှ-ကင်း၏၊ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တံ အသာရကဋ္ဌေန၊ အဝသ-ဝတ္တနဋ္ဌေန၊ အသာမိကဋ္ဌေန၊ အဗျာပါဒ၊ အနိမိတ္တ၊ အပဏီဟိတအစစ်၊ ဘွစ်လှစ်ဖြုတ်ဖြုတ်၊ သိမ့်သိမ့်လှုပ်မစဲ၊ ဥပါဒ်၊ ဌီ၊ ဘင်-တသဲသဲမို့၊ မမြဲသဘော၊ မမြဲဓာတ်၊ မမြဲပရမတ်ကို၊ သူမှတ်၊ ငါမှတ်၊ သူထင်၊ ငါထင်၊ လူဘဲ၊ နတ်ဘဲ၊ အထင်လွဲကို၊ အစွဲမများနဲ့ ဟု-ဟောတော်မူရာ၊ ဘုရားရှင်ဟောသဖြင့်၊ သညာသိ-သိကြသော၊ သောပါက၊ ရှုဋ္ဌပါန်၊ ပဏ္ဍိသာမဏေ၊ သံကိစ္စမထေရ်တို့၊ ရဟန္တာဖြစ်ရကြောင်း၊ ထုံးဟောင်းမကွာ၊ ဥပမာ။ ။လူကြီးတယောက်က၊ မိမိအား၊ တနွေခြောက်ပုံ အလုံးစုံကို၊ သရုပ်သကောင်ပေါ်အောင်ပြောရာ၊ နားထောင်ရှာကြသော-ကလေးသူငယ်များသည်။ ကြက်သီးတဖြန်းဖြန်း ကျော့ချမ်းအောင် ကြောက်သော—ဥပမာကဲ့သို့၊ သုတမယ, သညာမရှိလျှင်၊ စိန္တာမယ, ပညာမရှိနိုင်ဘူး။ ဒါကြောင့်၊ သညာသိ၊ ပညာသိ-ဆိုတဲ့ အသိတခုဖြင့်၊ ကြည့်ရှုလိုက်ရာ၊

ခန္ဓာပရမတ်ဟု—ထိုသဖြင့်၊ ဓမ္မြပယ်ပြီး သမ္မာဒိဋ္ဌိလမ်းမှာ ဆိုက်သောကြောင့်၊ ဟောခြင်း၊ နာခြင်း၊ ပွားများခြင်းအမှု တွေ့ပြုနေကြရတာပေါ့။ ဆဲဒါကို—

ခန္ဓာပရမတ်က, ဒုက္ခသစ္စာ။

ခန္ဓာပရမတ်-ဒုက္ခသိတာက, မဂ္ဂသစ္စာ။

ခန္ဓာပရမတ်-ဒုက္ခသာယာတာက, သမုဒယသစ္စာ။

ခန္ဓာပရမတ်-ဒုက္ခချုပ်ငြိမ်းတာက, နိရောဓသစ္စာ။

ဒါကြောင့်- ဟန္ဒဒါနိဘိက္ခဝေ, အာမန္တယာမိ,, ဝေါ
ဝယဓမ္မာ သင်္ခါရာ,, အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ၊ အိုနာသေရေး၊ သံသရာဘေးကို၊ မြော်တွေး ကြောက်ညှောင်း၊ ချစ်သား ချစ်သွီး အပေါင်း.....သူတော် ကောင်းတို့။ ။ဟန္ဒဒါနိ၊ မြေရောင်လျှံ၊ နန်းနိဗ္ဗာန်ကို၊ ဝင်စံ ရန်နီး၊ ယခုအခါကြီး၌၊ အဟံ၊သစ္စာလေးတန်၊ ရုပ်နဲ့နာမ်ကို၊ အမှန်ဟောကြား၊ ငါဘုရားသည်။ ဝေါ၊ သတိသံဝေ၊ ယူ ကြစေဟု၊ မိန့်ချေပြဆို၊ သင်ချစ်သား, ချစ်သွီးတွေကို၊ အာ မန္တယာမိ၊ လေးဆဲ့ငါးဝါ၊ ရှည်မြင့်ကြာအောင်၊ ဒေသနာ ရေ၊ တိုက်ကျွေးပေတောင်း၊ တရားအပေါင်းတို့တွင်၊ လို ရင်းအချုပ်။ နိဂုံးချုပ်၍၊ ပစ္ဆိမဝကား၊ မြတ်ထရားကို၊ မှတ် သားကြစေ၊ မိန့်ချေတော်မူခဲ့ပေအံ့၊ ၊သင်္ခါရာ၊ ရုပ်ဝေဒနာ၊ သင်-သင်္ခါနှင့်၊ ဝိညာဉ်ငါးချ၊ နာမ်ရုပ်ရတို့သည်၊ ဝယဓမ္မာ၊ ဘွားကနဲ ပျက်၊ ဖွစ်ကနဲ ချုပ်၊ ငုတ်ကနဲ ပျောက် အနက် ဟောကြောင့်၊ မပိုင်သဘော၊ မဆိုင်သဘော၊ အစိုးမရ သဘောသာ, ရှိကုန်၏၊ တုဖွေ၊ ငါ၏ထားရာ၊ သာသနာ

လက်ထက်၊ အာဏာစက်၌။ မဂ်ဆိုက် ဖိုလ်ထိ၊ အသိရှိကြ
ကုန်သော၊ သင်ချစ်သား, ချစ်သွီးအပေါင်း သူတော်ကောင်း
တို့သည်၊ အပ္ပမာဒေန၊ ပချမတ်အစ၊ ဓာတ်အနှဟ၊ မပြတ်ရှု
ရန်၊ နဲ့ဗ္ဗာန်ရောက်ကြောင်း၊ သတိကောင်းနှင့်၊ အပ္ပမာဒေန၊
မမေ့ မလျော့၊ ၁ပေါမဆ၊ သီလသမာ၊ ဝိပဿနာဖြင့်၊ သမ္ပာ
ဒေထ၊ ပြည့်စုံကြစေကုန်လော။

သမ္ပာဒေထ၊ ဥာဏ်လမ်းအဖြာဖြာ "အသိ" ကြိုဘ်ရှုစနစ်
ပါဟလ၊ စံနှုန်းအမတာ-ဓမ္မိထဖုံသုစ်ခဲ့တာကြောင့်၊ ကြိုစမ်း
ပါ သတိဂုဏ် ထက်ထက်နှင့်၊ "ပြေဒ်" ပြည့်စုံရစ်ကြပါ
စေကုန်သတည်း။ ။

အဲဒါလို၊ ငါထင်သူစွဲ၊လွဲမှားသောဒိဋ္ဌိယုတ်ကို "သိကိစ္စ"
တလုံးနှင့်၊ ခြေမှုန်းနိုင်ကြရအောင်၊ နေ့ရော-ညဥ့်ပါ၊ဘယ်ခါ
မပြော်၊ ကြိုးစားအားထုတ်တော်မူကြပါ, ထရားနာ ပရိသတ်
အပေါင်း သူတော်ကောင်းတို့၊

၅၊ "တစောထ်တိုး၊"

၅။ နိရုဒ္ဓါတီတ သင်္ခါရာ၊ ပစ္စုပ္ပန္နာ၀ ဘိဇ္ဇရေ၊
အနာဂတာ ဘိဇ္ဇိဿန္တိ၊ သဗ္ဗေတေ ဘာယိတဗ္ဗကာ။

အတီတာသင်္ခါရာ၊ နောက်နောက်ဘ၀, နောက်ကာလက၊
ဖြစ်ကြကုန်ပြား၊ မာသဘောဆိုတဲ့၊ ပထဝီ-မာဓာတ်တရား
တို့သည်၊ နိရုဒ္ဓါ၊ တည်တန့်မြဲခိုင်၊ စိုးပိုင်မရ၊ အနတ္တမို့၊ ခဏ
မနား၊ ချုပ်ပျောက်၍သွားကြလေကုန်ပြီ၊ ပစ္စုပ္ပန္နာ၀၊ ယခု
မျက်မြင်၊ ဖြစ်ပျက်စဉ်မှု၊ မာ သဘော ဆိုတဲ့ သင်္ခါရတို့

သည်သည်း၊ ဘိဖွဲ့ရေ၊ ပျက်ပြားကုန်ဆဲ၊ အနာဂတာ၊ နောင်ခါသမယ၊ ဖြစ်ပေါ်ကြမှဲ၊ မာ သဘောဘာတ်၊ မာပရမတ်တို့လဲ၊ ဘိဖွဲ့သန္တိ၊ ''သည်ပုတ်ထဲက–သည်ပဲအနေ'' ချုပ်ပျောက်ခနေလတ့်၊ ဧတေသဖွေ၊ မာပြီး မာဆဲ မာမှာတဲမှု၊ ထို သင်္ခါရ တို့သည်၊ ဘာယိတဗ္ဗကာ၊ ကြောက်မက်ဘွယ်ရာ—တယသန် အပေါက်ဆုံးပါကလ၊ ရောက်တဲ့နေရာ, သူအမှန် အပျောက်မျိုးဟာမို့၊ အော် ''တစောက်ထိုး'' ဖြစ်၍ နေကြလေကုန်သတည်း။ ၊

အဲဒီတော့ခါ၊ ငါ သူတပါး၊ ယောကျ်ား၊ မိန်းမ-အခေါ်ခံနေတဲ့၊ ပထဝီဓာတ်ဟာ။ အသေမျိုး၊ အပျောက်မျိုး၊ အချုပ်မျိုးကြီး ဇကာ်၊ အမှန်ဖြစ်ပြီး နေပါသဖြင့်၊ သိမ်းပိုက်စွဲယူထားလို့–ဘာအကျိုး ရှိတော့မလဲ၊ ဘာမှု အကျိုးမရှိတော့ပါဘူး။

ဘာ့ကြောင့်လဲ ဆိုတော့၊ ပထဝီဓာတ်တွေ–ထင်ကြသလို၊ မြဲထာလဲမဟုတ်၊ ချမ်းသာတာလဲမဟုတ်၊ တင့်တယ်ထာလဲမဟုတ်၊ အနတ္တမျိုးမို့၊ အစိုးရတာလဲမဟုတ်၊

ဒါ့ကြောင့်၊ ငါ သူတပါး၊ ယောကျ်ား၊ မိန်းမ-ရယ်လို့၊ ဝစီသစ္စာ ပြောင်ရရုံမှန်တဲ့၊ ဝေါသဘောဟာ၊ နောက်နေခံဘာဝ၊ နောက်ကာလကလဲ၊ သေခဲ့ ပျောက်ခဲ့ ချုပ်ခဲ့လှာပြီ၊ ယခုမျက်မြင်မှာလဲ၊ သေဆဲ ပျောက်ဆဲ ချုပ်ဆဲတဲ၊ နောင်ခါသမယ၊ နောင်ဘာဝလဲ၊ သေမှာ ပျောက်မှာ ချုပ်မှာတဲ။

ခြေသလုံး၊ ပေါင်၊ ကိုယ်ကောင်၊ ဦးခေါင်း-ရယ်လို့၊–သမုတိသစ္စာ, သမုတ်ရုံမှန်တဲ့–မာသဘောကလဲ၊ နောက်

နောက်ဘဝ-နောက်ကာလကလဲ၊ သေခဲ့၊ ပျောက်ခဲ့၊ ချုပ်ခဲ့ဖြစ်ပြီ၊ ယခုမျက်မြင်မှာလဲ။ သေဆဲ ပျောက်ဆဲ၊ ချုပ်ဆဲတဲ၊ နောင်ခါသမယ၊ နောင်ဘဝမှာထဲ၊ သေမှာ၊ ပျောက်မှာ၊ ချုပ်မှာတဲ၊

သမုဒ္ဒရာ၊ တော၊ တောင်၊ ရေ၊ မြေ-ရယ်ထို၊ လောကသတ္တဝါ–လူအများပြောဆိုသုံးစွဲကာမျှမှန်တဲ့ "မာသဘော၊"

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ လူ၊ နတ်၊ ဗြဟ္မာ၊ သုံးဆဲ့တစ်ဘုံ—ရယ်ထို၊ ဝေါဟာရသတ္တဝါ, ခေါ် ရှိမှန်တဲ့၊ "မာသဘော၊" ဒိမာသဘောခေတ်၊ မာပရမတ် များဟာလဲ၊ အလိုသို့မလိုက်၊ အကြိုက်သို့မပါ၊ စိမံရာမသွား၊ ထားရာမနေတဲ့၊ အသေမျိုး၊ အချုပ်မျိုး၊ အပျောက်မျိုး ရှိလို့ရဲ။ "တစောက်ထိုး"–ထရားကြီးရယ်လို့-ဆိုရပါတယ်၊

အဲဒါလို–ထလောကလုံးမှာရှိကြတဲ့၊ အသေမျိုး၊ အပျောက်မျိုး။ "တစောက်ထိုး"–ပထဝီခေတ်ကို၊ ဘယ်မှာလျှင်၊ ချစ်ခင်ပုံမကဲ၊ နှစ်သက်စွဲလမ်းနိုင်တော့မလဲ၊ ၊ဥပမာ၊ သားကြီးကိုလဲ သတ်ခဲ့ပြီ၊ သားလတ်ကိုလဲ သတ်ဆဲ-မြင်ရတော့။ သားငယ်-အပေါ်မှာ။ တွယ်တာငဲ့ကွက်သော-အာလျှဖြစ်ခဲ့တဲ့ အမိကဲ့သို့။—

ဈေးအခါက၊ မြောက်နန်းစံ-မိဖုရားငယ်တဦးမှာ။ သားတယောက်မွေးဘွားလိုက်လျှင်၊ တောင်နန်းမဒေဝီ၊မဟေသီမိဖုရားခေါင်ကြီးက, လာပြီးတော့၊ အမိ၏ ရှေ့မှာ ပင်လျှင်၊ သားငယ်ကိုသတ်၍၊ အသေ-မွေးဘွားသည်ဟု၊ဖျောက်ဖျက်

ဖြစ်လိုက်တယ်၊ အဒီဖြစ်သော, မြောက်နန်းစံ-မိဖုရားငယ်မှာ၊ မျက်မှောက်ထင်ထင်။ သိမြင်ပါသော်လဲ၊ မနိုင်ဝန်ဖြစ်နေတဲ့ အတွက်ကြောင့်၊ ဘယ်နည်းနဲ့မှ မတတ်နိုင်ရှာဘူး၊ နောက် တကြိမ် မွေးဘွားပြန်လျှင်လဲ၊ တောင်ညာစံ မိဖုရားကြီးက။ ဒီအတိုင်းသာ, စီမံလိုက်တယ်၊ အဲဒါလို—မွေးဘွားတိုင်း သော သားတို့ကို၊ သမင်မွေးသီ—ကျားစားသို့ ဆိုဒါလို ဖြစ် နေရတော့၊ သားဦးပေါင်း-ကိုးသောက်ထောက်ဟာ, အသတ် ခံ၍၊ အသေခံကြီး ဖြစ်ခဲ့တော့ဒါဘဲ၊ ယခု မျက်မှောက်— ဆယ်ကြိမ်မြောက်သော, သားကလေးကိုလဲ၊ သတ်နေဆဲဖြစ် သဖြင့်၊ နောင်မွေးဘွားမဲ့ သားများအပေါ်မှာ၊ မချစ်ခင်-မငဲ့ လမ်းတော့ဘဲ၊ အာလယ ဖြတ်သိမ်းလိုက်ရှာသတဲ့၊

အဲဒီ သားဘွား, မိဖုရား-ဥပမာလို။ တားလို့လဲ—မပြီး။ ဆီးလို့လဲ—မနေတဲ့၊ အသေမျိုး၊ အပျောက်မျိုး၊ ထပေါက် ထိုး-မာသဘောလဲ၊ မနိုင်ဝန်ဖြစ်တဲ့ အနတ္တ-လက်တွင်းမှာ၊ သက်ဆင်းကာ အသက်ပျောက်ခဲ့ကြလေပြီ၊

ယခုလဲ ပျောက်နေတာဘဲ၊ နောင်လဲဘဲ "ဒီပုတ်ထဲက ဒွိပဲ" ပျောက်မှာဘဲ၊ ဒါကြောင့်၊—

နိရုဒ္ဓါတီတသင်္ခါရာ၊ ပစ္စုပ္ပန္နာစ ဘိဇ္ဇရေ၊
အနာဂတာ ဘိဇ္ဇိဿန္တိ၊ သဗ္ဗေသော ဘာယိတဗ္ဗကာ။

အတီတာသင်္ခါရာ၊ နောက်နောက်ဘာ၊ နောက်ကာလက၊ ဖြစ်ကြကုန်ပြီး၊ မာသဘောသင့်တဲ့။ ယထာဝိဓာတ်တရားတို့ သည်၊ နိရုဒ္ဓါ။ တည်ဘန့်မြဲခိုင်၊ စိုးပိုင်မခ၊ အနတ္တမို့။ ခဏ

မနား၊ ချုပ်ပျောက်၍ သွားခဲ့ကြ လေကုန်ပြီ၊ ပစ္စုပ္ပန္နာဝ၊ ယခုမျက်မြင်၊ ဖြစ်ပျက်စဉ်မှု၊ မာသဘောဆိုတဲ့ သင်္ခါရတို့သည်လည်း၊ ဘိဇ္ဇရေ၊ ပျက်ပြားကြကုန်သဲ၊ အနာဂတေ၊ နောင်ခါသမယ၊ ဖြစ်ပေါ်ကြမဲ့၊ မာသဘောခတ်၊ မာပရမတ်တို့လဲ၊ ဘိဇ္ဇိဿန္တိ၊ သည်ပုတ်ထဲက–သည်ပဲအနေ၊ ချုပ်ပျောက်ရချေလတံ့၊ ဘေဘသဗ္ဗေ၊ မာပြီး၊ မာဆဲ၊ မာမှာတဲ့မှု၊ ထိုသင်္ခါရတို့သည်၊ ဘာယိဘဗ္ဗကာ၊ ကြောက်မက်ဘွယ်ရာ တယုသန် အပေါက်ဆိုးပါကလ၊ ရောက်တဲ့နေရာ–သူအမှန် အပျောက်မျိုးပေမို့၊ အော်–"တစောက်ထိုး" ဖြစ်၍နေကြလေကုန့်သတည်း၊

အဲဒါသို—အသေမျိုး၊ အပျောက်မျိုး၊ ထစောက်ထိုးပရမတ်၊ မာသဘော-မာခတ်ကို၊ ပြောင် ပြောင် ဝင် ဝင်၊ ကြောင်ကြောင်ကြီး မြင်ကြရအောင်၊ နေ့ရော-ညဥ့်ပါ၊ ဘယ်ခါမပြတ်၊ ကြိုးစားအားထုတ်တော်မူကြပါ၊ တရားနာပရိသတ်အပေါင်း–သူတော်ကောင်းတို့။

### ၆။ "မျက်ခြေပြတ်။"

၆။ အဒဿနတော အာယန္တိ၊ ဘင်္ဂါ ဂစ္ဆန္တိ၊ ဒဿနံ၊
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။ ။

အဒဿနတော၊ နဂိုရ်ကလဲ-မရှိ၊ ပကတိကလဲ-မထင်၊ မမြင်ရာကာလ၊ အနာဂတ အ–ဘာဝမှ၊ အာယန္တိ၊ အဖြစ်အဖြစ်လာပုံတွေ မပဲတော့တဲ၊ အသစ်အသစ် အာရုံတွေ လွဲလွဲပြီး၊ တဆဲသဲနှင့် တပွဲပွဲဖြစ်ကြလေကုန်၏၊ ဘင်္ဂါ၊ ဖြစ်ပေါ်လာက၊ ဘင်ခတာသို့၊ ချုပ်ရ-ပျောက်ရ၊ ချုပ်ပျောက်ရတဲ့၊ ရုပ်

နာသမ် နှစ်ပါး၊ သင်္ခါရဆိုတဲ့၊ ပဓမဘ်များ-ဓါတ်တရားတွေ့သည်၊ အဒသညာနံ၊ တားလို့လဲမဖြစ်နိုင်၊ ဆီးလို့လဲမရနိုင်၊ အတွက်နဲ့လဲ မဆိုင်၊ ပိုင်တာလဲမဟုတ်သို့။ ဆုပ်လို့လဲမဖြစ်နိုင်၊ ကိုင်လို့လဲ မချပါကလ၊ ခြေဘ်—ကင်းကြတာသဲ မဟုတ်၊ နတ္ထသာ ကြွင်းဘာ၊ အတိတာမရထ၊ အ,ဘာဝသို့၊ ဂန္ထဘ်၊ ချုပ် လား, ပျောက်လား၊ ချုပ်ပျောက်၍သွားကြလေကုန်၏၊ အာ ဂ-ာသော၊ ခေးလို့မဖြစ်၊ ချစ်လို့မထင်၊ ရိုးယ်းကောင်းကင် ကြီး၌၊ ဝိဇ္ဇုပ္ပ ါဒေါ၊ ပြိုးပြက် ပြောင်ဝင်း၊ လျှပ်ရောင်ကွေ့ လင်းသကဲ့သို့၊ ဥပ္ပဇ္ဇန္တိ၊ ဝင်းကနဲထ, ပျောက်ပျက်ရသလို၊ အာရုံတွေကာ, ထိခဏ၌၊ ဝယန္တိစ၊ ဖြစ်ဆဲခဏ, ပျက်လဲ ပျက်ရလေကုန်၏၊ ဝယန္တိစ၊ ပျောက်ပျက်ရတာ-လှစ်ခနဲလို့ လဲ မမှတ်နိုင်ဘူး၊ ရောက်တဲ့ကာလာ-အပျက် အသေ ဓာတ် ဟာမို့၊ “အော်” မျက်ချေပြတ်ရလေကုန်သတည်း

အဲဒါလို-ပစ္စုပ္ပန်လို့ ခေါ်တဲ့၊ ယခု မျက်မှောက်သော ကာလမှာ ဖြစ်ရအောင်ရယ်လို့၊ စောင့်စည်းနေတဲ့ အစုအပုံ လဲမရှိဘူး။ စုဝေသင်းထားတဲ့ အစုအပုံလဲ မရှိဘူး၊ ဒါလို မရှိပါတဲ့နဲ့၊ ပစ္စုပ္ပန်ဆဲဆဲ-အကြောင်းတော်တည့်ရာမှာ၊ ဘွား ခနဲ ဘွားခနဲ ဖြစ်ပေါ် လာကြတဲ့။ သယံဘာတ၊အာဂန္တုက၊ ဓာတ်မြေကလေးတွေဟာ၊ တားလို့လဲ မပြီး၊ ဆီးလို့လဲမရ ဘူး၊ ကိုယ်နဲ့ထဲမဆိုင်တော့၊ ပိုင်တာလဲမဟုတ်ဘူး၊ကိုင်လို့ လဲမရလို့၊ ဆုပ်လို့လဲမပြုနိုင်ဘူး။ အဲဒီ—တားမရ၊ ဆီးမရ၊ အဗျာပါရ၊ ဓာတ်မြေတွေဟာ။ သူ့သဘော သူဆောင်၊ ပျက်ဘောင်ကိုရိမ်း၊ အပျက်ကိန်းသာ, စီမံနေကြတာဘဲ၊သူ

တို့ရဲ့ ဖေ်တံတွေ၊ ဓမ္မတာနည်းအဘိုင်း ဖြစ်သလျှင်၊ ပျောက်
မယ်ဆိုတဲ့ ဇာတိဓမ္မကို၊ ဘယ်မှာလျှင် ပွန်နိုင်ကြမလဲ၊

ဈေးအခါက၊ ဗာရာဏာ-ရွှေပြည်ကြီးကို၊ အုပ်စိုးတော်မူ
တဲ့၊ နေနတ်ရာဇာ၊ မဟာဘုရင်မင်းမြတ်ကြီးကလဲ နတ်ရွာစံ၊
ကံတော်ကုန်သဖြင့်၊ ဘွိုးတော်က, ဧကရီဘုရင်မကြီးသို့၊
တိုင်းပြည်အုပ်ချုပ်-မင်းလုပ်ပြီး နေရှာသတဲ့၊ ထနေ့သော
အခါကြတော့။ မင်းသားလေးယောက်-ပေါ်ပေါက်ချိသော
သဖြင့်၊ အော်__မောင်တော်ဘုရားများ, ဘယ်အရပ်,ဘယ်
ဒေသက၊ ရွှေစက်တော်ဖြန့်ခြည်တော်မူခဲ့ကြပါသလဲ၊ သော်
တော်ရေ-သုံးဆောင်တော်မူကြပါ၊ ဒီမှာ၊ နေရာတော်များ
အခန့်သင့်ရှိကြောင်းပါဟု၊ ပြုဌါသောဝတ္တရားနှင့်။ အလ္လာပ,
သလ္လာပ-စကားများ ပြောဆိုခြင်း။ ဘုရင်မကလေးက၊ ဂုဏ်း
စားရှာသတဲ့၊ အော်——ဒီဒုဂ္ဂိုလ်များဟာ။ သူတို့ကပြော
တော့၊ သာဝတ္ထိပြည်က, သားတော်-လေးဦး၊ တက္ကသိုလ်
ပြည်တော်မှာ၊ မင်းသားတို့ရဲ့ တတ်အပ်သော-တဆဲ့ရှစ်ရပ်၊
ကမ်းခပ်အောင်သင်ပြီး, ပြန်ခဲ့ကြသတဲ့၊ အဲဒီတော့၊ သိပ်နေ
ရာကြတာဘဲ။ နတ်တို့ဗန်၊ ရေကံအသင့်-ကြာအဆင့်ဆိုတာ
လို၊ နှမတော် လက်ဆွဲပြီး။ ဘိုးသိမ်းပွဲခံရန် သင့်နေပေါ့။
သို့သော်၊ မရူးဝမ်း မဆင်ခြင် မပြုအပ်ပေဘူး၊ ပညာနှင့်
တကွ၊ ဇာတိ-မာန, သိရအောင်ဟာ၊ လျှောက်ထားမဘဲ
လို့-စဉ်းစားပြီး၊ မှန်လှပါဘုရား၊ နှမလေးများရဲ့တိုင်းပြည်
မှာ။ ခမည်းတော်ဘုရား, နတ်ရွာစံတော်မူတဲ့နောက်၊ ဘွိုး
တော်ဖြစ်သော-နှမလေးမှာ၊ “ပင်တိုင်စံ-တကိုယ်တည်း”
အုပ်စိုးနေရသဖြင့်၊ ကံထူးလှသော, သားတော်-တဦးဦးနှင့်၊

နှစ်ကိုယ်ထည်းစကားဆွေးနွေးပြီးမှ။ နှမတော်လက်ဆွဲပြီး၊ ထီးသိမ်းပွဲဘိသိက်ပန်း၊ ဆင်မြန်းစေလိုပါသဖြင့်၊ နန်းတော်၏ လေးတံခါး၊ လေးစမုတ်၊ မောင်တော်-လေးဦး တယောက်ကျ၊ စေ့စွစံနေတော်မူရန်-သင့်မြတ်ကြောင်းပါဘုရား ဟု၊ သံတော်ဦးတင်လိုက်ရာ—၊ ကောင်းပါပြီဟုဆို၍၊ တံကား တပေါက် မင်းသားတယောက်, စံနေတော်မူကြသတဲ့၊

ဆဲဒါလို—ပင်တိုင်စံ-စီမံတဲ့အတိုင်း။ မှူးကြီး မတ်ရာ၊ သေနာပတိများက, ကြပ်မတ် ခင်းကျင်း ထားလိုက်တော့၊ ခြေဆေးရန်-ရွှေအင်တုံ၊ ငွေအင်တုံ နဲ့တကွ, ပြီးစီးကြသဖြင့်။ အခေါ်တော်လွှတ်၍၊ မင်းသားတယောက် ပေါ်ပေါက်လာသတဲ့။ သူ့ကြည့်လိုက်တော့၊ ခြေမဆေးခဲ့ဘူး,—ဒါနဲ့၊ ပင်တိုင်စံ မင်းသို့က၊ မောင်တော်ဘုရား,—ညအခါ၊ လူသံတိတ်ဆိပ်၊ အိပ်၍ကောင်းတုံး၊ တသွင်သွင်-တိုက်ခပ်သောလေအယာဉ်ဟာ,—ဘာလေလို့ ခေါ်ပါသလဲ၊ ဆဲဒါလို-မေးတော့၊ ခက်ပြီ။ ဒီတခါတော့—တက္ကသိုလ် ဆရာကြီးကလဲ-မသင်လိုက်ဘူး၊ သို့သော်၊ မိဘများပြောထားတော့။ သန်းခေါင်လေလို့ ပြောတာဘဲလို့ စဉ်းစားပြီး၊ ဒါတော့ဗျာ— ကျုပ်မိဘများပြောတာကတော့၊ လူသံတိတ်ဆိတ်၊ အိပ်ကြပြီဆိုတဲ့အခါ၊ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆင်၊ ဖွတ်၊ ပဒတ်များ, ပျော် င်မြူးပြီး၊ တဟူးဟူးတိုက်ခတ်တဲ့ လေဟာ၊ သန်းခေါင်လေလို့ ပြောတယ်ခင့်တော့—၊

ပင်တိုင်စံက၊ ဩော်—,ဒီလူကတော့၊ မှဆိုးသားဘဲလို့ စဉ်းစားပြီး၊ ကောင်းပါပြီ-မောင်တော်ဘုရား၊ မောင်တော်

ပြန်ပါအုံး ဆို၍၊ ၁င်းသားတယောက်......အခေါ်လွှက်လို့ လာပြန်တော့၊ ဈေးနည်းအတူ၊ ခြေမဆေးတဲ ရောက်တဲ့ အခါ။ မောင်တော်ဘုရား၊ ညအခါ၊ လှူသံဘိတ်ဆိတ်၊ အိပ်၍ကောင်းတုံး၊ တသွင်သွင်တိုက်ခတ်သော-လေအယာဉ် ဟာ၊ ဘာလေလို့ ခေါ်ပါသလဲ၊ အဲဒါလိုမေးတော့......။

ခက်ပြီ။ ဒီတခါတော့၊ တဏ္ဍသိုလ်ဆရာကြီးကလဲ မသင် လိုက်ဘူး၊ သို့သော်၊ အကိုနဲ့-အမချား, ပြောတာကတော့၊ သန်းခေါင်လေလို့ ပြောတာတဲလို့ စဉ်းစားပြီး၊ ဒါတော့ ဗျာ......, ကျုပ် အကိုနဲ့-အမ, ပြောတာကတော့၊ လူသံ တိတ်ဆိတ်၊ အိပ်ကြပြီဆိုတဲ့အခါ၊ ငါးမြင်း, ငါးဆင်-နဲ့ ထကွ၊ ငါးသိုင်း, ငါးဘတ်, ငါးရုံ့, ငါးရှု-များ,ပျော်မြူးပြီး၊ တဟူးဟူးတိုက်ခတ်ထဲ့လေဟာ၊ သန်းခေါင်လေလို့ ပြော တာတဲဆိုတော့......။

ပင်တိုင်စံက၊ ပြောင်......,ဒီလူကတော့၊ တငါ့သားတဲလို့ စဉ်းစားပြီး၊ ကောင်းပါပြီ-မောင်တော်ဘုရား၊ မောင်တော် ပြန်ပါအုံးဆို၍၊ မင်းသားတယောက်......အခေါ် လွှတ်လို့ လာပြန်တော့၊ ငွေအင်တုံ-ခြေဆေးခဲ့သတဲ့။ ဈေးနည်းတူ၊ မောင်တော်ဘုရား၊ ည အခါ၊ လူသံ တိတ် ဆိတ်၊ အိပ်၍ ကောင်းတုံး၊ တသွင်သွင် တိုက်ခတ်သော-လေအယာဉ် ဟာ၊ ဘာလေလို့ခေါ်ပါသလဲ၊ အဲဒါလိုမေးတော့......။

ခက်ပြီ၊ ဒီတခါတော့၊ တဏ္ဍသိုလ်ဆရာကြီးကလဲ-မသင် လိုက်ဘူး၊ သို့သော်၊ မေမေနဲ့-ဘေဘေ တို့၊ ပြောသံကြား ဘူး ကတော့၊ အိမ်ဦးခန်းက,နာရီကြီးက၊ တဆဲ့နှစ်ချက်

တီးသို့၊ ကဟီးဟီး, တိုက်ခတ်သော လေကို၊ သန်းခေါင်လေလို့ပြောတာတဲ့လို့ စဉ်းစားပြီး၊ ဒါတော့ဗျာ-ကျွန်တော်ဘောဘော နဲ့ မေမေ တို့၊ ပြောသံကြားဘူးတာကတော့၊ အိမ်ဦးခန်းက–နာရီကြီး, တဆဲ့နှစ်ချက်တီးလို့၊ ထဟီးဟီး,တိုက်ခတ်သောလေကို။ သန်းခေါင်လေလို့ပြောတာတဲ့ဆိုတော့–

ပင်တိုင်စံက၊ ဩြော်—, ဒီလူကတော့၊ သူမွေးသားတဲ့လို့ စဉ်းစားပြီး၊ ကောင်းပါပြီ-မောင်မောင်၊ မောင်တော့တံခါး ပြန်ပါ ဒုနိုးဆိုရှ်။ မင်းသားတယောက်–အခေါ်လွှတ်လို့ လာပြန်တော့၊ ရွှေအင်တုံရော—ငွေအင်တုံရော–ခြေဆေးပြီးလာသတဲ့၊ ချေးနည်းအတူ–မောင်တော်ဘုရား၊ ညအခါ၊ လူသံတိတ်ဆိတ်၊ အိပ်၍ ကောင်းတုံး၊ ထသွင်သွင်တိုက်ခတ်သောထေကို၊ ဘာလေခေါ်ပါသလဲ၊ ဆဲဒါလိုမေးတော့—၊

ခက်ပြီ။ ဒီတခါတော့၊ တက္ကသိုလ်ဆရာကြီးကလဲမသင်လိုက်ဘူး၊ သို့သော်၊ မယ်တော်–ခမည်းတော်များ, မိန့်သံကြားဘူးတာကတော့။ အကာလ ညအခါ၊ နန်းဦးပြာသာဒ်က၊ ဆွဲလဲသံ သာမဖြင့်၊ ထစာစာဘိုက်ခတ်သောလေကို၊ သန်းခေါင်လေလို့ မိန့်သံကြားဘူးတာတဲ့လို့၊ စဉ်းစားပြီး–ဒါတော့ — နှမတော်ရယ်၊ မယ်တော်–ခမည်းတော်ဘုရားများ, မိန့်သံကြားဘူးတာကတော့၊ အကာလ ညအခါ၊ နန်းဦးပြာသာဒ်က၊ ဆွဲလဲသံ–သာမဖြင့်။ ထစာစာတိုက်ခတ်သောလေကို။ သန်းခေါင်လေလို့–မိန့်သံကြားဘူးပါတယ်နှမတော်ရယ်လို့— ဆိုတော့၊—,

ကောင်းပါပြီဘုရား—, မောင်တော်ဘုရားသာလျှင်၊ နှမ ထော်လက်ဆွဲပြီး, ထိုးသိမ်းပွဲ ဆင်ယင်တော်မူပါဘုရား,, ဆို ထော့၊ ဘုရင့်သားဟာ, ဘုရင့်ဇာတိနှင့်တကွ၊ ဘုရင်သာ, ဖြစ်ရတယ်။ သူဌေးသားဟာ, သူဌေးဇာတိနှင့်တကွ၊ သူ ဌေးအိမ်-ပြန်ရတယ်၊ တငါသားဟာ, တငါဇာတိနှင့်တကွ၊ တငါအိမ်-ပြန်ရတယ်၊ မုဆိုးသားဟာ,မုဆိုးဇာတိနှင့်တကွ၊ မုဆိုးအိမ်-ပြန်ရတယ်၊

အဲဒါလို၊ ပရမတ်သစ်္စါ၊ ခေတ်သစ်္စါ တွေဟာလဲ။ ပျက်မယ်ဆိုတဲ့၊ ဇာတိခွေကို မစွန့်ကြဘဲ။ အပျက် အသေ ခေတ်ရှိလို့၊ ဖြစ်လာတဲ့ပြီး "ပျက်ချေပြတ်"-အဖြစ်သို့ဆိုက် ရောက်ကြရတယ်၊

(၁) စက္ခုဒွါရ-ရူပါရုံ၊ စက္ခုဝိညာဉ်ဆိုတဲ့၊ ခေတ်သုံး ပါးဟာလဲ၊ အပျက် အသေခေတ်မှို့၊ ပျက်ချေပြတ်မျိုးဘဲ၊

(၂) သောတဒွါရ-သဒ္ဒါရုံ၊ သောတ ဝိညာဉ် ဆိုတဲ့။ ခေတ် သုံးပါးဟာလဲ၊ အပျက် အသေခေတ်မှို့၊ ပျက်ချေ ပြတ်မျိုးဘဲ၊

(၃) ဃာနဒွါရ-ဂန္ဓာရုံ၊ ဃာနဝိညာဉ်ဆိုတဲ့၊ ခေတ်သုံး ပါးဟာလဲ၊ အပျက် အသေခေတ်မှို့၊ ပျက်ချေပြတ်မျိုးဘဲ၊

(၄) ဇိဝှါဒွါရ-ရသာရုံ၊ ဇိဝှါဝိညာဉ်ဆိုတဲ့၊ ခေတ်သုံး ပါးဟာလဲ၊ အပျက် အသေခေတ်မှို့၊ ပျက်ချေပြတ်မျိုးဘဲ၊

(၅) ကာယဒွါယ-ဖောဋ္ဌဗ္ဗာရုံ၊ ကာယဝိညာဉ် ဆိုတဲ့၊

ခေတ်သုံးပါးဟာလဲ၊ အပျက် အသေခေတ်မှို့၊ မျက်ချေပြတ် မျိုးတဲ၊

(၆) မနောဒွါရ-ဓမ္မာရုံ၊ မနောဝိညာဉ်ဆိုတဲ့၊ ခေတ်သုံး ပါးဟာလဲ၊ အပျက် အသေခေတ်မှို့၊ မျက်ချေပြတ်မျိုးတဲ။ ဒါ့ကြောင့်။—

အဒဿနတော အာယန္တိ၊ ဘင်္ဂါ ဂစ္ဆန္တျ ဒဿနံ၊
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။ ။

အဒဿနတော၊ နဂိုရ်ကလဲ-မရှိ၊ ပကတိကလဲ-မထင်၊ မမြင်ရာကာလ, အနာဂတ, အ—ဘာဝမှ။ အာယန္တိ၊ အဖြစ်အဖြစ်ထာပုံတွေ မစဲတော့တဲ၊ အသစ်အသစ် အာရုံတွေ လွဲလွဲပြီး၊ တသဲသဲနှင့် တဖွဲဖွဲဖြစ်ကြလေကုန်၏၊ ဘင်္ဂါ၊ ဖြစ်ပေါ်လာက၊ ဘင်ခဏသို့၊ ချုပ်ရ ပျောက်ရ၊ ချုပ်ပျောက်ရတဲ့၊ ရုပ်နာမ်နှစ်ပါး၊ သင်္ခါရဆိုတဲ့ ပရမတ်များ၊ ခေတ်တရားတို့သည်၊ အဒဿနံ၊ တားလို့လဲ မဖြစ်နိုင်၊ ဆီးလို့လဲ မရနိုင်၊ အထွေနဲ့လဲမဆိုင်၊ ပိုင်ထားလဲမဟုတ်လို့၊ ဆုပ်လို့လဲမမြဲနိုင်၊ ကိုင်လို့လဲမရပါကလား, အော်—ကင်းကြဲတာလဲမဟုတ်၊ ဒုက္ခသာကြွင်းတာ—အတိတ်ထာမရဏ, အဘာဝ-သို့၊ ဂစ္ဆန္တိ၊ ချုပ်လား ပျောက်လား, ချုပ်ပျောက်၍ သွားကြလေကုန်၏။ အာကာသေ ရေးလို့မဖြစ်၊ ချစ်လို့မထင်၊ မိုးယံကောင်းကင်ကြီး၌။ ဝိဇ္ဇုပ္ပါဒေါဝ၊ ပြိုးပြက် ပြောင်ဝင်း၊ လျှပ်ရောင်တွေ လင်းသကဲ့သို့။ ဥပ္ပဇ္ဇန္တိ၊ ဝင်းကနဲထ—ပျောက်ပျက်ရသလို၊ အာရုံတွေ့က၊ ထိုခဏ၌၊ ဝယန္တိ စ၊ ဖြစ်ဆဲခဏ၊ ပျက်လဲ ပျက်ရလေကုန်၏၊ ဝယန္တိ စ၊ ပျောက်ပျက်ရတာ—ဘွစ်ချေ

လို့လဲ မမှတ်နိုင်ဘူး၊ ရောက်ထဲ ကာလာ, အပျက်—အသေခတ်ဟာမို့၊ အော်—"မျက်ချေပြာ" ရလေကုန်သဘည်း။

## ၇၊ "ချန်မိယံ-ဒိုင်း၊"

သာသနာ ဒုလ္လဘာ၊ ကြုံခဲပေါ် လူ့ပြေ၊ ဘုံဘဝ—ခုအခြေကို၊ ရုပ်ပေါ်ဖြေဉာဏ်ထဲ၊ ဘားနဲ့သား မဏ္ဍုကာလို၊ စံပြုကာကြည့်တော့မနဲ့၊ ရုပ်နာမ်လို့ ထရားခမ္မအစဉ့်ကို၊ ကြွားရခင်မနဲ့၊ ငါးဝအင် ခန္ဓာကိုယ်ထဲမှာလ၊ ငါပိုစွဲ အဘ္တာဒိဋ္ဌိရန် မိစ္ဆာပချင်ဖြင့်၊ စိတ်သာချ—ဘင်းရေ ပါယ်ရွာ၊ မိသာခသုဇာနမဟာလို၊ လူ့ဘဝခန္ဓာကိုယ် ပြုပြင်ရေးမှာသ၊ ရှုဆင်ကေး အတွင်ငါမပေါ၊ အနေ့သူဘာဝါ။ ဝိပသ်သမ်း ဉာဏ်စွမ်းဖြာသျှင်။ စံနှန်းအမတာ—အောင်ပွဲခင်ဘို့လေး။ ။

ယနေ့ညတော့၊ လူငယ်အများ အပျော်တန်း ကစားကြတဲ့၊ ဘော့သမားများလို၊ ကျုပ်တို့ဘာတွေလဲဘဲ။ ဩကာသ-လွင်တီးခေါင်၊ ဩဘာသ-လဟာပြင်၊ ဩကာသ-ဟာဟင်းလင်း၊ ဩကာသ-ဘော့လုံးကွင်းထဲမှာ၊ အနတ္တ-ဘော့လုံးကို၊ အလည်မှာထားပြီး၊ ဉာဏ်ကစားပြခဲ့တော့မှာဘဲ။ အဲဒီတော့။ ဘော့ခပ်သမား, လူငယ်များမှာ၊ အချို့ကတော့၊ ခပ်ကြမ်းကြမ်းဘဲ ခတ်ကြတယ်၊ အချို့ကတော့၊ နုနုနယ်နယ်၊ သယ်သယ်ပိုက်ပိုက်နဲ့ ခတ်ကြတယ်၊ အချို့ကတော့။ ဖှပယဉ်ကျေးစွာနဲ့ ဂိုးဆီသို့ သယ်ယူကာ—ပြေးကြတယ်၊ အချို့လဲဘဲ၊ ကိုယ့်လူနဲ့ကိုယ်၊ အယူ အပေး ဟလေးတွေ ဟာ၊ လူငေးပြီး—ကြည့်လောက်ပါပေတယ်၊ သို့သော်လဲ။ ဘယ်နည်းနဲ့ ခတ်ခတ်၊ ဂိုးသွင်းမှု—ဂိုးဝင်မှု—ပဓာနဘဲ မဟုတ်ပေ

ဘူးလား။ အချို့လဲဘဲ၊ ဘော့ခတ်အရာမှာ—သိပ်လှဘာဘဲ။ ဒါပေမယ်—ကိုးနားကျတော့၊ ဝင်တော့မလို-ဝင်တော့မလို နဲ့၊ "အော့ဖဆိုက်" ဖြစ်သွားတာဘဲ။ အဲဒါလို၊ ကြွမ်းကြွမ်း ရိုက်၊ လှလှရိုက်၊ ခေါင်းရိုက်—ခြေရိုက်၊ အမျိုးမျိုးရိုက်သော် လဲ။ "အော့ဖဆိုက်" က, များနေတော့၊ ဂိုးအသကားမှု့၊ အကျိုးမများဘူးပေါ့၊

ယခုလဲဘဲ။ ဘော့လုံးအလား၊ အနတ္တတရားကို၊ ဉာဏ် ကစားကြခတာဘဲ။ ဒီတော့၊ ဥက္ကဋ္ဌမင်း, အသင်းလူကြီး ကို။ လယ်ဖတီ, ဆိုကြပါစို့၊ အတွင်းရေးမှူးက၊ မှို့ခမိုက် က, နေတာပေါ့၊ ဒါပေဲ့၊ မှို့ခမိုက်ဆိုတာ၊ တချက်သွတ်— တလုံးထိုး ခတ်ရလိမ့်မယ်။ ကျုပ်တို့—မှို့ခမိုက်ဆရာကြီးက တော့၊ မှို့ခမိုက်ကနေပြီး, အလှကလေး ခတ်နေတုံး၊ တဘက် က-ဂိုးသွင်းသွားမှာစိုးရတယ်၊ ဒါပေမယ်၊ သုံးယောက်တန်း က, အကျိုးတော်ဆောင်လူကြီးများတော့ ရှိပါရဲ့လေ။

ဒီတော့၊ ယနေ့-ဝိပဿနာဒိဋ္ဌာဘော့သင်းနဲ့၊ အဝိဇ္ဇာ ဘော့သင်း "ဒိုင်းလုပွဲ" ခင်းကြင်းရလိမ့်မယ်—၊ ပဌမက ပြောခဲ့တာလို၊ သြကာသ-ဘော့ကွင်းထဲမှာ၊ အနတ္တဘော့ လုံးကို အလည်မှာထားပြီး။ ဝိမုတ္တိရသင့်တဲ့ "ငွေဖလား" ကို၊ အရယူကြစို့၊ ဒါဖြင့်၊ ဒီမှာလေ—, ငါးယောက်တန်း က "စောအိမယ်" ဆိုတဲ့-ချံပိယံသမား, ဉာဏ်ကစားပြီး သူတို့ဘတွေ-ဘရေခထားဘဲ။ "ငွေဖလား" ယူပြမယ်။ ကြွရောက်တော်မူလာကြတဲ့၊ ပရိသတ်များကလဲ၊ နားထော တမှာ—ခေါ်ချက်ဆင်ပြီး, မှတ်ချက်တင်ဘို့ပါဘဲ၊

ဒီလိုဆိုရင်တော့၊ ပွဲခွဲအနား ရှုစားပြီး နေကြတဲ့-လူထု ကြီးဟာ၊ ကိုးဝင်၊ အောဘ်ဆိုက်၊ စည်းကမ်းအလိုက်၊ နား လည်ကြဘာလို၊ ဝိပဿနာဘာရား..... ရှုစားတော်မူကြတဲ့၊ တရားနာအပေါင်း, သူတော်ကောင်းများလဲဘဲ၊ ဝိပဿနာ- ဥပဒေကို၊ ဒါလိုနားလည်ချလိန့်မယ်၊ “ဥပဒေက ဒီသိုကိုး”

ဝိပဿနာ့ဥပဒေသ၊ အထူးတတွေ့ဆလိုက်တော့၊ အဗျာ ကတရို၊ သဘာဝ-ရိပ်မိရမယ်၊ သဘာဝ-ရိပ်မိတော့..... ဒီဋ္ဌိက အစဥ့်ဘွာရောပေါ့၊ မြင်ရာမှာ-ငါမဟုတ်သော်လဲ၊ ငါလုပ်ပြီး ကောင်းကောင်းပေါ်တာမဟုတ်လား။ အဲဒါလို အကြောင်းလျှော်တော့၊ သင်္ခါရ၊ အကြောင်းလျှော်ရင်၊ သင်္ခတ၊ ဒီအမြင်ကျတော့၊ မာ, မရှိ။ ဒါသိတော့၊ ရုပ်နာမ် တင်ရလိမ့်မယ်၊ အဲဒါလို-အဟုတ်မွေခန့်စင်အောင်-ပြောရ သော်လဲ။ ထင်ရောင်ရောတဲ့ ပုဂ္ဂိုလ်မှာတော့၊ အစွဲပါမှာ ပေါ့၊ မမြဘာတွေ သရုပ်မတွေ့ရအောင်၊ ချဉ်သေးက ယမနေ့သစ်သား-လက်အဖျားက-လှုပ်ယောင်ယောင်၊ ခြေ အဖျားက-လှုပ်ယောင်ယောင်နဲ့၊ သရုပ်ဆောင်ကာ-ရုပ်သေး သဘောရဲ့အသွား၊ စောဘုရားဥပမာ,တညီတညာနဲ့၊ ဒီတ ခါ-ဒိုင်းလုမ့်ပွဲသတင်ရို့၊ ချို ပီယံ-ဘွဲ့ဆင်ရအောင်၊ ဒီမလေး တင်တင်နှင့် ပိုပို-ညာသံ, တဝါးဝါးနဲ့၊ “ခရာ” သံကြား ထင်ပါသား။

ဗုဒ္ဓံ-ဘုရားဟောပြတယ်၊ ရုပ်နာမ်နှစ်ပါးလောကမယ်၊ အဟုတ်တွေးကြပေတော့၊ ရုပ်သေးပုံ ပမာထကယ်၊ နာမ် အစဥ့်ခလုပ်များကြောင့်၊ ရုပ်တရား “လှုပ်ရှားရပါတယ်၊”

## ၇။ ''စင်တော်ကြီး၊''

၇၊ ရဋ္ဌုယောဂါ၊ ဒါရုယာန္တံ၊ သဗျာပါရံဝ၊ ခါယတိ။
ဧဝံ သုညံ၊ နာမရူပံ၊ အည မည၊ သမာယုတံ၊ ။

ရဋ္ဌုယောဂါ၊ ဒလက်ငယ်တွင်၊ ဆက်သွယ်ယှဉ်တဲ့၊ သေးမြှင် လှ ဖြား၊ ကြိုးအများဖြင့်၊ အကြောင်းတော်တည့်၊ ပေါင်းဖေါ် မှီကြခြင်းကြောင့်၊ ဒါရုယာန္တံ၊ မင်းသား,မင်းသမီး၊ ဝန်ကြီး အသွင်၊ ဘုရင်–မိဖုရား၊ ငယ်ကျွန်များနဲ့၊ နောက်ပါးခြွေရံ၊ အထွေထွေ-အလာလာ၊ အဖြာဖြာ-အဖုံဖုံ၊ တမျိုးဆန်းပြားပုံ ကြိုးယန္တရား အဟုန်ကြောင့်၊ တကိုယ်လုံးတုန်၊ တကောင်လုံးတုန်၊ အကုန်လှုပ်ရှား၊သစ်သားရုပ်ပါများသည်၊ သဗျာပါရံဝ၊ သွား, လာ, က, ခုန်။ ဗျာပါရရှိပုံ ယောင်ယောင်၊ ခါယတိ၊ ပေါ်တဲ့ မှန်တဲ့၊ ဟုတ်ယောင်ထင်စွ၊ ကြောင်တောင်ပင်လွဲကြလေသကဲ့သို့ ......၊

ဒါဟာ၊ ဘုရားရှင်ဟောကြားတော်မူတဲ့၊ ရုပ်သေးဥပမာ, ဂါထာတော်ကြီးတဲ့......ချစ်သမီး ချစ်သား·လူအများတို့၊ သင်တို့တတွေရဲ့–သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသ, ဆိုတဲ့၊ အမှတ်မှား၊ အသိမှား၊ အစွဲမှားပြီး-နေကြပုံတွေဟာ၊ ယမနေသစ်သား၊ ပန်းပုဆမားက၊ ထွင်းထု၍ထားသော-သစ်သားရုပ်ကို။ ကြိုးများ, တတ်ဆင်ပြီး, ကြိုးဆွဲမှုကြောင့်၊ လှုပ်ရှားနေသော-ယမနေ–အရုပ်သစ်သားရဲ့အပေါ်မှာ။ အဟုတ် ဝန်လိုလို၊ အဟုတ် မင်းသားလိုလို၊ အဟုတ် မင်းသမီးလိုလို၊ ဟုတ်ယောင်ထင်စွ၊ ကြောင်ကြောင်ကြီး-လွဲမနေကြဘူးလားတဲ့ ......၊

အဲဒီတော့၊ ဒီဥပမာတရား,ဆင်ခြင်စဉ်းစားကြည့်ကြပါ၊ မူလ-ပထမက၊ ယမနေတုံး-ယမနေသား-ကြီးတွေကို၊ ကျွမ်းကြွင်လိမ္မာသူစွာသော၊ ပန်းပုဆရာကြီးက၊ယမနေသား ရဲ့ အခြေအနေ ကြည့်ပြီး၊ သစ်သားချောလျှင်-ချောသလို၊ မချောလျှင်-မချောသလို၊ ရေးသွန်းထုလုပ်ပြီး။ ဒီသစ်သား ရုပ်က, မင်းသ္မီး၊ ဒါက, မင်းသား၊ ဒီအသားကတော့-လူ ပျက်၊ ဒီဟာက-ဝန်ရုပ်၊ ဒီဟာက-ဘီလူး။ အဲဒါလို — ပန်းပုဆရာက, အမည်ပေးပြီး လွှတ်လိုက်တဲ့၊ ယမနေသစ် သားအရုပ်များဟာ၊ ရုပ်သေးဝင်-တစင်လုံးမှာရှိတဲ့၊ ယမနေ သစ်သားရုပ်မှန်သမျှ။ ပန်းပုဆရာရဲ့လက်ချက်၊ ပန်းပုဆရာ ရဲ့-ချယ်လယ်ဖန်တီးချက်မဟုတ်ပေဘူးလား။

ဒါပေမယ်လို့၊ သူသူငါငါ၊ သတ္တဝါအများ၊ ရုပ်သေး ကြည့်သွားကြတဲ့အခါကျတော့၊ ဦးဘကျော်-အမေပုဘို့ရဲ့ စင်တော်ကြီးမှာ၊ မင်းခန်း-မင်းနား၊ ဆန်းပြားစွာ, ခင်းကြင်း ပြီး၊ "သုံးဆဲ့နှစ်မြို့ပနာငယ်ချို၊ ဗဟို့မထွေးုင်"၊.....ဒီတော့၊ အဟုတ်တိုင်းပြောကြီး၊ အဟုတ်ဝန်ကြီးတွေ-စကားပြောနေ ဒါလိုလို-မထင်ကြပေဘူးလား၊ ဟိုမှာတော့၊ အတွင်းကလူ က, စကားပြော၊ ကြိုးဆွဲဆရာက-ခေါင်းကြိုးကလေးဆွဲ လိုက်တော့။ ခေါင်းကလေးက, လှုပ်တုပ်တုပ်၊ လက်ကြိုး ကိုဆွဲလိုက်တော့၊ လက်ကလေးက, လှုပ်၊ အဲဒါလို၊ ခေါင်း လှုပ်၊ လက်လှုပ်နဲ့၊ အဟုတ်ဝန်ကြီးတွေမဟုတ်၊ သစ်သား ရုပ်ဘဲ-မဟုတ်ပေဘူးလား။ ဒါကြောင့်—,

ရဇ္ဇုယောဂါ၊ ဒလက်ငယ်တွင်၊ ဆက်သွယ်ရှင်တဲ့၊ သေးမျှင်လှပြား၊ ကြိုးအများဖြင့်၊ အကြောင်း တော်တည့်၊

ပေါင်းဖော်မိကြခြင်းကြောင့်၊ ဒါရုယန္တံ၊ မင်းသား, မင်းသမီး၊ ဝန်ကြီးအသွင်၊ ဘုရင်–မိဖုရား၊ ယော်ကျွန်များနဲ့၊နောက်ပါး ခြွေရံ၊ အထွေထွေ အလာလာ၊ အဖြာဖြာ အဖုံဖုံ၊ တမျိုး ဆန်းပြားပုံ၊ ကြိုးယန္တရား အဘုန်ကြောင့်၊ တကိုယ်လုံး တုန်။ တကောင်လုံးတုန်၊ အကုန်လှုပ်ရှား၊ သစ်သားရုပ်များ သည်၊ သဗျာပါရံဏ္ဍ၊ သွား, လာ, က, ချန်၊ ဗျာပါရရှိပုံ ယောင်ယောင်၊ ခါယတိ၊ မဟုတ်တဲ့-မမှန်တဲ၊ ဟုတ်ယောင် ထင်စွ၊ ကြောင်တောင်ပင်လွဲကြလေသကဲ့သို့......။

တော်တော်နေတော့၊ ဆင်ယဉ်ဝတ်စားပြီး၊ ပုတီး–ဆွဲ ကြိုး၊ ဖဲပုဆိုး၊ မြပုဝါ။ အဖြာဖြာသော–ရတနာတွေကို ချယ်လှယ်ထားနှား၊ မင်းသမီး-မင်းသား, နှစ်ပါးသွားကြတော့။ ဦးဘကျော့ကြီးက, နောက်ကနေပြီး......"ရွှေမြင်းမိုရ်–တော[?] လုံးမြတ်ရယ်၊ ချစ်ပါတဲ့ မောင်အဆုံးမသတ်တယ်၊ မိုးယံဂျ[?] လှသဇင်-ခင်ခင်ပျိုရယ်၊မောင့်အသဲထဲက-စွဲရပါတော့ဘယ်" လို့ ဆိုလိုက်တော့။ "တို့ပါမျိုး–တို့ပါမျိုး" နဲ့......အောင်ဒါ,, မပေးကြဘူးလား......၊

"မအိ–ကတော့၊ ငယ်သေးလို့၊
ရုပ်သေးဆိုတာ, မမြင်ဘူးပါဘူး"

အဲဒါလို......တို့ပါမျိုးဆိုလို့၊ တို့ကြတော့၊ ယမနေသစ် သားချင်းမိုလို့၊ ဂျောက်ခနဲ......ဂျောက်ခနဲ-နေမှာပါဘဲ၊ အဝမှုလတုန်းက၊ ယနေအရုပ်၊ သစ်သားလုပ်ထားမှန် သိ ပါလျှက်နဲ့၊ အသိမှား၊ အမှတ်မှား၊ အစွဲမှားနဲ့......ထ[?]၊ တဏှာ၊ မာန၊ မောဟ-မကျန်၊ ဝိညာဏ်-ဆိုတဲ့၊ စိတ်ကြီ၊

စိတ်ဖန် ထင်ယောင်ယောင်၊ အမှောင်တည်းဟူသော-ကိလေသလာဘွာ-တဲ့သေတော့၊ ဒိဋ္ဌိဆိုတဲ့——အဝှဲနဲ့ ပျော်ပွဲကြီး ဆင်နေကြမဟုတ်လား။

ပဲ့ိုကဘော့၊ သူတို့ထင်သလိုမဟုတ်၊ ယာမနေ့သားရုပ်နဲ့ ဆက်သွယ်ထားသောကြိုး၊ အဲဒါလို—ကြိုးနဲ့ သစ်သား၊ အမှန်အားဖြင့်၊ ထင်ရှားနေပါတယ်။ အဲဒါလို၊ ယခုလဲတဲ၊ ရုပ်နာမ်နှစ်ပါး၊ ထင်ရှားရှိတာရဲ့အပေါ်မှာ၊ ဤရုပ်နာမ်ကား၊ ဖြဟ္မာ။ ဤရုပ်နာမ်ကား-နတ်၊ ဤရုပ်နာမ်ကား-လူ၊ ဤရုပ်နာမ်ကား-ယောကျ်ား၊ ဤရုပ်နာမ်ကား-မိန်းမ၊ ဤရုပ်နာမ်ကား-သား, သမီး၊ ဤရုပ်နာမ်ကား-ခွေး, ဝက်, ကြွက်, ငှက်။ ဤရုပ်နာမ်ကား-ငရဲသူ, ငရဲသား။ ဤရုပ်နာမ်ကား-ပြိတ္တာ, အသူရကာယ်၊ ဤရုပ်နာမ်ကား-သစ်ပင်တောတောင်ချယ်လို၊ ပန်းပုဆရာရဲ့အလား၊ ကံတရားရဲ့ စိမံသလို။ ဖန်တီးသလို၊ အနိမ့် အမြင့်၊ အထက်နဲ့ အောက်၊ ကမောက်ကမ၊ သဏ္ဌာသောတ, တည်ထောင်ပြီး၊ ကံရိုင်တွေကူးနေတာမဟုတ်လား၊ ထခြားမဆိုထားနဲ့၊ လူ့လောကရယ်လို့ ပြောခဲ့တဲ့၊ လူ့ရွာဌာန၊ လူ့ဒေသကြီးမှာ။ ရုပ်တရား၊ နာမ်တရား၊ ထိုနှစ်ပါးရဲ့အပေါ်မှာ။ ကံတရားရဲ့စနစ်၊ သူ့ လက်ချက်ကြောင့်၊ သမတတဲ့၊ ဘုရင်တဲ့၊ သူဌေးတဲ၊ စာရေးတဲ့၊ ကုန်သည်၊ ပွဲစား၊ တောင်သူလယ်သမားရယ်လို့၊ ခွဲခြားမနေဘူးလား၊ စင်စစ် ရုပ်နာမ်နှစ်ပါး၊ ခတ်သားအစစ်၊ဇာကံဖြစ်နေပါတယ်။

ဒါကြောင့်——။ ဒါ့ပြင်ယနေ့၊ မင်းသား, မင်းသမီး၊ ဝန်ကြီးအသွင်၊ ဘုရင်, မိဖုရား၊ ယယ်ကျွန်များနဲ့၊ နောက်ပါးခြွေရံ၊

အတွေတွေ, အလာလာ၊ ဇမြာမြာ, အဖုံဖုံ၊ တမျိုးဆန်းပြား ပုံ၊ ကြိုးယန္တရားအဟုန်ကြောင့်၊ တကိုယ်လုံးတုန် တကောင် လုံးတုန်၊ အကုန်လှုပ်ရှား၊ သစ်သားရုပ်များသည်။ သဗ္ဗာ ပါရံဏ္ဍဝ၊ သွား, လာ, က, ခုန်၊ ဗျာပါရရှိပုံ ယောင်ယောင်၊ ခါယတိ၊ မဟုတ်တဲ့၊ မမှန်တဲ့၊ ဟုတ်ယောင်ထင်စွဲ၊ ကြောင် တောင်ပင် လွဲကြလေသကဲ့သို့၊ ခါယတိ၊ "တို့ထော့မလိုလို၊ ဆိတ်ထော့ မလိုလို၊ လဲ့တော့မလိုလို၊ ဆွဲတော့မလိုလို၊" အလွဲသိ၊ ပွဲကြည့်တွေက မြုံ့ချိုချို၊ ဝါ၊ ဖက်တော့မလိုလို၊ ရမ်းတော့မလိုလို၊ နန်းတော့မလိုလို၊ အလွဲသိ၊ပွဲကြည့်တွေက, တို့ပါဆို၊ ထိုထို—ဤဤ၊ အထီထိ အလာလာ၊ ရိစရာ အလား၊ ကလိကမာ မှားကြလေသကဲ့သို့—။

တော်တော်ကြာလို့......သန်းခေါင်ကကျော်။ လင်းကြက် တွေက အော်ကြတော့၊ တို့ခန်း၊ ဆိတ်ခန်း၊ ပျော်ပါးခန်း တွေအပြီး၊ သား အကြီးက, ခေမှာမြင်၊ သား အငယ်မှာ, စွန်ကသုတ်။ ယောကျ်ားလုပ်သူမှာ,—မြွေကိုက်ခဲ-ပြီး၊...... "မယ်ပဒါ—ငိုပွဲ" ဆင်နွဲ့တဲ့အခန်း၊ ခပ်ကြမ်းကြမ်း လူးခါ လှိမ့်လိုက်တော့၊ ပွဲကြည့်တဲ့ လူအများ, အသဲတစိန့်၊ ကျော များဖိန့်ပြီး၊ မျက်ရေများ, လိမ့်လိမ့် ဆင်းလာပါရော၊ ဒီနေ ရာမှာ—မယ်ပဒါက "လွှဲအဆို" ပွဲကြည့်တွေက "မှဲ့အငို" ပေါ၊ မယ်ပဒါက "လူးအလှိမ့်" ပွဲကြည့်တွေက "အလူး ဆိမ့်" မယ်ပဒါက "ထမိမ" ပွဲကြည့်တွေက "သရေကျ" မယ်ပဒါက "ကုန်းအထ" ပွဲကြည့်တွေက "ဖုံးမရ" အဲဒါလို၊ အသုံးမကျ—အပိုအရွဲ၊ အဆိုတွေနဲ့ နွဲ့ပြီး၊ ငိုပွဲကြီး,ဆင်တော့ ဒါကိုး။ မယ်ပဒါရဲ့ဇာတ်ထုပ်။ ဂျပိုးသန်း—အရှုးမလုပ်သလို

နေမှာပေါ့၊ ထမိကို-ဇွန်တောင်ဆွဲအပြေး၊ ဂျပိုးသန်းရှဲ—
ပေါင်ကလေး၊ ဖွေးကနဲ—ဆိုတော့၊ မွေးကနဲ-မွေးကနဲ၊
အသေး ငနဲဘွေမှာ၊ အလေးဆွဲသလို နေကြမှာပါတဲ့။

"မဒင်-တို့တော့၊ နားမလယ်ပါဘူး၊
အဘောဝ်ရှ-ပြောသံကြားဒါပါ၊"

ဒါကြောင့်...... ခါယတိ၊ လူးတော့မလိုလို၊ လှိမ့်တော့မလိုလို၊ လဲတော့မလိုလို။ လှဲတော့လိုလို၊ ဝါ၊ မှဲ့တော့မလိုလို၊ ငိုတော့မလိုလို၊ မျက်နှာကလေးက၊ ဒို၊ အလွဲသိ၊ ဖွဲကြည့်တွေက-မှဲ့ငိုငို၊ တီတီတာတာ၊ အပလီအပလာမဟုတ်ပါတဲ့။ ဟုတ်ယောင်ထင်စွဲ၊ ကြောင်ကြောင်ပင် လွဲကြလေသကဲ့သို့။ ဇဝ်၊ ရှုတ်တွေးသမျှ၊ အဟုတ်တွေးကြပေတော့၊ ရုပ်သေးပြသည်နှင့် အလားတူသာသျှင်။ သုညံ။ ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝ၊ ဗျာပါရကင်းဆိတ်၊ အရိပ်နိမိတ် ပျောက်သုန်း၊ ဖြစ်လျှင် ဆက်ဆက်၊ ပျက်ဘက်ကို ရှုံးရှုံးပြိုးနေကြတဲ့၊ နာမရူပံ၊ အမှန်ဟုတ်ငြား၊ နာမ်ရုပ်တရားနှစ်ပါးသည်၊ အညှမညှသမာယုတ်၊ ကြိုးနှင့်ပေါင်းသင်း၊ အချင်းချင်းဆက်ဆန်၊ လက်ခံနှိုးချင်း၊ ရောနှောခြင်းသို့ ရောက်ရလေသောကြောင့်။ သဗျာပါရံ၊ သွားသတ်၊ ရပ်တတ်၊ ထိုင်တတ်၊ လျောင်းတတ်၊ ယာပိုက်သေးရပ်၊ လှုပ်ရှားတတ်သကဲ့သို့၊ ခါယတိ၊ လူတွေ၊ နတ်တွေ၊ ယောကျ်ားတွေ၊ မိန်းမတွေ၊ သားတွေ၊ သမီးတွေ၊ မြီးတွေ၊ မြစ်တွေက၊ သွားတတ်သလို၊ ရပ်တတ်သလိုလို၊ ထိုင်တတ်သလိုလို၊ လျောင်းတတ်သလိုလို၊ အလွဲသိ၊ ပွဲကြည့်သူတို့သို့၊ ထိုထို-ဤဤ၊ တီတီတာတာ၊ မဟုတ်

ပါတဲ၊ ဟုတ်ယောင်ထင်စွ၊ ကြောင်တောင်ပင် လွဲကြလေတော့၏။

အဲဒါလို၊ ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝ၊ ဗျာပါရကင်း၊ အလျှင်းမရှိ၊ ဘိတ်မရှိတဲ့၊ မြင်ထိပျက်မှု၊ ရုပ်နာမ်ဗုကို၊ ကြောင်တောင်မြင်လျှက်။ ကြောင်တောင်ဘဲ လွဲမနေကြဘူးလား၊

"ဒီနေရာမှာ၊ ချ ဝိယံသမား,, အပေးအယူနဲ့ ကစားပါရစေအုံး၊"

ရုပ်နာမ် နှစ်ပါး၊ သင်္ခါရတရားကတော့၊ နိစ္စ၊ ရူဝ၊ သုဘ ကင်းသုန်း၊ ထင်းတုံးပမာ၊ အကာအဘိမိုလိုရဲ့၊ အနှစ်အမာ ရှိမလား။......ဒါကြောင့်၊—

"အသာခကတ္ထေနှ-အနတ္တာ။"

အနှစ်အသား၊ အဖဘ်အားဖြင့်၊ ကိုယ်ထယ်ဘာခု၊ အနှမ္ဘ တချင်း-တသန်းဝိတ်က၊ တစိတ်စာမျှ-ရှာမရသော၊ အကာ ဟောမှို့။ အပျက်တောကြီးအမှန် ကော် အဘျဉ်းချုံး၊ နိဂုံး ချုပ်နဲ့ နာမ်။

"အသာမိကဋ္ဌေနှ-အနတ္တာ။"

ဘုရားရှင်တန်ခိုး၊ဘုန်းတော်မျိုးဖြင့်၊ စိုးရိုးအာဏာ၊ စိမ်ပါလဲ၊ ဘယ်ခါမဆိုင်၊ ခွင့်မပိုင်ဘဲ၊ လက်မှိုင် ချရ လေ သော ကြောင့်၊ အပျက်တောကြီးကော၊ အဘျဉ်းချုံး၊ နိဂုံး—ရုပ်နဲ့ နာမ်၊

**No. 27.**

"အဝသဝတ္တနဝတ္တန-အနဝတ္တ။"

အလိုသို့မလိုက်၊ အကြိုက်သို့မပါ၊ ဖြစ်ခြင်းတတ်တိုင်း၊ မဆိုင်း မရပ်၊ ဒီလိုင်းခတ်သို့၊ ဖြစ်တတ်သဘော။ အနက်ဟောရို့၊ အပျက်တောကြီး အမှန်ကော်၊ အကျဉ်းချုံး၊ နိဂုံးရုပ်နဲ့ နာမ်၊

အဲဒါလို၊ အသာဒိကတ္တမျိုး၊ အစိုးမရသော-အနတ္တတရား၊ ကြားသိပျက်ဆိုတဲ့ ရုပ် နာမ် နှစ်ပါး ကြောင်တောင်ပင်မြင်ငြားပါသော်လဲ၊ ကြောင်တောင်ဘဲ လဲ့မနေကြဘူးလား၊

အဝသဝတ္တနတ္တမျိုး၊ အစိုးမရသော အနတ္တတရား၊ နံသိပျက်ဆိုတဲ့ ရုပ် နာမ် နှစ်ပါး၊ ကြောင်တောင်ပင် မြင်ငြားပါသော်လဲ၊ ကြောင်တောင်ဘဲ လွဲမနေကြဘူးလား၊

လျှက်သိပျက်ဆိုတဲ့ ရုပ် နာမ် နှစ်ပါး၊ ကြောင်တောင်ပင်မြင်ငြားပါသော်လဲ၊ ကြောင်တောင်ဘဲ လွဲမနေကြဘူးလား၊

တွေ့သိ ပျက်ဆိုတဲ့ ရုပ် နာမ် နှစ်ပါး၊ ကြောင်တောင်ပင်မြင်ငြားပါသော်လဲ၊ ကြောင်တောင်ဘဲ လွဲမနေကြဘူးလား၊

ကြံသိပျက်ဆိုတဲ့ ရုပ် နာမ်နှစ်ပါး၊ ကြောင်တောင်ပင်မြင်ငြားပါသော်လဲ၊ ကြောင်တောင်ဘဲ လွဲမနေကြဘူးလား၊

ဒါကြောင့်။- ခါယတိ၊ လူတွေ၊ နွားတွေ၊ ယောကျ်ားတွေ၊ မိန်းမတွေ၊ သားတွေ၊ သမီးတွေ၊ မြေးတွေက, သွားတတ်သလိုလို၊ ရပ်တတ်သလိုလို၊ ထိုင်တတ်သလိုလို၊ လျောင်းတတ်သလိုလို၊ အလွဲသိ ပွဲကြည့်သူတို့လို၊ ထိုထို-ဤဤ၊

တိတိတာတာ၊ မဟုတ်ပါဘဲ၊ ဟုတ်ရောင်ထင်ဖွဲ၊ ကြောင်တောင်ပင်လွဲကြလေတော့၏၊ ခါယာတိ၊ အဝိဇ္ဇာမောဟမှောင်တိမ်သလာတွေက တွဲခဲ့တာကြောင့်။ “အောင်”—ကြောင်တောင်လွဲကြီးတွေ ဖြစ်၍နေကြလေကုန်သတည်း၊

ဆဲဒ်-နာမ, ရူပ, အနတ္တကော၊ မကျွမ်းမှန်နေထာကို၊ အဓိပညာနဲ့ စစ်ဆေး၊ အဘိညာဉ်ဖြင့်မေးပြီး၊ ပရိညာဘာနှင့် ချတ်ချွေချလိုက်တော့၊ သမုဒ္ဒေ ဒမ္မိ့လို၊ လောဘအာသာ၊ ဟိတ်ထကျော်နဲ့—ဘောက်ပြန်သေးသလား။ ခံစားသေးသလား။ မှတ်သား သေးသလား၊ ပြုပြင် သေးသလား။ တွေးတွေလာလာ မသရားပေါ် သေးသလား၊ ဒါ့ကြောင့်၊ အနတ္တ-ဘောလုံး၊ အသခ်ိဃ ကို သို့-သုံးလိုက်ပါသဖြင့်၊ ဗိမုတ္တိ-ငွေဖလား၊ “တင်—ပို” ဒ်မှာ ရထင်ပါလား၊

ဗုဒ္ဓ-ဘုရားဟောပြတယ်၊ ရုပ်နာမ်နှစ်ပါးလောကမယ်၊ အဟုတ်တွေးကြပေတော့၊ ရုပ်သေးပုံပမာတကယ်၊ နာမ်အစဉ်ခလုပ်များကြောင့်၊ ရုပ်တရား “လှုပ်ရှားရပါတယ်၊”

ဆဲဒါလို၊ ဝိမုတ္တိရသတရား၊ ရုပ်သေးဥပမာအားဖြင့်၊ သိမြင်ပေါက်ပိုင်၊ လေးပါးခိုင်၍၊ မရိုင်မရိမ်း၊ ကိ္ဂ ငြိမ်းအောင်၊ နေ့ရော ညဉ့်ပါ၊ ဘယ်ခါမပြတ်၊ ကြိုးစား အားထုတ်တော်မူကြပါ, တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊

၈။ “တံနိုး,, ဘုရင်၊”

၈။ ဘဂေဝါဟံ၊ ဘသံဒ္ဒိသွာ၊ ဘဝဥ္၊ ဝိဘဝေသိနံ၊
ဘဝံနာဘိ၊ ဝဒိကိဥ္၊ နန္ဒိဥ္၊ နဥပါဒိယိံ။ ။

ယနေ့ ဟောမှာကတော့၊—ဗြဟ္မာတသောင်း–မဂ်ဖိုလ် ရတဲ့တရားကို၊ ဟောရမှာဘဲ၊ ၊ဘုရားရှိတော်မူစဉ်က။ ဗက ဆိုတဲ့–ဗြဟ္မာကြီး, ရှိတယ်မဟုတ်လား။ အဲဒီဗြဟ္မာကြီး ဟာ၊ သူ့ကိုယ်သူ၊ အမြဲတည်တယ်လို့ အထင်ကြီးနေတဲ့- ဗြဟ္မာကြီးပေါ့။ ဒီလိုအထင်ကြီးရုံ-ဘာဘာမလဲ၊ကန္တာလော ကကြီးနဲ့တကွ။ သတ္တဝါမှန်သမျှတွေကို၊ သူဖန်ဆင်းထား ဒါတဲ့လို့။ အညာ အဖြန်းနဲ့၊ အဲရားပန်းထားဒါကိုး။ အား လုံးသော ဗြဟ္မာတွေကလဲ၊ ဒီနည်းအတိုင်း ယုံကြည်နေကြ တာပေါ့။

တနေ့သောအခါ၊ ဘုရားသခင်က၊ ဒီဗြဟ္မာကြီးရဲ့– အကြောင်းသိတော်မူတာနဲ့၊ ဗြဟ္မာပြည်သို့— ကြွတော်မူပြီး၊ ဗြဟ္မာပရိသတ်ရဲ့အလယ်မှာ၊ ဗက, ဗြဟ္မာကြီးအား၊ အသင် ဗက, ဗြဟ္မာကြီး၊ အသင်သည်၊ ရှေ့နောက်အလုံးစုံ၊အကုန် မသိ။ အသင်လဲဘဲ အမြဲမတည်နိုင်၊ အသင်၏ တန်ခိုးသတ္တိ သည်၊ဘာမျှမရှိဟု၊ ခပ်နှိပ်နှိပ်စကားများကို မိန့်တော်မူလိုက် တာကိုး၊ ဒီတော့၊ ဗကဗြဟ္မာကြီးဟာ ဆိပ်ရှက်သွားတာ ပေါ့၊ ဒါနဲ့–သူက ဘုရားရှင်ကို–ပြန်ပြောတယ်၊ အသင် ရဟန်းကြီး၊ အကျွန်ုပ် တန်ခိုးသိရအောင်၊ ကိုယ်ဖျောက်ပြ မယ်ဆိုပြီး၊ ကိုယ်ကိုဖျောက်သော်လဲ၊ မပျောက်ဘဲ ဖြစ်နေ တာကိုး၊ ဒါနဲ့၊ ဗိမာန်တွင်းဝင်လိုဝင်၊ ပဒေသာပင်–တိုးလို တိုး၊ ကိုယ်ကို ပုပုပြီး, ပျောက်သော်လဲ၊ ဘယ်နည်းနဲ့ မ...... မပျောက်တော့၊ အခြားသောဗြဟ္မာတွေက, ဝိုင်းပြီး ပြောင် လှောင်ဒါနဲ့။ ဗကဗြဟ္မာကြီးဟာ, ပိုပြီး–ရှက်သွားတာပေါ့၊

“ထိုင်နေ အကောင်းသား, ထသွားမှ-ကျိုးမှန်းသိဆိုတာလို” ဖြစ်ရရှာတာဘဲ။

## “ဟိုဓရှူးက-ကိုယ်တော်လေးတပါး, သတိရမိတယ်။”

ရှေးက,ဦးပဉ္စင်းတပါး၊ရဟန်းဘောင်မှာ-မပျော်တော့ဘဲ၊ လူထွက်မယ်စိတ်ကူးပြီး၊ မှန်ဘီရိုကြီးရှေ့မှာ၊ ခေါင်းပေါင်း, ပေါင်း, ပေါင်း,, စမ်းကြည့်တာကိုး၊ တနေ့ကျတော့။ ဆွမ်းပို့လာတဲ့ ကျောင်းအမနဲ့ မိနေပါရော။ ဒါနဲ့—ရှက်လှချည်ရဲ့လို့ဆိုပြီး၊ သေပေစေတော့လို့၊ ကျောင်းပြတင်းပေါက်က ခုန်အချလိုက်၊ ကျောင်းအမက,ခြေထောက်ဆွဲထား၊ဒီတော့၊ အောက်ထိုးကြီး, နေတာပေါ့လေ၊ “တခါပြင်–နှစ်ခါမရှက် ပရစေနဲ့” ကျောင်းအမ,......လွှတ်သာချလိုက်ပါတော့လို့ ဆိုသဘဲ့၊ ယခုလဲဘဲ၊ ဗကပြဲဗိုလ်ကြီးများ။ တခါပြင်–နှစ်ခါ ရှက်ကျနေပြီ။

အဲဒါလို၊ ဘယ်နည်းနဲ့မ-ဖျောက်လို့မရတော့။ “ဘုရားရှင်က။ အသင် “မာရ” ငါဘုရား ဖျောက်ပြမယ်၊ သေသေချာချာကြည့်ဟု–မိန့်တော်မူခဲ့ခဲ့ တခါထဲ-ပျောက်သွားဒါကိုး။ အဲဒီအခါမှာ၊ အဘိမာ–ဆိုတဲ့–ဘုန်းတော်နဲ့၊ ကိုယ်တော်ကို ဖျောက်ပြီး, ဟောတော်မူတဲ့ တရားတော်ဘဲ၊ ဒီတရားတော်အဆုံးမှာ၊ ဗြဟ္မာ ထသောင်း, မဂ်ဖိုလ်ရကြတယ်။ ဒါကြောင့်၊–

ဘဝေစါဟံ၊ ဘယံဒိသွာ၊ ဘဝဥ္စ၊ ဝိဘဝေသိနံ၊
ဘဝံနာဘိ၊ ဝဒိံကိဉ္စိ၊ နန္ဒိဉ္စ၊ နဥပါဒိယိံ။ ။

အဟာ၊ သင်လိုထင်ဘူ၊ နတ် လူ ပြဟ္မာ၊ သတ္တဝါများ၊ မှီခိုအားထားရတဲ့–ငါ့ဘုရားသည်။ ဘဝေ၊ ဝဋ်ဇာတ်အကျွဝါ၊ သံသရာပြင်ကျယ်၊ ပင်လယ်နှောင်တွင်း ထောင်အကျဉ်းခွဲ၊ ဘယ်၊ အိုမှုက-အဖြာဖြာ၊ နာရတာ အထွေထွေ၊ သေပုံတွေ–မချမဆိုနိုင်တဲ့၊ ဓမ္မဘာတည်းဟူသော ဒုက္ခဘေးတွေကို၊ ဖ်သွားဒေ၊ ကောင်းစွာပိုင်နိုင် ။ တကယ်ကိုသိ မြင်ခြင်းကြောင့်သာလျှင်၊ ဘဝဋ္ဌ၊ ကာမ တဆဲ့တဘုံ၊ ရူပတဆဲ့ခြောက်ဘုံ။ အရူပ လေးဘုံဟု ဆိုအပ်သော။ သံတံကျင်၊ ရွှေတံကျင်၊ ငွေတံကျင်။ တံကျင်အလား၊ ဒုက္ခကိုသာ ပွါးတတ်တဲ့၊ ဘဝ သုံးပါးကိုရင်း၊ ဝိဘဝေသိန်း၊ ဘဝကင်းရာ၊ ရှာကြံပါလဲ၊ သုံးဖြာလောင်မြှိုက်၊ မီးကျီးတိုက်ခွဲ၊ နှစ်ချိုက် ပျော်ညောင်း။ သတ္တဝါအပေါင်းကိုရင်း၊ ဝိဘဝေသိန်း၊ ပုညကြံယာ၊ မြတ်ဆယ်ဖြာကို၊ ကိလေသာအပေါ် သဟဲတရတွေနဲ့၊ ပျော်ပွဲပြုကာ နေကြတဲ့၊ များလှသောင်းသောင်း၊ သတ္တဝါအပေါင်းကိုရင်း၊ ဝိဘဝေသိန်း တံကျင်လွတ်ရာ ဆွဲခေါ် ပါလဲ၊ မပါနိုင်ဘဲ။ ရှောင်သွေခါလွဲကြတဲ့၊ ဥဏ်ပေ......ဥဏ်မွဲ၊ သတ္တဝါအနန္တကိုင်း၊ ဒိသွာ၊ လူနတ်ပြဟ္မာ၊ သတ္တဝါတွေရဲ့ပြုမှုပုံတွေကို၊ အနုလုံ–ပဋိလုံပြန်လှန်ကာတွေးမိဘကြောင့်၊ အရေးကုန်စဉ်၊ တကယ်ဘဲ သိမြင်တော် မူသည်ဖြစ်၍၊ ကိဋ္ဌိဘဝံ၊ဘယ်ဘုံမှာနေ၊တစုံတခုသောဝဋ်ဘဝကို၊ နာဘိဝဒိ၊ဖုံဖုံမတ်မတ်၊ နှစ်သက်ခင်မင်၊ ဘယ်တော့မ–ငါမလိုချင်၊နန္ဒိဥ္စ၊ ဝဋ်ဘုံမှာန၊ ထောင့်တဘတ်ပြား၊ ဘဏ္ဍာသမုဒယတရားကိုလဲ။ နဥပါဒိယိ၊ အရဟတ္တမဂ်၊ မြတ်သိမ်လျှက်ဖြင့်၊ ချိုးဖျက်ခုတ်တွင်၊ တကဲ့ကိုဘဲ သုဓ်သင်တော် မူခဲ့ပါပေ သတည်း၊

နဥပါဒ်ိယိ၊ လူ့ပြေ့ရာလဲ-အိုနာသေ၊ နတ်ပြေမှာလဲ-အိုနာသေ၊ ဗြဟ္မာ့ပြေမှာလဲ-အိုနာသေ၊ ထိုဘဝါဘဝေ-ကြောင့်ကြစရာ အဆင်းတွေ မြင်လို့မို့၊ အို, နာ, သေ, နောက်ထပ် အခါခါ မတိုးချင်တော့ဘဲ၊ ထိုဘဂဝါပရမေ-မထောင့်ထဒါ တမျိုးဆင်ခါ ပြချမှာဖြင့်၊ "အောင်" တန်ခိုးဘုရင်—ဖြစ်တော်, ဖြစ်ကော်မူခဲ့ပါပေသတည်း။ ။

ဒီနေရာမှာ၊ ဒီလိုပါဌိတော်ရဲ့ အဓိပ္ပါယ်အသွား၊ သေချာစွာစဥ်းစားမယ်ဆိုလျှင်၊ သုံးဆဲ့သဘုံ၊ ဗြဟ္မာ့ဘုံမှာရှိကြတဲ့၊ ဗြဟ္မာတွေလဲ၊ သံသရာ့ဝင်နှောင်၊ ဒုက္ခသာ ဆောင်သောကြောင့်၊ ဗြဟ္မာဝဋ်ကောင်ဘဲလို့ ဆိုရလိမ့်မယ်၊

နတ်ဘုံမှာရှိကြတဲ့၊ နတ်တွေဟာလဲ၊ သံသရာ့ဝင်နှောင်၊ ဒုက္ခသာဆောင်သောကြောင့်၊ နတ်ဝဋ်ကောင်တွေပါဘဲ။

လူ့ဘုံမှာရှိကြတဲ့၊ လူတွေဟာလဲ၊ သံသရာဝင်နှောင်၊ ဒုက္ခသာဆောင်သောကြောင့်၊ လူဝဋ်ကောင်တွေပါဘဲ။

ဒါကြောင့်။ သုံးဆဲ့တဘုံ မြုပ်ပါခြည်ပြီး ကြည့်မယ်ဆိုလျှင်၊ ဘယ်ဘုံ—ဘယ်ထဝ၊ ဘယ်ဌာနမှ ဖြစ်ဖြစ်။ ဒုက္ခစစ်၊ ဒုက္ခမှန်ကိုသာ တွေ့ရပါသဖြင့်၊ ဒုက္ခသစ္စာလို့—ဟောတော်မူတယ်၊ ဒုက္ခဆိုတာ—ဆင်းရဲတာ၊ သစ္စာက—မှန်တာ၊ အဲဒီတော့။ ဆင်းရဲတာ မှန်တယ်၊ အဲဒီဆင်းရဲတာ-မှန်ကြောင်းကို၊ ကောင်းကောင်းကြီး သိလာတော့၊ အရိယာ ဖြစ်နိုင်တယ်၊ ဒါကြောင့်၊ "ဒုက္ခအရိယသစ္စာ" လို့။ ဟောတော်မူတယ်၊

ဒိဿော့ခါ၊ လူ့ဘုံ၊လူ့ဘ၀ရယ်လို့ ခေါ်ရတဲ့၊ ၀ဋ်မြင့်၊ ၀ဋ်တော၊ ဒုက္ခသဘောတွေကို......စဉ်းစားတော်မူစမ်းကြပါ၊ လူ့ဘာ၀တိ၊ လူ၏ ပဋိသန္ဓေ—တည်နေပုံက—စ ပြီး။ မွေးဘွားသည့်တိုင်အောင်၊ ဒုက္ခဖြစ်ရပုံကို မှန်းဆ၍ ကြည့်ခြင်းအားဖြင့်၊ မျက်မြင်ကိုယ်တွေ့ထောက် ထင်ရှား နိုင်ပါတယ်၊ မွေးဘွားပြီးသည့်နောက်၊ အမျိုးမျိုးသော ကသိကအောက်၊ ကမောက်ကမ-ရောက်ရ၊ ရသော—ဟူဆိုတဲ့ ခန္ဓာကိုယ်ကြီးဟာ။ ကျန်းမာနေတဲ့အခါမှာလဲ၊ လောဘကိလေသာအဖေါ်သဟဲတရန့်၊ ပျော်ပွဲကြီး ပြုနေတာဘဲ၊ မကျန်းမာပြန်လျှင်လဲ၊ ဒေါသကိလေသာ—မောဟကိလေသာ, အပိုချဲ့ပြီး၊ ငိုပွဲကြီးနဲ့ နေကြရဘော့ဒါဘဲ၊ ဒီခြားမှာ၊ သားဆုံးခေါ်ရတဲ့ ဒုက္ခ၊ သမီးဆုံး ဆုံတဲ့ ဒုက္ခ၊ ဆွေဆုံး၊ မျိုးဆုံး၊ အပေါင်းအသင်းဆုံး၊ အခြွေအရံဆုံး—စသော၊ အမျိုးမျိုး သောဒုက္ခတွေ၊ ဒလဘွေ, အပေ့အရှုတ်နဲ့၊ မနေချင်လဲ နေရ၊ နေချင်လဲ မနေရ၊ ချစ်သူနဲ့ကွဲရ။ မုန်းသူနဲ့ ဆုံရ၊ ဆဲဒါလို ဆင်းရဲကိုသာပေးပြီးနေရတဲ့၊ လူ့ဘုံ—လူ့ဘ၀၊ အကောင်းသုခရယ်လို့။ ထင်သမျှ၊ မြင်သမျှ၊ စွဲသမျှ၊ လိုချင်သမျှ၊ ရချင်သမျှ၊ (မွေ့—ကိုက်ရန့်) တောင့်တတဲ့၊ လူရူး လူအနဲ့—မတူဘူးလား၊

ဒီတော့ခါ၊ ယခုပြခဲ့သမျှသော-ဒုက္ခတွေဟာ၊ အလိုအလျောက်ဖြစ်ရတာ မဟုတ်ပါဘူး၊ ဘယ်ဗြဟ္မာကြီးကမ, ဖန်ဆင်းတာလဲ မဟုတ်ပါဘူး၊ မဟာပိဿနိုး၊ ခိုဒါရှင်။ ကျေးစန္ဒီ-ဆိုထာတွေလဲ၊ ဖန်ဆင်းတာ မဟုတ်ပါဘူး။ — “ရှင်းပြပါရစေဦး” ဒီဒုက္ခအားလုံးဟာ၊ ကလေကာ၀၊သယံဇာတ၊ သူ့ဘာသာ, ပေါ်ပေါက်လာတယ်ဆိုရင်၊ ဒီဒုက္ခ

တရားဟာ......အကြောင်းမဲ့တရားလား။ ယခုတော့၊ ဒီလိုလဲ အကြောင်းမဲ့ ဖြစ်ရသည်မဟုတ်၊ ဧသန္တ-အကြောင်းရှိရလိမ့်မယ်၊ ဒီဒုက္ခတွေဟာ, အကြောင်းရှိမ—ဖြစ်ပေါ်ရတဲ့၊ ဝေဒကစက်၊ အကျိုးဝိပါက်တရားသာ မှန်တယ်။

ဗြဟ္မာကြီး ဖန်ဆင်းတာ ဆိုလျှင်လဲ၊ ကာမ, ရူပ, အရူပ, ဆိုတဲ့၊ လောကသုံးပါး၊ ဒုက္ခသစ္စာ တရားများကို၊ မဖန်ဆင်းခင်က။ ဘယ်မှာနေရှာပါလိမ့်မလဲ၊ ဘာ့ကြောင့်—အို, နာ, သေရေး၊ ကြီးလေးသော ဒုက္ခဘေးတွေကို ဖန်ဆင်းပါလိမ့်မလဲ၊

ကမ္ဘာစစ်ကြီးအတွင်းတုန်းက၊ သတ်ကြ၊ ဖျက်ကြ၊ သေကြရသူတွေဟာ။ ထာဝရ-ဘုရားတည်းဟူသော,—မဟာဗြဟ္မာကြီးရဲ့တပည့်တွေသာ—များပါလိမ့်မယ်၊ အနောက်တိုင်းမှာ၊ အငတ်ပြဿနာ—ခဏခဏ, ပေါ်ခဲ့တယ်၊ ဖန်ဆင်း၍ ကယ်တင်ပါတော့လား၊ အနန္တတန်ခိုးဆိုတာတွေ၊ ဘယ်နေရာ အသုံးချမလဲ၊ သူတို့ရဲ့—ဂရုဏာက, ဘယ်သွားနေပါသလဲ၊

အဲဒီလို—မဟာဗြဟ္မာ၊ ထာဝရဘုရား၊ မဟာဗိဿနိုး, စသောသူများသည်၊ (လက်သယ်) လောကမ—အားကိုးရပါဘဲကလား။ ကျဉ်းမြောင်းတွင်းသော—အမိ၏ ဝမ်းခေါင်းမှ၊ မွေးဘွားတုန်းက။ လက်သယ်—ဆရာမ, ကြောင့်၊ သက်သာရာ ရခဲ့ပါသေးတယ်၊

**No. 28.**

ဒါ့ကြောင့်၊ ကာမ–တဆဲ့တဘုံ၊ ရူပ–ဘဆဲ့ခြောက်ဘုံ၊ အရူပ–လေးဘုံ။ ဝဋ်မြုံ–ဝဋ်ဘောဒုက္ခသဘောဟာ၊ ဘယ်သူမှ ဖန်ဆင်းထားမဟုတ်ပါဘူး၊ ဝေဒကစက်-အကျိုးတရားဖြစ်သော၊ ဒုက္ခသစ္စာ-ဝိပါက်-ကတတ္တာကို တွေ့ရပါသဖြင့်။ အကြောင်းတရား ဧကန္တရှိရမယ်၊

အကြောင်းတရားသည်၊ ဘယ်ဟာလဲ။ ဝိဘဝေသိန်း၊ ဘဝကင်းရာ၊ ရှာကြံပါလဲ၊ သုံးဖြာလောင်မြို့ကြ်၊ မီးကျီးတိုက်၍၊ နှစ်ချိုက် ပျော်ညောင်း၊ သတ္တဝါ အပေါင်းကိုရင်း၊ ဝိဘဝေသိန်း၊ ပညာကြံယာ၊ မြတ်ဆယ်ဖြာကို၊ ကိလေသာ၊ အဘော်သဟဲ တစုတွေနဲ့၊ ပျော်ပွဲပြုကာနေ့ကြတဲ့၊ များလှသောင်းသောင်း၊ သတ္တဝါအပေါင်းကိုရင်း၊ ဝိဘဝေသိန်း။ တံကျင်လွတ်ရာ၊ ဆွဲခေါ်ပါလဲ၊ မပါနိုင်ဘဲ၊ ရှောင်သွေခဲ့လွှဲကြတဲ့၊ ဥာဏ်ပေ–ဥာဏ်မွဲ။ သတ္တဝါအနန္တကိုရင်း၊

အဲဒါလို စဉ်းစားမယ်ဆိုလျှင်၊ ယခု ကြုံနေရသမျှ ဒုက္ခသစ္စာများဟာ၊ အကြောင်းလက်ချက်–သမုဒယအတွက်–မဟုတ်ပေဘူးလား, ဟုတ်တာပေါ့။ ဒီသမုဒယပုဒ်ကို၊ တဏှာသမုဒယောဘဝေ–ထို့လဲ၊ ဟောတော်မူတယ်၊ တဏှာဆိုတာ၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ။ ဒီတဏှာသမုဒယအားလုံးကြောင့်၊ ဝဋ်ဒုက္ခတွေ ပေါက်ပွားလာတာဘဲ၊ လောဘတဏှာကိလေသာ-အကြောင်းဖြစ်ပုံကို၊ စနစ်ကျန်စဉ်းစားတော်မူကြပါ၊

များသောအားဖြင့်၊ ကမ္ဘာလောကကြီးမှာ၊ စေတနာတည်းဟူသော–ခေါင်းတွဲကြီးမှာ။ ကံကိလေ

> ဘာ—ထွဲပေါင်းများစွာတင်ဆင်ပြီး၊ သမုဒယစက်
> ခလုပ်နှင့်——……,

သုံးဆဲ့တဘုံ-ဘုတာရုံတွေကို၊ အပြင်းအထန်ရတ်နေကြတယ်၊ ဘာ့ကြောင့်လဲဆိုတော့၊ သူဌေးကိုမြင်လျှင်၊ ငင်းသူဌေးကိုအားကျပြီး၊ သူဌေးဖြစ်လိုကြတယ်။ သူဌေးအဖြစ်ကို တောင့်တကြတယ်။ သံသရာ့ သံသရာ, ကမ္ဘာအဆက်ဆက်ကကိုယ်မဖြစ်ဘူးတာလို့၊ ကိုယ်မခံစားခဲ့ဘူးတာလို၊ အာသာအငတ်၊ လောဘတဏှာ-သမုဒယစက်က၊ မြင်ရာဘုံမှာ-လိုက်လိုက် ဟတ်တော့ဒါကိုး၊ ချောလှစွာသောသူတွေကို မြင်မြန်လျှင်ထဲ၊ ထိုသူခဲ့သို့——ချောချင်ကြရ၊ လှချင်ကြရ၊ သံသရာ့ သံသရာ, ကမ္ဘာအဆက်ဆက်က၊ ကိုယ်မချောခဲ့ဘူးသလို၊ ကိုယ်မလှခဲ့ဘူးဘာလို၊ အာသာအငတ်၊ လောဘတဏှာ သမုဒယစက်က၊ မြင်ရာဘုံမှာ၊ လိုက်လိုက်ဟတ်တော့ဒါကိုး၊ အဖြင်းဆုံးအားဖြင့်။ ဘာမျှမပြောပသောက်တဲ့၊ စက်ပိုင်၊ ကုန်သည်၊ တခြား၊ စာချွဲစသောဂုဏ်ကလေးများကိုသော်လဲ၊ အားကျပြီး, နေကြတယ်၊ သံသရာ့ သံသရာ, ကမ္ဘာအဆက်ဆက်က၊ ကိုယ်မဖြစ်ခဲ့ရဘူးသော-ဘုံဘာ၊ ကိုယ်မရခဲ့ဘူးသော ဂုဏ်သိမ်၊ ကိုယ်မခံစားခဲ့ရဘူးသော-စည်းစိမ်ရယ်လို့—ဘယ်မှာရှိတော့မလဲ၊ စကြာဝတေး၊ သူဌေး—သူကြွယ်၊ သူလယ်-သူဘုံ၊ ရှင်ဘုရင်စသော, စည်းစိမ်ကြီးတွေဟာ, ရခဲ့ဘူးသူပါပြီ။ မီဘွင်မကဆေးဘူး၊ နတ်ပြေတချိုး၊ နတ်တန်ခိုးကြီး, နတ်ငွေများစွာနှင့်၊ ဗြဟ္မာ့ပြေတချိုး၊ ဗြဟ္မာတန်ခိုးကြီးများစွာ—, မိမိတို့ဖြင့်ခဲ့တဲ့ဘဝတွေက—နေရာမလပ်တော့ပါဘူး။ ယခုပင် ဘွဲ့ဘဝ

လေး, ကြည့်ကြည့်ပြီး၊ အာသာအငတ် လောဘဏှာ သမုဒယဓာတ်က, လိုက်လိုက်ဟတ်နေကြတာကို။ အဲဒီ အာသာလောဘဆိုတဲ့ ဟိတ်တဏှာ၊ ပယ်ခွါသမျှကာလပတ်လုံး၊ "ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာ ဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒနာ၊ ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ" ဆိုတဲ့၊ ပုညကြိယာ၊ မြတ်ဆယ်ဖြာကို၊ ကိလေသာအဖေါ် သဟဲတရနဲ့၊ ပျော်ပွဲကြီးမပြုပေဘူးလား။ ဒီလိုပြုခဲ့တဲ့-ထဏှာကံ။ မာနကံ။ ဒိဋ္ဌိကံ။ ဒီကံတရား, သံသရာ့နယ်ချဲ့သမားရဲ့လက်ချက်-ဒုက္ခဖြစ်ကြရတာမဟုတ်လား၊ သုဟာ — အကြောင်းသမုဒယသစ္စာပါဘဲ၊ ဒါ့ကြောင့်၊ —,

ဘဝမြို့သိုက်၊ ဂိုနိဂိုနိအိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊ ထွယ်တာသမှု၊ အကြောင်းပြု၍၊ ဓမ္မငြစ်ဆိုး၊ အဖြစ်မျိုးကို၊ကြိုးကြိုးပမ်းပမ်း။နေ့စဉ်ထမ်းလို့၊ပါယ်လမ်းဇိဇ၊အာ ႑ညနှင့်၊ ဘဝနောင်ခါ၊ သံသရာဝယ်၊ လူ့ရွာ-နတ်ငြမ်း၊စည်းစိမ်သွမ်းကို၊ ချမ်းသာအဘိ၊ အဆွဲငြိလျှက်၊ ဂတိနောင်ကို၊ ကောင်းစေလို၍။ ကုသိုလ်အရိုး၊ အမျိုးမျိုးကို၊ ကြိုးကြိုးစားစား၊ ပြုလေငြားက၊ ဆယ်ပါးပုည၊ အနဥ္စဟု၊ ဘဝနှီးရင်း၊ ပွားတဲ့လျှင်းသည်။ ဝဋ်ခင်းဝဋ်နွယ်ရှည်ကြောင်းတည်း၊ ၊

ဘျေးဖူးရှင်ဘုရားများ။ ဒါလို—ဆုံးမ-မထားဘူးလား၊ တနည်းအားဖြင့်လဲ။ ကာမဘုံကို၊ ရွေတံကျင်၊ ရူပဘုံကို၊ ငွေတံင်ကျ၊ အရူပဘုံကို၊ သံတံကျင်၊ အဲဒါလို၊ တံကျင်အလား၊ ပမာထားပြီး-ဆုံးမတော်မူတယ်မဟုတ်လား။ တံကျင်တို့မည်သည်မှာ။ ဘယ်တံကျင်မျိုးမဆို၊ ထိုးလျှိုးရှုးပေါက်၊ သေခြင်းသို့ ရောက်အောင်-ဆွဲခေါင်ဒါကြီးတဲ၊

ယခုတော့၊ **အ**ပါယ်လေးပါး၊ သစ်သားတံကျင်များ**ကို**တော့၊ သူရော-ငါပါ ကြောက်ရရာရယ်လို့ သိကြပါတယ်၊ ရွှေတံကျင်ကကော-ဘာထူးမှာလဲ၊ ရွှေဖြင့်ပြုလုပ်ထားသော်လဲ-တံကျင် မို့လို့ —သေဒါပါဘဲ။ ငွေဖြင့် ပြီးသော်လဲ-တံကျင်မို့လို့-သေဒါပါဘဲ၊ ဒီကဲ့သို့—၅ားတံကျင်ထိုး၊ **အ**ပါယ်လေးမျိုးဖြင့်၊ သေခဲ့ရတဲ့ဘဝ-**အန**န္တ၊ ရွှေတံကျင်ထိုး၊ ကာမသုဂတိမျိုးဖြင့်၊ သေခဲ့ရတဲ့ဘဝ-**အန**န္တ၊ ငွေတံကျင်ထိုး၊ ဗြဟ္မာနှစ်ဆယ် မျိုးဖြင့်၊ သေခဲ့ရတဲ့ဘဝ-**အန**န္တ။ ဒါပေမယ်လို့ **အ**သာအငတ်၊လောဘတဏှာသမုဒယခေတ်က၊ ယခုတိုင်အောင် ဆင်းရဲစွာ၅ာကြီခဲတဲ့၊ ချေးနဲ့စာဒါနဲ့၊ လူ နတ် ဗြဟ္မာ ဘုံဘဝ၊ တံကျင်ထိုးလျှိုးရာမွာန၊ **အ**သောင်ဘဝတွေကို တောင့်တနေကြတယ်။

''ဒီလိုတောင့်တပြီး-ပြုကြတဲ့ဒါန အားပေးရမှာလား၊'' ပြုသာပြုကြလို့ တိုက်တွန်းရမှာလား၊ ''ကျုပ်တို့တော့—တိုက်တွန်းအားပေး၊ အများကြီး ဝန်လေး မှိပါတယ်။'' ဒါကြောင့်မို့လို့၊ **အ**သာ**အ**ငတ်၊ လောဘတဏှာ သမုဒယ စက်ဖြတ်တရား, ခြားနားပြီး၊ များများကြီး—ဟောနေရပါတယ်၊ သို့သော်လဲ၊ မတိုက်တွန်းပေမဲ့၊ မတားမြစ်ပါဘူး၊ ကိုယ့်သဘောပေါ့၊

ဒီတော့ခါ၊ **အ**သာ**အ**ငတ်၊ သမုဒယဖြတ်ဘို့**အ**ရေးက။ ယခုပစ္စက္ခ မျက်မှောက်ဘဝမှာ-ရလာရတဲ့ ဒုက္ခသစ္စာကို သိကြဘို့**အ**ရေးက—အရေးကြီးပါတယ်၊ မိမိတို့ရဲ့-ဒီခန္ဓာကိုယ်ကြီးကို၊ ဥပါဒါနက္ခန္ဓာလို့—လွယ်လွယ်မှတ်ထားပါ၊

"ဥပါဒါနက္ခန္ဓာပိ ဒုက္ခာ" လို့လဲ၊ ဘုရား ဟောပါတယ်၊ ထနည်းအားဖြင့်၊ "သံခိတ္တေန-ပဥ္စုပါဒါနက္ခန္ဓာ-ဒုက္ခာ" လို့ လဲဟောပါတယ်၊ ဒိုခန္ဓာ ရှိနေသမျှ— ဒုက္ခလို့ဆိုလိုပါ တယ်၊......"ဥပမာ"

အချစ်ဆိုတဲ့—ခန္ဓာကြီး ရှိနေတော့၊ အချစ်ဖြစ် ဖြစ်ရ၊ အချစ်အို အိုရ။ အချစ်နာ နာရ၊ အချစ်သေ သေရ၊ အချစ် မုန်း မုန်းရ၊ အချစ်ကွဲ ကွဲရ။ အချစ်ဆိုတဲ့ ခန္ဓာကြီး မရှိမရှိ ပါလျှင်၊ အချစ်ဖြစ် မဖြစ်ရ၊ အချစ်အို မအိုရ။ အချစ်နာ မနာရ၊ အချစ်သေ မသေရ၊ အချစ်မုန်း မမုန်းရ၊ အချစ် ကွဲ မကွဲရ၊......, ဆဲဒိဒုက္ခအားလုံး၊ သမုဒယ ချုပ်ဆုံးအောင် ပရမတ္ထကိုပြမယ်၊

စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဉ်—ခတ်သုံးပါးတွဲပြီး ဖြတ်ခနဲ ပေါ်လာတယ်၊ ခဏလေးမှာဘဲ ပျောက်သွားတယ်၊ ဒီတော့၊ မမြဲတဲ့လက္ခဏာဘဲလို့ သိရတာပေါ့၊ မမြဲသဘော မချမိလို့—ဒုက္ခသစ္စာဘဲကိုး၊

သောတပသာဒ၊ သဒ္ဒါရုံ၊ သောတဝိညာဉ်—ခတ်သုံး ပါးတွဲပြီး၊ ဖြတ်ခနဲပေါ်လာတယ်၊ ခဏလေးမှာဘဲ-ပျောက် သွားတယ်၊ ဒီတော့၊ မမြဲတဲ့လက္ခဏာဘဲလို့ သိရတာပေါ့၊ မမြဲသဘောမချမိလို့—ဒုက္ခသစ္စာဘဲကိုး။

ဃာနပသာဒ၊ ဂန္ဓာရုံ၊ ဃာနဝိညာဉ်—ခတ်သုံးပါးတွဲ ပြီး၊ ဖြတ်ခနဲပေါ်လာတယ်၊ ခဏလေးမှာဘဲ ပျောက်သွား တယ်၊ ဒီတော့၊ မမြဲတဲ့ လက္ခဏာဘဲလို့ သိရတာပေါ့၊ မမြဲသဘောမချမိလို့—ဒုက္ခသစ္စာဘဲကိုး၊

ဇိဝှါပသာဒ၊ ရသာရုံ၊ ဇိဝှါဝိညာဉ်—ဓာတ်သုံးပါးတွဲပြီး ဖြတ်ခနဲ ပေါ်လာတယ်၊ ခဏလေးမှာဘဲ ပျောက်ကွယ်သွားတယ်၊ ဒီတော့၊ မမြဲတဲ့ လက္ခဏာဘဲလို့ သိရတာပေါ့၊ မမြဲသဘောမချမိလို့—ဒုက္ခသစ္စာဘဲကိုး၊

ကာယပသာဒ၊ ဖောဋ္ဌဗ္ဗာရုံ၊ ကာယဝိညာဉ်—ဓာတ်သုံးပါး တွဲပြီး၊ ဖြတ်ခနဲ ပေါ်လာတယ်၊ ခဏလေးမှာဘဲ ပျောက် သွားတယ်၊ ဒီတော့၊ မမြဲတဲ့လက္ခဏာဘဲလို့ သိရတာပေါ့၊ မမြဲသဘောမချမိလို့ ......ဒုက္ခသစ္စာဘဲကိုး၊

မနောပသာဒ၊ ဓမ္မာရုံ၊ မနောဝိညာဉ်—ဓာတ်သုံးပါးတွဲ ပြီး၊ ဖြတ်ခနဲ ပေါ်လာတယ်။ ခဏလေးမှာဘဲ ပျောက်သွား တယ်၊ ဒီတော့၊ မမြဲတဲ့လက္ခဏာဘဲလို့ သိရတာပေါ့၊ မမြဲ သဘောမချမိလို့—ဒုက္ခသစ္စာဘဲကိုး။

"အဲဒါလို ဟောတော်မူတဲ့အဆုံးမှာ။ ဗြဟ္မာ-တသောင်း မဂ်ဖိုလ်တည်ကြဘယ်။ —ဒါကြောင့်မို့—၊

ဘဝေဝါဟံ၊ ဘယံဒိသွာ၊ ဘဝဉ္စ၊ ဝိဘဝေသိနံ၊
ဘဝံနာဘိ၊ ဝဒိံကိဉ္စိ၊ နန္ဒိဉ္စ၊ နဥပါဒိယိံ။ ။

အဟံ၊ သင်လိုထပ်တူ၊ နတ်လူ ဗြဟ္မာ၊ သတ္တဝါများ၊ မှီခိုအားထားရတဲ့—ငါဘုရားသည်။ ဘဝေ၊ ဝဋ်ဓာတ်အကျွံ ပါ၊ သံသရာပြင်ကျယ်၊ ပင်လယ်နှောင်ထွင်း ထောင်အကျဉ်း၌။ ဘယံ၊ အိုမှုက-အဖြာဖြာ၊ နာရေဘ အထွေထွေ၊ သေပုံ တွေ့မချမနိုင်ကြတဲ့၊ ခွဲ့တာတည်းဟူသော—ဒုက္ခဘေးတွေ ကို၊ ဒိသွာဝေ၊ ကောင်းစွာပိုင်နှင်း။ တကယ့်ကိုသိ မြင်ခြင်း

ကြောင့်သာလျှင်၊ ဘဝဋ္ဋ၊ ကာမတဆဲ့တဘုံ၊ ရူပတဆဲ့ခြောက်ဘုံ။ အရူပ လေးဘုံဟုဆို အပ်သော။ သံတံကျင်၊ ရွှေတံကျင်၊ ငွေတံကျင်၊ တံကျင် အလား၊ ဒုက္ခကိုသာ ပွါး တတ်တဲ့၊ ဘဝသုံးပါးကိုရင်း၊ ဝိဘဝေသိန်၊ ဘဝကင်းရာ၊ ရှာကြံပါလဲ၊ သုံးဖြာလောင်မြှိုက်၊ မီးကျိုးတိုက်ဒွ၊ နှစ်ချိုက် ပျော်ညောင်း။ သတ္တဝါအပေါင်းကိုရင်း၊ ဝိဘဝေသိန်၊ ပုညကြိယာ၊ ဖြတ်ဆယ်ဖြာကို၊ ကိလေသာအဖေါ် သဟဲတစုတွေနဲ့၊ ပျော်ပွဲပြုကာ နေ့ကြတဲ့၊ များလှသောင်းသောင်း၊ သတ္တဝါအပေါင်းကိုရင်း၊ ဝိဘဝေသိန်၊ တံကျင်လွတ်ရာ၊ ဆွဲခေါ်ပါလဲ၊ မပါနိုင်တဲ့။ ရှောင်သွေခါလွဲကြတဲ့၊ ဉာဏ်ပေ......ဉာဏ်မွဲ၊ သတ္တဝါအနန္တကိုင်း၊ ဒိသွာ၊ လူနတ်ဗြဟ္မာ၊ သတ္တဝါတွေရဲ့ ပြုမှုပုံတွေကို၊ အနုလုံ–ပဋိလုံပြန်လှန်ကာတွေးမှ်ဘာကြောင့်၊ အရေးကုန်စဉ်၊ တကယ်တဲ့ သိမြင်သော် မူသည်ဖြစ်၍၊ ကိစ္စဘဝံ၊ ဘယ်ဘုံမှာနေ၊ တစုံတခုသော ဝဋ္ဋဘဝကို၊ နာဘိဝဒိ၊ ရုံပုံမက်မက်၊ နှစ်သက်ခင်မင်၊ ဘယ်တော့မ–ငါမလိုချင်၊ နန္ဒိဥ ဝဋ္ဋဘုံမှာနေ၊ တောင့်တတတ်ငြား၊ တဏှာသမုဒယတရားကိုလဲ။ နဥပါဒိယိ၊ အရဟတ္တမဂ်၊ မြတ်သံလျက်ဖြင့်၊ ချုံးဖျက်ခုတ်တွင်၊ တကဲ့ကိုဘဲ သုခသင်တော် မူခဲ့ပါပေ သတည်း၊ နဥပါဒိယိ၊ လူ့ပြေမှာလဲ အိုနာသေ။ နတ်ပြေမှာလဲ အိုနာသေ၊ ဗြဟ္မာ့ပြေမှာလဲ အိုနာသေ၊ ထိုဘဝါဘဝေ ကြောင့် ကြုံရာ အဆိုးတွေမြင်လို့၊ အိုနာသေ–နောက်ထပ်ခါခါမတိုးခြင်တော့တဲ့၊ ထိုဘဂဝါပရမေ–တောင့်တဒါ–တမျိုးဆင်ကာပြုရမှာဖြင့်၊ "အောင်"—တခိုးဘုရင်ဖြစ်တော်မူပါပေ သတည်း၊

နဲဒါလို အာသာအငတ်၊ တဏှာ သမုဒယ ဓာတ်ကို။ ဖြတ်ရာဖြတ်ကြောင်း။ ကောင်းမြတ်လှစွာသော။ ဝိပဿနာမဂ်ပညာ ဖိုလ်ပညာဖြင့်။ သုံးဆဲ့တဘုံ၊ ဝဋ်မြုံ၊ ဝဋ်မှောာ။ ဒုက္ခသဘောကို၊ သမုဒ္ဒေဒဖြင့်ချတ်ချွေချနိုင်အောင်။ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ်။ ကြိုးစားအားထုတ်တော်မူကြပါ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့။

## ၉၊ “တလှေစီး,,တစရိုးပါ၊”

၉။ ဝဋ္ဋေသဃော၊ သံသရံတာနံ၊ သက္ကာယနံ၊ နိစ္စပီဠကော။
ခန္ဓေ၊ ဗဓဟိတုံ၊ ဒါနိ၊ ဗဓာဟောထ၊ ဗခါနိကာ။။

ဝဋ္ဋေသဃော၊ ဝဋ္ဋသြဃော။ ပြေးလို့ မလွတ်။ ဘုံ ဝဋ်အကျယ်။ ပင်လယ်လှိုင်းဘွက်။ လေးပါးသောသြဃစက်ထဲ၌။ သံသရံတာနံ၊ ခန္ဓာကိုယ်ကောင်ကို။ ငါယောင်-သူယောင် ဟန်ဆောင် ပြုလုပ်လို့မှို့။ ငုတ်လဲငုတ်၊ မြုပ်လဲမြုပ်။ ကျော်လဲကျော်၊ ပေါ်လဲ ပေါ်လို့မှို့။ သင့်လျော်သလိုမြောပါးကျက်စားကျဉ်လည်ကာနေကြကုန်သော။ သက္ကာနံ။ သက္ကာယကြီး‘ ခေါင်းကစီးပြီး။ အထီး-အမ၊ တသသနဲ့။ ဘဝအလိုက်, နှစ်ချိုက်ပျော်ပါး၊ သတ္တဝါဝေဘောများတို့ကို။ နိစ္စပီဠကော၊ မလိုက် မျက်နှာ။ ချမ်းသာမပေး၊ မလေးမစား။ ထောက်ထားကင်းမဲ့။ အတင်းခွဲလို့။ တကဲ့ကိုဘဲ နှိပ်စက် ညှင်းပန်းလေ့ရှိကြကုန်သော။ ခန္ဓေ၊ ရုပ်ရော-နာမ်ရော၊ စပ်နှောရက်ပုံ။ အကုန်ရန်များ၊ ခန္ဓာငါပါးတို့ကို။ ဗဓဟိတုံ၊ သင်းတို့နဲ့ ငါမပေါင်းရအောင်၊

No. 29.

ကျင်္န်းမောင်းကာ တွန်းလှန်။ မြန်မြန်ကြီး, ပယ်စွန့်လွှန့် လိုက်ဘို့ရာ အကျိုးငှါ။ ဒါနိ ဗုဒ္ဒါနိ၊ သာသနာ့ နေဝန်း၊ ပေါ် ထွန်းထွက်လာ—ဟောဒီ မြတ်ဓမ္မ အခိုက် အခါတွင်။ ဗဒါနိကာ။ ယောကျ်ား ဘသား, ငါတကားဟု။ ပဓာန အချုပ်။ ဝိပဿနာအလုပ်ကြီးကို။ ကြွားကြွားဝင့်ဝင့်။ ရဲရင့်ဥာဏ်ကြည်။ တည်တည် ကြည်ကြည်။ ဒိဒိ သာသာ။ ကောင်းကောင်းကြီး, လက်ကိုင် ရကြ ကုန်လျက်။ ဗဇာ ဟောထ၊ လို့လမယုတ်။ နောက်မဆုတ်သာ,အားထုတ်ကြ ကုန်ရာသတည်း။ ဗဇာဟောထ၊ ဖွတ်မရ—ဒါးမ, မဆုံးကြ ရအောင်။ ဝိဝဋ္ဋ အပါသုံးသုံးပြီး, တကမ္ဘာလုံး,အားထုတ် ကြကုန်ရာသတည်း။ ဗဇာဟောထ၊ ပေါ်တော်မူကိုလဲမမှီ။ ထိမ်းတင်ပွဲမှာ-မရမရှိကြစေနဲ့။ ဘဝဂတိ အရှုတ်အထွေး တွေကို။ သမုစ္ဆေ၊ ခုတ်ချေကာ, အသေလှဲဘို့နည်းပါက လ။ “ဩဒ်” တလှေထဲစီး တခရီးထဲသာ, ပါရလေ ကုန်သတည်း။

ယနေ့ညတော့။ ဒါနကံ၊ သီလကံ၊ ဘာဝနာကံ—ဆိုထဲ့။ ကံတရား အထွေထွေများဟာ။ ဝိပဿနာဆိုတဲ့—ဥာဏ်တရား တလှေစီး လိုက်လျှင်။ တခရီးထဲပါ ဆိုတဲ့ စကား, ဥပမာထားပြီး, ဟောကြား သွားရ တော့မှာဘဲ။ ဒီတော့။ ယှု—ပထမ, ပြောလိုတာကတော့။ သံသရာ့ ခရီးသွား-သံသရာ့ခရီးသမားတွေဟာ။ အချို့က—ကံလမ်း ကိုသာ သွားကြတယ်။ အချို့က-ဥာဏ်လမ်းကိုသာသွား ကြတယ်။ အချို့ကလဲ-ဥာဏ်ကဝိဇ္ဇာ။ ကံဆိုတာ၊ စရဏ ရယ်လို့။ ဝိဇ္ဇာစရဏ မဂ္ဂင်မ—လမ်းကို။ ရှေ့တမ်းလို့

သွားကြတယ်။ ဒီတော့ခါ။ ကံလမ်းဆိုတာက။ ခွေး၊ ဝက်၊ နွား၊ ဆိုတဲ့–အပါယ်သတ္တဝါများလဲ, ကံလမ်းဘဲ။ လူ၊ နတ် ဗြဟ္မာဆိုတာလဲ–ကံလမ်းဘဲ။ လူ၊ နတ်၊ ဗြဟ္မာ၊ ခွေး၊ ငှက် စသော, သတ္တဝါများ တလမ်းထဲသွား–မှားတယ်လို့ ဆို ကြမလား။ တဂိုဏ်းထဲထား, ရှိင်းတယ်လို့ ဆိုကြမလား။ ဘုရားကတော့— သဗ္ဗေသတ္တာ-ကမ္မသကာလို့–ဟော တာဘဲ။ ဘယ်သတ္တဝါမျိုးမဆို။ ကံသာမူလ၊ ကံဖြစ်ချ သလို ဖြစ်ကြရတာမဟုတ်လား။ လူဆိုတဲ့–ကံသမား စားမကုန်အောင်ပေါများတဲ့ သူဌေးကြီးက, ပေါပုံ၊ များ ပုံ၊ ကံတံခိုးအဟုန် ပြောပြရင်။ မြေကျွံသာစား၊ မြေပေါ် မှာသွားတဲ့–တိ, သတ္တဝါများလဲ၊ ဒါနအဟုန်၊ အစားအစာ ပေါများပုံကို ပြောလိမ့်မယ်။ ဆဲဒါလို–လူနတ်ဗြဟ္မာဆို တဲ့၊ သုဂတိဘုံသားများက။ သီလကံအဟုန်၊ အသက်ရှေ ပုံ ပြောကြရင်။ ဒုဂ္ဂတိဘုံသား၊ ငရဲပြိတ္တာ များကလဲ။ အသက်ရှေပုံ ပြောနိုင်ကြတာဘဲ။ အဆင်းလှပုံ ပြောရင် လဲ။ ကျက်တူရွေး, သာလိကာ၊ အဖြင်းဆုံး လိပ်ပြာက စ၊ အဆင်းလှပုံ ပြောမှာဘဲ။ ခွန်အားကြီးပုံ ဆင်ကလဲ– ပြောမှာဘဲ။ ဒီတော့၊ ကောင်းတံ–မကောင်းကံ ဆိုတာ။ သုံးဆဲ့တဘုံထဲ နွန်တဲ့ပြီး။ ငုတ်ချည်၊ ပေါ်ချည်၊ မြင့်ချည်၊ နိမ့်ချည်၊ ပေါ်ချည်နဲ့၊ ချည်အလိမ့်လိမ့် အစားစား။ သင့် လျော်သလို မျောပါး ကျည်လည်ကျက်စား။ ကံလမ်းကို သာသွား။ တံလမ်းကိုဘဲအားထား။ ကံသမားသက်သက် မို့လို့ရဲ။ သုံးဆဲ့တဘုံသား မခြားနားဘဲ။ ကံ တလမ်း သွားဘဲလို့ ပြောလိုက်ရပါတယ်။ ဉာဏ်လမ်း ဆိုတာ

က။ ရှင်ပစ္စေကဗုဒ္ဓါ, ရဟန္တာ, အများ။ သဗ္ဗညုတ်မြတ် ဘုရားများမှာ။ ကံလမ်းမစွက်။ ဉာဏ်လမ်း သက်သက် ကိုသာ, အားထုတ်တော်မူကြတယ်။ ထိုပုဂ္ဂိုလ် များမှာ။ (ကုသလ်–ကုသလ်-ဖဟံ) ဆိုသောစကား ထောက်ထား ၍။ ကံလမ်းမထား၊ ဉာဏ်လမ်း ကိုသာ သွားတယ်လို့ ပြောလိုက်ရပါတယ်။ မဇ္ဈိမလမ်းဆိုတာက။ သောတာ ပန်။ သကဒါဂါမ်။ အနာဂါမ်။ အဂ္ဂသာဝက-လောင်း။ မဟာသာဝကလောင်း။ ဘုရားလောင်း။ ထိုထိုသို့သော ပုဂ္ဂိုလ်များမှာ။ ကံတရား။ ဉာဏ်တရား။ ပြည့်စုံစွာထား ပြီး။ မဇ္ဈိမပဋိပဒါ, အလယ် အလယ်ဖြစ်သော လမ်းကို သာ သွားတော်မူကြတယ်။

ဒီတော့ခါ။သာသနာပအခါသမယများမှာ။မကောင်း ကံ ဖယ်ရှား၊ ကောင်းကံတရားနဲ့ အားထား ပြုလုပ် ကြိုး ကုတ်ခဲ့ကြသဖြင့်။ သာသနာတော်အတွင်း။ချင်းနင်းဆိုက် ရောက်ခဲ့ကြပါပြီ။ အဲဒါဟာ, ကံတရားသက်သက်ဖန်တီး ချက်ပါဘဲ။

ယခု သာသနာတော်တွင်းမှာ။ အတ္တဒိဋ္ဌိပြုတ် ခုနစ် ဘဝလောက် နေချင်သေးသော။ သောတာပတ္တိ ဆိုတဲ့ မဂ်အလုပ်။ ဗြဟ္မာ့ပြည်သို့ ရလိုသောဘဝတဏှာ။အာသာ နုသယရှိကြသေးတဲ့။ သကဒါဂါမိ။ အနာဂါမိ ဆိုတဲ့ မဂ်အလုပ်။ ဤကဲ့သို့သော အောက်မဂ်သုံးပါး အားထုတ် သူများမှာတော့။ ဝိဝဋ္ဋကံကိုတွဲပြီး။ စေတနာနာမ်ပွားရှု၊ ဝိပဿနာတရားရကို။ အားပြုရပါလိမ့်မယ်။ အဲဒါဟာ။ မဇ္ဈိမ ပဋိပဒါလမ်းပါဘဲ။

ယခုကာလ။ ဝိပဿနာလိုက်စား။ ကမ္ဘာသူ ကမ္ဘာသား။ ဝိပဿနာ ဓမ္မကထိကများလဲ။ ချိန်ခွင်လျှာပမာန၊ ဘောင်ဝင်မျှလှသော။ (ဝိဇ္ဇာစရဏ အချိုးကျဖြစ်သော- ရွှေဟင်္သာအလား) အတောင်နဲ့ပြန်သွား။ နှုတ်သီးနဲ့ အစာစားသလို။ ဒါနကို တွင်တွင်လိုက်စား။ သီလကို ရင်ဝယ်ပိုက်ထား။ ဘာဝနာကို ထင်မြင်အောင်စိုက်ပွားတဲ့။ ကံကို မပယ်။ ဉာဏ်ကို ရှေ့မှာဘယ်ပြီး။ အလယ်ဖြစ်သော မဇ္ဈိမပဋိပဒါလမ်းမြတ်ကို လိုက်စားကြပါတယ်။ လိုက်စားသင့်ပါတယ်။

သို့သော်လဲ။ ယခုဟောရမှာက။ (ဘဝံနုဝတ္တောမိ) ဆိုတဲ့ ဉာဏ်တရား။ (ကုသလံ ကုသလံ ဇဟံ) ဆိုတဲ့ ဉာဏ်တရား။ (သမ္မာဝိပာရေယျုံ) ဆိုတဲ့ ဉာဏ်တရား။ ရဟန္တာလို့ ခေါ်နိုင်တဲ့ ဉာဏ်တရား။ အရဟတ္တမဂ်ဆိုတဲ့ ဉာဏ်တရား။ အဲဒီလို ကံလမ်းမစွက်၊ ဉာဏ်လမ်းသက်သက်ကို ဟောကြားရပါလိမ့်မယ်။ ဒီတော့ခါ။ ပရိသတ်များ, ခေတ္တကလေး သတိထားစေချင်ပါတယ်။ ဒီနေရာမှာ။ ဆရာဘုရား, သိတန်လေးပြထားပုံက,-

ကံတရားလေ့လာကြရင်ဖြင့်၊ တငါငါမွေ့တိုင်းပန်းမှာကွယ်။

ဉာဏ်တရားလေ့ကြရင်ဖြင့်၊ အရာရာ တွေ့တိုင်းချမ်းသာမယ်။

**No. 30.**

ကံ အကျိုးမက်ထဲ့ အလေ့နဲ့၊ လက်တွေ့ ကိုယ်တိုင် ဆင်းရဲခဲ့တယ်။

သံသရာဝဋ်ပင်လယ်၊ ခုတိုင်မြုပ်ရတယ်။ ဩဘာ လေးသွယ်။

လွတ်မြောက်ဘွယ်၊ ဘယ်လိုဖြတ်အောင် ဖြတ်ရမယ်။

အနတ္တသိတ၊ ပရမတ်မျှ မြင်မှ၊ ဘုံလမ်း၊ ကံလမ်း၊ ဘဝလမ်းဖြတ်နိုင်မယ်။

ဒီတော့။ ရုပ် နာမ် ခန္ဓာကို ပိုင်းခြား၍ သိပြီးသော။ သောတာပန် ပုဂ္ဂိုလ်များမှာ။ ဒါန၊ သီလ၊ စသော–ကံ, တရားက။ အပါယ်မွေနဲ့ တကွ။ အကုသိုလ် ကံပေါင်း တွေးဟောင်းတွေကို ဖြတ်ပေးဒါလား။ သောတာပန်ဆို တဲ့ မဂ်ဉာဏ်ကဖြတ်တာလား။ အလွန်ဆုံး, ခုနစ်ဘဝက ပိုသော ဩဘာလေးပါး ဘဝဆိုတဲ့ သံသရာများကို။ ဒါနစသော။ ဂိဟိဓမ္မ ကံတရား များက, ဖြတ်လိုက်တာ လား။ မဂ် ဉာဏ်က, ဖြတ်တာလား, စဉ်းစား တော်မူ ကြပါ။

ပြီးတော့–ခုနစ်ဘဝဆိုတဲ့။ ဩဘာသံသရာကို။ဒါန စသော ကံတရားများက, တားသလား။ ကျန်ရှိသေး သော, မောဟ သာယာသော။ အာသာဆန္ဒက–တား သလား။

ပြီးတော့။ သိတဓမ္မ, အသိတဓမ္မ, နှစ်ရပ်သော, အနတ္တကြောင့်။မောဟမရှိ။သာယာသောဆန္ဒမညီသော,

ရဟန္တာပုဂ္ဂိုလ်များမှာ။ တရားဟောခြင်း၊ ပဋ္ဌာန်ရွတ်ခြင်း၊ ကောသနိ—ရက္ခမူစသော, ကံထရေးများက။ ဘဝအကြွင်းအကျန်မရှိအောင်။ ဖြတ်တောက်ဖျက်ဆီးလိုက်တာလား၊ ရဟန္တာဆိုတဲ့ မဂ်ဉာဏ်က ဖြတ်တောက်တာလား။

ဘုရား သခင်လက်ထက်က။ ရှင်ဥပနန္ဒက-မထေရ်သည်။ ရဟန်းပေါင်း တထောင်။ တပြက်စီးပေါင်း တထောင်—ဖန်ဆင်းပြီး၊ ကျောင်းတော်အတွင်း။ အမှိုက်ရှင်းတော်မူတယ်မဟုတ်လား။ အဲဒီကံတရားများက, ဘယ်လိုအကျိုးပေးခဲ့မှာလဲ။

အဲဒါလို—အောက်မင်္ဂသုံးပါး ကံတရားများက။ မောဟတဏှာ ကျန်သေးသော ဘဝသံသရာမှာ။ ဗလဝ-အကျိုးပေးသွားမှာဘဲ။ ဒီတော့—ကံတရားများဟာ။ ဘဝသံသရာကို ဖြတ်ကြောင်းလဲ မဟုတ်။ ကျယ်ပွါးကြောင်းလဲ မဟုတ်။ ဒါဟာ မှချနည်းပါဘဲ။ ဒီတော့ခါ။ ဘုရား ရဟန္တာများ ပြုသော ကံတရားများကတော့။ အဟောသိကံတဲ့။ အဟောသိကံဆိုတာ။ အကျိုးမပေးသောကံ။ အလကားဖြစ်သောကံ။ တနည်းအားဖြင့်။ ကံမြို့။ ကံအချည်းနှီး။ ကံတုစ္ဆ။ အဲဒါမျိုးကို အဟောသိကံ, ခေါ်ပါတယ်။ ဒါကြောင့်။ သောတာပတ္တိမဂ်ပုဂ္ဂိုလ်။ သကဒါဂါမိမဂ်ပုဂ္ဂိုလ်။ အနာဂါမိမဂ်ပုဂ္ဂိုလ်။ အဲဒီပုဂ္ဂိုလ်များ ပြုသလိုကတော့။ အတော်အတန်ဘဲနားလယ်ကြပါပြီ။ အဟောသိကံဆိုတဲ့၊ ကံမြို့။ ကံအချည်းနှီး။ ကံတုစ္ဆ—ဖြစ်အောင် ပြုနိုင်ကြောင်းဖြစ်တဲ့ နည်းလမ်းကိုတော့။ အတော်ဘဲနဲ

ပါးကြပါတယ်။ ဒီတော့၊ ဒီနေရာမှာ။နားသောတဘောတ် ဒွက်ဆင်ပြီး။ မှတ်ချက်တင်တော်မူကြပါ။

"သတ္တလောက၊" "သင်္ခါရလောက၊"
"ဩကာသလောက–ရယ်လို့"
**(လောကသုံးပါးရှိပါတယ်။)**

သတ္တလောကဆိုတာ။ သစ္စာအားဖြင့်။ သမုတိသစ္စာ။ အဲဒီသမုတိဆိုတာ။ ငရဲ၊တိရစ္ဆာန်၊ပြိတ္တာ၊အသူရကာယ်၊ လူ၊ နတ်ဗြဟ္မာ၊ သုံးဆဲ့တဘုံလို့ ခေါ်ဝေါ်ရရုံမှန်ဘာကို။ သမုတိသစ္စာ–ခေါ်ပါတယ်။ ဒီတော့။ ခေါ်ဝေါ်ရုံ=ခေါ်ဝေါ်ရတာဖြင့်။ သုံးဆဲ့တဘုံရယ်။ သဏ္ဌာန် နိမိတ်။ အကြိတ် အခဲ။ အနဲ့ အများဆိုတာတွေရယ်။ ပြောရုံကာမျှ သတ္တလောက, သမုတိကိစ္စမျှဘဲ မဟုတ်လား။ ဒါဖြင့် လျှင်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဆိုတာများဟာလဲ။ ခေါ်ဝေါ်ရုံပါဘဲမဟုတ်လား၊ဒီတော့ ပုဂ္ဂိုလ် သတ္တဝါမရှိသော ရုပ် နာမ်တရား ပွါးများလျှင်။ သောတာပန်ပုဂ္ဂိုလ်စသော, အရိယာဖြစ်တယ်လို့ ဟော ကြပြောကြတာဟာ။ ပရိယာယ်လား, ဝေဖစ်လား။ သို့မ ဟုတ်၊ လိမ်တာလား။ ညာတာလား။ ဟုတ်တယ်လေ– ပုဂ္ဂိုလ်မရှိဘူးဆိုပြီး။ တရားသိမ–ဘယ်ကလာပြီး,ပုဂ္ဂိုလ် ကြီးဖြစ်နိုင်ပါ့မလဲ။ စဉ်းစားတော်မူကြပါ။ သို့သော်–
"ခေါ်ဝေါ်ကာမျှ–သမုတိကိစ္စ ခေါ်ရပါခဲ့"

ပြီးတော့လဲ။ ဤဟာကား, ရုပ်။ ဤဟာကား, နာမ်။ ဒါ ပထဝီ။ ဒါ အာပေါ–စသည်များလဲ။ ခေါ်ဝေါ်ရုံမျှ

မဟုတ်လား။ ဒီလိုဆိုတော့၊ ပရိသတ်များရဲ့နား–နိုင်ဗင် ကစားသွားမှာ စိုးရတယ်။ ဒါပေမဲ့–ပထဝီဆိုတာ။ ပါဠိ စကား။ မြန်မာစကားနဲ့တော့–မြေ။ တနည်းအားဖြင့်–မာ။ ရှမ်း၊ ကချင်၊ ကုလားက, ဘယ်လိုခေါ်မလဲ–မသိဘူး။ အဲဒီတော့။ ခေါ်ဝေါ်ကာမျှ သမုတိကိစ္စဘဲ မဟုတ်ပေဘူးလား။ အဲဒါလို အမည် ဟူသမျှကတော့။ သတ္တလောက–သမုတိသစ္စာ, ပြောဆို ရုံသာ, မှန်ပါ သဖြင့်။ အသုံးကျ အသုံးဝင်၊ ထင်သမျှ မြင်သမျှ၊ သတ္တလောက, ခေါ်ဝေါ်ကာမျှ၊ သမုတိကိစ္စမိုလို့ ခေါ်ဝေါ်ရပါ၍။

ပြီးတော့လဲ။ ပါဠိလို–ဒါန၊ သီလ၊ ဘာဝနာ။ မြန်မာလို-အလကားပေးတာ၊ လေ့ကျင့်တာ၊ အာရုံပြုနေတာ။ ပါဠိလို–ကံ။ မြန်မာလို–လုပ်မှု ကိုင်မှု။ အဲဒါတွေလဲ၊ အမည်နာမတွေဘဲ။ ယခုပြောခဲ့သမျှဟာ၊ သမုတိသစ္စာ သတ္တလောကပါဘဲ။

ဘာဇနလောကဆိုတာ။ သစ္စာအားဖြင့်။ သဘာဝ–သစ္စာ။ အဲဒီသဘာဝဆိုတာ၊ သဘော သက်သက်မျှပါဘဲ။ ဘောက်ပြန်တဲ့သဘော။ ညွတ်သိတဲ့သဘော။ ဒီသဘောများကို။ သဘာဝသစ္စာဆိုပါတယ်။ ဘယ်လိုဘောပြန်တာလဲဆိုလျှင်။ တသမတ်တည်းမဟုတ်။ တသုတ်သုတ်ပျက်စီးနေသော–အနိစ္စရဲ့ကို၊ ဘောက်ပြန်တယ်လို့ ဆိုရလိမ့်မယ်။ ပါဠိလို-ဝိပရိနာမပေါ့။ ဒီတော့။ကံအားလျော်စွာ ဘမျိုးဖြစ်ပေါ်လာဘတ်တဲ့-ကမ္ဘာ။ စိတ်အား

လျော်စွာ တမျိုးဖြစ်ပေါ်လာတတ်တဲ့-စိတ္တဇ။ ဥတုအား လျော်စွာ တမျိုးဖြစ်ပေါ်လာတတ်တဲ့-ဥတုဇ။ အစာ အဟာရအား လျော်စွာ တမျိုး ဖြစ်ပေါ်လာတတ်တဲ့-အ ဟာရတဇ။ ဆဲဒီကဲ့သို့ အကြောင်းအား လျော်စွာ တမျိုး တမျိုး ဖြစ်ပေါ်ဖြစ်ပေါ်လာကို၊ ဘောက်ပြန် တာပါဘဲ။ ညွတ်သိတဲ့ သဘောဆိုတာကတော့။ အဆင်း၊အသံ၊အနံ့၊ အရသာ၊ အတွေ့ ဆိုတာတွေကို။ ခံစားသိဖြစ်ပေါ်တယ်။ မှတ်သားသိ ဖြစ်ပေါ်တယ်။ ပြုပြင်သိဖြစ်ပေါ်တယ်။ ကြံ စည်သိဖြစ်ပေါ်တယ်။ ဒီတော့ခါ။ နောက်ကပြောပြခဲ့တဲ့၊ သမုတိသစ္စာ သတ္တလောကဟာ။ ကြံစည်သိ သဘော၏ ကိစ္စ။ ကြံစည်သိ သဘော၏ လက္ခဏာတွေလို့ မှတ်ရ လိမ့်မယ်။ သဘာဝသစ္စာနဲ့တော့၊ ကြံစည်သိသဘော- ညွတ်သိတဲ့နာမ် ပေါ်တာပါဘဲ။ ဆဲဒါလို-ရုပ်ခေါ်ရတဲ့ သဘော။ နာမ်ခေါ်ရတဲ့သဘော။ ဒီ သဘောများကို။ သင်္ခါရလောက, သဘာဝသစ္စာလို့ ဆိုလိုပါတယ်။

တနည်းအားဖြင့်လဲ။ ဖြစ်သဘော၊ ပျက်သဘော။ မ လဲပျက်။ နူလဲပျက်။ ပူလဲပျက်။ လေလဲပျက်။ ဖွဲ့လဲပျက်။ လှုပ်လဲပျက်။ ပျက်စရာသဘော။ ပျက်မဟာ့ သဘော။ အလိုမလိုက်တဲ့သဘော။ အကျိုက်မပါတဲ့ သဘော။ မရှိ လဲပျက်။ ရှိလဲပျက်။ မသိလဲပျက်။ သိလဲပျက်။ ဆဲဒါလို သူ့ကိစ္စသူ-ဖြစ်စရာအကြောင်းနဲ့တွေ ဖြစ်၍။ ပျက်စရာ အကြောင်းနဲ့တွေ ပျက်တတ်သော သဘော မှန်ပြီးနေ သောကြောင့်။ သဘာဝသစ္စာ၊ လောကအားဖြင့် သင်္ခါ ရလို့ဆိုလိုပါတယ်။ဒီတော့ သတ္တလောက,သမုတိသစ္စာ

ဟာ။ စိတ်ရဲ့သဘော၊ နာမ်ရဲ့သတ္တိ၊ ဒီနာမ်ဆိုတာ ပျက်သဘော။ ဒီ ပျက်သဘော သဘာဝရဲ့ကို၊ သင်္ခါရဆိုတာဘဲ။ ဒီသင်္ခါရသဘာဝသည်။ ပျက်သဘောမှန်တဲ့အတွက်။ ဘယ်မှာ နိစ္စ ဟုတ်မလဲ။ နိစ္စ မရရင်။ ဓုဝ ရမလား။ ဓုဝ မရတော့ သုခရှိမလား။ အဲဒါလို။ အရှည်ခန့်ခိုင် မတည်တန့်နိုင်တဲ့ ဒုက္ခသဘောရဲ့ကို သင်္ခါရလောကလို့ဆိုတာမဟုတ်လား။ "အဲဒါဟာ—သင်္ခါရလောက, သဘာဝသစ္စာပါဘဲ။"

သြကာသ လောကဆိုတာ။ သစ္စာအားဖြင့် အရိယသစ္စာ။ အရိယာဆိုတာ မဖောက်ပြန်တာ။ စင်စစ်မှာတော့။ ဖောက်ပြန်စရာကို မရှိလောက်အောင်၊ အသိအမြင်ပိုင်ပြီး။ ဝါ။ ရုပ် နာမ် အသုံဖြတ်ပြီး ဆိုလို တယ်။ အကြွယ်ပြောပြပါရစေ။ ယခုရနေရသော, အကျိုးဝိပါက် ရုပ် နာမ် သင်္ခါရဒုက္ခသစ္စာဟာ။ ဘာ့ကြောင့်ရနေရတယ်ထင်သလဲ။ မသိမှု၊နားမလည်မှု၊ အ-မှု၊န-မှု၊ ဒုက္ခမှန်းမသိမှုကြောင့်။ လူ သုခ။ နတ် သုခ။ ဗြဟ္မာ သုခကို၊ သာယာခဲ့တယ်။ နှစ်သက်ခဲ့တယ်။ လိုချင်ခဲ့တယ်။ ရချင်ခဲ့တယ်။ အဲဒါလို—ရချင် လိုချင်တော့။ ရရာရကြောင်း နည်းကောင်း လမ်းကောင်းတွေနဲ့လုပ်ခဲ့ကြတယ်။ ဒီလို ရရာ ရကြောင်း ကြိုးစားခဲ့လို့ ရလာတဲ့။ လူ့စည်းစိမ်၊ လူ့သုခ ဆိုတာက။ အပျက်သဘော,ဒုက္ခသစ္စာဖြစ်နေပါရော။ ဒီတော့ အပျက်ခတ်ကြီးရနေပါပကော။ ဘယ်မလဲ သုခက–ရုပ်သဘော နာမ်သဘော မိုလို့။ အပျက်သဘော, အပျက်ခတ်သာတွေ့နေရတယ်။ ဒါ့ကြောင့်။

မသိမှုကြောင့် ရ-လာရအဲ့ ဒုက္ခသစ္စာ။ ဒီဒုက္ခသစ္စာကို ဒုက္ခမှန်းသိလျှင် လိုချင်ပါတော့မလား။ မလိုချင် မရချင်တော့။ ရစရာ ရကြောင်း မပြုလုပ်တော့ပါဘူး။ မပြုလုပ်လျှင်။ သင်္ခါရသဘော ဒုက္ခရပါ့မလား။ မပြုလုပ်ဆိုတာက—ဒီလိုပါ။

"ပေးကမ်းမှုပြုအဲ့နေရာမှာ – ဒုက္ခသစ္စာ ရလို့
စေတနာမပါဘူး။"

"ဆောက်တည်တဲ့နေရာမှာ– ဒုက္ခသစ္စာ ရလို့
စေတနာမပါဘူး။"

"ပွါးများတဲ့နေရာမှာ – ဒုက္ခသစ္စာ ရလို့
စေတနာမပါဘူး။"

အဲဒါဟာ, အဟောသိကံပါဘဲ။ ရဟန္တာများရဲ့ ကြိယာအဗျာကတ အမှုမျိုး။ "ကုသလံ ကုသလံ ဇဟံ" လို့ပြောလိုပါတယ်။ ဒါဟာ, ကံမြုံ။ကံအချည်းနှီး။ကံတုန်း။ အသီး မသီးသော လေပွင့်ပါဘဲ။ ဒီတော့ခါ။ လွန်ခဲ့ပြီးသော အကြောင်းကြောင့်။ ယခုရှိနေသော ရုပ်နာမ်ဒုက္ခသစ္စာကို။ နောင် ရစရာ ရကြောင်းမပြုတော့။ နောင်ဒုက္ခမရှိ။ ယခု အကြောင်းတုန်းနေပါပြီ။ အဲဒါလို စိတ်ထဲဉာဏ်ထဲမှာ သိလိုက်လျှင်။ "ဟာဟင်းလင်း" ပွင့်ပြီး။ ဩကာသဆိုတာ တွေ့တော့တာပါဘဲ။ ဟာခနဲ။ ရှင်းခနဲ။ လင်းခနဲ ဖြစ်သွားသည်ကို ဆိုလိုပါတယ်။ "ဘာမှအဖြစ်မရှိသော အသင်္ခတ—ကို။ ဩကာသပြောခြင်း မဟုတ်ပါဘူး။"

အဲဒါလို။ ဒိုးလျှိုးပေါက်ဉာဏ်အမြင်။ တကယ်တန်း သန့်ရှင်းအောင် မြင်ခြင်းသည်သာ။ အရိယသစ္စာဆိုရ ပါလိမ့်မယ်။ ဒါ့ကြောင့် သိမှုကြီးတခုကို ထူထောင်ပြီး၊ လိုချင်မှုအာသာလောဘဆိုတဲ့။ ဟိတ်တကျော်ကို ပယ်ခွါ နိုင်လောက်အောင်။ ရုပ် နာမ် ခန္ဓာ ဒုက္ခသစ္စာ ဆိုတဲ့၊ အားထုတ်ရာ အားထုတ်ကြောင်း။ ပွါးများရာ ပွါးများ ကြောင်းတွေကို ပြုလုပ်ကြရပါတယ်။ တကယ်တန်းကြိုး စားအားထုတ် ပြုလုပ်တော်မူကြပါ။ ဘာ့ကြောင့်လဲဆို တော့။—

''သူများယောင်လို့ ယောင်—။ အမယ် တောင်မှန်း မြောက်မှန်း မသိဆိုတာလို ဖြစ်နေမယ်။''

ဟိုရှေးက—ဘုန်းတော်ကြီးတပါး, ဆွမ်းခံပင့်ထားဒါ က-ပေါ်တော်မူကရော။ ထမ်းတင်ပွဲကရော ဆိုတော့။— နှစ်ခုဆုံနေတာပေါ့။ ဒါနဲ့ ဘုန်းတော်ကြီးက, ပေါ်တော် မူ အရင်သွားမဘဲလို့ သွား။ ဘုရား,ရောက်တော့-ဆွမ်း လောင်းရန် ပြင်ကြတုန်းရှိသေး။ အဲဒါနဲ့၊ ဩော်-ဒီက မလောင်းသေးဘူး, စောသေးဘယ်လို့ အောင်းမေ့ပြီး။ ထမ်းတင်ပွဲ ကြွသွား။ ဘုရားကလဲ-ဘော်တော်ဝေး။ ဟို ရောက်တော့။ ဆွမ်းလောင်း ပြန်ဘာတွေနဲ့တွေ့။ သယ်- ငါတော့ ဟန်မရဘူး။ ထမ်းတင်ဖြင့်—မမှီတော့ဘူး။ ပေါ် တော်မူ—ပြန်မဘဲလို့ ပြန်လာတော့။ ဒီကလဲ—လောင်းပြီး နှင့်ကြလေဘော့။ ဆဲဒီ ဘုန်းတော်ကြီးမှာ။ ''ပေါ်တော်

မှုလဲ မရှိ-ထမ်းတင်ပွဲမှာလဲ မရ" စကောစက, ဖြစ်တော်မူရတယ်။

ဆဲဒါလို-စကော စက။ တောင်မကျ-မြောက်မကျ-မဖြစ်ရလေအောင်။ ကံလမ်းမစွက်၊ ဉာဏ်သက်သက် ဖြစ်သော။ "ဝိပဿနာ" မှန်ပြောင်းနဲ့ တတ်ဆင်ပြီး ကြည့်လိုက်တော့။ အဖြစ်ပေါ်၍ အမှန် ပျက်သဘောကိုသာ ဆောင်နေတဲ့။ အသံ-သဒ္ဒဆိုတဲ့ ရူပက္ခန္ဓာကိုသာ တွေ့ရတယ်။ ဒီတွေ့နေတဲ့ ရူပက္ခန္ဓာ-အသံဆိုတဲ့ ဒုက္ခသစ္စာကို။ ကုန်ဆုံးပြီး, သုံးသွားအောင် သားထုတ်ကြပါစို့။-

ဆဲဒီ အသံခေတ်, ရူပက္ခန္ဓာ ဆိုတာ၊ ဂှိဂှိသမှု အဠက လာပ်များ၏ တခုနဲ့တခု ထိခိုက်မှုဒါဏ်ချက်ကြောင့်ဖြစ်ပေါ်လာတဲ့တရားပါဘဲ။ ဒါလို ဖြစ်ပေါ်လာတဲ့ အသံခေတ်ဟာ။ နိသတ္တ နိဇ္ဇီဝသဘောမို့။ နားဝမှာ ပျောက်ပျက်သွားတော့ဒါဘဲ။ ဒါပေမယ့် ပျောက်ပျက်သွားတဲ့ ခဏတ္တယ အနတ္တ ခေတ်ကို မသိကြ လေ တော့။ ကြားလိုက်ရင်ဘဲ။ ဝမ်းသာမှု ဝမ်းနည်းမှုတွေ ဖြစ်ပြီးနေကြတယ်။

ဝမ်းသာမှု ဖြစ်ပုံကတော့။ ရှေးက, သွီးတယောက်-အနီစွရောက်လေတော့။ အမိဖြစ်သူမှာ။ နေ့စဉ်ပူဆွေး, စိတ်မဖောဲ။ ငိုကြွေးလို့သာ နေသတဲ့။ တနေ့သောအခါ၊ ဇွမ်နားနီးချင်း မောင်မောင်ပျင်းက။ နတ်သားယောင်ဖန်ဆင်းပြီး။ ဒိရို လူသားဖြစ်သော-အမိကြီး။ ငိုကြွေးမနေပါနဲ့။ အမိရဲ့သွီးမှာ၊ ယခု-နတ်ပြေ, နတ်သွီး ဖြစ်၍

နေပါတယ်။ ပဉ္စသိခ–နတ်သားရဲ့ အပါးမှာ။ နတ်သမီး–များစွာနှင့် အတူနေရပါတယ်။ အဲဒါကြောင့်။ အမေရဲ့ သမီး, နတ်သမီးမှာတော့။ အခြားသော နတ်သမီးများလို။ ဆွဲကြိုး၊ လက်ကောက်၊ စိန်ဘီး၊ လယ်တုံ–မရှိ သဖြင့်။ မျက်နှာငယ်၍နေရှာတယ်။ ဒါ့ကြောင့်၊ အမေထံမှာ။ သူဝတ်တဲ့–လယ်တုံ၊ ရွှေဘီး၊ ကျောက်လက်ကောက်၊ စိန်နားကပ်၊ ဆွဲကြိုးများကို မြန်မြန်ပေးလိုက်ပါတဲ့။ အဲဒါလို ပြောသံကြားရတော့။ ဝမ်းသာလှ၍၊ သမီးဝတ်ဆင်သမျှ–လက်ဝတ် လက်စား,အကုန်လုံးရှာကြံ၍။ဝမ်းသာအားရ ပေးလိုက်ဆိုကိုး။ ဒီလိုပေးနေတုန်း, ဈုံးဆို–ယောက်ျား ရောက်လာ။ ဒီတော့–ဆီးပြောရှာတာပေါ့။ ဟော,– မောင့်သမီး, နတ်ပြေမှာ–နတ်သမီးတဲ့တော့။ ဝမ်းသာလိုက်တာ,– သူ့လက်ဝတ် လက်စားတွေ–ဝတ်ရအောင်–ငါ ပေးလိုက်ပြီဆိုတော့။ ဘယ်သူပြောသလဲဟ။ ဘယ်သူလာသလဲ။ အမယ်–နတ်သားကို၊ မောင့်သမီးက; လွှတ်လိုက်လို့၊ နတ်သားကိုယ်တိုင် လာရှာတာပေါ့။—မာတလိ နတ်သားပေါ့ ဆိုတော့။ ပြီးပါဘီ။ဘယ်မလဲ အဲဒီနတ် ဆိုထော့။ နတ်သားက, ပြာရီးပြာရာ–ခေါင်းရင်းက–မြင်းဖြူကြီး ဖြုတ်စီးပြေးရော။ လိုက်သော်လဲ–မမှီတော့မ။ “ကို မာ တ လိ ရေ။ အဘောကလဲ၊ ဖေါင်းဝတ်ဖြူကြီး တစီး ပေးလိုက်တယ်” လို့–ပြောပါလေ–လို့ အော်ဆိုကိုး,–ဟား ဟား။ အဲဒါဟာ၊ အသံဓာတ်ရဲ့၊ ခဏတ္တယ-အနတ္တကို မသိတဲ့အတွက်။ “ဝမ်းသာမှုဖြစ်ပေါ်ရတယ်။”

တနည်းလဲဘဲ။ ဒါက, ရွှေမန်းရိုဟော့။ ဒီအသံက, ဂျပိုးဟော့။ ဒါက,အောင်သန်းကွန့်၊ဝမ်းသာမှုတွေဖြစ်ပေါ်နေတယ်။အချူလဲဘဲ။ ညနေခြောက်နာရီအချိန်လောက်၊ခေါင်းလောင်းသံ၊ ကြေးစည်သံ ကြားသောခါ။ သာခု, သာခုဟု၊ ဝမ်းသာမှု ဖြစ်ပေါ်နေကြတယ်။ အဲဒါဟာ, အသံခတ်ရဲ့ ခဏတ္တယ-အနတ္တကို မသိတဲ့အတွက်၊ ဝမ်းသာမှုဖြစ်ပေါ်ရတယ်။ ရှေးက-ပျိုးနှုတ်သမား, ယောကျ်ားတယောက်ဟာ။ ပျိုးက, အခြောက်နှုတ်–နှုတ် နေရရင်းဘဲ။ မိုးစဲးအုံ့ပြီး, ရွာတော့မလိုလို–မိုးစဲးဟိန်းသံကြားကြားရတော့။ ဝမ်းသာအားရနဲ့၊ရှေ့ဘေး သွားချင်တာ, တော်ရာမသွားတော့ဘဲ။ မိုးစဲးရွာမှာဘဲလေလို့။ပုဆိုးထဲမှာဘဲ သွားထားဆိုကိုး။ ဘော်တော်ကြာတော့၊ မိုးစဲးလဲမရွာ။ ပုဆိုးမှာသာ ရွှံ-နေသတဲ့။ အဲဒါဟာ၊ အသံခတ်ရဲ့ခဏတ္တယ-အနတ္တကို မသိဘဲ့အတွက်။ "ဝမ်းသာမှုတွေဖြစ်နေရတယ်။"

"ဝမ်းနည်းမှုဖြစ်ကြပုံကတော့။" ကောင်းကင်ယံက, "ဒိ ဒိ ဒိ ဒိ" နဲ့ ကြားရတော့။ လေယာဉ်ပျံ လာတယ်လာတယ်နဲ့။ ဗုံးချမှာလေလား။ စက်သေနတ် လေလားနဲ့။စိုးမိမ်ပူဆွေး စိတ်မဖြောင့်ဘဲ၊ ဝမ်းနည်းကြတယ်။

ရှေးက, အလုပ်လုပ်သွားတဲ့ ယောကျ်ား ဆုံးရှာသတဲ့လို့ သူများပြောသံကြား၊ အိမ်က, မိန်းမက၊ အငိုငိုအရိုရိုနဲ့။ ဆွေမျိုးသားချင်းနဲ့ အိမ်နားနီးချင်းများ ရုံးပြီး။ ရက်လယ် ဆွမ်းသွတ်-တရားနာကြ။ တလ, လောက်ကြာတော့။ ယောကျ်ားက, အလုပ်လုပ်ရာက - ပြန်လာ။

နေဝင်ရီတရောအချိန်-အိမ်ဝင်။ မိန်းမက, တစ္ဆေချောက်ပါပြီတော့။ လူကိုယ်တိုင် ပြပါသတော့နဲ့။ တရပ်လုံးလိုက်ပြော။ အိမ်နားနီးချင်းများက,—ချောင်း ကြည့်ကြတာကို။ သူ့ခမျာ, အလုပ်လုပ်ပြန်လာ, မောမောနဲ့။ အောက်က-ပါလာတဲ့—ကွမ်းသီးဖက်, ဆေးလိပ်ကြီး,ရှူဖွာ ရှူဖွာနဲ့ သောက်နေ။ ဒီတော့၊ ချောင်း ကြည့်သူတို့က။ အမယ်လေး-ဟုတ်တယ် ဟုတ်တယ်နဲ့ ပြောကြ။ ဒို့တော့—နေလို့မဖြစ်ဘူး။ တစ္ဆေ မကဘူး။ မီးသရဲဗျ။ တရပ်လုံး စားမှာဆိုပြီး-ထွက်ပြေးကြသတဲ့။ ဒီတော့မ။ ဘယ့်နှယ်—ငါ့မိန်းမလဲ—ထမင်းရှုးတာမှတ်တယ်—ဘယ်သွားပါလိမ့်မယ်လို့-အော်ခေါ်တော့။ ခေါ်လေပြေးကြလေ။ အော်လေ ပြေးကြလေ—ဆိုကိုး။

အဲဒါဟာ။ အသံခေတ်ရဲ့ ခလာဍ္ဍယ—အနဏ္ဍကို မသိတဲ့အတွက်။ ကြောက်လန့်ပူဆွေး, စိတ်မဇော၊ဝမ်းနည်းမှုတွေ ဖြစ်ပေါ်နေတာဘဲ။ အဲဒီလို—အသံခေတ် အသံခေတ်မှန်း မသိတော့။ လိုချင် ရချင်တဲ့၊ လောဘဟိတ်ဗိတ်တဏှာနဲ့ ပြုလုပ်မှုစေတနာကြောင့်။ ရခဲ့ရတဲ့၊ရုပက္ခန္ဓာ-ဒုက္ခသစ္စာရဲ့ ပျက်သဘောဟာ။ ဘယ်မှာ ပြေးလို့လွတ်နိုင်ကြမလဲ။ ။ဒါ့ကြောင့်။—

ဝဍ္ဎောသယော၊ သံသရိတာနံ၊ သတ္တာနံ၊ အနိစ္စပိဋ္ဌကော။
ခန္ဓေ၊ ဗဇ္ဇပတိတ္ထုံ၊ ဒါနိ၊ ဗဇ္ဇာဟောသ၊ ဗခါနိကာ။ ။

ဝဍ္ဎောသယော—ဝဋ္ဋဩသယော။ ပြေးလို့မလွတ်။ ဘုံဝဋ်

**No. 33.**

ကကျယ်။ ပင်လယ်လှိုင်းဘွက်။ လေးပါးသောသြောစာ
စက်ထဲ၌။ သံသရာတာခုံ။ ခန္ဓာကိုယ်ကောင်ကို။ ငါရောင်
သူရောင်။ ဟန်ဆောင်ပြုလုပ်လို့မို့။ ငုပ်လဲငုပ်။ မြုပ်လဲ
မြုပ်။ ကျော်လဲကျော်။ ပေါ်လဲပေါ်လို့။ သင့်လျော်သလို
မြောပါး၊ ကျက်စား ကျဉ်လည်ကာ နေကြ ကုန် သော။
သတ္တာခုံ။ သက္ကာယကြီး ခေါင်းကစီးပြီး။ အထိ—အမ။
တသ,သ.နဲ့။ ဘ၀အလိုက်။ နှစ်ချိုက်ပျော်ပါး၊ သတ္တ၀ါ
ဝေနေယျားတို့ကို။ နိဗ္ဗာန်ပြင်ကေ။ မလိုက်မျက်နှာ။ ချမ်းသာ
မပေး။ မလေးမစား။ထောက်ထားကင်းမဲ့။အတင်းခွဲ့လို့၊
တကဲ့ကိုဘဲ နှိပ်စက်ညှင်းပန်းလေ့ရှိကြကုန်သော။ ခန္ဓေ။
ရုပ်ရော-နာမ်ရော။ စပ်နှောရက်ရုံ။ အကုန်ရန်များ၊ ခန္ဓာ
ငါးပါးတို့ကို။ ဗဇပတိတု်။သင်းတို့နဲ့ ငါမပေါင်းရအောင်၊
ကျိန်း မောင်း တွန်း လှန်။ မြန်မြန်ကြီးပယ်ဖွန့်လွှတ်လိုက်
ဘိုရာအကျိုး၌ါ။ ဒါနိဗ္ဗာဒါနိ။ သာသနာ့ နေဝန်း။ ပေါ်
ထွန်းထွက်လာ။ ဟောဒီ ပြတ်ဓမ္မအခိုက်အခါတွင်။ ပဓာနိ
ကာ။ ယောကျ်ားဘသား ငါတကားဟု။ ပဓာန အချုပ်။
ဝိပဿနာအလုပ်ကြီးကို။ကြွားကြွားဝင့်ဝင့်။ ရဲရင့်ဉာဏ်
ကြည်။ တည်တည် ကြည်ကြည်။ ဝိဝိ သသ။ ကောင်း
ကောင်းကြီး လက် ကိုင် ရကြကုန်လျက်။ ဗဇာဟောထ။
လုံးလမယုတ်, နောက်မဆုပ်သာ, အားထုတ်ကြ ကုန်ရာ
သတည်း။ဗဇာဟောထ။ဖွတ်မရ-ဒါးမ,မဆုံးကြရအောင်၊
ဝိ၀ဋ္ဋ အပါသုံးသုံးပြီး—တကမ္ဘာလုံး, အားထုတ်ကြကုန်
ရာသတည်း။ ဗဇာဟောထ။ ပေါ်တော်မူကိုလဲ့-မမှီ။ထိ
တင်ပွဲမှာ မရမရှိကြစေနဲ့။ ဘ၀ဂတိ-အရှုတ်အထွေးတွေ

ကို။ သမုဒ္ဒေ ချတ်ချေကာ, အသေလဲ့ဘို နည်းပါကလာ။ ပြောဲ—, တလှေထဲစီး, တခရီးထဲသာ-ပါရလေကုန်သတည်း။ ။

အဲဒါလို။ ပညာဥာဏ် တလှေထဲစီးပြီး။ ဒါန၊ သီလ၊ ဘာဝနာ၊ တခရီးထဲပါရအောင်။ အသံဓာတ်–ရူပက္ခန္ဓာ၏။ ခဏတွယ–အနတ္တကို။ နေ့ရော ညဥ့်ပါ။ ဘယ်ခါ မပြတ်။ ကြုံးစားအားထုတ်တော်မူကြပါ–တရားနာပရိသတ်အပေါင်း, သူတော်ကောင်းတို့။ ။

———ooo———

**၁၀။ "တစေ့ထဲ,, စုံပေ၏"**

၁၀။ ရမန္တ၊သာလိယေ၊ ဟံသာ၊ နှ,စဂိဏ္ဍာဒယောဒွိဇာ၊
ရမန္တ၊စေတ္တ၊ကလျာဏာ၊နှ,ဒုဗ္ဗာ၊သနိကာဇနာ။ ။

ဟံသာ။ နေရှတောင်ထက်။ စံနေမက်သော။ ငှက်ရွှေဟင်္သာ။ ငှက်လိမ္မာမျိုး။ ငှက်တံခိုးကြွယ်။ ငှက်မြတ်နွယ်တို့သည်။ သာလိယေ။ ဟောမဝါဂနိုင်။ပန်းမျိုးလှိုင်သည့်။ ဆဒ္ဒန် အိုင်သာ။ ယုဇနာ ကျယ်ပြော။ သလေးတောကြီးထဲ၌။ ရမန္တ။ ကျက်စားကာ, လျော်တဲ့ အလေ့တွေနဲ့။ တော်လဲတော်–ကျော်လဲကျော်လို့ရို့။ ပျော်လဲပျော်မွေ့နိုင်ကြလေကုန်၏။ ဂိဏ္ဍာဒယောဒွိဇာ။ ကျီး ငှင်းတမျိုး။ ငှက်အဆိုး ။ တံခိုးငယ်ရှာ။ ငှက်ယုတ်မာတို့သည်။ နစ ရမန္တ။ မကျက်မစားရာ·မလျော်တဲ့ အလေ့ ထင်လို့မို့။ တော်လဲမတော်-ကျော်လဲ မကျော်လို့မို့။ပျော်ဘဲ မပျော်မွေ့နိုင်ကြလေကုန်၏။ "စ" အဲဒီ ဥပမာ ပုံတနဲ ကဲ့သို့။

ယခုပွဲမှာလဲ ဒါလိုဘဲ ဖြကြပါကုန်ဗိုလ်။ ဇွဲ။ သာသာသနာ
ဂနိုင်။ ဒေသနာလှိုင်သည့်။ ဝိပဿနာ အိုင်သာ။ ခိုင်မာ
လာတို့။ ကြိုင်ကာ–ဆိုင်ကာ၊ မြိုင်စွာ-လှိုင်စွာ။ မြိုင်ဆိုင်
ကာ အဆင့်ဆင့်နဲ့။ တင့်တင့် တယ်ဘယ်။ ပဒုမ္မာတို့နှယ်၊
ပွင့်ရန်အပြီး, [ဝိမုတ္တိဆိုတဲ့] ဟောဒီ–ပွဲတော်ကြီး၌။
ကလျာလာ။ ရွှေပသာ်လို။ အလိမ္မာပိုသမျှ-ရဋ္ဌ အခြေခံ။
သောဘာပန် အငယ်စား, လူလိမ္မာဖြစ်ကြတဲ့။ ကလျာဏ
အစား သူဟော်ကောင်းများသာလျှင်။ ရမန္တိ။ ကျက်စား
ကာ-လျော်တဲ့အလေ့တွေနဲ့။ တော်လဲတော်၊ ကျော်လဲ
ကျော်လို့မို့။ပျော်လဲပျော်မွေ့နိုင်ကြလေကုန်၏။ဒုဗ္ဗာသ
နိကာ။ မကောင်းကြတဲ့ အလေ့အထုန်၊ နှံခဲ့တဲ့ဝါသနာ
စနစ်တွေကြောင့်။ အချိုနဲ့လဲ မဘက်၊ အချဉ် ချက်သော်
လဲမဟာန်။ မခံနိုင် ခံ, ခံနိုင် ခံ။ ရုပ်နဲ့နာမ်-အဆုံးကင်းလှုပါ
လျှက်။ "မုန်းတွင်းရောက်မ–မှောက်ရတဲ့လှေလို" တော်
ရောက်လဲ မလုပ်နိုင်ကြသဖြင့်။ နောက် နောက် ကိုသာ၊
ဆုပ်ခွါခွါ ဆုပ်ခွါခွါနေကြတဲ့။ နောက်ဆုပ်သမားဖြစ်ကြ
ပေကုန်သော။ ဒုဇ္ဇနာ။ ပညာမသူ။ သူတော်လဲ မဟုတ်။
သူယုတ်ကဲ့။ ဒုဇ္ဇနာ၊ ခန္ဓာနာမ်ရုပ်၊ မချုပ်သမျှ-မပြုတ်
သမျှ။ ဘယာဘေးအပေါင်း, ထောင်သောင်းမက-ခံနေ
ရမဲ့-ဒုက္ခသည် အများ။ ပုထုဇဉ် ဆိုတဲ့ အန္ဓ သမားတို့
သည်။ န, ရမန္တိ၊ မကျက်မစားရာ, မလျော်တဲ့ အလေ့
ထင်လို့မို့။ တော်လဲ မတော်၊ ကျော်လဲ မကျော်လို့မို့။
ပျော်ဘဲ မပျော်မွေ့နိုင်ကြ လေကုန်။ * နရမန္တိ။ ဆင်
သေကောင် အပြီးကြိုက်လေဘော့။ ကျီးမိုက်ရဲ့ဒုက္ခတွေ

ကို။ မုချအနေ-ထင်မြင့်ကြပါလျက်။ မဆင်ခြင်ဘဲ နေကြလေကုန်၏။ နဲ့,ရမ္ဘော။ အန္တိဘူတေ, အကြင်လောကမှာလာ၊ ဉာဏ်မရှိတဲ့ သူတွေ တမင်ပေါ်လှာသည့်ဟု။ ပြောသမျှ, ဟောသမျှ၊ သဘောကျ–မကျမို့။လောကရဲ့ဓမ္မတာတွေကို။ ဘဂဝါ,အဘော-အဟုတ်အမှန်ပြခဲ့သော်လဲ။ရုံပ်နာမ်ခဏမှာ အရှိစွဲစွဲပြီး။ အသိလွဲကာ, ဂုဏ်အမော်သမားတွေမို့။ "ဩဘ်" စဉ်းစားကြပေတော့။ "တစိထဲသာ" ရုံအပေါ် မှားကြလေကုန်သတည်း။ ။

မရှိတာ မြင်မှ။ ချမ်းသာတာကို တွေ့မယ်။
ရှိတာ ထင်သမျှ။ ပန်းစရာတွေကို မွေ့တယ်။
ချမ်းသာအတွေ့ ပျော်မွေ့တဲ့ အာရုံယူစန်းကွယ်။
သဘောကျ–မကျမို့၊ လောကဓမ္မတာဆိုတာ, လွန်ဆန်းကျယ်။
စိတ္တေန နီယတိ လို့။ ပါဠိတော် ထင်ရှားလာရှိတယ်။
သင်္ခတာဓမ္မာ-မသိဘဲမို့။ တစိထဲကို–ရုံပေါ် နေကြတယ်။

ယခုကျုပ်တို့တတွေ–ရွတ်ဆိုလိုက်တဲ့ ဂါထာအသွားဆောင်ပုဒ် သိဘာန်ရဲ့ စကားများကတော့။ အနတ္တ၊သုညတ၊ သင်္ခတ ဓာတ်မျှ၊ အတ္တ ပျောက်ကင်း။ အလင်းမည်ညှိုင်။ လက်ကိုင် ရရှိမှ။ ဝိမုတ္တိရသ ကို။ ခံစား စံစားနိုင်ထဲ့။ ဝိပဿနာ သာသနာတော်ကြီးဟာ။ အဆိုသြဇာ။ အရသာတွေကလဲပေါ်။ ယူဇနာအားဖြင့် အလွန်တရာကျယ်

ပြောတဲ့။ မဟာ, သလေးထောကြီးနဲ့ မတူကြဘူးလား။ အဲဒီ–မဟာ, သလေးတောကြီးမှာ။ ငှက်သူတော်မျိုး။ ငှက်ထံခိုးကြွယ်ရာ။ ငှက်ရွှေဟသ်ာများသာလျှင်။ သလေးဆိုတဲ့ အသီကိုစားပြီး, ပျော်ပါး နိုင်ကြတယ်။ ငှက်ဆိုး၊ ငှက်ဝါး၊ ငှက် လင်းတ–များမှာတော့။ သလေးကိုမှ, မစားဘဲနဲ့။ ဘယ်မှာလျှင် ပျော်ပါးနိုင်ပါ့မလဲ။

ဟို ရေးအခါတုန်းက။ ငှင်းတကြီး ထကောင်ဟာ။ ရွှေဟသ်ာ ငှက်အပေါင်း၏-လှပ တင့်တယ်သော,အဆင်း အရောင်၊ အတောင်–အလက်များကို မြင်လေတော့။ သူ့ရဲ့ မဘွယ် မရာသော, အဆင်း အင်္ဂါ, လက္ခဏာ များကို ကြည့်ပြီး။ ငါသည်၊ သူတို့လို မျက်လုံး။ သူတို့လိုစားသုံး ထဲ့ နှုတ်သီး။ သူတို့ကဲ့သို့ ပြန်သန်းနိုင်သော–အတောင် အင်္ဂါ ပြည့်စုံပါလျှက်။ ဘယ့်အတွက် သူတို့လို အဆင်း အရောင်၊ ဝင်းပြောင် တင့်တယ်။ သာယာကြည်နူးဘွယ် မဖြစ်ရသလဲ။ အဲဒီလိုကြံ၍။နွမ်းလျှ ခွေယိုင်။ အစားအစာ မမျိုနိုင်ဘဲ။ တမှိုင်မှိုင်နဲ့သာ, နေလေရာ။ တနေ့သော အခါ။ ရွှေဟသ်ာအပေါင်း,သူတော်ကောင်းဖြစ်ကြသော ငှက်များက။ အဆွေတော်။ ဘယ့်အတွက်ကြောင့်– တယိုင်ယိုင်ခွေ။မှိုင်တွေဝေကာ–နေရပါသလဲ၊ငါတို့အား ပြောကြားပါ။ ငါတို့–စွမ်းဆောင်နိုင်မည့် အရာဖြစ်လျှင်။ ငါတို့ ဆောင်ရွက်မည်–ဇေကာံအမှန်ယုံကြည်ပါ–လို့–ပြော ကြမှ။ သဘောကျလှသော, ငှက်လင်းတ–က။ မှိုင်ရ ခြင်းအကြောင်း ပြန်ပြောင်းကာ ပြောသောခါ။ ငှက်ရွှေ ဟသ်ာများက။ သည်ကိစ္စ အတွက်ဖြင့် မပိုးမိုပ် ပါနဲ့။

ကွန်ုပ်တို့-၄ှ,သလို၊ ၄ှစေပါမယ်။ အသင်အဆွေတော်က။ ကွန်ုပ်တို့ နေသလို နေပါ။ ကွန်ုပ်တို့ သွားသလို-သွားပါ။ ကွန်ုပ်တို့ စားသလို စားပါ။ ဤဝတ္တုရား သုံးပါးနဲ့ ပြည့်စုံပါလျှင်။ မကြာခင်-ဟာသ်ာအသွင်ပြောင်းပြီး။ ကောင်းမွန်သော အဆင်း အရောင်ဖြင့်။ ဝင်းပြောင်လာပါလိမ့်မည်-လိုက်ခဲ့ပေတော့ဟု၊ ခေါ်ဆောင်သွားကြပါသတဲ့။ ဒီတော့။ ဝတ္တုရားသုံးပါး, အင်မတန်သဘောကျတဲ့-ငှင်းတကြီး-က။ ရွှေဟာသ်ာများနှဲ ပျော်ပါးရာ။ တောင်ငှေသလာရောက်တော့။ မဟာဂနိုင်၊ ဘယ်လိုပင်သာယာကြိုင်လှိုင်သော်လဲ။ သူတို့နေသလို နေပါဆိုတဲ့ ဝတ္တုရားကြောင့်သာ နေလိုက်ရ၊ မပျော်မွေ့နိုင် ဘူးတဲ့။ "ပါရမလဲ။ လက်ပန်ပင်မှ-မဟုတ်ဘဲကလား။"

သူတို့သွားသလို သွားပါဆိုလို့။ ဆဒ္ဒန်ဒိုင်သာ။ ယူဇနာကျယ်ပြော၊ မွေ့လျော်ဘွယ်ကောင်းသော-သလေးတောသို့။ ပျော်ပါး ကျက်စား, သွားလာရငြားသော်လဲ။ မပျော်ပါးနိုင်ဘူးတဲ့။ "ပါရမလဲ၊ သူသေပေါ်တဲ့ အပုပ်ထောမှ-မဟုတ်ဘဲကလား။" အခြားသော ငှက်ရွှေဟာသ်ာများက။ အဆီသြဇာ၊ လွန်စွာမွမ်းထုံ၊ကောင်းမြတ်သော အရသာနဲ့ ပြည့်စုံတဲ့-သလေးဆီ,-သလေးဆံ-များကို။ မြည်တွန်သာယာ၊ ပျော်ရွှင်စွာ စားသုံးကြသော်လဲ။ ငှင်းတကြီးမှာတော့။ စားနိုင်တို့ နေနေသာသာ။စားကောင်းသည့်အစာရယ်လို့ မထင်ဘူးတဲ့။ "ပါရမလဲ၊ ခွေးသေကောင်ပုပ်မှ-မဟုတ်ဘဲကိုး။" ဒီတော့။ ဟေမဝါဂနိုင်-ပန်းမျိုးတွေ လှိုင်သည့်။ ဆဒ္ဒန်ဒိုင်သာ။ ယူဇနာကျယ်

ပြော။ သလေးတောကြီးမှာ။ ရွှေဟသ်ာများ,ပျော်ပါး သော်လဲ။ ဌက်ငှင်းတမျိုး၊ ဌက်ယုတ် ဌက်ဆိုးများမှာ တော့။ မပျော်မွေ့နိုင်ရိုး အမှန်ဘဲမဟုတ်လား။ ဒိဥပမာ လို။ ယခုသာသနာတော်–ဝိပဿနာ တရားပွဲတော်ကြီး မှာ။ "ရွှေဟသ်ာ အတူ။" ရှုဒ္ဒအခြေခံ၊ သောဘာပန် အငယ်စား။ လူလိမ္မာ–ကလျာဏများမှာတော့။ ဓမ္မရသ၊ ဝိမုတ္တိရသ-ဆိုတဲ့ သံသရာမှ ထွက်မြောက်၍။ သန္တိသုခ၊ ကောင်းမြတ်တဲ့ ရသာတရား–ပျော်ပါး နိုင်ကြတာပေါ့။ သူတော်မဟုတ်၊ ဌက်ယုတ် တူစွာ။ လူ့ဒုဇ္ဇဇာ–များမှာ့ တော့။ "ဂိဇ္ဈာဒယော–နဲ့,ရမန္တိပေါ့။" ဖဲဒိတော့။ကျုပ် တို့ ဗုဒ္ဓဘာသာမှန်သမျှ-စဉ်းစားကြဘို့ကောင့်းပါတယ်။ ဘယ်လို စဉ်းစားရမလဲ ဆိုတော့။ ယခုလောကမှာ။ ဘုရားတယ်ကြတယ်။ ကျောင်းဆောက်–အလှူပေး–ဆို တာလို။ ဒါနတွေ ကြီးစား။ များများကြီးပြု။ ဘုရား တကာ။ ကျောင်းတကာ။ အလှူတကာ ရယ်လို့။ ခေါ် သူ–ပြောသူ။ ဩဘာပေးခဲ့သူများရှိရင်တော့။ ဒါနတရား နဲ့ ပျော်ပါးနိုင်ပါသေးရဲ့။ ဒါလို ဩဘာပေးမဲ့သူမရှိရင်။ လောက, ကို၊ အပျက်ဆိုလာပြီ။ "ခုကာလကွာ၊ ဘုရား တကာမှန်းမသိ။ ကျောင်းတကာမှန်းမသိ။ အလှူတကာ မှန်းရယ်လို့ သိတဲ့လောက, မဟုတ်ပါဘူး။ဘုရားတယ်၊ ကျောင်းဆောက်။ ဒါန–လုပ်ရသော်လဲ။ အရာမရောက် တော့။ မပျော်ပါဘူး ဆိုပြီး, နောက်ဆုပ် သွားပါရော။"

"ပါရမလဲ။ ဘုရားတကာ, ကျောင်းတကာ-အခေါ်ခံ ရအောင် ပြုတဲ့ဒါနကိုး။" တော်တော်ကြာတော့။ ဒါန

နယ်ခြေကန်ပြီး။ သီလနယ်-တခါလိုက်ပြန်ရောက်ိုး။ဥပုသ်စောင့် သွားတဲ့ ကျောင်း ဘုန်းတော်ကြီးက,—နတ်ဆက်, စကားပြော, မလုပ်ထဲ့ရင်။ နို့-အရေးမလုပ်ပေါင်ဗျာ။ နို့တော့—အရာမဝင်ပါဘူး ဆိုပြီး,—နောက် ဆုပ် သွားပါရော။ “ဟင်း-ပါရမလဲ။ဘုန်းကြီးက, အရေးလုပ်အောင် အားထုတ်တဲ့ သီလကိုး။” ဗိုလ်ဖြင့်—နေရာမကျသေးဘောင်ဆိုပြီး။ ယောင်တောင်တောင်နဲ့— ဝိပဿနာ သမားဖြစ်ပြန်ချည်ပြီ။ “ဟာဟာ။” ဆဲဒီတော့။ သူများ ပြောသလို—ပြောချင် ဟောချင်ဖြစ်လာ။ ဒါနဲ့။ စာအုပ်ကောက်ကြည့်။ စာအုပ်က “နတ်လမ်းညွှန်။ မွေ့စေတီ” ‘ဟိဟိ’— ပြောလာပြီ။ ဒါန, သံသရာရှေတယ်။ သီလပြုတော့—ငတ်တယ်။ အလှူပေးတော့—မွဲတယ်ဆိုတာက-ပိုသေး။ ကြာတော့—ဘယ်သူမှ,နားမထောင်ချင်တော့ဘူး။ ဘာပြောပြော၊ ဂလန့်သာ သောသလိုဆိုတော့။ နားထောင်မဲ့သူက မရှိ။ ကြာတော့၊ သူ့စိတ်မှာ—မချိတရိဖြစ်လာ။ လူတွေ့ပြန်လဲ၊ တနေ့က—ဘယ်လူ ဟောလိုက်တာ—ကောင်းပါပေ့ဗျာ ဆိုတော့၊ သူအလွတ်။ ရှေးက မင်းသားကြီး-သိချင်းလို။ “ဆရာဝန် အသင်းတွေလာ။ ဟောဟိုဘက်မှာ—နေရှင်နယ်အသင်းတွေလာ။ ဟောဟိုဘက်မှာ။” ဆဲဒါလို၊ ကိုယ့်ဘက်ကကို မရှိဘူး။ ဟိုဘက်မှာကြီး။ ယခုလဲဘဲ၊ ဘယ်သူ ကောင်းတယ်၊ ဘယ်ဝါ ကောင်းတယ်။ သူတော့—မပါဘူး။ ဒီတော့၊ ခပ်မှိုင်မှိုင်ဖြစ်လာ။ တော်တော်ကြာ—တရားနာတောင်·မလာဘူး။

ဆဲဒိတော့။ ဒါနကံကိုလဲ-မထူထောင်။သီလကံကိုလဲမကြိုး စား။ ဘာဝနာကံကိုလဲ မလိုက်စားနဲ့။ တနေ့ကျတော့၊ ဒုန်ရင်းပြန်သွားပြီး။ "ဘူရှိန်း သမားကြီး ဖြစ်ရတော့ဒါ ဘဲ။" ပါရမယ်။ သူများချီးမွန်းအောင်လုပ်တဲ့ ဝိပဿနာ ကိုး။ ဒါကြောင့်။ ဒုဗ္ဗာ-သနိကာ။ မကောင်းကြတဲ့ အလေ့အထ၊ နုံကဲ့တဲ့ ဝါသနာ စနစ် တွေ ကြောင့်။ အချိန့်လဲ မဘက်။ အချဉ်ချက်သော်လဲ မဟာန်။ မခံနိုင်ခံ။ ခံနိုင်ခံ။ ရုပ် နှင့် နာမ် အဆုံးကင်းလှ ပါလျက်။ မှန်းတွင်း ရောက်မ-မှောက်ရတဲ့ လှေလို။ တောက်ရှောက်လဲမလုပ် နိုင်ကြသဖြင့်။ နောက်နောက်ကိုသာ-ဆုပ်ခွါခွါ ဆုပ်ခွါ ခွါနေကြတဲ့၊ နောက်ဆုပ်သမားဖြစ်ကြပေကုန်သော။ အ ချိုလဲဘဲ။ ဤဟာကား ရုပ်၊ ဤဟာကား နာမ်လို့။အနုမာ နသိရုံကာမျှ။ ဝိမုတ္တိဉာဏ်ရင်းကို အရောက် လုပ်မထား တော့။ နောက်ဆုပ်သမား ဖြစ်ရတာပေါ့။ "ပန်းမှန်း အဝင်ရောက်မှ၊ မှောက်ရတဲ့ လှေလို။အင်မတန်နှမျောလို့ မို့ ပြောရခြင်းဖြစ်ပါတယ်။

ဆဲဒိလို အစစ အရာရာ။ ဒါန၊ သီလ၊ ဘာဝနာ-ဆိုဒါ လို။ ယခုပြောခဲ့တဲ့။ ဟိန-ဒါန၊ ဟိန-သီလ၊ ဟိန-ဘာ ဝနာ။ ဒါသ-ဒါန၊ ဒါသ-သီလ၊ ဒါသ-ဘာဝနာ။ကာလ ဒါန၊ ကာလ-သီလ၊ ကာလ-ဘာဝနာ, ဆိုတာများကို ရှောင်ရှားပြီး။ သာသနာတော်-ဝိပဿနာတရားနဲ့။ရင်း ဝတ္ထုရေး သုံးပါးကို ပြည့်ရုံကြပါလျှင်။ "သမ္မာဝိဟာရေ ယျုံ၊ အသုညော၊ လောကေ၊ အရဟန္တေပိ၊ အသဿ။" ဆို တာ။ ဘုရားဟောဇကံ-အမှန် ယုံကြည်တော် မူကြပါ။

လောကကြီးမှာ။ ဝိညာဉ်မြင်၊ ဝိညာဉ်ဖွဲ့၊ မြဲတဲ့အနေထား ပြီး–စခမ်းသွားမှား, မှားကြပုံ–ဥပမာတော့။—

ဟို—ဟိမဝန္တာ, မြစ်အညာက။ ဆင်သေ တကောင် မြောလာတော့။ ဆင်ခြင်တရားနဲ့ပါးတဲ့ ကျီးတကောင် ဟာ။ တသက်မှာ စားလောက်ပြီ ဟူ၍။ လောဘတရား ဝိညာဉ်မြင် ရှေ့ထားပြီး။ ဆင်သေကိုစား။ ဆင်သေမှာ အိပ်။ ဆင်သေနဲ့ ရောပြီး–မြော သွားလိုက်တာ။ ကြာ တော့။ သမုဒ္ဒရာရဲ့ အလယ်လောက်ရောက်တော့။ ဆင် သေကြီးဟာ။ ရေ ရွဲ ကြေ ပြုပ်။ ရေထဲ မြုပ်တော့မ။ ကြံ ရာမရ။ ထိုကျီးကန်းမှာ။ ဘယ်ကိုပင်-ပြန်သန်းသော်လဲ၊ ကမ်းမမြင်ရတော့ဘဲ။ လမ်းတွင် သေ၍ ရေမှာဘဲ မြုပ် ရသတဲ့။ အဲဒီဥပမာလို။ ဒိဋ္ဌိကိုယ်လဲ။ အာရုံ–အာ ရမ္မဏိက–ပေါ်ဆဲခဏ။ အာဂန္တုကမွေ၊ အနတ္တ၊သုညတ၊ အပဏ္ဏတ္တိ ဟိတ။ တဒင် တရား။ တခဏ တရား။ အမြဲ မဟုတ်သောတရား။ အရှိ မဟုတ်သော တရား။ မချမ်း သာသောတရား။ အမှားကြောင့် ဖြစ်ရသော ရုပ်နာမ်။ ရေးကလဲမရှိ။ ယွှုမှ အဝိဇ္ဇာစသော–အကြောင်းတိုက် ဆိုင်ကာမှ ပေါ်လာရတဲ့။ တခဏရုပ်နာမ်။ ခဏိက ရုပ် နာမ်။ သုညတ ရုပ်နာမ်။ အနတ္တ ရုပ်နာမ်။ မမြဲတဲ့ ရုပ် နာမ်။ မရှိတဲ့ ရုပ်နာမ်။ အဲဒါလို ရုပ်နာမ်နှစ်ပါး။သုည တ, တရားပါလို့။ အနိမိတ္တဥ္စ–ပါဋ္ဌိတော်အရ။ မိန့်ခွေ့ ကာပြပါလျက်။ ဘယ့်အတွက်၊ရုပ်ရှိတယ်။နာမ်ရှိတယ် လို့ ရှုနိုင်ပါမလဲ။ ။တနည်းအားဖြင့်။ “အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ သင်္ခါရ ပစ္စယာ ဝိညာဏံ။ ဝိညာဏပစ္စယာ

နာမရုပ် လို့။" ရုပ်နာမ်များဟာ။ အဝိဇ္ဇာကြောင့်ဖြစ်ရတယ်လို့ ဟောဘာယ်။ အဲဒီတော့။ အဝိဇ္ဇာမရှိလျှင်။ ရုပ်နာမ် ရှိနိုင်ပါ့မလား။ စဉ်းစားတော်မူကြပါ။ ·မှိတာက တော့။ သင်္ခတ တရားအကြောင်းမပြုလို့။ မရှိတာက, အသင်္ခတ တရား။ ဒီ ပရမတ် ဘရားများကတော့ ရှိပါ တယ်။ အကြောင်းပြုမှ ဖြစ်ရတဲ့ သင်္ခါရတရား။ ပထဝီ တရား။ ရုပ်တရား။ နာမ်တရား။ တီးမ, မည်တဲ့ အသံ ရုပ်တရား။ အာရုံပြုမှ ဖြစ်ပေါ်ကြရတဲ့ ရုပ်နာမ်တရား။ ဒီတရားတွေက။ အဝိဇ္ဇာကြောင့် ဖြစ်ရတာပါ။ သင်္ခါရ တရား ခေါ်ပါဘယ်။ အဲဒီ သင်္ခါရ ဘရားရဲ့ ဒုက္ခကိုသိ တယ်။ မမြဲမှုကိုသိဘယ်။ အနတ္တကိုသိတယ်။ သိလို့ရို့။ ဒီရုပ်နာမ် ဖြစ်ကြောင်း မကောင်းသော။ အဝိဇ္ဇာ တဏှာ ကံ ဉပါဒါန် စသောအကြောင်းတွေကို မပြုဘူး။ ဘယ် မလဲ ရုပ်နာမ်။ အကြောင်းတုံးရင်။ အကျိုးသင်္ခါရဒုက္ခ ငြိမ်းရမယ် မဟုတ်လား, စဉ်းစားတော်မူကြပါ။ ကျေး ဇူးရှင်ကြီးဘုရား၏—ခြောက်ဆောင် စကားအရှိ ကိုလဲ။ ညှိပြပါမယ်။

"ပညာသိက။ ဒွါရ သုံးခု။ ပြုပြုသမျှ။ မဂ္ဂသစ္စာ။ နိရောခကျ။ ဖြစ်လေရသည်။ သစ္စာအပြား။ မှန် မမှား။"

"ပညာသိမှ။ သင္ဘောကာသ။ သင်္ခါရနှင့်။ လော ကဝေါဟာ။ ပညတ်သာလျှက်။"

အဲဒီစကားတော်ကြီး နှစ်ရပ်ကိုလဲ ဧေ့စပ်တော်မူကြပါ။

သင်္ခတ တရား ဆိုတာက။ ဖြစ်ခဲ့သဘော၊ မြည်ခဲ့သဘော၊ ကျမ့်သဘော၊ မာမဲ့သဘော။ အဲဒီသဘောများကို။ သင်္ခတတရား ခေါ်ပါတယ်။ မာမဲ့သဘောဆိုတာ၊ မမာသေးသဖြင့်။ ဥပါဒ်၊ ဌီ၊ ဘင်-ရပါ့မလား။ ဥပါ။ ဌီ၊ ဘင်-မရရင်။ ဒုက္ခသစ္စာ-ဖွဲ့နိုင်မလား။ သဗ္ဗေမွှာ အနတ္တာတော့၊ ပါဝင်ဒါပေါ့။ ဒီသင်္ခတ သဘောကိုရည်၍။ "အနတ္တ သဗ္ဗေဘော ပဗ္ဗ"၊" ပုဒ်မှာ။ သင်္ခတကို ရောဖြီးပြခဲ့ပါတယ်။ သင်္ခါရတရားများကတော့။ အဝိဇ္ဇာအစ၊ ဇရာမရဏဆုံး။ ဥပါဒ်အစ၊ ဘင်-အဆုံး။ မသိမ-တပတ်ပတ်၊ သိချင်-အပြီးသတ်ပါတယ်။ ဒီတော့။ အစအဆုံးရတာပေါ့။ သင်္ခတဆိုတဲ့ သဘောများကတော့။ ခြောက်ဝိညာဉ်နဲ့လဲ မမြင်ကောင်း။ ဝိညာဉ်မြင် မဟုတ်သဖြင့်။ ဘယ်နေရာဌာနရယ်လို့၊ ရှေ့နောက် ကာလလဲမရှိ။ အစအဆုံးလဲမရ။ "အနိဒဿန" ပုဒ်မှာ ရောထုတ်ခဲ့ပါတယ်။ ။ဥပမာ။ ပုဂ္ဂံတချပ်မယ်၊ ကွဲသဘောပါပုံ။ ပညာနဲ့သိရတယ်။ ဘယ်နားမှာလို့တော့ မပြနိုင်ဘူး။ ခွဲကြည့်တော့လဲ၊ လေးစိတ်ခွဲ။ ရှစ်စိတ်ခွဲ။ တဆဲ့ခြောက်စိတ်ခွဲ။ ကွဲသဘောကုန်ပါ့မလား။ မကုန်နိုင်ပါဘူး။ အဲဒီသဘောဟာ-သင်္ခတပါဘဲ။ သင်္ခါရနဲ့ သင်္ခတခွဲခြားပြီးသိလိုက်သဖြင့်။ အော်-လောကကြီးမှာ။ ဒိုမဲ့သဘော။ နာမဲ့သဘော။ သေမဲ့သဘော။ ပျက်မဲ့သဘောတွေဟာ၊ ဘင်းကျမ်းပြည့်ရှိနေတာပါကလား။ ပကတိကိုက-ဒီသဘောတွေရှိနေသဖြင့်။ မြင်တိုင်းချုပ်ပျောက်။ အနိစ္စ

သို့ရောက်။ ကြားတိုင်းချုပ်ပျောက်၊ အနိစ္စသို့ရောက်။ နံ့တိုင်း ချုပ်ပျောက်၊ အနိစ္စသို့ရောက်။ လျှက်တိုင်း ချုပ်ပျောက်၊ အနိစ္စသို့ရောက်။ တွေ့တိုင်းချုပ်ပျောက်၊ အနိစ္စသို့ရောက်။ ကြံတိုင်းချုပ်ပျောက်၊ အနိစ္စသို့ရောက်။

ဆဲဒါလို့။ ခြောက်ခွါရ၊ ခြောက်အာရုံ။ ပေါင်းဆုံချုပ်ပျောက်။ အနိစ္စသို့ရောက်ပြီး။ ဒိပ်ပေါက်နဲ့ ဖါးကောက်ရသလို-ဆိုတဲ့ သင်္ခါရမျိုး၊ ဘယ်မှာလျှင် အစိုးရရိုးရှိနိုင်မလဲ။ ဆဲဒီလို-အစိုးမရမှန်းသိတော့။ရုပ်နာမ်ဖြစ်ကြောင်း အကြောင်းမပြုသဖြင့်။ လိုချင်စိတ်အာသာ၊လောဘဟိတ် တဏှာကို၊ ပယ်ခွါလိုက်တော့တာပါဘဲ။

"အားလုံး သဘောပေါက်တော်မူကြပါရဲ့လား။"

ကျေးဇူးတော်ရှင်။ဝိပဿနာ့ထိပ်တင်။ခြောက်ဆောင်ရဲ့ထေရ်သခင်သည်။ သစ္စာ တရားကို။ နေ-နဲ့-လ, ဥပမာထားတော်မူတယ်။ အကြည်ခြောက်ပါး၊ နှင်းပေါက်ရေများနဲ့ ဥပမာထားတော်မူတယ်။ နှင်းပေါက်မှာ ထင်လာသမျှ၊ နေ-လ, ၏အရိပ်တွေကို။ ရုပ် နာမ်နဲ့ ဥပမာဆိုတော်မူတယ်။ ဒီတော့ခါ။ နှင်းပေါက်ပမာ၊ အကြည်ခြောက်ဖြာမှာ။ အရိပ်ပမာဏ ဖြစ်သော။ အာဂန္တုက၊ တခဏမျှ။ အနတ္တ ရုပ် နာမ်ကို။ ဘယ်မှာလျှင်အသုံးဝင် အစည်ရှိထားနိုင်မလဲ။ ဆဲဒီသဘောကို သိသဖြင့်။ လိုချင်စိတ်အာသာ၊ လောဘဟိတ် တဏှာကို။ ပယ်ခွါလိုက်တော့တာပါဘဲ။ တနည်းအားဖြင့်။ ဝိပဿနာ အရာမှာ။ သစ္စာ မှန်ဘာချပ်ထဲ ဧကန်ရှိပါတယ်။ အဲ့သစ္စာ မှန်ဆို

တာက။ မှန်သောပါ။ ဆဲဒီ သစ်တ မှန်မှာမ၊ အကြောင်းတော်သမျှ-အရိပ်ကျရသော၊ရုမ်နာမ်သင်္ခါရ။အကြောင်းမတော် အမိုပ်မကျ၊ မူလသင်္ခတ။ ဆဲဒီ သင်္ခတအာခုံထိုသည့်ကိုသာ။ သမာပတ်အရာ ဆိုသည်။ ၎င်းသင်္ခတသဘောသည်။ ဥပါဒ်ခွန်းကို ကြည့်ရှုက တွေ့မြင်နိုင်ပါသည်။ အသင်္ခတဆိုတာ၊ ဘင်ခွန်းကိုကြည့်ရှုက တွေ့မြင်နိုင်တာပေါ့။ ဥပါဒ်၊ ဌီ၊ ဘင်-ရသမျှက သင်္ခါရပါဘဲ။ ဒါ့ကြောင့်။ ဘုရားသခင်–သက်တော်ထင်ရှားရှိတော်မူစဉ်။ "ရဟန္တာ ထေရ်သခင်များ" နိရောဓ သမာပါတ်ဝင်စားတော်မူရာ။ သင်္ခတအာရုံ အထုံထားကာ,ဝင်စားတော်မူသဖြင့်။နိရောဓမှ မိဌ္ဌာန်ချက်အရ၊ထတော်မူနိုင်ကြတာတယ်။

"အသင်္ခတအာရုံမဟုတ်ပါဘူး။
သို့သော်လဲ၊ အလားတူပေါ့။"

(ဒီနေရာမှာ။ အချို့သောဆရာများက။ အသင်္ခတဆိုက်ရောက်ပြီးမှ၊ သုံးဆဲ့တဘုံ ပြန်လာကြ သေးသည်ဟု။ သမာပါတ်မှ အထကိုရည်၍ ပြောကြဟန်တူ၏။ ဒီစကားသည်။ "နသုဒ္ဓရုံ" ပေါ့။)

ယခုတရားနာအများ–ဝိပဿနာသမားမှာတော့။ နိရောဓသမာပါတ်ဆိုတာ။ "သင်္ခတအာရုံထုံမှ၊ ခံစားရောဌ္ဌာန၊ အသင်္ခတ" ဟု။ လွယ်လွယ်မှတ်စရာ ကောင်းပါတယ်။

ဒိနေရာများ—"အရှင်ပေါဠ္ဌိလရဲ့ ဂိုဏ်းသား၊ ကကြီး ခခွေး–တဘတ်သတ် သမားနဲ့တော့၊ လားလားမှတဲ့တဲ့ စကား မဟုတ်ပေဘူး။"

ဟုတ်တယ်လေ။—နွားကျောင်းအဌါး–နွားနို့ စားရ ရတယ်လို့ ထုံးစံမရှိပါဘူး။ သူ့ကိစ္စအသွယ်သွယ်။ သူ သာလျှင် နားလယ်ပါတယ်။ ယခုလောကတရား၊ ကိုယ် လုပ်မဲ–ကိုယ်စား, ဆိုထဲ့ စကား များကိုလဲ၊ ပြန်ပြီးစဉ်း စားတော်မူပါ။

"အဲဒီလို။ ဥပါဒ်စွန်းမဘက်။ ဘင်စွန်းကိုလဲ မငဲ့ကွက်။ သင်္ခါရစက် အကြောင်းတော်ဆဲခဏဖြစ်သဖြင့်။ "အနိစ္စ ဗျေွန–နဗ္ဗာတော။" ပါဠိဘောနဲ့ နှောကြည့်။ နဂိုရ်ကက လဲမရှိ။ သိဆဲခဏ၊မမြဲသောအနတ္တမို့။ ရုပ်နာမ်-ခဏ်က၊ အဗျာကတ အမှုကို။ ဘယ်မှာလျှင် အကောင်း သမုဒယ ရယ်လို့ အကြောင်းပြုနိုင်တော့မလဲ။ ဇလိုအကြောင်းမပြု သဖြင့်။ အကြောင်းပတိတ်မြုံ၊ အကျိုးကုန်ရာကိုသာ၊ ဝိမုတ္တိ ရသ–သန္တိသုခ၊ နိဗ္ဗာနဓာတ်၊ နိသရဏ၊ နိယျာနိက၊ သန္တိကရဏ–ဟု။ မမှားကောန် အမှန်ယုံကြည် လိုက်သ ဖြင့်။ "လုပ်မလုပ် အချိန်နှီး ပြီးစီးသွားတော့ဒါပါဘဲ။"

"ကဲဒီနေရာမှာ။ ဝိမုတ္တိအရသာ၊ သလေးဆိပမာကို။ ရွှေဟသ်ာအလား၊ ဝိပဿနာသူတော်ကောင်းများ။ ကျက် စားပျော်မွေ့၊ ခံတွင်းတွေ့ကြပါပြီ။ အရိယာတို့ ထုံးစံ။ ယခုရရှိတဲ့ မြတ်နိဗ္ဗာန်ကို။ စိတ်သန်သန် အာရုံ ဝိုက်ခဲ ဖြင့်။ ဆိုက်ရောက်နိုင်ကြပါစေ။ ဒါ့ကြောင့်။ သင်္ခတ မှန် တခုကို။ မသိမှုအဝိဇ္ဇာ။ လောဘပတိတ် စိတ်တဏှာ နဲ့။

ကိုယ့်အာသာ အကြောင်းတော်ပြီး၊ ရုပ်နဲ့နာမ်-မကောင်း ပေါ်တာပါ။ "လောက-ဥပမာ။" တစေ့ထဲ ရှိတာကို။ ကိုယ့်အာသာ-အထင် ဂုဏ်အမော် အကြွားနဲ့၊ ရုံအဖော် မှား မနေကြဘူးလား—ဒါကြောင့်။

ရမန္တ၊ သာလိယော၊ ဟံသာ၊ နှ,စဂိဏ္ဍာ၊ ဒယော၊ ဋ္ဌိဇာ။
ရမန္တ၊ စေဋ္ဌ၊ ကလျာဏာ၊ နဒုဗ္ဗာ၊ သနိကာ၊ ဇနာ။ ။

ဟံသာ။ နေရုဘောင်ထက်။ စံနေမက်သော။ ငှက်ရွှေ သသ်ာ။ ငှက်လိမ္မာမျိုး။ ငှက်တန်ခိုးကြွယ်။ ငှက်မြတ်နွယ် တို့သည်။ သာလိယော။ ဟေမဝါဂနိုင်။ ပန်းမျိုးယှိုင်သည့်။ ဆဒ္ဒန်အိုင်သာ။ ယူဇနာကျယ်ပြော။ သလေးတောကြီးထဲ ၌။ ရမန္တ။ ကျက်စားကာ လျော်တဲ့ အလေ့တွေနဲ့။ တော် လဲတော် ကျော်လဲကျော်လို့ ရို့။ ပျော်လဲ ပျော်မွေ့နိုင်ကြ လေကုန်၏။ ဂိဏ္ဍာဒယော ဋ္ဌိဇာ။ ကျီး ငှင်းက မျိုး။ ငှက် အဆိုးရို့။ တန်ခိုး ငယ်ရှာ ငှက်ယုတ်မာ တို့သည်။ နစ ရမန္တ။ မကျက်မစားရာ မလျော်တဲ့ အလေ့ထင်လို့ ရို့။ တော်လဲမတော် ကျော်လဲ မကျော်လို့ ရို့။ ပျော်ဘဲမပျော် မွေ့နိုင်ကြလေကုန်။ ဝ။ ဆဲဒီဥပမာ ပုံတန်ကဲ့သို့။ ယခု မှာလဲ ဒါလိုဘဲ ဖြစ်ကြပါကုန်ဗို့။ ဇေဋ္ဌ။ သာသနာဂနိုင်။ ဒေသနာလှိုင်သည့်။ "ဝိပဿနာ-အိုင်သာ၊" ခိုင်မာလာ ကို။ ကြိုင်ကာ-ဆိုင်ကာ မြိုင်ဝွာ-လှိုင်ဝွာ၊ ဖြိုင်ဆိုင်ကာ, အဆင့်ဆင့်နဲ့။ တင့်တင့်တယ်တယ်-ပဒုမ္မာတို့နှယ်။ ပွင့် ရန်အပြီး။ ဝိမုတ္တိ ဆိုတဲ့-ဟောဒီ ပွဲတော်ကြီး၌။ ကလျာ

လာ၁။ ရွှေဟင်္သာလို အလိမ္မာပိုသမျှ။ ရှင့်·အခြေခံ။ သော တာပန် အငယ်စား, လူလိမ္မာဖြစ်ကြတဲ့၊ ကလျာဏအစား သူတော်ကောင်းများ သာလျှင်။ ရမန္တိ၊ ကျက်စားကာ လျော်တဲ့ အလေ့ ထင်လို့မှို့။ တော်လဲတော် ကျော်လဲ ကျော်လို့ပို့။ ပျော်လဲ ပျော်မွေ့နိုင်ကြလေကုန်၏။ ဒုဋ္ဌာ သနိကာ။ မကောင်းကြတဲ့ အလေ့အထုံ နှံခဲ့တဲ့ ဝါသ နာ စနစ်တွေ ကြောင့်။ အချိုနဲ့လဲ မဘက်။ အချဉ်ချက် သော်လဲ မဟန်။ မခံနိုင်ခံ—ခံနိုင်ခံ။ ရုပ်နဲ့ နာမ် အဆုံးကင်း လှုပါလျှက်။ “မုန်းတွင်းရောက်မ-မှောက်ရတဲ့-လှေလို” တောက်ရှောက်လဲမလုပ်နိုင်သဖြင့်။နှောက်နှောက်ကိုသာ ဆုပ်ခွါခွါ—ဆုပ်ခွါခွါ နေကြတဲ့။ နှောက်ဆုပ်သမားဖြစ် ကြပေကုန်သော။ ဒုဋ္ဌနာ။ ပညာမယူ၊ သူတော်လဲမဟုတ်၊ သူယုတ်ကဲ့။ ဒုဋ္ဌဇာ။ ခန္ဓာ နာမ်ရုပ် မချုပ်သမျှ၊ မပြုတ် သမျှ၊ ဘယာဘေးအပေါင်း ထောင်သောင်းမကၢခံနေရမဲ့၊ ဒုက္ခသည်အများ၊ ပုထုဇဉ်ဆိုတဲ့ အန္ဓ သမားတို့ သည်။ နာ့,ရမန္တိ။ မကျက်မစားရာ မလျော်တဲ့အလေ့ထင်လို့မို့၊ တော်လဲမတော် ကျော်လဲမကျော်လို့မို့။ ပျော်ဘဲမပျော် မွေ့နိုင်ကြလေကုန်။ နာ့,ရမန္တိ။ ဆင်သေကောင် အပြီး ကြိုက်လေတော့။ ကျီးမိုက်ရဲ့ ဒုက္ခတွေကို။ မုဏ္ဍအနေ ထင်မြင် ကြပါ လျှက်။ မဆင်ခြင်ဘဲ နေကြ လေကုန်၏။ နာ့,ရမန္တိ။ အန္ဓဘူတေ အကြင်လောကမှာလ။ ဉာဏ်မရှိ တဲ့သူတွေ တမင်ပေါ်လှသည်ဟု။ ပြောသမျှ ဟောသမျှ၊ သဘောကျ မကျမို့။ လောကရဲ့ဓမ္မတာတွေကို။ သဂဝါ အဘော—အဟုတ်အမှန် ပြကဲ့သော်လဲ။ ရုပ် နာမ် ခဏမှာ၊

အရှိစွဲစွဲပြီး။ အသိလွဲကာ ဂုဏ်အမော်သမားတွေမို့။ အောင်စဉ်းစားကြည့်လိုက်တော့။ တစေ့ထဲသာ–ပုံ အပေါ်မှားကြဲလေကုန်သတည်း။ ။

ကဲ—ဒီတွင်ဘဲ တော်ကြပါမို့။ ပြောသွားမယ်ဆို။ သဘောသွားတွေက–အများကြီး ရှိသေးတယ်။ အကြောင်း တော်ရင် လဲ၊ နောက်တပွဲဆက်လက်ပြီးနွှဲရသေးတာပေါ့၊ယခုပွဲမှာတော့၊တော်တော်လဲကြာသွားပြီ။ တရားနာများကလဲ။လက်ပန်ပင် သတိရကြတော့မယ်။

အဲဒါလို၊ သခ်ဘမှန်၊ ကိုယ်ပိုင်ဉာဏ်ညှိပြီးလျှင်။ သိမြင် ပေါက်ပိုင်။ လေးပါးခိုင်၍။ မယိုင်မရိမ်း၊ ကိစ္စငြိမ်းအောင်။ နှေ့ရော ညဥ့်ပါ။ ဘယ်မါမနား။ ကောင်းမြတ်သော–ဝိပဿနာတရားဖြင့်။ ကျိုးစားပြီး, ပျော်ပါးတော်မူကြပါ။တရားနာပရိသတ်အပေါင်း,သူတော်ကောင်းတို့။

**၁၁။ "မြဲမြင်ရေး"**

၁၁။ "သာဂါရာ၊ အနဂါရာစ၊ ဥဘော၊ အညောညနိဿိတာ၊ အာရာဓယန္တိ၊ သဒ္ဓမ္မံ၊ ဘုဇိဿံ၊ ဥဿိတာနွှမံ"။ ။

သာဂါရာစ။ အိမ်ရာတည်ထောင်။လူ့ဝတ်ကြောင်နှင့်။ ခေါင်းဆောင်ရှေ့သွား၊ဝိပဿနာ,လူကြီးများတို့သည်ရင်း။ အနဂါရာစ။ အိမ်ရာမထောင်။ သာသနာ့ဘောင်၌,ခေါင်းဆောင်ရှေ့သွား။ ဝိပဿနာ–ဆရာ ဘုရားတို့သည် ရင်း။

ဥဘော။ ဝိပဿနာ, တကာ-ဝိပဿနာဆရာဟု၊ ဝိပဿနာ, သာသနာကိုပြုကြတဲ့။ လူထု–ထိပ်ခေါင်၊ ခေါင်းဆောင် နှစ်မျိုးတို့သည်။ အညောညနိဿိတာ။ ကျွန်းကိုကိုင်းမှီ–ကိုင်းကျွန်းမှီသို့။ ပမည်မရွှင်း။ အချင်းချင်းအားထားကြကုန်လျက်။ ဘုဖိသံ။ မှားသမျှ-မှောက်သမျှမှ၊ အသင့်အသင့် လွတ်မြောက်ကြကုန်ပြီး သော။ သရဏံ။ ဒုလ္လဘခေတ်–ကြုံရချက်မှ။ အသစ်တည်ဖန်။ သာသနာ့နိုင်ငံကို။ ဥဿိတဗ္ဗံ။ သိုက်သိုက်မြိုက်မြိုက်-ဝိပဿနာ, အောင်လံစိုက်၍သာလျှင်။ အာရာခယနာ။ အများတကာတွေ့ရဲ့ အမြင်တွေကို။ ဘုရားဝါဒနဲ့ သာ-ပြင်ကြစို့ရဲ့လို့။ ပြုရေး ပြင်ရေး၊ ပြုပြင်ရေးသို့။ ဆွေးနွေးရှေ့ဆောင်နိုင်ကြပါစေကုန်သတည်း။

အဲ..ါလိုဘဲ၊ ကျုပ်တို့တော့ နေ့စဉ်ဆုတောင်းပါတယ်။ ဘာ့ကြောင့်လဲဆိုတော့—။

ယခု–ဟောပြော ကျင့်ကြံပြီးနေကြတဲ့။ ရုပ်တရား, နာမ်တရားများဟာ။ "လေဖမ်း ဒါန်းစီးတဲ့ တရားမျိုးလဲမဟုတ်ပါဘူး။" ကောင်းကင်မှာ တိုက်ကြီး တယ်သလို။ "ရိုးတိုး ရားတား တရားမျိုးလဲမဟုတ်။" ဟိုလိုလို-ဒီလိုလိုလှည့်စားထားတဲ့၊ "ကလိကမာတရားမျိုးမဟုတ်ကြောင်းကို။" ကောင်းကောင်းကြီး သိနိုင်တဲ့။ ဥာဏ်သားဥာဏ်မွန်၊ ဥာဏ်တံခွန်ကို–ထူထောင်ကဲ့လို့။ လက်ကိုင် မိမိ။ ထိသိရောက်ရောက်-ဆိုတာလို၊ အသိအမြင်ပေါက်ခဲ့ပါပြီ။

"ဤ..ကြောင့်။ ရုပ်တရား နာမ်တရား သိရှိကာမှ ဖြင့်။

နိဗ္ဗာန် မရောက်ဘူးလို့။ ဝဿဝတိ တရိုး။ ဟိုးလေးကျော်တဲ့။ မာရ်နတ်ရဲ့ ခမည်းတော်က—ပြောပြော။ “မဇ္ဈိ” တို့ကတော့။ ဒိုးဗုတ်—ကျိုးရုပ်နဲ့ အကစား မပျက်ဘူး။ ဟုတ်တယ်လေ။ ဘုရားစကား—ယုံကြည်ပြီးသားကိုး။ ဘယ်မှာလျှင် မာရ်နတ်စကား, အောင်ရာနိုင်တော့မလဲ။ ဒီလိုပါ၊ ယုံကြည် ကဲ့ဘဲ့ ဘုရား စကား များ ကတော့။ မြတ်စွာဘုရား—၄၅—ဝါ ကာလပတ်လုံး။ ဟောပြောပြသပြီးထားတဲ့ စကားတော်တွေဟာ။ ကျောက်ထက် အက္ခရာအားဖြင့်။ သင်္ဂါယနာတင်ပြီး, မှတ်သားကဲ့ကြတယ်။ ယခုခေတ်—စာအုပ် စာရွက်အားဖြင့်။ မှတ်သားကဲ့ထဲ့။ ဗုဒ္ဓကျမ်းစာတွေမှာ—။

* ဓမ္မသင်္ဂဏီ ပါဠိတော်က။ “နာမဓမ္မ—ရူပဓမ္မ”

* သုတ်ပါထေယျ—က။ “ကတမေ-ဒွေးဓမ္မာ—
ပရိညေယျာ-နာမဓမ္မ-ရူပဓမ္မ”

* ဝိသုဒ္ဓိမဂ်-ပါရာဇိကကဏ်-အဋ္ဌကထာများက—
“ဒွေးလောကာ နာမဓမ္မ-ရူပဓမ္မ”

* နေတ္တိ-ပါဠိတော်များက။ “နာမရူပဿ-အဝက္ကန္တိ
ဟောဘိ”

* သဂြိုဟ်ဋီကာဟောင်းမှာ။ “ဝိညာဏပစ္စယာ-
သဟဇာတ-နာမရူပံ”

ဆဲဒါလို၊ ဘုရားစကား, အများကြီးရှိပါတယ်။ ဒါတွေ

ကို ယုံတာပေါ့။ ဝိဘင်း ပါဠိတော်ကြီးမှာဆိုရင်။ ခန္ဓာ။ အာယတန။ ဓာတ်သဏ္ဍာတွေကို။ အများကြီးဟောတော်မူကဲ့တာကိုး။ ဒါတွေကိုယုံကြည်ပြီးသားဘဲ။မာရ်နတ်ဆိုတာ, ဒါတွေ နားလယ်ပါ့မလား။ နားမလယ်တော့၊ စကား ငယ်တာပေါ့။ စကား ငယ်ရင်၊ ဘုရားပယ်မှာ–အမှန်ပါဘဲ။ ဘုရားပယ်တော့၊ အများ ရယ်လိမ့်မယ်။ ဣတော့၊ အော်–သနားဘွယ်ဘဲလို့ တွေးရတော့တာဘဲ။ အချို့အချို့ ပညာရှိယောင် များလဲ။ အစောင်စောင်သော ကျမ်းဂန်၊ လမ်းမှန်အောင် မထောက်နိုင်တော့။ ငမောက်ကို ရန်ရိုး၊ သားမက် သူခိုးထင်၊ ကိုယ် မလှတာ-မိ ဘ, အပြစ်တင်–သလို။ ဝက်ဝန်က–ရက္ခစိုး၊ ရန်ညှိုးဖွဲ့ ပုံပမာမှို့။ ယုံစရာ မရှိလောက်ပေဘူးပေါ့။

"ယုံရမှာကတော့။ သဗ္ဗေ သင်္ခါရ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။ အဲဒါတွေဟာ။ မွေပဒ တို့။ ထေရ ပါဠိတော်တို့။ အနိစ္စာ ဝတ သင်္ခါရာ။ သုတ်မဟာဝါ ပါဠိတော်ကြီးများ–ဘယ့်လောက် ထင်ရှားသလဲ။ ဒါ့ကြောင့်။ " မဒ္ဒိ " တို့တော့။ ယုံကြည်တဲ့ ဟိုဘက်–ဇဘူတာ, လွန်ထွက်သွားသေးတယ်။

"လူ နတ် ပြိဟ္မာ၊ သတ္တဝါ မဟုတ်။ နာမ် ရုပ်။ မိ ဘ ဘိုး ဘွား, ဘွိုး သား နှင့်။ လင် မယားမဟုတ်။ နာမ် ရုပ်။ အကို ညီဘွား၊ မောင်ကား နှမ၊ ဧကန္တ မဟုတ်၊ နာမ်ရုပ်။ မိကြီး မိထွေး။ ဦးလေး ဦးမင်း။ ဆွေရင်း ပေါက်ဖေါ်၊ ခေါ်ရုံသာ ခေါ်ရ။ စင်စစ်သော်ကား နာမ် ရုပ်။ တပည့် တပန်း၊ ရဟန်း ဘုန်းကြီး။ အသီးသီး အဖြာဖြာ။ ဒါယ

ကာ, ဒါယကာ။ ရှိလေသည်မဟုတ်။ ခေါ်ဝေါ်ရုံ သမုတ်တာမို့။ စင်စစ် နာမ် ရုပ်။

"ဒါလိုပွါးများ။ အချိန်ကိုမှန်မှန်ထား။ ပွတ်ဆွဲသမား၊ လွှတိုက်သူရဲ့အလား။ စက်နာရီ သွားသလို။ ကော်ကြိုးတဲ့ ယောက်ျား။ ယက်ကန်းခတ်သော မိန်းမသားကဲ့သို့။ နေ့စဉ်ဘဲ ပွါးများ ပါဘယ်။ ဒီလို ပွါးလိုက်တော့။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါဘဲ–သူဘဲ၊ ဇီဝဘွဲ့–ပြုတ်သွားတာပေါ့။ ဆဲဒါရဲ့ကို၊ ဒိဋ္ဌိပြုတ်ပြီလို့ ဆိုတာပါဘဲ။ ဒီတော့၊ လူ ရှိသလိုလို၊ မရှိသလိုလို။ ယောက်ျား-မိန်းမ-ရှိသလိုလို၊ မရှိ သလိုလို မနေတော့ဘဲ။ မြင်ရာ နာမ် ရုပ်။ ကြားရာ နာမ် ရုပ်။ နံ့ရာ နာမ် ရုပ်။ လျှက်ရာ နာမ် ရုပ်။ တွေ့ရာ နာမ် ရုပ်။ ကြံရာ နာမ် ရုပ်–ဒုက္ခသစ္စာကို၊ ယုံကြည်သွားတာပေါ့။ ဒါရဲ့ကို၊ ဝိစိကိစ္ဆာ မရှိတော့ဘူးလို့ ဆိုတာမဟုတ်လား။ ဆဲဒီဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ–ပဟာနာယ, လိုက်တော့။ အပါယ်လဲ-မရောက်ရတော့ဘူး။ ဒါဟာ-သောတာပန္နောနာမ—ဆိုထင်ပါရဲ့။ "မဒ္ဒိ" တော့၊ ဒါလောက်သိတာပါဘဲ။

"ဆဲဒါဟာ။ ရုပ် နာမ်ရဲ့ စွမ်းရည်။ ရုပ် နာမ်သိလို့၊ ပထမ–ဖြစ်တဲ့ မဂ်တရား, ထင်ရှားမနေ ဘူးလား။ ဒီ မဂ်ပုဂ္ဂိုလ်ကို။ ဘယ်သူက မဟုတ်ဘူးဆိုသော်လဲ။ ရိမ်းယိုင်မတဲ့လား။ အကစားမပျက်ဘူးပေါ့။ ဒီနေရာ–ဆာမိတို့တော့၊ တေ တေ ဂနိုတ်။

---

"ဂူတူ၊ တို့အကြိုက်၊ ဆောင်ပုဒ်ပြလိုက်ပရစေး"

စက္ခု-ရူပ-ခါတ်နှစ်ဖြာဟာ။ တိမ်တောင်ပမာ
တိုက်ကြလျှင်ဖြင့်။ ခါတ်ဝိညာဉ် တမျိုးပေါ်ကဲ့
သည်။ မီးခတ်၊ မီးကျောက်၊ မီးပွင့် ပုံပမာတည်၊
အာယတန နှစ်လီ၊ ခါတ်သုံးဖြာ ပေါ်ကြစေရ
မည်။ မဂ္ဂသစ္စာ ဆိုတာ၊ နေ့ရော-ညဥ့်ရော-အား
ထုတ်သင့်လှသည်။ ဥာဏ်တော်ဆယ်ထိ-ဝိရိယ
ထားကာ အားထုတ်သင့်လှသည်။ ရုပ်နာမ် စွမ်း
ရည်။ နိဗ္ဗာန်သို့ မချုံရောက်နိုင်သည်။

ဘဂဝတာ။ ရွှေဘုန်းတော်သခင်။ ရှင်တော်မြတ်ဘုရား
သည်။ ဓမ္မော။ မဂ်ဖိုလ် နိဗ္ဗာန်။ ဓမ္မကျွန်ဟု။ ဆယ်ဘန်
သော တရားတော်မြတ်ကို။ သွက္ခာတော။ ကြားနာရုံပင်။
အပူစင်၍။ ကျင့်လျှင် ချမ်းသာ။ ကျင့်ပြီးခါဝယ်။ လွန်စွာ
ငြိမ်းချမ်း။ နိဗ္ဗာန်နန်းသို့။ စခန်းသင့် အောင်။ မှန်းလင့်
ဆောင်၍။ ကောင်းမွန်စွာလဲ ဟောတော် မူအပ်ပါပေ၏။

ဒီကဲ့သို့သော မဂ်တရား—ဖိုလ်တရားများဟာ။ ကြား
နာရုံပင် အပူစင်တယ်ဆိုတဲ့။ ပထမ-အစစ်ကောင်းခြင်းကို
ယုံကြည်ပါတယ်။ ကျင့်လျှင် ချမ်းသာ ဆိုတဲ့။ ဒုတိယ•
အလယ်၏ ကောင်းခြင်း။ အဆုံး-နိဗ္ဗာန် ရနိုင်၍။ ကောင်း
ခြင်းသုံးပါးနဲ့ ပြည့်စုံတဲ့။ ဗုဒ္ဓဝါဒကို၊ မယုံကြည်ဘဲနေပါ့
မလား။ ။ဒါ့ကြောင့်–။

"သဒ္ဓိဗ္ဗိကော။ ဟောပြောသလောက်၊ သဘောပေါက်
၍။ မဂ်ရောက် ဖိုလ်ဝင်၊ ပညာရှင် ဖြစ်ကြပေကုန် သော။

များအရိယာ၊ သူတော်စွာတို့။ တတ်အပ်ထင်ထင်။ ကိုယ်တိုင်ဘဲ သိမြင့်ထိုက်ပါပေ၏။ အကာလိကော။အချိန်မဖင့်၊ ခါမလင့်ဘဲ။ သိမြင် ပေါက်ပိုင်။ လေးပါးခိုင်၍။ မယိုင်မရိမ်း။ ကိစ္စငြိမ်းနိုင်ပါပေ၏။ ဧဟိပဿိကော။ ဝေဟာတက်ထွန်း။ ယုဂန်စွန်း၌။ "လ" ဝန်းအလား။ ပညာမြားသဘွယ်။ စင်ကြယ်ထင်ရှား,ရှိသည်များကြောင့်။ အားရပါးရ။ လာစမ်းပါ၊ ရှုစမ်းပါ၊ လိုက်ခဲ့ပါ၊ ရှုလှဲ့ပါ၊ နာပါ၊ ကြားပါ။ ဆဲဒါလို-ဘိတ်ခေါ်ပြဘို့။ လှလှဧကန်။ အမှန်ဘဲ ထိုက်တန်တော်မူလှပါပေ၏။ ဩပနေယျိကော။ ရုပ်နာမ်အမြင်။ တကြိမ်ထင်က။ လေးခွင်အပါယ်။ ဝဋ်မီးတွေကွယ်လို့ငြိမ်း။ တကယ်ဘဲ ကြားနာထိုက်လှပါပေ၏။ ပစ္စတ္တံ ဝေဒိတဗ္ဗော။ ကိုယ်စီ-ကိုယ်ငှ၊ အလိုရှိတိုင်းရနိုင်၍။ နိဗ္ဗာန်အကျိုး။ ဝိမုတ္တိ သမာပါတ်မျိုးကို၊ ခံစားစံစားနိုင်ကြပါစေကုန်သတည်း။ ။

ဆဲဒါလို-ဂုဏ်ခြောက်ပါးနဲ့ ပြည့်ရုံပြီးနေတဲ့။ ရုပ်နာမ်သစ္စာကိုသိရတဲ့၊ မဂ်တရားများကို။ မိစ္ဆာဝါဒ-ကြက်မကြီးတွန်တဲ့ပမာန၊လူမိုက်တို့လုံ့လ။ မောဟကတပိသာမျှ၊ မင်းတိုင်းကျေ လုပ်တဲ့ ကလမ။ လူရိုသေရုံ ဆန္ဒ နဲ့။ တဏှာရင်းသမုဒယ။ ဂုဏ်လိုတဲ့ပကာသန သမားက။ "ဒိဘရေးအလကား" လို့ပြောတာများ-သိတ်မှန်တာဘဲ။ ဟုတ်တယ်လေ။ မှားတယ် မဆိုပါဘူး။ သူတို့နဲ့တော့။ အလကားဘဲကိုး။ "မဇ္ဈိ"တို့ကတော့။သမ္မောအဋ္ဌကထာ။ (ခန္ဓာဝိဘင်း-ဝိသုဒ္ဓိမဂ်-ခန္ဓနိဒ္ဒေသ) ဆဲဒီပါဠိတော်ကြီး

တွေယုံကြည်တာပေါ့။ သဗ္ဗေသင်္ခါရာ—ဟောတော်မူတဲ့။ သင်္ခါရဆိုတာ၊ ခန္ဓဝိဘင်း၊ ခန္ဓယမိုက်မှာ။ ခန္ဓာငါးပါး။

* အာယတနဝိဘင်း—အာယတနယမိုက်မှာ—
  “အာယတန—၁၂ ပါး”
* ဓာတုဝိဘင်း-ဓာတုယမိုက်မှာ“ဓာတ်·၁၈ ပါး”
* ဣန္ဒြိယဝိဘင်း-ဣန္ဒြိယ ယမိုက်မှာ“ဣန္ဒြေ ၂၂ပါး”
* အကျယ်အားဖြင့်၊ သတ္တပညာသ—ရတာပေါ့။

ဓာတုကထာ ယမိုက် ပါဠိတော်များမှာ။ ကာမဘုံ အလုံးစုံရအပ်သော၊ ခန္ဓာငါးပါး။ အာယတန—၁၂ပါး။ ဓာတ်—၁၈ပါး။ ဣန္ဒြေ—၂၂ပါး။ ပေါင်း—သတ္တပညာသ ၅၇ပါး။ ရူပဘုံ၌ ခန္ဓာငါးပါး။ အာယတန ၆ပါး။ ဓာတ် ၉ပါး။ ဣန္ဒြေ ၁၄ပါး။ အရူပဘုံမှာ ခန္ဓာ ၄ပါး။ အာယတန ၂ပါး။ ဓာတ် ၂ပါး။ ဣန္ဒြေ ၁၁ပါး။ ဆဲဒါလို၊ကာမ ရူပ အရူပ ဆိုတဲ့။ ဘုံသုံးပါးမှာ။ ခန္ဓာ၊ အာယတန၊ ဓာတ်တွေသာ—ရှိတယ်လို့။ ဘုရားဟော—ဧကန်ပါ။ ရေသောက်မြစ်က ရချုပ်လိုက်တော့။ “နာမ် ရုပ်ပါဘဲ။”

“စာမတတ်သော်လဲ။ ဖိုးကွက်လောက်တော့၊ ငှက်တိုင်း လှပါတယ်” ဒီစာလောက်တော့။ “မအိ” တို့က။ အပြော့ပေါ့။ ယခုပြောခဲ့တာတွေဟာ၊ စာ—ခေါ်တယ်။ စာ စကားတွေကို ပြောနေတာ။ စာ စကားက—သိပ်မောတယ်။ ဒါဖြင့်—ဒီမလေ, သဘာဝတရား ဟောကြစို့။

ယနေ့ဟောရမဲ့ တရားကတော့။ ရုပ် နာမ် ပရမတ်နဲ့၊ လုပ်ကြံ ပညတ် ခွဲပြရလိမ့်မယ်။ ဒီတော့၊ တရားနာအများ နဲ့နဲ့လေး–သတိထားတော်မူကြပါ။ ဘာဝနာ-ဥာဏ် အရေးမို့။ စာသံမပေးဘဲ၊ လွယ်လွယ်လေး ခွဲပြမယ်။

လူတွေလို့ ပါးစပ်က, ခေါ်တယ်၊ ပညတ်။လူတွေလို့ စိတ်က, ပေါ်တယ်၊ ပရမတ်။ မှန်အိမ်လို့ ပါးစပ်က, ခေါ်တယ်၊ ပညတ်။ မှန်အိမ်လို့ စိတ်က, ပေါ်တယ်၊ ပရမတ်။ နိုင်လွန်စ အင်္ကျီလို့ ပါးစပ်က, ခေါ်တယ်၊ ပညတ်။ နိုင်လွန်စ အင်္ကျီလို့ စိတ်က,ပေါ်တယ်၊ပရမတ်။ ရန်ကုန်ချုပ် ချွေးခံလို့ ပါးစပ်က, ခေါ်တယ်၊ ပညတ်။ ရန်ကုန်ချုပ် ချွေးခံလို့ စိတ်က, ပေါ်တယ်၊ ပရမတ်။ ကဲ ပရမတ်·ပညတ်,မလွယ်ဘူးလား။စိတ်ပေါ် တာမှန်သမျှ၊ ပရမတ္ထ သဘောချည်းဘဲ။ ပါးစပ်ပြောမှန်သမျှ,ပညတ် ချည်းဘဲ။ ဒီတော့၊ ပညတ်ဆိုတာ-မရှိတာ။ ပရမတ်က ဖြစ်မှု ပျက်မှုတရား။ ဒီနှစ်ပါးကို၊ဘယ်တရားမှအကောင်း မထားနိုင်ဘူး။ သဗ္ဗေမွေ အနတ္တာဘဲ။ အနတ္တတရား၊ အပဏီဟိတတရား။ဟောဒီနေရာ-ကိလေသာ, ကွာသွား တာဘဲ။ မြင်သော်လဲ ဥပက္ခာ အဗျာကတ။ ကြားသော် လဲ ဥပက္ခာ အဗျာကတ။ နံသော်လဲ ဥပက္ခာ အဗျာကတ။ လျက်သော်လဲ ဥပက္ခာ အဗျာကတ။ တွေ့သော်လဲ ဥပက္ခာ အဗျာကတ။ ကြံသော်လဲ ဥပက္ခာ အဗျာကတ။

"ခြောက်ဒွါရ· ဒါလိုသာ ရှုကြပါတော့။ ရှုရမဲ့တရား ကတော့–ဒါဘာဘဲ။ "မဇ္ဈိ" တရား ရှေတယ်လို့ဆိုပြား သော်လဲ။ လိုရင်းအချုပ်က–ဒါဘာဘဲ။

## အခြားစကားတွေက။
## ရှေ့သွားပြခြင်လို့ ပြုံးလိုက်ရတာဘာ။
## “ဟား ဟား ဟား”

အဲဒါလို—ပရမတ်၊ ပညတ်၊ ရုပ်ဓာတ်၊ နာမ်ဓာတ်ကို၊ တတ်အပ်ထင်ထင်။ မဂ်မျက်စိ တတ်ဆင်တော် မူကြတဲ့၊ ရှေးဆောင်ကြီးများ၊ နေ–မင်းရဲ့ အလား။ လ–မင်းနဲ့ မခြား။ တသားတည်းထား။ အလင်းရောင် ဖြန့်သွားသလို၊ အမှောင်ပယ်ဖျောက်၊ အလင်းရောက်အောင်၊ ပြုပြင်နိုင်ရန် ဆုတောင်းရခြင်း ဖြစ်ပါတယ်။ ။ဒါ့ကြောင့် မှဲ့လိုရဲ့–။

သာဂါရ၊ အနုဂါရစ၊ ဥဘော၊ အညောည နိဿိတာ။
အာရာဓယန္တု၊ သရန္တံ၊ ဘုဇိဿံ၊ ဥသိတဒ္ဓဇံ ။ ။

သာဂါရစ။ အိမ်ရာတည်ထောင်။ လူဝတ်ကြောင်နှင့်။ ခေါင်းဆောင်ရှေ့သွား၊ ဝိပဿနာလူကြီးများတို့သည်၎င်း။ အနုဂါရစ။ အိမ်ရာမထောင်။ သာသနာ့ဘောင်၌၊ ခေါင်းဆောင် ရှေ့သွား။ ဝိပဿနာ ဆရာဘုရားတို့သည် ၎င်း။ ဥဘော။ ဝိပဿနာတကာ, ဝိပဿနာဆရာဟု, ဝိပဿနာ–သာသနာကို ပြုကြတဲ့။ လူထု ထိပ် ခေါင်၊ ခေါင်းဆောင်နှစ်မျိုးတို့သည်။ အညောညနိဿိတာ။ ကျွန်းကို ကိုင်းမှီ၊ ကိုင်းကျွန်းမှီသို့။ ပမည်မရွင်း။ အချင်းချင်းအား ထားကြကုန်လျက်။ ဘုဇိဿံ။ မှားသမျှ–မှောက်သမျှမှ။ အသင့်အသင့် လွတ်မြောက်ကြ ကုန်ပြီးသော။ သရန္တံ။ ဒုလ္လဘခေတ်၊ ကြုံရချက်မို့။ အသစ်တည်ဖန်။ သာသနာ့ နိုင်ငံကို။ ဥသိတဒ္ဓဇံ။ သိုက်သိုက်မြိုက်မြိုက် ဝိပဿနာ

အောင်လံစိုက်၍သာလျှင်။ အာရာမယန္တာ။ အများတကာရဲ့ အမြင်တွေကို “ဘုရားဝါဒနဲ့သာ” ပြင်ကြစို့ရဲ့လို့။ ပြုရေး-ပြင်ရေး၊ ပြုပြင်ရေးသို့။ ဆွေးနွေး ရှေ့ဆောင်နိုင်ကြပါစေကုန်သတည်း။ ။

---

## “ဝိပဿနာဗုဒ္ဓဝါဒစည်းရုံးရေး”

## မှ၊

### ခေါင်းဆောင် တဦး၏ — ဝိပဿနာဆိုဒါတာပါတဲ့။

## “ပဏ္ဍာမဟောခဏ်း-စံပြပုံ။”

———ooo———

အတီတော။ သက်တော် ထင်ရှား၊ ဘုရားရှိတော်မူစဉ်အခါတုန်းက။ ။သဏ္ဍဝသာခနီ။ မွေးသက္ကရာဇ်။ တွက်ရေစစ်လိုက်တော့။ ခုနစ်နှစ်အရွယ်မျှသာ-ရှိကြကုန်သေးသော။ ။ကုလပုတ္တာဝ။ ရတနာ့ဂုဏ်ရည်ကို။ ယုံကြည်လေပြီး။ အမျိုးကောင်းသားကလေးတို့သည် ၎င်း။ ။ကုလိဓိတ္တာယောဝ။ ရတနာ့ဂုဏ်ရည်ကို၊ ယုံကြည်လေပြီး။ အမျိုးကောင်း သမီးကလေး တို့သည် ၎င်း။ ။တခ်ဏေယောဝ။ ပရမတ်တရား-ခတ်တရားတွေကို။ မြတ်ဘုရားဟောကြားတော်မူဆဲခဏလေး၌ပင်လျှင်။ ။သောတာပန္နာ။ ဒိဋ္ဌိ-ဝိဝိ။ ပယ်နိုင်ဘိ၍။ မရှိပါယ်ရွာ။ ရှင်းရှင်း

ကွာသည့်။ ရှင့သောဘာပန်-အထွေး။ အငယ်စားက
လေးကိုသည်။ ။ဟောဒ္ဓိ။ တရားနာရင်း, ဉာဏ်မြင်
လင်းလို့မို့။ ချက်ခြင်းမသွေ၊ ဆိုက်ရောက်တော်မူကြလေ
ကုန်သတည်း။ ။သာဓု, သာဓု, သာဓု—။

ဦးအောင်တင့်—ဘုရား။ ။သက်တော်ထင်ရှား၊ မြတ်
ဘုရား ရှိတော်မူစဉ် အခါထုန်းကတော့။ ကွတ်ထိုက်သူ
နတ် လူ ပြဟ္မာ၊ သတ္တဝါအစားစား-များပြားလှတဲ့၊ကုလ
ပုတ္တ, ကုလဓီတာ-ဆိုတဲ့။ အမျိုးကောင်းသား-အမျိုး
ကောင်းသမီးတွေဟာ။ ကြီးလား-ငယ်လား၊ မခွဲခြားဘဲ။
ခုနစ်နှစ်အရွယ်၊ အလွန်ငယ်သော်လဲ။ သောဘာပန်။ သက
ဒါဂါမ်။ အနာဂါမ်။ ရဟန္တာဆိုတဲ့-အဖြစ်မျိုးဆိုက်ရောက်
ရောက်တော်မူကြ၊ ဟုတ်လား, မှန်လှပါဘုရား။ ဘုရား
ရှင်ကိုယ်တော်မြတ်ကြီးသော်ရင်း။ သို့မဟုတ်။ ရှင်အာ
နန္ဒာ။ ရှင်ရေဝတ။ ရှင်ဥပါလိ-အစရှိသော။ မထေရ်ကြီး
များ, လေးလုံး တပါဒ။ လေးပါဒ တဂါထာ။ အဲဒါလို၊
တခဏမျှ—ဟောကြားတော်မူဆဲခဏကလေး, နာခံမှတ်
သား၊ ပွါးများလိုက်လို့။ ဒွိမ္မ—ဝိဝိကိစ္ဆာ၊ ပြုတ်ကွာရှင်း
လင်း။ မဂ်အတွင်း၊ ဖိုလ်အတွင်း၊ ချဉ်းနှင်း ဝင်ပေါက်
ဆိုက်ရောက်တော်မူကြသတဲ့လား, မှန်လှပါဘုရား။ တယ်
သာဓုခေါ်စရာကောင်း, ဦးအောင်တင့်-နော်။ ခုနစ်နှစ်
အရွယ်ကလေးတွေတောင်-ရဟန္တာဖြစ်ကြသတဲ့။မှန်ပါ။
ဦးအောင်တင့်—အသက် ဘယ်လောက်ရှိပလဲ။ လေးဆယ်
ကျော်ပါပြီဘုရား။ ဟင်—သိတ်တော့ မကွာလှသေးဘူး
နော်။ မှန်ပါ, မိုးနဲ့ မြေကြီးလောက်ပါဘုရား။ အင်း—

ဒါဖြင့်၊ ဦးအောင်တင့်-ယခု ဘာများဖြစ်ပလဲ။ ဘာမှမဖြစ်သေးပါဘုရား။ ဖြစ်ပြီးကလေးတောင် ပျော်နေပါဘုရား။ အလိုလေး-တယ် မသာရ ခေါ်စရာကောင်း-မှန်ပါ။

ဦးအောင်တင့်–ဘုရား။ ဒီတော့၊ မြန်မာနိုင်ငံနှင့်တကွ။ ကမ္ဘာပေါ်မှာရှိကြတဲ့၊ ရဟန်း၊ ရှင်၊ လူ၊ မည်သူမဆို။ ဘယ် ပုဂ္ဂိုလ်ဘဲ ဖြစ်ဖြစ်။ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေဟာ။ များများကြီး စဉ်းစားစရာ, ဝေဘန်စရာ-တယ်ကောင်းနေ၁။ မှန်ပါ၊ ဘယ်လိုပါလိမ့်ဘုရား၊ ဗြော်-တမင် တမိုလ် ရရာ ရကြောင်းကဖြင့်။ သက်သက်သော–ဥာဏ်အရာမျှပါကလားလို့၊ ဦးအောင်တင့်၊ ဘာ့ကြောင့်လဲဆိုတော့။ ဘုရားလက်ထက်က၊ တရားနာတုန်း-တရားနာဆဲ အခိုက်အတန့် ကလေး မှာပင်။ မဂ်ဖိုလ် ဆိုက်ရောက်တော် မူကြပုံတွေ ကြည့် လိုက် တော့။ "ခမ္ပသဝန ပမိယောသာနေ သောဘာပတ္တိဖလေ ပတိဋ္ဌဟိံသု"–အစရှိတဲ့။ ပါဠိတော်တွေ သိရပါသဖြင့်။တရားနာရင်း, ဉာဏ်အမြင် လင်းမှ–လက်ကိုင် ပြုကြဒါတွေ။ လယ်ပြင် ဆင်သွား, ဘယ် ထင်ရှားပါကလား။ မှန်ပါ-ထင်ရှားကြောင်းပါဘုရား။ ဒါ့ကြောင့်မို့လို့၊ စဉ်းစားကြလို့၊ အသိနဲ့ အလုပ်၊ မရှုပ်ထွေးဘဲ၊ ဉာဏ်အမြင်အဟုတ်ပွါးပလား ဆိုမှဖြင့်။ သမ္ဗောဓိဉာဉ် အလုပ်တရားဆိုတာ။ ကျွဲကူးရေပါ-ကပ်ရစ်–ချပ်ရစ်ပါပုံ–ဟုတ်လား။ ရေပေါ်မှန့်လုံး-စားသုံးကြတဲ့ အခါ။ အထဲက-ထန်းလျက်ဘိုး၊ ငွေတိုးလို့ မပေးရသလို။ ကျင့်ရာ ကျင့်ကြောင်း။

ကောင်းမြတ်တဲ့ အလုပ်ဝတ္တရားတွေဟာ။ တခါထဲအပြီး တိုင်၊ ပါခဲ့ပေစေလို့ နော်။

ဒီလိုမှ မဟုတ်ပြန်ဘော့ဆဲ။ အသိက တခြား။ အလုပ်က တမျိုး။ ပြောတော့ မိုးဃ်း။ ရှိုးတော့ မြေ-ဆိုတာလို။ ချတ်ရာ တခြား၊ ရှဘာ တမျိုး, နေရာမကျသေး-ဟုတ်လား။ မှန်လှပါဘုရား။

ဒါ့ကြောင့်မို့။ တခ်ဏေယေဝ။ ပရမတ်တရား၊ ဝေတ်တရားတွေကို။ မြတ်ဘုရား—ဟောကြားတော်မူဆဲ ခဏ လေးဒွိပင်လျှင် — — — — တဲ့လား၊ ဦးအောင်တင့်ရေ—ဘုရား။ အချိုကလဲ၊ သူတို့ဟာတွေ-ပါးစပ်ပြောပါ ကွာ။ အလုပ်နဲ့ တယ်လိုက်တော့၊ လည်ဆောင့် သွားတာပါဘဲ လို့၊ ပေါ့ပေါ့လေး ပြောတတ်ကြ။ သူတို့ကတော့-ဂူဝင်၊ တံခါးပိတ်၊ ပုတီးစိတ်နေမှ-အလုပ်ထင်။ ဒီတော့။ ဆင်းရဲ သားများက, သူဌေးကို၊ အလုပ်မရှိဘဲ၊ ငြိမ်းတယ် ချမ်း သာတယ်—ထင်မိသလို၊ ဒီလိုမနေဘူးလား။ မှန်ပါ ဒီလို နေပါ့ဘုရား။ သူဌေးမှာတော့၊ သူတို့ ထင်သလို ဟုတ်ပ မလား။ မဟုတ်နိုင်ပါဘုရား။ ဘာဟုတ်နိုင်မလဲ။ သူတို့ လို-တောင်သူ၊ ဒါးမချတ်၊ ပျိုးနှုတ်၊ သစ်မြစ်တူး,မဟုတ် သော်လဲ။ အိမ်လခ-တိုက်လခ။ တလလျှင်၊ ဝင်ငွေက ဘယ့်လောက်။ စက်ရုံမှာရှိကြတဲ့၊ မန်နေဂျာနဲ့ တကွ။ စာရေး, ကူလီခက, ဘယ်လို။ ငွေတိုးပေးထားတဲ့ကိစ္စက, ဘာလျှင် ဘယ်မျှ။ ဥယျာဥ်တွင်းနှင့် တကွ၊ လယ်ကွင်း မှာရှိကြထဲ့ လုပ်သားက, တဖုံ။ အလုံးစုံသော သူဌေးရဲ့ ကိစ္စတွေကို တွေး ကြည့်လိုက်တော့။ ဦးအောင်တင့်ရေ—

ဘုရား။ သံပုရာ—စိန်ဖျော်တဲ့ ခွက်ကိုလ၊ ဦးအောင်တင့်ရေ-ဘုရား။ အိပ်ပေါ်သာ ပက်လိုက်ပေတော့။

မှန်လှပါဘုရား၊ သာမန် လူစားဖြင့်၊ စိန်စား သချင်စရာ, များပြားလှပါဘုရား။ ဒါ့ကြောင့်။ ကုလီ၊ ယာလုပ်၊ ဒါးမချပ်သွားများကတော့။ ထိုထိုသော သူဌေးများ, အလုပ်မရှိဘူးလို့ အောက်မေ့ကြ။ အင်း, တွေးကြည့်မှ, တွေးကြည့်မှ။ သူတို့ထက် - များပြား၊ သူတို့ထက် - ကြီးကျယ်။ သူတို့မှာတော့၊ ကုလီဆိုရင်၊ နံက် ခြောက်နာရီအလုပ်ဝင်၊ ဆယ်နာရီ ထမင်းစား၊ ဆယ့်နှစ်နာရီ နာရီပြန် တချက်-အလုပ်လုပ်ပြီး။ ၅ နာရီထိုးတော့, အိမ်ပြန်။ အင်မတန် ဟန်ရတာကလား။ သူတို့အတတ်က၊ ဘယ့်လောက် (စမတ်) ကျနေလဲ။

ဟို - တောင်သူ, လယ်သမား, ဆိုပြန်ရင်လဲ။ ရာသီဥတု-လိုက်လို့၊ ထွန်ချိန်တန်မှ-ထွန်။ စိုက်ချိန်တန်မှ-စိုက်။ မျိုးချိန်တန်မှ-မျိုး။ ဆဲဒါလို၊ အချိန်အပိုင်းအခြား, အကန့်အသတ်, ရသေးတယ် မဟုတ်လား,– မှန်ပါ။ ပိုင်းခြားကန့်သတ်လို့ ရပါသေးဘုရား။ ဦးအောင်တင့်ရေ-ဘုရား၊ ရှေးက, ယောက္ခမက၊ သားသမက်ကို၊ မျိုးနွှတ်ခိုင်းလိုက်သတဲ့။ ဒီတော့။ သမက်က၊ မျိုးတရာလောက်တော့ဗျာ၊ အရေးမလုပ်ပါဘူးဆိုပြီး, လယ်တောသို့သွား။ ယောက္ခမဖြစ်သူက။ အင်း,–ဒါမှ ငါ့သမက်ဆိုပြီး။ ပြုံးပြုံး ပြုံးပြုံးနဲ့–အတော်သဘောကျနေရစ်သပေါ့လေ။ သမက်

No. 41.

ဖြစ်သူက–တောခရောက်။ ပျံ့ခင်းကို ဘယ်ကစ·နှုတ်ရပါ မလဲလို့၊ လှည့်ပတ်ကြည့်ပြီး။ မျိုးတရာများ-အရေးလုပ် လို့၊ အစောကြီးရှိသေး, အိပ်ပါဦးခုန်းမယ် ဆိုပြီး၊ လုံချီ လေး-ခင်းအိပ်နေဆိုကိုး။ အိမ်က–ယောက္ခမကာ,ထမင်း ပို့လာတော့။ အလို-မျိုးစိုးလဲ တစိုးမှ မမြင်။ သယ်— ဘယ်များ သွားပါလိမ့်လို့ လိုက်ရှာတော့။ လားလား, ချုံထဲမှာ–ကားရားကြီး အိပ်နေလေတော့။ ဟော့မောင်- ဟော့မောင့်။ မင့်ဟာ ဘယ့်နှယ်လဲ၊ မျိုးလဲ မနှုတ်သေး။ နက်ဖြန်–ကောက်စိုက်သူမများ, ငါးပြီးပြီ–ဆိုတော့။ ခင် ဗျားတို့ဗျာ၊ အင်မတန်ခက်တာဘဲ။ မျိုးလေးတရာများ၊ ဘာကြာမလဲ။ ဒါလောက်နဲ့များ စောစောကြီး နှိုးလွတ် ရမလားလို့-သူက ပြန်ပြီးမည်လိုက်သေးဆိုကိုး။ ဒီတော့ မှ၊ ယောက္ခမက အောက်မေ့၊ ဩော်–ငါ့သမက်မျိုးနှုတ် ခြင်းအတတ် - တဘက်ကမ်း ခတ်ရော့ လေလား–လို့။ အကဲခပ်ပြီးနေ။ သမက်က, ထမင်းစား၊ စားပြီး၊ နေမော့ ကြည့်လိုက်တော့။ ဆယ်နာရီ သာသာ အချိန်လောက် ရောက်နေ။ အင်း–နေတောင် တော်တော်မြင့်။ ဒါပေမဲ့– မျိုးတရာ-စောပါသေး ဆိုပြီး ပြန်အိပ်။ ယောက္ခမက— အကဲခပ်ရင်း စောင့်ကြည့်နေ။ တော်တော်ကြာလဲ မထ။ အလို၊ ကြာတော့၊ နေတောင် စောင်းသွားပြီ။ နှိုးအုန်းမှ ဘဲဆိုပြီး။ ဟော့မောင်-ထတော့လေ၊ နေစောင်းပြီကွဲ့လို့ နှိုးလိုက်တော့။ ကပျာ ကရာထပြီး, အောင်မယ်။ နေ အတော်ကျသွား။ ဒါပေမဲ့–မျိုးတရာ·အရေးလုပ်လို့ ဆို ပြီး-ပြန်အိပ်။ ယောက္ခမက, အကဲခပ်ရင်း စောင့်ကြည့်

နေ။ တော်တော်ကြာလဲမထ။ အလို–ကြာတော့၊ နေ တောင် စောင်းသွားပြီ။ နှိုးအုန်းမှဘဲဆိုပြီး၊ ဟော့မောင်၊ ထတော့လေ့ နေစောင်းပြီကွဲ့လို့ နှိုးလိုက်တော့။ ကပျာ ကရာထပြီး၊ အောင်မယ်–နေ အတော်ကျသွား။ ဒါပေမဲ့ မျိုးတရာ အရေးလုပ်လို့ဆိုပြီး၊ တဖန် ထပ်အိပ်ပြန်သတဲ့။ ယောက္ခမကတော့၊ ဘယ်လိုများ နှုတ်လိုက်မလဲဟဲ့နော် လို့–အောက်မေ့ရှာမှာပေါ့လေ။ တော်တော်နေတော့။ နေ သာဝင်လို့–မထသေး။ ကြာတော့၊ မိုးချုပ်တော့မယ် လို့၊ နှိုးရပြန်သတဲ့—။

ဆဲဒီကော့မှ–ထတဲ့ပြီး။ အောင်မယ်၊ နေတောင် ဝင် ပါပေါ့လား။ အင်း–တော်တော် မိုးချုပ်သွား။ ဒါပေမဲ့၊ "မျိုးတရာ-သောက်တွက်မဟုတ်၊ နောက်ရက်ကျမှနှုတ်" ဆိုပြီး။ အိပ်ပြန်ပြေးသတဲ့။ ယောက္ခမ–စိတ်ဆိုး မဆိုး တော့· စဉ်းစားကြည့်ကြတော့။

ဦးအောင်တင့်–ဘုရား။ ဆဲဒီလို–ကတောင်ချောက် ချား၊ ကရောသောပါး၊ ရိုးတီးယောင်တောင်နဲ့၊ မိဘတို့ အား။ ညာ ဝါး, စားတတ်, သောက်တတ်, ပြန်တော့။ (စမတ်) ကျသတဲ့လား။ ဒါကြောင့်၊ ကျေးဇူးရှင်ကြီး ဘုရား–ညွှန်ကြားတော်မူခဲ့ပုံက—။

မိဘစကား၊ မြတ်တရားကို၊ ဝါ၊ ဘုရားစကား၊ မြတ်တရားကို၊ နားမဝင်ဘိ၊ မသိလျှင်—သူပုန်၊ မယုံလျှင်·ရန်သူ၊ အတူသိုနေ၊ မင်္ဂ မိုလ် ငွေ့ကို၊ မရလေပြား၊ ဆင်းရဲဌါးသည်။ ၊အများလူတို့ သိစေဘို့၊ ။

ဒီလိုနေကြ မဟုတ်လား, ဦးအောင်တင့်ရ။ မှန်ပါ–ဒီ အတိုင်းနေကြပါဘုရား။ အေး, ဒါကြောင့်၊ စဉ်းစားကြ လို့။ သူဌေးအလုပ်က၊ ကြီးကျယ်ခမ်းနား၊ များပြားသော အလုပ်ဝတ္တရားရှိကာလို။ အလုပ်ဝတ္တရားက, ကြီးကျယ် သလောက်, အမြတ်အစွန်း ကြီး ကျယ် သ လို၊ အမြတ် အစွန်းကြီးကျယ်တော့။ ချမ်းသာခြင်းကြီးမားသလို လို့ ဟုတ်လား။ အဲဒါလို–ဝိပဿနာမှာ အလုပ်ဝတ္တရားများ ပြားပုံ–တွေးကြည့်တော့မှ။ “ရေမရှိတဲ့ချောင်းရိုး။ နွား ခေါင်းပိတ် ဒိုင်ပင်ထိုးစရာပါကလား” လို့၊ သိကြလိမ့် ကြားလား။ မှန်လှပါဘုရား၊ သိကြပါလိမ့်ဘုရား။

သူတို့တတွေမှာတော့။ စက္ခု ရူပေန သံဝါသာ ရာ ဂပုဗ္ဗံ ဝိဇာယတိ-ဆိုတဲ့၊ ပါဠိတော်က, ရှိလေတော့။ စက္ခု၊ ရူပါရုံ၊ တွေ့ဆုံပလား ဆိုမှဖြင့်။ လောဘ၊ ဒေါသ၊ တဏှာ၊ ရာဂ-စသော၊ သားဆိုးတွေ - မမွေးဖွါးအောင်။ ဘယ်လိုလုပ်၊ မျက်သုံးပိတ်၊ မျက်စေ့မှိတ်၊ မကြည့်ဘဲနေ၊ ဘခါတလေ ကိလေသာစင်ကြယ်အောင်လို့၊ ရေ ခဏ ခဏ-ချိုး။ ကိလေသာခန်းအောင်-မိုး ခဏခဏကင်း။ အဲ ဒီလိုဟာတွေမှ-အလုပ်ထင်ကြတော့။ တွင်တွင်ကြီး ပြော ကြပေလိမ့်မယ်, ဦးအောင်တင့်။ မှန်ပါဘုရား။ ဘုရား လက်ထက်တော်ကလဲ။ မက္ခလိ, ဂေါသာလ-အစရှိတဲ့ ပုဂ္ဂိုလ်တွေ၊ ဤနည်းအတိုင်း ကျင့်ကြပါ ဘုရား။ ။ ဦးအောင်တင့်၊ ဘုရား။ သူတို့အလုပ်မျိုးတွေ၊ထင်သလောက် အကျိုးရပမလား။ အကျိုးမရတဲ့ပြင်၊ အဝိစိ-သို့၊ လျှိုးကြ ရပါဘုရား။ အေး, ဒါကြောင့်။ စွဲမိစွဲရာ၊ ထင်မိထင်ရာ,

ထင်တတ်တဲ့၊ ပုထုဇဉ်များရဲ့ မျက်စေ့ကတော့။ နား
ထောင် “ဘာသာပြန်ပြမယ်။”

စက္ခု၊ အချက်မသိ အလက်မသိနဲ့။ အရက်ကလဲမရှိ
တော့ဘဲ။ ကလက်တီး ကလက်တက်မို့။ နှုတ်ထိ
အောင်၊ မပျက်ကြည့်ဘတ်တဲ့၊ ပုထုဇဉ်တို့ရဲ့-မျက်စိသည်။
ရူပေန၊ မနောဟာဒယမှာဖြင့်။ သဘောကျစွာ-အရူပါတုန်
လောက်ထဲ့။ ချောလှစွာသော–ရူပါရုံနှင့်။ သံဝါသာ၊
ဘလွတ် ဘရွတ်၊ ဇွတ်တရွတ်ဖြင့်။ ဝဏ္ဏရုပ်ရှင်း၊ ကွေ့
မကွင်းဘဲ၊ သုည ထွဲ့ ပေါင်းသင်း မိလေ သော ကြောင့်။
ရု-ဝပုဘ္ဘ။ တဏှာ၊ မာန၊ ဒိဋ္ဌိစသား။ ပ-ပဥ္စဆိုတဲ့-သား
ကို။ ဝါ၊သားဆိုး၊ သားအာ၊ သားဗာလ, ကို။ ဝိဇာယတိ။
စက္ခုနဲ့ ရူပါရုံ၊ တွေ့ဆုံကာ ပေးစားခဲ့ သဖြင့်။ မွေးဖွါး
ကာ လာခဲ့ပါသတည်း–တဲ့၊ ဦးအောင်တင့်။

မှန်ပါ့ဘုရား။ ဥာဏ်အရာ–ဥာဏ်သဘောနဲ့-မတွေး
တောခင်၊ ပုထုဇဉ်များမှာတော့။ စက္ခု၊ သောတ၊ ဃာန၊
ဇိဝှါ၊ ကာယ၊ မန၊ ခြောက်ဒွါရက။ ပ-ပဥ္စ-သား။ တဖွါး
ဖွါး မွေးဘွားနေတာ–အမှန်ဖြစ်ကြောင်းပါဘုရား။

ဦးအောင်တင့်၊ ဘုရား။ ပါဠိလို၊ ပ-ပဥ္စ။ မြန်မာလို၊
ဘယ်နှယ်လဲ။ သံသရာကို၊ ကျယ်ပွါး ချဲ့ထွင်တတ်သော
တရားပါဘုရား။ ခေတ်စကားနဲ့ဆိုတော့။ နယ်ချဲ့သွား
ပါဘုရား။ အေး, ဒါ့ကြောင့်။ တဏှာ၊ မာန၊ ဒိဋ္ဌိ-သည်

**No. 42.**

သာသျှင်။ သံသရာတခွင်၊ ချဲ့ထွင်တတ်သည်ဖြစ်၍။ ဒိဋ္ဌိသည်။ အဘယ်သံသရာကို ချဲ့သလဲ။ ဒိဋ္ဌိသည်။ အပါယ်လေးပါးဟုဆိုအပ်သော၊ အောက်ဆုံး သံသရာကို ချဲ့ပါတယ်။ တဏှာ၊ မာန-ကကော၊ အပါယ်သံသရာ မချဲ့နိုင်ဘူးလား။ တဏှာ၊ မာန-သည်။ သူတို့ချည်း သက်သက်ဆိုလျှင်။ အပါယ်လေးပါးသို့ မသွားနိုင်၊ မရောက်နိုင်၊မချဲ့နိုင်ပါ။ ဒိဋ္ဌိရှိမှသာ၊ ရောက်စေ—ချဲ့စေပါသည်။ အဘယ်ကြောင့်ဆိုသော်-။ သောတာပန်-သောတာပတ္တိမဂ်သည်။ အပါယ်သံသရာမှ ကင်းလွတ်ပြီးဖြစ်၍။ ထိုသောတာပတ္တိမဂ်သည်။ ၎င်း—ပ-ပဋ္ဌတွင် ဒိဋ္ဌိကိုသာလျှင်ပယ်သတ်၍။ တဏှာ၊ မာနများ, ရှိပါသေးသည်။သို့အတွက်၊ တဏှာနဲ့ မာန သည်။ အပါယ်သံသရာ မချဲ့နိုင်ပါ။ ဤသို့ဖြစ်လျှင်။ တဏှာ၊ မာန-သည်။ ကာမသုဂတိဟု ဆိုအပ်သော။ အလယ်သံသရာ-ဖြဟ္မာနှစ်ဆယ်ဟု ဆိုအပ်သော အထက်သံသရာကို ချဲ့သည်ဖြစ်၍။ သံသရာ သုံးကြောင်း သုံးသွယ်တွင်။ ပ-ပဋ္ဌတရား, ထင်ရှားပါလျှက်။ "အဝိဇ္ဇာတဏှာဝသေန ဒွေမူလာနိ" ဟု။ ဘာ့ကြောင့် ဟောတော်မူသလဲ။ နားထောင်စမ်းပါ၊ ပြောပြမည်။ အဝိဇ္ဇာနဲ့ တဏှာသည်။ အပါယ်သံသရာမှ, ကင်းပြတ်ပြီး သော။ သောတာပတ္တိ မဂ်ထဲသော်မှ၊ မပယ်နိုင်။ အလွန် ခိုင်မြဲသောမူလသည် မှန်၏။ သကဒါဂါမိ မဂ်သော်မှ။ အဝိဇ္ဇာတဏှာကို။ တနုကရ-ပယ်သေးသည် မဟုတ်ပါလော။ အနာဂါမိ, ရဟန္တာဟု ဆိုအပ်သော။ အထက်မဂ် ကျမှ။ အကြွင်းမရှိ ပယ်နိုင်၏။ သံသရာလည်း ပြတ် တော့ ၏။

သို့အတွက်။ "အဝိဇ္ဇာ တဏှာဝသေန" ဟု။ မူလတရား ကို ဟောတော်မူရပေ၏။

ဦးအောင်တင့်-ဘုရား။ ဒီလိုမဟုတ်လား။ မှန်လှပါ ဘုရား။ ဆဲဒါကြောင့်။ ရှေးဦးစွာ အဘယ် သံသရာကို လွတ်အောင်၊ ဘာကို အားထုတ်ရမလဲ။ အပါယ်သံသရာ ကိုလွတ်အောင်၊ ဒီဗြုပ္ပတ်ကြောင်းဖြစ်သော။ ရုပ်၊ နာမ်၊ ခန္ဓာ၊ သင်္ခါရ၊ ဒုက္ခ သစ္စာကို သိအောင်။ ဝိပဿနာကို အားထုတ်ရမည်။ နားထောင်နေ၁-ဦးအောင်တင့် ရေ့။ သေသေချာချာ သဘောပိုက်ခဲ့စမ်း။ အမေး အဖြေ ပြု လုပ်ပြီး-ဟောသွားမယ်၊ ကြားလား။ မှန်လှပါ-လင်း တော်မူပါဘုရား။

ရုပ် နာမ် ခန္ဓာကို အဘယ်သို့ သိရမလဲ။ ယခုသင့်မှာ စက္ခုန္ဒြေရခေါ်-မျက်စေ့ပေါက်က၊ ဘာတွေကို မြင်နေသ လဲ။ ယောကျ်ား၊ မိန်းမ၊ လူကြီး၊ လူငယ်၊ ပုဂ္ဂိုလ်၊ သတ္တ ဝါ၊ တုံး၊ တိုင်၊ သစ်ပင်တွေကို မြင်သည်ဟု-ပြော မည် မဟုတ်ပါလော။ ဒါဖြင့်လျှင်။ အသင်၏ မျက်စေ့ကိုပိတ် ထားပါ။ ဘာကိုမြင်သလဲ။ ဘာမှတော့ မမြင်တော့ပါ။ သို့သော်။ ယောကျ်ား၊ မိန်းမ၊ လူကြီး၊ လူငယ်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ တုံး၊ တိုင်၊ သစ်ပင် တွေကတော့ မပျောက်ပါ။ အသင်-စဉ်းစားပြောပါ။ ခုနင်ကတော့။ ယောကျ်ား စသည်တို့ကို။ မျက်စေ့က, မြင်သည်ဟုဆို၏။ မျက်စေ ပိတ်တော့လဲ။ ယောကျ်ား-စသည်,မပျောက်ဟု ဆိုသည်။ ရှေ့စကား-နောက်စကား, မညီပါသလား။ အသင်၏ မျက်

စေ့မှ။ ယောက်ျား-စသည်ကို အမှန် ကေန် မြင်ရပါမူ။ ဖိတ်ထားက, ပ-ပျောက်ရမည်။

ယခုမှ, ပ-ပျောက်သဖြင့်။ အသင့် အမြင်သည်။ဟုတ်ပမည်လော။ ဒါဖြင့်လျှင်။ အသင်၏ မျက်စေ့ ဖိတ်လျှင်။ ဘာများ, ပ-ပျောက်သွားသလဲ။ လင်းလင်း, ဝါဝါ, ပြာပြာ, စိမ်းစိမ်း-လို့ခေါ်ရဘဲ။ အရောင်အဆင်းများ, ပ-ပျောက်သွားပါတယ်။ ဤအတိုင်း မှန်ပါသလား။ မှန်ပါ၏။ မှန်ပါလျှင်။ အရောင်အဆင်းသည်သာ, မျက်စေ့က မြင်သည်မဟုတ်ပါလော။ ယောက်ျား၊ မိန်းမ၊ လူကြီး၊ လူငယ်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ တုံး၊ တိုင်၊ သစ်ပင်-ကို။ မျက်စေ့က မြင်တာ-ဟုတ်ပါမည်လော, စဉ်းစားပါ။မဟုတ်နိုင်ပါဘူး။ ဒါကြောင့်။ အသင်၏ မျက်စေ့သည်။ပုဂ္ဂိုလ် သတ္တဝါ မဟုတ်သော။ အဆင်း-ဝဏ္ဏ-ရုပ်။ ဒုက္ခသစ္စာသာလျှင်-မြင်ရသည်မှန်၏။ ယောက်ျား၊ မိန်းမ-မြင်သည်ဟု၊ မဟုတ်ဘဲနဲ့ မစွဲလမ်းပါနဲ့။ ယောက်ျား၊ မိန်းမ၊ လူကြီး၊ လူငယ်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ တုံး၊ တိုင်၊ သစ်ပင်-ဆိုတာ။ အသင်၏ စိတ်မှာသာလျှင်၊ ထင်စွဲလွဲမှား၍ ပေါ်နေသည် မဟုတ်ပါလော။

ဆဲဒိ။ စိတ်ကကော။ ပုဂ္ဂိုလ်၊ သတ္တဝါ-ဟုတ်ပါရဲ့လား။ စိတ်သည်။ ထင်မှုသာလျှင် မဟုတ်ပါလား။ ထင်မှုသည်။ နာမ် ဒုက္ခသစ္စာသာလျှင် မှန်ပါ၏။ ထို့ကြောင့်။ မျက်စိက မြင်ရာဝယ်။ ယောက်ျား၊ မိန်းမလို့ ထင်မှုက၊ နာမ် ဒုက္ခသစ္စာ။ အထင်ခံဖြစ်သော အဆင်းဝဏ္ဏက၊ ရုပ်ဒုက္ခသစ္စာ။ ရုပ် နာမ် ဒုက္ခသစ္စာမှတပါး။ ယောက်ျား-မိန်းမ

ရှိသလား,-မရှိ။ မှန်ပေ၏။ သောတဒွါရကကော။ ဘာကိုကြားသလဲ။ အသံလို့ ခေါ်တဲ့-သဒ္ဒခတ်သာ လျှင်။ ကြားသည်မှန်ပေ၏။

ဒါဖြင့်။ စည်။ မောင်း။ ခေါင်းလောင်း။ ယက္ကန်း။ လေယျာဉ်ပျံ က—ဘယ်မှာလဲ။ စိတ်ထင်သာလျှင် ဖြစ်သဖြင့်။ နာမ် ဒုက္ခသစ္စာသာလျှင် ဖြစ်ပါတယ်။ ဒါကြောင့်—။ အသင်၏ နားသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ စည်၊ မောင်း၊ ခေါင်းလောင်း မဟုတ်သော။ သဒ္ဒခတ်ဟုခေါ်သော၊ ရုပ်ဒုက္ခသစ္စာသည်သာလျှင်-ကြားရသည်မှန်၏။ စည်သံ၊ မောင်းသံ၊ ခေါင်းလောင်းသံ-ဟု။ မဟုတ်ဘဲနဲ့ မစွဲလမ်းပါနဲ့။ စည်၊ မောင်း၊ ခေါင်းလောင်း သည်။ ထင်မှုသာလျှင်ဖြစ်၍။ နာမ်ဒုက္ခသစ္စာမှန်၏။ ရုပ်ဒုက္ခသစ္စာ၊ နာမ်ဒုက္ခသစ္စာမှတပါး။ စည်၊ မောင်၊ ခေါင်းလောင်း-ရှိသလား။ မရှိမှန်ပေ၏။ ဃာနဒွါရကကော။ ဘာကို-မွှေးတာ, နံတာလဲ။ အနံ့လို့ ခေါ်တဲ့။ ဂန္ဓခတ်သာလျှင်။ မွှေးသည်—နံသည်မှန်ပေ၏။ ဒါဖြင့်။ ယောက်ျား၊ မိန်းမ၊ သနပ်ခါး၊ ပန်း၊ နံ့သာ·က၊ ဘယ်မှာသဲ။ စိတ်ထင်သာလျှင် ဖြစ်သဖြင့်။ နာမ်ဒုက္ခသစ္စာသာလျှင် ဖြစ်ပါတယ်။

ဒါကြောင့်။ အသင်၏နှာခေါင်းသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောက်ျား၊ မိန်းမ၊ သနပ်ခါး၊ ပန်း၊ နံ့သာ- မဟုတ်သော။ ဂန္ဓခတ်ဟု ခေါ်သော။ ရုပ်ဒုက္ခသစ္စာသာလျှင်။ မွှေးရ၊ နံရသည်မှန်၏။ သနပ်ခါး၊ ပန်း၊ နံ့သာဟု။ မ

No. 43.

ဟုတ်ဘဲနဲ့ မစွဲလမ်းပါနဲ့။ သနပ်ခါး၊ ပန်း၊ နံ့သာသည်။ ထင်ရှားသာလျှင်ဖြစ်၍။ နာမ် ဒုက္ခသစ္စာ မှန်၏။ ရုပ် ဒုက္ခသစ္စာမှတပါး။ သနပ်ခါး၊ ပန်း၊ နံ့သာ-ရှိသလား။ မရှိ မှန်ပေ၏။ ဗိဇ္ဇါဒ္ဓါရကကော။ ဘာကို လျက်တာ, စားတာလဲ။ အရသာလို့ ခေါ်တဲ့။ ရသ ဓာတ် သာ လျှင်။ လျက်သည်-စားသည် မှန်ပေ၏။ ဒါဖြင့်။ ဘဲပေါင်၊ကြက်ပေါင်-စသော, ဟင်းလျာက, ဘယ်မှာလဲ။ စိတ်ထင်သာ လျှင် ဖြစ်သဖြင့်။ နာမ်ဒုက္ခ သစ္စာသာလျှင် ဖြစ်ပါတယ်။ ဒါကြောင့်။ အသင်၏-လျှာသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဘဲပေါင်၊ ကြက်ပေါင်၊ ဟင်းလျာ-မဟုတ်သော။ ရသဓာတ် ဟုခေါ်သော။ ရုပ်ဒုက္ခသစ္စာသာလျှင်- လျက်သည့် စားရသည်မှန်၏။ ဘဲပေါင်၊ ကြက်ပေါင်-စသော,ဟင်းလျာ ဟု၊ မဟုတ်ဘဲနဲ့ မစွဲလမ်းနဲ့။ ဘဲပေါင်၊ ကြက်ပေါင်-စသော, ဟင်းလျာသည်။ ထင်ရှားသာလျှင်ဖြစ်၍။ နာမ်ဒုက္ခ သစ္စာမှန်၏။ ရုပ် ဒုက္ခသစ္စာ၊ နာမ် ဒုက္ခသစ္စာမှ တပါး။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဘဲပေါင်၊ ကြက်ပေါင်-ဟင်းလျာ ရှိသလား။ မရှိမှန်ပေ၏။ ကာယဒွါရကကော။ "ဦးအောင်တင့်ရေ—ဘုရား။ ကြာတော့—ဘိုးသူတော်-ပုတီးစိတ်သလိုသာ, စိတ်လိုက်ချင်ပြီ—, မှန်ပါ။ ကြားချင်သူပမိုသတ်ကတော့။ နားတင်ယူ တံဆိပ်ခပ်လျက်ပါဘုရား။ အလို၊ နဘောတွေ ဘာတွေနဲ့။ တယ်—အတတ်ပြလိုက်ပါလား။ အတတ်ပြဆို၊ အရှင်ဘုရား၏ ဟောပုံက (စမတ်) ကျလွန်းလို့ပါဘုရား"—အလဲ့။ ဦးအောင်တင့်ရေ—ဘုရား။ ဒါဖြင့်။ ကာယဒွါရကလဲ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊

မိန်းမ-မဟုတ်သော။ အတွေ့၊ အထိ ဟုခေါ်သော၊ ဖေါဋ္ဌဗ္ဗ ခေတ်မို့။ ရုပ် ဒုက္ခသစ္စာ မဟုတ်လား။ မှန်ပါဘုရား။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောက်ျား၊ မိန်းမ-စသည့်၊ စိတ်ထင်သာ ဖြစ်သဖြင့်။ နာမ် ဒုက္ခသစ္စာ မဟုတ်ပါလား။ အဲဒီလို—ကာ သန္ဓါရမှာလဲ။ ထင်မှုသည့်—နာမ်။ အထင်ခံသည့်-ရုပ်။ နာမ် ရုပ် ဒုက္ခသစ္စာမှတပါး။ ယောက်ျား၊ မိန်းမ—ရှိသ လား၊ မရှိမှန်ပေ၏။ မနေသန္ဓါရကကော၊ ဘာကိုသိတာ လဲ။ ကြံခြင်း၊ စည်ခြင်း၊ စဉ်းစားခြင်း-ခေါ်တဲ့၊ ဓမ္မခေတ် သာလျှင်၊ သိသည်မှန်ပေ၏။ ကောင်းပြီ။ ကြံခြင်း၊ စည် ခြင်း၊ စဉ်းစားခြင်းကား။ ဘာကို-ကြံစည်-စဉ်းစားသလဲ။ ပြခဲ့ပြီးသော, ပဥ္စာရုံနှင့်တကွ။ မှတ်ကြောင်း ခြင်းရာဖြစ် သော, ပညတ် ဓမ္မာရုံ အလုံးစုံကို။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောက်ျား၊ မိန်းမ၊ မဟုတ်မမှန်၊ လုပ်ကြံစဉ်းစား၍ သိပေ ၏။ ဒါဖြင့်။ မိန်းမ၊ ယောက်ျား၊ လူကြီး၊ လူငယ်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ထုံး၊ တိုင်၊ သစ်ပင်က-ဘယ်မှာလဲ။ စိတ်ထင် သာလျှင်ဖြစ်သဖြင့်။ နာမ် ဒုက္ခ သစ္စာ သာလျှင် ဖြစ်ပါ တယ်။ ဒါ့ကြောင့်။ အသင်၏ စိတ်သည်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ တုံး၊ တိုင်-မဟုတ်သော။ ဟဒယဝတ္ထု ခေါ်သော-ရုပ် ဒုက္ခ သစ္စာသာလျှင်။ အထင်ခံ, အသိခံ, မှန်၏။ ပုဂ္ဂိုလ်, သတ္တဝါ, တုံး, တိုင်, သစ်ပင်-မဟုတ်ဘဲနဲ့ မစွဲလမ်းပါ နဲ့။ ပုဂ္ဂိုလ် စသော-တုံး, တိုင်, သည်။ ထင်မှုသာလျှင် ဖြစ်၍။ နာမ် ဒုက္ခ သစ္စာမှန်၏။ ရုပ် ဒုက္ခသစ္စာ, နာမ် ဒုက္ခ သစ္စာမှတပါး။ ထုံး, တိုင်, ရှိသလား။ မရှိ မှန်ပေ၏။ ဒါ့ကြောင့်မို့။ ဝိပဿနာ-တည်းဟူသော။ ဝိဇ္ဇာဘာသ,

အလင်းရောင်ကို။ ညှိထွန်း လင်းပြ, အလင်းရတော်မူကြ
သော။ “ကျေးဇူးတော်ရှင်-ဝိပဿနာ, သာသနာ့ပြု-
အရှင်တို့သည်။” တုံးဆိုတာ-နာမ်ပါကွယ်။ တိုင်-ဆို
တာ-နာမ်ပါကွယ်။ နာမ်ပြင်မှတပါး, တခြားမရှိပါ,ဟူ
၍။ တုံးနာမ်, တိုင်နာမ်·ကို။ ဂန္ထဓုရ, ဝိပဿနာဓုရ,
ဒေသနာကြမ, ဘုရားအလိုတော်ကျ-ဟောပြတော်မူကြပေ
၏-ဟူ၍။ တွံ။ သင်ပုထုဇဉ်မျိုး။ မောင်နှရိုးကြီးသည့်။
ဂဏ္ဍာဝယ်။ မှတ်လေလော။ ဦးအောင်တင့်ရေ-ဘုရား၊
မှတ်ထားတော့-လို့။ မှန်ပါ။ သည်လို-နဲ့, ရိုး။ အန္တမျိုး
မှ၊ လွတ်ရပေပြီလို့-အောက်မေ့ပါဘုရား။ ဟုတ်ကဲ့
လား။ စဉ်းစားနော်။ တော်တော်ကြာတော့။ “ရိုးစား
နှစ်ယောက်နဲ့။ ငနောက်-ဥပမာမျိုးဖြစ်နေမယ်” အမိန့်
ရှိပါဘုရား။

ရှေးက—ငနောက်, ဆိုတဲ့ လူတယောက်။ ရိုစားက
လဲ-နှစ်ယောက်ထား။ အချစ်ကလဲ-နှစ်ယောက်စလုံး
ရည်တူနေ။ သူ့စိတ်ထဲက, ဘယ်သူကိုမှ ပိုချစ်လို့ မရ
တော့။ နှစ်ယောက်စလုံး မေတ္တာမျှ။ နှစ်ယောက်စလုံး,
ရချင်သပေါ့လေ။ တညသောအခါ။ မြောက်အိမ်က,
ရိုးစားဆီ သွားတော့။ မနေ့ညက, ဘာလို့ မလာတုံး။
ငါသိဘယ်,-တောင်အိမ်မှာ နေတာ။ ဒီက,ကောင်မက,
သိပြီးသားပါ, ဘာလေး, ညာလေးနဲ့။ ရန်လုပ်ဆိုထင်
ပါရဲ့။ “ဒို့တော့။ ဘုန်းကြီးမို့ - နားမလည်ပါဘူး,
ကြားလား။” မှန်ပါ။ ဒီတော့။ မဟုတ်ပါဘူးကွာ၊
မင်းထင်လို့ပါကိုး။ အောင်မယ်-ဘာထင်ရမှာလဲ။ ကဲ·

မဟုတ်ရင်—ရှင့် မိုးကြိုးပြစ်။ ကဲလေ-ကြိမ် စမ်း ပါ ဆို တော့။ သူက, စဉ်းစား။ အင်း-, ငါ ဟုတ်တော့ ဟုတ် တယ်။ ဒါပေမဲ့-မကြိမ်ရင် အခက်။ကြိမ်ပြန်လဲ၊ မိုးယံး ကြိုးက အပြစ်။ ဖြစ်ချင်ရာဖြစ်—အောက်မေ့ပြီး။ ဖြစ်ရ ပါ စေ့ ကွာ—မဟုတ်ပါ ဘူးလို့-ကြိမ် ဆိုကိုး။ ဒီလိုနဲ့ စကားလက်ဆုံကျ။ နောက်ည, တောင်အိမ်ကလဲ၊ ဒါလို ဘဲ ခရာတာဘာပြော-အကြိမ်ခိုင်းပြန်။ အဲဒီမှာလဲကြိမ်ခဲ့ ရ။ ကြာတော့။ ဟိုရိုးစား, ကြိမ်ရ။ ဒီရိုးစား, ကြိမ်ရ ဆိုတော့။ သူ့ကိုယ်သူ မယုံဘူး။ မိုးယံးအုံ့ရင်-တယော် ထဲမနေရဲ။ မိုးယံးချိမ်းရင်—ကုတင်အောက်တိုး။ မိုးယံး ကြိုး ထစ်ရင် – အမယ်လေး – လို့ – အော်မိသတဲ့။— ဦးအောင်တင့်-လဲ၊ ဒီလိုများဖြစ်နေမနေ၁။ ဒို့နဲ့တွေ့— မှန်လှပါ။ ဟိုနဲ့တွေ့-ဟုတ်ဘယ်ဈို့-နဲ့။ ကြာ, ကုတင် အောက် တိုးနေရမယ်-ကြားလား,-ဦးအောင်တင့်။ ဒီ ဥပမာနဲ့တော့၊ ကပ်ရစ် ချပ်ရစ်ဆိုပါလေ—ဟုတ်လား။ အောင်တင့်-နဲ့—ငနောက်၊ တပေါက်စိဖွါး၊ တခြားစိနေ လို့။ အများတတွေ ရှိကြပါဘုရား။ အမဲ့-အေး, အဲဒါလို ဒါလို၊ ခြောက်ဒွါရ၊ ရောက်လာသမျှ ရုပ်-နာမ်ကို။ ဟုတ် မှန်သောအတိုင်း။ မဆိုင်းချုပ်ပျောက်၊ အနိစ္စသို့ရောက် နေကြတဲ့။ ခဏ္ဍာငါးပါး၊ အာဂန္တုက၊ ဓာတ်ခမ္မ တွေကို။ ခန္ဓာအားဖြင့် ဆင်ခြင်လိုက်ပြန်တော့။ ငါမပါ၊ သူမရော၊ ပုဂ္ဂိုလ်နှောတဲ့။ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖေါဋ္ဌဗ္ဗ ဆိုဘဲ့။ ပဉ္စာရုံနဲ့ ဟာဒယဝတ္ထုက—ရူပက္ခန္ဓာ။ အဆင်းလှ, မလှ။

No. 44.

အသံ–ကောင်း, မကောင်း-စသည်တို့ကို ခံစား တာက, ဝေဒနက္ခန္ဓာ။ လှ၏, မလှ၏၊ ကောင်း၏, မကောင်း၏–စ သည်ကိုမှတ်သားတာက,သညာက္ခန္ဓာ။ လှအောင်-ကောင်း အောင်, ပြုပြင်တာက, သင်္ခါရက္ခန္ဓာ။ ရုပ်တရား-ဖြစ်တဲ့ အဆင်း-အသံ-စသည်နှင့်တကွ၊ ခံစားတာ၊မှတ်သားတာ၊ ပြုပြင်တာ တွေဟာ။ ငါ သူတွေဘာဘဲ ရယ်လို့ ထင်ဒါ က, ဝိညာဏက္ခန္ဓာ နေ၁–ဦးအောင်တင့်။ မှန်ပါဘုရား။

ဒါကြောင့်။ "ခြောက်ဒွါရမှာ၊ ခန္ဓာငါးပါး-ဖြစ်ပေါ် ဟာ။ အဲဒါထဲ၊ ဘယ်မလဲ လူဆိုတာ–လို့။

**ကဲကဲ လိုက်ကြစမ်းဟေ့။ ဘာတဲ့။ အားလုံး, အားလုံး။**

(၁) စက္ခုဒွါရ၌။ ခန္ဓာငါးပါးဖြစ်ပေါ်ပုံကား။

အဆင်းက, ရူပက္ခန္ဓာ။
ခံစားတာက, ဝေဒနာက္ခန္ဓာ။
မှတ်သားတာက, သညာက္ခန္ဓာ။
ပြုပြင်တာက, သင်္ခါရက္ခန္ဓာ။
ကြီသိတာက, ဝိညာဏက္ခန္ဓာ။
စက္ခုဒွါရမှာ, ခန္ဓာငါးပါးဖြစ်ပေါ်တာ
အဲဒါထဲ၊ ဘယ်မလဲ (လူ) ဆိုတာ။

(၂) သောတဒွါရ၌။ခန္ဓာငါးပါးဖြစ်ပေါ်ပုံကား။

အသံက, ရူပက္ခန္ဓာ။
ခံစားတာက, ဝေဒနာက္ခန္ဓာ၊
မှတ်သားတာက, သညာက္ခန္ဓာ။

ပြုပြင်တာက, သင်္ခါရက္ခန္ဓာ။
ကြံသိတာက, ဝိညာဏက္ခန္ဓာ။
သောတဒွါရမှာ, ခန္ဓာငါးပါးဖြစ်ပေါ်တာ
ဆိုဒါထဲ၊ ဘယ်မလဲ (သူ) ဆိုတာ။

(၃) ဃာနဒွါရ၌။ ခန္ဓာငါးပါး ဖြစ်ပေါ်ပုံကား။

အနံ့က, ရူပက္ခန္ဓာ။
ခံစားတာက, ဝေဒနက္ခန္ဓာ။
မှတ်သားတာက, သညာက္ခန္ဓာ။
ပြုပြင်တာက, သင်္ခါရက္ခန္ဓာ။
ကြံသိတာက, ဝိညာဏက္ခန္ဓာ။
ဃာနဒွါရမှာ, ခန္ဓာငါးပါးဖြစ်ပေါ်တာ
ဆိုဒါထဲ၊ ဘယ်မလဲ (ငါ) ဆိုတာ။

(၄) ဇိဝှါဒွါရ၌။ ခန္ဓာငါးပါးဖြစ်ပေါ်ပုံကား။

အရသာက, ရူပက္ခန္ဓာ။
ခံစားတာက, ဝေဒနာက္ခန္ဓာ။
မှတ်သားတာက, သညာက္ခန္ဓာ။
ပြုပြင်တာက, သင်္ခါရက္ခန္ဓာ။
ကြံသိတာက, ဝိညာဏက္ခန္ဓာ။
ဇိဝှါဒွါရမှာ, ခန္ဓာငါးပါး ဖြစ်ပေါ်တာ
ဆိုဒါထဲ။ ဘယ်မလဲ (သား) ဆိုတာ။

(၅) ကာယဒွါရ၌။ ခန္ဓာငါးပါးဖြစ်ပေါ်ပုံကား။

အတွေ့က, ရူပက္ခန္ဓာ။

ခံစားတာက, ဝေဒနက္ခန္ဓာ။
မှတ်သားတာက, သညာက္ခန္ဓာ။
ပြုပြင်တာက, သင်္ခါရက္ခန္ဓာ။
ကြံသိတာက, ဝိညာဏက္ခန္ဓာ။
ကာယဒွါရမှာ, ခန္ဓာငါးပါးဖြစ်ပေါ်တာ
အဲဒါထဲ။ ဘယ်မလဲ (ညွှန်း) ဆိုတာ။

(၆) မနောဒွါရ၌။ခန္ဓာငါးပါးဖြစ်ပေါ်ပုံကား။

ဟဒယဝတ္ထုက, ရူပက္ခန္ဓာ။
ခံစားတာက, ဝေဒနာက္ခန္ဓာ။
မှတ်သားတာက, သညာက္ခန္ဓာ။
ပြုပြင်တာက, သင်္ခါရက္ခန္ဓာ။
ကြံသိတာက, ဝိညာဏက္ခန္ဓာ။
မနောဒွါရမှာ, ခန္ဓာငါးပါးဖြစ်ပေါ်တာ
အဲဒါထဲ။ ဘယ်မလဲ (မြေး) ဆိုတာ။

ဟုတ်လား–ဦးအောင်တင့်။ ခြောက်ဒွါရက။ရုပ်နာမ်ခန္ဓာ–ထင်ရှားပလား။ ထင်ရှားပါဘုရား။ ဦးအောင်တင့်ရေ–ဘုရား။ယခုလို–မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊လျက်တိုင်း၊တွေ့တိုင်း၊ကြံတိုင်း၊ဩဇာ၊ငါသူတပါး၊ယောကျ်ား၊မိန်းမ-မဟုတ်ဘဲ။ ရုပ် နာမ် ခန္ဓာ တွေ ပါလား, လို့ ဆိုတာ။ ခယမ္ဘသဘော၊ ဘယမ္ဘတွေ ရောနေထဲ့။ အသာရကမ္ဘ အနတ္တ အကာ တောကြီးကို။ မျက်ဝါး ထင်ထင်၊ တကယ်မြင်အောင်။ တွင်တွင်ကြီး ဆင်ခြင်ပွါးရှုကာနေရတဲ့။ ဝိပဿနာ သူဌေးအလုပ်။ ဝါ။ သူဌေးအလုပ်နဲ့တူ

တဲ့ ဓိပသသနာ့မှာ။ အလုပ်မရှိလို့ ပြောကြတာက၊ မဆန်း
သော်လဲ။ “ဒေါ်ထပြီး၊ ချက်ကောင်းညှိုး၊ မျက်စောင်းထိုး
ဒေါ်တော့၊ အံ့ဩစရာပါဘဲ။” မှန်လှပါဘုရား။ သူတို့မို့
ထင်ပလေ–ထင်ရိုးကိုးဘုရား။

**ဒါ့ကြောင့်လဲ။ လယ်တီဆရာတော်ဘုရား-မိန့်ကြားပုံက။**

မိုက်မလင်းနိုင်ဘူ၊ မြိုက်ခင်းရဲ့ညာစီ။ ခါတော်
မှီသိမ‌ေ့နိုင်လို့၊ ဒီကွေ့တွင်‧နေ့ကုန်မျှောပြန်ရ၊
အတော ဘယ်မသတ်နိုင်တဲ့–ရဟတ်ဖွေ–ဟုတ်
လား။ ။ငါးရပ်ကယ် ရုံညီ ဒုလ္လဘိနဲ့။ ကြုံပြီ ခု
ခေတ်။ မြန်ခင်းဇမ္ဗူ၊ မှန်ကင်းငယ်ထူ၊ လူ ထက်
လူ–ဖြစ်ပါလျက်။ အနှစ်ကယ် မနွယ်၊ အကာ
တောမှာ၊ ဗျာမောကာ ကြွယ်ကြလို့။ ရှည်ပါဘိ
ဝဋ်နွယ်ရယ်၊ လွတ်လွယ်ရန် မသိကြ သေးရော့
ထင့်။ မိမွေးမွှောင်–မိုက်တောင်ထုကို ကွယ်—,
(ငကင်း) ရယ်–လင်းမှ မချယ်—။ ဦးအောင်တင့်
ဘုရား။

ကင်းဝန်မင်းကြီးအား။ သို့ကလို–အမိန့်ထားဘူးတယ်
မဟုတ်လား။ ။ဟော–ငကင်းရဲ့။ ယခုလို ဒုလ္လဘနဲ့၊ ကြုံ
ရတဲ့ ဒီခေတ်အခါ။ အနန္တ–သာသနာတော်ကြီးသို့။ မသိ
နိုင်၊ မ‌ေ့နိုင်ကြလို့။ ဒီအထွေးဒိဋ္ဌိကွေ့ကိုသာလျှင်။ အပြန်
ပြန်–အဖန်ဖန်–တွေ့တွေ့ပြီး။ နေ့ကုန်ခဲ့လှပြီဟဲ့–ငကင်းရဲ့
တဲ့လား, မှန်ပါဘုရား။ အနှစ်မရှိ၊ အကာအတိသာ ဟုတ်

တဲ့။ ရုပ် နာမ် ခန္ဓာ ဆိုတဲ့။ အကာတောမှာ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါဘဲ၊ သူဘဲ-ဟု။ ယူစွဲ ထင်မှား။ အလကား တသောသော ဗျာ,ပါနဲ့။ မောလို့သာ ကြွယ်ပြီး။ ဝဋ်နွယ်မှ လွတ်လွယ်ကြောင်းဖြစ်တဲ့။ အနိမိတ္တ၊အနိစ္စခေတ်သား၊ ဝိပဿနာတရား, မသိကြရော့လေလား-, ဟဲ့ ငကောင်းရဲ့-လို့၊ ဆုံးမတော်မူခဲ့မဟုတ်လား။ မှန်ပါ၊ဆုံးမတော်မူခဲ့ပါဘုရား။ အေး-ဒါကြောင့်။ ဘယ်သူက, ဘာပြောလို့၊ ဘယ်သဘောက, တရားမဟုတ်လို့ဆိုချင်ဆို။ ရုပ်၊ နာမ်၊ ခန္ဓာ-သိရတဲ့ အတွက်။ အဖျင်းဆုံး,-အတ္တဒိဋ္ဌိ အစွဲကြီး, ပျက်မသွားဘူးလား။ မှန်ပါ။ ရုပ်နာမ်ခန္ဓာ, တချက်သိတော့။ အဖျင်းဆုံး-အတ္တဒိဋ္ဌိ အကွက်မရှိတော့ပါဘုရား။ အေး—ဒါကြောင့်-ဘာတဲ့။

## ခြောက်ခုဒွါရ၌ သစ္စာလေးပါး ဖြစ်ပေါ်ပုံကား။

အာရုံငါးပါးနဲ့ ဟဒယဝတ္ထုက ရုပ်။ ကြိတာသိတာက နာမ်။

ရုပ် နာမ် နှစ်ပါး အနိစ္စလက္ခဏာ, ဒုက္ခသစ္စာ။

ဒုက္ခသစ္စာကို သိတာက, မဂ္ဂသစ္စာ။

ရုပ်နာမ်နှစ်ပါးကိုသာယာတာက, သမုဒယသစ္စာ၊

လောဘတဏှာ သမုဒယသစ္စာ ချုပ်ငြိမ်းတာက, နိရောဓသစ္စာ။

ခြောက်ခုဒွါရမှာ။ သစ္စာလေးပါးဖြစ်ပေါ်တာ,-အဲဒါထဲ ဘယ်မထဲ သတ္တဝါ။

အဲဒီလို ရုပ် နာမ် ခန္ဓာ သင်္ခါရ ဒုက္ခသစ္စာကို။ ဒီလိုသိ၊ ဒီလိုမြင်၊ ဒီလိုဆင်ခြင်တာကို၊ ဝိပဿနာလို့–ခေါ်တယ် မဟုတ်လား။ မှန်ပါဘုရား။ ဒါဖြင့် “ရုပ်နာမ်ခမ္မ၊ အလင်းပြ၊ ဒါကွ ဝိပဿနာ” ပေါ့။ အေး,–ဒါ့ကြောင့်။ ဒိဋ္ဌိဝိဝိ ကိစ္စာ ပဟာနေန ပဟီနာပါယဂမနော သောတာပန္နော ဟောတိ။ ဟုတ်လား,– ဦးအောင်တင့်။ အဲဒါလိုတဖန် အမြင်သန့်ပြန်တော့။ အဝိဇ္ဇာ ရာဂ ဒေါသများ၊ ရော့ပေါ့ ပြီး, ခေါင်းပါးမသွားပေဘူးလား။ အဲဒါကိုရည်၍။ ရာဂ ဒေါသ မောဟာနံ တနုကရတ္တာ သကဒါဂါမိနာမ ဟောတိ—, ဟုတ်လား။ အဲဒါလို၊ ဒေသနာနည်း, နိသျှည်း မှီးလိုက်ပြန်တော့လဲ။ အလုပ်နဲ့ သရုပ်၊ ဟုတ်မဟုတ်၊ ခွဲ ထုတ်နိုင်ကြပေစေလို့ ကြားလား, ဦးအောင်တင့်ရေ– ဘုရား။ ဒါကြောင့်မို့။ ကြီးကျယ်ခမ်းနားသော, ဝိပဿနာ-အလုပ်တရား၊ ထူထောင် သွားတော်မူကြလို့။ ကြီးကျယ် ခမ်းနားသော, အမြတ်တရား,– ထင်ရှားစွာ ခံစားသွားကြမဟုတ်လား။ ခံစားသွားကြပါဘုရား။

**ဒါ့ကြောင့်—** အတိတေ၊ သက်တော်ထင်ရှား၊ ဘုရားရှိ တော်မူစဉ် အခါတုန်းက။ သတ္တဝဿာနို၊ မွေးသက္ကရာဇ်၊ တွက်ရေစစ်လိုက်တော။ ခုနစ်နှစ် အရွယ် မျှသာ, ရှိကြ ကုန်သေး သော။ ကုလပုတ္တာစ၊ ရတနာ့ဂုဏ်ရည် ကို၊ ယုံကြည်လေငြား၊ အမျိုးကောင်းသား ကလေး တို့သည် ၎င်း။ ကုလဓိတ္တိယောစ၊ ရတနာ့ ဂုဏ် ရည်ကို၊ ယုံကြည် လေပြီး၊

အမျိုးကောင်းသွီးလေးတို့သည်ဝှင်း။ တန်
ဆောယေဝ၊ဘုရားရှင်ကိုယ်တော်မြတ်ကြီး
ဟော ပြ တော် မူသဲ ခဏလေးဒွပင်လျှင်။
သောတာပန္နာ၊ ဒိဋ္ဌိ ဝိစိ၊ ပယ်နိုင်ဘိ၍။ မရှိ
ပါယ်ရွာ။ ရှင်းရှင်းကွာ သည့်။ ရှုနှမဟာ
သောတာပန်အပြီး။ ပုဂ္ဂိုလ်ကြီးတို့သည်။
ဟောနှို၊ တရားနာရင်း၊ ဉာဏ်မြင်လင်း
လို့။ ချက်ခြင်းမသွေ–ဆိုက်ရောက်တော်
မူကြလေကုန်သတည်း။ ။

**သာဓု။ သာဓု။ သာဓု။**

**"ကဲဒီနေရာမှာ။ ခေတ္တအပန်းဖြေ။ ရပ်နားခွင့်။ ဆေးဝါးသောက်။"**

———ooo———

# "နာမ်, ဘုရင်-ဟောခန်း။"

---

ခဏ္ဍာထန္တံ သုဘာဝေယျံ၊ နာမန္တံ တမ္ပိ ဒုဒ္ဒသံ။
ဘိက္ခုဉာဏေန ဘာဝေန္တာ၊ ပဿန္တိ သုညတာဘာဝယံ။

ဘောန္တော။ နာမ်တလုံး ခရာသမျှ, သဏ္ဌာန်အဖြုံး မပါရလေအောင်။ အမှန်ဆုံး သာခကတွေနဲ့၊ နာကြလိုဖြား,- သာဝကများတို့။ ခဏ္ဍာသန္တံ၊ တကယ်တရားမသိရှာကြဘော့။ အကျယ် မပွါးမိကြ လေဘဲ၊ တခြားရှိတွေလို့ စွဲသူပိုကြထဲ့၊-တုံးနဲ့ တိုင် ကို။ နာမန္တံ၊ ကြံစည်ကာမျှ-နာမ်ဓမ္မဟူ၍။ နာမန္တံ၊ မရှိ-ဟုတ်မှန်ဘာတွေကို။ ဒဲရှိလုပ်ကြံ၊ ဖန်ဖန် လှည့်ဖြား၊ နာမ်တရား ပါကလားဟူ၍။ နာမန္တံ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ ဥဿုံ၊ သုံးဆဲ့ဘုံ-အကြံသမား လက်ချက်မို့-။ နာမ်တရား, သက်သက်သည်သာဘည်း။ ဝါ။ တလောကလုံး၊ သိမ်းရုံးရုမြှော်၊ မတော်လှည့်စား, နာမ်တရား ပါကလား ဟူ၍။ သုဘာဝေယျံ၊ ငြင်းကာ ခုံကာ, မနေပါဘဲ။ သေအချာသား၊ ကောင်းမွန်စွာ ပွားများကြရာ၏။ သုဘာဝေယျံ၊ ကျမ်းကြီးစကား,ကျမ်းငယ်အားဖြင့်။စကားမပြုကောင်းမွန်စွာ ပွားရှုရာ၏။ ဒုဒ္ဒသံ၊ "ခြောက်စောင် အထွက်, သဘောနက်လှပါကလား။"- အဟောခက်-အပြောခက်သဖြင့်။ အလွန်ပင်-မြင်နိုင်ခဲလှစွာသော။ တမ္ပိ၊ အဟောခက်, အပြောခက်, သဘောနက်ဘိုသော်လဲ ယောဂီနော၊

မှန်မိုပ်အသွင်၊ ကြံစိတ်အစဉ်ဟု၊ ဆင်ခြင်လို ကြောင်း–ယောဂီ သူတော်ကောင်းတို့သည်။ တိက္ခဉာဏော၊ ဝဇီရိန်စင်း၊ မိုးဃ်းကြိုးခွင်းသလို၊ ဒင်းဒင်းသံဟီး၊ ထက်မြက်တဲ့ ဉာဏ်မြတ်ကြီးဖြင့်။ ဘာဝန္တာ၊ မရုံမမက်၊ ပုံပျက်လေအောင်၊ ပွားရှု ဆောင် သည် ရှိသော်။ ဘာဝန္တာ၊ စိန္တနကိစ္စ–စိတ်ချအမှန်၊ ကိုယ်ပိုင် ဉာဏ်ဖြင့်။ ဆင်ခြင်ကာကြည့်၊ ထင်မြင်၍ လာသည်ရှိသော်။ သုညတာဘာယံ၊ ရုပ်–နာမ်-ရန်သူ၊ ကင်းစင်ဖြူ၍။ သိတဂူဇန်း၊ ဧးမြို့နန်းသို့၊ ဝါ၊ ရန်သူကင်းပ၊ နိရောဓကို။ ပဿန္တို၊ ဒိဋ္ဌကင်းစင်၊ ဝင်းကြည်လင်၍၊ မြင်နိုင်ကြကုန်ရာ၏။ ပဿန္တို၊ သုံးဆဲ့တဆုံ–ကံထင်ရာ မသွားရလေအောင်။ ရုံး ထွက် ခုန်–အမှန်သခ်တ-တရားဟာမို့။ ဆုံးမဂ်အကုန်-ဉာဏ်အမြင်ပွားကြရင်ဖြင့်။ ဩော်–(နာမ်ဘုရင်) တပါးသာ, တွေ့ရလေကုန်သတည်း။ ။

## သာဓု။ သာဓု။ သာဓု၊

———ooo———

ကိုင်း,– ဟောကြစို့။ ဦးအောင်တင့်–, ဘုရား။ သတ္တောကာသ သင်္ခါရ–ဆိုတဲ့၊ လောကသုံးပါး–နာမ်ရှေ့သွားနေပုံ, အခြေတယ်ပြီး။ ရေရေလယ်လယ်ကြီး,–ဟောရလိမ့်မယ်–, ကြားလား။ ဒီတော့။ တရားဟောပြောတဲ့နေရာမှာ။ ဤအရာကား, သမုတိသစ္စာ။ ဤအရာကား, သဘာဝသစ္စာ။ ဤအရာကား, အရိယသစ္စာ–ဆိုတဲ့စကား၊ ခြားနားပြီး နားလည်တို့-အရေးအကြီးဆုံးမို့၊ နဲ့နဲ့ သတိပေးပရစေနော်။ သမုတိသစ္စာ-ဟောပြောတဲ့နေ

ရာ။ တရားနာ ပရိသတ်များက, သမုတိ-နား နှင့် နာမှ, နေရာကျ မတဲ့လား။ မှန်ပါဘုရား၊ သူ့သဲ့ဘာနဲ့ သူ့နား, ထားရပါလိမ့်ဘုရား။ သဘာဝတရားမှာ, သဘာဝနား။ အရိယ တရား, အရိယ နား။ ဆဲဒါလို–ခွဲနားပြီး, နာကြမှ။ သိဂီရွေ့ဖွက်-ခြသော့်ဆိ ထည့်လို့ဖြစ်လိမ့်မယ်–လို့–ဟုတ်လား။

ဒီလို မဟုတ်ပြန်တော့လဲ။ ရှေးက,- ဘကာမကြီး တယောက်၊ သူ့သမက်, အမြင်မတော်အောင်–သွားချေးတွေ–ပေနေလေတော့။သွားချေးတွေ-ပွတ်ပစ်ချေပါလို့ မခိုင်းချင်၍။ ရေ့–ပိုက်ဆံယူသွား, ကြံ ဝယ်ရတ်ချေလို့ ခိုင်းလိုက်။ သမက်လုပ်သူက, ကြံတော့ မဝယ်ဘဲ။ သူ ကြိုက်တတ်တဲ့–ဝိန်းဥ, ဝယ်စားဆိုကိုး။ ဒီတော့။သွားချေး–မပြောင်တဲ့ပြင်။ ထပ်တော့င်-ထူလာသေးသဘဲ့။

ဒီတော့။ ဦးပဥ္စင်း တို့က တော့။ ခင် ဗျား တို့ မှာ။ တဏှာ၊မာန၊ ဒိဋ္ဌိ-ဆိုတဲ့။ သွားချေးတွေ-ပြောင်စေချင်လို့။ (ဝိပဿနာ) ဆိုတဲ့ ကြံကို ဝယ်ခြင်း ဆိုတဲ့ ပွားများရန် နည်းလမ်းတည်းဟူသော, ပိုက်ဆံ-ပေးပါသော်လဲ။ ငြင်းခုံ ဒေါထ ခြင်း၊ "ဝိန်းဥ" ဝယ်စားမိရင်။ တဏှာ၊မာန၊ ဒိဋ္ဌိ–ဆိုတဲ့ သွားချေးတွေ။ ထပ်ထူ, လာမှာ စိုးရတယ်။ ဟုတ်လား, ဦးအောင်တင့်။ ဆဲဒါလဲ–သတိထားနော်။

အေး, ဒါကြောင့်။- "ခဏ္ဍာထမ္ဘံ၊ သုဘာဝေယျံ၊ နာမဏ္ဍိ တစ္စိ ဒုဋ္ဌသံ။"

"တိက္ခဉာဏော နာဝ ကွာ၊
ပဿန္တိ သုညတံဘာယံ"လို့

ဘောနွှော၊ နာမ်တလုံး ခရာသမျှ၊ သမ္ဘာဝ္ဘန် အဖြုံး မပါရလေအောင်၊ အမှန်ဆုံး သာဓကတွေနဲ့။ နာကြလို ဖြဲး၊ သာဓက, များတို့။

ဦးအောင်တင့်။ ။ဗိတ္တနိစ္စတာ, ဗိတ္တပရိကပ္ပ—ဆိုတဲ့-
နာမ်တရား။"
မာယူပမဥ္စ ဝိညာဏံ- ဆိုတဲ့
နာမ်တရား။
စိတ္တေန နီယတိ လောကော။
စိတ္တေန နီယတိ ပဇာ— ဆိုတဲ့
နာမ်တရား။

အားလုံးဘဲ ကြားချင်ကြ—ထင်ပါလား။ မှန်ပါ၊ မျှော် လင့်ကြပါဘုရား။

ဒါ့ကြောင့်။ ခတ္တာထန္တ ၊ တကယ် တရား မသိရှာကြ တော့။ အကျယ်မပွားမိကြလေဘဲ။ ကခြားရှိတွေလို-စွဲယူ ပိုကြတဲ့။ ထုံးနဲ့ တိုင်ကို လို့၊ ဦးအောင်တင့်ရေ၊ဘုရား။ "နာမ်ကို ဖယ်ကြည့်၊ ရုပ်သာရှိ" ဆိုတဲ့။ ကျေးဇူးရှင် ဟောပုံကျမ်းစကား, မှတ်သားခဲ့ ဘူးရဲ့လား။ မှတ်သား ခဲ့ဘူးပါသဘုရား။ အေး,နာမ်ဖယ်ထားပြီး။ ရုပ်-အနာရမ္မ ဏ—တရားထဲမှာ။ ငါ-သူတပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်-စားစား။ ထုံး၊ တိုင်များ, ပါရဲ့လား။ ရုပ် အရေ အတွက် နှစ်ဆဲ့ရှစ်မှာ, မပါ—ပါဘုရား။ ဒါဖြင့်။ နာမ်

အာရမ္မဏ တရားထဲမှာကော, ပါဘူ့မလား။ ထင်ရုံကာ မျှဖြစ်သော။ ဓမ္မာရုံပရမတ်-ကြံဆခြင်းမှတပါး။ နာမ် တရားမှာလဲ မပါ, ပါဘုရား။ မရှိတာကို အရှိဖြစ်အောင် လုပ်ကြံ၍ သိသော၊ ဓမ္မာရုံ မနောဝိညာဏ်က, ဘာတ ရားလဲ။ နာမ်တရားပါဘုရား။ အဲဒီ-မျက်လှည့် သမား, ဝိညာဏကန္တာ့ဆိုတဲ့—နာမ်တရား, သေသေချာချာ မပွါး မိကြတော့။ ငါငါ, သူသူ, လူဘဲ-နတ်ဘဲ၊ သတ္တဝါစား စား။တုံး, တိုင်, များဟာ။ တခြားရှိ တွေ လို ဖြစ် မနေ ဘူးလား, မှန်ပါ— အထင်လွဲကြပါဘုရား။

ဒါ့ကြောင့်။ ။ခန္ဓာသန္တာန်၊ တကယ်တရားမသိရှာကြ တော့။ ယခုလို- အကျယ် အကျယ် မပွါးမိကြ လေဘဲ။ တခြားရှိတွေလို စွဲယူ မိကြတဲ့။—တုံး နဲ့ တိုင်—ကို။ နာမန္တ်၊ ကြံစည်ကာမျှ နာမ်ဓမ္မ ဟူ၍။—

ဦးအောင်တင့်- ဘုရား။ ။တို့က, ပညတ်တရား၊ နာမ် ထားပြီး မဟောကြား။ စင်စစ်-ဝိဇ္ဇမာန မတ္ထ၊ ဝိဇ္ဇမာန လက္ခ ဏာ၊ နမန လက္ခဏာအားဖြင့်။ လူ—လူ လို့၊ မဟုတ်မမှန် လုပ်ကြံ၍ သိတာ။ ပုဂ္ဂိုလ် ပုဂ္ဂိုလ်လို့၊ မဟုတ် မမှန်၊ ညွှတ်သိနာမ် ပေါ်တာ။ ဒီတော့၊ တုံး တုံး၊ တိုင် တိုင် လို့ ကြံစည်ခြင်းခဏ၊ ဝိဇ္ဇမာနကိစ္စ နာမ်ဓမ္မပါကလားလို့။ ရှုဆင်ခြင်ကြရန်၊ ပြောကြ-ဟောကြ၊ ဆိုသုံးမရ-မဟုတ် လား။ မှန်ပါ့ဘုရား။ ပညတ်ဆိုတာ။ အဝိဇ္ဇမာ-နဂိုရ်က, မရှိတရားပါဆိုမှ၊ နာမ်တရားထားလို့-အလကားဖြစ်ပ

**No. 47.**

မလား။ ဒါကြောင့်။ စိတ်ထင်၊ စိတ်မြင်၊ နာမ်သခင်၊ နာမ်ဘုရင်မှတပါး။ တခြားလဲ– မထားထိုက်လို့ မှတ်။ ဦးအောင်တင့်ရေ—ဘုရား။ အချို့က, မင်းတို့-ဝိပဿနာ သမား, ပညတ် ပယ်သလားလို့ မေးရင်၊ ဘယ်လိုအဖြေ ပေးမလဲ။ အမိန့်ရှိပါဘုရား။ ပညတ်တရားဆိုတာ–အရှိ တရားလား, မရှိ တရားလား။ မရှိ တရားပါဘုရား။ ရှိမှ မရှိဘဲနဲ့တော့။ ပယ်ဘို့လဲ မလို၊ မပယ်ဘို့လဲ မလို–လို့ ဖြေရုံပေါ့–ဟုတ်လား။

အေး,– ဒါကြောင့်။ နာမန္တိ၊ ကြီးစည်ကာမျှ၊နာမ်မမွှ ဟူ၍။ နာမန္တိ၊ မရှိ ဟုတ်မှန်တာ တွေကို၊ အရှိ လုပ်ကြံ၊ ဖန်ဖန်လှည့်ဖြား၊ နာမ်တရား ပါကလား ဟူ၍။ နာမန္တိ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဥဿုံ၊ သုံးဆဲ့တဘုံ - အကြံ သမားလက်ချက်မို့။ ဩြော်–, နာမ်တရား သက်သက် သည့်သာတည်း။

ဦးအောင်တင့်– ဘုရား။ စဉ်းစားကြဖို့။ ဂရုပြုရပါ လိမ့်ဘုရား။

ဒီတော့ခါ။ ။စက္ခုဒွါရက၊ ရူပါရုံကို၊ ဒဿနသန္တတိ။
မြင်သိမှု အစဉ်မျှဖြစ်၍ ချုပ်ရတယ်။

သောတဒွါရက၊ သဒ္ဒါရုံကို၊ သဝနသန္တတိ။
ကြားသိမှု အစဉ်မျှဖြစ်၍ချုပ်ရတယ်။

ဃာနဒွါရက၊ ဂန္ဓာရုံကို၊ ဃာယနသန္တတိ။
နံသိမှု အစဉ်ဖြစ်၍ ချုပ်ရတယ်။

ဇိဝှါနွါရက၊ ရသာရုံကို၊ သာယနသဉ်တိ။
လျက်သိမှု အစဉ်မှုဖြစ်၍ ချုပ်ရတယ်။

ကာယနွါရက၊ဖေါဋ္ဌဗ္ဗာရုံကို၊ ဖုသနသဉ်တိ။
တွေ့သိမှု အစဉ်မှုဖြစ်၍ ချုပ်ရတယ်။

မနောဒွါရက၊ မ္မောရုံကို၊ စိန္တနသဉ်တိ။
ကြံသိမှု အကျဉ်းမှုဖြစ်၍ ချုပ်ရတယ်။

ဆဲဒါလို။ သူ့ကိစ္စနှင့်သူ အစဉ်မှုဖြစ်၍ ချုပ်သွားတာ မှန်ပါလျက်။ ငါ·သူတပါး၊ ယောက်ျား-မိန်းမ-ပုဂ္ဂိုလ်-သတ္တဝါ၊ တုံး-တိုင်-ဖျာ, လို့- ထင်နေတယ်။ ဆဲဒါ-ဘာသဲ။

စိတ်ကြံ၊ စိတ်ဖန်၊ စိတ်ထင်၊ စိတ်မြင်၊ လောကထိပ်တင်၊ နာမ်ဘုရင်–မဟုတ်လား, ဒါဘာတဲ။

ဒါ့ကြောင့်။ ဒီမျက်စိက မြင်တိုင်းရယ်။ သူ ငါ ထင်ကြတယ်။

အဆင်းခတ်ရဲ့ သုညနယ်။ ဝိညာဉ်မှုကြီးတယ်။
တယ်သာတယ်၊ တကယ်မဟုတ်လို့၊စိတ်ရှုပ်ရတယ်။
မြင်ရာမှာ–ပညာသိတော့၊ ရုပ်–နာမ်၏–အနိမိတ္တနယ်။

ဟုတ်လား,– ဦးအောင်တင့်–, မှန်လှပါဘုရား။ ဂန္ဓဗ္ဗ

နတ်သား။ ပြင်းမိပြား၍။ ကောင်းကင်တခွင်။ လဟာပြင်ကြီးထဲမှာ။ နတ်မွှေ့တော်ကြီး ဖန်ဆင်းပြီး။ ပျော်ပါးမြူးတူးသလို။ ပကတိ-အစက, ဘာမှမရှိ။ ဖန်ဆင်းထုန်းခဏ, သူ့စိတ်ထဲမှာ ရှိယောင်ယောင်၊ ရှိရိပ်မိပ်၊ ရှိသလိုစိတ်နဲ့ ပျော်ပါးပြီး–ကစားတာလို။ ဒါကြောင့်။ ဂန္ဓဗ္ဗနဲ့ဂရုဏ္ဍ၊ မြူးထူးပျော်ရွှင်၊ ကစားချင်လို့မို့။ ကောင်းကင်တခုလုံး၊ ရှုံးသိမ့်ညှံ။ မြိုရံကာသား, နတ်အပျိုမျှားဖြင့်။ သားနားဖလ်ရွှေ၊ တကဲ့နတ်ပြေကြီးကဲ့သို့ရှင်း-လို့။ ဦးအောင်တင့် ဘုရား။ “သုပိန္နက်ဏ္ဍဝ,, စားရ ယောင်ယောင်, သောက်ရ ယောင်ယောင်။ နတ်လှည့်ဆောင်တဲ့။ သန်းခေါင် အိပ်မက်ကဲ့သို့ရှင်း။ “သုပိန္နက်ဏ္ဍဝ,, တသက်လုံးမက်အောင်။ မျက်လုံး, မျက်တောင်၊ မင့်မျက်နှာကလေးက, ရွှေရောင်-ငွေရောင်၊ ပြောင်ပြောင်ပင်-စိတ်ကစွဲတော့။ အိပ်မှာဘဲ-အမြဲပေါ်ယောင်ယောင်။ ကြောင်ကြောင်ထင်မြဲ။ အိပ်မက် အခွဲကဲ့သို့ ရှင်း–လို့။

ဆဲဒါလို စဉ်းစားလိုက်တော့။ ငါ သူတပါး။ ယောက်ျား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ ဆိုတာ။ အိပ်မက်ရုပ်လိုပါကလား, ဦးအောင်တင့်။ အမှားကြီးမှား, အလွဲကြီးလွဲကြဗျာ, နော်။ မှာခဲ့ကြပါဘုရား။ လေးနှစ်, ငါးနှစ်သား–ခလေးများဟာ။ ဝါးခြမ်းပြား,ထန်းဖလတ်ပြား, နွားလုပ်ပြီး–ကစားတော့။ ထို ကစားတဲ့။ ခလေးသူငယ်များမှာ။ တကယ်–နွားထင်, အလွန် ပျော် ရွှင်တယ်-မဟုတ်လား။ ဆဲဒီအခါမှာ။ တော်တော်ကြီးမား, လူကြီးများက။ မင်းတို့ နွားဟာ– “နွားစစ်” မဟုတ်။

ဝါးခြမ်း ထန်းဖလတ်ကို လုပ်သော–နွားဟု ဆို၍။ ချိုး ဖျက်လိုလျှင်။ အဟုတ်နွားထင်၊ ပျော်ရွှင်နေသော, ခလေး များမှာ–ဘယ်လိုနေလိမ့်မလဲ။ အလွန်–နှမြောပါလိမ့် ဘုရား။ အေး, အလွန် နှမြောလှ၍။ မဆည်နိုင်–ကြိမရ။ လက်မှိုင်ချ-ကမ္ဗိုဗို၊ တရှိုက်ရှိုက် ငိုကြလိမ့်မယ်, မဟုတ် လား။ မှန်ပါဘုရား။ ဦးအောင်တင့်ရေ, ဘုရား။

ဒီနေရာ–ဘယ်သူက ဆိုးသလဲ။ ချိုးဖျက်သောလူကြီး များက ဆိုးပါလိမ့်ဘုရား။ အေး, သတိထားနော်။ ပြော ဒါက, ဆိုးသလား။ ချိုးထာက, ဆိုးသလား။ နွားစစ် နွားမှန်–မဟုတ်ကြောင်းတော့။ ပြောရမည့် တာဝန်ပါ ဘုရား။ ပြောရုံမဟုတ်၊ ချိုးဖျက်ခြင်းလုပ်လျှင် ဆိုးမည် အမှန်ပါဘုရား။ ဦးအောင်တင့်–ဘုရား။ ထိုခလေးသူငယ် များ၏–တကဲ့ နွားထင်မှုကြီး၊ အဟုတ် နွားရယ်လို့–ထင် စွဲလွဲမှားမှုကြီး, ပပျောက်လေအောင်။ ဘယ်နည်းနဲ့ ပြော ပြော၊ ပြောဘို့ကတော့–တာဝန် ဝတ္တရား ဟုတ်လား။– သို့သော်။ အတင်း အဓမ္မ၊ ဒလကြမ်းဝါဒနဲ့တော့၊ မချိုး ဖျက်နဲ့လို့ ကြားလား။ ဝိပဿနာသမား, များများကြီး သတိထားဗျနော်။ ဒီတော့။ ချိုးဖျက်ခြင်းခံရတဲ့–ခလေး များက။ အပိုးရတံ, တိုင်တန်းပြန်တော့။ ဥပဒေ–ပုဒ်မ အရ။ ဒီဂရီ, အချခံရလိမ့်မယ်။ နွားစစ် မဟုတ် တော့။ လျော်ကြေးပေးဘို့လဲ–မစီရင်နိုင်။ ထောင်တွင်းလဲ-မချ ရ။ တကျွန်းဆိုတာ, ဝေလာဝေး။ တကဲ့နွားမှ မဟုတ် ဘဲကလား။ သို့သော်။ သူတို့၏ဓမ္မတာစရိုက်၊ မချိုးဖျက်

လိုက်ရ–, ဆိုတဲ့ ဥပဒေကို၊ လွန်ဆန်ကျော်နင်းမှု-အရ။ ထိုက်တန်သော ပုဒ်မနဲ့၊ ဒီဂရီ ချလိမ့်မယ် မဟုတ်လား။ မှန်လှပါဘုရား။

အေး–, ဒါလို၊ ပုတုဇ္ဇဉ်မှန်သမျှ၊ သူ ငါကစပြီး။ မှား ရိုး–လွဲရိုး၊ အလေ့ဆိုးတွေကြောင့်။ အန္တဘူတော–အယံ လောကော–ဆိုတဲ့။ ကလေး ကလား, ကလေးတွေ– ကစားထုန်း ကစားဆဲက များနေကြ ထင်ပါ့လား။ ဒါ ကြောင့်။ ဥမ္မတ္တကအပြား-ရှစ်ပါး၊ ခွဲခြားပြလိုက်အုံးမယ်။ ဦးအောင်တင့်– ဘုရား။ အတ္တဒိဋ္ဌိ ရှိကြသမျှ သတ္တလော က, တလောကလုံးမှာ။ ဥမ္မတ္တကချည်းမဟုတ်လား။ မှန် ပါ။ ဥမ္မတ္တကချည်းလိုပါဘုရား။

အာရုံခြောက်ပါး, ဘုံသုံးပါးမှာ။ ကပ်ငြိတပ် မက်၊ နှစ်သက်သာယာထဲ့ တဏှာအစစ်၊ တရော့ ရှစ်ဟာ။ 'လောဘုမ္မတ္တက, လောဘရူး မဟုတ် လား။ မှန်ပါဘုရား။

အာရုံကို ဖျက်ဆီးပစ်မှား၊ ဒေါသပွား၍။ အာ ဃာတအပြား, တဆယ့်ရှစ်ပါး, တဆယ့်ကိုးပါး ဟာ 'ဒေါသုမ္မတ္တက, ဒေါသရူး မဟုတ်လား။ မှန် ပါဘုရား။

အာရုံကို ဟုတ်မှန်စွာ မသိမြင်သော။ အဝိဇ္ဇာ အပြား မောဟတရားဟာ 'မောဟုမ္မတ္တက, မော ဟရူးမဟုတ်လား။ မှန်ပါဘုရား။

အာရုံကို မသင့် ဖေါက်ပြန်၊ မမှန် ယူမှား၊ စွဲ လမ်း ခြင်း အပြား, ခြောက်ဆယ့် နှစ်ပါး ဟာ။ 'ဒိဋ္ဌုပ္ပဇ္ဇက, ဒိဋ္ဌိရုပ်မဟုတ်လား။ မှန်ပါဘုရား။

အာရုံကို စိုးရိမ်ပူဆွေး၊ စိတ်မဖြေးဘဲ၊ ပရိဒေဝ ငွား၊ သောက များနေတာဟာ သောကုပ္ပဇ္ဇက, သောကရုပ်မဟုတ်လား။ မှန်ပါဘုရား။

ပိတ္တုပ္ပဇ္ဇက–ဆိုတဲ့ သည်း ခြေ ရုပ်။ မှန်ပါ ဘုရား။

ယက္ခုပ္ပဇ္ဇက–ဆိုတဲ့ နတ်ရုပ်။ မှန်ပါဘုရား။

မဇ္ဇုပ္ပဇ္ဇက–ဆိုတဲ့ အယစ်ရုပ်။ မှန်ပါ။

ဒီအရုပ်တွေများနေ ထင်ပါလား။ မှန်ပါ။ ဒိဋ္ဌိအတ္တ၊ ပယ်သတ်ချခဲ့သဖြင့်။ တပည့်တော်–ငအောင်တင့်၊ သည် ကဲ့သို့သော,အရုပ်ဘဝ၊ မဖြစ်ရဟု–အောက်မေ့မိပါဘုရား "နင့်အဖေ–သောက်ကျင့် ငါမထင်၊ လမ်းတွင်မိန်းမ, ရ လိမ့်လေး"—ဦးအောင်တင့်၊ဘုရား။ ဟုတ်မှပြောနော်။ တကာမကြီးများ, ကြားသွားရင်–ခက်နေမယ်။

အေး, ဒါကြောင့်–ဒါကြောင့်။ ပုထုဇ္ဇနော ဥမ္မတ္တကော လို့။ ဟောတော်မူခဲ့သကိုး။— မရှိတရား, အရှိထား၊ အနတ္တတရား, အတ္တထား။ အနိစ္စတရား, နိစ္စထား။ ဒုက္ခ တရား, သုခထား။ အသုဘတရား, သုဘထားပြီး။ ပျော် ပါးနေသမျှ၊ ဥမ္မတ္တက–တဲ့လား။

ဦးအောင်တင့်။ ဘုရား။ သိရိမွေ့သောကမင်းကြီးရဲ့ လက်ထက်။ ကရဝိက်ငှက်ကြီးဟာ။ အဖော်မရှိ၊ အလွန် တရာပျင်းရိပြီး။ ငြီးငွေ့နွမ်းလျ။ အာဟာရလဲမစား။ မက စား—မပျော်ရွှင်။ အော်အင်သံ-မကြားတော့။ အပါးမှာ, ခစားတဲ့ မင်းကြီးများ။ ငါမွေးထားတဲ့-ကဝိက်ငှက်, အသံများမကြားရပါကလားလို့ မိန့်တော်မူသဖြင့်။ကရ ဝိက်အကြောင်း၊ ကောင်းကောင်းသိတဲ့—မှူးကြီးမှတ်ရာ ဘို့က။ ကရဝိက်၏ ဝဲယာ, ထက် အောက်။ မှန်ချပ်တွေ ထောက်ပေးလိုက်တော့မှ။ အဖော်များပြား။ ကရဝိက် အမျိုးသားတွေ-ရောက်ပါပေါ့လို့ ထင်ပြီး။ မြူးတူးပျော် ပါး, ကစားလာတော့မှ။ ကရဝိက် သံကို ကြားရ ဆိုပါ လား။ မှန်ပါ၊ အရိပ်-အကောင် ထင်၍ ပျော်ရွှင်နေပါ ဘုရား။

အေး, ဒါကြောင့်။ နာမန္တို၊ ကြံစည်ကာမျှ၊ နာမ်မွေ ဟူ၍။ နာမန္တို၊ မရှိဟုတ်မှန်တာတွေကို၊ အရှိလုပ်ကြံ၊ ဖန် ဖန်လှည့်ပြား၊ နာမ်တရား ပါကလား ဟူ၍။ နာမန္တို၊ ဦးအောင်တင့်၊ ဘုရား။ ပါဠိတချက်—အနက် ဆက်သွယ်၊ သဒ္ဒါပရိယာယ်၊ တကယ်လိမ္မာရမယ် မဟုတ်လား။ မှန် ပါဘုရား။

ဒါကြောင့်။ နာမန္တို၊ လျှ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ ဥဿုံ၊ သုံးဆဲ့တဘုံ အကြံသမား လက်ချက်ရို့။ နာမ် တရားသက်သက်သည့်သာတည်းလို့နော်။နာမန္တို၊သား ဆိုတာလဲ—နာမ်။ သမီးဆိုတာလဲ—နာမ်။ မြေးဆိုတာလဲ နာမ်။ တဝါဝါ တဝင်းဝင်း။ ရတနာအဆင်းရှိကြသော်

လဲ။ မဟာ နားနကင်းရယ်နဲ့။ ဖြဟ္မာ သိကြွားမင်းကြီး ကလဲ-နာမ်။ နာမန္တို၊ မုန်းစရာလဲ-နာမ်။ မတဲ့စရာလဲ-နာမ်။ တဲ့စရာလဲ နာမ်။ ကြုံကြုံဖန်ဖန် အဖြစ် ဘယာကို မတွေးကြဲတော့ဘဲ။ ဘယက် တန်းဆာကို ပေး, ပေးပြီး။ အို—ဦးအောင်တင့်-ကြီးရဲ့။ ချစ်စရာကလေး,ဆိုတာက လဲ-နာမ်-လို့။ နာမန္တို၊ လူလဲ နာမ်။ နတ်လဲ နာမ်။ ဘုံလဲ နာမ်။ ဘဝလဲ နာမ်။ ပိဋကတ်အလာ, ဒေသနာမေး မေးပြီး [ဝိပဿနာ] သေအချာတွေးကြပေတော့။ အို ဦးအောင်တင့် ကြီးရဲ့။ အဆုံးဉာဏ် ပိုင်ရန်-“ထုံးနာမ် တိုင်နာမ်”-လို့။ -

ဦးအောင်တင့်။- ဘုရား။။ ကျေးဇူးရှင်ကြီးဘုရားရဲ့ “ထုံးနာမ်-တိုင်နာမ်” တရား၊ ဝိပဿနာ လေ့လာလို့ ပွားလိုက်တော့။ တယ် ထင်ရှားပါကလား။- မှန်ပါ-ဝိပဿနာ လေ့လာကြည့်မှ၊ ထင်ရှားပုံ သိရပါဘုရား။

အေး,- ဒါကြောင့်။ သူ-ငါကစ။ မောင်အန္တ၊ မယ် အန္တ-တို့မှာ။-

> အမိုပ်ကို အကောင် ထင်လို့။ အမှောင်တွင် မိုက် မလင်းနိုင်ဘူး။ မြိုက်ခင်းရဲ့ ဉာဏ်စိ၊ ထုံးနာမ်,တိုင် နာမ်ဆိ-သိမဝေ့နိုင်လို့။ အဋ္ဌဝါ - ဒီအချိန်ကုန် ကာမြောရှာကြ။ အတောဘယ်မှာ သတ်နိုင်လိမ့်, ရဟာတ်ဖွေ—လို့။-

ဦးအောင်တင့်- ဘုရား။ တံလျှပ်ကို ရေ ထင်တဲ့၊

သားသမင် လိုတဲ့။ လင်းလပ်ကို ရေမှတ်လို့၊ သောင်ပြင်မှာ တံငါလုပ်၊ မြှုံးရတ်တာ အဖတ်တင်တဲ့ တံငါမိုက်ကဲ့သို့ရင်း–နေ၌။ မှန်ပါဘုရား။ ဦးအောင်တင့်–ဘုရား။ သူ-ငါကစ။ အတ္တ-အတ္တနိယ–ရှိသမျှ၊ ရေထင်တဲ့ သားသမင်–တံငါမိုက်ကဲ့သို့ အထင်မှားပြီလား-ဆိုမှဖြင့်။ နေရာတိုင်းမှာ, မှားတော့ဒါဘဲ။ ကြားလား,– အမိန့်ရှိပါဘုရား။

မဂ် ဖိုလ် ကို ရထိုက်သော ခေတ်ကာလ, မဟုတ်ဟု၊ ထင်မှတ်မှား၍။ အဟောမှား၊ အပြောမှား, မှားတတ်ကြတယ်။

သူတပါးတို့ရဲ့–ဝိပဿနာပညာကို။ သညာမြင်–ထင်မှတ်မှား၍။ အဟော မှား, အပြော မှား, မှား တတ်ကြတယ်။

ယခုကာလ, ရှိသမျှ လူတွေကို။ ဒိဋ္ဌိဟိတ်တွေလို့-ထင်မှတ်မှား၍။ အဟောမှား, အပြောမှား, မှားတတ်ကြတယ်။

ငါးရာ့ငါးဆယ်။ ဇာတ်ကြီး ဆယ်ဘွဲ့–စသော, ဝတ္ထုသွားများကို။ ကိုယ်ကျင့်တရား ဟု၊ ထင် မှတ် မှား ၍။ အဟောမှား, အပြောမှား, မှားတတ်ကြတယ်။

မဟာဂ္ဂုတ်မှန်၊ လောကီ ဈာန်တွေကို။ နိဗ္ဗာန်ရောက်ကြောင်း။ အကျင့်ကောင်းဟု–ထင်မှတ်မှား၍။ အဟောမှား, အပြောမှား, မှားတတ်ကြတယ်။

အလှူပေး၊ ကထိန်ခင်း၊ ရှင်ပြု၊ ပဍ္ဍင်းခံ–စသော။ ငွေကုန်ခံမှ၊ "ဒါန" ဟုထင်၍။ သင်္ဃဝါများအပေါ်၌။ စေတနာကောင်းထား။ ထိုင်ပါ၊ ကြွပါ၊ ဆေး၊ ကွမ်း၊ လဘက်–သုံးဆောင်ပါ, ဆိုတာ တွေ တော့။ "ဒါန" မဟုတ်ဟု ထင်မှတ်မှား၍။ အဟောမှား, အပြောမှား, မှားဘတ်ကြတယ်။

ဥပုသ်စောင့်မှ သီလ-ထင်။ မိမိဘာသာ ရှောင်ကြဉ်စောင့်ထိမ်းဒါကို။ သီလ·မဟုတ်ဟု ထင် မှတ် မှား ၍။ အဟောမှား, အပြောမှား, မှားတတ်ကြတယ်။

သက်ရှည် ထွန်းတောက်၊ မုံသောက် မာတင်၊ ပညာရှင်ဖြစ်တော်မူကြတဲ့။ မဟာသခင်တို့၏ စကား မဟုတ်ဘူး, ထင်မှတ်မှား၍။ အဟောမှား, အပြောမှား, မှားတတ်ကြတယ်။

ဦးအောင်တင့်။– ဘုရား။ အမှားတွေ ရှောက်ပြောနေ၊ ကုန်နိုင်မှာ မဟုတ်ဘူးပေါ့။ မှန်ပါ-ကုန်နိုင်စရာအကြောင်းမရှိပါဘုရား။ အေး, ဒါ့ကြောင့်။ တံလျှပ် ရေထင်၊ သားသမင်များ၊ ရေထင်မှား တော့။ တောင့်ပြေးသွား၊ မြောက်ပြေးသွား၊ အဆုံးမှာ။ ရင်ကွဲနာကျပြီး,ဆုံးပါးရ-မဟုဘ်လား။

ဆဲဒ်လို, တိုကတွေမှာ။ အစမထင်၊ သံသရာတခွင်တက်ဘက်စင်အောင်-မှားပြီး လာခဲ့ကြတဲ့ ဘဝ။ ယခု-ဗုဒ္ဓပွင့်၍၊ ၃၀မဒ-ခါကြီးနဲ့ ကြုံတွေ့ရသော ခဏ၊ အနတ္တဝါဒသို့ ရွှေ့ပြောင်းပြီး၊ ကောင်းမြတ်တဲ့ ဝိပဿနာဒလှုပ်။

တကယ်တန်း-အားထုတ်ကြပါစို့-လို့၊ ဦးအောင်တင့်ရေ၊ မှန်ပါ၊ ညီညာဖျဖျ, အားထုတ်ကြပါပြီဘုရား။ အေး, ဒါကြောင့်။-

စက္ခုန္ဒြိယကား၊ ရူပါရုံ၊ အဆင်းဝဏ္ဏ ခေါ်တဲ့သား။
ရုပ်တရားကို ငါ-ဟု အထင်မှား, နာမ်တရား။

ငင်း ရုပ် နာမ် နှစ်ပါး, လူ့အနေနဲ့ အစွဲမှား မိတော့။ သောင်ပြင်မှာ တံငါလုပ်၊ မြှုံးစုတ်တာက များပြီး။ အလကားမှားခဲ့ကြတယ်။

သောတန္ဒြိယကား၊ သဒ္ဒါရုံ။အသံ-သဒ္ဒခေါ်တဲ့သား၊
ရုပ်တရားကို ငါ-ဟု အထင်မှား၊ နာမ်တရား။

ငင်း ရုပ် နာမ် နှစ်ပါး၊ လူ့အနေနဲ့ အစွဲမှား မိတော့။ သောင်ပြင်မှာ တံငါလုပ်၊ မြှုံးစုတ်တာက များပြီး၊ အလကားမှားခဲ့ကြတယ်။

ဃာနန္ဒြိယကား၊ ဂန္ဓာရုံ။ အနံ့-ဂန္ဓခေါ်တဲ့သား။
ရုပ်တရားကို ငါ-ဟု အထင်မှား၊ နာမ်တရား။

ငင်း ရုပ် နာမ် နှစ်ပါး၊ လူ့အနေနဲ့ အစွဲမှား မိတော့။ သောင်ပြင်မှာ တံငါလုပ်၊ မြှုံးစုတ်တာက များပြီး။ အလကား မှားခဲ့ကြတယ်။

ဇိဝှါန္ဒြိယကား၊ရသာရုံ။အရသာ၊ရသ-ခေါ်တဲ့သား
ရုပ်တရားကို ငါ-ဟု အထင်မှား၊ နာမ်တရား။

ငင်း ရုပ် နာမ် နှစ်ပါး၊ လူ့အနေနဲ့ အစွဲမှား မိတော့။

သောင်ပြင်မှာ တံငါလုပ်၊ မြုံးဂုတ်တာက များပြီး။ အလကားမှားခဲ့ကြတယ်။

ကာယနွှါရက၊ ဖေါ်ပြွဖွာရုံ။ အထွေ-ဖေါ်ပြွမွခတ်သား။
ရုပ်တရားကို၊ ငါ-ဟု အထင်မှား၊ နဝမ်တရား။

ဂုဏ်း ရုပ် နဝမ် နှစ်ပါး။ လူ့အနေနဲ့ အစွဲမှားမိတော့။ သောင်ပြင်မှာ တံငါလုပ်၊ မြုံးဂုတ်ထာက များပြီး။ အလကားမှားခဲ့ကြတယ်။

မနောနွှါရက၊ မွှေရုံ။ အကြံအစည် မွှေ-ခတ်သား။
နဝမ်တရားကို၊ ငါ-ဟု အထင်မှား ကလဲ နဝမ်တရား။

ဂုဏ်းမွှေခတ် နဝမ်တရားနဲ့၊ ဝိညာဉ်နဝမ် နှစ်ပါးရဲ့အပေါ်မှာ။ လူ့အနေနဲ့ အစွဲမှားမိတော့။ သောင်ပြင်မှာ တံငါလုပ်၊ မြုံးဂုတ်တာကများပြီး။ အလကား မှားခဲ့ကြတယ်လို့—ဦးအောင်တင့်။

ဒါကြောင့်။- ဘာတဲ့။ နဝမက္ခ၊ ကြံစည်ကာမျ၊နဝမ်မွှေဟူ၍။ ဝါ၊ ထင်ရုံကာမျ၊ နဝမ်မွှေဟူ၍။ နဝမက္ခ၊ မရှိဟုတ်မှန်တာတွေကို။ အရှိလုပ်ကြံ၊ ဖန်ဖန်လှည့်ဖြား၊ နဝမ်တရားပါကလားဟူ၍။ နဝမက္ခ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဥသုံ၊ သုံးဆဲ့ တဘုံ အကြံ သမား လက် ချက် မို့၊

**No. 50.**

အော်—နဝမ်တရား သက်သက် သည်သာတည်း,–လို့ ဦးအောင်တင့်– ဘုရား။ အထင်ခံ၊ အမြင်ခံ–ရုပ်တရားနဲ့ ငါ၊ သူတပါး၊ ထုံး၊ တိုင်-များဟု၊ ဝိညာဉ်မှားက နဝမ် တရား။ အဏ္ဏဝ်ဒြဗ္ဗအစွဲမှားမိတော့။ သောင်ပြင် တံငါလုပ်၊ မြှုံးရတ်တာများပြီး၊ အလကား မှားခဲ့ကြ မဟုတ်လား။ မှန်ပါ–မှားခဲ့ကြပါဘုရား။

ဒါဖြင့်–ဒီနေရာ,– ဘယ်နှယ်တဲ့။ ဘာတဲ့–ဘာတဲ့။–

"အဆင်းခါတ်" ကို ငါထင်စွဲတယ်၊ လွဲမှားတဲ့ ဒြဗ္ဗရယ်။

သောင်ပြင်မှာ တံငါလုပ်၊ မြှုံးရတ်သည့်ပုံသို့နှယ်။ လင်းလပ်ခေါ်–သောင်ပြင်ထဲဝယ်၊ ဘယ်မှာ–ငါး တွေ့ရှိလိမ့်မယ်။

လူ ဆိုတာ, ကြံ့ စိတ် မို့၊ နဝမ်ရိပ်ကို ကြောင် ကြောင်မြင်ကြကွတ်။

"အသံခါတ်" ကို ငါထင်စွဲတယ်၊လွဲမှားတဲ့ ဒြဗ္ဗ ရယ်။

သောင်ပြင်မှာ တံငါလုပ်၊ မြှုံးရတ်သည့် ပုံသို့နှယ်။ လင်းလပ်ခေါ်·သောင်ပြင်ထဲဝယ်၊ ဘယ်မှာ–ငါး တွေ့ရှိလိမ့်မယ်။

လူ ဆိုတာ, ကြံ့ စိတ် မို့။ နဝမ်ရိပ်ကို ကြောင် ကြောင်မြင်ကြကွယ်။

"အနံ့ခါတ်" ကို ငါထင်စွဲတယ်။လွဲမှားတဲ့ ဒြဗ္ဗ ရယ်။

သောင်ပြင်မှာ တံငါလုပ်၊ မြှုံးရတ်သည့်ပုံသို့နှယ်။
လင်းလပ်ခေါ်–သောင်ပြင်ထဲဝယ်။ ဘယ်မှာ–ငါး
တွေ့ရလိမ့်မယ်။
လူ ဆိုကာ, ကြံ စိတ် မို့။ နာမ်ရိပ်ကို ကြောင်
ကြောင်မြင်ကြကွယ်။

“အရသာခေတ်” ကို ငါထင်စွဲတယ်။ လွဲမှားတဲ့
ဒိဋ္ဌိရယ်။
သောင်ပြင်မှာ တံငါလုပ်၊ မြှုံးရတ်သည့်ပုံသို့နှယ်။
လင်းလပ်ခေါ်–သောင်ပြင်ထဲဝယ်။ ဘယ်မှာ–ငါး
တွေ့ရလိမ့်မယ်။
လူ ဆိုတာ, ကြံ စိတ် မို့။ နာမ်ရိပ်ကို ကြောင်
ကြောင်မြင်ကြကွယ်။

“အတွေ့ခေတ်” ကို ငါထင်စွဲတယ်။ လွဲမှားတဲ့
ဒိဋ္ဌိရယ်။
သောင်ပြင်မှာ တံငါလုပ်၊ မြှုံးရတ်သည့်ပုံသို့နှယ်။
လင်းလပ်ခေါ်–သောင်ပြင်ထဲဝယ်။ ဘယ်မှာ–ငါး
တွေ့ရလိမ့်မယ်။
လူ ဆိုတာ, ကြံ စိတ် မို့။ နာမ်ရိပ်ကို ကြောင်
ကြောင်မြင်ကြကွယ်။

“အကြံခေတ်” ကို ငါထင်စွဲတယ်။ လွဲမှားတဲ့
ဒိဋ္ဌိရယ်။
သောင်ပြင်မှာ တံငါလုပ်။ မြှုံးရယ်သည့်ပုံသို့နှယ်။

လင်းလပ်ခေါ်–သောင်ပြင်ထဲဝယ်။ ဘယ်မှာ–ငါး
တွေ့ရလိမ့်မယ်။
လူ ဆိုတာ, ကြံ စိတ် ရို့၊ နာမ်ရိပ်ကို ကြောင်
ကြောင်မြင့်ကြကွယ်။

ဦးအောင်တင့်။– ဘုရား။ ဒီလိုဆောင်ပုဒ်ကလေးများ အမြဲဘန်း ဆောင်ထားပြီး။ ငါ့ဒုက္ခ၊ လူ့ဒုက္ခ၊ တွေ့ကြုံလာရင်။ ငါနဲ့ လူ ဖယ်ရှားပြီး။ နာမ်ဒုက္ခ သစ္စာ တရားပါကလား လို့။ များများကြီး ပွားလိုက်ပေတော့လို့-ကြွားလား။ မှန်လှပါဘုရား။

အေး,– ဒါ့ကြောင့်။ နာမ်န္တိ၊ ကြံစည်ကာမျှ၊ နာမ်ဓမ္မ-ဟူ၍။ ဝါ၊ ထင်ရုံကာမျှ၊ နာမ်ဓမ္မ-ဟူ၍။ နာမန္တိ၊ မရှိဟုတ်မှန်တာတွေကို အရှိလုပ်ကြံ၊ ဖန်ဖန် လှည့် ဖြား၊ နာမ် တရား ပါကလား ဟူ၍။ နာမန္တိ၊ လူ၊ နတ်ဗြဟ္မာ၊ သတ္တဝါဥဿုံ၊ သုံးဆဲ့တဘုံ အကြံသမားလက်ချက်ရို့၊ နာမ်တရားသက်သက်သည်သာတည်း။ နာမန္တိ၊ သား ဆိုတာလဲ–နာမ်။ သမီးဆိုတာလဲ–နာမ်။ မြေးဆိုတာလဲ နာမ်။ တဝါဝါ တဝင်းဝင်း၊ ရတနာအဆင်း ရှိကြသော် လဲ။ မဟာနားနကင်းရယ်နဲ့၊ ဗြဟ္မာ–သိကြားမင်းကြီးက လဲ–နာမ်။ နာမန္တိ၊ မုန်းစရာလဲ-နာမ်။ မတပ်စရာလဲ-နာမ်၊ တပ်စရာလဲ–နာမ်။ ကြံကြံဖန်ဖန် အပြစ်ဘယာကို မတွေး ကြယော့ဘဲ။ ဘယက်ဘန်းဆာကို ပေး,ပေးပြီး၊ ချစ်စရာ လေးဆိုတာလဲ-နာမ်။ နာမန္တိ၊ လူလဲ-နာမ်။နတ်လဲနာမ်၊ ဘုံလဲ-နာမ်။ ဘဝလဲ-နာမ်။ပိဋကတ်အလာ, ဒေသနာမေး မေးပြီး "ဝိပဿနာ" သေအချာ တွေးကြ ပေ တော့။

အဆုံးဉာဏ်ပိုင်ရန် "တုံးနာမ်-တိုင်နာမ်" ဝါ၊တလော ကလုံး။ သိမ်းရုံးရှုမျှော်၊ မတောာ်လှာသွှ့်စား၊ နာမ်ဘရားပါ ကလား-ဟူ၍။ သူဘာဝေယျုံ၊ ငြင်းကာ, ခံဘာ၊ မနေ ပါဘဲ။ သေအချာထား၊ ကောင်းမွန်ဝွာပွားများကြရာ၏။ ဟုတ်လား,-ဦးအောင်တင့်။-

ငြင်းခုံခြင်းမိးပွား။ သွားချေးထွေ-များနေသော, ဥပ မာကိုသဲ ပြန်ပြီးသတိထား။ ကြားလား-ဦးအောင်တင့်ရေ ဘုရား။-

ရှေးက, သူဌေးကြီးတဦး။ အထူးပေါများတဲ့-ရတနာ ရွှေ-ငွေ၊ အထွေထွေကို။ သေသွားသည့်မှ နောက်ကာလ ၌။ နောက်ထောက် ကျောခံ၊ ခံစံမည့် သား၊ မရှိငြား၍။ မင်းများဘဏ္ဍာသိမ်းယူမှာကြောင့်"ပညာရှိသာ"ယူလေ ပါဟု၊ကြေးဝါတုသုပ်။ ထိုလိပ်ရုပ်၌။ဝမ်းဗိုက်သိုလှောင်၊ ရတနာဆောင်လျက်။ ကျောခေါင်း ထက်ဖျား။ အကျရာ သား၍။ လမ်းဆုံ-လမ်းမ၊ လမ်းလေးခွ တွင်။ ချထား, ကောင်းမှု၊ တည်ထားပြု၏။ ဖဲဒီလို-ကြေးလိပ်ရုပ်ကြီး, အတိုးများဝွာ ထိုက်တန်သော-ရတနာတွေ, သိမ်းလို့။ လူသွား လူလာ အလွန်တခုစုံတဲ့။ လမ်းစုံ-လမ်းမ၊ လမ်း လေးခွ၌ တွေ့ကြတိုင်းသော, လူဟူသမျှတို့သည်။ အချို့ သောသူတို့က-ပြောကြသတဲ့။ ကွာ,-လူပုံရာဌာနမို့။ အလှ လုပ်ထားဒါပါကိုး။ တချို့ကလဲ၊ ကျောပေါ်က အကျရာ၊ ဇေကာ (၈) လုံးဘဲလို့, မှတ်သွား။ အချို့လဲဘဲ၊

No. 51.

(၁) အောက်မြိုက်ဘဲ–မှတ်ထား။ တချိုက၊ အင်း, (၂) ထက်မြိုက်ဘဲလို့ထင်။ တချို့မှုများလဲ (၀) လုံး အကွာချ လို့ မှတ်ထားကြ။ ဒီတော့။ သူတို့တတွေ-မျက်နှာဆုံချ ငွာန–မင်္ဂလာဆောင်ကျ, ငြင်းကြ။ အလှူအိမ်ကျ, ငြင်း ကြ။ မသာအိမ်ကျ, ငြင်းကြ။ ဆုံမိရာဌာနတိုင်းမှာ, ဒါ တွေသာ, ငြင်း ငြင်း ပြီး။ သက်ရှယ် ကြီးမား, သေသေ သာသွားကြ၊ ဘာရယ် လို့လဲ မရ။ နောင်လာ နောက် သား၊ လူအများလဲ။ ဒီလိုဘဲ–ငြင်းကြ, ခုံကြ ပေါ့ လေ။ အချို့လဲ။ ဆေးဝါး, အင်းအိုင်၊ လက်ဖွဲ့ ထုံး၍ ကိုင်ကြ။ ၈–၁-၂–၀, ပြာချလို့ သောက်သူ သောက်။ ရေစိမ်၍ လိမ်းသူ လိမ်း။ မျက်စိကျိန်း ပျောက်သလိုလို။ ခေါင်း ကိုက်တာ, သက် သာ သလိုလို။ အ နာ စိမ်း မန်း နိုင် သယောင်ယောင်နဲ့။ ဒီယ, ဆောင်တာလဲ တမျိုး။ သူခိုး မခိုးအောင် ရယ်လို့ ခြေချုပ်ချ။ အဲဒီလို ပုဂ္ဂိုလ်များမှာ တော့။ နှစ်ပြားရ၊ တမူးရ၊ (၈–၁ ၂–၀) မှင်းကိုင်စက္ကူ ပေါ် ရေးထိုး။ စက္ကူပြာချ၊ ပြာကျတော့-ရောင်း၊ တချွေ မပါ, သရဲ မစားဟု–ကြော် ငြာ တွေ သား။ ဒီလို–တပဲ နှစ်ပြား, စားပြီး,–နေကြတာတွေလဲ–တဗရုံ ပေါ့ လေ။ ကြားလား, ဦးအောင်တင့်။ မှန်ပါ, တပည့်တော်တောင် တနေ့က, ပျားရည်နဲ့ စားရပါသေးဘုရား။ အလို–ရှေး က, ပြောတာပါ, ဦးအောင်တင့်–သိလား။ ။ရှေး က, ရှေးက။ ဟုံး-ဟိုရှေးက။ အခု လူတွေ အလွတ်,-ကြား လား။ မှန်ပါ။

အဲဒီလိုနဲ့ နေခဲ့ကြလို့၊ တနေ့သောအခါ။ "ပညာ

ပါမောက်" မုံသောက်မဘင်။ ဆရာသျှင်တဦး။ ဥာဏ်ရှုး, ဥာဏ်ယှဉ်၊ ဝေဘန်ကာ ဆလိုက်တော့။ (စ-ဆိုတာက၊ ရှုမွေ့) (ခ-ဆိုတာက၊ ခန့်) (ဗ-ဆိုတာက၊ ဗဟုံ) (ဝ-ဆိုတာက၊ ဝသတိ), ဘာသာပြန်ညှိလိုက်တော့။

'ရှုမွေ့၊ လိပ်ဍ္ဍ။ ခန့်၊ ဥဍ္ဍာတို့သည်။ ဗဟုံ၊ များစွာ။ ဝသတိ၊ တည်၏။" ဒွ-လိပ်ကြီးမှာ၊ ဥဍ္ဍာများစွာရှိတယ်လို့။ ဖေါက်ထွင်း, တူး, ဆွ။ ရတနာတွေ ရတော့ကမှ။ (စ–ခ-ဗ-ဝ),-သုမွေး။ ကမ္ဘာက အမည်ပေးလို့။ အေးအေးကြီး ချမ်းသာပွား၊ အပြီးတိုင်ခံစားလို့သွားရသတဲ့။

ဦးအောင်တင့် ရဲ့။ ဒီတော့ခါ။ အကျွရာ–လေးပါး၊ သစ္စာတရား, ထားလို့။ သောဘာပန်။ သကဒါဂါမ်။ အနာဂါမ်။ ရဟန္တာ–လို့ဆိုတဲ့။ ပညာရှင်များ ဖေါ်သူကာသွား။ အဖေးတရား ရသွားကြပြီ-လို့ ကြွားလား။ ခင်ဗျားတို့—ဦးပဍ္ဍင်း တို့မှာတော့။ အလှဘဲလို့ထင်လိုထင်။ ရုပ် မဟုတ်လို့ ငြင်းလိုငြင်း။ နာမ် မထားလို့ ဆိုလိုဆို။ ဒါလိုနဲ့ အချိန်ဖြုံး။ တအုံးအုံး ကြမ်း ကို ပုတ်။ တဏှာ ဖြုတ်မှ ဘာလိုလို။ သပြိုဟ် အဆိုက, ဒီမှာဗျ။ လောဘက, ဘယ့်လောက်။ သောဠသက, တဆဲ့ခြောက်။ ဒီပြာသောက်မှ, အန္တရာယ်ကင်း။ ဟောဒီ-အင်းက, ဘယ့်လောက်တန် ဆိုတာလို။ ဘလရှုတ်–ဘလဗွေ။ ဒါတွေနဲ့ အချိန်ဖြုံး။ အသုံးမဝင်တာ-အဟုတ်ထင်ပြီး။ အချည်းနှီးသော ကာလတွေနဲ့ များခဲ့ကြလို့။ ဒီအချိန် ကာလ၊ အဲတာတွေ တော်ကြပါတော့။

ဒါကြောင့်။ သုဘာဝယျူ၊ ငြင်းကာ ခံကာ မနေပါဘဲ။ သေအချာထား။ ကောင်းမွန်စွာ ပူဇော်များ ကြဲရာ၏။ သုဘာဝယျူ၊ ကျမ်းကြီးစကား၊ ကျမ်းငယ် အားဖြင့်။ စကားမပြု၊ ကောင်းမွန်စွာ ပူဇော်ရှုရာ၏။ ဒုဋ္ဌသိ၊ "ခြေဖေါင်" အထွက်။ သဘောနက်လှ ပါကလား။ အဟောခက် အပြောခက်သဖြင့်။ အလွန်ပင် မြင်နိုင်ခဲလှစွာသော, လို့။— ဦးအောင်ဘင့်။ ဘုရား။ ယူဇနာပေါင်း၊ ၅စ် သောင်း လေးထောင်၊ နက်ကျယ်ဆောင်သော။ မဟာသမုဒ္ဒရာ၊ ရေမျက်နှာကို။ ကြီးစွာ အဟုန်။ တောင်ရုံနှစ်ဘက်တို့ဖြင့်။ ဝက်ဝက်ကြီး ခွဲပြီးလျှင်။ ရေထဲ၌ တည်သော, နဂါး၏ အဆိ ဦးနှောက် ကို။ သောက်ဘား သုံးဆောင်သော "ဇွေဂဠုံ" ငှက်ခင်း ကဲ့သို့။ ဂမ္ဘီသာရ၊ အတိသုခုမ၊ အတိဒုဋ္ဌသ, ဖြစ်သော။ မွှေအစဉ်၊ရေအယဉ်တို့ဖြင့်၊ ထွေးဝင် ယှက်ကာ။ အလွန်တရာ—သိနိုင်ခဲ၊ မြင်နိုင်ခဲလှစွာသော။ "ဝိပဿနာ" တရားကို။ ဂမ္ဘီဘိက္ခု၊ ဉာဏအရုံ၊ ဝီရိယအဟုန်နှင့်၊ ကုန်စင်အောင် မွှေ နှောက်။ ခွဲဖေါက် လေ့လာတော်မူသဖြင့်။ ပါရမီရင့်သန်၊ ဗျာဒိတ်တော်ခံ၍၊ နိဗ္ဗာန် ပြည် ခွင်၊ စံဝင်တော် မူရ အောင်။ ကျင့်ဆောင်တော်မူပေသော။ ကျေးဇူးတော်ရှင်၊ မဟာသခင်ဘုရား၏။ ဉာဏ်မြင်၊ ဉာဏ်သွား၊ ဉာဏ်တရားကို။တောင်ဆိမ့်ဆေးဖြင့်၊ ရေးသားအပ်သော "လဝမ်း" ငွေရိပ်၊ သိကြားနှိပ်သည့်၊ ယုန်ရေးတံဆိပ်နှင့် တူသော၊ ဝင်နခမ်းသတ်၊ "ခြောက်စောင်" ဆိုဘဲ့ ကျမ်းမြတ်ရဲ့ သဘောအချက်။ အလွန်တရာနက်၊ အလွန်တရာခက်လို့

ရို့။ ဒုဋ္ဌသံ၊ ခြောက်စောင်အတွက်, သဘော နက်လှပါကလား။ အဟောခက်၊ အပြောခက် သဖြင့်။ အလွန်ပင် မြင်နိုင်ခဲစွာသော—လို့။ ဦးအောင်တင့်။ ဘုရား။

ခြောက်စောင်သခင်။ ကျေးဇူးရှင်ဘုရား, ကျင့်ကြံသွားပုံ။ ငါတို့ ဆရာဘုရားရဲ့ ဟောပုံကျမ်း–ပထမတွဲမှာ ပြထားမဟုတ်လား။ ရှင်းပြင်။ နေခင်တော်သခင်၊အရှင် ဦးပဏ္ဍဝရဲ့–ကြောင်ပန်းတံခွန်။ သဘာဝ တံခွန်စသော, ကျမ်းများမှာလဲ–ပြထားရဲ့၊ ဟုတ်လား။ မှန်ပါ, တွေ့ရှိသဖြင့်–သိရပါဘုရား။

အေး, ဒါကြောင့်။ ဒုဋ္ဌသအတွက်၊ နက်နဲပုံ အချက်ကလေးတွေကိုသာ, ပြသွားတော့မယ်။ ခြောက်စောင်ဘုရားရဲ့ ဉာဏ်သွား၊ စဉ်းစားပြီး, နားထောင်ကြ။ ကြားလား။ မှန်ပါ, အမိန့်ရှိတော်မူပါဘုရား။

ပရမတ်တရားဆိုတာ။ ဒီ ဖြူဖြူ၊ ဒီ မဲမဲ၊ ဒီ မာမာဘဲ လို့များ–ပြစရာ, ရမတဲ့လား။ မရပါဘူးလေ။ ပြောလို့ကော–ဖြစ်ပါ့မလား။ မဖြစ်နိုင်ပါဘူးဗျ။ "ဆဲတာ, တော်တော်ခက်သနေ၁်" သတိထား။

ဒီလို ပြောစရာမရ၊ ပြစရာမရှိ-လို့။ မပြော မပြကြရင်ထဲ။ ဘယ်မဂ်မှ-ရတော့မယ်လဲ မထင်။ ဆင်ခြင်စရာလဲ မရှိ။ ဦးအောင်တင့်။–ဘုရား။— စဉ်းစားဗျနေ၁်။

**No. 52.**

ဒီလိုပါ။ ဦးပဥ္စင်းတို့ရဲ့။ ပထမ, ကျေးဇူးရှင်ကြီးဘုရား အသား။ တကာ တယောက်က, ဆရာတော်ဘုရား။တပည့်တော်–ပရမတ်အစစ်၊ ခေတ်အနှစ်လေးကို၊ ကြားပရစေဘုရားဟု လျှောက်ထားသတဲ့။ ဒီတော့၊ ဆရာတော်ဘုရားက။ အေး, နားထောင်ကွဲ့ဟု–ဆို၍။ ပါးစပ်–ဟပြီး။ သည့်အတိုင်းသာ, နေတော်မူသတဲ့။ "အဲတာ–ဘာသဘောလဲဗျ။"

ခက်ဘယ်နော်။ ပရမတ်သိဘို့ရာဆိုတာ။ အဇ္ဈ
ဒိဋ္ဌိပြုတ်ထက်–ခက်တာပေါ့။ ဟာ-ဟာ။ ဒီနေ့ရာ၊
နား, ဝှန်း ကစားမယ်။ သတိထား။ ရုပ် နာမ်
တရားနဲ့ ပရမတ်တရား၊ ခွဲခြားပြမယ်။ ဝှ,တိုက်
တယ်လဲ မထင်နဲ့။

ဦးပဥ္စင်းတို့ ခင်ဗျားတို့–အားထုတ်ရတာက။ ဒိဋ္ဌိပြုတ် နာမရူပ ပရိစ္ဆေဒဉာဏ် အားထုတ်ရတာဗျ။ သခ်တာခမ္မာ ဆိုထဲ့ ပရမတ်နဲ့တော့ ဝေလာဝေးကြပါသေး။ ဒီလိုဆိုရင်။ ရုပ် နာမ်ဟာ, ပရမတ် မဟုတ်လားလို့ မေးစရာပေါ့။ ဟာ-ဟာ, သဘောမကျတဲ့အချက်၊စောဒကတက်သော်လဲ။ ပြောပြဘို့ မခက်ပါဘူးဗျ။ ဒီလို, ဒီလို။ ဒိဋ္ဌိပြုတ်အားထုတ်ဆိုတာက။ စက္ခုဆိုထဲ့ဒွါရ။ ပသာဒခေါ်တဲ့ ရုပ်အကြည်။ ဖြူ-ဆိုတဲ့ အရိပ်ကမ္ဘိလိုက်တော့။ ဒီ ဖြူဟာ, စာရွက်လို့ လိမ် ဖြစ်လိုက်တယ်။ အဇ္ဈဒိဋ္ဌိစွဲချက်နဲ့တကွ။ ကောင်း, မကောင်း ခံစားတဲ့ ဝေဒနာက္ခန္ဓာ နာမ်အမှားပေါ်လာခဲ့သဗျ။ အဲဒါလို-မှတ်သားတဲ့ သညာ၊ သညာက္ခန္ဓာ နာမ်အမှား ဖြစ်ပေါ်လာခဲ့ တယ်။

အဲဒါတွေကို မှတ်သားတဲ့ အတိုင်းဘဲ ပြုပြင် ပေးနေ တဲ့ သင်္ခါရက္ခန္ဓာနာမ်အများ ပေါ်တာဘဲ။စာရွက်လို့မဟုတ် မမှန် လုပ်ကြံပြီး ဝိညာဏက္ခန္ဓာ နာမ်များ တွေ ပေါ်နေ တာ မဟုတ်လားဗျ။

> သတိထားဗျနော်။ ဒီဟာတွေဟာ။ ဥပါဒါ
> နက္ခန္ဓာ၊ နာမ်ခန္ဓာ လို့ လဲခေါ်တယ်။ သံသရာဆို
> တာ, သူပေါ့။ အဲဒါ အဝိဇ္ဇာပစ္စယာ သင်္ခါရာ–
> ဆိုတဲ့။ သင်္ခါရ ရုပ် နာမ်။ အဝိဇ္ဇာက လာတဲ့
> သံသရာ။ ဥပါဒါနပစ္စယာ ဘဝေါ–ဆိုတဲ့ ဒိဋ္ဌိ
> က လာတဲ့။ ဝါ၊ ရှဉ်တဲ့ သံသရာပေါ့။

အကယ်၍ စက္ခုပသာဒ အကြည်။ ဖြူ ဆိုတဲ့ အရိပ် မရှိရလျှင်။ ဒီမျက်စိက, ဒါတွေ ပေါ်ပမလား။ စက္ခုဆိုတဲ့ ပသာဒ အတွက်နဲ့တော့ မပေါ်နိုင်ပါဘူးလေ။ ဒါကြောင့်။ မျက်စိက နာမ် ဖြစ်ပေါ်ဟန်ကား။—

> မတီးက မမြည်။ တီးမှ မြည်ပြန်။ စည်သံ၊
> မောင်းသံ၊ ခေါင်းလောင်းသံ ကဲ့သို့ ပါတကားလို့
> ဆရာဘုရား, ရေးသားတော်မူသည်၊

အဲဒါလို–သောတဆိုတဲ့ ဒွါရ၊ ပသာဒခေါ်တဲ့ရုပ် အကြည်။ အသံဆိုတဲ့ အရိပ်က, ရှိလိုက်တော့။ လေယာဉ်ပျံလို့–လိမ် ပစ်လိုက် တယ်။ အဇ္ဈဒိဋ္ဌိ စွဲချက်နဲ့ တကွ။ ကောင်း မကောင်း ခံစားတဲ့ ဝေဒနာက္ခန္ဓာ နာမ် အများ ပေါ်လာခဲ့သဗျ။ အဲဒါကို မှတ်သားတဲ့ သညာ သညာက္ခန္ဓာ နာမ်အများပေါ်လာခဲ့တယ်။ အဲဒါတွေကို၊

မှတ်သားတဲ့ အတိုင်းဘဲ ပြုပြင် ပေး နေတဲ့ သဒ်ါရကျွန္ဓာ နာမ်အများပေါ်တာဘဲ။ လေယာဥ်ပျံလို့ မဟုတ်မမှန် လုပ်ကြီပြီး ဝိညာဏကျွန္ဓာ နာမ် အများတွေ ပေါ်နေတာ မဟုတ်လားဗျ။ မှန်သှပါဘုရား။ အကယ်၍ သောတ ပသာဒအကြည်၊ အသံဆိုတဲ့ အရိပ် မရှိရချှင်။ ဒီသော တက, ဒါတွေ ပေါ်ပမလား။ သောတဆိုတဲ့ ပသာဒ အတွက်နဲ့တော့ မပေါ်နိုင်ပါဘူးလေ။ ဒါကြောင့်။–

နှားဝက နာမ် ဖြစ်ပေါ်ဟန်ကား–
မတီးက မမြည်၊ တီးမှ မြည်ပြန်။ စည်သံ၊ မောင်းသံ၊ ခေါင်းလောင်းသံကဲ့သို့ ပါတ ကားလို့။

ဆဲတာလို နှာဝက နာမ် ဖြစ်ပေါ်ဟန်ကား–
မတီးက မမြည်၊ တီးမှ မြည်ပြန်။ စည်သံ၊ မောင်းသံ၊ ခေါင်းလောင်းသံကဲ့သို့ ပါတ ကား။

လျှာဝက နာမ် ဖြစ်ပေါ်ဟန်ကား–
မတီးက မမြည်၊ တီးမှ မြည်ပြန်။ စည်သံ၊ မောင်းသံ၊ ခေါင်းလောင်းသံကဲ့သို့ ပါတ ကား။

ကာယက နာမ် ဖြစ်ပေါ်ဟန်ကား–
မတီးက မမြည်၊ တီးမှ မြည်ပြန်။ စည်သံ၊ မောင်းသံ၊ ခေါင်းလောင်းသံကဲ့သို့ ပါတ ကား။

ဟဒယက နာမ် ဖြစ်ပေါ်ဟန်ကား-
မာဂ်းက မဖြည့်၊ တဂ်းမှ ဖြည့်ပြန်။ စည်သံ၊ မောင်းသံ၊ ခေါင်းလောင်းသံကဲ့သို့ ပါတကား။

အဲဒါတွေကို သတိထားခဲ့ဝမ်းပါ။ အမှားခန္ဓာ၊ ဒိဋ္ဌိငါ ကဖြစ်ပွားကဲ့တဲ့-သံသရာကို ပြနေတာဗျ။ အဲဘာ၊ သင်္ခါ ရတရားတွေခေါ်တယ်။ ဒိ-သင်္ခါရမှုနဲ့၊ ဗ-သံသရာမှ ထွက်မြောက်ရလိမ့်မယ်။ ဒုခန္ဓာ, ဒိသံ့သရာကိုထူထောင် နေတာ,ဘယ်သူ ေ။ ဒိဋ္ဌိဆိုဘဲ့ အစွဲနာမ်။ အဝိဇ္ဇာဆိုတဲ့ အမှားနာမ်၊ အဲဒ်-မသိစိတ်၊ အစွဲစိတ်ကိုရည်၍။—

',စိတ္တေနနိယျတိ ပဇာ"-လို့။ ဟောတော်မူခဲ့တာ ပေါ့။ နားထောင်ဗျ- ဘာသာပြန် ပြမယ်။ ပဇာ၊ ငါ၊ သူတပါ၊ ယောက်ျား၊ မိန်းမ၊ ပုပ္ပ၊ နတ်၊ ဗြဟ္မာ၊ သဘ္ဘ ဝါပြော၊ သဏ္ဍလေ ာ ကို။ စိတ္တေန၊ တည်ထောင်ဖန် ဆင်း၊ ဂန္ဓဗ္ဗနတ်မင်းလို။ အလျှင်းမရှိတဲ့ လဟာပြင်မှာ။ ငါထင်၊ သူထင်၊ တုံး-တိုင် ထင်နဲ့။ အမြင်ဖေါက်ပြား။ ဗ်တ်တရားဖြင့်။ နိယျတိ၊ စိတ်သာ ရှင်ဘော၊ ဘုရားဟော ရှိ ။ လောက ခပင်း၊ သူဆောင်ခြင်း၍။- ဟုတ်လာ ငဲ်ဗျား။

သတ္တလောက-တလောကလုံး။ ဒိဋ္ဌိဆိုတဲ့ အမြဲ အရှ နှင့်တကွ။ တဏှာ၊ မာန၊ မောဘ-မကျန်။ ဝိညာဏ် ဆို တဲ့-စိတ်ကြီး၊ စိတ်ဖန်၊ စိတ်ထင်၊ စိတ်မြင်၊ လောကထိ

တင်။ "နာမ်ဘုရင်တပါး" သူရှေ့သွားမဟုတ်လား ဗျ။ "ထင်ရှားပါတယ်" ဗျာ။

အဲတာဘာ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် တို့ ရဲ့—အမှားဖြစ်ပေါ်ပုံပြောတာ။ အမှန်ဖြစ်ပေါ်ပုံက ဒီလို ပါ။ စက္ခုဒွါရက, ရူပါရုံကိုမြင်သော်လဲ။ "အခုံမရှိဘဲ" ဥပေက္ခာ-အဗျာကတ-ဝေဒနာက္ခန္ဓာနာမ်အမှန်ပေါ်တော့ ဒါဘဲ။ ဥပေက္ခာ-အဗျာကတ-ခံသားကာမျှဘဲ-လို့။ သညာ က္ခန္ဓာ နာမ် အမှန် ပေါ်တော့ တာ ဘဲ။ ဥပေက္ခာ၊ အ ဗျာ က တ၊ ပြု ပြင် ရ တဲ့။ သင်္ခါရက္ခန္ဓာ နာမ် အမှန် ပေါ်တော့တာဘဲ။ ထင်ရုံကာမျှ၊ ပြောရုံကာမျှလို့ ဝိညာ ဏက္ခန္ဓာ နာမ် အမှန်ပေါ်တော့တာဘဲ။ နားရှင်းရဲ့လား, ခင်ဗျား။ အခု ဒိဋ္ဌိ ပြုတ်ခဲ့ပုံ-သတိထားမိခဲ့ရဲ့ လားဗျာ။ မရှင်းသေးရင်လဲ။ ဒီမှာ-နားထောင်စမ်းပါဦး။

သောတဒွါရက—ယခု ကြားနေရတယ်။ ဘာသံလဲ ဗျား။ ယက္ကိန်းသံလို့ ပြောမှာပေါ့။ ယက္ကန်းက-အမှန်ရှိ သလား, စဉ်းစားပါဗျာ။ မရှိဘူးပေါ့။ မရှိတော့။ယက္ကန်း သံ အနေနဲ့ ကောင်း, မကောင်း ခံစားစရာ ရှိမလား။— မရှိပါဘူးလေ။ "မယောင်ဝါးချင်ပါနဲ့တော့။" ယက္ကန်း မှ မရှိဘဲ။ အသံ အသံပေါ့။ ဒီ အသံ ကောင်း,မကောင်း ဆိုတာ။ ယက္ကန်းခွဲ၊ ငါခွဲ၊ ပုဂ္ဂိုလ် သတ္တဝါ ခွဲနဲ့မှ ပေါ် တာပါဗျာ။ စဉ်းလဲ စဉ်းစားပါ။ အဲဒီတော့၊ ဒီနေရာ မှာ။ ဝိညာဉ်ဆိုတာ၊ ဘုရားသော်မှ။ အာနန္ဒာ၊ ရာဟုလာ လို့—ပေါ်ရိုးပါဟု-ကလော်ကြသဗျ။ ဒီတော့၊ ဒီကမြန် မေး။ အာနန္ဒာ မြင်ရတာ, စောက်မြင်ကပ်တယ်။ ရာဟု

လာက, သိပ်ချစ်စရာကောင်းဘယ်လို့-ပေါ်ပါသလား။ ဒီလိုမေးတော့။ နောက်ဖေး သွားသလိုလို၊ ရှေ့ဖေးသွားသလိုလိုနဲ့–ထွက်ပြေးကြတယ်။ “ဒါဘာသဘောလဲ။” တယ် ခက်ကာဘဲ–ဦးအောင်တင့်။– မှန်ပါ, မတော်မလျော်၊ ထော်လော်ခြင်းအမှု၊ ကလော်ခြင်းတရသာ·နား လည်သူတွေ မှားပါဘုရား။ အေး, ငါ့ကြောင့်။ ဒီနေရာအဓွ ဒီဇ္ဈပြုတ်၊ စစ်တမ်းထုတ်ပြီး။ မဟုတ်မမှန်၊ လှုင်ကြီးတတ်သော။–

(ဝိညာဏ်ာ အနိဒဿန ဉာဏ်မြတ် နှင့် ကျတော့။ ထင်ရုံကာမျှ အထျာကာဘရိပ်မှို။ သဘာဝ စိတ်အရှိမို့။ ဒီ႑က-အသည် ကွာ။ မြင်ရာမှာ–ငါမဟုတ်။ ငါသုပ်မကောင်း, မကောင်းပေါ်။ အကြောင်းလျော်ရင်-သင်္ခါရ။ အကြောင်းမလျော်မှ-သင်္ခတ။ အမြင်ကျတော့–မာ, မရှိ။ ဒါမတိတော့-ရုပ် နာမ်ထင်။ အဟုတ်မွေခန့်, စင်အောင်ပြော။ ထင်ယောင်ရောတော့-အစွဲပါ။ မြဲဘာက–မရှိလို့။ မြဲဘာက ရှိလို့။ သတိမချွတ်·လဟာပြင်။ ပမာတင်ဖို့–ရုပ်ရှင်ကား။ ပိတ်သားမှာတော့-ဘိတ်မရှိ။ အရိပ်ငြိတော့–သင်္ခါရ။ ဖလင်လာမှ–အရုပ်ထင်။ ဝိညာဉ် မြင်နဲ့–စခန်း သွား။ ဓာတ် ကား က,–အပျိုင်။ အပိုထင်၍ သဿတစော။ သဏ္ဌာလောက, က–စိတ်ထဲမှာ။ အရိပ်စွဲတာလဲ တခဏ။ သင်္ခါရက-နဂိုရ်မရှိ။ အဖျိုကြည့်လဲ အရိပ်မြင်။ စိတ်ထဲထင်လို့ ပါးစပ်ပြော။ ဓာတ်

သဘောက ပဋိစ္စ။ မပဋိစ္စတော့ ဘာတွေရှိ။ ဒါ လွှသိတော့ သဘောမြင်။ သဘောမြင်မှ သစ္စာ။ ဖလသမာက၊ နိဗ္ဗာနံ ဉာတံ အဓာတံ အကတံ အဘူတံ အသခ်တံ နိဿရဏံ ပညာသဘိ။ သစ္စာ ကြည့်တော့လဲ အပဟိပတိ။ ဒါလို သိတော့ အဓိ တတ်။ အဘိ ဆိုလို့ ပမိပါ။ အသိမှာတော့ အ ကုန်စင်။ မယုံလျှင်လဲ ကြည့် ကြိ ကြ။ နိမန္တနိယ အင်္ဂပ္ပါယ်။ သိပ်မကျယ်ဘို့ ခပ်ကျဉ်းကျဉ်း။ ပါး စပ်ငြင်းမှာ စိတ်ကစိုးသဖြင့်။ [ရှုစား] နိသရ ဏာတန်းခိုး ပြတော်မူစမ်း။)–

အလို။– ဦးအောင်တင့်။ ဘုရား။– ငါတို့ဟာ,ဘယ် ရောက်နေသလဲ။ မှန်ပါ။ ကသိဏ်းအမြင့်၊ ဆိုင်းအဆင့် ရောက်နေထင်ပါ့ဘုရား။ ဟား, ဟား။ အေး,– ဦးအောင်တင့်၊ ဦးပဥ္စင်း–,ငယ်ငယ်က,ရဘူးတဲ့လက်ဘဲ၊ ဟုတ်လား။

အဲဒီလို စစ်တန်းထုတ်၊ တကယ်တန်းလုပ်ကြည့်လိုက် တော့။ ပုဂ္ဂိုလ်-သတ္တဝါ ခွဲနဲ့ ပေါ်တဲ့ ခန္ဓာငါးပါး က။ အန္တကလျာဏ စသော, ပုထုဇဉ် ဝိညာဉ်မြင်မှ၊ ပေါ်လို့ ရတယ်မဟုတ်လား။, နားလည်ပြီလား။ ဒါ့ကြောင့်။ သောတာပန်–စသော အရိယာများ၏ ပညာမြင်က, ပေါ် တဲ့ ခန္ဓာငါးပါး–ရုပ် နာမ်တရားကတော့။ မမှားဧကန်၊ အမှန်ဘဲ ပေါ်ရတော့မယ်။ ပေါ်ပုံက, ချနက ပြတဲ့ အတိုင်း။

သောတဒွါရက, သဒ္ဒါရုံကို ကြားသော်လဲ၊ ကြား ရုံကာမျှ။

ဥပေက္ခာ အဗျာကတ-ဖြစ်ကြတဲ့။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်။

ဃာနဒွါရက, ဂန္ဓာရုံကို နံသော်လဲ၊ နံရုံကာမျှ။

ဥပေက္ခာ အဗျာကတ ဖြစ်ကြတဲ့။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်။

ဇိဝှါ ဒွါရက, ရသာရုံကို လျက်သော်လဲ လျက် ကာမျှ။

ဥပေက္ခာ အဗျာကတ-ဖြစ်ကြတဲ့။ ဝေဒ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်။

ကာယဒွါရက, ဖေါဋ္ဌဗ္ဗာရုံကို တွေ့သော်လဲ။ တွေ့ ကာမှ။

ဥပေက္ခာ အဗျာကတဖြစ်ကြတဲ့။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်။

မနောဒွါရက, ဓမ္မာရုံကို ကြံသော်လဲ။ ကြံစည် ကာမျှ။

ဥပေက္ခာ အဗျာကတဖြစ်ကြတဲ့။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်။

***No. 54.***

အဲတာလို။ ဝိညာဉ်မြင်၊ ခန္ဓာမှား။ ပညာမြင်၊ ခန္ဓာမှန်နဲ့-ကြည့်လိုက်တော့။ ငါ-သူတပါး။ ယောက်ျား-မိန်းမ၊ တုံး-တိုင်-ဆိုကာ, နဂိုရှိ။ ဝိညာဏခန္ဓာ-ပေါ်အဲခဏ၊ နာမ်ဓမ္မ, ဘဲလို့။ ပိုင်းခြားပြီး, အရှိစွဲကို ပယ်လိုက်တယ် မဟုတ်လား။ ကဲ—ဘယ့်နှယ်လဲဗျာ။ ဒိဋ္ဌိပြုတ် ဆိုတာ, ဘာခက်သလဲ။ အဲတာ—ရုပ် နာမ်သိလို့ ဒိဋ္ဌိပြုတ်တာဗျာ့။ ဒိဋ္ဌိပြုတ်ဆိုတာ။ အမှားမှ—အမှန်သို့—သိတာပါဘဲ။

ဥပမာကတော့ဗျာ,- ဒွေ့ ထိုင်လိုက်ရုံပေါ့။ ဒါပေမဲ့၊ ပုထုဇဉ်ဆိုတာ။ တယ် တော့—မရွေ့ချင်ကြဘူး ဗျ။ ဘာ့ကြောင့်လဲဆိုတော့။ ရှေးက။ သားအဖ ငါးယောက်၊ ထမင်းပွဲမှာ—စားသောက်ကြတော့။ သို့ တယောက်, အမြင် မတော်လောက်တာနဲ့။ ကိုင်း,—ဒီလိုတော့၊နေရာ မကျသေး။ တို့ ထင်းပွဲ—ရွေ့ကြဦးစို့-ဆိုပြီး။ ရွေ့ကြသတဲ့။ ဒီတော့။ အဖိုးပြုတဲ့—သို့ကဘ။ ထိုင်ရာကနေပြီး၊ အဘေ,—ငါ ရေလား,—လို့ ဆိုသတဲ့။ အဘေက, ဒီတော့။ အလို-မယ်မင်းကြီးမ, ခင်ဗျားက—အဓိက,-ခင်ဗျားက, လိုရင်းလို့ ပြောသတဲ့။

ယခုလဲ။ အဖိုးပြုတာတွေက၊ ဒို့ရေလားလို့ မေးနေတယ်—ဦးအောင်တင့်။ ပုထုဇဉ်နဲ့ ဒီတရား၊ လားလားမှ မတော်ဘူးလို့။ အဖိုးပြုတာတွေက, မပြောလား။ ဒီတော့၊ ဘယ်လိုပြန်ပြောမယ်။ ပုထုဇဉ်က-အဓိကလို့ ပြောရပါလိမ့်ဘုရား။ အောင်မယ်—ဒီလိုမပြောနဲ့။ အဓိန့်ရှိပါဘုရား။ ဟောဒီလိုပြော,- နားထောင်။

သံသာဝဋ္ဋ၊ ဒုက္ခ လွတ်အင်။
စိတ်က ရည်မှန်း၊ အဆန်း ဝတ်ဆင်။
ဝင့်ထွက် စကား၊ တရားမထင်။
ငါ–လူကြီး၊ စိတ်ကြီး တော်တော်ဝင်။
ဥာဏ်မယှဉ်၊ မာန်ဝင်-ထိုင်မတတ်လျှင်။
ရည်ရွယ်ခြင်း၊ လွဲရင်း ဟောင်းလောင်း
မြင်–လို့။

အဲဒီလိုပြောပေါ့ ကြားလား။ဦးအောင်တင့်။ဟုတ်လား၊ ဒီတော့။ အမှန်စင်စစ်၊ ဘုရားဖြစ်ခဲ့ရပုံ-တွက်လိုက်တော့။ အရိယာတို့မှာ။မဂ်ရပြီးသား, ဟုတ်လား။ မရသေးဘြား ပုထုဇဉ်များရဲ့-အတွက်ပါကလား, လို့ ဆိုတာ။ အဖုင်းဆုံး မိန်းမ တွက် နဲ့ တွက်တောင်၊ သိလောက် ပါ တယ်။ ဦးအောင်တင့် နော်။ မိန်းမတွက် ဆိုတာကော၊ သိရဲ့ လား။ ယက္ကန်းသည် တဦး၊ တောင်မြို့ ပိုးတိုက်မှာ။ ပိုး ဝယ်သွား၊ ပိုးလိမ် ခြောက်လိမ်, တစီး။ စီး, နှစ်စီး,ဆို တော့။ ဆယ့်နှစ်လိမ်ပေါ့။ အချိန်က–ငါးဆယ်သား။ နှစ်ထုပ် ခြားပြီး ထုပ်ထား။ ခင်ဗျား ဘာသာ, တွက်ပြီး ပေးခဲ့ဆိုတော့။ ဝယ်တဲ့ မိန်းမက–တွက်သတဲ့။ အင်း, ဟို ခြောက်လိမ်က, တစီး။ အဲဒါက, လေးဆဲ့ခုနစ်ကျပ် ရှစ်ပဲ။ ဒီတော့၊ ဟုက–ခြောက်လိမ်–ခြောက်လိမ်။ နှစ် ခြောက်လိမ်။ ခြောက်စီး, ခြောက်စီး၊ နှစ်ခြောက်စီးဆို တော့။ ကိုးဆဲ့ငါးကျပ်–အတတ်သိသပေါ့။ ယောက်ျား တွက်ကမှ၊ ပေါင်းဟဲ့၊ မြှောက်ဟဲ့၊ စားဟဲ့၊ သူတို့– မိန်းမတွက်က၊ ဘယ့်လောက် လွယ်လဲ။ "ခြောက်စီး

ခြောက်စီး-နှစ်ခြောက်စီးဆို ပြီးတာဘဲ။” အေး, အဲဒီ့လို မိန်းမတွက်နဲ့ တွက်ကြည့်ခမ်းကြပါလို့ ကြားလား။

အဲဒီလို ဒိဋ္ဌိ ပြုတ်သော် လဲ၊ ဒုဋ္ဌသံ၊ ဟုတ်လား,- ဦးအောင်တင့်ရေ။ ဒုဋ္ဌသံ၊ “ခြောက်စောင်အတွက်။” သဘောနက်သှ ပါကလား။ အဟောခက်၊ အပြောခက် သဖြင့်။ အလွှန်ပင်-မြင်နိုင်ခဲလှစွာသော။ တမို၊ အဟော ခက်၊ အပြောခက်၊ သဘော နက်ကို သော်လဲ။ ယောဂီ နော၊ မှန်မိပ်အသွင်၊ ကြံစိတ်အစဥ်ဟု၊ဆင်ခြင်လို့ကြောင်း ယောဂီ သူတော်ကောင်းတို့သည်-လို့၊ ဟုတ်လား။

ဦးအောင်တင့်။ အဲဒီလို။ ဟုတ်မှန်သမျှ၊ ရုပ် နာမ် ဓမ္မ ကိုပိုင်းခြားပြီး သိလိုက်တော့။ ဒိဋ္ဌိက ရှိသေး သလား။ အဲတာဟာ, ရုပ် နာမ် သိလို့ မဟုတ်လား။ “ရုပ် နာမ် သိရင်၊ ပရမတ် သိပါတယ်”-မျှား, ဆိုချင်သေးသလား။ “ဆိုချင်ရင်-မေးပရစေ, ဗျ။”

ယခုအားထုတ်ခဲ့သော။ ရုပ် နာမ်က, ကိုင်စမ်း ကြည့်တော့။ ဘာတွေ့သလဲ။ “မာမှု၊ နူးညံ့မှု တွေ့ပါဘုရား။” ကောင်းပြီ။ အဲဒီတော့။ ဒါကိုင် ကြည့်၊ ဒါ မာဘာ။ ဟိုဟာ ကိုင်ကြည့်။ ဟိုဟာ မာမှာ။ စဥ်းစားနော်။ အဲဒါ, ပရမတ် စစ်ကဲ့ လား။ “မဟေးသုတ်” ပါဗျာ။ ဒီမှာကော။ ဒါ ဘာလဲ။ ဖြူဖြူပါဘုရား။ ဟောဒါကော။ နီနီ ပါဘုရား။ ဒါ, ပရမတ်လား။ “မဟေးသုတ်” ပါဗျာ။

ဒါကြောင့်။ ပရမတ်ဆိုဘာ။ စင်စစ် အမှုအရာပါဘဲဗျ။ နားရှင်းရဲ့လားဗျာ။ ဆဲဒီအမှုအရာကို၊ ဒ္ဓလိုသိရလိမ့်မယ်။ ဒီမှာ၊ ဟောဒီ ယပ်တောင်လေးဟာ, လွှတ်လိုက်က ကျမဲ့သဘောမရှိဘူးလား။ ဒီ ကျမဲ့သဘောဘာ၊ ဘယ်မှာနေသလဲ။ လက်ထဲမှာလား။ ယပ်တောင်ထဲမှာလား။ ဘယ်မှာရယ်လို့ ပြောစရာ-ပြစရာ ရရဲ့လား။ ဆဲဒီပြောစရာ မရ၊ ပြစရာ မရှိတဲ့၊ ကျမဲ့သဘောဟာ, ပရမတ်ဗျ။ ဘယ့်နှယ်လဲ၊ ရိပ်မိကြပါ့မလား။ မရိပ်မိသေးလဲ။ ဒီမှာ နားထောင်စမ်းပါဦး။ ပထဝီတဲ့-ဟုတ်လား။ အာပေါတဲ့-ဆဲတာဟာ, ရုပ်လား, နာမ်လား။ ရုပ်ပါဘုရား။ ကောင်းပြီ၊ ပထဝီဆိုတာ, ဘာစကားလဲ။ ပါဠိစကားပါဘုရား။ ကောင်းပြီ၊ ဗမာလိုတော့ ဘယ်လိုလဲ။ မာမှု၊ နူးညံ့မှု ခေါ်ရပါဘုရား။ ကောင်းပြီ၊ ခေါ်ရတာလား။ ခေါ်ရတာဆိုရင်။ ပထဝီ မာမှုက, ရုပ် ဟုတ်ပမလား။ စဉ်းစားနေ၄်။ သေသေချာချာ နားထောင်။ ခေါ်ရတာဆိုရင်, ခေါ်ရတာဆိုရင်၊ နာမ်ပေါ်၌ ဝစီပညတ်-ဖြစ်လာတာမဟုတ်လား။ ဒီတော့၊ ရုပ် လား၊ နာမ် လား။ ဝိဇ္ဇမာန ပညတ်ပေါ့။ ဉာဏ်မှာသိတဲ့၊ မာ, မာသဘောကမှ-ရုပ်မဟုတ်လား။ နိဗ္ဗာန်ပညတ်က, ကာလဝိမုတ်ပါဗျာ။ ဒီတော့၊ သေသေချာချာ စဉ်းစားကြပါလို့—ဦးအောင်တင့်ရေ။

ပရမတ်ဆိုတာ, သဘောပါဘဲ။ မာ မဲ့သဘော၊ ပူခဲ့သဘောဆိုတာလို။ နာရီ၏အတွင်းမှာ။ မြည်မဲ့သဘော

**No. 55.**

မရှိဘူးလား။ ဘယ်နေရာ၊ ဘယ်ဌာန၊ ပြောစရာကောရ မတဲ့လား။ မရပါဘူးဗျ။ အဲဒါ–ပရမတ်ပေါ့။ မြည်လာ ရင်တော့-ရုပ်သင်္ခါရ။ အဲတာ၊ တီးရင် မြည်မှာဘဲ။ မြည် မှဲ့သဘောက, သင်္ခတဘဲ။ သင်္ခတ ဆိုတာ၊ ဥပမာမှာ တော့။ "မွေး သဘောသဲရှိ၊ မမွေး သဘောလဲ ရှိတဲ့။ မိန်းခလေးလိုပါဘဲ။ အကြောင်းတော်မှ မွေး နိုင် မယ်။ အကြောင်းမတော်တော့၊ မမွေးနိုင်ဘူး။ မွေးသဘောက, ဇာတ-ဘဲ။ မမွေးသဘောက, အဇာတ-ဘဲ။ မွေးလာ တော့။ သင်္ခါရ ဒုက္ခသစ္စာပေါ့။ မမွေးတော့။အသင်္ခတ ပေါ့။ ဒါ့ကြောင့်။–

"သင်္ခတာ မွေ့ာ၊ အသင်္ခတာ မွေ့ာ" လို့–ဟောတော် မူတာပေါ့ဗျာ။– နားရှင်းကြပလား, ခင်ဗျား။ ဒီတော့၊ အကြောင်းမတော်ဘို့အရေးကြီးတယ်။ ဒါ့ကြောင့်မို့လဲ။ ရုပ် ဒုက္ခသစ္စာ၊ နာမ် ဒုက္ခသစ္စာ, မမြင်–မြင်အောင်လုပ် ရ၊ ကျင့်ရ၊ ကြံရ။– မြင်လာတော့၊ အကြောင်းတော် ဦးမလား။ တော်မှာပေါ့ ဆိုရင်–ကန်းသေးတာဘဲ။ ။ စဥ္စု၊ ဥဒ္ဒပါဒိ။ ဥာဏ်၊ ဥဒပါဒိ-မဖြစ်သေးလို့။ မဥဒ မပါဒိသေးဘူးပေါ့၊ ဟုတ်လား။ ဟုတ်တယ်လေ။တရား သိလို့မှ၊အကြောင်းတော်မှဦးမယ်ဆိုရင်။ ဘယ်မှာ–အရိ ယာဖြစ်စရာ ရှိတော့မလဲ။ ဒေသနာပေါင်း၊ ရှစ်သောင်း လေးထောင်တည်းဟူသော, မွေ့ကျွန္နာတွေ။ နိရဩကဖြစ် ရတော့မလား။

ဒါ့ကြောင့်၊– "အကြောင်းမတော်က၊ အဇာတာ။"
"အကြောင်းထုံးမှ၊ နိရောဓ။"

အဲဒါလို၊– အားလုံး, အားလုံး, စဉ်းစားကြ။ ဦးအောင်တင့်။ ဘယ့်နှယ်လဲ။ နားရှုပ်သလား၊ နားရှင်းသလား။ ရှင်းလှပါတယ်ဘုရား။ ဟုတ်မှ–ပြောနော်။ ရှင်းလိုက်မှ ခပ်ထွေးထွေး ဖြစ်နေသလားလို့။ လမ်း, အမှိုက်ရှုပ်တယ်–အောက်မေ့နေတုန်း။ ကောက်ရိုးလှည်းနဲ့–တွေ့နေမယ်–ကြားလား။ အားလုံး, အားလုံး–ရှင်းလောက်တယ် ထင်ပါဘုရား။ အလို–ထင်ဒါလား။ မှန်ပါဘုရား။

အေး, အေး,–ဒါ့ကြောင့်။ ဦးအောင်တင့်။ ဘုရား။ ငါ-သူကစ။ ပုထုဇဉ်ဟူသမျှ။ သံသရာ့ ရုပ်ရှင်ရုံကြီးထဲမှာ အမိုပ်တွေ အကောင်ထင်ပြီး၊ အတ္တဒိဋ္ဌိ အစွဲကြီးနဲ့ ပျော်ပွဲကြီး ဆင်နေကြမဟုတ်လား။ မှန်ပါဘုရား။ အမိုပ် ပေါ်–အကောင်ဖော်၍ ပျော်ကြပါ့ဘုရား။ ဦးအောင်တင့်။ ဘုရား။ ရုပ်ရှင်ရုံက, ကြော်ငြာကြည့်လိုက်တော့။ ဥပမာ။ “အပျိုစင်-ကားသစ်ကြီး၊ ယနေ့ည”–လို့တွေ့။ ဒီတော့။ ညနေငါးနာရီ ကျော်ကျော်၊ ခြောက်နာရီ လောက် ကျတော့။ အုံးအုံးတက်၊ ကြွက်ကြွက်ဆူ၊ လက်မှတ်ယူပြီး။ ရုပ်ရှင်ရုံထဲမှာ။ ကိုယ်ယူခဲ့တဲ့ လက်မှတ်ရဲ့ တန်းအလိုက်ပေါ့လေ။ သုံးကျပ်တန်း။ နှစ်ကျပ်တန်း။ တကျပ်တန်း။ ငါးမူး တန်း–ယူခဲ့တဲ့ လက်မှတ်ရဲ့ ဂုဏ်လိုက်ပြီး။ သုံးကျပ်တန်း က, စီးကရက်သောက်။ မူးတန်းက, ဖက်ဆေးလိပ်သောက်။ ကြည့်နေ့၊ ကိုယ်ယူခဲ့တဲ့ လက်မှတ်လိုက်ပြီး။ အထက် အောက် ကွာခြားနေပုံ။ ဦးအောင်တင့်ရေ၊ စဉ်းစားခဲ့ ကြနော်။ ဒီတော့။ သူတို့ ထိုင်နေကြတာက, ဘယ်လှည့် ထိုင်ကြသလဲ။– မှန်ပါ၊ ပိတ်ကားဆီ လှည့်ထိုင်ကြပါ

ဘုရား။ အလို–ဖြမှာက, ဘယ်ကလဲ။ နောက်က ဖြမှာပါဘုရား။ ဟင်–ဖြမှာက, နောက်က။ မှန်ပါ။ အလို ဒါဖြင့်၊ "သူတို့က ပြောင်းပြန် ထိုင်သမားတွေ ပါလား။" မှန်ပါ၊ သူငယ်ပြန် စတိုင်နဲ့၊ ပြောင်းပြန် ထိုင် နေ ကြပါဘုရား။ အော်။ သံသရာ့ သူငယ်ပြန်သမား။ ပြောင်းပြန်သမား။ ပြောင်းပြန်စား။ ပြောင်းပြန်ကိုင်ပြီး။ ပြောင်းပြန်ထိုင်ကြပုံတွေ–သေသေချာချာ ကြည့်စမ်းနော်။ ဖြမှာက, နောက်က။ ထိုင်ပုံတွေက။– အင်း, ဆဲဒါပါဘဲလေ။ ဒီတော့ "ဖြမှာဖြစ်တဲ့" မဖြေသေးတဲ့။ ဖြစရာ့ကြိယာဖြစ်တဲ့။ စက်၊ မီး၊ ဆလိုက်၊ ပေလိပ်၊ ကြည့် လိုက်တော့။ လေးခု ပေါင်းဆင်ထား။ မပေါင်းရင်လဲ၊ ဖြလို့ မဖြစ်ဘဲကိုး။ ဆဲဒါကြည့်လိုက်တော့။ ပေလိပ် ကော်ပြားမှာ၊ မလှုပ်မရှား၊ အရုပ်ကားကလေးတွေ-ကောင်းကောင်းလဲ မမြင်ရ။ မြင်ရပါတော့လဲ၊ လှုလဲ မဟုတ်။ ဘာမှမလှုပ်တတ်, မပြောတတ်တဲ့ အရုပ်၊ စဉ်းစားကြနော်။ တော်တော်နေတော့။ "ထက်ထက်, ထက်ထက်, ထက်ထက်, ထက်ထက်"-နဲ့ နောက်ကကြား။ ပိတ်သား ကြည့်လိုက်တော့။–

**အပျိုစင်ဇာတ်ကား– ဖြပါတော့မည်။**
**ဒါရိုက်တာ, ဦးတင်နွယ်။ မင်းသို့း မေသန်း။**
**မင်းသား ဧးကြူ။ ခင်မောင်။ ဘမြင့်။**
**ဘတင့်-ကိုး။-**

အောင်မယ်—သိလား,စာလုံးတွေ-ပေါ်လာ။ စာသာ

ဘာဘ်လိုက်ရ။ အဲဒီ လူတွေက, ရန်ကုန်မယ်၊ ကြွားလား။
“စာက—စာပါဘဲ” ဦးအောင်တင့်။ အဟုတ်ပျူတွေက။
ဒီမှာ မရှိပါဘူးဗျ။ အောင်မယ်။ ဒါပေမယ်လို့၊ဘုံးနောက်
ပြန်၊ မ,နောက်ပြန် တွေက။ ဟော-မေသန်း-ထဲ့ဟဲ့။
ဧးကြူ-ဘဲ့ဟော့။ အို,— မေသန်း ပါရင် သိပ်ကောင်း
ပေါ့။ ဒီကားဘော့။ (စမတ်) ကျပြီး, (အိုကေ), ဘဲ။
ဘာဘဲ-ညာဘဲ-မပြောကြဘူးလား။ တို့ဘော့ “ဘုန်းကြီး
မို့၊ နားမလယ်ဘူး” ကြွားလား။ အေး, အစာ၊ ဘာမျှ
မရှိဘဲ့ ဗိတ်သား, ဗိဘ်ကားဗျနော်။ မည်သူ၊ မည်ဝါနဲ့
တကွ။ လူရှင်တော်-ဖိုင်တမော့နဲ့၊ ဖိုးပါကြီး, ဆိုတော့၊
အို-သိပ် ကြိုက်ကြဒါပေါ့။ ကြိုက်သာကြိုက်, လူက
ဘယ်ဆိမှန်း မသိဘူး, ဟုတ်လား,ဦးအောင်တင့်။ မှန်ပါ။
အေး,—တော်ဘော်ကြာတော့။ ဒုရိယာသံ ဆူဆူ ညံညံ
ကြွားပြီး။ မင်းခန်း,မင်းနား၊ ဆန်းပြားစွာသော,အဆောင်
အရောင်နဲ့ဘကွ။ နန်းမကြီးရဲ့အလယ်။ တင့်ဘယ်စွာ-
ခံစားပြီးနေဘဲ့။ မင်းသွီး, မေသန်း-က။ အထိန်းတော်၊
အချော့တော်များနှင့်ဘကွ။ ဖိုင်တမော့နဲ့၊ ဖုံးပါကြီးက,
ဝန်ကြီး နှစ်ပါးကိုး။ ဟား-ဟား။ ဖိုင်တမော့နဲ့-ဝန်
အင်္ဂျီနဲ့ ဆိုတော့။ ပရိသတ်မျှား, တဝါးဝါးပေါ့လေ။
ဇာဘ်ကားက, အပျိုစင်-ဆိုတော့။ ခမည်းတော်များ,
မယ်တော်များ၊ နတ်ရွာစံလို့မို့၊ ကံတော်ကုန်တဲ့နောက်။
သွီးတော် တယောက်၊ ပင်တိုင်စံ-တကိုယ်တည်း, အပျို
ကြီးဘဝနဲ့၊ ထီးနန်းအုပ်ချုပ်။ မင်းလုပ်နေရ-ဆိုထင်ပါရဲ့

ကြားလား။ ဒီနေရာ, မေသန်းက၊ စကားက–များများ။ သနားစရာကောင်းအောင် ပြောဒါကိုး။–သူ့မှာပေါ့လေ။ မောင်ရယ်-ဖါးရယ်-မရှိတော့။ ပင်တိုင်စံမင်းသွီး။ သာ ကေတ, နိုင်ငံကြီး အုပ်စိုးပြီးနေကာ။ ပျင်းသလိုလို။ တခါ တရ၊ ခမည်းတော်–မယ်တော် လွမ်းပြီး။ စိတ် မဇေးဘဲ့ အကြောင်းများ၊ အထိန်းတော် အချော့တော် တွေအား။ လွမ်းစရာ–သနားစရာ, ပြောတာပေါ့ လေ။ ဒီတော့၊– ကြည့်ကြတဲ့ ဘိုး နောက်ပြန်၊ မ, နောက် ပြန်–တွေ က။ အွန်–အော်၊ အွန်–အော်နဲ့။ ကြာတော့၊ ဖါးဖြစ်ကုန်ပြီ သလား။ သူတို့ကိုယ်သူတို့၊ နောက်ပြန်ထိုင်ပြီး, ဖါးဖြစ် နေတာ-သိတာမဟုတ်ဘူး, ကြားလား။ စဉ်းစားကြနော်။ ရုပ်ရှင်ရုံသွား–အလကား, ဖါးတွေ–ဖြစ်နေမယ်။ အွန်- သနားပါ။ အော်–ဒီလိုကိုးနဲ့—သိလား, ဦးအောင်တင့်။

ဒီလိုနဲ့ နေခဲ့လို့။ မင်းသားများ ဆိုက်ရောက်လာ သော်လဲ၊ မထိုက်တန်တော့။ လက်မခံလိုက်ဘူးပေါ့လေ။ နောက်ဆုံး–မင်းသားယောင် ဖန်ဆင်းထားတဲ့။နတ်နဂါး နဲ့ ငြားတာကိုး။ ပင်တိုင်စံ ကတော့၊ အဟုတ်မင်းသား လို့ ထင်မှတ်မှား။ ဒီနေရာ၊ နဂါးမင်းသားနဲ့ ပင်တိုင်စံ၊ နှစ်ပါးသွား။ ပရိသတ်တွေက, တဝါးဝါး-ဟားထိုးပြီး။ "ဖါးတန်းခိုးပြတဲ့ အချိန်ပေါ့လေ။" ဟား ဟား။ တော် တော်ကြာတော့။ နဂါးတို့ပြေ။ နတ်နဂါးမင်းကြီးက, အကြောင်းခြင်းရာသိတော့။ မလာ မနေရ၊ နဂါးတို့၏ နတ်စက်နဲ့ ချလိုက်တော့။ ဟာ—, တနန်းတော်လုံး ပွက်လောထ ကုန်ပါရော။ အမယ်မင်း, သွားပရစေ

တော့ကွယ်, နှစ်မရယ်-ကိုး။ ဘယ်သွားမှာလဲ မောင်တော်ရဲ။ မသွားရဘူး၊ မနေနိုင်ဘူးနဲ့၊ ပူကြ ဆူကြ၊ ငိုယိုကြပေါ့လေ။ ဒီတော့။ ရုပ်ရှင်ကြည့်ကြတဲ့၊ ကိုဖါး, မဖါး တို့က။ အမျိုးစင် ဇာတ်ကားဆိုတဲ့ ဒါနဘရား၊ ရှေ့ကထားပြီး။ သူတို့မျက်စေ့က, ရေစက် ချကြ သကိုး။ ဟား, ဟား။ ဦး အောင်တင့်ရေ။ ကြည့်စမ်း၊ ကြည့်စမ်း။ “ဖါးတွေ-တဂေါင်းကိုင် ရေစက်ချတဲ့၊ ဒါနပွဲကြီးဟော့။”

“သူတို့စေတနာ ဒီလိုသားရလိမ့်။” အပုည့္ကမ္မေန၊ အမျိုးစင် ဇာတ်ကား။ နဂါးမင်းသား။ ပင်တိုင်စံ မင်းသမီးနဲ့ အသဲနာနာ၊ ကဲကွာရာဋ္ဌာန၊ ရေစက်ချရသော ဒါနကြောင့်။ ဟာသနိရယေ၊ ငရဲဌာန။မကောင်းသောဟာသဒ္ဒ၊ ဘဝေယျာမ၊ ဖြစ်ရပါစေသတည်း။ ဝါ၊ ဖြစ်ရပါစေသား။ ဖြစ်ရပါစေသောဝ်။ ။ဟား ဟား။ ဆဲဒီလိုများ စေတနာထားပြီး၊ ရေစက်ချနေကြ ထင်ပါလား။

အေး, အေး, ဒီတော့။ နဂါးကလဲပြန်သွား။ ပင်တိုင်စံမင်းသမီး၊ နဂိုခြကြ-တကိုတ်ထ၏။ ယခု·နောက်ဆုံးကျလဲ တကိုယ်ထ၏။ အစကလဲ အပျိုကြီး။ နောက်ဆုံးကျလဲ အပျိုကြီး။ ဇာတ်ကား အစလဲ အပျိုစင်။ ဇာတ်သိမ်းကျလဲ အပျိုစင်။ ဆဲဒီလို ဇာတ်ကား သသာဝ-အပျိုစင်သညျချပြီး။ ဇာတ်ကားကလဲ သဏ္ဍာန်ချ။ ဖါးတွေလဲ·ရေစက်ချပြီးကြလို့။ နောက်ဆုံး ပြီးပါပြီ-ဆိုတဲ့ စာတန်းကလဲပြတ်။ အသံလဲ ရပ်။ အရိပ်တွေလဲ မရှိ။ “ကြည့်လိုက်တော့။ ပိတ်သား၊ ပထမကလဲ့ ပိတ်သား။” ဦးအောင်တင့်ရေ၊ ဘုရား။

ဒါ့ကြောင့်။— ဇာတ်ကား က, အမျိုးစင်။ အပိုထင်၍ သတ္တလောက, ဟုတ်လား။ သတ္တလောက က စိတ်ထဲမှာ လို့—ကြားလား။ ။သူတို့ ပဋ္ဌမ ထိုင်စက၊ ပိတ်ကား, ပိတ်သား မဟုတ်လား။ အဲဒါက ဩကာသ လောက။ ကာံ၊ စိတ်၊ ဥတု၊ အာဟာရ။ အကြောင်းညီမျှလို့ ပြလိုက်တော့၊ အရိပ် ကျမသဘာဘူးလား။ အဲဒါတွေက-သင်္ခါရ လောက-ဟုတ်ကဲ့လား။ မှတ်ထားနော်။ မေသန်း။ ဇေကြဲ စသော။ ငါ၊ သူ၊ ဘာပါး၊ ယောကျ်ား၊ မိန်းမ-ဆိုတဲ့ သတ္တ လောက, က-စိတ်ထဲမှာလို့-ဦးအောင်ဘင့်။ မှန်ပါဘုရား၊ ဒီတော့၊ ပဋ္ဌမကလဲ ပိတ်သားဆိုတာ သူတို့ အသိသား။ နောက်ဆုံး ပြီးပါပြီလို့ ဆိုတဲ့ နောက်လဲ ပိတ်သား။အသိ ကြသားနဲ့။ ရုပ်ရှင်ရုံ—အထွက်က စပြီး။ ဒို-သိတ် သဘာဝကျ၊ မေသန်း—သိတ်ကောင်းတာဘဲ။ ဇေကြူက ဘယ့်လောက် စမတ်ကျ။ ဇာတ်ကားကတော့—ဒိုကေ ဘဲ့လို့၊ အပိုတွေစွဲမသွားကြဘူးလား။ ဦးအောင်တင့်။—

ဒါ့ကြောင့်။—

ပိတ်ကား ပိတ်သားပေါ်မှာ ဘွားကနဲ
ထင်လာ။ အဲဘာ-ရုပ်ရိပ်-ရုပ်ရိပ်။
ရုပ်ရိပ်ပေါ်မှာ၊ သူ ငါ ထင်လာ။ အဲ
တာ-နာမ်ရိပ်-နာမ်ရိပ်။
ရုပ် နာမ် ပေါ်မှာ။ ကောင်း ဆိုးထင်
လာ။ အဲတာ-ကံရိပ်-ကံရိပ်။
ရုပ်ရိပ်၊ နာမ်ရိပ်၊ ကံရိပ် ပေါ်တာ။ အဲ
တာထဲ၊ ဘယ်မလဲ-လူဆိုတာ—လို့။

ဦးအောင်ဘင့်ရေ။ ကိုယ့်မျက်စိက, မြင်တဲ့။ ရူပါရုံ အနိစ္စ၊ အာဂန္တုက၊ ခဏ်းမှုကိုဖွဲ့ပြီး။ လူ့ဘဲ၊ နတ်ဘဲ၊ စိတ်ထဲမှာ အမြဲသားပြီး။ အစွဲမှား နေကြ မဟုတ်လား။ အေး,- ဆဲဒါကြောင့်။ နောက်ဆုံး သဏ္ဍုချလိုက်တော့။

အပျိုစင်ဆိုလို့၊ အပျို ကြည့်တော့လဲ။ အရိပ်
သာမြင် ဒါဘာဘဲလို့။ စိတ်ထဲသင်လို့ ပါးစပ်က
ပြော။ ခဏ်သဘောက၊ ပဋိစ္စ။ မပဋိစ္စတော့၊
ဘာတွေရှိ။ ဒါတွေသိတော့၊ သဘောမြင်။ သဘော
မြင်မှ "သင်္ခတ" ဖလသမာက၊ နိဗ္ဗာန်-လို့။ ဧတံ
အဇာတံ အကတံ အဘူတံ အသင်္ခတံ "နိဿရဏံ
ပညာယတိ"-လို့ ပြောခဲ့တယ်မဟုတ်လား။

အေး, ဒါဖြင့်၊ ဒိနေရာ-တို့ တရားနာတွေလဲ။ နောက် ရုပ်ရှင်းသွား။ ဖါး-မဖြစ်တဲ့ ဂါထာလေး, သင်ပေးမယ်။ အားလုံး-အားလုံး,-လိုက်စမ်း၊ လိုက်စမ်း။ ကဲ-ဘာတဲ့။

ကားပြင်ပေါ်မှာ၊ ဘွားကနဲ့ ထင်လာ။ ဆဲဒါ-ရုပ်ရိပ် ရုပ်ရိပ်၊ ဟုတ်လား။ ကားပြင်မှာ ကျလာတဲ့အရိပ်ကား၊ ရုပ်သားလို့ ရှုလိုက်ရမဟော့-ကြားလား။ လိုက်ကြနော်။ ဖါး-မဖြစ်တဲ့ ဂါထာ-ဟုတ်လား။ ကဲ ကဲ၊ ဘာတဲ့ ဘာဘဲဟော့။

ကားပြင်ပေါ်မှာ၊ ဘွားကနဲ့ ထင်လာ။
ဆဲဒါ-ရုပ်ရိပ်၊ ရုပ်ရိပ်။

***No. 57.***

ရုပ်မိုပ်အပေါ်မှာ၊ မေသန်းထင်တာ။
ဆဲဒါ–နှမ်မိုပ် နှမ်မိုပ်။

ရုပ် နှမ် ပေါ်မှာ၊ ကောင်း ဆိုးထင်
တာ။ ဆဲဒါ–ကံမိုပ် ကံမိုပ်။

ရုပ်မိုပ် နှမ်မိုပ် ကံမိုပ်ပေါ်တာ။ ဆဲ
တာထဲ၊ ဘယ်မလဲ–လူဆိုတာ။

အေး,– ဆဲတာ အရဆောင်ထား။ ရုပ်ရှင်ရုံကျ ဒိဂါ
ထာနဲ့မန်း။ ဖါး-မဖြစ်ရဘူး။ ဟုတ်လား။ အေး– ကဲ
ဆက်ပြီးလိုက်ကြစမ်း။ ဘာတဲ့။

မြေပြင် ရေပြင်ပေါ်မှာ။ ဖါထ်ပြင် မှန်
ပြင်ပေါ်မှာ။

မျက်စေ့ အကြည်ပေါ်မှာ။ ဘွားကနဲ
ထင်လာ။ ဆဲဒါ–ရုပ်မိုပ် ရုပ်မိုပ်။

ဟုတ်လား– ဦးအောင်တင့်။ အားလုံး, အကြည်ခက်
ခြောက်ပါးက။ ဒီလို ပွားရလိမ့်မယ်–ကြားလား။ မှန်တှာ
ပါဘုရား။ အေး, ဒါ့ကြောင့်။–

မျက်စေ့ အကြည်ပေါ်မှာ။ နား အကြည်ပေါ်မှာ။
နှာ အကြည်ပေါ်မှာ။ လျှာ အကြည်ပေါ်မှာ။
ကိုယ်အကြည်ပေါ်မှာ။ ဟာဒယအကြည်ပေါ်မှာ။
ဘွားကနဲထင်လာ။ ဆဲဒါ–ရုပ်မိုပ် ရုပ်မိုပ်။
ရုပ်မိုပ်ပေါ်မှာ၊ သူ ငါ ထင်တာ။ ဆဲဒါ-နှမ်မိုပ်
နှမ်မိုပ်။

ရုပ် နာမ်ပေါ်မှာ၊ ကောင်းဆိုးထင်တာ။ ဆဲဒါ-
ကံရိပ် ကံ့ရိပ်။

ရုပ်ရိပ်၊ နာမ်ရိပ်၊ ကံရိပ် ပေါ်တာ။ ဆဲဒါထဲ-
ဘယ်မလဲ သတ္တဝါ။

အေး–, ဆဲဒီလို နက်နဲပုံအချက်၊ အကွက်ကျကျ၊ မြင်နိုင်ကြပေစေ။ ဒါကြောင့်။ ဒုဋ္ဌသံ၊ ‘ခြောက်စောင်” အထွက်။ သဘောနက်လှ ပါကလား။ အဟောခက်၊ အပြောခက်သဖြင့်၊ အလွန်ပင် မြင်နိုင်ခဲလှစွာသော။ တစ်ခို၊ အဟောခက်၊ အပြောခက်၊ သဘောနက် ကို သော် လဲ။ ယောဂီနော၊ မှန်ရိပ်အသွင်။ ကြံစိတ်အစဉ်ဟု။ ဆင်ခြင် လိုကြောင်း။ ယောဂီ သူတော်ကောင်း တို့သည်။ တိကျ ဉာဏော၊ ဝဇီမိမ်ရင်း။ မိုးယံကြိုးခွင်းသလို။ ဒင်းဒင်း သံဟိုး။ ထက်မျက်တဲ့ ဉာဏ်မြတ်ကြီးဖြင့်။ ဘာဝနာ၊ စိန္တနကိစ္စ၊ စိတ်ချအမှန်၊ ကိုယ်ပိုင် ဉာဏ်ဖြင့်၊ ဆင်ခြင် ကာကြည့်၊ ထင်မြင်၍ လာသည်ရှိသော်။ သုညတာဘာသံ၊ “ရုပ် နာမ် ရန်သူ” ကင်းစင်ဖြူ၍။ သိဘာဂူ စမ်း။ မြို့ နန်းကို။ ပဿနာ၊ ရောက်နိုင် ပေါက်နိုင် ဆင်ခြင်နိုင်၍။ မြင်နိုင်ကြကုန်ရာ၏။ ပဿနာ၊ သုံးဆဲ့တဘုံ ကံ–ထင်ရာ မသွားရလေအောင်။ ရုံးထွက်ချန် - အမှန်သစ္စာ, တရားဟာမို့။ ဆုံးမဂ်အကုန် ဉာဏ်အမြင် ပွားကြရင်ဖြင့်။– ဩော်— “နာမ်ဘုရင်” တပါးသာ, တွေ့ရလေကုန် သတည်း။

**(သာဓု။ သာဓု။ သာဓု။)**

“ကဲ–တော်လောက်ကြပါပြီ၊ဟုတ်လား၊”

———ooo———

“ဇာတိ၊ ဤသို့။ မယာ၊ အသျှင်ဝံသ။ နာမထည့်သွင်း။ ဦးပဥ္စင်းသည်။ သုဒေသီတော၊ ဘုရားဟောအလို။ တိုဘို မိမိ၊ ဟုတ်တိုင်း သိသဖြင့်။ ထိထိမိမိနဲ့။ တသန့်တသန့်။ အကန့်ကန့်ကာ။ ခန့် ခန့် ယည် ယည်။ ထင်ထင်ရှားရှား။ လယ်ပြင်–ဆင်သွား။ ကောင်းမွန်စွာဟောကြား အပ်ပေထသော။ မွေ့၊ စိတ်ကြို. စိတ်ဖန်၊ စိတ်ထင်၊ စိတ်မြင်၊ နာမ်လျှင်-ရှေသွား။ ဝိညာဏက္ခန္ဓာ- ဆိုတဲ့ နာမ် ဘုရင် တရားကို။ “သုဘာန္တာ၊ နာသူ မှတ်သား။ ကျင့်ကြံကာ ပွားများကြကုန်၍။ “နိဗ္ဗာန်၊ သခ်ိတအခရုံ။ ကောင်းစွာ ထုံလျှက်။ ရုပ် နာမ်ချုပ်ငြား။ နိရောဓ-ဆိုတဲ့ အသခ်ိတ တရား။ ဝိမုတ္တိ ခတ်သားကို။ “ပါပုဏန္တု၊ ရုပ် နာမ် ဝိပါက်။ မငဲ့ကွက်လို့။ ဥပါဒိသေ၊ အနုပါဒေလို့၊ နှစ်ထွေ နှစ်ပြား၊ မခွဲခြားဘဲ။ ခံစားမျက်မှောက်။ အမြင်ပေါက်၍။ ဆိုက်ရောက်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု။ သာဓု။ သာဓု။

# ဝိပဿနာဘာသာပြန်နိဂုံး။

ဤကဲ့သို့—ပြခဲ့သမျှသော။ နာမရူပ၊ ဟေတုပစ္စယ၊ မဂ္ဂါ မဂ္ဂ ဉာဏဒဿန–စသည်ကို။ “ဉာဏ်-အဓိက” သို့ဖြစ်ပါ၍။ ပြခဲ့ပြီးသော။ ဝိပဿနာသမ္မာဒိဋ္ဌိ,ဘာသာပြန်၌ကား။ ဉာဏ် ရင့်ကြီးများ။ ဉာဏ် ကျက်စားပုံ။ ဉာဏ်ကုန်လွှတ်ဘွယ်။ ဉာဏ်ကြီးကျယ်တို့။ စမ္ပါယ်ကွန့်မြူး။ ဉာဏ်အထူးရှင်။ ဉာဏ်ကြည်လင်ခြင်း။ ဉာဏ်သန့်ရှင်း၍။ ဉာဏ်ပွင့်သင်းရာ။ ဉာဏ်ချက်သာတည်း, ဟု။ ကွန်ဘောင်တို့၏ ဝိပဿနာဝါဒ။ မဟာထေရ်ကြီးများ, သတိပေးစကားကိုလည်း။ ဦးထိပ် ထားခြင်း ဖြင့်။ ဝေဘန်စဉ် စား။ များများကြီး သာဒိ ထား ထိုက်ပါပေသည်။ ထို့ကြောင့်လည်း။ “သိ-မြင်-ပေါက်-ဖိုင်” လေးပါးခိုင်မှ။ မယိုင် မယိမ်း။ ကိစ္စ ငြိမ်းမည်။ ဇာတ် သိမ်း နိဗ္ဗာန် ဝင်ခဏ်းဘည်း–ဟုလည်း။ မိန့်တော်မူကြ ပါသည်။ ထို့ကြောင့်။ “ဝိပဿနာ” သည်။ ကမ္မဿ ကတာသက်၊ များစွာ အဆင့် အတန်း မြင့်နေပါ သည်။ ဥပမာ။ မြေဖိုက်ဘုရား တည်ထားတော့မည်ဆိုပါတော့။ အဦးပထမ၊ ပန္နက်ချ၍။ အုပ်ချပ်များစွာစီခဲ့လေရာ။ မြင့်၍အလာမှာ–ငြမ်းဆင်ကာ။ ရင်းငြမ်းဖြင့် တက်ပြီးလျှင်။ အထက် ရောက်၍။ ထီးတင်သော အခမ်း အနားပင် ပြီး မြောက်ပါလျှင်။ ထိုငြမ်းကိုပင် ဖျက်ချရလေသည်။ ဤ အတူပမာ။ ဒါနငြမ်းဖြင့် တက်လှမ်းခဲ့ရသော။ ကာမာ

ဝစရ သုမ္မေးစသော–ဘုံနှံက၊ သီလငြိမ်းဖြင့်-ကျက်သွမ်း
ခဲ့ရသော။ ကာမာဝစရ, သက်ရှည် ဆင်းရဲစသော ဘုံနှံ
ကဲ့။ သမထ ဘာဝနာ ငြိမ်းဖြင့် ကျက်သွမ်းခဲ့ရသော။
ကာမာဝစရ ရုပ်နံရစသော ဗြဟ္မာ ဘုံနှံကဲ့။ "ဝိပဿ
နာ ဘာဝနာငြိမ်းဖြင့် တကျွမ်း ခဲ့ရသော။ သ, ဥပါဒိ
သေသ။ အနု, ဥပါဒိသေသ စသော၊ မင်္ဂချမ်းသာ၊ ဖိုလ်
ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ။ ဤကဲ့သို့ "ငြိမ်းနှင့်-ဘုံရား"
ကွာချင်တိုင်း ကွာခြားသခဲ့သို့။ "ပါနနှင့်-သုမ္မေး" "သီ
လနှင့်-သက်ရှေ' "သမထနှင့် ရုပ်" "ဝိပဿနာနှင့်
နိဗ္ဗာန်" များသည်လည်း။ ကွာခြားချင်တိုင်း ကွာခြားနေ
ပါသဖြင့်။ "ကမ္မဿကတာသမ္မာဒိဋ္ဌိ"ထက် "ဝိပဿနာ
သမ္မာဒိဋ္ဌိ" သည်။ များစွာ အဆင့် အတန်း-မြင့် နေပါ
သည်ဟု။ ဝေဘန်လိုက်ရပါသည်။

**မဂ်ရအောင်**
**ဝိပဿနာငြိမ်းဖြင့်တတ်**

သို့ဖြစ်လေရာကား။ ဝိပဿနာ-ဟူ
သောစကားသည်။ သိ မြင်-ပေါက်ပိုင်
ရေးသာတည်း။ ပြခဲ့ပြီးသော-ဝိပဿ
နာ—နည်းတို့ဖြင့်။ သိမ်းဆည်း၍ "ဘဝင်ကျ—မနေခ
ကြည်' ဖြစ်လေရာ။ "ဥပမာ" စွန့် ကွာပြီး ဖြစ်သော၊
မယားလင်သားကို။ နောက်တဖန် မြင်ရပြန်သော်လည်း။
သာယာဆဲ့။ လိုချင်သော,အာသာသမုဒယ-မရှိတော့ပါ။
အပြစ်ကိုမြင်ခါ။ စွန့်ခွါပြီး ဖြစ်နေသော ကြောင့် တည်း။
ထို့ကြောင့်၊ ဝိပဿနာကို၊ ဆက်ခါဆက်ခါ ဝေဘန်လိုက်
ရာ။ အဆင့် အတန်း ရင့်ကာ။ "သောတာပတ္တိ" မဂ်ဟု
ခေါ်ရသော။ ပထမ—သိ၊ မြင်၊ ပေါက်၊ ပိုင်၊ ရေးသည်။

တည့်မြဲ၍ နေပါတော့သည်။ ဤ အသိအမြင် ကည့်မြဲ သလောက်။ ဗုဒ္ဓ၏—သုစရိက—လုပ်ကိုင်ရေးကို။ သဘော ပေါက်ခါ ပေါက်ခါ။ သုစရိက-ကည့်မြဲရပါ တော့မည်။ တည့်မြဲသည်မှအပ၊အလွန်ငြိမ်းချမ်းခွင့်ကိုရလေရာ။ ယခု လက်ရှိ ခန္ဓာကိုယ်ပင် ရှိ၍နေသော်လည်း။ ငါ ငါ့ ဥစ္စာ ဟူ၊ စွဲလမ်းခြင်း မရှိတော့ရာကား။ အနု, ဒုပါဒိသေသ, မြောက်ချမ်းသာရေးကိုပင်။ တွေး၍ တွေး၍ မြင်နိုင်ပါတော့ သည်။ "စဉ်းစားပါ။"

**သိ ပယ် ဆိုက်ပွား ကိစ္စလေးပါး** ဤကဲ့သို့ တွေးကာတွေးကာ။ သ,ဒု ပါဒိသေသ—ငြိမ်းချမ်းရေးမှ။ အနု,ဒု ပါဒိသေသ-မြောက်ချမ်းသာကို လက်တွေ့ လောက်ပင် အာရုံယူ၍နေရပါလျှင်။ ပုထုဇဉ် ဟုတ်နိုင် ပါသေးမည်လော။ ဝေါဟာရစော ရောက်ပြီ။ အသခါက မျက်မှောက် ပြုနိုင်သည် မမည်ပါလော။ ထို့ကြောင့်။ "ဝိပဿနာ—မဂ်ပညာ" ကို—ဝေဘန်ကာ။ "သိ" ရ သလောက်။ ဒိဋ္ဌိဝိစိကိစ္ဆာ 'ပယ်" ခွါပါက။ ဆိုင်ရာ ဆိုင်ရာမှုသော။ ဒုစရိတကိလေသာ၊ လုံးဝ မရှိတော့ရာ ကား။ ငြိမ်းချမ်းလှစွာသော။ သုစရိတ-ပြည့်သူ့နိဗ္ဗာန် စသော။ အနဉပါဒိသဏ္ဌာန်ဝဋ္ဋာ "ဆိုက်" ရောက်ချမ်း သာပုံကို ကောင်းစွာနားလည်သဖြင့်။ သုစရိတမဂ္ဂသစ္စာ ဝိပဿနာ-ဘာဝနာအား။ "ပွား" များ-လုပ်ကိုင်။ ကိစ္စ လေးပါးကိုသိမြင်ပေါက်ပိုင်စေ၍။ ပထမ—သိ မြင်၊ပေါက် ပိုင်ရေးနှင့်စပ်သော၊ စိတ်ဘဝင်ကျသည်ကို။ ပရိက်—မဂ် ပြုပြင်ရေး ခေါ်သည်။ ဒုတိယ—ဉပစာ၊ မဂ်၏—ကိုယ်ရံ

တော် ခေါ် သည်။ ဘာတိယ–အနုလုံ၊ မဂ်ဇ္ဈိ–ပါဠိ ခေါ် သည်။ ဤ-အနုလုံကိုပင်၊ “သစ္စာနုလောမိက” မှန်ကန် သောအဆုံးသို့ရောက်ခြင်းပင်တည်း။ အားလုံးရုပေါင်း၍ သော။ ဂေါ်တြဘူဇောဘဝင်–ဆရာသည်။ မဂ်ပုဂ္ဂိုလ် အရိယာဟု။ ဆုံးဖြတ်ပါတော့သည်။

**ဘာလဲဟဲ့ ထတိပဋ္ဌာန်** ယခုအခါ။ မြန်မာနိုင်ငံတော်မှာ။ သတိ ပဋ္ဌာန်ကား၊ တခြားလိုလိုယူဆ၍ နေကြပါ သေးသည်။ စင်စစ်သော်ကား။ သတိပဋ္ဌာန် ၏–လိုရင်းစကားမှာ။ ခတ်ဘပါးအား, ရှေ့ရှုထားမှုကို သတိပဋ္ဌာန်ဟု ဆိုပါသည်။ ရုပ်-ကိုယ်၊ နာမ်-ကိုယ်အား၊ ရှေးရှုဝေဘန်မှုကို။ ကာယာနုပဿနာ သတိပဋ္ဌာန်ဆိုပါ သည်။ “နာမကာယ ’—ခေါ်၊ နာမ် ဖြစ်၍ နေ သော။ “ဝေဒနာ”–ခေါ်၊ ခံစားမှု တရားကိုယ်ဘပါးအား။ ရှေး ရှုကာ ဝေဘန်၍နေမှုကို။ ဝေဒနာနုပဿနာ သတိပဋ္ဌာန် ဆိုပါသည်။ ၎င်း နာမကာယမှပင်။ တုံး တိုင်စသော၊ သမုဒ္ဒရာ၊ တော၊ တောင်-ဟူသည်။ စိတ်ဝိညာဉ်သာ တည်းဟု၊ ရှေးရှုကာ ဝေဘန်၍နေမှုကို။ စိတ္တာနုပဿနာ သတိပဋ္ဌာန်-ဆိုပါသည်။ ဤ–စိတ်ဝေဒနာ၊နာမကာယ၊ ရူပကာယ၊ စသည့်ဖုံဖုံ၊ ရှေးရှုကုန်သော။ သဘိပဋ္ဌာန် စသော ဉာဏ်သည်လည်း။ ဒုက္ခသစ္စာဟု။ သိမ်းရုံးကာ ရှေးရှုဝေဘန်၍ နေမှုကို။ ဓမ္မာနုပဿနာဟု-ခေါ် ဆိုပါ သည်။ သို့ဖြစ်ပါ၍။ ဝိပဿနာ သုစရိတ မဂ္ဂသစ္စာ ဘာဝ နာကို။ အတိအကျ ဝေဘန်ရပါလျှင်။ သတိပဋ္ဌာန်လည်း၊ တခါ တည်း သာ။ ကိုယ်ပါ၍။ သွားရင်း၊ ရပ်ရင်း

"ဂန္ထန္တောဝါ-ဂန္ထာမိတိ" စသည့် ပါဠိ။ နိတဿ။ နေယျဿ။ ပိဏ္ဍဿ—အာဘော်၊ လျော်ညီစွာသာ။ နာမ် ရုပ် ခန္ဓာ။ ဓာတ် သစ္စာ ဟု။ ကြံစည်အောက်မေ့။ ဝေဘန်သော အလေ့ကို ဖြစ်စေခြင်းဖြင့်၊ သတိပဋ္ဌာန်တရား မခြားနား တော့ပါ။

**လုပ် မလုပ်သည် အချည်းနှီးထော၊**

ထို့ကြောင့်။ သတိပဋ္ဌာန်—ဟူ၍။ အသီးအခြားဂိုဏ်းထား၍။ တခြားရှုဘွယ် လို မည် ဟု မထင် သည့် ပြင်။ "သောမနဿုပေက္ခာဒိပနီ"တွင်။ တတ်နိုင်သျှင် ကောင်း ၏။ မတတ်နိုင်သော်လည်း နေရ၏ဟု—မိန့်ထားပါသည်။ "ခြောက်စောင်" ကလည်း။ "နှစ်ဖြာ ရုပ် နာမ်၊ ဟုတ် မှန်လိမ္မာ၊ ပရိညာတွင်။ မဂ္ဂင်ပြောရ၊ နိရောခသည်။ သစ္စာ အပြား၊ မှန်လေးပါး" ဟု၊ ဆိုပါသည်။ ၎င်းပြင်။ သင်္ခတ ပရမတ်၊ အသင်္ခတ ပရမတ် တရားဟု။ ကွဲပြား ထိမိ၊ အဟုတ် သိက။ ကျင့်၊ ကြည့်၊ သိ၊ မသိ။ ဝိသုဒ္ဓိ ခုနစ်ပါး။ ဝိပဿနာတရားဟု။ အခြားမရှိ၊ အမိယသစ္စာ၊ ဝိပဿနာ ပညာဟုတ်က။ "လုပ်မလုပ်, အချည်းနှီး" ပြီးစီး ပါ၏။ "သံမဏိမည်ပေစွ"

ဥပမာ။— အလွန်တရာ ချောမွေ့၍နေသော။ အဝတ်အထည်ကို။ အလွန်တရာ သိမ်မွေ့ သေး ငယ်သွစွာသော အပ်ဖြင့်သာ ချုပ်ထိုက်ပါ၏။ ထို သေးငယ်လှစွာသော-အပ်ကလေးနဖါးကို ဖေါက် ထွင်းသော "အပ်နဖါးထွင်း" ရှူးကလေး ကား

ထိုအပ်ငယ်ကလေးထက်ပင်၊ ဘိမ်မွေ့ သေးငယ်သော “သံမဏာ°” ကလေးသာလျှင် ဖြစ်ထိုက်ပါ၏။ ထို့အတူ။ အလှန်တရာ မြင်နိုင် ခဲလှစွာသော။ နိဗ္ဗာနဓာတ်၊ အသင်္ခတ-ဝိမုတ္တိ-အရသာကို။ အလွန်ဘာရေ ထက်သန်လှစွာသော။မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်မှသာလျှင်၊ မြင်နိုင်၊ ငွမ်းနိုင်၊ ဆိုက်ရောက်နိုင်ပါလိမ့်မည်။

**ဗုဒ္ဓရှင်တော်၏ မဂ်ကျပုံ၊**

ထိုတွင်။ နာမ၊ ရူပ၊ ဟေတု၊ ပစ္စယ၊ ဉာဏဒဿန၊ မဂ္ဂဖလ-စသည့် ကို။ ပကတိသူကပြုလုပ်၍ ပြခဲ့သော။ သဲလွန်စမှ။ ရုပ်နာမ် ခန္ဓာ၊ အကြောင်းဓာတ်၊ အကျိုးဓာတ်တို့၏။ ခဏမစဲ၊ ဆင်းရဲစွာလှ ပိုးမရပ်။ဉာဏ်ကုန်မြော်မြင်။ မရချင်လှသည်ဖြစ်၍။ ရုပ်နာမ်ကိုပင်၊ လွတ်လပ်ချင်ပါတော့ရာကား။ ဗုဒ္ဓမြတ်စွာ၊ ဘောသတ္တာ-သည်။ ဤ ရုပ်နာမ် ခန္ဓာတွေကိုပင်။ အခုံမပြုတော့ဘဲ။ ရုပ်နာမ် နှင့် တဘက်တလမ်းဖြစ်သော။ နိဗ္ဗုဓာတ်၊ သုခဓာတ် ခေါ်။ နိဗ္ဗာန်ချမ်းသာကို၊ စမ်းသပ် ရှာဖွေလေရာ။ မြင်တော့မလို-မြင်တော့မလို နှင့်။ အတော်ကြာပြီးမှ။ အမှန်မြင်သော စိတ်အစဉ်တမျိုးသည်။ ထင်ရှားပေါ် လာတော့၏။ စိတ်ဓာတ်ကား၊ ငွေ သွား သလိုလို-ဖြစ် တော့ ၏။ “သောတာပတ္တိမဂ်ဉာဏ်ရောက်လာသည်။”အချိုက်လေသာ ဓာတ်ဆိုး ဓာတ်ငွေ့များသည်။ ထိုခဏ၌ အတော်ပင်ရှင်းသွားလေပြီ။ လုံးလုံးကား မကုန်သေး။ ထို့နောင်။ တဆက်ထည်းလောက်ပင်လျှင်။ နိဗ္ဗ သုခ ဓာတ်ကို မြင်

ပြန်ရာ။ စိတ်ခတ်ကား။ ပိုမို၍ ကော ကောသွားတော့၏။ ကိလေသာခတ်တို့လည်း။ နည်းနည်းသာလျှင်သွားတော့၏။ နောက်ဆုံးမှာ၊ ကိလေသာ-လုံး၀, မရှိတော့ဘဲ။ သန့်ရှင်းဖြေ၍။ ချမ်းသာသုခနှင့် ပြည့်စုံသော။ သဉပါဒိသေသ-ငြိမ်းချမ်းရေးကို ရပြီးလျှင်။ အနုပါဒိသေသနိဗ္ဗာနသို့ ရှေးရှုကာ။ အရဟတ္တမဂ်နှင့်တကွ။ သဗ္ဗညုတာခေါ်-ဗုဒ္ဓ-ဖြစ်တော်မူသည် ဟု။ တွေ့ရှိဘူးပါသည်။

ရုပ် နာမ် သည်၊ သံသရာ မည်သလော၊

ထို့ကြောင့်လည်း။ ‘ခန္ဓာနံ ပဋိပါတိခာတု အာယတနာနစ အဗ္ဗောစ္ဆိန္နာ ၀တ္တမာနာ သံသာရောတိ ပဝုစ္စတိ” ဟု၊ ဟောတော် မူပါသည်။ သို့ဖြစ်ပါ၍။ ခန္ဓာအားလုံး။ ရုပ်နှုန်းငြိမ်းငွေ့သောအလေ့ဖြင့်။ ခန္ဓာကိုပင်။ အာရုံမပြုတော့ဘဲ။ နိစ္စ၊ သုခ၊ အမတ—ခတ်၊ သဘာ၀ ပရမတ်ဖြစ်သော်။ “အနတ္တနိဗ္ဗာန်” ကို။ စိတ်သန်ကာ ရှေးရှုသဖြင့်။ “သင်္ခတရဏ-နိဿရဏ” “နိယျာနိက” အ၀ဋ္ဋာဘုံမှာနသို့။ တွေ့မြင်စံစား၊ ဆိုက် ရောက်ပုံ များကား။ ကိုယ်တိုင် လိုက်စားက “လက်တွေ့” အားဖြင့်။ နားလည်ပါ လိမ့်မည်။ စင်စစ်သော်ကား။ နာမ် ရုပ် အနိစ္စ၊ ဒုက္ခ၊ သဘာ၀သည်ပင်။ မရပ်မနား၊ ဖြစ်ချည်-ပျက်ချည်-များ ဟု သည် ကို။ အာရုံ—အာ ရ မဏ ကာ၊ အကြောင်း တော်တည့် တိုင်းမျှ၊ တွေ့မြင် နေရပေသည်။ နာမ် ရုပ် သည်ပင်—သံသရာ။ ခန္ဓာ သည်ပင်-သံသရာ။ အာယတန—ခတ်တို့ သည်ပင်—သံသရာဟု—ဟောတော် မူပါသည်။

**သ,ဥပါဒိသေသ လ ..တွေ့နိဗ္ဗာန်၊**

ဤ-ရုပ် နာမ် ခန္ဓာ အာယတန ဓာတ် တို့သည့်သာ။ သံသရာဟုန်း။ဒုက္ခသစ္စာ ဟုန်း၊ မငြိသဖြင့်တဏှာ ဘာဝရာမရှိသည် ကိုဂုင်း။ ရေပြု၊ ပ်၊ ဟံလျှပ်၊ ၄က်ပျောဖတ်အတူ။ သုံးယူ မဖြစ်၊ အနှစ် မရှိသည်ကို ဂုင်း။ ဤသို့သော အကြောင်း ကြောင်းတွေကို သိမြင်ပြီးဖြစ်နေသော။ ဝိပဿနာဝါဒ, ပုဂ္ဂိုလ်မှန်သမျှသည်။ ယခုလက်ရှိ ခန္ဓာကိုယ်အား။ အသုံး ဝင်-အစဉ်ရှိ ဟူ၍ မထားတော့ပါဘဲ။ အကြောင်းအကျိုး သာဟူ၍။ ကြောင့်ကျ ကင်းရှင်း၊ဗျာပါခရိုက်ထုဘ်ခြင်း မရှိသည်ဖြစ်၍။ မြင်ရာ၊ ကြားရာ-ပသည်များ၌။ စိတ်နေ စိဘ်ထား၊ ငြိမ်သက် သွားရပေပြီ။ လုပ်ကိုင်ရာမှာလည်း။ “သုစရိဘ”ချည်းဖြစ်သည်ကားဘကြောင်း၊ဗျာပါခကင်း လောက်အောင်။ ဝိပဿနာရေးရာ-နား လည် ပြီး သား သည်းဖြစ်နေတော့ရာကား။ အဘယ်မှာ-မချမ်းသာစရာ ရှိနိုင်ပါမည်နည်း။ ထို့ကြောင့်။ ခန္ဓာနှင့်တကွ ငြိမ်းဧရ သော။ သ,ဉပါဒိသေသ—သည်။ ကာမဂုဏ်—အကြား။ လုပ်ကိုင်ရေး တို့၏-အလယ်နားမှာ-ဟု၊ ဟောတော်မူပါ သည်။

**အနု,ဥပါဒိသေသ အမတနိဗ္ဗာန်။**

“ဉပမာ” ကွန်တော်သည်။ မင်း သွီး—မင်းသား၊ ဆန်းပြားသဲ့သော—ပွဲ များကို၊ ကြည့်နေသည် ဆိုပါတော့။ ဆယ်နှစ်နာရီလောက်မှာ။ ကွန်တော်—ပြန်လာခဲ့ရာ။ ကျွန်တော့ အတွက်။ ပွဲသိမ်းပြီး ဖြစ်နေသည် မဟုတ်ပါ လော။ ဤအတူပမာ။ ရုပ် နာမ် ခန္ဓာမှာလည်း။ လောဘ

အာသာ။ဟိတ်တဘျာကို။ပယ်ခွါလိုက်ရာ။ လောဘာဟိတ်မြုံ။ အကြောင်းသမုဒယကုန်လေပြီးဖြစ်ရာကား။အကျိုးဒုက္ခ၊ မရ နိုင် တော့ မည်သာ မဟုတ်ပါလော။ ဤသို့ “အကြောင်းဟိတ်မြုံ” အကျိုးကုန်၍။ အဝဋ္ဋဘုံ။ပွဲသိမ်းကုန်မှ။ အနု, ဥပါဒိ သေသာ ဟု။ အမတနိဗ္ဗာန်။ ထွက်ဝင်စံသည်။ မဂ် ဉာဏ် ဖလ—အကျိုးတည်းဟု။ ဆိုရိုးလည်းရှိပါသည်။ “အဝိဇ္ဇာသယ တွေဝ—အသေသ ဝိရာဂနိရောဓာ” ဟု။ မိန့်မှာပုံကိုလည်း။ သတိမူပါ။—

ထို့ကြောင့်။—

နိဗ္ဗာန် ဆိုတာ၊ သန္တိလက္ခဏာ။
ဘဏ္ဍာ ဒြဗ် တွယ်ငြိစရာ မပါ။
ကိလေသာခန္ဓာငြိမ်းလို့ ဇာတ်သိမ်းရမှာ။
ဟော—ဒုက္ခယုတ်ကွဲ၊ မင်းလုပ်ပုံဟာ။
မြင်သာအောင်—ပညာနဲ့ တွေ့မ,
ရိပ်ခနဲ မိပ်ခနဲ—ပ၊ စိတ်ထဲကသာယာမှုနဲ့
နိဗ္ဗာန်လိုချင်ဒါ။

ဘာရမလဲ ကွာ။ မင့်အာရုံ ထင်တိုင်း တွဲနေတာ—ဟု။ ခေါင်းဆောင်တဦး၊ မိန့်မှာဘူးပါသည်။

**No. 60.**

**ခေါင်းဆောင်တဦး အာဘောင်။**

ငှင်းနေခက်။ ကျွန်တော်တို့၏–ဝိပဿနာဝါဒီ။ ဗမာ ပြည် ကြီး၏ ခေါင်းဆောင် တဦးသည်။ သင်္ခါရုပဏ္ဏာ၊ အနုလောမ၊ ဂေါတြဘူ–ဆိုတာ။ ဒုက္ခသစ္စာနာမ်ရုပ်ကို၊ လွှတ်ချလိုက်ထာ။ အချို့ဆရာများကား။ ဤနေရာ, နာမ် ရုပ်ကို–ဘက်ထားသည်။ ဘာဟုတ်မလဲ။ ဒုက္ခပါဆို။ မကောင်းမှန်းသိ–ပြီးတာဘဲ။ မစင်မှန်းသိ-ဘာစားတေမလဲ။ သူတို့ဘာသာ, ဖြစ်မှု၊ ပျက်မှု၊ သင်္ခါရတရားရပါဆို။ ဒါ ကြောင့်ကြံ ပြုပြီး, ကြည့် နေရမယ် ဆို၊ အပိုဘဲ။ အစကတော့။ အကောင်းထင်သမျှ၊ မကောင်းဟု။ အတိအကျ-သိရအောင်။ လက်တွေ့ကြည့်ရတာပေါ့။ မကောင်းဘူး ထင်သလို။မဟုတ်ဘူးလို့ သိမတော့။ ကြည့်လဲ–အပို။ မကြည့်လဲ–အပို။ လုပ်လဲ ဒါဘာဘဲ။ မလုပ်လဲ-တာဘာဘဲ။ လုပ် မလုပ်-က အချည်းနှီး။ ကိစ္စကတော့ ပြီးစီး ပြီးသား ပါဘဲ ဆရာရဲ့ဟု။ မိန်တော်မူဘူးပါသည်။

"ဤဟာ-ဗျာပါရ ကင်းရှင်းပေစွဟု–ယူဆပါသည်။"

**ဝါဒဆွေးနွေးသော ပုဂ္ဂိုလ်လေးဦး။**

အခါတပါး၌။ ဝိပဿနာပါတီဝင်။ အနာဂါရ အရှင်နှစ်ဦး။သာဂါရ–သခင် နှစ်ဦး။ အထူးပြောဆိုကြသည်မှာ။ ။တပည့်တော်တို့မှာ။ နာမ် ရုပ်များ, ပြတ်ပါပြီဘုရား။ မှုးလို့ဘောင် ရှုစရာ မရှိပါဘုရား။ အားထုတ်လာခဲ့သည်ကား။ နှစ်နှစ်မျှ ရှိပါပြီဘုရားဟု-လျှောက်

သွားလေရော။ အနာဂါရ အရှင်နှစ်ပါးသည်။ ဟားဟား ဟားဟား-ဟု, ရယ်ကာ။ နာမ် ရုပ်ထိုတာ—ဆရာကြီး တို့။— မသုဉ်းဘမ်း၊ မခံပ်တမ်း၊ ရေ့နဲ့ တိုးဆုဘ်မနှ၊ ပကတိ သဘာဝ။ တင်ရှား ရှိမ် ရှိမ်။ ထိမ် ထိမ် လင်း လင်း။ ဝင်းဝင်းတောက်-ရှိရပါသည်-ဟု။ အမိန့်ရှိရာ၊ လူ—ဆရာတို့သည်။ မှန်ပါဘုရား၊ နာမ် ရုပ် သည်။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟု၊ ဟောတော်မူတော့။အဝိဇ္ဇာ အစ။ ဇရာမရဏ—အဆုံး။ ဥပါဒ်အစ၊ ဘင်ကျလျှင်ဆုံး။ ခသိက—တပတ်ပတ်။ သိလျှင်—အပြီး သတ်ရ ပါ သည် ဘုရား။ သင်္ခတ ပရမတ်၊ အသင်္ခတ ပရမတ်များကား။ အစ အဆုံးမရ မှန်ပါသည်။ ရုပ် နာမ် သင်္ခါရ များက တော့။ စ-ရှိ၊ ဆုံး-ရှိပါဘုရားဟု။ လျှောက်ထားကြပါ သတဲ့။

"တိနို့ လက္ခဏာနို့ နသင်္ခတာ"
ဝေဘန်ကြပါလေတော့။

**သန်တာယူ** "ဥပမာ" သင်္ခတ-ကို။ နေ—လ—ဆိုဖြီ။

**၄ဈ၂၈၈ ။** အကြည့် ခြောက်ဖြာ—နှင်းပေါက် ပမာ—ဟု၊ ပြသည်။ ထိုနှင်းပေါက်မှာ။ ထင်လာသမျှ၊ အမိုပ်ပမာကို။ နာမ် ရုပ် လို့ ဆို သည်။ ထို့ကြောင့်။ ၎င်းကျွ နည်းအားဖြင့်။ သင်္ခတနှင့် ရုပ်နာမ်၊တထပ်ထည်းရှု ဆင်ခြင်ရန်-သင့်မည်မထင်ပါ။ အဘယ်ကြောင့်ဆိုသော်။ အဋ္ဌကထာကား။ သင်္ခါရကို ချန်လှပ်၍။ "အနတ္တံ သင္ခ တောပဗ္ဗံ။" ဟုပြသည်။ ခြောက်စောင်-ရှင်နှင့်။ လယ်တီ ကား၊ သင်္ခါရကိုသာ၊အနတ္တ မပြချင်နေ။ အဋ္ဌကထာရေ

သင်္ခတ၊ အသင်္ခတကတော့၊ အနန္တပါဘဲဟု။ အဒိန့်ပြုကြပါသည်။

"ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ။"

သင်္ခတံပန၊ နလက္ခဏံ၊ လက္ခဏံ၊ နသင်္ခတံ၊
န-စ-သင်္ခတံ၊ ဝိနာလက္ခဏံ၊ ပညာပေတုံ၊
သက္ကာ နာပိစလက္ခဏံ၊ ဝိနာ၊ သင်္ခတံ၊ လက္ခ
ဏေန-ပန၊ "သင်္ခတံ၊ ပါကဋံ၊ ဟောတိ။"

———ooo———

ထို့ကြောင့်။ "ဥပမာ။" သင်္ခတတည်းဟူသော၊မှန်မှာ။ ထင်လာ မြင်လာ၊ သင်္ခါရဟု-ယူဆကြဟန်တူသည်။ သင်္ခတ-မှန်။ အသင်္ခတ-မှန်။ ဤမှန်-နှစ်ချပ်။ ပြဒါးမရှိသော—အသင်္ခတ-မှန်သည်။ အရိပ်မထင်တော့ပေ။ ပြဒါးရှိသော—သင်္ခတ-မှန်သည်။ အကြောင်းတော်လျှင်၊ ရုပ် နာမ် ဟူသောအရိပ် ထင်မြင်မြဲသာတည်း-ဟု။ တက္ကသိုလ်မှ—ပညာရှိ အဘိုးကြီးတဦး, မိန့်ဘူးပါသေးသည်။

**သစ္စာလေးပါးမှ မုက္ခ၂။ လွတ်အောတရား၊**

ထို့ကြောင့်။သဘာဝ သင်္ခတသည်။ ဥပါဒ်စွန်း။ အသင်္ခတ-သည်၊ ဘင်စွန်း ကြည့်က၊တွေ့ရပါသည်ဟု။ "စွန်းလွန်း ဆရာတော် နှင့်၊ သခင်နု-မေး, ဖြေ" မှ စာစောင်ငယ်တွင်။ တွေ့မြင်ဘူးပါသည်။ ဤသို့ ဥပါဒ် ဌီ ဘင်၊ ဖြစ်ပျက်စဉ်မရ။ ရုပ် နာမ် သင်္ခါရ မဟုတ်သဖြင့်သော။ သင်္ခတ မုက္ခ၂ အနန္တ သဘာဝ သည်။ အဘယ်သဥ္စာဟု ဆိုရမည်နည်း။ ၎င်းပြင် "သင်္ဂဟ" ပါဠိ နှင့်

ပြထားသော။ “သဘာဝဝတ်ခွန်” မှာလည်း။မဂ်စိတ္တုပ္ပါဒ် ၂၉။ ဖိုလ်စိတ္တုပ္ပါဒ်—၃၇ ·သည်။ သစ္စဝိမုတ်ဟု—ဆိုပါသည်။ ထိုထိုသို့သော, သင်္ခတအာရုံ၊ မဂ်စိတ်၊ ဖိုလ်စိတ်အကြို့မှာ။ ရုပ် နာမ် ဒုက္ခသစ္စာ—ဘုံဘွဲ့ရှိရာ၊ ဘုံဘွဲ့ထိုက်တာမရှိဟု။ အတိအကျ—မဂ္ဂဖလဉာဏ်၊ အမြင်မှန် ခဲ့ပါလျှင်။ ဘောက်ပြန်သော ချင်းရာ၊ မှတ်ကြောင်း ချင်းရာ၊ ခံစားသောချင်းရာ၊ ပြုပြင်ကြောင်းချင်းရာ၊ ကြံသိသောချင်းရာ၊ မထင်ရှားမဖြစ်ပေါ်ပါက။ အဘိဓမ္မာ—မှချနည်းအားဖြင့်ကား။ “စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ အတ္ထိ” ပင်မမည်ပါလော။ သို့သော်။ မှချနည်းမှအပ။ ဉပစာနည်းကိုပြကြသော။ “နေ့ဣဒ္ဓိ-အဓ္ဓကထာ၊ မူလဋီကာ” အလိုအားဖြင့်။ “နဲ့ ဏ္ထိ” ဟုဆိုသင့်ပါ၏။ အမိယမဂ္ဂသစ္စာသာတည်း။

**နိစ္စရောဂသမာပါတ်နှင့် သင်္ခတ အာရုံ။**

“ဓမ္မ°၊ သင်္ခတအာရုံ၊ကောင်းစွာထု°သဖြင့်။ ရုပ် နာမ် ချုပ်ငြိမ်း။ နိရောဓ သမာပါတ် တရားကို။ အနုဘောဝန့်၊ တနာရီ· တမိနစ်မှစ၍။ လေးရက်၊ ခုနစ်ရက်၊ တသက်လုံးအား။ ချမ်းသာပွားလျှက်။ ကာယသုခ၊ စိတ္တနှစ်ပြင်။ ထင်ထင်ရှားရှား။ ကိုယ်တွေ့ဒိဋ္ဌအားဖြင့်။ ခံစားစံစားတော်မူနိုင်ကြပါစေကုန်သတည်း—ဟု။ အာသီသပြုပုံကို၊ စဉ်းစားပါမူ။ နာမ် ရုပ်ကိုချုပ်ငြိမ်းလေအောင်။ မဂ္ဂဖလ၊ ဉာဏ—စွမ်းအား။ အကြောင်းပြုမှ ပေါ်လာရတဲ့-ဒုက္ခ, သည်။ အကြောင်းမပြုက၊ အကျိုးမရသည့်

ဖြစ်၍။ ပေါ်စရာ့ သဘော။ ဖြစ်မဟာ့ သဘော။ မာမဟာ့သဘော။ မဖြစ်သေးခင်—မွေးမဲ့မိခင်ဥပမာ။ ငယ်စဉ်တောင်ကြေး-ခလေးကစ၊မွေးသဘောရသော်လည်း၊ အကြောင်းတော်မှ၊ မွေးပေါ်ရမည့်။ မွေးမည့် သဘော၊ အတောမသတ်၊ ရှိနေလတ်၏။ ထိုသို့တနော်၊ ရှိပါသော်လည်း။ ဘယ်နေ့ဌာန။ လက်ထောက်ပြဘို့။ မရပေမှတ်၊ သင်္ခတခေတ်မှို့။ ပကတိသဘော။ “နသမုဒါယော” ဟု။ အခုံပြုကာ။ ရှုလေပါလျှင်။ ရုပ်နာမ်သင်္ခါရ။ အကျိုးမရ၍။ နိရောဓသမာပတ်။ ဇောစည်ထပ်လျှက်။ မဂ်ဇောဖိုလ်ဇော၊ သမာပတ်ဇောသာ။တည်၍လာလျှင်။ အမိဌာန်မရောက်။ ဇောအာရုံ မပျောက်သမျှ၊ နိရောဓမှ၊ မထ, ဘယ်ခါ။ ငြိမ်းပါ၏—ဟု။ စပ်ဆိုကြပါသည်ကိုလည်း။ တွေ့ဘူးပါသည်။—

“ပညာသိက၊ ဒွါရသုံးခု၊ ပြုပြုသမျှ
မဂ္ဂသစ္စာ၊ နိရောဓာကျ၊ ဖြစ်လေရ၏။
“သတ္တောကာသ၊ သင်္ခါရနှင့်၊
လောကပေါ်ဟာ၊ ပညတ်သာလျှက်။

**“ပစ္စုမြား” ●ရှိဘူး ရှိတယ်။**

သို့သော်။ နာမရူပ၊ ရှုကြည့်ရ ပါလျှင်။ လူ—ဟူသော ပါးစပ် စကားသည်။ ပြောဆိုဆဲမှာလည်း၊ လူ—ကား မရှိ။ မပြောခင်မှာလည်း-မရှိ။ ပြောပြီးမှာလည်း-မရှိ။ ထင်မှု ပေါ်ဆဲခဏ-တွေ့လိုက်ရသော— လူ—ကား။ နာမ်တရားသာတည်း။ လူနာမ်။ နာမ်—လူ။ နာမ်ဆိုတာ, ဘာလဲ—လူ။ လူ—ဆိုတာ, ဘာလဲ့-နာမ်ဟု

သဗ္ဗညုချ၍ ရှုကြရသည်။ ပါးစပ်ပြော–လူ့ကား၊ မရှိထား၍၊ စိတ်ပေါ်–လူ့ကား၊ နာမ်ပင်ပွားလိုက်သဖြင့်၊ ထင်မှုကလည်း-နာမ်တရား။ ပြောမှုကလည်း,အလကား။ ဝင်စစ်-နာမ်တရားသာကည်း။ ဤနာမ်သည်လည်း။ နဂိုခြံရှိမဟုတ်၊ အကြောင်း တော်မှ၊ ပေါ် လာ ရ ပါ သည်။ အကြောင်းမတော်က၊ နာမ်–မပေါ်ရပါ။

"အကြောင်းချုပ်က၊ ကျိုး နာမ်မျှ၊ မှချနိရောခဲ။

"ကြောင်းကျိုးနှစ်တန်၊ မဖြစ်ပြန်၊ ဇကန်နိဗ္ဗာန်သာ။

"အကြောင်းပြုမှ၊ အကျိုးရ၊ လောကဓမ္မတာ။

"အကြောင်းကင်းပြတ်၊ အကျိုးချပ်၊ ဝဋ်ဓာတ်ငြိမ်းသည်သာ။

"လူရော–နာမ်ပင်၊ ကင်းဆိပ်မြင်၊ အစဉ်နိဗ္ဗာန်ဘာ။

**သစ်ပင် စည်လျှက် သီး- စွတ်ပုံ၊**

ထို့ပြင်တချက်။ "ပဋိသန္ဓိဒါမင်"က။ ဥပမာ ပွက်ခဲ့ ပါ သေး သည်။ "သေယျထာပိ၊ တရုဏော၊ ရုက္ခော၊ အဇာတဖလော၊ တမေနံပုရိသော၊ မူလံ၊ ဆိန္နေသုံ။" ။ အဇာတဖလော သီးပွင့်မရောက်။ အသီး, မသီးလောက်သေးသော၊ သော တရုဏော ရုက္ခော၊ အကြင်သီးမှုံနှံ

မကျ-နိုပျိုလှသဖြင့်။ အလွန်သေးငယ်၊ နုနယ် ဖြူ ဖွေး။ ခလေး-အရွယ်၊ သစ်ပင် အငယ်သည်။ အထွဋ် စာကြည့် သူများ။ ဝင်းခြံနားမှာ။ ထင်ရှားတည့်တည့်။ သရက်ပင် ငယ့်ရှိ၍နေ၏ "ဆိုပါတော့" "တမေနံ၊ ဗိမ်းလန်းနုဗို။ အဲဒီ သရက်ပင်ပျိုကို။" ပုမိသော၊ ပိုင်ဆိုင်လေငြား။ ခြံ ရှင်ယောက်ျား-သည်။ "ဗိဇံမူလံ၊ သီး တဲ့ ချိန် ခါ။ အလွန်ချဉ်မှာကို၊ တတ်အပ်သိပြီး။ ခေတ်ရှာမှီး၍။ ခေတ် ကို ရဆောင်း။ ခေတ်အကောင်းဖြင့်။ သီးမဲ့ မူလ-ဒိဇဆို တဲ့နိယာမ-ကို။ "ဆိန္နေယျ၊ ပဋိသန္ဓေ၊ တားလေပမာ။ ဖြစ်စရာမှို့။ ပင်မသေ-အသီးပျောက်အောင်။ ခေတ်ဆေး ဆိုတာ-တကယ် ခရီး ရောက် သဖြင့်။ ပယ်ပြီး, ပျောက် လိုက်လေဘည်း။

**သစ္စာလေးပါး အကျဉ်းအားဖြင့်။**

ထို့ကြောင့်လည်း။ ဥပါဒ်-ဘင်-မှု။ ရုပ် နာမ် သင်္ခါရ အနိစ္စကို "ဒုက္ခသစ္စာ" ဆိုသည်။ ထို ရုပ် နာမ် အကြောင်း၊ ဖြစ် ကြောင်း ၊ဖြစ်နည်း။ ပစ္စည်းပြုမှု လောဘစိတ်၌ ပါသော။ လောဘဟိတ်ကြောင့်သာ။ ထို လောဘ စိတ်ကို၊ သမု ဒယသစ္စာဆိုသည်။ ထိုလောဘဟိတ်မြုံ ကုန်ငြိမ်းရာကို သာ။ နိရောဓသစ္စာဆိုသည်။ ထို-ဒုက္ခ၊ သမုဒယ၊ နိရောဓ ကို။ ပရိညာ၊ ပဟာန၊ သစ္ဆိ ကရဏ မှာ။ ဘာဝနာကို မဂ္ဂသစ္စာဆိုသည်။ ထိုသစ္စာလေးပါး တရားတော်သည်။ ဘုရားပွင့်မှ။ ကြားသိရသည်ကား မှန်ပါ၏။ သို့သော်။ ဒုက္ခသဘောကား။ ဘုရားပွင့်ပွင့်-မပွင့်ပွင့်၊ မူလက, ရှိ နေနိုင်ပါသည်။ သမုဒယလည်းရှိသည်သာ။ဥပ္ပါဒ်နိရောဓ

လည်း၊ရှိနေလိမ့်မည်သာ။ဘုရားပွင့်မှ,ပေါ် လာရသော။ အနုပ္ပါဒ မဂ္ဂသစ္စာ၊ ဘာဝနာ-သည်သာ။ “မမွှရတနာ” မည်လိုက်ပါ၏။

**ဆွမ်းတော်ကပ်ရာ ဓဝဘာန်ပါ။**

အခါ တပါး၌။ ဝိပဿနာ ဝါဒီ၊ မဟာထေရ်ကြီး-သည်။ ဟော့တကာ၊ ဆွမ်းတော်များ-ကောက်ဟော့၊ တင် ဟော့-ဟု။ အမိန့်ပြုလေရာ။ ကပ္ပိယ, ဒါယကာ-သည်။ ဆွမ်းတော်ပွဲကိုကိုင်ကာ။ အစိန္တေယျ၊ အပ္ပမေယျ-မှစ၍။ သဗ္ဗညုကာ၊ ဆွမ်းတော်တင်ပြီးအလာမှာ။ ဟော့ တကာ၊ ဘယ်ဘုရားအား-တင်ခဲ့သနည်းဟု၊ ဆီး၍မေးရာ။ ကြေး ဘုရားအား, တင်ထားပါသည်ဟု—လျှောက်ထားသတဲ့။ သည်သောအခါ။မဟာထေရ်က၊တကာရယ်။ဖျင်းမ ဖျင်း ပလေ။ ကြေးဖြင့် သည်မှာ-ဖွံ့နိုး ရှိသားကဘဲ—ဟု ဆို သဖြင့်။ ကပ္ပိယ—ဒါယကာသည်။ သားရိုး ဘုရားအား။ ရွှေ့၍ ထားလိုက်ရာသတဲ့။ ဟော့ တကာ, ဘယ်ဘုရား ရွှေ့လိုက်လဲ။ မံဘုရား ရွှေ့ထားပါဘုရား။ တကာရယ်။ ဒီမယ်—သားရိုးတွက် ရှိသားဘဲ။ ဒီတွင် တင်လိုက်ရောပေါ့ ဟု ဆိုပြန်ရာ။ ကျော်ဆင်းတုအား၊ ရွှေ့ထားရပြန်သတဲ့။ ထိုအခါ၊ ဘယ်ရွှေ့ပြန်သလဲတကာရဲ့။ ကျောက်ဆင်းတု ရွှေ့ထားလိုက်ပါပြီဘုရား။ ဟဲ—ဖျင်းမ ဖျင်းရာလေ။ ကျောက်ဖြင့် ဟိုအနား,ဒါးသွေးနေတာ,—တင်လိုက်ရော ပေါ့ကွယ်-ဟု၊ ဆိုပါသတဲ့။ “စဉ်းစားကြလေတော့။”

**No. 62.**

ကံ နှင့် ဥာဏ် စေဘန်ပါ။

"သိမြိုခမ္ဘာ။ ဝဿန္တရာ - စသော။ ဒါယကာ—ဒါနရှင်ကြီးများသည်။ ဤမျှကြီးမားသော, ဒါနကံ-ကြောင့်။ သောတာပတ္တိမဂ်ဥာဏ်ရ၏ဟူ၍ကား,မတွေ့ဘူးပါ။ ဘူရိဒတ္တ၊ စမ္ပေယျ—စသော။ ကြီးကျယ်သော—သီလကံ တို့သည်။ ဘယ်မဂ်ကို ရသည်ဟုလည်း-မတွေ့ရပါ။ တွေ့ရသော အရာမှာလည်း။ ဤကံတရားများ သည်သာ—သဗ္ဗာဝါ။ သဗ္ဗာဝါသာလျှင်။ တံ- ၂၉ ပါးဟု။ လယ်တီဆရာတော်ဘုရား, ရေးသားပါသည်။ ကောင်းကံ-ဟူသမျှ သည်။ ၃၁-ဘုံ၏ အမြင့်တန်းစား။မကောင်းကံ—သည်။ အောက်တန်းစားဟု။ ကံ—သည်။ အယုတ်-အမြတ်—ဖြစ်စေတတ်ပါသည်။ အလောင်းတော်၏—ပါရမီဆယ်ပါး၊ကံတရားများသည်လည်း။ "သဗ္ဗညုတ" အဆောက်အဥုံ များသာတည်း။ မဂ်ဥာဏ်နှင့်ကား၊ လုံးဝ မဆိုင်ပါ။ ဆိုင်သည်ဆိုအံ့။ သဗ္ဗညုတမဂ်ထား၍။ မဂ်ငါးပါး-ဟောကြားရာ၏။ ယခုကား၊ မဟောကြားပါ။ မဂ်လေးပါးသာ, ဟောထားပါသည်။

ဘုရားဆု နှင့် သာဝက ဆု၊

"အခါတပါး၌။ ဘုရားဆုပန်—ဘုန်းတော်ကြီးတပါးသည်။ "ဝိပဿနာပါတိဝင်" ဦးငွေပေါ်—ဆိုသော, လူတဦးအား။ ဟေ့ မောင်ငွေပေါ်၊ မင်း, ဘယ်ဆုများပန်သလဲ။ တပည့်တော်တို့က—ဆုပန်ဂိုဏ်း မဟုတ်ပါ ဘုရား—ဟု။ လျှောက်ထားလေရာ။ ဘုန်းတော်ကြီးသည်။ အောင်မာ၊ ယောက်ျားမှန်—ဆု တခုခုတော့ ပန်ရမယ်ကွဲ့—ဟု ဆိုသ

တဲ့။ ထိုအခါ။ ဦးငွေပေါ်က။ ဒီလို ပန်ရမယ်ဆိုရင်။ တပည့်တော်ဘော့။ "ဘုရားအဘော့" ဆု ပန်ရမှာဘဲဟု။ လျှောက်ပါသတဲ့။ ဘုန်းတော်ကြီးက။ ဟဲ့ ဆုဆိုတာ၊ ဘုရားဆုမှာ၊ တန်းကုန်နေတာ။ နင့်ဟာ–ပန်မယ် ပန်တော့–လွန်လှပါကလားဟု ဆိုရာ။ တပည့်တော်က,– သား မယား အကြားမှာ။ ရဟန္တာ ဖြစ် သွား ချင် ပါသဘုရား။ ဟယ်–ဒီလိုဆို၊ ပကတိသာဝကဆု ဆိုပါတော့။ မဟုတ်သေးပါဘုရား။ ပကတိသာဝက, သော်လဲ။ ဘုရ့ာအဘော–ရဟန္တာဖြစ်သွားပုံက။ သားမယား မပယ်ရ။ ထီးနန်း-မစွန့်ရ။ တော မထွက်ရ။ ဒီဆုသာ နေရာအကျဆုံးပါဘုရားဟု-လျှောက်ထားပါသတဲ့။

**ဘိုးချမ်းမြ – နှင့် ဆရာတပါး၊** ဆရာတပါးသည်။ တဦးသော–ကထိန့်အမ အား။ ကထိန်၏ အာနိသံသ-အကျိုးများဖြင့်။ သူခိုး-ဒါးမြသည်ပင်။ မခိုး မယူနိုင်ပုံ။ ၎င်း သူခိုးစသော၊ ရန်သူမျိုးတို့၏ လက်နက်များလည်း၊ မရှူးယှနိုင်ပုံ-ဟောကြား လေ ရာ။ ဦးချမ်းမြ–သည်။ ဩော်– မြတ်စွာဘုရား, ခြေမတော် သွေးစိမ်း တည် ရတာ ဟာ။ ကထိန် မခင်းခဲ့ ဘူးလို့။ ၎င်မဟာမောဂ္ဂလာန်–ခိုးသား, အရိုက် ခံရတာ, ကထိန် မခင်းခဲ့ဘူးလို့–ထင်ပါ့နော်ဟု ပြောသတဲ့။ ၎င်းနောက်။ ဆရာတပါးသည်။ထိုကထိန့်တကာမ များအား။ "ဓာဒ်မေပုညံ" စသည်ကို ချပေးပြီး။ ကဲဗျာ–"ဝိဝဋ္ဋဒါန" ဖြစ်ပါရော့ဗျားဟု-ဆိုသတဲ့။ ဦး ချမ်းမဲ့-က။ တယ်လွယ်ပါလား။ ဇော်ဂျီ လျှက်ဆား ကျနေ။ လာနော်၊ ချောင်းဆိုး

ဒါတွေ၊ နှာစေးဒါတွေ၊ ခေါင်းခဲဒါတွေ။ ရင်ပြေ့၊ ရင်ကယ်။ ဥတုပြောင်း၍ နေမကောင်းဒါတွေ။ တုံ ဖျား၊ ဘက်ဖျား။ ၉၆-ပါး ဝေဒနာများကို။ ဖယ်ရှားနိုင်သော၊ "ဇော်ဂျီလျှက်ဆား" ဗိုလ်း-ဆို။ ရောင်း ရောင်း သွား။ နောက် မလာဘဲ နေလိုက်သာ။ ၁၀-ရက်လောက် ကြာသွား။ နောက်တခါလာလို့ မေးကြည့်တော့။ ၁၀-ရက်လောက်က, ဖျားနေလို့တဲ့။ သူရောင်းတဲ့ လျှက်ဆားက၊ ၉၆-ပါး ဖယ်ရှားနိုင်သော ဆို။ ဟုတ်လိုက်လှ။ သူက-ဖျားနေသေး။ "တယ်လွယ်-ဇော်ဂျီလျှက်ဆား" ဟု။ ပြောပါသတဲ့။

**လောင်းခေါင်း နှင့် သဗ္ဗညုတာ၊** အခါတပါး၌။ ဦးလောင့်-ခေါ်လူကြီးတယောက်-သည်။ ဝိပဿနာစကားပြောကြားကြသောလူသအနား၌၊ ဟော မင်းတို့ ဘာ ပြောပြော။ "လောင့်ခေါင်းက" သဗ္ဗညုတဉာဏ်တွေ-ဖွား ဘွား, ဖွား ဘွားနှင့် နေတာပါကွဲ့-ဟု၊ ပြောပါသတဲ့။ ဝိပဿနာလူတရကား။ ဘယ်နှယ်ကြောင့်လဲ ခများ-ဟု မေးကြလေရာ။ ယခု မင်းတို့ ပြောနေကြသော၊ဝိပဿနာဆိုတာ။ "ဗုဒ္ဓစရွေ၊ အနုပ္ပန္နေ၊ ဗုဒ္ဓဒိဋ္ဌေ၊ အနုဂ္ဂတေ၊ တေသံသဘာဝ ခမ္မာနံ၊ နာမ မဏ္ဏ၊ န-နာယတိ" ဆို မဟုတ်လားကွဲ့။ ဟုတ်ကဲ့၊ ဟုတ်ပါတယ်။ အဲသို့ကွယ်၊ သဗ္ဗညုတ ဉာဏ်မှ မပေါ်ရင်၊ ပထဝီအနိစ္စ သိရပါမလားကွဲ့။ ယခု ငါ့ခေါင်းမှာလဲ။ ကိုင်စမ်းကြည့်လိုက်တော့။ မာပျက်။ နူပျက်တွေ-တဖွားဘွား နေတာ, သိရတော့။ ဩော်။- ငါ့ခေါင်းမှာ၊

သဗ္ဗညုတ-ဉာဏ်တွေ-တဖွား ဘွား ပါလားလို့ မသိရဘူးလားကွယ်။ သဗ္ဗညုတ-ဉာဏ်မရှိသမျှ၊ မဂ္ဂသစ္စာမရှိကဲ့။ မဂ္ဂသစ္စာ-မရှိက။ ဒုက္ခသစ္စာ-မသိကဲ့။ မင်းတို့မှတ်ထားကြဟု-ပြောပါသတဲ့။

**စေတနာ ဝေဘန်ပုံ၊** ထိုလူကြီး-ဦးလောင့်သည်။ ဟော့-မင်းတို့-ကိုယ်တော်တွေက။ စေတနာသင်္ခါရက္ခန္ဓာ-ပေးလှူရာမှ။ စေဘနာ ထင်နေ ထမာ့ကွာ။ စေတနာဆိုတာ။ ပြုပြင်ရမှု၊ စေ့ဆော်ရမှု၊ တိုက်တွန်းရမှု။ ဒီအမှုတွေဟာ။ ချီးရှိရာလဲ-ပါသကွဲ့။ သေးပေါက်ရာလဲ ပါသကွဲ့။ သွားရာ၊ လာရာ၊ စကားပြောရာ၊ လုပ်ရာ၊ ကိုင်ရာ-စေတနာပ-မောင်။ အကြောင်းတော်သမျှ၊ ဘယ်ပရမတ္ထသဘောဖြစ်ဖြစ်။ စေတနာချည်းပါဘဲကွဲ့။ ပြောလိုက်စမ်းကြပါ့ကွယ်။ ဘယ်အလှူဆို။ စေတနာသင်္ခါရက္ခန္ဓာ။ ဘယ်အလှူဆို။ စေတနာ နာမ်ဒုက္ခသစ္စာ။ သူတို့လှူမ-စေတနာ ထင်ရှာကြ။ ငါ့မယားနဲ့ ငါနေတာတောင်၊ စေတနာကွဲ့-ဟု။ ပြောပါသတဲ့။

**ကံဟူသော ဘာဝစခံအား၊ မဂ်ဉာဏ်က၊ နိုင်းသွားပုံ၊** “ဥပမာ” ရေထမ်းစားသော, ကုလားတယောက်သည်။ ရေထမ်းဘဝမှ၊ တိုက်အိမ်ကို ပိုင်ရသောဘဝသို့ တက်လှမ်းကာ။ အထက်ဘန်းသို့ ဆိုက်ရောက်သည် မရှိပါလော။ ဤဥပမာ။ သတ္တဝါ များ အား။ စိမ့်ခန့်ခွဲ၍ နေသော။ ကံတရားသည်။ ဝိပဿနာသမ္မာ

No. 63.

ဒိဋ္ဌိရေးရာ၌ ကြွမ်းကြင်လိမ္မာသော။ သုစရိတ အစစ်ရ အရင်းရှင်၊ မဂ္ဂဖလသမ္မာဒိဋ္ဌိ အကျိုးကို ရခဲ့ပါလျှင်။ ကံ တရားသည်။ ငင်းမင်ဥာဏ် ဖိုလ်ဥာဏ်၏ အစေခံပင်ဖြစ် ရတော့၏။ ထို့ကြောင့် "ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါး ကို မသိကြလေသေးက။ ပဋ္ဌပွန်–သံသရာ၊ နှစ်ဖြာလုံး၌ အကုသိုလ်ကံ၊ ကုကုလ်ကံ၊ ဝေဘန်ချင်သလို၊ စီမံချင်သ လို၊ ပြစ်ချချင်သလို၊ ဖြစ်ရလိမ့်မယ်၊ ခံရလိမ့်မယ်၊ ရေခံ ရလိမ့်မယ်။ "ခန္ဓာငါးပါး ရုပ် နာမ် နှစ်ပါးကို၊ သိကြ လေပြီးက။ ပဋ္ဌပွန် သံသရာ နှစ်ဖြာလုံး၌။ အကုသိုလ် ကံ၊ ကုသိုလ်ကံ၊ စီမံချင်သလို၊ ဝေဘန်ချင်သလို၊ ပြစ်ချ ချင်သလို၊ မဖြစ်ရတော့ပြီ။ မလားရတော့ပြီ။ မရောက် ရတော့ပြီ–ဟု။ မိန့်တော်မူပါသည်။

**လက္ခဏာ သဘော။** စိတ်သည်။ အာရုံကိုသိခြင်းလက္ခဏာ။ စေတသိက်သည်။ စိတ်ကိုမှီခြင်းလက္ခဏာ။ ရုပ်သည်။ ဘောက် ပြန် ခြင်း လက္ခဏာ။ နိဗ္ဗာန်သည်။ ချမ်းမြေ့ ငြိမ်းဧခြင်း လက္ခဏာ။ ပထဝီ– သည်။ မာခြင်းလက္ခဏာ။ အာပေါသည်။ ဖွဲ့စေးခြင်း လက္ခဏာ။ တေဇောသည်။ ပူခြင်းလက္ခဏာ။ ဝါယော သည်။ ထောက်ကန်ခြင်းလက္ခဏာ။

**ရသကိစ္စ သဘော။** စိတ်သည်၊ စေတသိက်တိဝ္ဂိ၏ရှေ့သွားခြင်း ရသ။ စေတသိက်သည်။ စိတ်နှင့် မကွာဖြစ် ခြင်း-ရသ။ ရုပ်သည်။ ဖရိုဖရဲ ပြို ကွဲ ခြင်း ရသ။ နိဗ္ဗာန်သည်။ အသေကင်းသော-ရသ၊ ပထဝီ

သည်။ ခေတ်သုံးပါး၏ မှီခိုခြင်း—ရသ။ အာပေါသည်။ ရုပ်မှုန့်များကို ပွားတိုးခြင်း—ရသ။ တေဇောသည်။ ရင့်ကျက်ခြင်း—ရသ။ ဝါယောသည်။ လှုပ်ရှားခြင်း—ရသ။

**ပစ္စုပဋ္ဌာန် သဘော။** စိတ်သည်။ စိတ္တကမ္မဇ အားဖြင့် မပြတ်ဖြစ်သော အစဉ်သည်။ စိတ်၏ ပစ္စုပဋ္ဌာန်။ စေတသိက်သည်။ စိတ်နှင့်တူစွာ၊ အာရုံကို ရှေးရှု ထင်ခြင်းသည်။ စေတသိက်၏ ပစ္စုပဋ္ဌာန်။ ရုပ်သည်။ အဗျာကတ သဘောသို့ရှေးရှုသည်။ ရုပ်၏အဗျာကတ ပစ္စုပဋ္ဌာန်။ နိဗ္ဗာန်သည်။ အနိမိတ္တ ရှေးရှု သည်။ နိဗ္ဗာန်၏ အနိမိတ္တ—ပစ္စုပဋ္ဌာန်။ ပထဝီသည်။ ခေတ်သုံးပါးအား။ ရှေးရှုလက်ခံ ထားသည်။ ပထဝီ၏ ခေတ်သုံးပါးကိုလက်ခံသော ပစ္စုပဋ္ဌာန်။ အာပေါသည်။ ရုပ်များကိုပေါင်းထားခြင်း-ပစ္စုပဋ္ဌာန်။ တေဇောသည်။ ခြောက်သွေ့စေခြင်း ပစ္စုပဋ္ဌာန်။ ဝါယောသည်။ ရွေ့ရှားစေခြင်း ပစ္စုပဋ္ဌာန်။

**ပဒဋ္ဌာန် သဘော။** စိတ်သည်။ နာမ် ရုပ်သာ၊ နီးစွာ အကြောင်း ပဒဋ္ဌာန်။ စေတသိက်သည်။ စိတ်ကိုသာနီးစွာအကြောင်း ပဒဋ္ဌာန်။ ရုပ်သည်၊ ဝိညာဉ် ကိုသာ နီးစွာ အကြောင်း ပဒဋ္ဌာန်။ နိဗ္ဗာန် "ပဒဋ္ဌာနံ, နတ္ထိ" ပထဝီသည်။ ကြွင်းခေတ်သုံးပါး နီးစွာ အကြောင်း ပဒဋ္ဌာန်။ အာပေါသည်။ ပထဝီအတူ။ အာပေါ၊ တေဇော၊ ဝါယော-သည်လည်း။ ကြွင်းခေတ်သုံးပါး ပဒဋ္ဌာန်။

**ဘာသာပြန် ဥပဒေသ၊** ဤလက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဟူသည်။ "ဥပမာ။" မီးဆိုပါတော့။ ပူတဲ့လက္ခဏာဘဲ။ လောင်ခဲ့ကိစ္စ ရသ။ ပြာဖြစ်ဘို့ ရှေးရှုတယ်။ လောင်စာသာ, နီးသော အကြောင်း။ "တနည်း ဥပမာ။" ဓနရှင်သည်။ ပစ္စည်းပေါသောလက္ခဏာ။ မချင့်းသာသော–ရသ။ ပူပန်ဘို့ ရှေ့ရှုနေတယ်။ ရှာဖွေရဆောင်းခြင်း နီးစွာသောအကြောင်းရင်းဘဲ။ "တနည်း ဥပမာ။" စာတတ်ပုဂ္ဂိုလ်သည်။ ပါဠိကျွမ်းကျင်သော လက္ခဏာ၊ စာချသော–ရသ။ စာသင်သားအား ရှေးရှု၊ ကျမ်းဂန်ရှာဖွေခြင်း အကြောင်းရင်းဘဲ။ ထို့ကြောင့်။ မနောဝိညာဉ်သည်။ ကြံဖန်ခြင်းလက္ခဏာ၊ အမည်ပေးခြင်း–ရသ။ မွှာရုံကိုသာ ရှေးရှုထင်တယ်။ ဝိညာဉ်သာ အကြောင်းဟုမှတ်ပါ။ တနည်း။ ပထဝီသည်။ မာဘယ်။ မဟာဘုတ် မှန်တယ်။ မဟာဘုတ် ရှေးရှုတယ်။ မဟာဘုတ်သာ အကြောင်းဟုမှတ်ပါ။

## "နည်းလေးပါး–ဘာသာပြန်။"

၁ "အဗျာပါရောစ" ဝိုးမိုမ်မညီ၊ အကြောင့် အကျ မရှိခြင်းသည်ရင်း။
၂ "ကေဋ္ဌ-စ" (ဥပမာနက်။) တနွယ်ထဲသာ၊ ဆွဲကိုင်ရာခြင်းသည်ရင်း။
၃ "နာနတ္တ-စ" တနွယ်ထဲသာ၊ ကိုင်လေပါလဲ။ အနွယ်များစွာ၊ ပါလာခြင်းရင်း။
၄ "ဧဝံဓမ္မတာ-စ" ဘာသာ ဘာဝ၊ ဖြစ်ပေါ် ရခြင်းသည်ရင်း။

“ဥပမာ။” အဖျာပါချဖြစ်သော ခန္ဓာသည်။ ကြေဆ တရသာရ၏။ သို့သော်။ နာနတ္တ-ပြုမှု။ ခန္ဓာဟူသော-အမည်တရသည်။ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာအားဖြင့်။ ခန္ဓာငါးပါး-ဖြစ်လာသည်။ ထိုခန္ဓာငါးပါးသည်။ “သဘာဝခံရာရေတီတိ ခန္ဓာတိ” သူ့ရဲ့တံထွာ၊ ဓမ္မတာအလျှော်၊ ဖြစ်ပေါ်ပေါက်၍နေသဖြင့်။ ဇော်တံထွာ ဓမ္မတာပင် မည်ပေသည်။

## “ဝိညာဉ်လိမ်ပုံ။”

ဝိညာဉ်လိ ်ပုံ။ နွားမ ျ သား။ နွားငယ်
အားဖြင့်။ နို့မြင့်ဆူကြို။ ငြင်းချန် အလား။
ပုံမခြားတည်း။ အများ-သူ-ငါ။မိန္ဒာယူလွဲ။
ငရဲကြီးလှ။ ကုသိုလ်ရဟု။ ပြုကြ ရှောင်
ကြဉ်။ ဝိညာဉ်မြင်တည်း။

ဝိညာဉ်သည်။ မသိဘူးဟူ၍လည်း လိမ်သည်။ သိသည်ဟူ၍လည်း လိမ်သည်။ ဥပမာ။ ။တိုင်းတပါးမှ ရောက်ရှိလာသော။ ဝဏ္ဏုပ္ပတ္တည်းတခုကို။ မသိဘူးဟု-ဆုံးဖြတ်ခြင်းသည်။ ဝိညာဉ်လိမ်။ သိ-သည်၊ ဘာခေါ်သည်ဟု ဆုံးဖြတ် ခြင်းလည်း-ဝိညာဏ်လိမ်သာ တည်း။ အကြောင်းတော်သမျှ၊ ဝိညာဏလို့ပေါ်လာသည်ရှိသော်။ “လိမ်မည့်နိယာမ” သာတည်း။ ဤကား-အမှား။ ဤကား-အမှန်ဟု၊ ဘောက်ပြန်ရိုးမရှိ။ ဝိညာဏခေတ်၊ပရမတ်သာတည်း။ အမှီရ၍လည်း-လိမ်၏။ မမှီရသော်

**No. 64.**

လည်း—လိမ်၏၊ ထိုမနောဝိညာဉ်သည်၊ မသိဘူးသော၊ မလိမ် ဘူးသော—အရာ ဝတ္ထုဟု၊ ဘာတခုမျှ မရှိချေ။ အနန္တလောက၊ စကြာဝဠာ၊ ဘယ့်လောက်ပင် ကျယ်ဝန်းပါသော်လည်း။ အာရုံသည်သာ-ဖြစ်ရဘော့၏။ အာရုံသည်၊ နာနတ္တအားဖြင့်၊ ခြောက်ပါး ပြားသော်လည်း။ ဧကတ္တအားဖြင့်။ မနောရုံသည်သာ-ထင်ရှားနေ၏။ မနောရုံ မနောဝိညာဉ်ကို ဖယ်ထားက။ အဘယ်အာရုံ-ရနေသေးမည်နည်း။ "စဉ်းစားပါ။"

## ပေါဋ္ဌိလ-ရဟန်းကြီးအား, ပေးထားသော။ (ပွတ်ဘန်း) ကမ္မဋ္ဌာန်းကိုလည်း—သတိ ပြုပါ။

ရှင်းပြပါဦးမည်။ အခါတပါး၌။ ဗုဒ္ဓရှင်တော် သည်။ ဇေတဝန်ခေါ်—ကျောင်းတော်မှာ-နေတော်မူစဉ်။ရဟန်းကြီး—ပေါဋ္ဌိလ-သည်။ ဗုဒ္ဓအား၊ ဖူးမြော်ရန်ရောက်အလာမှာ။ ဗုဒ္ဓက၊ ချစ်သား—တုစ္ဆ—လာသလား။ အို—ဦးတုစ္ဆ။ အင်း,-ဘိုးတုစ္ဆကြီး,လာသကိုး။ ဟင် ချစ်သားတုစ္ဆ—ဟု။ လေးကြိမ်မြောက်အောင်—ခေါ်လိုက်သည်တွင်။—

"ပေါဋ္ဌိလ—ရဟန်းကြီးသည်။" မှန်လှပါဘုရား။ ဓမ္မရာဇာမှန်ကင်း။ တရားမင်းမြတ် ဖြစ်တော်မူသော။ သဗ္ဗညုတ၊ဗုဒ္ဓထင်ရှား၊ ရှင်ဘော်ဘုရားသည်။ ဘုရားတပည့်တော်အား။ "တုစ္ဆ" ဟု၊ မိန့်တော်မူခြင်းကား။ ထိတ်လန့်တုန်လှုပ်ဖွ

ပါသည်ဘုရား၊ ထုတ်ဘော်၍ မိန့်တော်မူရန်၊ အသနားခံလေသော်။—

ဗုဒ္ဓရှင်တော်သည်။ ပေါဋ္ဌိလ၊ အသင်ဟာ, ရေဆာတာလည်း အမှန်။ ရေရှိပြန်သော်လည်း၊ ရေကိုမသောက်၊ ကန်ဘောင်ကိုသာ, လျှောက်နေသည်။ သို့အတွက်။ ရေကို မသောက်၊ ရေဆာလည်း မပြေ။ ကန်သင်းဘောင်ကိုသာ လျှောက်နေသော—အသင်သည်။ အကျိုးရှိနိုင်အံ့မည်နည်း။ ထို့ကြောင့်။ ငါဘုရားသည်၊ ဘိုးတုစ္ဆကြီးလာသလားဟု—နှုတ်ဆက်ရသည်—ဟု။ မိန့်တော်မူလျှင်။

တခွန်းသော အကျွရာ၊ တထောင်သော နည်းများဖြင့်၊ မြင်ပွမ်းနိုင်သော။ “တိပိဋကဓရ၊ ဂဏဝါစက၊ မဟာစရိယ” အကျော်။ စာသင်သား-ငါးရာအား၊ သင်ကြား ပို့ချနေသော။ ရဟန်းကြီးပေါဋ္ဌိလ—ဆရာတော်သည်။ ဗုဒ္ဓ၏—မိန့်စကားကြားလိုက်လေရာ။— “ဘန္တေ၊ ရှင်ပင်တဆူ၊ သယမ္ဘူအတုလ၊ ဂုဏ်ပေါင်းခသဖြင့်။ ဗုဒ္ဓ ထင်ရှား၊ မြတ်စွာဘုရား။ “ကမ္မဋ္ဌာန်၊ ရေနှင့်တူစွာ၊ ကြည်သာဖြေ၊ ဘေးမခနိုင်တဲ့။ လိမ္မာ ရေးခြား အသိ-အမြင်-များသော။ ကမ္မဋ္ဌာန်းအစား၊ ဝိပဿနာ, ကိုယ်ကျင့်တရားကို။ “ဒေထ၊ တုစ္ဆ-ပေါဋ္ဌိလ၊ ကယ်ဆယ်မ, ရန်။ ရည်သန်စိတ်ထား။ ပေးသနားတော်မူပ, အရှင်ဘုရား,—ဟု၊ လျှောက်ထားလေရာ။—

ဗုဒ္ဓရှင်တော်သည်။ ချစ်သား–ပေါဋ္ဌိလ၊ အသင်ချစ်သား, ငါ့မပေးအား။ ဟို–ယောကြားမှာ၊ သိဘင်းသုံးနေထိုင်ရှာသော။ “အရညဝါသိ” တိသာ–မည်သော, မထေရ်၏ အထံ–သွားလေတော့–ဟု။ အမိန့်တော်ပြုလိုက်မှ။–

အရှင်ပေါဋ္ဌိလ-သည်။ တိဿမထေရ်၏နေရာ၊ တောကျောင်းသို့ အလာမှာ။ တိဿ–မထေရ်က။ ခရီးဦးကြို ဆို၍။ သပိတ် သင်္ကန်း လှမ်းယူကာ၊ နေရာညွှန်ကြားပြီး။ ပေါဋ္ဌိလ-သည်။ဆောင့်ချောင့်ထိုင်ကာ။ “ကမ္မဋ္ဌာန်ဒေထ–အာစရိယော” ဟု၊ ကမ္မဋ္ဌာန်းပေးရန်၊ လျှောက်ဆိုပြန်ရာ၊

အရညဝါသီ၊ တိဿမထေရ်ကလည်း။ ဟိုအနားမှာ၊ သရဖုတ်တဲ၏ အတွင်း၊ ဒိုးချမ်းကွဲ–ရှ့် ရုတ် လုပ်ခါ။ ကစား၍နေရှာသော။ သာမဏေကလေး၏ အထံသွားပြီးတောင်းရန်၊ ညွှန်ပြလိုက်ပြန်လေ၏။

ပေါဋ္ဌိလ-သည်။ ညွှန်ပြရာသို့ ထ၍အလာမှာ၊ ကောသိ ချထားကာ။ ကစား၍နေရှာသော။ သာမဏေ-သည်။ ထိုပေါဋ္ဌိလ, အလာကိုမြင်မှ၊ ကောသိ ကိုယ်ရုံကို ကောက်ခါကိုင်ပြီးလျှင်။ သရဖုတ်ခ ပျဉ်–ထက်၌။ တင်ပလ္လင် ခွေကာ, နေလေရာ၊ ပေါဋ္ဌိလ-သည်။ ဆောင့် ချောင့် ထိုင် ပြီး လျှင်၊ “ကမ္မဋ္ဌာန် ဒေထ–အာစရိယော” ဆိုလေလျှင်။–

ရှင်းသာမဏေငယ်-သည်။ အရှင်ဘုရား။ အကျွန်ုပ်

အား။ အာစရိယထားပါလျှင်။ “အာစရိယဝစန” ခေါ်–ဆရာ့စကား–နားထောင်နိုင်ပါ့မလားဟု·မေးရာ။ “ပေါမ္ဗိလအရှင်က။ နားထောင်ပါမည် ဆရာ။ နားထောင်ပါမည်–သင်သူတော်ကောင်းဟု–ဆိုလေ၏။ ‘ သာမဏေသည်။ ကောင်းပါပြီအရှင်ဘုရား။ ဤတိုင်းကြေန်–မှန်ပါလျှင်။ ထိုမှာ–ရေကန်ရှိဘယ်။ အဲ–ဤရေကန်ကို။ အရှင်ဘုရား “စောက်ထိုး” ဆင်းပါဘုရားဟု–ခိုင်းလေ၏။

အရှင်ပေါမ္ဗိလ–သည်။ ရေကန်သို့၊ လက်–ခြေထောံခါ။ စောက်ထိုးပင် ဆင်းလေရာ။ ဥကျွောင်းကို ရေထည့်မှ၊ သာမဏေငယ်သည်။အရှင်ဘုရား တက်လာခဲ့ပါတော့ဆိုမှ။ ရေကန်မှ တက်ထာခဲ့ပြီးလျှင်။ “အရှင်ဘုရား။ တခုံသော–တောင်ပို့၌။ အပေါက် ခြောက်ခုသည်–ရှိ၏။ ထိုတောင်ပို့မှာ၊ ဖွတ်–သည်၊ ဝင်သွား၏။ ထိုအခါ။ အပေါက်ငါးဖြာကို ပိတ်၍။ တပေါက်ကသာ, နှိက်ခါ၊ စောင့်ကာ–ဖန်းပါလျှင်။ ထို ဖွတ်ကိုပင်။ တွေ့မြင်–ဖန်းမိနိုင်ပါသည်ဘုရား–ဟု။ ‘ အတိတ်” ကမ္မဋ္ဌာန်းဖွတ်ဖန်းတရားကို ဟော၍၊ ညွှန်ပြလိုက်လေရာ။–

အရှင်ပေါမ္ဗိလ-သည်။ ကောင်းပါပြီ။သူတော်ကောင်းဟု၊ အာမခံကာ။ ခြောက်ဒွါရမှာ၊ ထွက်ဝင် ကြီသိ၍နေသော။ မနောဝိညာဉ်၊ ဖွတ်အရှင်ကို။ ငါးဒွါရကို အာရုံမပြုတော့ဘဲ။ တဒွါရ–တ

အာရုံ–တပိထိမျှ၊ နာမ်ဝိညာဉ် ခတ်မွေ့၏။ စိတ်ကြီးဆချက်။ သင်္ခါရ စနက်ကို။ နိစ္စမဘက်။ခဏ ပျက်ပင် ထင်မြင်လာ၏။

ထိုအချိန်မှာ။ ဗုဒ္ဓရှင်တော်သည်။ ကျောင်းတော်မှ။ တံခါးတော်ဖြင့်ကြွ၍။ ချစ်သား–ပေါဋ္ဌိလ။ ဆဲဒီနေရာမှာ။ ကိလေသာကို သုဓ်သင်လိုက်တော့။ သာယာခြင်းကို–ခွါရှင်းလိုက်တော့။ လောဘအာသာ၊ ဟိတ်တဏှာကိုပယ်လိုက်တော့။ ဒုစရိုက်မှန်၊ ကိလေရန်ကို။ တော်လှန်ပြစ်လိုက်ပေတော့–ချစ်သားဟု၊ အမိန့်ပြုလိုက်သော်။–

ဩြော်။ ငါ့အား။ သဗ္ဗညုတ၊ ဗုဒ္ဓဘုရား။ နှိုးဆော်သောစကားကို–လာ၍ အမိန့်စကား၊ ပြောကြားတော်မူသည်ဟု။ တိုး၍ တိုး၍ စဉ်းစားဝေဘန်ရာ။ နောက်ဆုံးမှာ။ ဘယ်ဘုံဌာန၊ ဘယ်ဝဋ်ဘဝကိုမ။ မခံမင်–မခင်တွယ် တော့ ဘဲ။ ဘဝတဏှာ၊ အာသာဆန္ဒ၊ တဏှာ သမုဒယမရှိ၊ စဉ်ကြွယ်သောရဟန္တာမြတ်၊ အရဟတ္တဖိုလ်သို့ဆိုက်ရောက်တော်မူသဖြင့်။ "စထုတ္ထ" ဈာန် ဝင်စံယူပြီး။ ကောင်းကင်ခရီးဖြင့်။ ဗုဒ္ဓရှင်တော်ကို၊လက်အုပ်ချီကာ ပူဇော်ပါသတဲ့။

သို့ဖြစ်ပါ၍။ နာမ်ဝိညာဏ်ကို။ သိမြင် ပေါက်ပိုင်ဘို့အရေးကား။ စာတတ်စေဦးတော့။ ပဋိပတ်၊ ဥပနိဿယမရှိပါလျှင်။ လွယ်ကူသော ဥာဏ်ပင်–မဟုတ်သည် ဖြစ်လေရာကား။ ကျွန်တော်တို့–နိုင်ငံတော်မှာ။ တိပိဋက၊

ဂဏာဝါစက၊ မွှာစမိယ-များလည်း။ လိုက်စားသင့်ပါကြောင်း။

ဘာ့ကြောင့်ဆိုသော်။ “တိပိဋကတ်” ကို။ ကျွမ်းကျင်ပါလျှက်။ တိပိဋကအချက်ဖြစ်သော။ ပဋိပတ်ရေးရာ။ ဝိပဿနာ-တရားတော်နဲ့ကား။ ဆန့်ကျင်ဘက်ဖြစ်ခါ-ဖြစ်ခါ။ မကြာမကြာ-စကားများခဲ့ကြရ ပေသည်။ ထိုသို့စကားများရသောအရေးမှာ။ ရှင်ပေါဋ္ဌိလကို။ စာနာစေပြီး။ ငါတို့၏-ပဋိပတ်-ချို့ငဲ့မှုပါတကားဟု၊ ဝေဘန်မှုရှိပြီးလျှင်။ ပဋိပတ်ကိုပင် “အဓိက” ထား၍။ သင်ခြင်း။ လေ့လာခြင်း-ကိုသာ, ဖြစ်စေသင့် ပါသည် မဟုတ်ပါလော။

**တရားဟောမှု၊ နာမှုဖြင့် အရိယာ ဖြစ်မည်လော၊**

ဂုဏ်းပြင်။ အချို့ အချို့ သော။ “တတ်ယောင်ဆောင်” လူ-ရှင်တို့သည်။ “ဘာသာပါး မဝ” ဒေသနာကိုမျှ, မကျွမ်းကျင်ရှာကြလေ၍။ “ဟော-နာမှု” သည်။ အရိယာ-မဖြစ်နိုင်သလိုလို။ မတန်မရာ၊ စွတ်ခွဲသံများကိုလည်း။ ပြောဟောမိကြလေသည်။ အသင်တို့ကား။ မဂ်ကို၊ ခြားခြား နားနား-သိပါ၏လော။ အရိယာဆိုတာ-ဘာခေါ် သလဲ။ အသင်တို့ထင်သော,နိဗ္ဗာန်ကား၊ ရေခဲတုံးပါလော။ သို့မဟုတ်။ အဘယ်လို မြို့တော်ကြီးပါလဲ။ အသင်တို့ကား။ ဒေသနာစာစကားဖြစ်သော။ “အတိ အတိ-သိတလံ၊” “နိဗ္ဗာနပူရံ၊” “ပါပုဏာတိ၊” စသော။ အလွန့် အလွန်-ချေမ်းလှစွာ သော။ နိဗ္ဗာန်ဟူသော-ရွှေမြို့တော်ကြီးသို့၊ ရောက်ကြလေကုန်၏

ဟူသော။ သမားခေါ်ကို၊ နားလည်ကာမျှ၊ ချပုံးကို။ နဂါးဥကြောင်းဟူသော၊ သမားခေါ်။ ပဝက်ဆိတ်အုံကို။ ဂဠုံ ဥကြောင်းဟူသော—သမားခေါ်ခဲ့သို့။ အဟုတ် နဂါး—ဂဠုံများ၏—ဥကြောင်းဟူ၍ ယူဆ နေကြပါလျှင်။ အသင်တို့ကား။ ဗုဒ္ဓ၏—မဂ်တရား၊ အရိယာတရား၊နိဗ္ဗာန်တရား။ အဘယ်လို နားလည်နိုင်အံ့နည်း။ ယခုခေတ်၌ကား။ အသင်တို့၏—ယောင်ယောင်ဝါးဝါး။ “ဗာလာနံ ဉသုကောဘိ ဗာလုဿုကော” ဟူသော စကား များကား။ အချည်းနှီးတုန္တ-ပင်ဟု။ တုံ့ဂဏှာပတိ-ပြုထားကြပြီးလျှင်။ “ဓမ္မုတောင်ကွန်း၊ သစ္စဝါဒီထွန်း” သော။ယျှု အချိန်မှာ။ အလိမ်၊ အညာကို။ (လုံးဝ) ပ-ပျောက်စေ၍။ တရားသဖြင့် တင့်တယ် အောင်။ ရွက် ဆောင် သင့် ပြီမဟုတ်လော။

**ဘုရား, တရားနှင့် ကာလ,အမျိုးသာ။** ယခုခေတ်၌။ မိရိုးဖလာမျှမနေကြတော့ပါ။ အသိမျိုး အရာရာမှာ။ ဆင်ခြင်တုန် တရားကို ရှေးသားခြင်း ဖြင့်။ အတိအကျ-ဝေဘန်ယူဆသော, ခေတ်ကာလ ကို။ နားလည်သင့်ကြလေပြီ။ လူမျိုးရေး၊ ဘာသာရေး၊ သာသနာရေး-ကို။ လေးလေးနက်နက်, စဉ်းစားပြီးဖြစ်ကြလေပြီ။ “စော်ကားစိတ်–နှိပ်ချစိတ်” တို့ကား။လုံးဝသဘောမထားပါ။ သဘောထားသူကိုပင်။ ရှုံ့ချ–ဖြစ်တင်ရပေမည်။ ဗုဒ္ဓ၏-အလိုမကျသော။ ဒုစရိတ, ပြုကျင့်ကြသော ပစ္စက္ခ လူမျိုးရေး။ ဘာသာရေး။ သာသနာရေး များကို။ “အားမလို အားမရ” ဖြစ်စေခဲ့ပြီး။ ဗုဒ္ဓ၏ အလိုကျ၊အတိ

တကျ—ပြုပြင်တည်ဆောင်ရန်။ ဆုံးဖြတ်ချက် ချက်ခဲ့ကြလေပြီ။ ထို့ကြောင့်။ ဗုဒ္ဓ၏။ အစစ်အမှန်-တရားတော်မှန်လျှင်။ ကြွင်းနာရုံပင်၊ အပူစင်ပါသည်။ လက်ထက်တော်က။ အနာဂတ်-သူမွေး၏—သား။ မောင်ကာလ—ကိုလည်း၊ စဉ်းစားပါ။ ဗုဒ္ဓ၏—သုံးပါဒသော, တရားဖြင့်။ နည်းလမ်းမကျသော။ ယူဆပြုလုပ်နည်းတွေကို။ ပယ်ချခဲ့ပြီး။ ငါ—ငါ့ဥစ္စာ-ဟူ၍ပင် မယူဆတော့ပါ။ လောကရတနာသည်။ ဘုံဆိုင်သာဘည်းဟု။ သံသရမရှိသော။ ဆုံးဖြတ်ချက် ချလိုက်သည့်ကိုပင်။ မဂ်အမြင်၊ သောဘာပန်အမိယာအရှင်ဟု-ခေါ်သည် မဟုတ်ပါလော။ ထို့ကြောင့်။ ယျှုကာလမှာလည်း။ “အမှန်’ ဟူသောအရာဝတ္ထုကား။ သိမှတ်၍ မရနိုင်တော့ပါ။

## “တက္ကသိုလ်က—ရာဇာတဦး။”

အရဟတ္တ မဂ်နှင့် ပဏ္ဍိတ္တသာဒိ,,ဘုရင်၊ ဝင်းပြင်။ ပဥ္စကျ—လူ-ရှင် အချို့သည်။ “ရှေးက၊ စစ်ဗိုလ်ကဘော်က၊ လင့်ဖြစ်သူ—ဗိုလ်မင်းတံ။ စာပေးရန်၊ ဆရာဘဦးအား, စာရေးခိုင်းပါသတဲ့။ ဆရာဘဦး, ရေးသောစာကား။ “ချိုရှာလေသော်၊ ဖလားမှောက်သို့။ အုပ်ချုပ်ဇာမ်ထောင်-ဘုရားဂူသို့။” ‘ဝွမ်း-ဆီထည့်လား” ဟု။ ရေးသားလိုက်ပါသတဲ့။ ဤတူပမာ၊ ရေးသားပုံကြားကာ,နေကြခြင်းကား။ အကျိုးရှာ၍ ရနိုင်မည်လော။ ဗုဒ္ဓ—လက်ထက်တော်က။ ဗိမ္ဗိသာရ-သည်။ ပဏ္ဍိုသာဒိ

No. 66.

တက္ကသိုလ်ဘုရင်အား။ ရတနာ့ဂုဏ်-သုံးပါးကို။ ရွှေပေ လွှာသုံးချပ်ဖြင့် ရေးသားပြီးပေးလိုက်ရာ။ ပက္ကုသာတိ-ဘုရင်သည်။ မှူးကြီး မတ်ရာ ရုံသင်းစွာဖြင့်၊ ဘတ်ကြားစေသည့်အခါ။ ဗုဒ္ဓစစ် ရတနာကို။ နှစ်သက်သော ပီတိငါးခါ ဖြစ်လေသတဲ့။ ဓမ္မစစ်-ရတနာကို။ နှစ်သက်ခြင်းငါးခါ။ သံဃာစစ် ရတနာကို။ နှစ်သက်ခြင်းငါးခါဖြစ်ပါသတဲ့။ “ကြက်သီးထအောင်-နှစ်သက်သည့်ကို၊ ပီတိခေါ်သည်။” ဤသို့ဖြစ်၍နေသော, ပက္ကုသာတိ–ဘုရင်သည်။ အစစ်အမှန်ရှိရာကို၊ ငါသွားမည်ဟု-ဆိုလေလျှင်။ မှူးမတ်ဗိုလ်ပါတို့သည်။ မသွားရန်ပင်–တားဆီးကြပြန်သဖြင့်။ ဘုရား, ဘုရား-ဟု။ မည်တန်းကာ-နေရှာပြီးနောက်။ လူခြေတိတ်ဆိတ်၊ တပြည်လုံး, အိပ်နေခိုက်၊ ထွက်လာခဲ့ရာ။ ရာဇဂြိုဟ်ပြည်သွား၊ လှည်းကုန်များကို။ အမှီပြုခါ လိုက်အလာမှာ။ ရာဇဂြိုဟ်ပြည်သို့၊ မိုးချုပ်မှ ရောက်ရ၍။ အိုးထိန်းသည့်-စရပ်မှာ, တည်းခိုကာ–နေ ရှာပါသတဲ့။

ထိုအခါ။ ဗုဒ္ဓသည်။ ပက္ကုသာတိ၏ အကြောင်းခြင်းတကို–သိတော်မူသဖြင့်။ ကျောင်းကင်ခရီးမှ၊ ကြွလာကာ။ အိုးထိန်းသည်ထံဝင်ပြီး။ ဒါယကာ၊ ဒါယကာ-စရပ်တွင်။ ငါတည်းခို၍ တညဉ့်မျှ·နေ ပရစေဟု-မိန့်တော်မူကာ။ စရပ်သို့ရောက်လျှင်၊ သူတော်ကောင်း–ကျွန်ုပ်လည်း-ဝင်ပရစေဟု-ဆိုသော်။ ပက္ကုသာတိ-သည်လည်း။ ဘုရားမှန်းမသိသေး၊ ကောင်းပါပြီ–သူတော်ကောင်း, ဝင်ပါဟု

ဆို၍။ ဘုရား, ဘုရား–ဟု၊ မည်တမ်းနေလေ၏။ ဗုဒ္ဓ–သည်၊ ကရုဏာသာထောင့်မှ။ "ပရစိတ္တဝိဇာနန"–ခေါ်။ သူ့ဘပါး၏ စိတ်ကိုသိတော်မူလေရာ၊ အာရုဏ်ဘက်ခါနီးမှ။ အသင် သူတော်ကောင်းတို့၏ တရားစစ် တရားမှန်ကို၊ နာခံလိုပါသလော ဟု-မေးတော်မူရာ။ သိလျှင်-ဟောပါ။ နာလိုပါ၏, ဆိုမှ။ "ဒုက္ခံ တေဘုမ္မကံ ဝဋ္ဋံ တဏှာသမုဒယောဘဝေ။ နိရောဓော နာမနိဗ္ဗာနံ မဂ္ဂေါ လောကုတ္တရော မတော"-ဟု။ ဟောတော်မူရာ။ အဆုံး၌။ ရဟန္တာဖြစ်တော်မူပါသတဲ့။ 'ဟောမှုနာမှုပင် မဟုတ်ပါလော။" ယခုခေတ်၌ ဤလိုမဖြစ်နိုင်တော့–ဟူသော, ယူဆကား။ ကျွန်တော်သိရသမျှသော။ ဘုရားဟော တိပိဋကမှာ-မတွေ့ရှိရသည့်ပြင်။ "အသုညော၊ လောကော၊ အရဟန္တေဟိ အသုည" ဟူ၍ပင် တွေ့ရပါသေးသည်။ သို့ဖြစ်ပါ၍။ အဋ္ဌဝါဒ–ငို့ဘစနစ်၊ လွန်ခွာနှစ်သက်သော၊ မှူးမတ်များခဲ့သို့။ ပိတ်ပင်သိုဝှက်ကြသော်လည်း။ ယခုခေတ်၌ ပေါ်လောပေါ်အောင်။ တရားစစ်ကို။ အော်ဟစ်ခဲ့ကြသော။ ကျွန်တော်တို့၏—ခေါင်းဆောင်ကြီးများအား။ ကျွန်တော်တို့၏-ဝိပဿနာဝါဒ၊ မြန်မာပြည်နှင့်တကွ။ အနတ္တဝါဒ၊တော်လှန်ရေးပါတီ–များက။ မချီးကျူးဘဲ နေနိုင်ပါမည်နည်း။

———ooo———

ဝိညာဉ်မြင် နှင့် ပညာမြင်။

ထို့ကြောင့်။ ခေါင်းဆောင်နှင့်တကွ။ ပါတီဝင်-ဟူသမျှသည်။ ဝိညာဉ်မြင်၊ ပညာမြင်ကို။ များစွာပင် ဝေဘန်ကာ ရေးသားဟောပြောကြရပါသည်။ "ဥပမာ။" ဝိညာဉ် မြင်သည်။ ရုပ်တို့-ဆိုလျှင်။ အရောင်အဝါ ထွက်သည်။ ချော-ရမည်။ လှ-ရမည်။ သပ္ပါယ်ရမည်-ရုပ်နားသာ တည်း-ဟု။ မှတ်ထင်ကြပေသည်။ မဟုတ်နိုင်ပါ။ "နဂိုရှိမှ-နဂိုင်းထွက်" ပါသည်။ ကုလားက-ရုပ်တို့ဖြစ် လျှင်။ နှာခေါင်း သေး မသွားပါ။ အသားဖြူမသွားပါ။ လူဝတ်လည်း-ရုပ်တို့ဖြစ်သည်သာ။ ဝိညာဉ်သည်။ သက်နားကို မြင်သည်။ အဝတ်ကို မြင်သည်။ ဘောင်းဘီ ကို မြင်သည်။ အသားကို မြင်သည်။ ဤခဲ့သို့-ဝိညာဉ် မျက်စေ့မျှ ရှိသောသူသည်။ မဂ်ပုဂ္ဂိုလ်ကို၊ အဘယ်မှာ ဆုံးဖြတ်နိုင်မည်နည်း။ ပညာမျက်စေ့-သည်၊ အသား ဝင်း၍ ရွှေကိုပင် ဝတ်ဆင်နေသော်လည်း။ ရွှေ၏မျက်နှာ ကို မလိုက်တော့ဘဲ။အသိအလိမ္မာကိုသာ, ဆုံးဖြတ်သည်။ မဂ်-သည်၊ မဂ်-သာဘည်း။ ထို့ကြောင့်။ ပညာမြင် သည်။ ဘောင်းဘီနှင့်လည်း-ရုပ်တို့။ ယူနီဖောင်းနှင့် လည်း ရုပ်တို့။ ကုလားနှံ ရုတ်နဲ့ လည်း-ရုပ်တို့။ ထမီရုတ် နှင့်လည်း၊ ရုပ်တို့—ဖြစ်နိုင်-ရှိနိုင်ပါ၏-ဟု။ ဟောပြောကြပေသည်။

ယှဉ်ပြခဲ့သော။ ပဏ္ဍုသာဒိ—ဘုရင်-သည်။ ရုပ်တို့ဖြစ်ပြီး။ သက်နားဝတ်ရန်၊ သက်နားအရှာ တွင်။ သူ၏ရန်သူ-ဘီလူးမ, က။ နွားမ, ယောင်

ဆောင်၍ဖွေ့လိုက်ရာ။ ကောင်းကင်မှာ၊ တဂါရုတ်လောက် မြောက်၍ အကျတွင်။ ပဉ္စသာဒိ-ကား။ သေသည်။ သရီယ, ခုတ်ကြွင်းသည်။ "ပညာမြင်ကား" အရဟတ္တမဂ်ကို၊ ရဟန္တာ ဆို သဖြင့်။ ရဟန္တာကို။ နွား-မဖွေ့နိုင်။ အရဟတ္တမဂ်သည်။ ရန်သူ-မရှိဟု။ ပညာသည်၊ ဆုံးဖြတ်သည်။ ဤနေရာတွင်။ ဝိညာဉ်-ပညာ၊ ခြားနားအောင်၊ဝေဘန်ပါ။ "ဝိညာဉ်သည်။ မဂ်ကိုရအောင် မလုပ်တတ်။ အကုသိုလ်မဖြစ်အောင် ရှောင်တတ်သည်၊ ကုသိုလ်ရအောင် လုပ်တတ်သည်။" "ပညာသည်၊ ဝိညာဉ်၏ အလိုကို မလိုက်။ ရဟန္တာဖြစ်အောင်၊ မဂ်ရအောင်၊ နိဗ္ဗာန်ချ းသာတွေ့အောင် လုပ်တတ်သည်။

---000---

ထို့ကြောင့်။ မဂ်-ဖိုလ်-နိဗ္ဗာန်၊ သောတာပန်စသော၊ အရိယာကို၊ ဝိညာဉ်သည်။ မသိနိုင်၊ မမြင်နိုင်၊ မဆုံးဖြတ်နိုင်ခြင်းကြောင့်။ ဝိညာဉ်မျက်စေ့ တဘက်သာ ရှိသော။ ဝိညာဉ်သညာ၊ လူ့ဗလချာ။ "ကကြီး-ခကွေး" ဆရာတို့၏-မဂ် မရနိုင်၊ အခါမဟုတ်၊ သောတာပန် မဖြစ်၊ အရိယာခေတ် မဟုတ်ဟု။ ဆုံးဖြတ်၍ ပြော ဟော ရေး သွားသော-အရာများကို။ "ဘာသာဖျက်ဆီးမှု" (၁) နံပါတ်တရားခံထား၍ ခေါ်ထိုက်ပေသည်။

**No. 67.**

ဤသို့သော အကြောင်းကြောင်း တို့ကြောင့်။-

(က) တဏှာကျွံ၊ ကရောတိ၊ ဧတေနဉတိ,-က်း။
(ခ) ဝဋ္ဋဒုက္ခံ၊ ခယတိ၊ ဧတေနာတိ ,- ခံ။
(ဂ) နိဗ္ဗာနံ၊ ဂစ္ဆတိ၊ ဧတေနာတိ ,- ဂံ။
(ဃ) ကိလေသေ၊ ဟနတိ၊ ဧတေနာတိ,-ဃံ။
(င) မာနံ-ဝိနတိ၊ ဧတေနာတိ ,-ငံ-ဟူ
သော၊ ကကြီး-ခကွေး, ပါဠိစာကလေးမျှသိရုံသာ၊ သ
ဘောမထားဘဲ။ မိမိ မိမိ-တို့၏ခန္ဓာကိုယ်မှာ။တွယ်တာ
၍နေသော။ "ဒုစရိုက်လေသာ-တဏှာ" တွေကိုကုန်
စင်အောင်။ "ကရောတိ" ပြုနိုင်မှ။ (က) ကာရလောပ
ဟု၊ ချီးကြူးနိုင်ပါလိမ့်မည်။ ။မိမိ မိမိနှင့်တကွ။ ပြည်သူ
ပြည်သားကို။ ဝဋ္ဋဒုက္ခမှ၊ ခယတိ-ပြုနိုင်ပါက၊ (ခ) ကာ
ရလောပ၊ သဉပါဒိသေသ။ အနုပါဒိသေသ-သို့။ သူ
တပါးအား ညွှန်ကြား၊ မိမိလည်း ကြိုးစားမှ။ (ဂ) ကာ
ရလောပ။ ဝှင်းကိလေသာကို တော်လှန်ပါမှ၊ (ဃ) ကာ
ရလောပ။ မာနစသည်ကို ဖျက်ဆီး၊ မာန မထားသည်
ကိုပြုမှ။ (င) ကာရလောပ, စသော။ ကကြီး-ခကွေး
ကို၊ ကြေပြွန် တတ်မြောက်ရာ ရောက်နိုင်ပါသဖြင့်။က၊ခ
၏-သဘောတရားများကိုပါ လိုက်စားသင့်ပါသည်။

သို့ဖြစ်ပါ၍။ စနစ်မကျ၊ ကမောက်ကမ, လုပ်ရိုး၊ အန္ဓ
ဗာလ လမ်းမျိုးနှင့်တကွ။ ကန္တာ ဓမ္မတာ ဖြစ် သော။
သမရိုး-သမစဉ်၊ မသိမလိမ္မာသော ဥာဏ်အမြင်တွေကို၊
တွန်းလှန် ပယ်ချ၊ ကွယ်ပ, စေပြီး နောက်။ ဗုဒ္ဓဝါဒ-မဂ္ဂ
သစ္စာခေါ်။ ဝိပဿနာ လမ်းမှန်ပေါ် မှ။ အတိအကျ-ရ

တနသုံးပါးကို။ 'ပြည်သူ့နိဗ္ဗာန်" မှာ။ ရောင်ရုံသား
လျှက်။ သမဝိဇ္ဇာ၊ သမာဆန္ဒ-ခေါ်။ တညီတညာ၊ တရ
တပေါင်းပြု၍။ ဝါ၊ ရပေါင်း လုပ်ကိုင်သော နည်း ဖြင့်။
သမ္မာဒိဋ္ဌိ၊ သမ္မာဝါစာ-ခေါ်။ မဂ္ဂင်ရှစ်ဖေါ်။ တရားတော်
အရ၊ ဆောင်ရွက်လုပ်ကိုင်၊ မျှတစွာနေထိုင်သင့်သည်ကို။
ဗုဒ္ဓ၏—အလိုတော်ကျ မဟုတ်ဟု။မည်သူကန့်ကွက်ရဲလိမ့်
မည်နည်း။

---

## "ဝိမုတ္တိရသကို။ လက်တွေ့ခံစားကြစို့။"

ထို့ကြောင့်။ လက်တွေ့ဖြစ်သော။ ဝိပဿနာလမ်း
စဉ်မှ။ အသိ အလိမ္မာ၊ ဉာဏ် ပညာကို။ ကြေန်—ကြေ။
အနှံ့ဘဲ ရခဲ့ကြ ပါသဖြင့်။ ငြိမ်းချမ်းရေး ဖြစ်သော။
"သ, ဥပါဒိသေသ-ပြည်သူ့နိဗ္ဗာန်" ကို။ ပြု ပြင် တည်
ထောင်။ ခိုင်မြဲအောင်ပင်။ ပြည်သူ-ပြည်သား၊ များစွာ
သောလူသူကြီးအား။ ဗုဒ္ဓ၏—သမ္မာဒိဋ္ဌိ—နိုင်ငံရေးတရား
ကို။ အသိပေးခါ, ပေးခါ—ဟောကြား၍ နေကြ သော။
ကျွန်တော်တို့ ခေါင်းဆောင်ကြီးများ၏—သမ္ဘာတော်၊ရည်
ရွယ်ချက်နှင့်တကွ၊ လုပ်ငန်း၏ စနစ်တကျကို၊ သိလောက်
ပြီဖြစ်လေရာ။ တရားသော, စိတ်နေ စိတ်ထား၊ မျှတစွာ
စခမ်းသွားရသော။ 'ပြည်သူ့နိဗ္ဗာန်ကို။" ပြည်သူ့ ညီ
ညာရေးဖြင့်။ အမြန် တည် ဆောက်ခါ-ဆိုက်ရောက်ကြ
ပါစေသတည်းဟု။ ဝိပဿနာ, သမ္မာဒိဋ္ဌိခဏ်းကို။ ဤမှ
ဖြင့်စကားချုပ်တရပ်။ "နိဂမ" အုပ်၍။ အပြီးသတ်လိုက်
ရပါသတည်း။ ။

ဤနေရာတွင်၊ ဝိမုတ္တိ-သဥပါဒိသေသ-ပြည်သူ့နိဗ္ဗာန် အရသာများကို၊ မဂ္ဂ-ဖလ-သမ္မာဒိဋ္ဌိခဏ်းဟူ၍၊ ဖေါ်ပြသင့်ပါသော်လည်း။ “ဤ–ပထမတွဲ” တွင်။ မပါဝင်နိုင်တော့ပါ။ သို့ဖြစ်ပါ၍။ “ဒုတိယတွဲ” ကျမှ။ ကာလာမ, ရာဇဝင်၊ ဘဝဖြစ်စဉ်စာဘမ်း-စသည့်ဘို့ကိုပါ။ ထည့်သွင်းဖေါ်ပြ၍ထားပါသဖြင့်။ ၎င်းဒုတိယတွဲကိုပါ။ ဆက်လက်ရိုက်နှိပ်ရန်။ “ဗဟိုဝိပဿနာအစည်းအရုံး” ကြီးမှ။ ဝိတ်ကူးနေကြပါပြီ။ ဆက်လက်ကြည့်ရှု၍ ဝေဘန်ကာ၊ တညီတညာဏ်း။ ပြည်သူ့နိဗ္ဗာန်သို့–ချီဘက်စေလိုပါကြောင်း။

# နိဂမ-အချုပ်

---

သံသာရမှာ-သာမညေနှ၊ နမုစ္စေယျ တဟိံတဟိံ၊
ဂတိံဂတိံ သဍ္ဍနတ္တာပိ· သဍ္ဍယဿာဓိ၊ ပါရမိံ။ ။

တဟိံတဟိံ၊ တွေ့ကြ-ကြုံကြ၊ “သ, ဥပါဒိသေသ, ပြည်သူ့နိဗ္ဗာန်”—ဆိုတဲ့၊ ဘုံဘဝဝယ်။ ပြခဲ့လေတောင်း၊ သောင်းပြောင်း လုံးရုံ။ ရေးသားခဲ့တဲ့ အချက်း အဖုံဖုံ၌။ “သာမညေနှ၊ ခေါင်းဆောင်ကြီးများ၊ မိန့်မှာထားတဲ့။ ဉာဏ်ထူး-ဉာဏ်မွန်၊ ဉာဏ်တံခွန်ဆောက် ဉာဏ်သန့်ရှင်းခြင်းသို့ မရောက်ကြမှုကား။ သာမညေနှ၊ ပြည်သူ—ပြည်သား၊ “ဝိပဿနာ-လူထု” များတို့၊ လုံးလကြိုးကုတ်၊ ကာကယ်တန်းအားမထုတ်ဘဲ၊ နေ့ံဆုတ်သွား ‘သာမည” အစားဖြစ်ကြပါမှုကား။ “သံသာရမှာ၊ နိဒါန်းကပင်ပြခဲ့စဉ်မျှ။ မတရားလောက၊ အမွေဝါဒ။ ဒိဋ္ဌိပါတီ၊ အဿီလိနှင့်။ မတည်ကြည့်-မမှန်ကန်။ သံသရာ ခရီး။ “ဒုစရိတကိလေသာ” ဆိုတဲ့ကန္တာရကြီးမှ။ “နမုစ္စေယျ၊ ဉာဏ်တံခွန် မဆောက် သမျှမှာ ဖြင့်၊ အမှန်ဘဲ မလွန် မြောက်ကြပါ။ “အမုဋ္ဌဿာ၊ လွတ်ဘို့ဝေးရဲ့-မတွေးနဲ့ ကော့။ ဘေးတကဲ့ရုံ၊ အဖုံဖုံ ဇာတ်ပြားကြသဖြင့်။ ထပ်မနား-ဒီခရီးမှာ။ တလည်တည်းသာ-လည်ရမည့်အရေးကြောင်း။ “အမုဋ္ဌဿာ၊ ဒုစရိဘေး၊ ကိလေသာ ရန်တွေ မသေမျှ၊ မလွန်ရ-မမြော်ရ၊ ဉာဏ်ချို့၍ နေကြမည့်အရေးကြောင်း။

***No. 68.***

"ဂတိံဂတိံ၊ "ကမ္မဿကတာလမ်း၊ ဝိပဿနာလမ်း" ဟု။ ဖြောင့်တန်းမတ်မတ်၊ သွားလာတတ်ရန်။ "နိယတဂတိ" အမှန်ကို။ "သဒ္ဓါနုဿာပိ၊ ငြိမ်းဖြင့်တက်ပြီး၊ ငြိမ်းဖျက်နည်းသို့၊ ဖျက်ဆီး လွန်မြောက်။ 'ပြည်သူ့နိဗ္ဗာန်" တံခွန်ဆောက်ကြဘို့အကျိုးငှါ။ "ပါရမီ၊ နိဗ္ဗာန်နန်းခွင်၊ စခန်းဝင်ဘို့။ "လမ်းစဉ်" အကျ။ ဝိပဿနာဒီမိုကရေစီဝါဒမှ။ သ, ဥပါဒိသေသ။ အန, ဥပါဒိသေသ။ အမတအကျိုး။ "သမ္မာဒိဋ္ဌိ" လမ်းစဉ်မျိုးကို၊ "ပါရမီ၊ မဂ်ဆိုက်–ဖိုလ်ဝင် လိုချင်ပါသူ။ ပါတီဝင်ဟူသမျှ၊ အနတ္တအကျိုး၊ ပြည်သူ့နိဗ္ဗာန်လမ်းစဉ်မျိုးကို။ "သဒ္ဓါယဿာမိ။ ရေမြင့်–ကြာဘင့်–အခါသင့်လို့။ တမြင့်ထဲမြင့်၊ ဆင့်ကဲတင့်လို့မို့။ ချင့်စာ တိုးပွား၊ "ပြည်သူတွေ" အကျိုးများရလေအောင်။ "ဘာသာပြန်" တမျိုးအားဖြင့်။ ကြိုးစားလိုက်ရပါသတည်း။ "သဒ္ဓါယဿာမိ၊ နန်းစံဌာနေ၊ လှမ်းရန်ခါပေ၊ ဝမ်းဉာဏ်ဖြာဝေ၊ လမ်းမှန်ပါစေ၊ ကျမ်းဂန်စာပေ–အရှိဩန်းလို့မို့။ ညှိထွန်းလင်းပြကာ, ရေးသားလိုက်ရ ပါပေကုန်သတည်း။ ။

———၀၀၀———

"ကြောင်ပန်းယောဂီ။"

★( ပထမတွဲ–ပြီးပြီ။ )★

ဒုတိယတွဲသို့ ရှေးရှုဆက်။

# လူထု ဆန္ဒပြပွဲ။

## ''မြန်မာနိုင်ငံတော်။ ဝိပဿနာလူထုအင်အားစု။''

## ဗုဒ္ဓဝါဒ အနတ္တ ပါတီဝင်များ။

---

မန္တလေးမြို့
မြန်မာနိုင်ငံတော်၊ ဗဟိုရိဝိပဿနာအသင်းကြီး။

အမရပူရမြို့
ရတနာ့ဂုဏ်ရည်၊ ဝိပဿနာအသင်းကြီး။

မြစ်ငယ်မြို့
သမ စိတ္တ ဝိပဿနာ အသင်းကြီး။

ဥယျဉ်တော်
ပြည်သူ့ သုခ ဝိပဿနာအသင်းကြီး။

ကျောက်ဆည်မြို့
ကျောက်သဘော် ဝိပဿနာ အသင်းကြီး။

သပြေသာ
ဝိမုတ္တိရသ ဝိပဿနာ အသင်းကြီး။

တန်ပိုး
ဒိဋ္ဌိဝိသောဓနီ ဝိပဿနာ အသင်းကြီး။

ညောင်ရွှေ
စတုသစ္စ ဝိပဿနာ အသင်းကြီး။

(ဏ)

ပလိတ်မြို့
ပရိယတ္တာရာမ ဝိပဿနာ အသင်းကြီး။

လိစ္ဆံ့ခွန်
ဇနွဝါဒ ဝိပဿနာ အသင်းကြီး။

သပြေအုပ်
ခန္တီစာရ ဝိပဿနာ အသင်းကြီး။

လိစ္ဆံ့တင်
ဓမ္မာရုံ ဝိပဿနာ အသင်းကြီး။

မြစ်တူး
ဓမ္မဝိဇ္ဇာနုရ ဝိပဿနာ အသင်းကြီး။

ရေကြည့်ပေါက်
ဇနွဝါဒ ဖြန့်ချည်ရေး ဝိပဿနာ အသင်းကြီး။

ရဲလုံးကျော်
ဓမ္မသာမဂ္ဂီ ဝိပဿနာ အသင်းကြီး။

ဖရဲကျွန်း
ဓမ္မအကျိုးရ ဝိပဿနာ အသင်းကြီး။

လက်သရပ်
ပဏ္ဍိတဝိဒူ ဝိပဿနာ အသင်းကြီး။

စစ်ကိုင်းမြို့
ဓေယျရုံသိ ဝိပဿနာ အသင်းကြီး။

မြစ်သာ
ဓမ္မပါမောက္ခ ဝိပဿနာ အသင်းကြီး။

တွင်းကြီး
ဓမ္မပါရဂူ ဝိပဿနာ အသင်းကြီး။

အမြင့်
ဓမ္မဂန္တိရ ဝိပဿနာ အသင်းကြီး။

မဒရူကွန်း
ဓမ္မဝိသုဒ္ဓိ ဝိပဿနာ အသင်းကြီး။

အုပ်နှဲပုတ်
ဓမ္မဝိဇ္ဇာ ဝိပဿနာ အသင်းကြီး။

ငါးပယ်ကွန်း
ဓမ္မကောသလ္လ ဝိပဿနာ အသင်းကြီး။

ချမ်းသာကွန်း
ဓမ္မသုခ ဝိပဿနာ အသင်းကြီး။

မြစ်ဆုံ
ဓမ္မမဟာရက္ခိတ ဝိပဿနာ အသင်းကြီး။

နန္ဒွန်းကိုင်း
ဓမ္မစာရီ ဝိဿပနာ အသင်းကြီး။

မကျီးပုက်
ဓမ္မမာနိတ ဝိပဿနာ အသင်းကြီး။

# ဗုဒ္ဓဝါဒ အနုဿ ပါတီဝင်များ။

ပရိမ္မ
ဓမ္မပဇ္ဇောတ ဝိပဿနာ အသင်းကြီး။

မြစံ
ဓမ္မသီတဂူ ဝိပဿနာ အသင်းကြီး။

တောကျောင်း
ဓမ္မမဥ္ဇူရိ ဝိပဿနာ အသင်းကြီး။

ကျောက်တန်း
ဓမ္မဆဒ္ဒါရိက ဝိပဿနာ အသင်းကြီး။

နှဲမှုတ်
ဓမ္မသင်္ဂီ ဝိပဿနာ အသင်းကြီး။

အနိမ့်
ဓမ္မဟိတ ဝိပဿနာ အသင်းကြီး။

ဘူးကိုင်းဆယ်ရွာ
ဓမ္မစက္ခု ဝိပဿနာ အသင်းကြီး။

ငါးရန့်အို မင်းလှ
ဓမ္မသုန္ဒရ ဝိပဿနာ အသင်းကြီး။

ချောင်းဦးမြို့
ဓမ္မရတိ ဝိပဿနာ အသင်းကြီး။

ရွှေပေါက်ပင်
ဗုဒ္ဓဝေယျာဝစ္စ ဝိပဿနာ အသင်းကြီး။

မထိသာ
ဗုဒ္ဓသာသန ဓိပသာနာ အသင်းကြီး၊

ရေဝကြိုမြို့
ဓမ္မာနုဂ္ဂဟာဓိပတိ ဓိပသာနာ အသင်းကြီး၊

နတ်ညွှန်း
ဓမ္မာဓိပတိ ဓိပဘာဇိ ဓိပသာနာ အသင်းကြီး၊

ရွှေလှန်
ဓမ္မသေဒြိပါလ ဓိပသာနာ အသင်းကြီး၊

ရွှေချောင်း
ဓမ္မဓိဓောက္ခ ဓိပသာနာ အသင်းကြီး၊

မြင်းခြံမြို့
ဓမ္မာဓိပတိ ဂန္တိရ ဓိပသာနာ အသင်းကြီး၊

သဲပြွဝ
ဓမ္မဝါဒီ ဓိပသာနာ အသင်းကြီး၊

သဲသော်ဘင်
ဓမ္မကောဝိဒ ဓိပသာနာ အသင်းကြီး၊

ဝေါင်းကဲ
ဓမ္မာဝရ ဓိပသာနာ အသင်းကြီး၊

(၀)

ရွှေဘိုမြို့
မဏိဇောတ ဝိပဿနာ အသင်းကြီး။

လက်ယှပ်
စရဏသုခ သမ္ဗုဒ္ဓ ဝိပဿနာ အသင်းကြီး။

မိချောင်းဒိုင်
သာသနသမ္ဗုဒ္ဓ ဝိပဿနာ အသင်းကြီး။

မှူကမ်းကြီး
သာသနမာမက ဝိပဿနာ အသင်းကြီး။

နှမ စားရစ်
လဒ္ဓပတိဋ္ဌ ဝိပဿနာ အသင်းကြီး။

သခွတ်တော
သာသနပါလ ဝိပဿနာ အသင်းကြီး။

မှူးကြီး
သာသနဝုဍ္ဎိ ဝိပဿနာ အသင်းကြီး။

တောက်ကရှပ်
ဗုဒ္ဓဝိသောဓနီ ဝိပဿနာ အသင်းကြီး။

အုန်းတပင်
သဒ္ဓမ္မပါလ ဝိပဿနာ အသင်းကြီး။

ယမကာ
သဒ္ဓမ္မမာမက ဝိပဿနာ အသင်းကြီး။

နတ်များ
အမိယပမိယေသန ဝိပဿနာ အသင်းကြီး။

တနယ်ကြီး
သဋ္ဌမ္မလာဘီ ဝိပဿနာ အသင်းကြီး။

ကျောက်ဖြာ
ဓမ္မာနုဓမ္မပဋိပတ္တိ ဝိပဿနာ အသင်းကြီး။

မင်းဆွေနှစ်
ဗိဋ္ဌဓမ္မသုခဝိဟာရီ ဝိပဿနာ အသင်းကြီး။

ဂေါင်းရု
သဗ္ဗဝါဒီ ဝိပဿနာအသင်းကြီး။

ရင်းရဲ
သပ္ပုရိသ ဝိပဿနာ အသင်းကြီး။

တောဆင်ခဲ
ဓမ္မဝါဒီ ဝိပဿနာ အသင်းကြီး။

အင်္ဂမြင့်
ဓမ္မဝေပုလ္လ ဝိပဿနာ အသင်းကြီး။

ကျခတ်
သမ္မာဝါဒီ ဝိပဿနာ အသင်းကြီး။

ဝိဋုကကြပ်
အဓိပညာ ဝိပဿနာ အသင်းကြီး။

တင်းတိန်ရှန်
ဥာဏစာဂီ ဝိပဿနာ အသင်းကြီး။

ဆီးကုန်း
ဝိဇ္ဇာစရ ဝိပဿနာ အသင်းကြီး။

မြဲရွာ
သမ္မာပဋိပဒါ ဝိပဿနာ အသင်းကြီး။

ရွာမိက်သာ
ဗောဓိပါဒက ဝိပဿနာ အသင်းကြီး။

ကြည်ကုန်း
ပညာဗလ ဝိပဿနာ အသင်းကြီး။

မုံရွာမြို့
ကြောင်ပန်း-သြဝါဒခံ၊ဗုဒ္ဓဘာသာဝိပဿနာအသင်းကြီး။

ကွန်းကြီး
ကလျာဏ ဝိပဿနာ အသင်းကြီး။

ကြပိုင်
နိယျာနိက ဝိပဿနာ အသင်းကြီး။

မုံရွေးမြို့
ယထာဘူတ ဝိပဿနာ အသင်းကြီး။

ကျောက်မှော်
ဗောဓိပက္ခိယ ဝိပဿနာ အသင်းကြီး။

ဗုဓလင်မြို့
မူလမဟာ ဝိပဿနာ အသင်းကြီး။

ကျိုးပင်ချောင်
အရိယပံသ ဝိပဿနာ အသင်းကြီး။

သားရိုးကုန်း
ဒိဋ္ဌိဝိသုဒ္ဓိ ဝိပဿနာ အသင်းကြီး။

ဆုံကုန်း
ဗုဒ္ဓဝါဒီ ဝိပဿနာ အသင်းကြီး။

ဒန်းတိုင်
ဓမ္မဝိဟာရီ ဝိပဿနာ အသင်းကြီး။

ကြက်ရိုးကုန်း
ဓမ္မဒီတိ ဝိပဿနာ အသင်းကြီး။

အုပ်အိုင်
ဓမ္မစာရီ ဝိပဿနာ အသင်းကြီး။

သမဏ္ဍာ
သဒ္ဓမ္မပရာယန ဝိပဿနာ အသင်းကြီး။

ဇီးတော
သဒ္ဓိင္ဒြိက ဝိပဿနာ အသင်းကြီး။

(ဂ)

# ဇဋ္ဌဝါဒ အနုဿ ပါတ်ဝင်များ။

ဒေါင်သာ
အရိယသစ္စဒဿန ဝိပဿနာ အသင်းကြီး။

ထနောင်းကုန်း
ဓမ္မရက္ခိတ ဝိပဿနာ အသင်းကြီး။

မောင်းထောင်ကြီး
ဓမ္မဂုဏ်ရည် ဝိပဿနာ အသင်းကြီး။

ညောင်ကံ
ဓမ္မသဘာဝ ဝိပဿနာ အသင်းကြီး။

ငပုရင်း
သစ္စပဋိဝေဓ ဝိပဿနာ အသင်းကြီး။

မော်လိုက်မြို့
ဓမ္မသာကစ္ဆာ ဝိပဿနာ အသင်းကြီး။

မထုကြီး
ဝိဝဋ္ဋပက္ခိယ ဝိပဿနာ အသင်းကြီး။

မစိန်ကြီး
ဝိဝဋ္ဋစာရီ ဝိပဿနာ အသင်းကြီး။

မော်လိုက်လေး
ဝိဝဋ္ဋသမ္ပတ္တိ ဝိပဿနာ အသင်းကြီး။

ဘောင်းပြင်မြို့
ဝိဇ္ဇောဘာသ ဝိပဿနာ အသင်းကြီး။

သရောင်းမြို့
ဝိဇ္ဇာစရဏ ဝိပဿနာ အသင်းကြီး။

သက်ကယ်ခြင်း
ဉာဏဂမ္ဘီရ ဝိပဿနာ အသင်းကြီး။

အုန်းတုတ်
စန္ဒိမာစာရ ဝိပဿနာ အသင်းကြီး။

သညစ်တိုက်
ဉာဏဗလ ဝိပဿနာ အသင်းကြီး။

မြင်သာ
ဓမ္မာဘိသမယ ဝိပဿနာ အသင်းကြီး။

ညောင်ကုန်း
ရတနသမ္ဗုဒ္ဓ ဝိပဿနာ အသင်းကြီး။

ဟုန်းမလင်းမြို့
ဓမ္မဩပနေယျိက ဝိပဿနာ အသင်းကြီး။

## "မြန်မာနိုင်ငံတော်၊ ဝိပဿနာဗဟိုရ်အသင်းကြီး"
## မန္တလေးမြို့။

မြည်တော်သာစခန်း၊ ငြိမ်းချမ်းရေးလမ်း၊ ဖြစ်သော၊ "သဥပါဒိသေသ–ပြည့်သူ့ နိဗ္ဗာန် စံနန်းသို့" အရောက် မြန်းတော်မူနိုင်ကြပါစေကုန်သတည်း။ ။

## "ပြည်တော်သာ၍ သာသနာတော်ကြီး ထွန်းလင်းရမည်။"

**ကိုယ်ရေးကိုယ်တာ ကြည့်ရန်၊ ဓမ္မစေတီ လှူရန် ဒါနပြုရန်အတွက် ဒါမျိုးမှ အကျိုးထူးမည်**

၁။ မဟာမြိုင်ဆရာတော်ဘုရား၏ ရုပ်-နာမ် ရှင်းတန်း အလင်း ဝိပဿနာ နှင့် မဂ်သာ အလင်းပြကျမ်း။ ဂျပ်နှံနှင့် ၂၀ဝဲ။

၂။ ငင်းဆရာတော်ဘုရားကြီးရေး သောတာနေ့လစ်းပြ ဓမ္မသာဘာဝ ၆။

၃။ ဆင္ဂမသံဂါယနာ တင်တော်မည်၊ ဘာသိုသလဲ? သာသနာ့ရဲဘော် ဒုတိယတွဲ ၂ ကဝဲ၊ စပါယ်ရှယ်ချုပ် ၄။

၄။ ဝိပဿနာဘုရား သွေးနွှမလား? အလှူဒါနပြုလျှင်ဘယ်ပုံဖြစ်မလဲ? ဘုရားရှိခိုး နှင့် ဓာတ်ပုံ, ဂြိုဟ်နားပုံ၊ နိဗ္ဗာန်ကိုမစံဆိုင်နိုင်မည်လား? အများ အသိ ရှုံးစုံရမဲ့ ရာဇသတ်သာသနာပြုန၊ ကြည့် ၄-၁၊ အနေချာဖြီး

၅။ ရှေးကြက်ဆံ စာတော်ကြီး များ ဘယ်သို့ရေးသားဆုံးမသလဲ၊ ခေတ်ပြစ်-နှင့် အရေးကျူ ဧည့်ကိုထေရိချမှတ်ပုံစာအုပ်ကြည့် ၂၊ ၆၀ဝဲ

၆။ နိဗ္ဗာန်ပျော်ကြောင်း ဆုမှန်တောင်းသော်လဲ၊ ရှေးလောကမဟုတ်—အရှင် ဥက္ကံကာဂရ အသင်းပြ ကဗျာလင်္ကာရကျမ်းစာ တအုပ် ၅။

၇။ အပါယ် ပဒိုအုပ်၍ နိဗ္ဗာန်သို့ညွှန်သော အခြေခံ အရှင် ဥက္ကံနန္ဒရေး ဒွိဌ္ဌိပြဘာသာဝကျမ်း **တအုပ် ၂၀ဲ**

၈။ ကချင်ယဉ်ဒေသ၊ ထူးဆန်းစွာအင်းဖြစ်မှုနှင့် တံခိုးကြီးဘုရား၊ အထိကရ နတ်လမ်း လူလမ်းနှင့် အင်းတော်ကြီးသမိုင်း **၁၀ ၆**

၉။ ကလေးမှိုနယ်ပုလလဲတောနှင့်ကျွဲကျင်းတောင် တံခိုးရှင် ထန်ဘုရား နှင့် များကာ်ဘုရား **သမိုင်း-၁၀ ၁**

၁၀။ စိတ်သဘော ဖြူစွာနှင့်၊ ညီညာ၍ ပြည်တော်သာဘို အရေး "ဗမာ့ရေးဝင်ခြည်စကြာမှီ" သာကြည့် **- ၁ ၂**

၁၁။ မိဘလူမျိုးတွေက လူသတ်လက်နက်တွေ အမျိုးမျိုးထွင်ကြပေမဲ့၊ မဟိဒ္ဓိအရှင် ဝိဇ္ဇာအဖွဲ့က၊ လူတွေကို အသက်ရှေ့ရေး၊ သာသနာတော်ထွန်းသင်းဘို ဖန်တည်းပြီ၊ ဝိဇ္ဇာဝင်သမိုင်း နှင့် ပဌမထုတ်နဂါးရစ်တောင်သမိုင်း၊ ဆောင်ထားကြ ၁၀ဲ၊ ၂အင်ပေါင်းချုပ် ၃။

ရပ်ဝေးနေမိတ်ဆွေများကဖွာရင်-၃အုပ်အနဲဆုံးမှာက (V.P.P.) နှင့် ပို့မပါမည်၊

(နီးရာစာအုပ်ဆိုင်များတွင် စုံစမ်း၍ ဝယ်ယူတော်မူကြပါ)

"သဥမါဒိသေသပြည်သူ့နိဗ္ဗာန် ဝိပဿနာဘာသာဖြန့်" ထွက်တော့မည် မျှော်ပါ၊

**ဦးစိန်—ဓာတ်သုံ, နှင့် သားများ** { **မျိုးခေတ် ပုံနှိပ်တိုက်။** ၈၄—လမ်း၊ ဥပုသ်တော်ကုန်းပြ၊ မန္တလေး။

# မိတ်ချရသော မျိုးစေ့များကို စိုက်ပျိုးကြပါ

ရုပ်ပေးကို လွယ်ကူသော ဂုဏ်ကား V. P. P. နှင့် ပို့သည်။



နံပါတ် ၃၂ ပန်းဂေါ်ဖီ
အစောစိုက် သက်လပ်မျိုး
တထုပ် ၁ီ တအောင်စ ၅ီ
နံပါတ် ၅၂ ပန်းဖုံလာပွင့်ကြီး
မျိုးကောင်း တထုပ် ၁ီ ၈ဲ
နိုင်ငံခြားဖုံလာ ဂေါ်ဖီထုပ်
သက်လပ် အစောစိုက်မျိုး
တထုပ် ၁ီ ။ အိပ်ကြီး ..... ၂ီ
အမေရိကန် ဆလပ်ပင်ကြီး
မျိုးတထုပ် ၈ဲ တအောင်စ ၅ီ
စပါယ်ရှယ်ခဲ ရှေ့ ၂ ပေ မျိုး
အချို အသီးလှ ရှည်များသည် ၁၂ဲ
မဟာဝဲ ခရမ်းချဉ် တထုပ်ဖိုး ၁ီ
ကြက်ဟင်းခါး မျိုးကောင်း ၆ဲ
ဆိုယ်းခရမ်းချဉ် မျိုးစိုက် ... ၈ဲ
ခရမ်းရှေ မျိုး တထုပ် ... ၁၂ဲ
နံပါတ် ၅၅ ဂျပန်မုံညင်းဖြူ
ပင်ကြီး မျိုးကောင်း အစစ် ၁၂ဲ
စပယ်ရှယ် တရုတ်မုံညင်းဖြူ ၁၂ဲ
တရုတ်မုံညင်းဖြူ မျိုး တထုပ် ၈ဲ
ဗမာဆူးပန်းရွက် ၆ဲ
နံပါတ် ၉ လူကြိုက် စိုက်နေကျ
တရုတ်မုံလာဥဝါ သင်္ဘော
မုံလာဥဖြူ သက်လပ်မျိုး
တထုပ် ၁၂ဲ တပေါင် ၁၂ီ ၈ဲ
ဂျပန်မုံလာဥ သက်လပ်မျိုး
တထုပ် ၁၂ဲ တအောင်စ ၁ီ ၈ဲ
ဂျပန်ပြည်မှ လာသော
ဂျပန်မုံလာဥကြီး အစစ်
တပင် တဥ ကျ ဥသည်
အာမခံ တထုပ်လျှင် ... ၁ီ
**တအောင်စ ၂ီ**

ထိပ်ခေါင်တင် ဒေလီယာ
၇ လက်မ မျိုး တထုပ် ... ၁ီ
သုံးပန်လှ ဒေလီယာကြီး ၁ီ
ကြက်လယ်ဖဲ ဒေလီယာ ... ၁ီ
ငုံဒေလီယာ ၅ မျိုး ၅ ထုပ် ၅ီ
မြေဖြူ ပန်းဒေါ် စိန်ဂန္ဓမာ
ရောင်စုံ ၈ဲ တအောင်စ ၁ီ ၈ဲ
စပါယ်ရှယ် ဂန္ဓမာ ပွင့်ကြီး
ရောင်စုံ ၁၂ဲ တအောင်စ ၆ီ
၁၃ ကြယ်နီ ပန်းရောင်စုံ
တထုပ် ၆ဲ တအောင်စ ၅ီ
အင်္ဂလိပ် ပန်းချင်ပေါင်
ရောင်စုံ တထုပ် ..... ၆ဲ
တအောင်စ ..... ၆ီ
၆ အင်္ဂလိပ် ဇော်မွှားပန်း
ရောင်စုံ တထုပ် ..... ၁၂ဲ
ဓိတ်ဆက် ဇော်မွှားကြီး ၁ီ
ဂျပန်နေကြာ အလှမျိုး ၈ဲ
ဒေါင်းနေကြာ ပဒေသာ ၄ဲ
ဒေါင်းမန်ပါ ပန်းရာသီ
မရွေးစိုက် တထုပ် ..... ၆ဲ
တအောင်စ ၈ီ ရောင်စုံ
ကြက်မောက် အပုပိုင်းမျိုး
ရောင်စုံ တထုပ် ..... ၈ဲ



စိုက်ပျိုးသူတိုင်း လက်ကိုင်ထားသင့်သော
တောင်သူ သိပ္ပံ စိုက်ပျိုးရေး စာအုပ် ..... ၅ီ



ပန်းမျိုးစုံ ရာသီစိုက်ပန်း ၁၀ မျိုး တစုံ ၄ီ
သစ္စာပန်း ရောင်စုံ အဖြူ ၁ ဒါဇင် ၄ီ ၈ဲ
ရောင်စုံ ..... ၁ီ

## ဦးခိန်ဒေါ်ယ် မြန်မာပြည်မျိုးစေ့တိုက်

**Burma Seeds Store.**
မန္တလေး
MANDALAY.